www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၂၉၊ ဧပြီ၊ ၂၀၁၇

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်


**အကာယ်ဒမီမှတ်တမ်း**

**ဝင်းငြိမ်း** ၁၃။
အုတ်ကြားမြက်ပေါက်
အောင်ပွဲခံတဲ့ ၂၀၁၆

**ပုံးငုံမွှင့်သစ်**

**မန်းသူ** ၄၀။
ပြိုင်ပွဲတွေ ဆုတွေနဲ့စခဲ့တဲ့
အနုပညာပိုးနဲ့ ဖွန်ဝေယံ

**မန်းသူ** ၄၄။
ပရိသတ်ပေးခဲ့တဲ့နေရာကို
တန်ဖိုးထားပါတယ်
ဆိုတဲ့ ထွန်းရတီ

**နိုင်ငံတကာစာမျက်နှာ**

**ရာပြည့်** ၆၀။
ပဲရစ္စဂျက်ဆင်နှင့်
တွေ့ဆုံခြင်း

**ဇာနည်ညီမိုး** ၆၈။
သမိုင်းတွင်သွားတဲ့
အော်စကာ

**ရွှေမင်းသား၊ ရွှေမင်းသမီး**

၄။ **ခင်လေးမြင့်**
အစွဲလမ်းကြီးစွာ ချစ်တဲ့သူ

**ရွှေရုပ်ရှင်**

၄၈။ **လင်းနိုင်ဦး**
မိုက်တီးရဲ့ရိုက်ချက်နဲ့
တွေ့သွားတဲ့
မြန်မာပေါကားတွေရပ်

၅၄။ **မန်းသူ**
ရှုးအောင်ချစ်မယ့်သူနှင့်
တွေ့ဆုံခြင်း

**One Minute Interview**

၃၀။ **မန်းသူ**
ခန့်စည်သူ၊ မင်းသွေး
လွှမ်းပိုင်၊ မနော၊ မိုးစက်ဝိုင်

**ရွှေဝတ္ထု**

၉၄။ **မြနှောင်းညို**
မြေးကလေးအမှတ်ရစေဖို့ပါ

၁၀၀။ **မင်းဝေဟင်**
ကမ်းပြို

၁၀၆။ **လူခါး**
ဓာတ်လမ်း၊ ဓာတ်ညွှန်းနှင့်
ဒါရိုက်တာ

၁၁၄။ **သံလျှင်ကို၊ မော်လမြိုင်၊**
မျှော်

၁၄၄။ **မောင်အင်း၊ ဥက္ကံ၊**
မြားဦး

၁၅၀။ **ဧဒဦးယျာ**
ဆိုးတဲ့အမေ

၁၅၆။ **ယာမိမိုင်း၊ သေး-မန်း၊**
ခိုလှုံရာ ရင်ခွင်

၁၆၄။ **စိုးညွန့်ဝေ၊ ဖျံုငကော်၊**
ဒေါက်တာဂျူတ်၏
ကျောင်းဆင်းများ

၁၇၄။ **ခနိညီဖေ**
ငါ့ဝမ်း မပူဆာသော်လည်း

၁၇၀။ **အယ်ကော်**
နှစ်လွှန်းတင်ကြိုး

၁၈၄။ **လျှန်းမောင်မောင်**
တွယ်ငြိစိတ်၏ ဂယက်များ

**ရေဒီယိုပြဇာတ်**

၁၃၄။ **နုနုရည်အင်းဝ**
ငမိုးနှင့် အိုး

**ရွှေနှလုံးသား**

၇၆။ **နတ်ရဲ၊ ရှမဓေဒ၊**
သက်နွယ်ရဲ့မောင်

**ရွှေဝတ္ထုရှည်စ / ဆုံး**

၁၂၄။ **ချစ်ကြည်အေး**
ချစ်ခြင်းဖြင့် ထုဆစ်အပ်သော
၂၀၄။ **နီနီနိုင်၊ သထုံ၊**
အဆိပ်ပန်းကိုနမ်းမိသည်


www.burmeseclassic.com

www.burmeseclassic.com


ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
မောင်သာရ ၈၈။
ဆောင်တို့သည်လည်း
မညီညာချေ

ဘာသာပြန်
အခန်းဆက်ဝတ္ထုရှည်
ပြေ၊ဆေး-၂၊ ၂၄၂။
ပင်လယ်နှင့် အဆိပ်

ရွှေအသစ်
............................ ၂၂၂။
............................ ၂၃၀။
............................ ၂၃၆။

အက်ဆေးအကြောင်း
အက်ဆေး
မောင်ရင့်မာ ၁၉၂။
၊ကျောင်းကုန်း၊
ခိုင်သအောင်ဒင် ရှုံးသွားခြင်း

ရသစာတမ်း
ရွှေဒါးမောင်လေးရည် ၁၉၈။
စာပေဂီတ
မွေးမြူယုက်သန်း
ပန်းနုရောင်အို

ရွှေသုတ
ငြိမ်းမင်း ၈၂။
ရသစိုက်ပျိုးရေးစာတမ်း
ထွန်းသိန်းဦး ၁၂၀။
ကံကြမ္မာဆင်တူ
အမျိုးသမီးနှစ်ယောက်
နတ်မျှား ၁၇၀။
အို...အသင်စာအုပ်
နေကောင်းပါရဲ့လား
မောင်သန်းဆွေ၊ထားဝယ်၊ ၂၁၄။
မြင်ကွန်းမင်းသားကြီးနှင့်
ပတ်သက်၍
သုတေသနပြုသူ



အယ်ဒီတာအဖွဲ့-တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း (အောက်ဘလောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁၊ Email:nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊ ဧမ္ဗူတလှုပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ ဝက်မွှေနန် တောင်ဒဂုံ၊ ရန်ကုန်မြို့။ ရွှေထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ရွှေဖြန့်ချိရေး - ဧမ္ဗူတလှုစာပေ၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀ စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail : zabutalu@gmail.com Available at : Wun Zinn




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





လူတိုင်းမှာ ခံစားချက်ကိုယ်စီ၊ အတွေးကိုယ်စီရှိတတ်ကြပြီး အဲဒီအတွေး၊ ခံစားချက်၊ ခံယူချက်တွေနဲ့ပဲ ဘဝခရီးကို လျှောက်လှမ်းနေကြတာပါ။ လူတိုင်းကတော့ ကိုယ်နေချင်တဲ့နေရာ ကိုယ့်အတွက် အမှတ်တရတွေ ရှိနေတဲ့နေရာ အဲဒီလိုနေရာ၊ ဒေသတွေကို တစ်ခါတလေ လွမ်းဆွတ် သတိရမိတတ်ကြပါတယ်။ အရင်အချိန် မန္တလေးက သင်္ကြန်ကာလတွေကို လွမ်းမောပြီး မန္တလေးသင်္ကြန်ရဲ့အငွေ့အသက်တွေကို ခံစားရင်ခုန်တဲ့ လူငယ်တစ်ယောက်က သူ့ရဲ့ခံစားရင်ခုန်ရမှုတွေကို ဓာတ်ပုံများအဖြစ် အသက်သွင်းဖြစ်ပါတယ်။ မန္တလေး သင်္ကြန်မှာ များသောအားဖြင့် လူငယ်တွေလည်ပတ်ကြတဲ့ ဆိုင်ကယ်နဲ့ ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးကို

# အစွဲလေမ်းကြီးစွာ ချစ်တဲ့သူ

**ခင်လေးမြင့်**

**ဓာတ်ပုံ- ကိုလင်း(Studio-K)**



www.burmeseclassic.com

www.burmeseclassic.com



ပုံဖော်ဖို့ စိတ်ကူးလေသူက ဒေါင်းပါ။ မန္တလေးမှာ ကြီးပြင်းဖြတ်သန်းခဲ့တဲ့ ဒေါင်းက မန္တလေးသင်္ကြန်ကို လွမ်းဆွတ်နေသူလို့ဆိုရင် မမှားနိုင်ပါဘူး။ သင်္ကြန်ပုံစံလည်းဖြစ်သလို ဆိုင်ကယ်နဲ့လည်း ရိုက်ချင်တဲ့အတွက် ရိုက်ကူးမယ့်နေရာကို တော်တော်လေး စဉ်းစားရပါတယ်။ ဓာတ်ပုံရိုက်ဖို့ ဆိုင်ကယ်အတွက် ဦးမျိုးမြင့်ဆွေကသူ့ရဲ့မိတ်ဆွေကိုဘုန်းကို ဆက်သွယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဆိုင်ကယ်က ရန်ကုန်မြို့လယ်မှာ စီးသွားလို့ အဆင်မပြေတဲ့အတွက် ဆိုင်ကယ်ရှိတဲ့ ကျောက်ကုန်းဘက်မှာ ရိုက်ဖို့ စဉ်းစားရပါတယ်။ ဆိုင်ကယ်အဆင်ပြေပေမဲ့ ပိုက်နဲ့ ရေဖျန်းဖို့၊ ရေပက်ဖို့ အဆင်ပြေပါ့မလား တွေးပူခဲ့ရပေမဲ့ တကယ့်တကယ်ရိုက်တဲ့အချိန်မှာတော့ အဲဒီနားမှာရှိတဲ့ Aurora Floral Space က ရေပန်း၊ မီးတွေကို အကူအညီရခဲ့ပါတယ်။

နေပူပူမှာ ရေတွေစိုရွှဲပြီး အပင်ပန်းခံ ရိုက်ကူးသရုပ်ဆောင်ပေးတဲ့ ဒေါင်းက ရိုက်ကူးနေချိန်မှာ ငယ်စဉ်က မန္တလေးသင်္ကြန် လည်ဖို့ ပြင်ဆင်ခဲ့တာတွေ၊ လည်ခဲ့တဲ့အချိန်တွေကို တမ်းတခံစားမိတယ်လို့ ဆိုပါတယ်။

ရေစိုတာနဲ့၊ ဆိုင်ကယ်နဲ့ ဓာတ်ပုံရိုက်တဲ့ အချိန်မှာ ဘယ်လိုခံစားလိုက်ရလဲ။

မန္တလေးက အချိန်တွေကို သတိရတယ်။ မန္တလေးမှာတုန်းက ဆိုင်ကယ်နဲ့ လည်တဲ့အကြောင်းရင်းက အများကြီးရှိခဲ့တယ်။ ကားနဲ့ လည်

www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း သိပ်ပြီး ခရီး မရောက်ဘူးဆိုတော့ ဆိုင်ကယ်နဲ့ပဲ လည်ကြတယ်။ ဆိုင်ကယ်မှာ ဘာတွေလုပ်ကြမလဲ၊ ဘာတွေဝတ်ကြမလဲ၊ ဘယ်လိုပုံစံနဲ့ လည်မှာလဲ ဆိုတဲ့ စိတ်ကူးတွေက သင်္ကြန် ရောက်တိုင်း ရှိတယ်။ အဲဒီအချိန်က လူပျိုဖော်ဝင်ခါစ ဆိုတော့ ပိုပြီးတက်ကြွတယ်။ အဲဒီခံစားချက်ကို ပြန်ယူပြီး ဓာတ်ပုံကို ရိုက်ချင်တာဖြစ်ခဲ့တာ။

**မန္တလေးသင်္ကြန်ကို ရန်ကုန်မှာ သရုပ်ဆောင် လာလုပ်တဲ့အချိန်ကစပြီး ပြန်လည် ထိတွေ့ဖြစ်သေးလား။**

သရုပ်ဆောင်ဖြစ်တဲ့ အချိန်မှာတော့ မန္တလေး သင်္ကြန်ကို ထိတွေ့ခွင့် မရှိခဲ့ဘူး။ ဒသမတန်းပြီးတဲ့အချိန် ထိကို မန္တလေးသင်္ကြန်ကို နှစ်တိုင်း သွားတယ်။ ဒသမတန်းကို ရန်ကုန်မှာ တက်တာဖြစ်ပေမဲ့ စာမေးပွဲပြီးတာနဲ့ မန္တလေးကို သွားတော့တာပဲ။ ကျွန်တော် အနုပညာကို လုပ်တဲ့အချိန်မှာတော့ မန္တလေး သင်္ကြန်ကို ထိတွေ့ခွင့် မရသေးဘူး။ ဒါပေမဲ့ ဒီနှစ်မှာတော့ ရောက်တော့မယ်။

**ဒီနှစ်သင်္ကြန် မန္တလေးမှာဆင်နွှဲပြီပေါ့။**

ဟုတ်တယ်။ ဒီနှစ်တော့ မြို့မငွေစင်နဲ့ ဆင်နွှဲဖို့ စီစဉ်ထားတယ်။ မြို့မငွေစင်နဲ့ အတူတူဆင်နွှဲချင်တာ ဟိုးအရင်ကတည်းကပါ။ ကျွန်တော်က မန္တလေးသင်္ကြန်ကို ငယ်ငယ်ကတည်းက ပျော်ခဲ့တာဆိုတော့ မြို့မနဲ့ အတူတူ ဆင်နွှဲချင်ခဲ့တာပါ။ မန္တလေးသင်္ကြန်ကလွဲရင် ဘယ်သင်္ကြန်မှ တစ်ခါမှ မလည်ဖူးဘူး။

**ရန်ကုန်သင်္ကြန်ကို တစ်ခါမှ မနွှဲဖူးဘူးပေါ့။ ဘယ်လိုကြောင့်လဲ။**

ရန်ကုန်သင်္ကြန်ကို တစ်ခါမှ မနွှဲဖူးဘူး၊ အစွဲအလမ်းကြီးတာပေါ့။ မန္တလေးသင်္ကြန်ကို နှစ်သက်လွန်းလို့ မန္တလေးသင်္ကြန်ကိုမှ မသွားရရင် ဘယ်သင်္ကြန်မှ မလည်ချင်တဲ့စိတ်ဖြစ်နေတာ။ အဲဒါကြောင့်မို့လို့။

**ရန်ကုန်သင်္ကြန်ကို ဘာဖြစ်လို့ မလည်ချင်တာလို့ ပြောလို့ရမလဲ။**

ရန်ကုန်သင်္ကြန်ကို လည်မယ်ဆိုရင် အများဆုံးသွားဖြစ်မှာက အင်းလျားဘက်ကို။ အဲဒီဘက်ကို သွားမယ်ဆိုရင် ကားနဲ့သွားမှပဲရမယ်။ မန္တလေးမှာက ကျုံးဘက်ကို ဆိုင်ကယ်နဲ့သွားလို့ရသလို စက်ဘီးနဲ့လည်း သွားလို့ရတယ်။ ရန်ကုန်သင်္ကြန်မှာနေလည်း အလှူပဲလုပ်ဖြစ်တယ်။ အဲဒါကြောင့် ရန်ကုန်သင်္ကြန်ကို မလည်ဖြစ်တာပါ။

**ဒီနှစ်သင်္ကြန်ကို မြို့မနဲ့ အတူတူဆင်နွှဲဖို့ လုပ်ထားတာကရော ဘယ်လိုစိတ်ကူးတွေ၊ ဘယ်လို အစီအစဉ်တွေ ရှိသေးလဲ။**

ကျွန်တော့်မှာ အိပ်မက် တစ်ခုရှိတယ်။ မြို့မငွေစင်ကြီး ဝင်လာပြီဆိုရင် မြို့တော်ဝန်မဏ္ဍပ်နားကနေ စောင့်ပြီး ကြည့်တယ်။ အဲဒီပေါ်မှာ ဆိုတဲ့သူတွေကို အားကျတယ်။ အဲဒါတွေကိုကြည့်ခဲ့ရပြီး အိပ်မက်တစ်ခု ဖြစ်နေခဲ့တယ်။ ငါသာအနုပညာရှင်တစ်ယောက် ဖြစ်လာတဲ့အချိန်ကျရင် ဒီလိုနေရာမှာ ဆိုခွင့်ရရင် ဆိုတဲ့ စိတ်ကူးတစ်ခုရှိခဲ့တယ်။ အခု အဲဒီစိတ်ကူးက အကောင်အထည်ပေါ်လာတယ်။ အခွင့်အရေး ရလာတယ်လို့ ဆိုနိုင်တဲ့အတွက် အဲဒါကို ကျွန်တော် အားခဲထားတယ်။

**မြို့မနဲ့ သီချင်းဆိုမယ်ဆိုရင် ဘယ်လိုသီချင်းမျိုးတွေကို ဆိုဖို့ စီစဉ်ထားလဲ။**

ကျွန်တော် အနည်းဆုံး သီချင်း နှစ်ပုဒ်သုံးပုဒ်လောက်တော့ဆိုမယ်။ သင်္ကြန်သီချင်းထဲမှာဆိုရင် *အိပ်မက်စေတမန်* ကိုကြိုက်တယ်။ ဆိုဖြစ်အောင် ကြိုးစားမယ်။ နောက်ပြီး ဆရာမြို့မငြိမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဆရာမြို့မငြိမ်းရဲ့ သီချင်းတစ်ပုဒ်ကို ဆိုမယ်။ အဲဒီသီချင်းက လူတွေကြားထဲကို သိပ်မရောက်တဲ့ သီချင်းတစ်ပုဒ်၊ အဲဒီသီချင်းကိုဆိုတဲ့သူကိုလည်း ကျွန်တော်က နှစ်သက်တယ်။ ဆိုတဲ့ သူက ကိုထူးအိမ်သင်၊ အဲဒီသီချင်းက အမှတ်စဉ် ၅ *Karaweik The Music* ဆိုတဲ့ သီချင်း၊ ညဘက် ဒင်နာတို့မှာ ဆိုဖို့ ဆရာမြို့မငြိမ်း ရေးထားတဲ့ သီချင်းတစ်ပုဒ်လည်း ဖြစ်တယ်။ အဲဒါကို ကျွန်တော် ဆိုချင်တဲ့စိတ် ဖြစ်လာလို့ ဆိုဖို့ စီစဉ်ထားတယ်။

**အဲဒီသီချင်းကို ဘယ်လိုရှာတွေ့တာလဲ၊ ဘယ်လိုနားထောင်ဖြစ်ခဲ့တာလဲ။**

ကျွန်တော်က ဦးငှက်ကို အရမ်းကြိုက်တာ၊ ဦးငှက် သီချင်းမှန်သမျှကို ဘယ်ကနေ ဘယ်လိုဆိုထားတာလဲ ဆိုပြီး လေ့လာနားထောင်တာ၊ စေ့စေ့ပေါက်ပေါက်လိုက်ကြည့်ပြီး လေ့လာကြည့်တယ်။ အဲဒါကြောင့် ဒီသီချင်းကိုတွေ့တာ၊ ဦးငှက်ကလည်း ဆရာမြို့မငြိမ်းကို အရမ်းကြိုက်ခဲ့သူ၊ အားကျခဲ့တဲ့သူဖြစ်တဲ့အတွက် ဆရာမြို့မငြိမ်းရဲ့ သီချင်းတစ်ပုဒ်ကိုဆိုကိုဆိုမှာပဲလို့ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



တွေးမိတယ်။ အဲဒါကြောင့် မီးခိုးကြွက်လျှောက်လိုက်တာ။ Google ထဲမှာ ရိုက်ပြီး ရှာကြည့်လိုက်တော့ သူဆိုထားတဲ့ အသံဖိုင်ရှိတယ်။ နားထောင်ကြည့်လိုက်တော့ ကျွန်တော် အရမ်းကြိုက်သွားလို့ ဆိုဖို့ စီစဉ်လိုက်တာပါ။

**ကိုငှက် ဆိုထားတဲ့ အတိုင်းပဲ ပြန်ဆိုမှာလား၊ ပုံစံပြောင်းထားသေးလား။**

မြို့မတီးဝိုင်းနဲ့ တိုင်ပင်ရပါမယ်။ သူတို့တွေ ဘယ်လို တီးချင်လဲ၊ အဲဒီအပေါ်မှာ ကိုယ်အသက်ဝင်အောင် ဘယ်လိုဆိုမလဲဆိုတာ စဉ်းစားမှာပေါ့။

**ကိုငှက်ရဲ့ သီချင်းတွေထဲက ဘယ်သီချင်းတွေကို ပြန်ဆိုချင်တာမျိုး ရှိဦးမလဲ။**

*ချစ်တိုင်းလည်း မညား* တို့ဆို ကျွန်တော် အရမ်းကြိုက်တယ်။ သူဆိုတာ အရမ်းနူးညံ့သိမ်မွေ့တယ်၊ အရမ်းနက်နဲတယ်။ *အကြင်နာအိပ်မက်၊ နွေဦးကံ့ကော်* တို့ဆို အရမ်းကြိုက်တယ်။ နွေဦးကံ့ကော် သီချင်းဆိုရင် အခုလို နွေရောက်ခါနားနီးဆိုရင် ပြန်မတမ်းတ,ဘဲ မနေနိုင်တဲ့ သီချင်းဖြစ်တယ်။

**ဒေါင်းက ကဗျာတွေ ရေးပြီး သီချင်းတွေလုပ်ထားတာတွေရှိတယ်နော်။ လောလောဆယ် သီချင်းလုပ်ထားတာ ဘယ်နှစ်ပုဒ် ပြီးပြီလဲ။**

ကျွန်တော် ဒသမတန်းလောက်ကတည်းက စပြီး လုပ်နေတာ အခုထိပဲ။ သီချင်းတွေကတော့ အများကြီးပဲ။ ဒါပေမဲ့ ကောင်းကောင်းကန်းကန်း ဒါသီချင်းရယ်လို့ ပြောရလောက်အောင် စိတ်ကူးထဲမှာ ဖြစ်ခဲ့တာက ငါးပုဒ်လောက်တော့ ရှိတယ်။ သုံးပုဒ်ကို အခွေထဲမှာ ထည့်ထားတယ်။ Own Tune တွေချည်းပဲ။

**အရင်ချိန်က ခံစားရတဲ့ အတိုင်း ရေးဖွဲ့ခဲ့၊ သံစဉ်တွေ ထည့်ခဲ့တာပေါ့။ အဲဒီလိုတွေ ထဲကမှ စိတ်ကြိုက်ဖြစ်တဲ့ သုံးပုဒ်ကို အခွေထဲ ထည့်ဖြစ်တဲ့အချက်တွေက ဘယ်လိုတွေများဖြစ်မလဲ။**

ကျွန်တော်က ကျွန်တော့်ရဲ့ အခွေထဲမှာ ချစ်ခြင်းတရားတွေ အများကြီးထည့်ထားတယ်။ အကြောင်းအရာက မျိုးစုံ။ အဲဒီ အကြောင်းအရာမျိုးစုံတွေထဲကမှ လူတစ်ယောက်နဲ့ တစ်ယောက်ကြား ချစ်ခြင်းမေတ္တာတရားနဲ့ ပတ်သက်တဲ့ သီချင်းမပါသေးဘူး။ အဲဒါကြောင့် ကျွန်တော် ရေးထားတဲ့ သီချင်း ထည့်ရမှာပဲ ဆိုပြီး စိတ်ကူးနဲ့ အချစ်သီချင်းနှစ်ပုဒ်လောက်ထည့်လိုက်တာ။

**ဒေါင်းရဲ့ အနုပညာခရီး အစကို ဂီတနဲ့ပဲ လုပ်ချင်တာ ဖြစ်မလား၊ သရုပ်ဆောင်နဲ့ ဖြစ်မလား။**

ကျွန်တော်စပြီးလှုပ်ရှားဖြစ်တာက သီချင်း၊ စတုတ္ထတန်းမှာ စည်းနဲ့ဝါးနဲ့ မြန်မာသီချင်းဆိုတယ်။ ပဉ္စမတန်းမှာ ဂစ်တာတီးချင်တဲ့စိတ်ဖြစ်လို့ ဂစ်တာတီးတယ်။ ...

www.burmeseclassic.com

www.burmeseclassic.com

တာတီးတော့ အလိုလို နောက်ကနေ သီချင်းတွေက ပါလာပြီးသား။ နိုင်ငံခြားသီချင်းတွေ နားထောင်တယ်။ *Westlife, Michel Learns* တို့ နားထောင်တယ်။ နောက်ပြီး Bonjovi အဲဒီတုန်းက နားထောင်ခဲ့တယ်။ မြန်မာသီချင်းတွေမှာ ဝိုင်ဝိုင်း၊ ဦးလေးဖြူတို့၊ သူတို့ သီချင်းတွေ နားထောင်ကြည့်ပြီး ဂစ်တာတီးချင်တဲ့စိတ်ဖြစ်လာတယ်။ ဂစ်တာတီးတယ်။ သူတို့သီချင်းတွေ ဆိုတယ်။ ဆိုရင်းဆိုရင်းနဲ့ စတီရီယိုသီချင်းတွေကို စိတ်ဝင်စားလာတယ်။ အဲဒီအချိန်မှာတော့ ဦးငှက်သီချင်းတွေ နားမထောင်ဖူးဘူး။ ငယ်ငယ်တုန်းကတော့ ဦးလေးတွေဖွင့်တာကို နားထောင်ဖူးတယ်။ ဒါပေမဲ့ အဲဒါကို ခံစားရကောင်းမှန်း မသိသေးဘူး။ သူ့ရဲ့ အနုပညာ အနှစ်သာရကို ကျွန်တော့် နှလုံးသားက မခံစားနိုင်သေးဘူး။ နားမလည်သေးဘူး။ သတ္တမတန်း၊ အဋ္ဌမတန်းလောက်မှ ဦးငှက်ရဲ့သီချင်းတွေကို ခံစားနိုင်လာတာ။ အဲဒီအချိန်မှာ သူက ကျွန်တော့်ရဲ့ အလွမ်းမိုးဆုံးလူ ဖြစ်လာတယ်။ အဲဒီအခါကျတော့ သူ့ရဲ့သီချင်းတွေကိုပဲ တီးတော့တယ်။ ဆိုဖြစ်တော့တယ်။ အဲဒါကတော့ အခုထိပဲ။

ဆာတိုရီကိုရောက်လာတော့ ဂီတနဲ့ပတ်သက်ပြီး လုပ်ချင်တာကို ဘယ်လောက်ထိ လုပ်ခွင့်ရသေးလဲ။

ကျွန်တော်နဲ့ ဆာတိုရီ လက်တွဲကတည်းက ကျွန်တော့်ကို လွတ်လပ်စွာထားပါတယ်။ အနုပညာဆိုတာ လွတ်လပ်တဲ့ စိတ်ခံစားချက်ကနေ မွေးဖွားလာတဲ့အရာကမှ အစစ်အမှန်ဖြစ်တော့ သူတို့တွေ ကျွန်တော့်ကို ဘယ်တော့မှ မချုပ်ချယ်ဘူး။ လွတ်လပ်တယ်။ ကျွန်တော် လုပ်ချင်တာ လုပ်ခွင့်ရတယ်။ ကျွန်တော်သီချင်းရေးချင်ရေးတယ်။ စာဖတ်ချင် ဖတ်တယ်။ ဇာတ်ကားတွေကြည့်ချင် ကြည့်တယ်။ ကျွန်တော် လုပ်ချင်တာတွေက အဲဒီထဲကနေ မထွက်သွားတော့ ကျွန်တော့်အတွက်လည်း အဆင်ပြေတယ်။ သူတို့အတွက်လည်း အဆင်ပြေတယ်။ တစ်ခါတလေ Music Bar တစ်ခုမှာ သီချင်းသွားဆိုရင် သွားဆိုတယ်။ အဲဒီလို ခံစားချက်နဲ့ ရှင်သန်တယ်။ ကျွန်တော့်ရင်ထဲက ခံစားချက်တွေ ပျောက်မှာ အရမ်းကြောက်တယ်။ အဲဒီတော့ ကျွန်တော့်ရင်ထဲက ခံစားချက်တွေကို နွေးနေအောင်အမြဲလုပ်တယ်။ အဲဒီအတွက်လည်း သူတို့က အမြဲပံ့ပိုးပေးပါတယ်။ အဲဒီစိတ်ကူးတွေနဲ့ အခုထက်ထိ ရှင်သန်နေတယ်။ သီချင်းတွေ လုပ်ခွင့်ရမယ်ဆိုတော့ ကျွန်တော့်မှာ ထပ်ဖြစ်လာတဲ့ စိတ်ကူးက အဲဒီသီချင်းတွေကို တန်ဖိုးထားတယ်။ ကျွန်တော် တန်ဖိုးထားသလိုပဲ ကျွန်တော် ပေးလိုက်ရမယ့်သူအားလုံးလည်း အဲဒီလို ခံစားချက်ကို တန်ဖိုးထားစေချင်တယ်။ ကျွန်တော်လည်း တခြားသူရဲ့ ခံစားချက်ကို တန်ဖိုးထားတော့ တခြားသူလည်း ကျွန်တော့်သီချင်းတွေကို တန်ဖိုးထားရင် ကောင်းမှာပဲလို့ စိတ်ကူးလေး ရှိတယ်။ ကျွန်တော့်ရဲ့စိတ်ကူးနဲ့အညီတွေးကြည့်မိမယ်ဆိုရင် ဒီအခွေလုပ်မယ်လို့ စိတ်ကူးလိုက်ကတည်းက ဒီအခွေကလွဲပြီး နောက်ထပ် မလုပ်ချင်တော့ဘူး။ စိတ်ကဖြစ်တယ်။ ဒီသီချင်းတွေကို ထုတ်လိုက်မယ်၊ ငါ့ဘဝအတွက် နောက်ဆုံးအခွေလည်း ဖြစ်နိုင်သလို သီချင်းခွေနဲ့ပတ်သက်ရင် သီချင်းနဲ့ပတ်သက်ရင် ကိုယ်အဖြစ်ချင်ဆုံးဆန္ဒတစ်ခုကို ဖြည့်ဆည်းလိုက်ချင်တဲ့ စိတ်တစ်ခုတည်းနဲ့ နောက်ဆုံးအနေနဲ့ လုပ်မယ်ဆိုပြီး လုပ်ထားတယ်။ ဘယ်အချိန်ထွက်မယ်ဆိုတာကတော့ မပြောနိုင်ဘူး။ ကျွန်တော် ထွက်ချင်တဲ့အချိန်မှာ ထွက်မှာပေါ့လေ။ အခုအချိန်မှာ ကျွန်တော့်စိတ်ကူးထဲ ထည့်ထားတာက သရုပ်ဆောင်နဲ့ပတ်သက်တာကို အားစိုက်လုပ်နေတယ်။ အဲဒီတော့ Music ဘက်ကို မလှည့်နိုင်သေးဘူး။

ပြောရရင်တော့ ဆာတိုရီက တခြားထုတ်လုပ်ရေးတွေနဲ့ မတူဘူး၊ ချုပ်ချယ်မှုလေးတွေ အနည်းငယ်တော့ ရှိမယ်။ ဒေါင်းက စိတ်ခံစားချက်ကို ဦးစားပေးသူဆိုတော့ တစ်ခါတလေမှာ သဟဇာတမဖြစ်တာမျိုး ရှိမယ်ထင်တယ်။

ကျွန်တော့်အပေါ်မှာ သူတို့ နားလည်တာတစ်ခုက ကျွန်တော်ခံစားရတဲ့အရာကို လွတ်လပ်စွာ ခံစားခွင့်ပေးထားတယ်။ အဲဒါကလည်း သူတို့ရဲ့ အနုပညာကို တန်ဖိုးထားတဲ့စိတ်ကြောင့်လည်း ပါမယ်ထင်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ လွတ်လပ်စွာ ခံစားတယ်၊ တွေးတယ်၊ လုပ်



www.burmeseclassic.com

www.burmeseclassic.com

စရာရှိတာလုပ်တယ်။ ဇာတ်လမ်းကြည့်တယ်၊ စာဖတ်တယ်၊ သီချင်းနားထောင်၊ သီချင်းရေးတယ်၊ ပန်းချီဆွဲတယ်။ လုပ်နေတာတွေက ကိုယ့်အတွက် Idea တွေဖြစ်နေတာဆိုတော့ အဆက်အသွယ်မပြတ်ဘူး။ သူတို့တွေက အဲဒါတွေကို ဒီဟာတော့လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာတွေကို အကြံပေးတယ်၊ တိုင်ပင်တယ်၊ ဆွေးနွေးတယ်။ အဲဒီအပေါ်မှာ ငါတော့ မလုပ်သင့်ဘူးဆိုတဲ့ စိတ်ထားပေမဲ့ လူငယ်ဖြစ်တဲ့အတွက် တစ်ခါတလေ လုပ်ချင်တာကို လုပ်မိသွားတာလည်းရှိတယ်။ အဲဒီအပေါ်မှာ ညှိနှိုင်းရတာတော့ရှိတာပေါ့။

**ဆာတိုရီနဲ့ ကတောက်ကဆတ် ဆိုတာ မရှိဘူးပေါ့။**


မရှိဘူး။ သူတို့နဲ့ ကျွန်တော့်ကြားမှာ စကားတစ်ခွန်းရှိတယ်။ ကျွန်တော်ကလည်း ဇာတ်လမ်းအများကြီး မရိုက်ချင်ဘူး။ သူတို့ကလည်း ဇာတ်လမ်း အများကြီးရိုက်ရတာကို မကြိုက်ဘူး။ အဲဒါကသွားပြီး အဆင်ပြေတယ်။ နောက်တစ်ခုက ဒီတစ်ကားထွက်ပြီးသွားရင် နောက်တစ်ကားက ဒီ့ထက် ပိုပြီးကောင်းရမယ်ဆိုတဲ့ စိတ်ပဲ ရှိတယ်။ အနုပညာတစ်ခုထုတ်လိုက်ပြီ၊ ဒီထက်ကောင်းတဲ့ အနုပညာကို ထပ်ထုတ်ချင်တယ်။ ဒီ့ထက်ပေါ်များသွားတာတို့၊ ဒီ့ထက် လျော့သွားတာတို့ မဖြစ်ချင်ဘူး။ တစ်ဆင့်ချင်း တစ်ဆင့်ချင်း သွားချင်တာ။ သူတို့ကိုလည်း ပြောပြတယ်။ သူတို့ကလည်း အဲဒီလို ရည်ရွယ်ချက်ရှိတယ်။ အရည်ချင်းရှိရှိနဲ့ တစ်ကားချင်းစီမှာ အနှစ်သာရမတူတဲ့၊ ရှုထောင့်မတူတဲ့ဟာတွေနဲ့ စိတ်ကူးပြီး ဒီနေ့ထိ အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးပဲ လက်တွဲနေကြတယ်။

**ပြောရရင် ဒေါင်းရဲ့ ဇာတ်ကားက ဗီဒီယိုအနေနဲ့ ဇာတ်ကားတစ်ကားပဲ ထွက်သေးတယ်။ ဒေါင်းနဲ့ ပရိသတ် ထိတွေ့မှုနည်းနေသေးတဲ့အခါကျတော့ ပရိသတ်တွေ ဒီ့ထက်ပိုသိဖို့ လိုအပ်တယ်လို့ မထင်ဘူးလား။**

မထင်ဘူး၊ ဘာဖြစ်လို့ အဲဒီလိုပြောလဲဆိုတော့ ကျွန်တော် ရည်ရွယ်ထားတာက ဒီကားပြီးရင် နောက်ကားက ပိုကောင်းရမယ် ဆိုတဲ့ စိတ်ရှိတယ်။ ဒီကားပြီးရင် ဘယ်ကားရိုက်မလဲဆိုပြီး တိုင်ပင်ကြတယ်။ အမြဲတိုင်ပင်ပြီး ရိုက်တာဆိုတော့ အချိန်ကြာတယ်။ အခုဆိုရင် ၃ နှစ်ကုန်ပေမဲ့ အဲဒီ ၃ နှစ်ကို ဘယ်လိုကုန်လို့ ကုန်သွားမှန်း မသိလိုက်ဘူး။ အဲဒီကြားထဲမှာ ပရိသတ် သိ,မသိဆိုတာက ကျွန်တော် မျှော်လင့်ထားတာက ဇာတ်ကားတွေကြည့်ပြီး ကျွန်တော့်အပေါ်မှာ တစ်ဆင့်ချင်း ခံစားသွားတာကို ပိုပြီး မျှော်လင့်တယ်။ ဒီကားပြီး နောက်တစ်ကားမှာ ဒေါင်းက ဘာလုပ်မှာလဲဆိုပြီး မျှော်လင့်တကြီးနဲ့၊ ခံစားချက်နဲ့ စောင့်နေတာမျိုးကိုပဲ လိုချင်တယ်။

**ဆာတိုရီထုတ်လုပ်ရေးမှာက ရဲတိုက်လည်း ရှိနေသေးတော့ ရဲတိုက်ရောက်လာပြီး ထုတ်လုပ်ရေးတစ်ခုတည်းမှာ နှစ်ယောက် အတူတူရှိနေမယ်ဆိုရင်ရော ဒေါင်း ဘယ်လိုလုပ်ချင်လဲ။**





ကျွန်တော် စိတ်ကူးထားတာတစ်ခုတော့ရှိတယ်။ အနုပညာအင်အား ကောင်းဖို့ဆိုရင် လူတစ်ယောက်တည်းနဲ့ သွားလို့မရဘူး။ လူအများကြီး စုပေါင်းလုပ်ရင် အနုပညာအင်အား ပိုကောင်းလာမယ်။ ကျွန်တော့်စိတ်ကူးကလည်း ကိုရဲတိုက် ရောက်လာရင် အတူတူ ပူးပေါင်းလို့ရတဲ့ အချိန်ကျရင် ကျွန်တော်တို့ လုပ်ရမယ့် အနုပညာအပိုင်းတွေကို တစ်ယောက်တည်း လုပ်ရမယ့် အနုပညာအင်အားနဲ့ နှစ်ယောက်ပေါင်းလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com




မယ့်အနုပညာအင်အား ဘယ်ဟာက ပိုကောင်းမလဲ။ နှစ်ယောက် အနုပညာအင်အားက ပိုကောင်းမှာပဲ။ ကျွန်တော်တို့ နှစ်ယောက်ပေါင်းပြီး ဆာတိုရှီနဲ့အတူတူ ထူးခြားတဲ့ ဓာတ်ကားတွေ၊ မိုက်တဲ့ဓာတ်ကားတွေ အတူတူပူးပေါင်းပြီး သရုပ်ဆောင်မယ်။ ကျွန်တော်တို့ခေတ်မှာ အကောင်းဆုံးဖြစ်ချင်တယ်။ အကောင်းဆုံး တာဝန်ကျေချင်တယ်။ အဲဒီစိတ်နဲ့ အနုပညာ အလုပ်ကိုပူးပေါင်းလုပ်မယ်လို့ စိတ်ကူးထားတယ်။ ကျွန်တော်တို့ နှစ်ယောက် ပူးပေါင်းပြီး ဓာတ်ကားတစ်ကားကို ဘယ်လို အကောင်ထည်ဖော်မယ်ဆိုတဲ့ စိတ်ကူးက ရှိပြီးသား၊ သူထွက်လာရင် အဲဒီလို ပူးပေါင်းထားတဲ့ ဓာတ်ကားတွေ ထွက်လာမယ်။ အဲဒီအခါကျရင် အသစ်တွေထွက်လာမှာပေါ့။

**ဒေါင်းအတွက် ဗီဒီယိုဓာတ်ကားသုံးကား ရိုက်ထားပြီးပြီဆိုတော့ ရုပ်ရှင်ကားကရော ဘယ်တော့ရိုက်ဖြစ်မလဲ။**

ဆာတိုရှီအနေနဲ့ ရုပ်ရှင်ဓာတ်ကား ရိုက်ဖို့ ရှိပါတယ်။ စဉ်းစားထားပြီးသား။ ဓာတ်လည်းရှိပြီးသား။ အဲဒီဓာတ်ကလည်း အင်တာတိန်းမန့်ဖြစ်စေမှာ ဖြစ်သလို ထူးခြားစေမယ့်၊ ကြည့်ရတာ အနှစ်သာရ တစ်ခုခုရစေမယ့်၊ ကျေနပ်သွားစေမယ့် ဓာတ်ကားတစ်ကားရိုက်ဖို့ စိတ်ကူး ရှိပါတယ်။ ကျွန်တော် အပါအဝင်ကြိုတင်ပြင်ဆင်နေပါပြီ။ ဒီကြားထဲမှာလည်း ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ စီစဉ်နေပါတယ်။ ကျွန်တော့် စိတ်ထဲမှာ အဲဒီအတွက် အပြည့်အဝအာရုံစိုက်ထားပါတယ်။

**၃ နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ဒေါင်းက ဖြစ်သင့်သလောက် ဖြစ်မလာဘူးလို့ အချို့သောသူတွေက ဆိုမယ်ဆိုရင် ဘာများပြောချင်မလဲ။**

လက်ခံပါတယ်။ ဒါက ကျွန်တော် ရွေးချယ်တဲ့လမ်းပဲလေ။ ကျွန်တော်ဖြစ်ချင်တာက အောင်မြင်ချင်တာထက်၊ ကျွန်တော်ရိုက်ချင်တဲ့ ဓာတ်ကားတွေကို အကောင်းဆုံးရိုက်ချင်တယ်။ ရိုက်ချင်တဲ့၊ ဆုံးဖြတ်ထားတဲ့ ဓာတ်ကားတစ်ကားကို ရိုက်ခွင့်ရမယ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် အကောင်းဆုံးဖြစ်အောင် ရိုက်မယ်။ အဲဒီအတွက် အောင်မြင်မှု၊ မအောင်မြင်မှုက ပရိသတ်ကဆုံးဖြတ်မှာပါ။ ပြည်သူက ဆုံးဖြတ်မှာပါ။ အဲဒီအပေါ်မှာ စောဒက မတက်ချင်ပါဘူး။

**ဘယ်အချိန်မှာမှ ဒေါင်းဆိုပြီး ပရိသတ်တွေရဲ့ ပါးစပ်ဖျားမှာ ရှိနေရမယ်ဆိုတာမျိုးရော ရှိလား။**

မရှိဘူးဗျ၊ ကျွန်တော် လုပ်စရာရှိတာကို အကောင်းဆုံး လုပ်သွားမယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒါကို စဉ်းစားပေးမယ့်သူက ကျွန်တော် ချစ်တဲ့ ပြည်သူတွေပဲဖြစ်မှာပါ။

**နောက်ဆုံးမေးချင်တာက ဒေါင်းမှာ ရည်းစားရှိလားမေးရင်...။**

ရည်းစားတော့ မဟုတ်ဘူး။ ချစ်တဲ့သူတော့ရှိတယ်။

**ဘဝအတွက် လက်တွဲဖော်အဖြစ် ရည်ရွယ်ထားသူလား။**

မဟုတ်ဘူး၊ ဘဝအတွက် မရည်ရွယ်ဘူး။ ကိုယ်ချစ်တဲ့သူကို ဘဝအတွက် ကြိုတင်ရည်ရွယ်လို့ မရဘူး။ ဘယ်အရာမှ မတည်မြဲဘူး။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ချစ်ဦးမှလေ၊ မချစ်ဘဲနဲ့ ကိုယ်ကဘဝအတွက် ရည်ရွယ်ထားပေမဲ့ ဘာမှ မထူးခြားလာဘူးလေ။ ကိုယ်ပဲ မျှော်လင့်ချက်နဲ့ သေသွားဖို့ပဲ ရှိမယ်။ ကျွန်တော် ချစ်တယ်။ ကျွန်တော်ချစ်တာကို ရင်ထဲမှာပဲ ထည့်ထားတယ်။ ကံတရားက ဖေးမ,လာရင်တော့ သူနဲ့ ကျွန်တော်ဘဝကို ဖြတ်သန်းရမှာပေါ့။ ဖေးမ,မလာရင်တော့

> ဦးငှက်ကာလည်း
> ဆရာ
> မြို့မငြိမ်းကို
> အရမ်းကြိုက်ခဲ့သူ
> အားကျခဲ့တဲ့သူ
> ဖြစ်တဲ့အတွက်
> ဆရာ
> မြို့မငြိမ်းရဲ့
> သီချင်း
> တစ်ပုဒ်ကို
> ဆိုကိုဆိုမှာပဲလို့
> ကျွန်တော်
> တွေးမိတယ်

ကျွန်တော်တစ်ယောက်တည်းပဲ ဖြတ်သန်းရမှာပေါ့။

**ဒေါင်း ချစ်တာကို သူ သိတယ် မဟုတ်လား။**

သိချင်မှသိမှာ။ ကျွန်တော် ချစ်တာကို သူသိတယ်၊ မသိဘူးဆိုတာကိုလည်း သူ့ကို ငါချစ်တာ သူ သိရဲ့လားလို့လည်း တစ်ခါမှ မတွေးဖူးဘူး။ ကိုယ်ချစ်တာတော့ သေချာသိတယ်။ ဒါပေမဲ့ ကိုယ် တကယ်ချစ်တာ သူသိတာ၊ မသိတာကတော့ သူ့ရင်ထဲမှာပဲ ရှိမှာပေါ့။

**သိအောင်ရော မကြိုးစားဘူးလား။**

ချစ်ဖို့အတွက် မကြိုးစားချင်ဘူး။ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ဖို့ဆိုတာ နှလုံးသားထဲမှာ ရှိပြီးသား၊ လေးနက်တယ်ဆိုတဲ့ ခံစားချက်တစ်ခုကို သူ့ရင်ထဲမှာ နားလည်လာရင် သူ ကျွန်တော့်ကို ပြန်ချစ်လာမယ်။ အဲဒီခံစားချက်မရှိရင် ကျွန်တော် ဘာပဲလုပ်နေနေ၊ ကျွန်တော် ဘယ်လောက်ပဲ ကြိုးစားနေနေ သူ့အတွက် အနှောင့်အယှက်တစ်ခုဖြစ်လိမ့်မယ်။ အဲဒီလိုလည်း မဖြစ်ချင်ဘူး။ အဲဒီလိုအနေအထား မရောက်စေချင်ဘူး။ ကိုယ်က ကြိုးစားလိုက်တာမှန်ပေမဲ့ အဲဒါတွေက သူ့အတွက် အနှောင့်အယှက်ဖြစ်ရင် ကိုယ့်အချစ်တွေက အလကားဖြစ်သွားမယ်။ ဒီလိုလေး ငြိမ်နေတာက ကြိုးစားတာလည်း မဟုတ်ဘူး၊ မကြိုးစားတာလည်း မဟုတ်ဘူး၊ ကိုယ်က သူ့ကိုချစ်တယ်။ သူက ချစ်တယ်၊ မချစ်ဘူးဆိုတာကို မတွေးရဲဘူး။ မဆုံးဖြတ်ရဲဘူး။ မလုပ်ရဲဘူး။

**ချစ်တာကြာပြီလား။ အချိန်ဘယ်လောက်ကြာပြီလဲ။**

ချစ်တာတော့ ကြာပြီ၊ ဘယ်လောက်ကြာပြီလဲ ဆိုတာတော့ မပြောပြဘူး။

**ဒီတစ်ယောက်တည်းကိုပဲ ချစ်ခဲ့ပြီး ပြောင်းလဲမချစ်တော့ဘူးပေါ့။**

ချစ်သူတစ်ယောက်ကို ရွေးချယ်ရမယ်ဆိုရင်တော့ ဘယ်သူ့ကိုမှ ပြောင်းလဲလို့ မရတော့ဘူး။ လက်ရှိမှာ ချစ်သူထက် ပိုချစ်ရမယ့်သူတော့ ရှိ နေတယ်။ အခုလက်ရှိမှာ အမာခံပရိသတ်တွေ ရှိနေတယ်။ သူတို့တွေအားလုံးကို ချစ်သူတစ်ယောက်လိုပဲ ဆက်ဆံတယ်။ Valentine's Day မှာလည်း သူတို့တွေကို လက်ဆောင်ပေးတယ်၊ သီချင်းဆိုပြတယ်၊ စကားပြောတယ်။ အခုအချိန်မှာ သူတို့တွေက ကျွန်တော့် ချစ်သူပဲ။

**ဒေါင်း ချစ်နေတဲ့ ကောင်မလေးက ဘယ်ကလဲ။ ပြင်ပကပဲလား၊ အနုပညာလောက,ကပဲလားဆိုတာကို နောက်တစ်ခါတွေ့ရင် သေသေချာချာလေး မေးခဲ့ပါမယ်။** အမာခံပရိသတ်တွေကို ချစ်သူတစ်ယောက်လို သဘောထား ချစ်တဲ့ ဒေါင်းနဲ့ အမေးအဖြေကို ဒီလောက်နဲ့ ကျေနပ်မယ်လို့ မျှော်လင့်ပါတယ်။

ရွှေအမြုတေမဂ္ဂဇင်း ရိုက်ကူးရေးအတွက် စိတ်ရောကိုယ်ပါ ခံစားရိုက်ကူးပေးသလို ဆိုင်ကယ်ရဖို့အရေး အားသွန်ကြိုးစားပေးတဲ့ ဒေါင်းကို ကျေးဇူးအထူးတင်ရှိသလို ဆိုင်ကယ်အတွက် ကိုဘုန်းရဲ့ ဆိုင်အထိ လိုက်လာပြီး ကိုယ်တိုင်ကိုယ်ကျ ပြောပေးတဲ့ ဦးမျိုးမြင့်ဆွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဆိုင်ကယ်ကို ကြိုက်သလောက်သုံး အဆင်ပြေသလို ရိုက်ကူးပါဆိုပြီး တစ်နေကုန်နီးပါး ရိုက်ကူးခွင့်ပေးတဲ့ ကိုဘုန်းကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ရေပက်ဖို့အတွက် လိုသမျှ ရေပေးသလို မီးကိုလည်း အခမဲ့ အသုံးပြုခွင့်ပေးတဲ့ Aurora Floral Space ကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ နေပူပူမှာ ရှိတဲ့နေရာလေးမှာ ပုံလှလှလေးတွေရဖို့ ကြိုးစားစိတ်ရှည် ရိုက်ကူးပေးတဲ့ ကိုလင်း(Studio K) ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ဆိုပါရစေ။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com



လူမင်း၊ ဗိုလ်ကလေးတင့်အောင်၊ ဒုတိယသမ္မတနဲ့ ပြန်ကြားရေးဝန်ကြီးတို့ အခမ်းအနားဖွင့်လှစ်စဉ်

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်နေ့ညက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပပြီးစီးခဲ့ပါတယ်။ ဒီတစ်ကြိမ်ဟာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူကျင်းပတဲ့ တတိယမြောက် ထူးချွန်ဆုပေးပွဲလည်း ဖြစ်ပါတယ်။ ထူးချွန်ဆုပေးပွဲ ကျင်းပဖို့ အတွက် Bella Cosmetic က အဓိက ပံ့ပိုးကူညီပေးခဲ့ပြီး

# အစုတ်ကြားမှာမြှက်ပေါက် ဒအောင်ပွဲခံတဲ့ ၂၀၁၆

ဝင်းငြိမ်း



အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ လူမင်း၊
အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရ သက်မွန်မြင့်နဲ့
အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရ ထွန်းထွန်း


www.burmeseclassic.com

www.burmeseclassic.com


အကောင်းဆုံး ဇာတ်ကားဆုရ ရွှေစင်ဦး ရုပ်ရှင်ထုတ်လုပ်ရေး ပိုင်ရှင် ကိုကျော်လင်းထွန်းကို ဂုဏ်ပြုကြစဉ်


ပြန်ကြားရေးဝန်ကြီး ဒေါက်တာ ပေမြင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု ချီးမြှင့်ပေးစဉ်


ကိုကျော်လင်းထွန်းနဲ့ ကိုကြည်မင်းသိန်း


ကိုကျော်လင်းထွန်းအား ထွန်းထွန်းက ဂုဏ်ပြုနေစဉ်


ကိုကြည်မင်းသိန်းအား ဂုဏ်ပြုကြစဉ်


အသံဆုရ ကိုကြည်မင်းသိန်းကို အလင်္ကာကျော်စွာ ဒါရိုက်တာ အကယ်ဒမီ မင်းချို စိုးမိုးက ဆုချီးမြှင့်ပေးစဉ်



www.burmeseclassic.com

www.burmeseclassic.com



(နောက်တန်း) ထွန်းအိန္ဒြာမိုနဲ့ လွင်မိုး
(ရှေ့တန်း) ကိုချိုကြီးနဲ့ ရန်အောင်



(နောက်တန်း) ဝတ်မှုံရွှေရည်နဲ့ ဘုန်းမိခင်
(ရှေ့တန်း) ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်



(နောက်တန်း) ယွန်းယွန်း
(ရှေ့တန်း) အောင်ရဲလင်းနဲ့ ရွှေမှုံရတီ

ဂျွန်လွင်က စင်မြင့်ဆောက်လုပ်မှုနဲ့ စီစဉ်တင်ဆက်မှုများကိုတာဝန်ယူ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့ အခမ်းအနားကိုတက်ရောက်လာသူတိုင်း ချီးမွမ်းကြပါတယ်။ အခမ်းအနားဖွင့်လှစ်ချိန်မှာ မီးရှူးမီးပန်းများ ပစ်ဖောက်ပြီး ဖွင့်လှစ်လိုက်ကတည်းက ခမ်းနားမှုက စတင်ပါတော့တယ်။ ဖျော်ဖြေရေး အစီအစဉ်များမှာလည်း ဂီတမှူး မီရာမိုရ်ဦးစီးတဲ့အဖွဲ့က ကြက်သီးမွေးညင်းထလောက်အောင် လက်စွမ်းပြ တီးခတ်ခဲ့ကြပါတယ်။ နိုင်ငံခြားတူရိယာပစ္စည်းများနဲ့ မြန်မာ့တူရိယာပစ္စည်းများဖြစ်တဲ့ စောင်းအပါအဝင် ဆိုင်းဝိုင်းကြီးပါ အားဖြည့်ထားတာကြောင့် နားဝင်ပီယံရှိပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အခမ်းအနားများမှာ အခြားနိုင်ငံများနဲ့မတူဘဲ တစ်မူထူးခြားတဲ့ အစဉ်အလာရှိပါတယ်။ အဲဒါကတော့ ထူးချွန်ဆုပေးပွဲများမှာ နိုင်ငံတော်အကြီးအကဲများ ကြွရောက်ချီးမြှင့်ခြင်းပါပဲ။ ဒီနှစ်အခမ်းအနားမှာ နိုင်ငံတော် ဒုတိယသမ္မတ ဟင်နရီဗန်ထီးယူနဲ့ တကွ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်အပါအဝင် နိုင်ငံတော်အကြီးအကဲများ တက်ရောက်ချီးမြှင့်ကြပါတယ်။ အခမ်းအနား အစီအစဉ်မစတင်မီ ဒုတိယသမ္မတ၊ ပြန်ကြားရေးဝန်ကြီး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကဦးဗိုလ်ကလေးတင့်အေး၊ ဥက္ကဋ္ဌ ဦးလူမင်းတို့ လေး

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားအဖွင့်မှာ ဘုရားကန်တော့ ကပြမှုအစီအစဉ်



အကောင်းဆုံး တေးဂီတဆု ရရှိသွားသူ မီရာမိုရ်



မီရာမိုရ်နဲ့ ဇနီးတို့အား ဆုယူအပြီး တွေ့ရစဉ်

ယောက်ကို စင်မြင့်ပေါ်သို့ အခမ်းအနားမှူးများက ဖိတ်ခေါ်ပြီး စင်မြင့်ပေါ်မှာ အဆင်သင့်ရှိနေတဲ့ ရွှေစင်ရုပ်တုရဲ့ လက်ထဲကို ရွှေကြယ် တပ်ဆင်ပေးခြင်းအားဖြင့် အခမ်းအနား ဖွင့်လှစ်ပေးလိုက်ပါတယ်။ အဲဒီနောက်မှာတော့ ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်နိုင်တဲ့အတွက် သဝဏ်လွှာပေးပို့တဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့သဝဏ်လွှာကို အကယ်ဒမီ အိန္ဒြာကျော်ဇင်က ဖတ်ကြားပါတယ်။

ဆက်လက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက ရုပ်ရှင်လောကသားများသို့ ပန်ကြားချက်စတဲ့အစီအစဉ်များ ဆက်တိုက်ဆောင်ရွက်ပါတယ်။

ဒီအစီအစဉ်တွေအပြီးမှာ ဖျော်ဖြေရေးအစီအစဉ်များကြည့်ရပြန်ပါတယ်။ ခေတ်ဟောင်းရုပ်ရှင်ကားများဖြစ်တဲ့ **ဂျပန်ရှင်သွေး** က အစ ရုပ်ရှင်သမိုင်းမှာ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်ကား အချို့ရဲ့ ဇာတ်ဝင်ခန်းများကို LED ပေါ်မှာ ပြသပေးနေစဉ် တေးဂီတအဖွဲ့က ဇာတ်ဝင်တေးသီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက် သီဆိုဖျော်ဖြေသွားခဲ့ပါတယ်။ ခေတ်ဟောင်းကားများကို ကြည့်ကြရတဲ့အတွက် မြန်မာ့ရုပ်ရှင် ရွှေထီးဆောင်းတဲ့ကာလကို အောက်မေ့ဖွယ်ရာပဲဖြစ်ပါတယ်။

ဖျော်ဖြေရေး အစီအစဉ်များအပြီးမှာ ဆုပေးပွဲ စတင်တော့မှာဖြစ်တဲ့အတွက် အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးကြမယ့် ဆန်းထွန်း၊ မို့မို့မြင့်အောင်၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ကျော်သက်လင်းနဲ့ မြမြဝင်းတို့က မိတ်ဆက်စကားဆိုကြကာ ဆုများစတင်ကြေညာပါတော့တယ်။ ပရိသတ်များ အံ့အား



www.burmeseclassic.com

www.burmeseclassic.com



မီးရာမိုရ်အား ဦးဖိုလ်ကလေးတင့်အောင်က ဆုချီးမြှင့်ပေးစဉ်



တည်းဖြတ်ဆုရ ညဏ်ဝင့်အား ဟံသာမြေ ဇော်မင်းက ဆုချီးမြှင့်ပေးခဲ့သည်

သင့်သွားစေတာကတော့ အရင့်အရင်နှစ်များမှာ နောက်ဆုံးမှ ကြေညာလေ့ရှိတဲ့ အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုကို အရင်ဆုံး ကြေညာလိုက်ခြင်း ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်ကိုယ်တိုင် စာအိတ်ဖွင့်ဖောက် ကြေညာပေးခဲ့ပြီး ကိုယ်တိုင်ဆုချီးမြှင့်ပေးခဲ့ပါတယ်။ ဆုရရှိသွားတဲ့ ဇာတ်ကားကတော့ ရွှေစင်ဦး ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ **အုတ်ကြားမြက်ပေါက်** ရုပ်ရှင်ကားပဲဖြစ်ပါတယ်။ ဆုလက်ခံတဲ့ ထုတ်လုပ်သူ ကိုကျော်လင်းထွန်းက **အုတ်ကြားမြက်ပေါက်** ဆိုတဲ့စကားလုံးကို အခြေအမြစ်မရှိတဲ့နေရာမှာ မသုံးစေလိုပါကြောင်း၊ အုတ်ကြားထဲမှာ အခက်အခဲများကို ရင်ဆိုင်ပြီး ပေါက်လာရတဲ့ မြက်ကလေးများကိုသာ တင်စားလိုပါကြောင်း ပြောကြားသွားပါတယ်။

ဒုတိယကြေညာတဲ့ဆုကတော့ ရုပ်ရှင်အသံဆု ဖြစ်ပါတယ်။ ဒီဆုကို အလင်္ကာကျော်စွာ အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုးက စာအိတ်ဖွင့်ဖောက် ကြေညာပေးရာမှာ **မှော်ကျောက်စာ** ဇာတ်ကားမှာ အသံပိုင်းဆိုင်ရာ တာဝန်ယူ ဆောက်ရွက်ပေးတဲ့ ကိုကြည်မင်းသိန်းက ဒုတိယအကြိမ်မြောက်အဖြစ် ဆွတ်ခူးရရှိသွားပါတယ်။ တတိယကြေညာတဲ့ဆုကတော့ ရုပ်ရှင် တေးဂီတဆုဖြစ်ပါတယ်။ ဒီဆုကိုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကတစ်ဦးဖြစ်တဲ့ ဦးဖိုလ်ကလေးတင့်အောင်က ကြေညာပေးရာမှာ **လူ့ရတနာသိုက်** အတွက် နောက်ခံတေးဂီတဖန်တီး ပေးခဲ့တဲ့ မီးရာမိုရ်က ဆွတ်ခူးရရှိသွားပါတယ်။ ဒုတိယအကြိမ်မြောက် အကယ်ဒမီဆုဖြစ်ပြီး ဆုချီးမြှင့်တဲ့ ဘဘဖိုလ်ကလေးတင့်အောင်က ကြိုးစားဖို့ အားပေးစကား ပြောကြားသွားတာကြောင့် ဝမ်းသာဂုဏ်ယူပါကြောင်း မီးရာမိုရ်က သူ့ကျေးဇူးတင်စကားမှာ ထည့်သွင်းပြောကြားသွားပါတယ်။

ရုပ်ရှင်တည်းဖြတ်ဆုကို အကယ်ဒမီများရှင် ဟံသာမြေ ဇော်မင်းက ကြေညာပေးရာမှာ **ဒေင်ရဲ့ နတ်သမီး** ဇာတ်ကားကို တည်းဖြတ်ပေးခဲ့တဲ့ ညဏ်ဝင့်က ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးရရှိသွားပါတယ်။

ရုပ်ရှင်ဓာတ်ပုံဆုကို အကယ်ဒမီ ဦးထွန်းလှိုင်က ကြေညာပေးရာမှာတော့ **လူ့ရတနာသိုက်** ဇာတ်ကားကို ရိုက်ကူးပေးခဲ့တဲ့ ဓာတ်ပုံပညာရှင်များဖြစ်တဲ့ မောင်မြင့်၊ အေးမင်း၊ အငယ်လေးတို့ သုံးယောက် ဆွတ်ခူးရရှိသွားပါတယ်။ သူတို့သုံးယောက်အတွက် ရွှေစင်ရုပ်တုတစ်ဆုသာ ချီးမြှင့်ပေမဲ့ Bella က ချီးမြှင့်တဲ့ ရင်ထိုးဆုကိုတော့ သုံးယောက်စလုံးအတွက် ချီးမြှင့်ပေးခဲ့ပါတယ်။

ဆုကြီးတစ်ဆုဖြစ်တဲ့ အမျိုးသားဇာတ်ပို့ဆုကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပုံဆုရသူများနဲ့ ဒါရိုက်တာ ဟိန်းစိုး



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ
လူမင်းကို ဒေါ်မြင့်မြင့်ခိုင်က ဆုချီးမြှင့်ပေးစဉ်



ဓာတ်ပုံဆုရ သုံးဦးကို
ဦးထွန်းလှိုင်က ဆုချီးမြှင့်ပေးနေစဉ်



အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု
ကြေညာလိုက်စဉ် ဇနီးသည် ခင်စံပယ်ဦးကို
အနမ်းနဲ့ ဂုဏ်ပြုနေတဲ့ လူမင်း

လူမင်းအား ဂုဏ်ပြုနေတဲ့ ပြေတီဦးတို့ ဇနီးမောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဒါရိုက်တာဆုရ
ညွှန့်မြန်မာညီညီအောင်ကို ဒါရိုက်တာ ဦးအောင်မြင့်မြတ်က ဆုချီးမြှင့်ပေးစဉ်



အကောင်းဆုံး ဇာတ်ကားဆုရ ကိုကျော်လင်းထွန်းနဲ့
အကောင်းဆုံး ဒါရိုက်တာဆုရ ညွှန့်မြန်မာညီညီအောင်တို့
ဇနီးမောင်နှံများကို ရန်အောင်နဲ့အတူ တွေ့ရစဉ်



အကောင်းဆုံး ဒါရိုက်တာ ဆုရ ညွှန့်မြန်မာ ညီညီအောင်



အကောင်းဆုံး ဒါရိုက်တာ ဆုရ ညွှန့်မြန်မာ ညီညီအောင်အား
ဂုဏ်ပြုနေကြစဉ်

ဖောက်ကြေညာပေးဖို့အတွက် အကယ်ဒမီ မြင့်မြင့်ခိုင်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒေါ်မြင့်မြင့်ခိုင်က စာအိတ်ဖွင့်ဖောက်လိုက်ပြီး မကြေညာသေးဘဲ 'ပွဲလာတုန်းက ဆုတောင်းလာခဲ့တာ အခုတော့ ဆုတောင်းပြည့်သွားပါပြီ။ ဒီဆုကို ဆွတ်ခူးရရှိသွားသူကတော့ ဥက္ကဋ္ဌအဖြစ်က အနားယူတော့မယ်လို့ပြောသွားတဲ့ ကိုလူမင်းပါပဲ' လို့ ကြေညာသွားပါတယ်။ လူမင်းက လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ **ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားနှင့် မြို့ငရာဇတာတေ** ဇာတ်ကားအတွက် အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကိုဆွတ်ခူးရရှိသွားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး အကောင်းဆုံး ဒါရိုက်တာဆုကို ကြေညာပေးဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကတစ်ဦးဖြစ်တဲ့ ဒါရိုက်တာ ဦးအောင်မြင့်မြတ်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဦးအောင်မြင့်မြတ်က စာအိတ်ကိုဖွင့်ဖောက်ပြီးတဲ့နောက် 'အင်မတန်ကျေနပ်ပါတယ်။ အောက်သက်ကျေပြီး သူ့ကိုမွေးထုတ်ခဲ့တဲ့ ရုပ်ရှင်ကုမ္ပဏီ နာမည်ကို ရှေ့မှာထားတဲ့ ညွှန့်မြန်မာ ညီညီအောင်ပဲဖြစ်ပါတယ်' လို့ကြေညာပေးခဲ့ပါတယ်။

ညွှန့်မြန်မာ ညီညီအောင်က ဖလင်တည်းဖြတ်သူအဖြစ် နှစ်ပေါင်း ၂၀ ဆောင်ရွက်နေစဉ် ကတည်းက အကယ်ဒမီဆုကို အိပ်မက်မက်ခဲ့ပါကြောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့တာလဲ နှစ် ၂၀ ရှိပြီးဖြစ်ကြောင်း၊

www.burmeseclassic.com



အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ သက်မွန်မြင့်အား ဂုဏ်ပြုနေကြစဉ်



ဂုဏ်ပြုနေကြသူများကြားမှ သက်မွန်မြင့်



ထပ်ဆင့် အကယ်ဒမီ
ဖြစ်သွားတဲ့ သက်မွန်မြင့်



အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို
ဒေါ်ဝါဝါဝင်းရွှေက ချီးမြှင့်ပေးခဲ့ပါတယ်




သက်မွန်မြင့်နဲ့ ခင်ပွန်းသည် ကိုစစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုသူများကြားမှ အထူးဆုရ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်



အထူးဆုကို ဦးစိန်တင်က ချီးမြှင့်ပေးပြီး ဒေါ်နန်းမောက်လောင်ဝ်ဆိုင်က လက်ခံရယူစဉ်

လူမင်း၊ သက်မွန်မြင့်၊ ထွန်းထွန်းတို့ကို ရဲအောင်၊ ရန်အောင်တို့နဲ့ အတူတွေ့ရစဉ်



ရုပ်ရှင်လောကထဲကို ရောက်လာတဲ့ နှစ်ပေါင်း ၄၀ ကြာမှ ပထမဆုံးအကြိမ် ရရှိခြင်းဖြစ်လို့ အင်မတန် ဝမ်းသာပါကြောင်း ပြောကြားသွားပါတယ်။

နောက်တစ်ဆုကတော့ မျှော်လင့်နေကြတဲ့ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုဖြစ်ပါတယ်။ ဒီဆုကို အကယ်ဒမီများရှင် ဒေါ်ဝါဝါဝင်းရွှေက ဖွင့်ဖောက်ကြေညာပေးရာမှာ **ချစ်လှစွာသော အမုန်း** ဇာတ်ကားမှာ မိုးစက်မေအဖြစ် သရုပ်ဆောင်ခဲ့တဲ့ သက်မွန်မြင့်က ဆွတ်ခူးရရှိသွားပါတယ်။ သက်မွန်မြင့်က ပထမအကြိမ်မှာ **အာဒံရယ် ဧဝရယ် ဒသရယ်** ဇာတ်ကားနဲ့ရခဲ့တာဖြစ်ပြီး အခု ဒုတိယအကြိမ် ရရှိခြင်းပါ။ သက်မွန်မြင့်က သူရရှိတဲ့ဆုနှစ်ဆုစလုံးဟာ စာရေးဆရာမ ပုညခင်ရဲ့ ဝတ္ထုများကို ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကားများဖြစ်တဲ့အတွက် ဆရာမကိုလည်း ဒီလိုကောင်းတဲ့ ဝတ္ထုတွေ ဆက်လက်ရေးသားနိုင်ပါစေကြောင်းဆုတောင်းသွားခဲ့ပါတယ်။


စိတ်အဝင်စားဆုံးဖြစ်တဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို အကယ်ဒမီလွင်မိုးက ကြေညာပေးခဲ့ပါတယ်။ **အုတ်ကြားမြက်ပေါက်**ဇာတ်ကားမှာ ဖိုးသကြားအဖြစ် သရုပ်ဆောင်ခဲ့တဲ့ ထွန်းထွန်းက ရရှိသွားခဲ့ပါတယ်။ ထွန်းထွန်းက သူလို ရက်ပ်စာသားတွေ ရွက်ဆိုနေတဲ့ အဆိုတော်တစ်ဦးက အခုလို သရုပ်ဆောင်ဆုကို ဆွတ်ခူးလိုက်နိုင်ခြင်းအတွက် အတိုင်


www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ကြေညာခါနီးမှာ တွေ့ရတဲ့ ထွန်းထွန်း



ထွန်းထွန်းကို အကျီကြယ်သီးများ ပြန်လည်တပ်ဆင်ပေးနေတဲ့ လူမင်း



ထွန်းထွန်းအား ဂုဏ်ပြုနေကြစဉ်



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ သက်မွန်မြင့်နဲ့ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုရ ထွန်းထွန်း

စင်မြင့်ပေါ်မှာ အမှတ်တရ တွေ့ရတဲ့ ၂၀၁၆ ခုနှစ်အတွက် ထူးချွန်ဆုရှင်များ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို လွင်မိုးက ချီးမြှင့်ပေးခဲ့ပါတယ်



ဂုဏ်ပြုသူများကြားမှ ထွန်းထွန်း



မသိဝမ်းသာပါကြောင်း ပြောကြားသွားပါတယ်။ ဒီညရဲ့နောက်ဆုံးဆု အဖြစ် ကြေညာပေးတဲ့ဆုကတော့ အထူးဆုဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ နာယကတစ်ဦးဖြစ်တဲ့ ဦးစိန်တင်က ကြေညာပေးပါတယ်။ **မနောမြေမှ ကျောက်စိမ်းကမ္ဘာ** ရုပ်ရှင်ဇာတ်ကားက အထူးဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ ဒီရုပ်ရှင်ကားက ကချင်ပြည် နယ် ကျောက်စိမ်း ထွက်ရှိရာဒေသကို နောက်ခံထားပြီး အချိန်ယူရိုက်ကူးထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ ကချင် သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ကြပြီး ကချင်စကားပြောကာ မြန်မာစာတန်းထိုး ဖြစ်ပါတယ်။ အထူးဆုကို ဒီရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ပေးခဲ့တဲ့ Sky Net ရုပ်မြင်သံကြား အစီအစဉ်မှ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်က လက်ခံရယူခဲ့ပါတယ်။ ရုပ်ရှင်ထူးချွန်ဆု ၁၁ ဆုနဲ့အထူးဆု တစ်ဆု စုစုပေါင်း ၁၂ ဆုရှိရာမှာ ၂၀၁၆ ခုနှစ်အတွက် ဆု ၁၀ ဆု ချီးမြှင့်ပေးခဲ့ပါတယ်။

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ





၂၅၀၀ ကျပ်



၂၀၀၀ ကျပ်





၃၅၀၀ ကျပ်




၂၀၀၀ ကျပ်




၁၅၀၀ ကျပ်





၂၀၀၀ ကျပ်

ဖြန့်ချိရေး - လင်းလွန်းခင်စာပေ
ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀ ၈၆၃၊ ၀၉ ၂၅၀ ၁၇၄ ၈၈၃။

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



# အနုပညာနဲ့လူမှုရေး တာဝန်ကျေအောင်ကြိုးစားနေတယ် ခန့်စည်သူ

မနိုးသူ

## ကြုံရာဆုံရာ တစ်မိနစ်တာ

ခန့်စည်သူက စိတ်တူသဘောတူသူများနှင့် ပူးပေါင်းကာ မေတ္တာသင်္ဂဟအဖွဲ့ကို တည်ထောင်ခဲ့ပြီး အမှန်တကယ် လိုအပ်သည့်၊ အရေးပေါ် လိုအပ်သည့် နေရာများကို လှူဒါန်းခဲ့သည်မှာ ယခုဆိုလျှင် သိန်းပေါင်း ၂၀၀၀ ကျော် လှူဒါန်းနိုင်ခဲ့ပြီ ဖြစ်သည်။ အနုပညာ အလုပ်နှင့် လူမှုအကျိုးပြု အလုပ်ကိုတစ်ပြိုင်နက် လုပ်ဆောင်နေသည့် ခန့်စည်သူက 'ကျွန်တော်တို့လည်း အနုပညာပိုင်းကရော၊ အခြားသောလူမှုရေးပိုင်း ကရော ကျွန်တော်တို့ဘက်ကနေ တာဝန်ကျေအောင် ကြိုးစားနေပါတယ်။ အမှားအယွင်း တစ်စုံတစ်ရာရှိခဲ့ရင် ခွင့်လွှတ်ပါလို့ ပြောချင်ပါတယ်' ဟုလည်း ဆိုသည်။ လတ်တလောတွင် လှူဒါန်းပွဲတစ်ခုရှိသည် ဆိုသည့် မေတ္တာသင်္ဂဟ အကြောင်း မေးမြန်းဖြစ်ခဲ့သည်။ မေတ္တာသင်္ဂဟအဖွဲ့အနေနဲ့ ဒီနှစ်မှာ ဘယ်လို လှုပ်ရှားမှုတွေ

www.burmeseclassic.com

www.burmeseclassic.com

**ဆက်လက်လုပ် ဖြစ်နေလဲ။**

မတ်လဆန်းက ပြည် သရေခေတ္တရာ မြို့ဟောင်းမှာ ဘုရားရဲ့ တံတားပျက်စီးနေတာကို စပြီးတော့ ပြင်လိုက်ပါပြီ။ ပြီးပါပြီ။ အဲဒီဖွင့်ပွဲနေ့မှာလည်း ကိုယ်တို့ ပြည်ဆေးရုံကြီးမှာ လိုအပ်နေတဲ့ ရေအခက်အခဲဖြစ်နေတာကို လှူပါတယ်။ ပြီးတော့ အဲဒီမှာ စာကြည့်တိုက်ကလေးတစ်ခု မပြည့်မစုံဖြစ်နေတယ်။ အဲဒီစာကြည့်တိုက်လေးကို အဘက်ဘက်က ပြည့်စုံတဲ့ စံငါးရပ်နဲ့ညီတဲ့ စာကြည့်တိုက်ဖြစ်အောင် ကိုယ်တို့ဖြည့်ဆည်းပေးတယ်ပေါ့။

**အဲဒါက သိန်းဘယ်လောက်အကုန်ကျခံလှူမှာပါလဲ။ ခန့်မှန်းပြောပြလို့ရလား။**

တံတားကတော့ ကျပ်သိန်း ၈၀ ပါ။ ရေနဲ့ပတ်သက်ပြီး အဝီစိတွင်းအတွက်ကတော့ ကျပ် သိန်း ၂၀၊ ၂၅ သိန်းလောက်ပါ။ စာကြည့်တိုက်ကတော့ သိပ်အများကြီး မကုန်ပါဘူး။

**ကိုခန့်တို့ မေတ္တာသင်္ဂဟက စတင်ကတည်းက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေမှာ လိုအပ်သလို ထောက်ပံ့ပြီး လှူနေတယ်။ အခု ၂၀၁၇ ခုနှစ်မှာရော မေတ္တာသင်္ဂဟအနေနဲ့ ထပ်တိုးတဲ့ ကဏ္ဍတွေ ရှိလား။ အလှူကဏ္ဍတွေ ထပ်ချဲ့ထွင်ထားသေးလား။**

အဲဒီလိုမျိုးတော့ မရှိပါဘူး။ အစ်ကိုတို့က အရေးပေါ်,ပေါ်လာတဲ့နေရာတွေကို အဓိကဦးစားပေးလှူဒါန်းမှာပေါ့နော်။ အခုဆိုရင် ဦးနေဝင်း(တက္ကစီဒရိုင်ဘာ)ကိစ္စဖြစ်တယ်။ ဒါက တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာတစ်ယောက်၊ တစ်သိန်းမှာတစ်ယောက်၊ တစ်သန်းမှာတစ်ယောက် မရှိနိုင်တဲ့လူမျိုးပေါ့။ အညတရသူရဲကောင်းမျိုးပေါ့။ သူ့ရဲ့ကျန်ရစ်သူမိသားစုအတွက်လည်း ကိုယ်တတ်နိုင်သမျှလေး ထောက်ပံ့ဖို့ ကြိုးစားနေပါတယ်။

**ဘယ်လိုပုံစံနဲ့ လှူဖို့စဉ်းစားထားလဲ။**

ကိုယ်တို့စဉ်းစားထားတာက ပထမတော့ အထက်တန်း(ဒသမတန်း)ဖြေမယ့် သမီးအကြီး(ပြည့်ပြည့်)ကို စာမေးပွဲအောင်ဖို့အတွက် နည်းနည်း ကြိုးစားအားထုတ်ပေးမယ်ပေါ့။ ညှိနှိုင်းတိုင်ပင်ကြတယ်။ အငယ်လေးတွေကိုတော့လည်း ပညာရေး ရန်ပုံငွေထဲ ထည့်မယ်။

**အနုပညာလှုပ်ရှားမှုအနေနဲ့ အခုရိုက်ဖြစ်နေတာက ဒါရိုက်တာ ပွင့်သီဂီဇော် ရိုက်တဲ့'ဒိန်းဂျား'နော်။ ဒီကားကို ဘာကြောင့်လက်ခံခဲ့တာလဲ။**

ဒီဇာတ်ကားမှာ ပြောရမယ်ဆိုရင် ကိုယ်က ဗီလိန်တောင်ဆန်ပါသေးတယ်။ ဒါပေမဲ့ ရိုက်သင့်ရိုက်ထိုက်တဲ့ကားမို့လို့ လက်ခံခဲ့တာပါ။ အပျော်ရွာတတ်တဲ့ အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ ဖြစ်သွားတတ်တဲ့ အနေအထားမျိုးလေးတွေကို တင်ပြပေးထားတဲ့ကားပေါ့။

**အိမ်ထောင်ရေးပညာပေးဇာတ်ကားပေါ့။ ကိုခန့်က ဒီကားမှာ တစ်ဦးတည်းပါတဲ့ အမျိုးသားသရုပ်ဆောင် ဆိုတော့ ဒီကားအပေါ် သဘောထားက...။**

အဓိကကတော့ ဒီကားရိုက်တဲ့ အမျိုးသမီးပရိုဂျူဆာရယ်၊ အမျိုးသမီးဒါရိုက်တာရယ်၊ အမျိုးသမီးသရုပ်ဆောင်တွေက ဘာပဲဖြစ်ဖြစ် လူမှုရေးနယ်ပယ်မှာ၊ အိမ်ထောင်ရေးနယ်ပယ်မှာ အားလုံးက အတွေ့အကြုံရှိပြီးသားဆိုတော့ (ဒါရိုက်တာကတော့ လူငယ်ပဲရှိပါသေးတယ်)သူတို့လည်း သူတို့ အိမ်ထောင်ဖက်တွေကို ပြောချင်ဆိုချင် တင်ပြချင်တဲ့ အကြောင်းအရာတွေပါမှာပေါ့။ အမျိုးသမီးထုကိုယ်စား ဒီကားလေးကိုရိုက်တယ်လို့ ထင်ပါတယ်။

မေတ္တာသင်္ဂဟအဖွဲ့က ပြည်မြို့၊ သရေခေတ္တရာတွင် လှူဒါန်းပွဲအပြီး လေ့လာမှုများ ပြုလုပ်ကာ ရေးဟောင်းနယ်မြေရှိ မကျွတ်မလွတ်သူများကိုလည်း တရားပွဲပြုလုပ်၍ အမျှဝေမည့် အစီအစဉ်လည်း ပါမည်ဟု သိရသည်။

■ မန်းသူ




One Minute Interview



www.burmeseclassic.com

www.burmeseclassic.com



# ပရိသတ်ရင်ဘတ်နဲ့ တစ်ထပ်တည်းကျစေချင်တဲ့ Rock Album MTV နဲ့ မင်းသွေး

**မနှင်းသူ**

## ကြုံရာဆုံရာ တစ်မိနစ်တာ

မင်းသွေးက *ထိုးစစ်* စီးရီးအတွက် MTV ရိုက်ကူးမှုကို စတင်တော့မည်ဖြစ်သလို Media 7 မှ ရိုက်ကူးမည့် **ကျောင်းဆွေး** ရုပ်သံစီးရီးအတွက်လည်း ပါဝင်သရုပ်ဆောင်တော့မည် ဖြစ်သည်။ **ကျောင်းဆွေး** ရုပ်သံစီးရီးကို ဧပြီလမှာ စတင်ရိုက်ကူးတော့မည်ဖြစ်သည့်အတွက် မင်းသွေးနှင့် ရုပ်သံစီးရီးအကြောင်း MTV အကြောင်းများ ပြောဖြစ်ခဲ့ကြသည်။

**ရုပ်သံစီးရီးတွဲအပေါ် မင်းသွေးရဲ့ ခံစားမှု၊ ဇာတ်လမ်းတွေကို ဆန်းစစ်တီးခေါက်ကြည့်မိမှာပဲလေ။**

စီးရီးက ရေရှည်သွားရမှာဖြစ်တဲ့အတွက် နည်းနည်းလေးတော့ ကြောက်မိပါတယ်။ ဒီအပေါ်မှာလည်း အကောင်းဆုံးတော့ ကြိုးစားရမှာပဲလေနော်။ ပရိသတ်ကို အနည်းဆုံး ၁၅ ပိုင်းပေါ့။ ကျွန်တော်တို့ တစ်ပတ်ကို တစ်ပိုင်းပဲထားဗျာ။ သုံးလလောက်တော့ ပရိသတ်နဲ့ ကျွန်တော်တို့ အဆက်မပြတ်တော့ဘူး။ အဲဒီအပေါ်မှာလည်း ကျွန်တော်က ပရိသတ်ကို ဇာတ်လမ်းတွဲဖြစ်တဲ့အတွက် Character တစ်မျိုးတည်းလည်း မပြချင်ဘူး။ ရသစုံအောင်ပေါ့။ ဒါရိုက်တာတွေ၊ အဖွဲ့သားတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ အားလုံး ဇာတ်ညွှန်းရေးဆရာတွေရော နဲ့ အခုကတည်းကပြီး ပြင်



www.burmeseclassic.com

www.burmeseclassic.com

ဆင်နေပါပြီ။ ဇာတ်ညွှန်းကိုလည်း သေချာပြင်ဆင်ဖို့ ကျွန်တော်တို့ ကြိုးစားနေကြပါတယ်။

**ရေရှည်ခံ စားမှုအားကောင်းအောင်လို့ပေါ့။**

ဟုတ်ကဲ့၊ ဘာလို့လဲဆိုတော့ အလယ်က ဒီဇာတ်လမ်းကို ဖြတ်ကြည့်တဲ့သူလည်း သိနိုင်အောင်၊ ပထမဆုံးကတည်းက စ,ကြည့်တဲ့သူကလည်း ဆက်ကြည့်ချင်အောင် ကြိုးစားနေကြပါတယ်ခင်ဗျ။

**အခုဆိုရင် မြန်မာရုပ်သံစီးရီးတွေပိုရိုက်လာကြတယ်။ မျက်နှာသစ်တွေတင် မဟုတ်တော့ဘဲ နာမည်ရှိသရုပ်ဆောင်တွေကပါ လက်ခံရိုက်ကူးလာပြီ။ ဘာကြောင့်လို့ မင်းသွေး မြင်လဲ။**

ဈေးကွက်ဗျ၊ ကျွန်တော်ထင်တာပေါ့။ အခု ဗီဒီယိုဈေးကွက်က နာမည်ကြီးတွေနဲ့ပဲ ရိုက်ကြတာပဲ။ ထားပါတော့ဗျာ။ ကားတစ်ကားကို သေချာကောင်းအောင်ရိုက်မယ်ဆိုရင် ၁၀ ဖိုးကုန်တာကနေ အခု ၇ ကျပ်၊ ၈ ကျပ်လောက်နဲ့ ရအောင်ရိုက်ရတာတွေ ရှိမယ်။ စီးရီးကတော့ ဘာတစ်ခုကောင်းလဲဆိုတော့ သူက ကြော်ငြာနဲ့ အလုပ်လုပ်ရတာဖြစ်တယ်။ Actor ကိုပေးလိုက်တယ်။ သူတို့လွှင့်တယ်။ ပရိသတ်ကြည့်တယ်။ သူတို့ကြော်ငြာခ ပြန်စားတယ်။ ခိုးကူးထွက်သွားလည်းသူတို့အတွက် ပြဿနာမရှိဘူး။ ကျွန်တော်တို့ကျတော့ ရိုက်ကူးရေး လုပ်လိုက်တယ်။ ဖြန့်တယ်။ ခိုးကူးထွက်တော့ ကျွန်တော်တို့အတွက်အရမ်းနစ်နာပါတယ်။ အဲဒါ ကွာတာပေါ့။

**MTV ကရော ဘယ်လိုအခြေအနေရောက်ပြီလဲ။**

MTV က အခု ကျွန်တော် ၆ ပုဒ် ရိုက်ပြီးသွားပါပြီ။ နောက် ၆ ပုဒ် ထပ်ရိုက်ဖို့ရှိတာပေါ့လေ။ အခုလောလောဆယ် MTV အတွက် ကျွန်တော်လျာထား,ထားတာက ကျွန်တော့် *ထိုးစစ်* Audio CD က ၂၀၁၅ ခုနှစ် ဇွန် ၂၁ ရက်က ထွက်ခဲ့တယ်ဆိုတော့ အမှတ်တရလေးဖြစ်သွားအောင် အခု ၂၀၁၇ ခုနှစ် ဇွန် ၂၁ ရက်နေ့ကို ထွက်နိုင်အောင် ကြိုးစားနေပါတယ်။ အဲဒီနေ့ထက် စောချင်စောနိုင်တယ်။ နောက်မကျအောင်တော့ ကြိုးစားနေပါတယ်။ ဘာလို့ဆိုတော့ MTV ကို ဖေဖော်ဝါရီနဲ့ မတ်လမှာ ပြီးအောင် ကျွန်တော် ရိုက်ရမယ်။ ဧပြီလမှာ ဇာတ်လမ်းတွဲရိုက်တော့မှာဆိုတော့လေ။ ဘာပဲပြောပြော ဇာတ်လမ်းတွဲကလည်း တစ်လကျော်ကျော်လောက် အချိန်ပေးရမှာဆိုတော့ ဇာတ်လမ်းတွဲစ,ရင် ကျွန်တော်လုပ်နိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ဖေဖော်ဝါရီနဲ့ မတ်လမှာ MTV ကို အကုန်ရိုက်ကူးပြီး အချောသတ်မယ်။ ထုတ်ဖို့ရက်ကို လက်ထဲမှာကိုင်ပြီး စောင့်တဲ့အနေအထားလောက် ကျွန်တော်လုပ်ထားမှာပါ။

**ဒီ MTV အခွေလေးကို အချိန် တစ်နှစ်ခွဲကျော် အချိန်ယူလုပ်ထားတယ်။ မင်းသွေးကိုယ်တိုင်ရော ပါဝင်သရုပ်ဆောင်တာအပြင် ဒါရိုက်တာဝင်လုပ်ထားသေးလား။**

အဲဒီလိုတော့ မပါပါဘူး။ ကျွန်တော်တို့ Idea တွေပေါင်းစပ်ကြတယ်။ Music အပေါ်မှာ ကျွန်တော်လုပ်ချင်တာလေးတွေ ရှိတာလေးတွေကို ဒါရိုက်တာနဲ့ တိုင်ပင်တယ်။ ကြားထဲမှာတော့ အစ်မပြောသလိုပေါ့၊ အချိန်ယူထားတော့ ပရိသတ်နဲ့ အဆက်ပြတ်သွားမှာစိုးတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ Social Network လို့ခေါ်တဲ့အရာတွေပေါ်ကနေ ၄၅ စက္ကန့်စာလောက် MTV အတိုအစလေးတွေတင်ပြီး ပရိသတ်နဲ့ အဆက်မပြတ်အောင် ကြိုးစားနေပါတယ်။ ဆိုတော့ သီချင်းခွေကတော့ ကျွန်တော်အကောင်းဆုံးကြိုးစားထားပါတယ်ပေါ့ဗျာ။ ဒီအပေါ်မှာတော့ဘာကိုမျှော်လင့်လဲဆိုတော့ ပရိသတ်နဲ့ ရင်ဘတ်ချင်းတစ်ထပ်တည်းကျပြီးတော့ ကြည့်ကောင်းမယ့် Rock Album MTV တစ်ချပ်ဖြစ်စေဖို့။ အဲဒါလေးပဲ စိတ်ကူးပြီးလုပ်နေပါတယ်။

မင်းသွေးက အစ်ကိုဖြစ်သူ နေတိုးနှင့်အတူ ကိုယ်ပိုင်ထုတ်လုပ်ရေးနှင့်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ဒီနှစ်ထဲမှာပင် စီစဉ်နေသည်ဟု သိရသည်။■ **မန်းသူ**



# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com



# ပညာသားပါပါ အနုပညာဆန်ဆန် ပေါ်တက်လာတဲ့ လွှမ်းပိုင်

ခန်းသူ

## ကြုံရာဆုံရာ တစ်မိနစ်တာ

လွှမ်းပိုင်က တတိယ တစ်ကိုယ်တော်အခွေ *ဂီတဗေဒ* ကို သကြင်္န်ပွဲတော် သီချင်းများနှင့် ရောယှက်သွားမည် စိုးသည့်အတွက် ဧပြီလ ကျော်လွန်ပြီးမှသာ ထွက်နိုင်ရန် စီစဉ်နေသည်ဟု သိရသည်။ *ဂီတစာဆို* လွှမ်းပိုင်မှသည် *ဂီတဗေဒ* လွှမ်းပိုင်နှင့် တွေ့ဆုံမေးမြန်း မိရာတွင်…။

'ဂီတဗေဒ' ဆိုတာက…။ လွယ်လွယ် လိုတိုရှင်းနဲ့ အဓိပ္ပာယ်လည်း မိုက်တဲ့ဟာမျိုးလေးပေါ့နော်။ အဲဒါလေး စဉ်းစားမိလို့ပါ။ နောက်ပြီးတော့ '*ဂီတဗေဒ*' ဂီတ ပညာရပ်ဆိုတဲ့ဟာမျိုး သဘောကျလို့ပါ။ အခွေကာဗာဒီဇိုင်း လုပ်ရင်လည်း လုပ်လို့ကောင်း မယ့်ဟာမျိုးပေါ့။ တစ်ခါတည်း စဉ်းစားထားတယ်ဗျ။

'ဂီတဗေဒ' ထဲမှာ ဘယ်လို ဂီတဗေဒတွေပါမလဲ။ Jazz နဲ့တွဲပြီး လုပ်ထား တယ်ပေါ့။ Jazz နဲ့ Rap နဲ့ တွဲထားတဲ့ဟာမျိုးပေါ့။ နားထောင်လို့ဆန်းမယ် လို့ ကျွန်တော် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ Jazzနဲ့ Rap နဲ့ တွဲတာ သိပ်မတွေ့သေးဘူးလေ။ ရှိတော့ ရှိပေမဲ့ အဲဒီလိုလုပ်ရင် ကောင်းမလားလို့။ ဒီထဲမှာ အချစ်သီချင်းတွေ၊ ဘဝသရုပ်ဖော်သီချင်းတွေပါမယ်။ ကျွန်တော်က အတည်တော့ မဟုတ်ဘူးပေါ့။ သရော်ပုံစံရေးထားတာများတယ်။ အဲဒီပုံစံတွေပါမယ်။ အကြောင်းအရာ တော်တော်စုံပါတယ်။

**ပထမအခွေ 'ဂီတစာဆို'တုန်းက 'မင်းရဲ့ကျော်စွာ ဗိုလ်နေတိုး' သီချင်းက အပေါက်ဆုံးဖြစ်ခဲ့တယ်။ ဒီ 'ဂီတဗေဒ'မှာရော 'မင်းရဲ့ကျော်စွာ ဗိုလ်နေတိုး'ကို နင်းနိုင်မယ့် သီချင်းမျိုး ပါသေးလား။**

အဲဒီလိုမျိုးရယ်လို့တော့ ကျွန်တော် မစဉ်းစားဘူးဗျ။ ဘာလို့လဲဆိုတော့ ပထမဆုံး *ဒုံးမျှံ* အခွေထွက်တုန်းကလည်း *ဘိုကေ* က ပေါက်တယ်။ *ဘိုကေ* ထက် ပေါက်အောင် *ဗိုလ်နေတိုး* ကို ရေးမယ်လို့ မစဉ်းစားခဲ့ဘူး။ အဲဒီလို စဉ်းစားရင်လည်း မအောင်မြင်တာ များတယ်။ ကိုယ့်ဟာကိုယ် လုပ်တဲ့အရာ တစ်ခုကို ပရိသတ်ကပဲ အဆုံးအဖြတ်ပေးတာပေါ့နော်။ ကျွန်တော့် စိတ်ကူးထဲကဟာတွေ မထူးဘူးဆိုရင်၊ ရှိပြီးသားအရာတွေနဲ့လည်း မတူ၊ ကျွန်တော်လုပ်ထားတာတွေနဲ့လည်း မတူဘူးဆိုရင် များသောအားဖြင့် အဲဒါမျိုးတွေက ပေါက်တာများတယ်။ ကိုယ့်စိတ်ကူးထဲက အတိုင်းလုပ်တာ များပါတယ်။

**အဆိုတော်အနေနဲ့ အခွေတစ်ခွေလုပ်တိုင်းမှာ ရပ်တည်ချက်၊ ခံစားချက်တစ်မျိုးစီသီးသန့်ရှိကြတယ်။ အခု 'ဂီတဗေဒ' ဖန်တီးချိန်မှာ လွှမ်းပိုင် ဘယ်လိုခံစားမှုတွေနဲ့ ဖြန့်ကြက်လုပ်ဆောင်ဖြစ်ခဲ့လဲ။**

ဒီအခွေကို ကျွန်တော်က *'ဂီတစာဆို'* အခွေထက် ပိုကြိုက်တယ်။ ပိုပြီးတော့ သပ်ရပ်တယ်လို့ ခံစားရတယ်။ ကိုယ့်ကိုယ်ကိုပေါ့နော်။ နည်းနည်းလည်း အဆင့်အတန်း ရှိတယ်လို့ ကိုယ့်ကိုယ်ကို မြင်တယ် (ရယ်လျက်)။ ကိုယ့်အသက်အရွယ်အရဆိုရင် ကိုယ်ငယ်ငယ်တုန်းက လုပ်တာတွေက ပေါ်ကြောင်ကြောင် ပါရင်ပါမယ်။ အခု ဒီဘက်ရောက်လာတဲ့အခါကျတော့ ပိုပြီး အနုပညာဆန်ဆန် ပေါ်တတ်တယ်ပေါ့။ ဆိုလိုချင်တာက ကိုယ့်ရဲ့ ဖန်တီးမှုဟာ ပညာသားပါပါလေးနဲ့ ပေါ်တတ်တာ။ အဲဒီလို ကျွန်တော် ခံစားရပါတယ်။

**'ဂီတဗေဒ'ကရော ဘယ်လို မက်ဆေ့ချ်တွေနဲ့ ပရိသတ်ထဲ စီးဆင်းသွားမလဲ။**

များသောအားဖြင့် ကျွန်တော့် ဒီအခွေနားထောင်ရင် စိတ်အပန်းပြေစေမယ်။ Entertainment သဘောကိုပဲ သွားပါတယ်။ ဒီအခွေ နားထောင်လိုက်တာနဲ့ ဘဝအမောတွေပြေသွားမယ်နောက်ပြီး ကျွန်တော့်သီချင်းတစ်ပုဒ်ပုဒ်နဲ့ တိုက်ဆိုင်သွားတယ်ဆိုရင် ကျေနပ်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ပဲ လုပ်တာပါ။

လွှမ်းပိုင်က **ကိုယ်စောင့်နတ်** ဇာတ်ကားကိုလည်း ဒါရိုက်တာ ဝင်းလွင်ထက်၊ ရွှေမန်းတို့နှင့်အတူ သုံးဦးစပ်ထုတ်ဝေရေး ပါဝင်ထားသလို ခေါင်းဆောင်မင်းသားအနေနှင့်လည်းပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည်ဟု သိရသည်။ ထိုဇာတ်ကားတွင် လွှမ်းပိုင်နှင့်အတူ ထွန်းထွန်း(Examplez)၊ ခင်ဝင့်ဝါတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ ■ မန်းသူ



# One Minute Interview

www.burmeseclassic.com

www.burmeseclassic.com



# ဖိုးလေးအောင်ဒင်နဲ့ လုံးဝမတူတဲ့ အသစ်တွေထပ်လုပ်မယ့် မနော

**မနိုးသူ**

## ကြုံရာဆုံရာ တစ်မိနစ်တာ

အနုပညာတွင် အရည်အသွေး၊ အရည်အချင်းအပြင် မမြင်ရသည့် ရုပ်ဝတ္ထုမဟုတ်သည့် 'စန်း'၊ အနုပညာ 'စန်း' က အံ့ဩဖွယ်ကောင်းလှသည်။ ထို 'စန်း' အချိန်ကျလာလျှင် မည်သူမျှ တားဆီး၍မရ ပေါ်ထွက်လာရသည်။ ၂၀၁၆ ခုနှစ် သီတင်းကျွတ်၊ တန်ဆောင်တိုင် ပွဲတော်တွင် 'စန်း' ထ၊ အချိန်ကျလာသည်က *ဖိုးလေးအောင်ဒင်၊* သီဆိုသူ မနော၊ တေးရေးက သဟာအောင်။ တကယ်ဆိုလျှင် မနှစ်က သင်္ကြန်ကတည်းက *မိချော* ဆိုသည့် သင်္ကြန်သီချင်းနှင့် *ညနေ* နေရီ သီချင်း ပေါ်ထွက်သော်လည်း အဆိုရှင် မနောမှန်း သိပ်မသိကြ။ ယခု *ဖိုးလေးအောင်ဒင်* က မနောအတွက် ဂီတဆုကို အရယူပေးလိုက်သည်။ ထို *ဖိုးလေးအောင်ဒင်* နှင့် စီးရီးမိတ်ဆက်ပွဲတစ်ခုတွင် တွေ့ဆုံမိသည့် တစ်ခဏ…။ *ဖိုးလေးအောင်ဒင်ရဲ့* ဆုရပြီးနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

**သီချင်းသီဆိုရမှု၊ သီချင်းရွေးချယ်မှု အခက်အခဲ ရှိလာလား။ ပုံစံပြောင်းသွားလား။**

သူက…အဲဒါရလိုက်တယ်ပဲ ရှိတာပါ။ ကျွန်တော်တို့ စိတ်ထဲမှာတော့ ဘယ်လိုပြောရမလဲ၊ ရမယ်လို့လည်း မတွေးထားဘူး။ ဒါ ရလိုက်တဲ့အပေါ်မှာတော့ ကျွန်တော်တို့ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့ နေရာလေးတွေ ရှိတယ်လို့တော့ တွေးလိုက်တာပေါ့နော်။ ဒါပေမဲ့ နောက်ထပ်၊ နောက်ထပ်အတွက်ကတော့ ကျွန်တော်တို့ရဲ့ ဖန်တီးနေမှုကိုက သီချင်းတစ်ပုဒ်လုပ်ပြီဆိုရင် တေးရေးဆရာ ပြတိုင်း ကျွန်တော် မဆိုဖြစ်ဘူး။ သူပြတဲ့အပေါ်မှာ အသစ်ဖြစ်တယ်။ သီချင်းက Dirty မဖြစ်ဘူး။ သူတစ်ဖက်သားကို မထိခိုက်စေဘူး၊ အကျိုးရှိမယ်ဆိုရင် အဲဒီသီချင်း ကျွန်တော့်ရင်ဘတ်ထဲ ကြိုက်ပြီဆိုရင် ရွေးချယ်တယ်။ ပြီးရင် အတီးသမားတွေကအစ အားလုံး သိုက်သိုက်ဝန်းဝန်းနဲ့ ညှိနှိုင်းပြီးမှ လုပ်တဲ့အတွက် နောက်သီချင်းလေးတွေကလည်း အသစ်လေးတွေ လာဦးမှာပါ။ အဲဒီအပေါ်မှာ ထွေထွေထူးထူး ပိုလုပ်ရတယ်ဆိုတာ မရှိပါဘူး။

**အခုက တေးရေးသဟာအောင် သီချင်းတွေနဲ့ လမိုင်းကပ်နေတယ်ဆိုပေမဲ့ အဆိုတော်ဆိုတာ သီချင်းအစုံဆိုရတာဆိုတော့ တေးရေးနဲ့ ပတ်သက်ပြီး မနော ဘယ်လိုရှိလဲ။**

ကျွန်တော့်မှာရှိတယ်။ တေးရေးနဲ့ပတ်သက်လို့ အယုတ်အလတ် အမြတ် မရွေး ဘယ်လိုတေးရေးပဲဖြစ်ဖြစ်။ အခုမှ စ,ရေးတဲ့ တေးရေးကအစ အကုန် နားထောင်ကြည့်တယ်။ အဆင်ပြေရင် ယူဆိုတယ်။ တွံတေးစိုးအောင်ဆီကလည်း ယူဆိုတယ်။ သူ့ဆီမှာ ကျွန်တော်မှာထားတာ နှစ်ပုဒ်ရှိတယ်။ တစ်ပုဒ်က ယွန်းရဲ့အခွေထဲမှာ ပါပြီး နောက်တစ်ပုဒ်က မင်္ဂလာဆောင်သီချင်းလေး။ ကျွန်တော် တစ်ဦးတည်း ဆိုထားတာ ကောင်းတယ်။ အဲဒီလိုပေါ့။ သူ့သန့်ရာ သန့်ရာ လိုင်းလေးတွေ သွားအပ်တာရှိတယ်။ ကျွန်တော်တို့ တေးရေး သဟာအောင် မရေးနိုင်တဲ့ လိုင်းမျိုးတွေ တခြားသူဆီမှာ ရှိတယ်လေ။ ဘယ်သူပဲရေးလာလာ ကောင်းရင် ကျွန်တော်က ဆိုမှာ။

***ဗိုလ်အောင်ဒင်* သီချင်း မထွက်ခင်က *မနော့နဲ့ လှိုင်ဦးမော်* ဆိုတဲ့ စတီရီယိုသီချင်း ခွေတစ်ခွေ မိတ်ဆက် စာနယ်ဇင်း ရှင်းခဲ့ဖူးတယ်နော်။**

ဟုတ်ပါတယ်။

**ဒါပေမဲ့ အဲဒီအခွေ နောက်မှ ထွက်လာပြီး စာနယ်ဇင်းပွဲတောင် မလုပ်ခဲ့တဲ့ မြန်မာသံစဉ်တွေထဲက ဗိုလ်အောင်ဒင် သီချင်းက ပေါက်သွားတယ်။ ပရိသတ်ရဲ့ တောင်းဆိုမှုအရ စတီရီယိုနဲ့ မြန်မာသံစဉ် မနော ဘယ်လိုရွေးမလဲ။**

ကျွန်တော်တို့က နယ်တွေဆင်းတဲ့အခါမှာ တွေ့ကြုံရတာက မြန်မာသံစဉ် ပရိသတ်ကြီးပဲ မဟုတ်ဘူး။ တော်တော်များများ ဒီမှာက နယ်မြို့ပွဲတွေ ပိုများတာလေ။ မြို့ကြီးဆိုလို့ မန္တလေးနဲ့ ရန်ကုန်ပေါ့။ မနေ့က သွားဆိုခဲ့တဲ့ သာစုကန်နားဆိုရင် မြန်မာသံတွေချည်း တောင်းတာ။ စတီရီယိုက နည်းကိုနည်းတာ။ ကျွန်တော်တို့လုပ်တာ မျိုးစုံဆိုပေမဲ့ ဆိုတဲ့နေရာမှာ သူတို့အကြိုက်တွေ ဦးစားပေး ဆိုပေးရတယ်။ ကျွန်တော်တို့ ဆိုချင်တဲ့ မော်ဒန်ရော့ခ်တွေ၊ ရော့ခ်တွေ ရှိပေမဲ့ သူတို့က အခကြေးငွေပေးပြီး ငှားထားတဲ့အတွက် သူတို့ မကြိုက်တာကြီး ချပြလည်း ကျွန်တော်တို့ ပင်ပန်းရုံပဲ ရှိမယ်။ သူတို့ နှလုံးသားအာဟာရလည်း ပြည့်အောင် ဆိုပေးရတယ်။

**ဒါဆို မနောရဲ့ နောက်ထပ် ဂီတအနုပညာအသစ်တွေက…။**

အသစ်တွေက ရှိတယ်။ သီချင်းအသစ်တွေ ကျွန်တော် ဝယ်ထားတာတောင် ကြာလှပြီ။ သဟာအောင်ထဲက အသစ်တွေရော၊ တခြားတေးရေးထဲက အသစ်တွေရောပဲ။ ကျွန်တော် မထုတ်နိုင်သေးလို့ ပေါ့လေ။ သကြံန်ပြီးရင်တော့ ကျွန်တော် အခွေသစ်ကို Main တည်တော့မှာ။ စတီရီယိုခွေ၊ အဲဒီအခွေက ကျွန်တော် ထွက်ခဲ့ပြီးသမျှတွေနဲ့ လိုင်းမတူဘူး။ ကျွန်တော်က အခွေတိုင်းကို လိုင်းမတူ၊ လိုင်းမထပ်အောင်ဘဲ လုပ်ပါတယ်။ အတီးတွေက အစလေ။ အသစ်တစ်ခုဖြစ်အောင်တော့ ဖန်တီးနေပါတယ်။ နောက်တစ်ခုက အရင်တုန်းကလောက် မကြာတော့ဘူး။ အရင်တုန်းကဆို ၂ နှစ်ခွဲလောက် အချိန်ယူ လုပ်ထားတဲ့ အခါမှာ ကျွန်တော်တို့ လုပ်ထားတာနဲ့ ရွေ့နေတဲ့ ဂီတရပ်ဝန်း အနေအထားနဲ့ဆို ကျွန်တော်တို့ အခွေထွက်ချိန်မှာ အဲဒီဂီတက သိုးသွားတယ်။ အခုကျတော့ ကျွန်တော်က အခုတီး၊ အခုဆိုပြီး အခု Mixing တန်းဆွဲရင် တစ်လအတွင်း အကုန်ပြီးသွားတယ်။ အခွေဖန်တီးရာမှာ အတော်အဆင်ပြေလာပါတယ်။


မနောက ဗိုလ်အောင်ဒင် ပရိသတ်၊ မနော ပရိသတ်ကြီးကို 'ကျွန်တော်တို့ သီချင်းလေးတွေကို နားဆင်ပေးကြတယ်၊ ကျွန်တော်တို့ သီချင်းလေးတွေကြောင့် စိတ်ခွန်အားတွေ ရတယ်ဆိုရင် ဝမ်းသာပါတယ်။ နောက်ထပ် အသစ်လေးတွေ ထပ်လုပ်နေပါတယ်။ အဲဒါတွေလည်း နားဆင်ပြီး ဝေဖန်သုံးသပ်အားပေးပါဦး' လို့ နှုတ်ဆက်လိုက်ပါသည်။

■ မန်းသူ

# One Minute Interview

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ပရိသတ်အတွက် ကိုယ့်တစ်ဘဝလုံးအတွက် အမှတ်တရ ကျန်ရစ်စေချင်တဲ့ မိုးစက်ပိုင်

မန်းသူ

## ကြုံရာဆုံရာ တစ်မိနစ်တာ

"ဇာတ်ကားအနေနဲ့လည်း အများကြီး မရိုက်ဖူးပါဘူး။ အခုရိုက်နေတာက ဒုတိယမြောက်ကားပေါ့နော်။ ပထမဇာတ်ကားတုန်းကတော့ အခန်း အရမ်းနည်းတယ်။ ဒီကားမှာတော့ အခန်းစဉ်တွေ အများကြီးပဲ။ ကားအစ/အဆုံး ပါသလို ဖြစ်တာပေါ့နော်။ ဒီကားမှာ ပြင်ဆင်မှုပိုင်း အနေနဲ့တော့ Make-Up နဲ့ Stylsish ပိုင်းကို သေချာပြင်ဆင်ပါတယ်။ ပြီးတော့ ဒီကားက Team Work အရမ်းကောင်းပါတယ်။ မိုးစက်တို့ ဒီTeamက ခဏခဏ Meeting ထိုင်တယ်။ ခဏခဏ စကားပြောဖြစ်တယ်။ သူလိုချင်တာ၊ ကိုယ်လိုချင်တာ ပွင့်ပွင့်လင်းလင်း ပြောတယ်"ဟု မိုးစက်ပိုင်က **ပက်ပက်စက်စက်ညို့** ဇာတ်ကားရိုက်ကွင်းတွင် တွေ့ဆုံစဉ် ပြောသည်။ မိုးစက်ပိုင်က ဒါရိုက်တာ သားညီ ရိုက်ကူးနေသည့်ဇာတ်ကားတွင် နေတိုး၊ ရွှေထူးတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။

**ဒီဇာတ်ကားထဲမှာ ဘယ်လို Character တွေ လုပ်ရမလဲ၊ Model ပဲလား။**

ပန်းသည်မပါ။ အမှန်တကယ်က Model မဟုတ်ဘူး။ ပြင်ဦးလွင်မြို့က ပန်းရောင်းတဲ့ ကောင်မလေးပေါ့။ အဲဒီကောင်မလေးကို ကိုနေတိုးက ပြုပြင်ပြောင်းလဲပေးဖို့အတွက် မြို့ကိုခေါ်လာတယ်။ ပြုပြင်ပြောင်းလဲပေးတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

**ဒီဇာတ်ကားကို ဘာလို့ လက်ခံသရုပ်ဆောင်ဖြစ်လဲ။ ဒီဇာတ်ကားမှာ မိုးစက် အကြိုက်ဆုံး မက်ဆေ့ချ်က ဘာဖြစ်မလဲ။**

အကြိုက်ဆုံး မက်ဆေ့ချ်က ဘာဖြစ်မလဲဆိုတော့ ဒီဇာတ်ကားထဲမှာဆိုရင် မိုးစက်အကြိုက်ဆုံး မက်ဆေ့ချ်က ငွေရှိရင် ဘာမဆိုဖြစ်တယ်ဆိုတာ မဟုတ်ပါဘူးပေါ့နော်။ တကယ်တော့ ငွေရှိလည်း ငွေနောက်တကောက်ကောက်လိုက်ရင်း ရလာတဲ့ သောကမီးတစ်ခုရှိတယ်ပေါ့နော်။ နောက်ဆုံးကျရင်တော့ လူတိုင်း၊ လူတိုင်းမှာ ဘယ်လောက်ပဲငွေရှိငွေရှိ အေးချမ်းသာယာတဲ့ ဘဝကိုပဲ ပြန်ပြီး မက်မောတာပဲဆိုတဲ့ မက်ဆေ့ချ်ရတယ်လို့ ခံစားရပါတယ်။

**ဒီဇာတ်ကားတွေ ဘာကြောင့် လက်ခံရိုက်ကူးဖြစ်လာတာလဲ။ အခုရိုက်ကြည့်ပြီးတဲ့နောက်မှာ သရုပ်ဆောင်ဆိုတာကို မိုးစက် ဘယ်လိုခံစားမိလဲ။**

အရမ်းခက်တယ်။ ခက်တယ်ဆိုတာ ဒီလိုမျိုးပေါ့။ မိုးစက်ဆိုတဲ့လူ မရှိတော့ဘူး။ Character ထဲပဲ ဝင်အောင်နေရတယ်။ အခုချက်ချင်း ငိုချင်ငိုနေရမယ်၊ ခဏကြာရင် ပြောင်းပြီး ရယ်ဆိုရယ်ရပြန်ပြီ။ ဒီရိုက်ကွင်းမှာ မြို့သူကတောသူဖြစ်ပြီဆို တောသူဖြစ်ရပြီး ခဏကြာတော့ မြို့သူပြန်ဖြစ်သွားပြန်ပြီဆို မြို့သူပြန်ဖြစ်ရ။ အဲဒီလိုမျိုးပေါ့။ ရုပ်ရှင်ကြည့်ရတဲ့အချိန်မှာ ဒါတွေကို မသိရတာလေ။ တကယ်တမ်း ရိုက်ရတဲ့အခါကျတော့ Changes ကအရမ်းမြန်တယ်။ အဲဒီ Changes မြန်မြန်ကိုပဲ ချက်ချင်း မိနစ်ပိုင်းအတွင်းမှာ ကိုယ်က လိုက်ပြောင်းရတာ။

**သရုပ်ဆောင်အနုပညာကို စိတ်ဝင်တစားရှိလာပြီလား။ ဆက်လက်ပြီး မိုးစက် ဘာတွေလုပ်ချင်စိတ် ရှိနေပြီလဲ။ ဂျပန်ရိုက်ကူးရေးတွေလည်း တွေ့နေလို့လေ။**

ဂျပန်ရိုက်ကူးရေးတွေတော့ ဆက်လုပ်ဖြစ်မှာပါ။ အဲဒါတော့ မိုးစက် ဝါသနာပါ,ပါတယ်။ ဒီ တီဗွီပရိုဂရမ် ရိုက်တယ်ဆိုတာ အထူးသဖြင့်တော့ မိုးစက်က ခရီးသွားတာ ဝါသနာပါတယ်။ အစားအသောက်စားတာ ဝါသနာပါတယ်။ ကြည့်ရတာ ဝါသနာပါတယ်၊ စပ်စုရတာ ဝါသနာပါတယ်ပေါ့နော်(ရယ်လျက်)။ ရုပ်ရှင်ကတော့ အခုလောလောဆယ်တော့ ဒီတစ်ကားပဲ ရိုက်နေတယ်။ မြန်မြန်တော့ ကြည့်ချင်နေတယ်။

**မိုးစက်က အခုလုပ်နေတဲ့အထဲမှာပဲ စိတ်နှစ်ထားပြီး ရှေ့ဘာဆက်ဖြစ်မယ်ဆိုတာကို ကြိုမတွေးထားသေးဘူးပေါ့။**

ကြိုမတွေးထားသေးဘူး။ အခုလောလောဆယ်တွေးထားတာဆိုလို့ တီဗွီပရိုဂရမ်ပဲ။ သရုပ်ဆောင်ကတော့ မသေချာသေးဘူး။

**ဘာကြောင့်လဲ။ သရုပ်ဆောင်ဆိုတာကို လုပ်ဖူးချင်စိတ်နဲ့ပဲ စမ်းလုပ်တာလား။**

မဟုတ်ပါဘူး။ အဓိက, ကတော့ မိုးစက်က ကျောင်းပြီးခါစအရွယ်လည်း မဟုတ်သလို ဝါသနာကို ဆန်းစစ်ရမယ့်အရွယ်လည်း မဟုတ်တော့ဘူးပေါ့နော်။ အခုဟာက လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရမယ့်အရွယ်ဖြစ်တယ်။ ဒီရုပ်ရှင်ရိုက်ဖြစ်သွားတယ်ဆိုတာကလည်း မိုးစက်ရဲ့ပရိသတ်ကြီးနဲ့ ထိတွေ့ဖြစ်၊ အမှတ်တရတစ်ခုအနေနဲ့လည်း ကျန်ချင်တယ်။ ကိုယ်ကိုယ်တိုင်အတွက်လည်း အမှတ်တရကျန်ချင်တယ်။ အမှန်အတိုင်းပြောရလို့ရှိရင်ပေါ့၊ ဒီကားဆိုရင်လည်း မိုးစက် အားထည့်ပြီး ရိုက်ကြည့်ချင်တယ်။ ကိုယ့်အတွက်လည်း အချိန်အများကြီးကုန်တဲ့ဟာ မဟုတ်ဘူးပေါ့နော်။ ပြီးသွားတယ်ဆိုရင် ကိုယ့်ဘဝတစ်ခုလုံးစာမှာ အမှတ်တရကျန်မယ်ပေါ့။ ငွေရှိတိုင်းလည်း ရုပ်ရှင်ရိုက်လို့ မဖြစ်ပါဘူး။ ကိုယ်တိုင် ပိုက်ဆံထုတ်၊ ကိုယ်တိုင်ရိုက်မယ်ဆိုလည်း အသက်အရွယ်အရ၊ ဒါမှမဟုတ် လက်ခံမှုအရ ကြည့်မယ့် ပရိသတ် မရှိလို့လည်း မဖြစ်ဘူးလေ။

မိုးစက်ဝိုင်ကသရုပ်ဆောင်အဖြစ်ဇာတ်ကားများ ဆက်ရိုက်ရန် မသေချာသော်လည်း ဂျပန်ခရီးစဉ် ရိုက်ကူးရေးများ ဆက်တိုက် ရိုက်ကူးသွားမည်ဖြစ်သည်။ ■ **မန်းသူ**



# One Minute Interview



www.burmeseclassic.com

www.burmeseclassic.com





# ပြိုင်ပွဲတွေ ဆုတွေနဲ့ စခဲ့တဲ့ အနုပညာပိုးနဲ့ ဇွန်ဝေယံ

မနှင်းသူ

အနုပညာမှန်သမျှ နှစ်ခြိုက်ပြီး ကြိုးစားနေသည့် လူငယ်တစ်ဦးနှင့် တွေ့မိပြန်သည်။ အနုပညာလှုပ်ရှားမှုများနှင့် မစိမ်းသလို အောင်မြင်မှုတချို့ ရရှိပြီးဖြစ်သည့် ဇွန်ဝေယံက သရုပ်ဆောင်ရေဂီတကိုပါ လှုပ်ရှားနေသည့် ဖူးငုံပွင့်သစ် အနုပညာရှင်ဖြစ်သည်။ လတ်တလော ပူပူနွေးနွေး X-Factor အဆိုပြိုင်ပွဲတွင် ဒုတိယဆု ရရှိထားသည့် ဇွန်ဝေယံနှင့် တွေ့ဆုံမိရာတွင်…။


**အနုပညာအလုပ်တွေကို ဘယ်အချိန်လောက်က စ,ပြီး မြေစမ်း ခရမ်းပျိုး စတင်ခဲ့လဲ။**

ကျွန်တော် စ,ပြီး လုပ်တာကတော့ အဆိုအနေနဲ့ မဟုတ်ပါဘူး။ သရုပ်ဆောင်ကို စ,လုပ်ခဲ့တာပါ။ VCD တွေ၊ MTV တွေ ရိုက်ဖြစ်တယ်။ ကျွန်တော့် အစ်မချာချာရဲ့အခွေထဲမှာလည်း မိုးယုစံနဲ့တွဲပြီး သရုပ်ဖော်ခဲ့ဖူးတယ်။ ကိုဆိုတေးရဲ့ *မင်္ဂလာပါ ဆိုတေး* တေးစီးရီး၊ မင်းရတုပိုင်ရဲ့ တေးစီးရီး စသဖြင့် အဲဒီထဲမှာ ပါခဲ့ဖူးတယ်။ ၂၀၁၃ ခုနှစ်က စ,ခဲ့တာပေါ့။ ပြီးတော့ ကျွန်တော်က Star & Model Agency မှာလည်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်ပြီး ဆည်းပူးတယ်။ အဲဒါက ၂၀၀၉ ခုနှစ်ပေါ့။ အဲဒီမှာ Show တွေ လျှောက်တယ်။ Mr တွေ ပြိုင်တယ်။ အဲဒီကတစ်ဆင့် MTV တွေ ရိုက်တယ်။

**ဂီတဘက်ကို ဘယ်လို ရောက်သွားတာလဲ။**

စ,ဖြစ်တာက Melody World 2015 မှာ ဝင်ပြိုင်ရင်း The Best of Award ကို ရရှိပါတယ်။ အဲဒီကနေ 'ဂီတတံခါးလေးဖွင့်ပါဦး' ပြိုင်တော့ ရွှေသော့ ပထမဆု ရခဲ့ပြန်တယ်။ နောက်ပြီး အထက်မြန်မာနိုင်ငံ ပြိုင်ပွဲတွေမှာ လိုက်ပြိုင်တော့ ဆုတွေလည်း ထပ်ရပြီး အခွေတွေထဲမှာလည်း ပါဝင်ခွင့်ရခဲ့ပါတယ်။

**ကိုယ့်ရဲ့ ဂီတအရည်အသွေးကို ဘယ်လိုယုံကြည်မှု ရှိခဲ့လို့ အခုလို လုပ်ဖြစ်ခဲ့တာလဲ။**

အစကတော့ ကျွန်တော် သတိမထားမိဘူး။ ကိုယ့်ကိုယ်ကို ထင်လည်း မထင်ဘူး။ ဒီလိုပဲ ဝင်ပြိုင်ဖြစ်လိုက်တာ။ ပြိုင်ရင်းနဲ့မှ အနုပညာရှင် ဒိုင်လူကြီးတွေကလည်း 'သားမှာ Talent ရှိတယ်။ ဆက်လုပ်ပါ။ ဖြစ်နိုင်တယ်' တဲ့။ ဆရာ ကေအေတီ မဆုံးခင်ကလည်း အကြံဉာဏ်တွေ အများကြီးပေးတယ်။ အဲဒီကနေ ယုံကြည်မှုတွေ ရှိလာတယ်။ ပရိသတ် အများကလည်း လက်ခံတယ်ဆိုတော့ ဒီဘက်မှာ ဆက်လုပ်ဖြစ်သွားတာပါ။

**ကိုယ်ပိုင်တစ်ကိုယ်တော်အခွေ စ,နေပြီပေါ့။**

ဟုတ်ကဲ့။ ကျွန်တော့်အခွေကို ၂၀၁၇ နှစ်လယ်ပိုင်းမှာ ထွက်နိုင်အောင် ကြိုးစားနေပါတယ်။ R&B, Pop အေးအေးလေးတွေ၊ EDM DJ Music တွေလည်းပါမယ်။ သီချင်းစုစုပေါင်း ၁၂ ပုဒ်ပါမယ်။ သီချင်းဟောင်းလည်း ပါမှာပါ။ လက်ရှိလျာထားတဲ့ ပြန်ဆိုတေးသီချင်းအနေနဲ့ ၂ ပုဒ်ရှိတယ်။ ကိုတူးတူးရဲ့ *ကြည့်ခွင့်လေးတော့ပေးသင့်ပါတယ်* သီချင်းပါ။ Version ပြောင်းထားပါတယ်။ နောက်တစ်ပုဒ်က ဆရာ ဦးချေညီညီရဲ့ *ခွဲနေပြီ* သီချင်းပါ။ ကျန်တာကတော့ အသစ်တွေပါ။ ကိုယ်ပိုင်သံစဉ်ပိုများပါတယ်။

**ပထမဆုံး တေးစီးရီး အတွေ့အကြုံ ပြောပြပါဦး။**

ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ဒီအခွေလေး Run နေတာ အတော်ကြာပါပြီ။ အရင်က ကျွန်တော့်စိတ်ထဲမှာ သိခဲ့တာက အခွေတစ်ခွေလုပ်ဖို့ လွယ်တယ်လို့ ထင်ခဲ့တယ်။ တကယ် လုပ်ကြည့်တော့ မလွယ်ပါဘူး။ အချိန်အားဖြင့် ပေးဆပ်ရတယ်၊ ငွေအားနဲ့ ပေးဆပ်ရတယ်။ လူအားရော၊ ခွန်အားရော ပရိသတ်ရဲ့ အားပေးတဲ့ အပေါ်မှာ အစတုန်းကတော့ လုပ်ချင်တယ်ဆိုတဲ့စိတ်ပဲ ရှိခဲ့တယ်။ လုပ်ကြည့်တော့ မလွယ်ဘူး။ ပြီးတော့ ကိုယ်ပိုင်သံစဉ်ဖြစ်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်က လက်ခံပါ့မလား ဆိုတဲ့ စိုးရိမ်စိတ်ကလည်း အမြဲရှိနေတယ်။ ဘာပဲပြော ပြော ပရိသတ်လည်း ကြိုက် နိုင်မယ့်၊ ကောင်းလည်း ကောင်းတဲ့ သီချင်းလေးတွေ ရွေးချယ်ပြီး ဖန်တီးထားပါတယ်။ ဒီအပေါ်မှာလည်း အများကြီး မျှော်လင့်ထားပါတယ်။ စိတ်ရော၊ ကိုယ်ရော၊ လူရော၊ ငွေအင်အားတွေရော အများကြီးနှစ်ပြီး လုပ်ထားတဲ့အတွက် အကောင်းဆုံးဖြစ်ဖို့ မျှော်လင့်ပါတယ်။ ပရိသတ်ကြီးလည်း ကြိုက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဗွန်ဝေယံက လက်ရှိအချိန်တွင် တစ်ကိုယ်တော် တေးစီးရီးအတွက် ကြိုးစားနေခြင်းကြောင့် သရုပ်ဆောင်ဘက်ကို ခဏနားထားပြီး အခွေ ထွက်ပြီးသည်နှင့် ဂီတ၊ သရုပ်ဆောင်နှစ်ခုစလုံး ကြိုးစားလုပ်ဆောင်သွားမည် ဟု ဆိုပါသည်။

■ မန်းသူ








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ရှင်ပွင့်သစ်

'ငါ့စိတ်ကူးတွေ မင်းအပိုင်ယူ...၊
ငါ့အိပ်မက်တွေ မင်းအပိုင်ယူ...'
ဆိုသည့် သီချင်းက လူငယ်များ
နှုတ်ဖျားထက် ပျံ့လွင့်ခဲ့သည်။
ထိုမှတစ်ဆင့် သကြၤန်သီချင်း
တချို့နှင့်လည်း ပရိသတ်ကို
မိတ်ဆက်ပေးပြန်သည့်
ထွန်းရတီက ဒုတိယတစ်ကိုယ်တော်
သီချင်းအခွေ ထပ်မံထွက်ရှိနိုင်သည့်
ဂီတဖူးငုံပွင့်သစ်ဖြစ်သည်။
'သမီး သီချင်းမဆိုခင်တုန်းက
မိုးဟေမာန်ဆိုတဲ့ နာမည်တစ်ခုနဲ့
Model သင်တန်းတက်ဖူးတယ်။
ဒါပေမဲ့ အဲဒီဘက်ကို
စိတ်မဝင်စားတာနဲ့ ထွန်းရတီဆိုတဲ့
နာမည်ကိုပဲ အတည်ယူပြီး
ဂီတဘက်ကို လုပ်ဖြစ်တယ်'ဆိုသည့်
ထွန်းရတီနှင့် တွေ့ဆုံဖြစ်ခဲ့သည်။
ဘယ်အချိန်လောက်က
စတင်လှုပ်ရှားဖြစ်လဲ။
၂၀၁၁ ခုနှစ်ဝန်းကျင်ကပေါ့။
၂၀၀၉ ခုနှစ်လောက်ကတော့
Model သင်တန်းတက်ဖြစ်ပေမဲ့
စိတ်မဝင်စားတာနဲ့
နယ်ပြန်သွားပြီး ၂၀၁၁ ခုနှစ်မှာ
အခွေလုပ်ဖြစ်တာပါ။
ပထမအခွေတုန်းက
အောင်မြင်မယ်လို့
မသိဘဲ စ,ခဲ့တာနော်။



## ပရိသတ်ပေးခဲ့တဲ့နေရာကို တန်ဖိုးထားပါတယ် ဆိုတဲ့ ထွန်းရတီ

**မနိုးသူ**



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက စိတ်က သီချင်းဆိုတယ်၊ ငါ အဆိုတော်ကြီးဖြစ်ရမယ်လို့ စိတ်မထားခဲ့ဘူး။ ကိုယ် သီချင်းအရမ်းဆိုချင်တယ်။ ဝါသနာပါတယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ ကြိုးစားခဲ့တယ်။ အောင်မြင်လား၊ မအောင်မြင်လား မသိဘူး။ ပိုက်ဆံတွေ အရမ်းကုန်တယ်။ ကြိုးစားမှ ရမယ်ဆိုတဲ့စိတ်တစ်ခုတော့ ထည့်ထားတယ်။

**သီချင်းနဲ့ပတ်သက်တဲ့ သင်တန်းတက်မှုတွေ ဆည်းပူးလေ့လာမှုတွေရော ရှိခဲ့လား။**

ဟုတ်။ တက်ခဲ့ပါတယ်။ အသံနဲ့ ပတ်သက်လို့ ဦးစောနုဆီမှာတက်တယ်။ ဂီတမိတ်မှာ တက်ခဲ့ဖူးပါတယ်။

**သမီး ဒီလိုလုပ်မယ်ဆိုတော့ အိမ်ကရော ကြည်ကြည်ဖြူဖြူ ခွင့်ပြုပြီး နောက်က ထောက်ပံ့ခဲ့တာလား။**

ပထမတော့ ပေးမလုပ်ဘူး။ အဋ္ဌမတန်းလောက်ကတည်းက လုပ်ချင်ခဲ့တာကိုး။ နောက်တော့ အထက်တန်းဖြေပြီးမှ ပေးလုပ်မယ်ဆိုပြီး ရန်ကုန်မှာ သေသေချာချာလေးလုပ်ပေးခဲ့တာပါ။

**ပထမအခွေ လုပ်ဆောင်ခဲ့စဉ်က ဖြတ်သန်းမှု အမှတ်တရတွေက . . .။**

ပထမအခွေ စ,လုပ်တော့ သူငယ်ချင်း မိုင်ဆိုတဲ့ တစ်ယောက်နဲ့ စ,လုပ်ဖြစ်တယ်။ လုပ်တဲ့အချိန်မှာ ဘယ်က စ,လုပ်ရမှန်း မသိဘူး။ ဖုန်းနံပါတ်လည်း မရှိဘူး။ ဘယ်ကိုသွားရမယ် ဆိုတာလည်း မသိဘူး။ အဲဒီမှာ ရတို့အစ်မရဲ့သူငယ်ချင်းက ဆရာ မြင့်မိုးအောင်နဲ့ မိတ်ဆက်ပေးခဲ့တာဆိုတော့ ဆရာ့ဆီကိုပဲ လိုချင်တဲ့ ဖုန်းနံပါတ်တွေ ပူဆာတယ်။ ဆရာကလည်း ဒီကလေးက နယ်ကလာတာလား၊ ဒါဆို အလိမ်ခံ ထိတော့မှာပဲဆိုပြီး ဆရာ့မန်နေဂျာနဲ့ ဆရာက ကူညီပေးတယ်။ မေတ္တာနဲ့ပေါ့နော်။ ဒါအမှတ်တရပါပဲ။

**ထွန်းရတီရဲ့ *'အချစ်များစွာ'* သီချင်းလေး ပျံ့လွင့်လာတော့ ကိုယ့်သီချင်းကို ပြန်ကြားရတဲ့အချိန်မှာ ဘယ်လိုခံစားခဲ့ရလဲ။**

အဲဒီသီချင်းလေးက Audio CD ကတည်းက You Tube မှာ ပျံ့ခဲ့တယ်။ သမီးလည်း




www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မသိခဲ့ဘူး။ နောက်မှ သိလာတယ်။ ဘယ်သူဆိုလို့ ဆိုမှန်းလည်း မသိကြသေးဘူး။ သမီးကလည်း ပေါက်လို့ ပေါက်မှန်း မသိဘူးလေ။ VCD ရိုက်တဲ့ အချိန်ကျမှ ဒါရိုက်တာက ဒီသီချင်းလေးက လူသိကြတယ်ပေါ့၊ သေချာလေး ရိုက်စေချင်တယ်လို့ ပြောလာမှ သတိထားမိတာပါ။ ကလေးလေးတွေကအစ ဒီသီချင်းကို သိတယ်ဆိုတော့ ဝမ်းသာတယ်။ အရမ်း ပျော်တယ်ပေါ့နော်။ ကိုယ်ကြိုးစားရကျိုးနပ်တာပေါ့။ ထွန်းရတီက *ချစ်ပြီးသားပါ* ဒုတိယတေးစီးရီးကို VCD တစ်ခါတည်း ထွက်ရှိခြင်း ဖြစ်ပြီး သီချင်း ၁၂ ပုဒ် ထည့်သွင်းထားသည်ဟု သိရသည်။ 'ရတီက *အချစ်များစွာ* ဆိုတဲ့ ပထမအခွေကနေ ပရိသတ် အားပေး အသိအမှတ် ပြုပေးကြလို့ အရမ်းပျော်ပါ တယ်။ ရတီကို နေရာ တစ်နေရာပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ အဲဒီနေရာကိုလည်း ရတီ တန်ဖိုးထားပါတယ်။ ရတီ နောက်ထပ် အများကြီး ကြိုးစားသွားပါဦးမယ်လို့။ *ချစ်ပြီးသားပါ* အခွေလေးကိုလည်း အားပေးကြပါဦး'ဟုလည်း ထွန်းရတီက ပရိသတ်ကြီးကို ရွှေအမြုတေမှတစ်ဆင့် နှုတ်ဆက်ခဲ့ပါသည်။


■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# မိုက်တီးရဲ့ ရိုက်ချက်နဲ့ တွေ့သွားတဲ့ မြန်မာပေါ်ကားတွေ ရုပ်

**လင်းနိုင်ဦး**

ဒါရိုက်တာ မိုက်တီး၊ သရုပ်ဆောင် ချစ်ချစ်ဇော်နဲ့ လင်းဇာနည်ဇော်တို့ မောင်နှမတစ်တွေက ရုပ်ရှင်ထုတ်လုပ်ရေး တည်ထောင်ပြီး ဇာတ်ကားတွေ ရိုက်သွားတော့မယ်ဆိုတော့ ဘယ်လိုကားမျိုးတွေ ရိုက်မယ်ဆိုတာ စိတ်ဝင်စားခဲ့ကြပါတယ်။ ပထမဦးဆုံးကတော့ ထုတ်လုပ်ရေးကို သူတို့ ဖခင် ဒါရိုက်တာ ဦးခင်ဇော် အမည်ကို ယူပြီး Zaw Family ရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့ ရိုက်ကူးသွားဖို့ စီစဉ်ကြပေမဲ့ ကားရိုက်ကူးမှု နီးကပ်လာတဲ့အခါ ဦးခင်ဇော်နာမည်ကို UKZ လို့ အတိုကောက်ယူပြီး UKZ ရုပ်ရှင်ထုတ်လုပ်ရေး နာမည်နဲ့ ပထမဦးဆုံး ဇာတ်ကားကို **မြန်မာပေါ်ကားတွေ ရုပ်** လို့ အမည်ပေးပြီး ရိုက်ကူးမယ်လို့ ဒါရိုက်တာ မိုက်တီးက ပြောပြခဲ့ပါတယ်။

ရုပ်ရှင်ကန်တော့ပွဲပေး ကျင်းပမယ်ဆိုတော့လည်း မိုက်တီးက သူ့ရဲ့ထုံးစံအတိုင်း ဟိုးအရင် ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးတုန်းကလိုပဲ ရွှေတိဂုံဘုရားရင်ပြင်တော် အောင်မြေမှာ ကန်တော့ပွဲ ပေးခဲ့ပါတယ်။

အဓိကသရုပ်ဆောင်များအဖြစ် အရိုင်း၊ ကျော်ထူး၊ ခင်လှိုင်တို့ သုံးယောက်သာ သရုပ်ဆောင်သွားမှာဖြစ်ပေမဲ့ မိုက်တီးတို့မောင်နှမတွေကို ချစ်ရင်းစွဲရှိကြတဲ့ နာမည်ကြီး သရုပ်ဆောင်တော်တော်များများက ဧည့်သည်သရုပ်ဆောင်များအဖြစ် ရိုက်ကူးပေးသွားမယ်ဆိုတာ သိရပါတယ်။ ဒီနေရာမှာ ကိုမိုက်(မိုက်တီး)နဲ့ပတ်သက်ပြီး ပြောရရင် နာမည်ကြီး သရုပ်ဆောင် တော်တော်များများက ကိုမိုက်ရိုက်မယ်ဆိုရင် သူတို့ ဘယ်နေရာက ပါဝင်ရမလဲ၊ သူတို့အခန်းတွေ ဘယ်လောက်ပါသလဲ၊ လုပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

က ဘယ်လောက်ရမှာလဲ ဆိုတာမျိုး မမေးတတ်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့က ကိုမိုက်ကို ယုံကြည်ကြလို့ပဲ ဖြစ်ပါတယ်။

တစ်ရက်မှာတော့ ချစ်ချစ်ဇော်နဲ့ လင်းဇာနည်ဇော်က ဖုန်းဆက်လာပါတယ်။ ဆန္ဒပြတဲ့ဇာတ်ဝင်ခန်း ရိုက်မှာဖြစ်လို့လာပေးပါ။ မနက် ၉ နာရီခွဲလောက် နေပြည်တော် ရုပ်ရှင်ရုံရှေ့မှာ စ,ရိုက်မယ်။ ပြီးရင်တော့ မြို့တော်ခန်းမရှေ့မှာ ဆက်ရိုက်သွားမယ်တဲ့။ ဆန္ဒပြတဲ့ ဇာတ်ဝင်ခန်းမှာ စာနယ်ဇင်းသမား အစစ်တွေကိုထည့်ပြီးတော့ ရိုက်ချင်တယ် ဆိုတာကြောင့် နေပြည်တော်ရုံရှေ့ကို ၁၀ နာရီလောက် ရောက်သွားဖြစ်ပါတယ်။ ကျွန်တော်ရောက်တော့ သရုပ်ဆောင်တွေရော၊ စာနယ်ဇင်းတွေပါ တော်တော်စုံနေပါပြီ။ လျှပ်တစ်ပြက်က ဦးမြတ်ခိုင်၊ အိုအေစစ်က ဂျူလိုင်မိုး၊ နံနက်ခင်းက ကိုတင်မောင်ဆွေ စတဲ့ စာနယ်ဇင်းတွေအပြင် တခြားစာနယ်ဇင်းများနဲ့ SKY Net ရုပ်သံအဖွဲ့ကို တောင် တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ အဓိကသရုပ်ဆောင်ဖြစ်တဲ့ ကျော်ထူးက လမ်းမှာကားတွေပိတ်နေပြီး ရိုက်ကွင်းကို ရောက်မလာသေးလို့ နေ့လယ် ၁၁ နာရီ





www.burmeseclassic.com

www.burmeseclassic.com

လောကမှ စ,ရိုက်ကူးခဲ့ကြပါတယ်။ ရိုက်ကူးတဲ့ ဇာတ်ဝင်ခန်းမှာတော့ အဓိကသရုပ်ဆောင်သုံးဦးဖြစ်တဲ့ အရိုင်း၊ ကျော်ထူး၊ ခင်လှိုင်တို့က ရှေ့ကနေ မားမားမတ်မတ် ရပ်ပြီး နောက်မှာ ရုပ်ရှင်နဲ့ပတ်သက်တဲ့ တောင်းဆိုမှုတွေပါတဲ့ စာတန်းတွေကို ကိုင်ဆောင်ထားကြတာကလည်း အပြင်လူတွေမဟုတ်ဘဲ ရုပ်ရှင်လောကသားအစစ်များပဲဖြစ်ပါတယ်။ ကြွေးကြော်သံများနဲ့ ဆန္ဒပြတောင်းဆိုတဲ့ ရိုက်ကူးမှုအစီအစဉ်ကို နေပြည်တော် ရုပ်ရှင်ရုံရှေ့ကနေ စတင်ထွက်ခွာပြီး အဲဒီကနေ တစ်ဆင့် ဆူးလေကုန်းတံတားပေါ်ကို တက်ကာ မြို့တော် ခန်းမရှေ့ ချီတက်ကြတာပဲဖြစ်ပါတယ်။


ရုပ်ရှင်ရိုက်ကူးနေတယ်ဆိုပေမဲ့ အားနဲ့မာန်နဲ့ တကယ့်ဆန္ဒပြ တောင်းဆိုနေကြသလိုမျိုး ရှိတဲ့အတွက် လမ်းမှာ တွေ့တဲ့ လူတချို့က ကိုအရိုင်း၊ ကိုခင်လှိုင်တို့ကို လက်ဆွဲနှုတ်ဆက်ပြီး *"ဒီလိုလုပ်သင့်တယ်။ မြန်မာပေါ်ကားတွေ ရပ်သင့်ပြီ။ ဒီအတွက် အားပေးပါတယ်"* လို့ ပြောလာကြတော့ သရုပ်ဆောင်နေတဲ့သူတွေက ဘာပြန်ပြောရမှန်းမသိ ဖြစ်ခဲ့ကြပါတယ်။ လမ်းမှာတွေ့တဲ့လူက တကယ်ဆန္ဒပြတယ်လို့ ထင်ပေမဲ့ သူတို့က ရုပ်ရှင်ရိုက်နေကြတာလေ။ ဒါကတော့ ပီပြင်မှုရဲ့ အမှတ်အသားလို့ ပြောလို့ရမှာပါ။

နောက်တစ်ရက်မှာ လင်းလင်း(လင်းဇာနည်ဇော်)က ထပ်ပြီး ဖုန်းဆက်လာပါတယ်။ ဒီနေ့မနက်ပိုင်း စွယ်တော်ဘုရားမှာ ဇာတ်သိမ်းခန်းရိုက်ပါမယ်တဲ့။ သရုပ်ဆောင်တွေလည်း အစုံပါတယ်လို့ ပြောပါတယ်။ ဒါနဲ့




www.burmeseclassic.com

www.burmeseclassic.com



ပဲ စွယ်တော်ဘုရားကို သွားလိုက်တော့ တကယ်ပဲ သရုပ်ဆောင်များစွာနဲ့ ရိုက်ကူးဖို့ ပြင်ဆင်နေမှုများကို တွေ့လိုက်ရပါတယ်။

ပရဟိတကာချုပ်ကြီးလို့ တင်စားထားကြတဲ့ ဦးကျော်သူကိုယ်တိုင် ရောက်နေသလို တခြားသူတွေလည်း အများကြီးပါပဲ။ ပြီးတော့ လူမင်းတို့က မိသားစုလိုက် ရောက်လာပါတယ်။

ပြေတီဦး၊ အိန္ဒြာကျော်ဇင်တို့ နှစ်ယောက်စလုံးရောက်လာပြီး ခိုင်သင်းကြည်၊ ပတ္တမြားကေခိုင်တို့အပြင် ကိုအရိုင်းတို့ မိသားစု၊ ကိုခင်လှိုင်တို့ မိသားစုတွေကိုပါ တွေ့ခဲ့ရပါတယ်။ အဓိကသရုပ်ဆောင် သုံးဦးဖြစ်တဲ့ အရိုင်း၊ ကျော်ထူး၊ ခင်လှိုင်တို့ကိုတော့ သင်္ကန်းဝတ်နဲ့တွေ့ရပြီး ကတုံးတုံးထားတာ မဟုတ်ဘဲ မိတ်ကပ်ပညာနဲ့ ဆံပင်ကို ဖုံးထားကြတာပါ။ဒီဇာတ်ဝင်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သရုပ် ဆောင်ပေးနေတဲ့ ကျော်သူက '**မြန်မာပေါ်ကား တွေရုပ်** ကားက ရည်ရွယ်ချက်လည်း ကောင်းတယ်။ အနုပညာရှင်တွေရဲ့ ကိုယ်ကျင့်တရားတွေကို သင်ခန်းစာပေး ပြုပြင်သွားမယ့် ဇာတ်ကားမျိုးဖြစ်တယ်။ ပြီးတော့ နာရေးအသင်းကို အခြေခံပြီး ရိုက်ထားတာပဲ ဖြစ်ပါတယ်။ အခု ဇာတ်ဝင်ခန်းနဲ့လည်း သက်ဆိုင်ပါတယ်။ သူတို့သုံးယောက်က မားပြလိုက်တိုက်တာ တစ်နေရာမှ မအောင်မြင်ဘူး။ အဲဒီမှာ ခိုင်သင်းကြည်က ဦးကျော်သူဆီမှာ အလှူငွေတွေ အများကြီးရှိတယ်။ နာရေးအသင်းမှာ ဓားပြသွားတိုက်ပါလားလို့ ပြောလိုက်တဲ့အတွက် ဓားပြလာတိုက်တော့ သေနတ်အတုတွေ၊ ဓားအတုတွေနဲ့ ကျော်သူကို ဓားပြတိုက်ဖို့ လုပ်တဲ့အချိန်မှာ မီးက ပျက်သွားတယ်။ မီးပြန်လာတော့ ကျော်သူက သေနေပြီ။ သေနတ်အတုကလည်း ဘယ်လိုလုပ် ကျည်ဆန် ထွက်သွားမှန်း မသိဘူး။ ဒါနဲ့ အလောင်း ဖျောက်မယ်ဆိုပြီး အခေါင်းထဲ ထည့်တဲ့အချိန်မှာ ကျော်သူ့ ဝိညာဉ်က ပေါ်လာပြီး ဒီသုံးယောက်ကို ပညာပေးတာပေါ့။ အသုဘ လိုက်ပို့ရတာတို့၊ စာကြည့်တိုက်မှာ တာဝန်ထမ်းဆောင်ရတာတို့၊ အသင်းမှာ လိုအပ်တဲ့နေရာတွေအတွက် လုပ်ပေးဖို့ ခိုင်းထားတယ်။

'တကယ်တမ်း သေသွားတာက ကျော်သူ မဟုတ်ဘဲ ကိုအောင်ကျော်ထွန်း ထုလုပ်ပေးထားတဲ့ ကျော်သူပုံတူရုပ်တုကို တကယ်သေသွားပြီအထင်နဲ့ ကျော်သူ ဝိညာဉ်က ခိုင်းတာကို သူတို့ လုပ်နေကြတာပါ။ နောက်ဆုံး သူတို့သုံးယောက်ကို ဘဘဦးသုခရဲ့ အုတ်ဂူမှာ သန့်ရှင်းရေးလုပ်ခိုင်းနေတုန်း ကျွန်တော်က ရောက်သွားပြီး မင်းတို့ လုပ်စရာ တစ်ခုပဲကျန်တော့တယ်။ ဒါပြီးရင် မင်းတို့နောက် တောက်လျှောက်လိုက်ပြီး ဒုက္ခမပေးတော့ဘူး။ ဒါကြောင့် လူ့ဘဝကနေ သက်န်းဆီးရမယ်။ အဲဒီလို သင်္ကန်းဆီးလိုက်ပြီးလို့ လူပြန်ထွက်ရင် မင်းတို့ မိသားစုတွေနဲ့လည်း ပျော်ပျော်ရွှင်ရွှင်နေရမယ်။ မင်းတို့ လိုချင်တဲ့ အလုပ်တွေလည်း အဆင်ပြေမယ်။ ငွေကြေးတွေလည်း အများကြီးရမယ်။ အဲဒီလို ကျွန်တော်က ခိုင်းလိုက်လို့ သူတို့သုံးယောက်က သင်္ကန်းဝတ်နဲ့ စွယ်တော်ဘုရားမှာ လာပြီး ဆုတောင်းတဲ့ ဇာတ်ဝင်ခန်းပါ'လို့ ပြောပြခဲ့ပါတယ်။

မိုက်တီးတို့မောင်နှမတစ်တွေကို ချစ်ရင်းစွဲရှိကြတဲ့ နာမည်ကြီးသရုပ်ဆောင်တော်တော်များများက ကျရာဇာတ်ရုပ်မှာ သရုပ်ဆောင်ပေးခဲ့ကြသလို နောက်ဆုံးရိုက်ကူးတဲ့နေ့ကဆိုရင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာယကကြီးများဖြစ်ကြတဲ့ ဒါရိုက်တာ ဦးဌေးအောင်၊ ဒါရိုက်တာ ပန်းချီစိုးမိုးနဲ့ ကားမရိုက်တော့တဲ့ ဦးကြည်စိုးတောင် ဇာတ်ဝင်ခန်းတစ်ခန်းမှာ ပါဝင်သရုပ်ဆောင်ပေးနေကြလို့ ထူးခြားတဲ့ ဇာတ်ကားတစ်ကားဖြစ်လာမှာ သေချာပါတယ်။


■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com




တိုက်ခန်းတစ်ခု၏ ဧည့်ခန်းတွင်းရှိ နှစ်ယောက်ထိုင် ဆက်တီခုံပေါ်တွင် နေတိုးက အရက်ခွက်ကို ကိုင်လျက် မျက်ရည်များဝဲရင်း တစ်စုံတစ်ခုကို တီးတိုးရွတ်ဆိုရင်း ထိုင်နေသည်။ တစ်ချက်တစ်ချက် ရီဝေဝေအကြည့်များက အခန်းနံရံပေါ် ရောက်သွားတတ်သည်။ အခန်းထဲတွင် စီးကရက်မီးခိုးငွေ့များနှင့်အတူ သာဒီးလူ၏ အတွေးပန်းချီ သီချင်းက ပျံ့လွင့်နေသည်။ နေတိုးက လက်ထဲမှ အရက်ခွက်ကို ကိုင်မြှောက်၍ ပေါက်မည်အလုပ်တွင် 'ကဒ်'ဆို သည့်အသံ ထွက်ပေါ်လာသည်။

'ကောင်မလေးကို ချစ်တဲ့အကြောင်း ပြောပြီး၊ နဂိုကတည်းက သူချစ်မိနေတဲ့ အကြောင်းပြောပြီး နောင်တတွေ

# ရူးအောင် ချစ်မယ့်သူနှင့် တွေ့ဆုံခြင်း

မနီးညို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com




ရနေတာ။ ကောင်မလေးကို မပြောသင့်ဘူးဆိုပြီး သူ့ဟာသူ နောင်တတွေရနေတာပေါ့' ဟု ဒါရိုက်တာ အောင်ဇော်လင်းက ဇာတ်ဝင်ခန်းကို ပြောပြသည်။

ဒါရိုက်တာ အောင်ဇော်လင်းက လွန်းထားထား (ဆေးတက္ကသိုလ်)၏ **ရှုး အောင်ချစ်မယ့်သူ** ဝတ္ထုကို ရိုက်ကူးနေခြင်းဖြစ်ပြီး နေတိုးက ပန်းချီဆရာတစ်ဦးအဖြစ် သရုပ်ဆောင်ထားခြင်း ဖြစ်သည်။ 'သူက ကောင်မလေး တစ်ယောက်ကို အရမ်းချစ်မိသွားတယ်။ ဒီကောင်မလေးကို ချစ်တဲ့စိတ်ကို ဖျောက်လို့မရဘဲ နောက်ဆုံးမှာ ဖွင့်ပြောတယ်။ ကာရိုက်တာ ခပ်ကြမ်းကြမ်း၊ လူကြမ်းတစ်ယောက်ပုံစံပေါ့။ ပထမပိုင်းက ချစ်စရာပုံစံနဲ့ နောက်ပိုင်းကျမှ အသည်းကွဲဇာတ်လေးပေါ့'ဟု ဆိုသည်။

စာရေးဆရာမ လွန်းထားထား(ဆေးတက္ကသိုလ်)၏ဝတ္ထု **ကောင်းကင်ထက်က ကြယ်**ကိုလည်း ဒါရိုက်တာ အောင်ဇော်လင်းကပင် ရိုက်ကူးထားခဲ့သည်။ 'ဆရာမရဲ့ ဝတ္ထုလေးတွေက ပင်ကိုကောင်းပြီးသားပါ။ ကျွန်တော်က ရုပ်ရှင်ဖြစ်တဲ့အတွက်သာ နောက်ပိုင်းတွေမှာ Tempo လေးတွေ ထပ်ချိန်ရတယ်။ ဒီကားမှာတော့ အချစ်ပေါ့နော်။ လူတစ်ယောက်ကို အလွန်အကျွံချစ်မိရင် ပြန်ပြီးပေးဆပ်ရတယ်။ ဘယ်လိုပူလောင်ရတယ်ဆိုတာ ပြ


www.burmeseclassic.com

www.burmeseclassic.com



ချင်တာပါ"ဟုလည်း ရှုံးအောင်ချစ်မယ့်သူ ဇာတ်ကားအကြောင်း ပြောပြခဲ့သည်။

ဆရာမ၏ဝတ္ထုများကို ဇာတ်ညွှန်းခွဲ ရိုက်ကူးရာတွင် သတိထားရမည့်အချက်များရော ရှိသလားဟု မေးကြည့်ရာ 'ရှိတယ်ဗျ။ ဆရာမရဲ့ ဝတ္ထုကို ရိုက်တဲ့နေရာမှာ ဂရုစိုက်ပါတယ်။ ပင်ကိုဝတ္ထုရဲ့ Taste မပျောက်အောင် ကျွန်တော် အတတ်နိုင်ဆုံး ဇာတ်ညွှန်းဆရာကို သတိပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com







ကျွန်တော်ကိုယ်တိုင်လည်း တန်ဖိုးထားတဲ့အတွက် ရိုက်တဲ့နေရာမှာ ဝတ္ထုရဲ့ Taste မပျောက်အောင် ကျွန်တော် အတတ်နိုင်ဆုံး ဇာတ်ညွှန်းဆရာကို သတိပေးပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တန်ဖိုး ထားတဲ့အတွက် ရိုက်တဲ့နေရာ မှာ ဝတ္ထုရဲ့ Taste မပျောက်အောင် ကြိုးစားရိုက်ကူးပါတယ်"ဟု ဒါရိုက်တာ အောင်ဇော်လင်းက ပြောသည်။

ယခု ဇာတ်လမ်းသည် ရိုက်ခဲ့ဖူးသည့် ဇာတ်ကား တချို့နှင့် ပုံစံမတူဘဲ ထူးခြားသည့်ပုံစံဖြစ်သည်ဟုလည်း ဆိုပါသည်။ ဒါရိုက်တာ အောင်ဇော်လင်း ရိုက်ကူးသည့် **ရှုးအောင်ချစ်မယ့်သူ** ဇာတ်ကားတွင် နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။ ■

**မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ပဲရစ္စဂျက်ဆင်နှင့် တွေ့ဆုံခြင်း

ရာပြည့်

*(ယခင်လမှအဆက်...)*

ဖခင်ဖြစ်သူက စားစရာဟင်းလျာတွေ ဘယ်လို ချက်ပြုတ်ရတယ် ဆိုတာလည်း သူ့ကို သင်ပေးခဲ့ပါတယ်။ အထူးသဖြင့်ကတော့ တောင်ပိုင်းသား လူမည်းတွေရဲ့ ရိုးရာဟင်းလျာချက်နည်းပဲ ဆိုပါတော့။ 'ဖေဖေ့ရဲ့ ကြက်ကြော်က ကမ္ဘာပေါ်မှာ အကောင်းဆုံးပါပဲ။ ဖေဖေ က ကျွန်မကို ကန်စွန်းဥဥာပနာမုန့် လုပ်နည်းလည်း သင်ပေးခဲ့ပါတယ်။ ပဲရစ္စက ဥာပနာမုန့်လေးခု လုပ်ပါတယ်။ ရုံးပတီသီးပါ ထည့်တာ။ ဘွားအေကြီး ကက်သရင်းရဲ့ ကျေးဇူးတော်နေ့ ညစာစားပွဲအတွက် လုပ်ပေးတာလေ။ တကယ်တမ်းမှာတော့ ကက်သရင်းက Jehovah's Witness လို့ခေါ်တဲ့ ခရစ်ယာန် အယူဝါဒ မူကွဲတစ်ရပ်ကို လက်ခံ ယုံကြည်သူဖြစ်လို့ ကျေးဇူးတော်နေ့ အားလပ်ရက်မတိုင်ခင် တစ်ရက်မှာ ကြိုတင်ကျင်းပလေ့ရှိတာပါ။

မိုက်ကယ်လ်က သူစိတ်ကူးတည့်သမျှ ဂီတအမျိုးအစားအားလုံး ပဲရစ္စကို သင်ကြားလေ့ကျင့်ပေးခဲ့တာပါ။ 'ဖေဖေက Van Halen နဲ့ အလုပ်လုပ်နေပြီဆိုရင် ကိုယ်လည်း Van Halen ဖြစ်သွားတာပဲ' လို့ ပဲရစ္စက ပြောပြပါတယ်။ 'Slash နဲ့ အလုပ်လုပ်ပြီဟော့ ဆိုတာနဲ့ *Guns N'Roses* သီချင်းတွေ နားထောင်ဖြစ်ပြန်ရော။ ရုရှလူမျိုး ဂီတမှူး ချိုင်ကော့ဗ်စကီး၊ ပြင်သစ်ဂီတမှူး Debussy, Earth, Wind and Fire ဂီတအဖွဲ့၊ The Temptations အဆိုအဖွဲ့၊ ရက်ပါ Tupac, Run- DMC ဟစ်ပ်ဟော့ပ်အဖွဲ့တွေနဲ့ ဖေဖေက ကျွန်မကို မိတ်ဆက်ပေးခဲ့ပါတယ်'။

မိုက်ကယ်လ်ဟာ စိတ်ရှည်သည်းခံတာကို တော်တော်လေး အလေးထားခဲ့တယ်လို့ ပဲရစ္စက ပြောပြပါတယ်။ 'ဖေဖေက ကျွန်မကို အင်မတန် ပွင့်လင်းတဲ့စိတ်ထားရှိတဲ့ နေအိမ်မှာ ကြီးပြင်းအောင် ပျိုးထောင်ခဲ့တာပါ။ ကျွန်မ အသက်ရှစ်နှစ်အရွယ်မှာ မဂ္ဂဇင်းမျက်နှာဖုံးပေါ်က အမျိုးသမီးကို ချစ်နေမိခဲ့တာ။ လိင်တူချင်း စုံမက်တာကို မကြိုက်တတ်ကြတဲ့ မိဘအများစုလုပ်သလို အော်တာငေါက်တာမျိုး ဖေဖေက မလုပ်ခဲ့ဘဲ ကျွန်မကို ရယ်စရာဖြစ်အောင်သာ လုပ်ခဲ့တာ။



'အိုး၊ သမီးတောင် မိန်းကလေးချစ်သူ ကိုယ့်ဘာသာရှာတတ်နေပြီပဲ' ဆိုတာမျိုးသာ ပြောလေ့ရှိတာပါ။

'ကျွန်မတို့အပေါ်မှာ သူချစ်တာအပြင် အလေးအထားဆုံးကတော့ ပညာရေးပဲ။ သူက 'တယ်ဟုတ်ပါလား၊ ဒီကျွန်းကို ကိုလံဘတ်စ် ရောက်အောင် လာနိုင်တာ' လို့ ပြောမယ့်သူမျိုး မဟုတ်ဘဲ 'မဟုတ်သေးဘူး။ ဒီအသုံးမကျတဲ့လူက ဒေသခံကျွန်းသားတွေကို သတ်ပစ်ခဲ့တာ' လို့ ပြောမယ့်သူမျိုးပါ။ သူက စကားပြောရင် ဆဲရေးတာလေးတွေ ညှပ်ပြီးပြောတတ်တယ်လေ။ သင်္ဘောသားတစ်ယောက်လို ဒေါသကြီးတတ်သလို အင်မတန်မှလည်း ရှက်တတ်သူတစ်ယောက် ဖြစ်ပါတယ်။

ပဲရစ္စနဲ့ ပရင့်စ်တို့ဟာ သူတို့တွေရဲ့ မိဘဇာစ်မြစ်နဲ့ ပတ်သက်ပြီး လူတွေက သံသယရှိကြတာကို သတိပြုမိခဲ့ကြပါတယ်(အငယ်ဆုံးလေး Blanket ကတော့ အသားရောင်က အသားမည်းဘက်ပိုတာကြောင့် အပြောခံရသက်သာခဲ့တာပါ)။ ပဲရစ္စရဲ့ မိခင်ဟာ Debbie Rowe ပါ။ မိုက်ကယ်လ်က အရေပြားအထူးကုဆရာဝန် Arnold Klein



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကုသမှုခံယူနေတုန်းမှာ ဆုံတွေ့ခဲ့တဲ့ သူနာပြုဆရာမတစ်ယောက် ဖြစ်ပါတယ်။ Arrold Klein က ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါတယ်။ မိုက်ကယ်လ်နဲ့ ရိုဝီတို့ဟာ သမားရိုးကျမဟုတ်တဲ့ အိမ်ထောင်ရေးကို သုံးနှစ်ကြာ ထိန်းသိမ်းခဲ့ကြတာပါ။ အိမ်ထောင်သက်တမ်းကာလအတွင်း မိုက်ကယ်လ်နဲ့အတူ တစ်အိမ်ထဲမှာ အတူ မနေခဲ့ရဖူးကြောင်း ရိုဝီက ထွက်ဆိုခဲ့ဖူးပါတယ်။ မိုက်ကယ်လ်ကတော့ ရိုဝီဟာ ကလေးတွေကို သူ့အတွက် လက်ဆောင်တစ်ရပ်အဖြစ် ပေးခဲ့ချင်တာ ဖြစ်တယ်လို့ ဆိုပါတယ်(ပဲရစ္စဆိုတဲ့ နာမည်က သူ့ကိုယ်ဝန် သန္ဓေတည်ရာ ဒေသနာမည် ဖြစ်တယ်လို့ ရိုဝီက ပြောပြခဲ့ပါတယ်။)။ ရိုဝီရဲ့ အလုပ်ရှင်ဖြစ်တဲ့ Klein ဟာ မိုက်ကယ်လ်နဲ့ ရိုဝီကို ပဲရစ္စရဲ့ မိဘအရင်းတွေအဖြစ် ခံယူဖို့ရာ တိုက်တွန်းခဲ့ကြတဲ့ မိတ်ဆွေတွေထဲက တစ်ယောက်ပါ။ ဒီလို တိုက်တွန်းကြတဲ့အထဲမှာ ၁၉၆၈ ခုနှစ်ထုတ် **Oliver!** အမည်ရ ဇာတ်ကားက သရုပ်ဆောင် Mark Lester လည်း အပါအဝင် ဖြစ်ပါတယ်။ မိုက်ကယ်လ်ဂျက်ဆင်ဟာ ပဲရစ္စရဲ့ဖခင်ပါပဲ။ ဒီအကြောင်းနဲ့ပတ်သက်လာရင် ပဲရစ္စထက် ပိုပြီး လူတွေအမေးခံရသူက သူ့ရဲ့အစ်ကို ပရင့်စ်ပဲ ဖြစ်ပါတယ်။ 'ဒီအကြောင်းကို တစ်ယောက်ယောက် က မေးလာတဲ့အခါတိုင်း ဘာဖြစ်လို့လဲလို့ ကျွန်တော်က ပြန်မေးတတ်တယ်။ အဲဒါက ဘာများ ကွဲပြားခြားနားသွားစေလို့လဲ။ အထူးသဖြင့် ကျွန်တော့်ဘဝထဲမှာ ပါဝင်ပတ်သက်မှု မရှိသူတွေကိုပေါ့။ အဲဒီအချက်က ခင်ဗျားဘဝကို ဘယ်လို အကျိုးသက်ရောက်စေမှာမို့လို့လဲ။ ကျွန်တော့်ဘဝကိုလည်း ပြောင်းလဲ မသွားစေနိုင်ခဲ့ပါဘူး'လို့ ပရင့်စ်က ပြောသွားခဲ့ပါတယ်။

ပဲရစ္စကတော့ မိုက်ကယ်လ်ဟာ သူ့ရဲ့ သွေးသားရင်းချာ ဖခင်အရင်းတစ်ယောက် ဖြစ်တယ်လို့ အသေအချာ ယုံမှတ်ထားသူပါ။ သူက အဲဒီအချက်ကို ထက်ထက်သန်သန် ယုံကြည်တာလည်း ဖြစ်တယ်။ 'သူက ကျွန်မအဖေပဲ'လို့လည်း ဆိုပါတယ်။ 'သူဟာ အမြဲတမ်း ကျွန်မရဲ့အဖေပဲဖြစ်ရမယ်။ သူက ကျွန်မအဖေ မဟုတ်ဘူးဆိုတာ ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး။ ဖေဖေ့ကို ကောင်းကောင်းသိကြတဲ့ လူတိုင်းက ကျွန်မကိုယ်ထဲမှာ သူ့ကိုမြင်နေရတယ်လို့ ဆိုကြတာပါ။ ဒါဟာ ကြောက်စရာပဲ'။ 'ကျွန်မက ကိုယ့်ကိုယ်ကို ရှုမည်း



www.burmeseclassic.com


www.burmeseclassic.com

တစ်ယောက်လို့ပဲ ခံယူတယ်'။ သူက သူ့အဖေပြောခဲ့တာတွေကို ဆက်ပြီး ပြောပြပါတယ်။ 'ဖေဖေက ကျွန်မရဲ့ မျက်လုံးနှစ်လုံးကြားတည့်တည့်ကြည့်ပြီး သူ့လက်ချောင်းလေးတွေနဲ့ ကျွန်မဘက်ကို ညွှန်ပြရင်း 'မင်းဟာ လူမည်းတစ်ယောက်ပဲ။ ကိုယ့်ရဲ့ မျိုးရိုးဇာတိကို ဂုဏ်ယူပါ'လို့ ပြောတတ်ပါတယ်။ ကျွန်မကလည်း 'အိုကေ၊ ကောင်းပြီ။



သူဟာ ကျွန်မအဖေပဲ။ ဒါဆို ဘာဖြစ်လို့ သူက ကျွန်မကို လိမ်နေတာလဲ။ ဒီတော့ သူပြောတာပဲ ယုံလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကျွန်မကို ဘယ်တုန်းကမှ မညာဖူးဘူးဆိုတာကို သိနေလို့ပဲ'။

'ကျွန်မကို မသိတဲ့လူတွေကတော့ ကျွန်မကို အဖြူတစ်ယောက်လို့ပဲ သိကြတာ'ပဲရစ္စက စကားဆက်တယ်။ သူမ အသားအရောင်က ခပ်ဖျော့ဖျော့၊ ပြီးတော့ ဆံပင်ကလည်း ရွှေရောင်ဆိုတော့ကာ ကြည့်လိုက်ရင် ဖင်လန်တို့၊ ဘာတို့လို နိုင်ငံတွေမှာပဲ မွေးလာသလိုလို။ ဒီလိုသွေးနှောကလေးတွေထဲမှာ သူ့လိုမျိုးပုံစံနဲ့ တွေ့ရဖို့ အလှမ်းဝေးလှကြောင်းလည်း ပဲရစ္စက ပြောပါတယ်။ သူ့ရဲ့အသားအရေနဲ့ မျက်လုံးအရောင်တွေဟာ လူမည်းဖခင်နဲ့ လူဖြူမိခင်တို့က မွေးဖွားလာတဲ့ ရုပ်/သံသရုပ်ဆောင် Wentworth Miller နဲ့ တော်တော်လေး တူတယ်လို့ မှတ်ချက်ပြုရမှာပါ။





ပထမတော့ ပဲရစ္စဟာ ရိုဝီနဲ့ အဆက်အဆံမရှိခဲ့ပါဘူး။ 'ကျွန်မ ငယ်ငယ်လေးတုန်းက ကျွန်မဘဝမှာ အမေဆိုတာ မရှိခဲ့ပါဘူး။'ပဲရစ္စက ပြန်ပြောလာတာပါ။ နောက်ဆုံးမှာတော့ 'ယောက်ျားတစ်ယောက်က ကလေးမမွေးနိုင်ဘူးဆိုတာ သူသိလာခဲ့တယ်။ သူ့အသက် ဆယ်နှစ်လောက်အရွယ်တုန်းက ပရင့်စ်ကို သူ မေးဖူးတယ်။ 'တို့မှာ အမေရှိရမယ် မဟုတ်လား'လို့ပေါ့။ ဒီလိုနဲ့ သူ့အဖေကိုလည်း သူ မေးခဲ့တယ်။ သူက 'ဟုတ်တာပေါ့'လို့ ပြောလိုက်တော့ ကျွန်မက 'နာမည်က ဘယ်လိုခေါ်လဲ'လို့ မေးတယ်။ ဖေဖေက 'ဒက်ဘီ'လို့ ပြန်ဖြေပါတယ်။ ပြီးတော့ ကျွန်မက'အိုကေ၊ ကောင်းပြီလေ၊ နာမည်သိရပါပြီ'လို့ပြန်ပြောခဲ့ပါတယ်'။ သူ့ဖေဖေဆုံးသွားပြီးတဲ့နောက်မှာ ပဲရစ္စက သူ့အမေအကြောင်း အင်တာနက်ကနေ ရှာဖွေစုံစမ်းကြည့်တယ်။ သူ့အမေနဲ့ ပြန်ဆုံဖြစ်တဲ့အချိန်မှာ ပဲရစ္စအသက်က ၁၃ နှစ်ပါ။ ယူတာပြည်နယ်မှာ ကျောင်းတက်ရင်း ဆေးကုသမှုခံယူခဲ့ပြီးနောက်မှာ ပဲရစ္စက ရိုဝီနဲ့ ထပ်ဆက်သွယ်ဖို့ ဆုံးဖြတ်တယ်။ 'ပဲရစ္စက အမေဆိုတဲ့ ပြယုဂ်တစ်ခု လိုအပ်နေတာ'လို့ ပရင့်စ်က ပြောပြပါတယ်။ ဒါပေမဲ့ ရိုဝီနဲ့ သူနဲ့အကြားက ဆက်ဆံရေးအနေအထားအကြောင်း မှတ်ချက်တစ်စုံတစ်ရာပေးဖို့ကိုတော့ ပရင့်စ်က ငြင်းဆိုခဲ့ပါတယ်။ (ပဲရစ္စရဲ့ မန်နေဂျာကလည်း ရိုဝီနဲ့ တွေ့ဆုံပေးဖို့ စီစဉ်မပေးခဲ့တဲ့အပြင် ရိုဝီဆီကို တိုက်ရိုက် ဆက်သွယ်ပြီး မှတ်ချက်တစ်စုံတစ်ရာပေးဖို့ တောင်းခံရာမှာလည်း ရိုဝီဘက်က အဆက်အသွယ်ပြန်လုပ်မလာခဲ့ပါဘူး။) 'အမေဆိုတဲ့ ပြယုဂ်တွေ ကျွန်မဘဝမှာ အများကြီးရှိခဲ့ပါတယ်'။ ပဲရစ္စက သူ့ရဲ့ ဘွားအေနဲ့ အထိန်းတော်တွေကို ရည်ညွှန်းပြီး ပြောခဲ့တာပါ။ 'ဒါပေမဲ့ မေမေလည်း ကျွန်မဘဝထဲကို တကယ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်လာရော မာမီလို့ ချဲနေရမယ့်ဟာမျိုး မဟုတ်တော့ဘူးလေ။ လူကြီးတစ်ယောက်နဲ့ ဆက်ဆံရေးမျိုးနဲ့ ပိုတူပါတယ်'။ ပဲရစ္စက ရီဝိုဆီမှာ သူ့ကိုယ်သူ ပြန်ရှာကြည့်တယ်။ အဲဒီအချိန်မှာ ရီဝီက ရင်သားကင်ဆာဝေဒနာကြောင့် ဓာတ်ရောင်ခြည်ကုထုံးနဲ့ ကုသမှုခံယူပြီးစအချိန်ပေါ့။ 'ကျွန်မတို့နှစ်ယောက်လုံး အရမ်းခေါင်းမာကြတယ်လေ'လို့ သူက ဆိုတယ်။

ရီဝီနဲ့ပတ်သက်ပြီး မိုက်ကယ်လ်ဘယ်လိုခံစားရမယ်ဆိုတာကိုတော့ ပဲရစ္စသေသေချာချာ မသိပါဘူး။ ဒါပေမဲ့ ရီဝီက သူ့ဖေဖေကို ချစ်တယ်ဆိုတာတော့ သူက ပြောပြပါတယ်။ ပြီးတော့ မိုက်ကယ်လ်ဟာ ပဲရစ္စမမွေးခင် နှစ်နှစ်လောက် အရင်မှာ ကွာရှင်းခဲ့တဲ့ ဇနီးသည် Lisa Marie Presley ကို ချစ်တယ်ဆိုတာကတော့ ပဲရစ္စက အတပ် ပြောနိုင်ပါတယ်။ 'You Are Not Alone ဆိုတဲ့ဗီဒီယိုသီချင်းထဲမှာ Lisa ကို ဖေဖေကဘယ်လိုအကြည့်နဲ့ ကြည့်ခဲ့တယ်ဆိုတာကျွန်မ ကောင်းကောင်း သိပါတယ်။ ဖေဖေက သူ့ကို လုံးဝ ခိုက်သွားတာလေ'။ ပဲရစ္စက သဘောကျဟန်နဲ့ ရယ်မောရင်း ပြောပြခဲ့တာပါ။




သူ့ဖခင်အပေါ် သူမြင်သလိုမျိုးလူအတော်များများက မြင်မပေးကြဘူးဆိုတာကို ပဲရစ္စအသက် ကိုးနှစ်အရွယ်လောက်မှာ သိလာခဲ့ရတယ်။ 'ဖေဖေက ညတိုင်ဆို ကျွန်မဆီမှာ လာပြီး ငိုတတ်တယ်'။ နယူးယောက်က ကော်ဖီဆိုင်တစ်ဆိုင်ရဲ့ ကောင်တာမှာ ထိုင်ရင်းကော်ဖီဖျော်တဲ့ ဇွန်းအသေးလေးတစ်ချောင်းကို လက်ထဲမှာ လှည့်ပတ်ဆော့ကစားနေတဲ့ ပဲရစ္စက ဒီဇင်ဘာလလယ်လောက်မှာ စာရေးသူနဲ့ ဆုံတွေ့တုန်းပြောပြခဲ့တာပါ။ သူ့လည်းပဲ ငိုရှိုက်စပြုလာခဲ့ပါတယ်။ 'ကိုယ်မလုပ်တဲ့ ကိစ္စတစ်ခုအတွက်နဲ့ တစ်လောကလုံးရဲ့ မုန်းတီးမှုကို ခံယူနေရတဲ့ ရှင့်မိဘက ရှင့်ဆီမှာ လာပြီးငိုနေတာကို ပုံဖော်ကြည့်ကြည့်ပါလား။ ကျွန်မအတွက်ကတော့ဖေဖေဟာ တစ်ဦးတည်းသော အလေးထားရာပါပဲ။ နာကျင်တဲ့စိတ်နဲ့ တစ်လောကလုံးကို ကြည့်မိတဲ့ ကျွန်မဟာဖေဖေ့အပေါ်မှာ သူတို့ ကျူးလွန်ခဲ့တာတွေအတွက်ကြောင့် လောကကြီးကိုမုန်းတီးစပြုလာတယ်။ လူဆိုတာ ဘာအဓိပ္ပာယ်ရှိလဲ ဆိုတာမျိုးအထိ ကျွန်မတွေးလာမိတယ်'။ ပဲရစ္စက စကားပြောတာကို ခဏရပ်ထားလိုက်ပြီးမှ ပြန်ဆက်လာတယ်။ 'စိတ်မကောင်းပါဘူး။ ကျွန်မ စိတ်လှုပ်ရှားသွားလို့ပါ'။

ပဲရစ္စနဲ့ ပရင့်စ် နှစ်ယောက်စလုံးဟာ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို မလျော်မကန်ဆက်ဆံခဲ့တယ်ဆိုပြီး သူတို့ဖေဖေကို စွပ်စွဲကြတာနဲ့ပတ်သက်ပြီး သူတို့ဖေဖေမှာ အပြစ်မရှိကြောင်း သံသယကင်းကင်းနဲ့ ယုံကြည်ကြတယ်။ သူတို့သိတဲ့ သူတို့ရဲ့ ဖေဖေဆိုတာက တကယ် မိုက်ကယ်လ်ဂျက်ဆင်အစစ်ပါပဲ။ တကယ်လို့ သူတို့နှစ်

www.burmeseclassic.com

ယောက်သား တစ်အိမ်တက်ဆင်းလိုက်ပြီး သူတို့ဖေဖေအကြောင်းကို ပြောပြမယ်ဆိုရင် တစ်လောကလုံးကို သူတို့ဘက်ပါအောင် သိမ်းသွင်းပြောနိုင်မှာပါ။ 'ကျွန်မတို့တွေ အိပ်ရာမဝင်ခင်ညတိုင်းညတိုင်းမှာ A Light in the Attic ဆိုတဲ့ စာအုပ်ကို ဖေဖေ လာဖတ်ပြတတ်တာ။ ဒီအတွေ့အကြုံမျိုးကို ကျွန်မတို့မောင်နှမနှစ်ယောက်ကလွဲလို့ တခြားဘယ်သူမှ ရနိုင်မယ်မထင်ပါဘူး' ပဲရစ္စက ဆက်ပြောပါတယ်။ 'ဘယ်သူမှဖေဖေ့ကို သူတို့ရဲ့ အဖေလိုမျိုး ကြုံတွေ့ကြရမှာ မဟုတ်ပါဘူး။ တကယ်လို့ အဲဒီလို အတွေ့အကြုံမျိုးကိုသာ သူတို့ရခဲ့မယ်ဆိုရင် သူ့အပေါ် သိမြင်နားလည်မှုတွေ လုံးဝနဲ့ ထာဝရပြောင်းလဲသွားမှာ ဖြစ်ပါတယ်'။

အဲဒီလိုညတွေမှာ သူ့ကို မိုက်ကယ်လ်ပြောခဲ့တာတွေဟာ ကိုးနှစ်အရွယ်သမီးလေးတစ်ယောက်အတွက် များလွန်းနေမလားလို့ စာရေးသူက သူ့ကို သိမ်သိမ်မွေ့မွေ့ပဲ အကြံပြုကြည့်ပါတယ်။ 'သူက ကျွန်မတို့ကို အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမှာ မဟုတ်ပါဘူး'လို့ သူက တုံ့ပြန်လာပါတယ်။ 'ကလေးတွေအတွက် ဖြစ်နိုင်သမျှအကောင်းဆုံး ကလေးဘဝကို ပေးနိုင်ဖို့တစ်ဖက်က ကြိုးစားချိန်မှာ တခြားတစ်ဖက်ကလည်း ညစ်ထေးတဲ့လောကကြီးကို သူတို့လေးတွေ ရင်ဆိုင်ဖို့ရာ ကြိုတင်ပြင်ဆင်ပေးထားရမှာပဲ မဟုတ်လား'။

အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို မလျော်မကန်ဆက်ဆံမှုနဲ့ ၂၀၀၅ ခုနှစ်မှာ တရားစွဲဆိုစစ်ဆေးခြင်းခံရတဲ့အမှုမှာ နောက်ဆုံးတော့ မိုက်ကယ်လ် တရားသေလွတ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဖြစ်စဉ်က သူ့ရဲ့ဂုဏ်သိက္ခာကို တစ်စစီကွဲကြေစေခဲ့သလို မိသားစုဘဝတွေလည်း လမ်းကြောင်းပြောင်းခဲ့ရပြန်ပါတယ်။ သူက Neverland စံအိမ်ကြီးကို အပြီးအပိုင်စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သူတို့ဟာ နောက် လေးနှစ်လုံးလုံး ကမ္ဘာပတ်ခရီးသွားရင်း အချိန်တွေဖြုန်းခဲ့ကြတယ်။ အိုင်းရစ်ရှ်ကျေးလက်ဒေသ၊ ဘာရိန်းနိုင်ငံ၊ လာ့စ်ဗီးဂတ်စ်မြို့စတဲ့ နေရာတွေအစုံပေါ့။ ပဲရစ္စအတွက်ကတော့ စိတ်ထဲမှာ ဘယ်လိုမှမနေဘူး။ စိတ်လှုပ်ရှားစရာတောင် ကောင်းနေသေးတာ။ သူ့ဖေဖေရှိတဲ့နေရာဟာ သူ့အတွက် အိမ်ပဲ မဟုတ်လား။ ၂၀၀၉ ခုနှစ်မှာ မိုက်ကယ်လ်က မျှော်လင့်ချက်ကြီးမားတဲ့ သူ့ရဲ့ တစ်ကျော့ပြန်ဂီတခရီးအတွက် လန်ဒန်မြို့ O2 Arena မှာ ဖျော်ဖြေတင်ဆက်ဖို့ရာ ပြင်ဆင်လာတယ်။ 'ဖေဖေ့ရဲ့ စိတ်လှုပ်ရှားမှုတွေဟာ ကျွန်မတို့ဆီကိုပါ ကူးစက်လာတာ'လို့ ပဲရစ္စက ပြန်ပြောပါတယ်။ 'ဟုတ်ပြီဟေ့၊ တို့တော့ လန်ဒန်မှာ တစ်နှစ်လောက် နေရတော့မယ်' ဆိုတာမျိုး ဖေဖေက စိတ်လှုပ်ရှားနေတာ။ ကျွန်မတို့တွေလည်း အရမ်းကို စိတ်လှုပ်ရှားနေကြပြီး ဟိုမှာနေဖို့ရာ အိမ်တစ်လုံးတောင် စီစဉ်ထားပြီးနေပြီ'။ ဒါပေမဲ့ ဖျော်ဖြေပွဲအတွက် အစမ်းဇာတ်တိုက် လေ့ကျင့်မှုစတာနဲ့ သူ့ဖေဖေက ခြေကုန်လက်ပန်းကျခဲ့ရတာကို ပဲရစ္စ ပြန်ပြီး အမှတ်ရနေမိတယ်။ 'ခဏလောက် နားလိုက်ပါလားလို့ ဖေဖေ့ကို ပြောမလို့ပဲ။ သူ့ကြည့်ရတာ အရမ်း ပင်ပန်းနေပုံရနေလို့လေ။ ကျွန်မတို့က အောက်ထပ်ဧည့်ခန်းမှာ အတန်းတက်နေကြတာ။ စာသင်နေတာပေါ့။ အောက်ထပ်မျက်နှာကြက်ကနေ ဖုန်မှုန့်တွေကျလာတာ၊ တီးခတ်သံတွေ ထွက်နေတာကို မြင်နေရ၊ ကြားနေရတာလေ။ ဖေဖေကအပေါ်ထပ်မှာ






www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တိုက်နေတာကိုး။

လန်ဒန်မှာ တင်ဆက်မယ့် This Is It နယ်လှည့်ဖျော်ဖြေပွဲကို စီစဉ်တင်ဆက်တဲ့ AEG Live ကုမ္ပဏီကို ပဲရစ္စက သဘောမတွေ့ခဲ့တာ ကြာပါပြီ။ မိုက်ကယ်လ်မသေသင့်ဘဲ သေဆုံးခဲ့ရတာနဲ့ ပတ်သက်ပြီး တာဝန်ရှိတယ်လို့ဆိုကာ AEG Live ကို တရားစွဲဆိုခဲ့ရာမှာလည်း



သူတို့မိသားစု အမှုရှုံးနိမ့်ခဲ့ရပါတယ်။ အခုလို သေဆုံးမှုမှာ မိုက်ကယ်လ်ကိုယ်တိုင်သာ တာဝန်ရှိတယ်ဆိုတဲ့ AEG Live ရဲ့လျှောက်လဲချက်ကို ဂျူရီအဖွဲ့က လက်ခံခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။

'AEG Live ဟာ သူတို့ရဲ့ ဖျော်ဖြေရေး အနုပညာသည်တွေအပေါ် မှန်မှန်ကန်ကန် စီမံစောင့်ရှောက်မှုမပေးခဲ့ဘူး' လို့ ပဲရစ္စက စွပ်စွဲပြောကြားလာပါတယ်။ 'သူတို့က အနုပညာသည်တွေကို အသွေးအသားတွေ ခန်းခြောက်စေပြီး သေတဲ့အထိ အလုပ်လုပ်ခိုင်းကြတာ' (AEG ရဲ့ ကိုယ်စားလှယ်တစ်ယောက်ကို ဒီအကြောင်း ဆက်သွယ်မေးမြန်းရာမှာ မှတ်ချက်တစ်စုံတစ်ရာပေးဖို့ ငြင်းဆန် သွားခဲ့ပါတယ်။)။ မကြာသေးခင်က တင်ဆက်သွားတဲ့ ပွဲစဉ်တစ်ရပ်မှာ Justin Bieber ကို မြင်တွေ့လိုက်ရချိန်မှာ သူ့အတွက် ထိတ်လန့်စိုးရွံ့ခဲ့ရကြောင်းလည်း ပဲရစ္စက ပြောပြပါတယ်။ 'သူက မောပန်းနေပြီ။ လှုပ်ရှားရတာတွေကြောင့်ပေါ့။ ကျွန်မလက်ထဲက ပွဲလက်မှတ်ကိုကြည့်လိုက်တော့ ပွဲစီစဉ်တင်ဆက် သူက AEG Live ပဲဖြစ်နေတယ်။ ကျွန်မဖေဖေလည်း ဘယ်လောက် ပင်ပန်းနွမ်းလျခဲ့ရမလဲဆိုတာ တစ်ချိန်လုံးပြန်တွေးနေမိတယ်။ အိပ်လို့တောင် မပျော်ခဲ့ပါဘူး'။

မိုက်ကယ်လ်သေဆုံးမှုမှာ တာဝန်ရှိသူအဖြစ် တရားစွဲဆိုစီရင်ချက်ချမှတ်ခံရတဲ့ Dr.Conrad Murray ကိုလည်း ပဲရစ္စက အပြစ်တင်ပါတယ်။ ပရိုမိုဖောလ်ဆိုတဲ့ မေ့ဆေးပေးရာမှာ သုံးတဲ့ ဆေးတစ်မျိုးကို စွဲခဲ့ရာက အသက်သေဆုံးတဲ့အထိ ဖြစ်ခဲ့ရတာဆိုပေမဲ့ ပဲရစ္စကတော့ Conrad Murray ကို အပြစ်မြင်ပါတယ်။ သူက Murray ကို 'ဒေါက်တာ' လို့ ခပ်လှောင်လှောင်လေသံနဲ့ခေါ်ပါတယ်။ ပဲရစ္စမှာက သူ့ဖေဖေသေဆုံးမှုနဲ့ပတ်သက်ပြီး သံသယတွေရှိနေတယ်။ 'ဖေဖေက သူ့ကို မလိုလားတဲ့လူတချို့ အကြောင်း တစ်စွန်းတစ်စပြောခဲ့ဖူးပါတယ်။ တစ်ခါတလေမှာ 'တစ်နေ့ကျရင် သူတို့ ဖေဖေ့ကို သတ်ကြလိမ့်မယ်' လို့လည်း ပြောတတ်ပါတယ်။ (ဇနီးဟောင်း Lisa Marie Presley ကလည်း ရုပ်/သံတင်ဆက်သူ Oprah Winfrey နဲ့ တွေ့ဆုံခန်းတစ်ရပ်မှာ မိုက်ကယ်လ်အကြောင်း ပြောဖြစ်ကြတော့ Sony/ATV နဲ့ တွဲဖက်ပြီး မိုက်ကယ်လ်က ၅၀ ရာခိုင်နှုန်းပိုင်ဆိုင်ထားတဲ့ ဒေါ်လာသန်းရာချီတန် သီချင်းမူပိုင်ခွင့်တွေကို လိုချင်တဲ့အဖွဲ့တွေက သူ့ကိုပစ်မှတ်ထားနေကြတယ်လို့ မိုက်ကယ်လ်က ပြောကြားခဲ့ပုံတွေကို ပြန်ပြောပြသွားခဲ့ပါတယ်။

ပဲရစ္စကတော့ ဘယ်လိုပဲပြောပြော သူ့ဖေဖေ အသတ်ခံရတာလို့ ထင်တယ်။ 'အတိအကျပဲ' လို့ ဆိုတယ်။ 'ဒါက အင်မတန်သေချာပါတယ်။ မြားတွေအားလုံးက အဲဒီဘက်ကိုပဲ ဦးလှည့်နေတာလေ။ ဒါက တကယ့်အရှုပ်တော်ပုံကြီးလိုလို ဘာမှအဓိပ္ပာယ်မရှိတာကြီးလိုလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါပေမဲ့ ဖေဖေရဲ့ စစ်မှန်တဲ့ ပရိသတ်တွေနဲ့ မိသားစုဝင်တိုင်းက ဒါကိုသိနေတယ်။ ဒါဟာ ထောင်ချောက်တစ်ခုပဲ။ လုံးဝကို အဓိပ္ပာယ်မရှိဘူး'။

ဒါပေမဲ့ မိုက်ကယ်လ်ကို ဘယ်သူက သေစေချင်တာလဲ။ ပဲရစ္စက စက္ကန့်အတော်ကြာတဲ့အထိ ငြိမ်ကျသွားတယ်။ ရေရာတဲ့အဖြေတစ်ခု ပေးနိုင်ဖို့ စဉ်းစားနေပုံပဲ။ ဒါပေမဲ့'လူတွေကတော့ အများကြီးပဲလေ'လို့သာ ပြန်ဖြေလာတယ်။ ပဲရစ္စက လက်စားချေချင်တာ၊ ဒါမှမဟုတ် အနည်းဆုံးတော့ တရားမျှတမှုရချင်တာပါ။ 'ဟုတ်ပြီလေ'။ သူက စကားပြန်ဆက်လာတယ်။ မျက်လုံးတွေကလည်း အရောင်တွေတောက်လာတာ။ 'ကျွန်မ တကယ် လုပ်ဖြစ်အောင်လုပ်မှာ။ ဒါပေမဲ့ ဒါက စစ်တုရင်ကစားပွဲတစ်ပွဲပဲ။ ကျွန်မက အဲဒီစစ်တုရင်ပွဲကို မှန်မှန်ကန်ကန်နည်းလမ်းနဲ့ကစားမှာ။ လက်ရှိအချိန်မှာတော့ ဒီလောက်ပဲ ကျွန်မ ပြောနိုင်ပါတယ်'။

မိုက်ကယ်လ်က သူ့ကလေးတွေကို လူတောထဲသွားရင် မျက်နှာဖုံးတပ်ထားခိုင်းလေ့ရှိတယ်။ ကြိုတင်ကာကွယ်တဲ့သဘောနဲ့ပေါ့။ ဒါပေမဲ့ ပဲရစ္စက ဒါကို မကြိုက်ဘူး။ အလကားလုပ်ရပ်လို့ ထင်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ သူနားလည်သွားခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၇ ရက်က ရုပ်/သံကနေ တိုက်ရိုက်ထုတ်လွှင့်ပေးတဲ့ သူ့ဖေဖေရဲ့ အောက်မေ့ဖွယ်အခမ်းအနားမှာ မိုက်ခရိုဖုန်းရှေ့ကို သူ့ဘာသာထွက်လာတဲ့၊ ရဲရင့်တဲ့ မိန်းကလေးငယ်တစ်ယောက်အဖြစ် သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့ပါတာပေါ့။ 'ကျွန်မ မွေးလာကတည်းက…' ပဲရစ္စပြောခဲ့တဲ့စကားပါ။ 'ဖေဖေဟာ အားလုံးတွေးထင်နိုင်တာထက် ပိုကောင်းတဲ့ အကောင်းဆုံး ဖခင်ဖြစ်ခဲ့ပါတယ်။ ပြီးတော့ ဖေဖေ့ကိုကျွန်မ အရမ်းချစ်တယ်လို့ပဲပြောချင်ပါတယ်'။

အဲဒီအချိန်မှာ ပဲရစ္စက အသက် ၁၁ နှစ်အရွယ်ပဲရှိသေးတာ။ ဒါပေမဲ့ သူဘာတွေလုပ်လိုက်မိတယ်ဆိုတာကို သူ သိခဲ့ပါတယ်။ 'နောက်တော့ ကျွန်မသိလာရတာက အဓိပ္ပာယ်မရှိတဲ့ စကားတွေအများကြီးလျှောက်ပြောနေကြတာပဲလို့ သိလာခဲ့တယ်'။ 'လူတွေအများကြီးက ဖေဖေ့ကို မေးခွန်းတွေ မေးခဲ့ကြတယ်။ ကျွန်မတို့ကို ဖေဖေ ဘယ်လိုပြုစုပျိုးထောင်ခဲ့သလဲဆိုတာကိုပေါ့။ ဒါဟာ လူပုံအလယ်မှာ ဖေဖေ့ကို ကျွန်မ ပထမဆုံး အကာအကွယ်လုပ်ပေးခဲ့ရတာပဲ။ ပြီးတော့ နောက်ဆုံးအကြိမ် မဟုတ်တာလည်း အသေအချာပါပဲ'။ ပရင့်စ်က တော့'ညီမလေးဟာ အဲဒီအချိန် အခိုက်အတန့်မှာ ကျွန်တော်တို့အားလုံးထက် ပိုပြီး ခွန်အားတွေရှိနေခဲ့တယ်'လို့ ပြောပြပါတယ်။

မရဏာပြတိုက်ကို သွားပြီး နောက်တစ်ရက်မှာ ပဲရစ္စဟာ သူ့ချစ်သူ Michael Snoddy, မော်ဒယ်လ်တစ်ယောက်လို ချောမောတဲ့ အသက် ၃၁ နှစ်အရွယ်ရှိ သူ့မန်နေဂျာ Tom Hamilten တို့နဲ့အတူ လော့စ်အိန်ဂျလိစ်မြို့ အနောက်ခြမ်းက ဗင်းနစ်ကမ်းခြေကိုသွားကြတယ်။ ကမ်းခြေက ကုန်းပေါင်ပျဉ်ပြားတွေပေါ်မှာ မော်ဒယ်လ် လျှောက်ကြ၊ ပျော်ကြ၊ ပါးကြပေါ့။ Snoddy က လော့စ်အိန်ဂျလိစ်မြို့ကို စ,ရောက်လာခါစမှာ ရေပုံးတွေကို ဒရမ်လုပ်ပြီး လမ်းပေါ်မှာ တီးခတ်ဖျော်ဖြေခဲ့ရတဲ့ အချိန်တွေအကြောင်း ပြန်ပြောပြပါသေးတယ်။ 'ဆိုးတော့ မဆိုးဘူး။ တစ်ရက်ကို ဒေါ်လာတစ်ရာလောက်တော့ ရတယ်လေ'လို့ Snoddy က ပြောပြပါတယ်။

ပဲရစ္စက ဆံပင်ကို နောက်တွဲချည်ထားတယ်။ နေကာမျက်မှန်တပ်ထားပြီး အစိမ်းရောင် ရှပ်အင်္ကျီဝတ်၊ Rasta-Rainbow ကျောပိုးအိတ် လွယ်ထားတယ်။ ဒီကနေ့ သူ့ကြည့်ရတာ ထိုင်းထိုင်းမှိုင်းမှိုင်း ရှိလှတယ်။ စကားသိပ်မပြောဘဲ Snoddyနားသာ တွယ်ကပ်နေတယ်။ Snoddy က ကျေးလက်ဂီတအဆိုတော် Willie Nelson ပုံပါတဲ့ တီရှပ်အင်္ကျီကိုလက်ဖြတ်ပြီးဝတ်ထားလေရဲ့။

ခေတ်လွန်ဒီဇိုင်းပုံစံနဲ့ အိမ်တွေ၊ တန်းစီဆောက်ထားတဲ့ တူးမြောင်းတွေဘက်ကို စာရေးသူတို့တွေ သွားကြတယ်။ အဲဒီလို အိမ်တွေကို ပဲရစ္စက သဘောမကျဘူးလေ။ 'အိမ်တွေက အပေါ်ရှုး၊ အောက်ကားကြီးတွေ။ ပုံတွေက ခပ်ကြမ်းကြမ်းပုံတွေ'လို့ ဆိုတယ်။ 'သူတို့က 'ဟေး-ဒီမှာ ညစာ လာစားပါလား'လို့ အော်ခေါ်မှာ မဟုတ်ဘူးလေ။ 'ရေပြင်ပေါ်မှာ ဘဲတစ်အုပ်ကိုတွေ့တော့ 'ဟဲလို၊ သူငယ်ချင်းတို့'လို့ ပဲရစ္စက လှမ်းနှုတ်ဆက်တယ်။ 'တို့နဲ့လာကစားပါဦး'လို့လည်း အော်ခေါ်တယ်။ ဘဲအုပ်ထဲမှာ စုံတွဲနှစ်ကောင်က ဘေးချင်းကပ်ပြီး ရေတိမ်ထဲမှာ ကူးသွားနေတယ်။ ပါရီက သက်ပြင်းချရင်း Snoddy ရဲ့လက်ကို ဖမ်းညှစ်ပြီး ဆိုလာတယ်။ 'မျှော်မှန်းချက်တွေ ဟက်ရှ်တက်ဂ် မျှော်လင့်ချက်တွေ' ဆိုပဲ။


သူ့စိတ်ဓာတ်တွေက မြင့်တက်နေတယ်။ ညနေခင်း နေဝင်ချိန်ကို ကြည့်ဖို့ရာ ကမ်းခြေဘက်ကို စာရေးသူတို့ ပြန်လျှောက်လာကြတယ်။ ပဲရစ္စနဲ့ Snoddy တို့က ကွန်ကရစ်အတားတစ်ခုပေါ်မှာ တက်ခုန်နေကြတယ်။ အင်မတန် ငြိမ်းချမ်းတဲ့ အချိန်လေးပါ။ အဲဒီအချိန်မှာ ကျန်းမာရေးအတွက် Jogging အပြေးဝတ်စုံ ဝတ်ထားပြီး ဒူးဆစ်အောက်အထိ ခြေအိတ်စွပ်ထားတဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက် လျှောက်လာတဲ့အထိပါပဲ။ အမျိုးသမီးက ပဲရစ္စတို့ စုံတွဲကို ပြုံးပြရင်း ခါးမှာပတ်ထားတဲ့ စတီရီယိုစက်ကလေးရဲ့ ခလုတ်ကို နှိပ်လိုက်တော့ သီချင်းသံတွေ ခုန်ပေါက်ထွက်လာတယ်။ ပဲရစ္စက ရယ်မောရင်း သူ့ချစ်သူဘက် လှည့်လိုက်တယ်။ နေလုံးကြီးကလည်း ငုပ်လျှိုး ပျောက်ကွယ်သွားပြီး နှစ်ယောက်သား စ,ကကြတော့တာပါပဲ။ ■

ရာပြည့်

***Reference:***

***Paris Jackson's Family Secrets by Brian Hiatt, Photo by David Lachapelle Rolling Stone Magazine,December 2016.***

www.burmeseclassic.com



# သမိုင်းတွင်သွားတဲ့ အော်စကာ

ဇာနည်ညီမိုး

ဖေဖော်ဝါရီလ ၂၆ ရက်နေ့သက ၈၉ ကြိမ်မြောက် အော်စကာဆုပေးပွဲ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ အကောင်းဆုံးဇာတ်ကားဆု ကြေညာပေးဖို့ တာဝန်ကျတဲ့ မင်းသားကြီး Warren Beatty နဲ့ မင်းသမီးကြီး Faye Dunaway တို့စာအိတ်လွဲမှားမှုကြောင့် အကောင်းဆုံး ဆုရဇာတ်ကားအဖြစ် ကြေညာရမယ့် Moon Light အစား La La Land လို့ မှားယွင်းကြေညာမိတာနဲ့ ပတ်သက်ပြီး အော်စကာသမိုင်းမှာ ရာဇဝင်တွင်သွားခဲ့ပါတယ်။ အော်စကာဆုပေးပွဲရဲ့ ၈၈ နှစ် သက်တမ်းတစ်လျှောက်မှာ ပထမဆုံး မှားယွင်းမှု ဖြစ်ပါတယ်။ People မဂ္ဂဇင်းရဲ့ သတင်းထောက်များက အံ့သြတကြီးဖြစ်သွားတဲ့ ပရိသတ်များပုံကို အမိအရ ရိုက်ကူး ယူနိုင်ခဲ့တာကို ရွှေအမြုတေပရိသတ်များအတွက် ဖော်ပြပေးလိုပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






La La Land ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ Jordan Horowitz က ကျေးဇူးတင်စကားပြောကြားတော့မှ ကားနာမည် မှားယွင်းကြေညာမိကြောင်း သိကြရတဲ့အတွက် 'ခဏလေးဗျာ တောင်းပန်ပါတယ် မှားယွင်းသွားလို့ပါ။ အကောင်းဆုံးဆုရဇာတ်ကားက Moon Light ဇာတ်ကားပါ' လို့ ပြင်ဆင်ကြေညာခဲ့ရပါတယ်။ စင်ပေါ်မှာ ရုပ်ရှင်ကားနှစ်ကားနဲ့ ပတ်သက်သူတွေ ရှိနေကြတာမို့ စင်နဲ့ အပြည့်ဖြစ်သွားပါတယ်။ ❑



ဒီရုပ်ရှင်ကားက ပထမဆုံးသော LGPTQ ရုပ်ရှင်ကား အနေနဲ့ အော်စကာဆုရခဲ့တာပါ။ ❑

ပရိသတ်များ မျှော်လင့်မထားတဲ့ Moon Light ဇာတ်ကား အကောင်းဆုံးဇာတ်ကားအဖြစ် ကြေညာခံရလို့ အံ့သြကုန်ကြပါတယ်။ ဒီဇာတ်ကားက အာဖရိက-အမေရိကန် အမျိုးသား ကလေးတစ်ဦး လိင်တူဆက်ဆံသူအဖြစ် အရွယ်ရောက် ကြီးပြင်းလာပုံကို ရိုက်ကူးတင်ပြထားတာဖြစ်ပါတယ်။ အကောင်းဆုံးအမျိုးသားဇာတ်ပို့အဖြစ် Mahershala Ali ဇာတ်ကားမှ ဆွတ်ခူးသွားပြီး အကောင်းဆုံး မှီငြမ်းပြု ဇာတ်ညွှန်းဆုကိုတော့ ဒါရိုက်တာနဲ့ပူးတွဲဇာတ်ညွှန်းရေးသူ Barry Jenkins ကရရှိကြောင်း ကြေညာလိုက်တဲ့အခါမှာ တအံ့တသြဖြစ်သွားပါတယ်။ အကောင်းဆုံးဇာတ်ကားဆုလက်ခံယူဖို့ စင်ပေါ်တက်လာတဲ့အခါမှာ 'ကျွန်တော် ဘယ်လိုပြောရမှန်းမသိတော့ပါဘူး။ La La Land ဇာတ်ကားလည်း ကောင်းပါတယ်' လို့ ဆိုခဲ့ပါတယ်။ ❑

www.burmeseclassic.com



Octavia Spencer, Janelle Monae နဲ့ Taraji P. Henson တို့မှာ ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြပြီး NASANA မှ သင်္ချာပါရဂူ Katherine Johnson အသက် ၉၈ နှစ်ကို တွန်းလှည်းနဲ့ တင်ဆောင်ခေါ်ယူလာချိန်မှာ ပရိသတ်များ မတ်တတ်ရပ်ပြီးဂုဏ်ပြု ကြပါတယ်။ □

THE OSCARS 2017





The Boston Boys တို့ တစ်ကျော့ပြန် ဝင်ရောက် လာခဲ့ကြပြန်ပါပြီ။ □

လွန်ခဲ့တဲ့ ၁၉ နှစ်က God Will Hunting ဇာတ်ကား အောင်ပွဲခံပြီးတဲ့နောက် Matt Damon နဲ့ Ben Affleck (ဝဲဘက်)တို့ နှစ်ယောက် စင်ပေါ်မှာ ဆုံကြပြီး ဆုချီးမြှင့်ဖို့ ပြင်ဆင်နေကြစဉ် တွေ့ရပုံဖြစ်ပါတယ်။ □



www.burmeseclassic.com

www.burmeseclassic.com




အကောင်းဆုံး ဇာတ်ဝင်တေးဆုရ La La Land ဇာတ်ကားမှာ တေးသီချင်းများနဲ့ ဖျော်ဖြေခဲ့ပါတယ်။ ဖျော်ဖြေချိန်မှာ သရုပ်ဆောင် Ryan Gosling ကလည်း ပါဝင်ဖျော်ဖြေပေးခဲ့ပါတယ်။ ❑



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ Emma Stone က 'ကျွန်မတို့လေ ဒီဆုကို မွေးကင်းစကလေးတစ်ယောက်လို ဂရုစိုက်နေမိတယ်' လို့ဆိုပါတယ်။ ဆုကို ရုပ်ရှင်သရုပ်ဆောင် Leonardo DiCaprio က ချီးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုလာစဉ်မှာ
Jennifer Aniston က
နေကာမျက်မှန်
ပျောက်သွားခဲ့ပေမဲ့
ပွဲပြီးချိန်မှာတော့
ခင်ပွန်းသည်
Justin Theroux နဲ့
တွဲပြီး ပါတီပွဲ
ကျင်းပမယ့်နေရာကို
ထွက်ခွာသွားခဲ့ပါတယ်။
❑

www.burmeseclassic.com

www.burmeseclassic.com






Vanity Fair
မဂ္ဂဇင်းရဲ့
အော်စကာ
ပါတီ

အော်စကာဆုရတဲ့
Casey Affleck နဲ့
ဆန်ခါတင်စာရင်းဝင်
Lucas Hedges တို့ကိုအတူ
တွေ့ခဲ့ရပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



Elizabeth Balks, Amy Adams နဲ့ Reese Witherspoon တို့က Graydon Carter ကျင်းပတဲ့ ပါတီပွဲမှာ အခုလို ဆဲလ်ဖီရိုက်ကြပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



အခါးကိုကြိုက်တဲ့ ပျား
ကမ္ဘာပေါ်မှာ ရှိမတဲ့လားကွယ်။
ရွေးချယ်ခွင့်နဲ့ ဖြစ်တည်ခွင့်
သဟဇာတ မဖြစ်ခဲ့ရတာကို
ကံကြမ္မာကြောင့်လို့ ယိုးမယ်
မဖွဲ့ချင်တော့ဘူး။ အဲဒီ ကံဆိုတာကို
သက်နွယ် မုန်းလွန်းလှတယ်လေ။


၁။

အဆိပ်ပြင်းတဲ့ အကြည့်
ဆိုတာ အဲဒီလိုမျိုးလား။
စူးရှတဲ့ အကြည့်အောက်မှာ
အသက်ကိုတောင် ဝ,အောင်
မရှူမိတဲ့ သက်နွယ်ရယ်ပါ။
မောင့်အရှေ့မှာ ဆောက်တည်ရာမဲ့
ညွတ်ခွေကျလုမတတ် ဖြစ်နေတဲ့
ခြေအစုံနဲ့ အားတင်းပြီး ရပ်နေခဲ့ပေမဲ့
တုန်လှုပ် လွန်းလှပြီ။
'မင်းပဲ သက်နွယ်၊
အားလုံးဟာ မင်းကြောင့်'
သက်နွယ် ယစ်မူးတိမ်းညွတ်ခဲ့တဲ့
မောင့်နှုတ်ခမ်းပါးက
တဆတ်ဆတ်တုန်ယင်လို့။
သက်နွယ် နှုတ်ခမ်းတွေ
ဆွံ့အ,နေတယ်။ ပြောစရာ
စကား မရှိလို့တော့မဟုတ်။
ဒီလောက်အထိ သွေးပျက်
ချောက်ချားနေတဲ့ မောင့်ကို
သက်နွယ် တစ်ခါမှ
မမြင်ဖူးခဲ့ လို့လေ။
'မင်းကြောင့်...'
ခပ်တင်းတင်း အံကြိတ်
ပြီးပြောတဲ့ မောင့်ရဲ့စကားသံ
အဆုံးမှာ သက်နွယ် ဒူးတွေ
ညွှတ်ခွေချင်လာတယ်။
မောင့်ရဲ့ စွပ်စွဲမှုတွေက
ပြင်းထန်လွန်းလိုက်တာ။
ဒီအခြေအနေက သက်နွယ်ကြောင့်
ဆိုရင်တောင် နှစ်ဖက်တီးမှ
မြည်တတ်တဲ့ လက်ခုပ်ရဲ့
သဘာဝကို မောင် နားလည်
သင့်တယ်။ ထားပါတော့။
သက်နွယ်ဘဝမှာ မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဘယ်တုန်းကများ ပြုံပြင်ခဲ့ဖူးလို့လဲ။ မောင်က အဖြူဆို သက်နွယ်က အမည်းမှ မလုပ် ဖို့ခဲ့ပဲလေ။

'ငါ့ဘဝမှာ မိန်းမနှစ်ယောက်နဲ့ ပတ်သက်ခဲ့ဖူးတယ် သက်နွယ်၊ အဲဒါက မင်းနဲ့ မမညီမီပဲ။ မမညီမီက အထက်တန်းလွှာက အဆင့်အတန်းရှိတဲ့ မိန်းမတစ်ယောက်၊ မင်းက…'

မောင်က စကားလုံးတွေနဲ့ အသေသတ်တယ်။ အထက်တန်းလွှာတဲ့။ အဆင့်အတန်းတဲ့။ သက်နွယ်က အောက်ဆုံးအလွှာက အဆင့်အတန်းမရှိတဲ့ မိန်းကလေးဆိုတာ ထည့်မပြောဘဲ အဓိပ္ပာယ်သက်ရောက်စေတဲ့ အထိ မောင့်စကားက ထိရောက်လွန်းလှတယ်။

အထက်တန်းလွှာဆိုတဲ့ အဆင့်အတန်းက သိက္ခာနဲ့ တိုက်ရိုက်သက်ဆိုင်သလား သက်နွယ် တွေးကြည့်မိတယ်။ လူတစ်ယောက်ရဲ့ သိက္ခာကို ချမ်းသာခြင်းဆိုတဲ့ အလွှာနဲ့ တိုင်းတာလို့ ရသတဲ့လား။ သက်နွယ်တို့ဆီ ရောက်လာတဲ့ အထက်တန်းလွှာက လူကြီးလူကောင်းတွေရဲ့ သွေးသားကို ဆေးဝါးလို တန်ဖိုးထားကြတဲ့ သိက္ခာတရားတွေ မောင့်ကို မြင်စေချင်လိုက်တာ။

'ငါ့ဘဝကို ဖျက်ဆီးလိုက်တဲ့ မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး သက်နွယ်'

နောက်ထပ် ထွက်ကျလာတဲ့ မောင့်ရဲ့ စကားအဆုံးမှာ အကြိမ်ကြိမ် သေဆုံးနေတဲ့ သက်နွယ်က ကျင့်သားရစွာနဲ့ပဲ သေဆုံးသွားခဲ့ပြန်တယ်။

> မောင့်ကို ချစ်တဲ့စိတ်နဲ့ နှုတ်ဆိတ် နေခဲ့ပေမဲ့ မောင်ခြေလှမ်း စပျက်ကတည်းက သက်နွယ် စုံစမ်းခဲ့တယ်။ မမညီမီ ဆိုတာ အရွယ်ကောင်းပြီး ချမ်းသာတဲ့ မုဆိုးမ ရွှေပေါင်နားတော့ ရွှေကျေးတဲ့ မောင်က ရွှေကျေး တစ်ကောင် ဖြစ်ချင်နေခဲ့ပြီ

သက်နွယ်ဆိုတဲ့မိန်းမက သေဆိုရင် ရှင်ဖို့တဲ့သူမှ မဟုတ်ခဲ့ဘဲလေကွယ်။

❑

၂။

သက်နွယ်ရဲ့ ဘဝကောင်းကင်မှာ အစကတည်းက ကြယ်မစုံခဲ့ဘူး။ ဒီလိုဘဝထဲကို မောင်က ကြယ်တစ်လုံးအဖြစ်နဲ့ ရောက်လာခဲ့တယ်။ သက်နွယ်အတွက် အတောက်ပဆုံး ကြယ်တစ်လုံးအဖြစ် မောင်က ဖြစ်တည်ခဲ့တယ်။ မောင်နဲ့ စ,တွေ့ခဲ့တဲ့ ညနေကိုလည်း သက်နွယ် မှတ်မိသေးတယ်။

စားသောက်ဆိုင်မှာ အရက်သောက်ပြီး ပိုက်ဆံမရှင်းနိုင်တဲ့ မောင့်ကို သက်နွယ် စ,တွေ့ခဲ့တာပေါ့။ ဆီးရွက်လောက်ရှိတဲ့ မျက်နှာလေးနဲ့ မောင်က သနားစရာလေး။ အဲဒီသနားစိတ်ကနေ အကြင်နာ ပိုပြီး မောင့်ရဲ့ပြဿနာကို သက်နွယ် ဖြေရှင်းပေးခဲ့တာပေါ့။ မောင်က လေလွင့်နေတဲ့ တေလေငှက်၊ သက်နွယ်က အမှောင်မှာ တွယ်ငြိမိနေတဲ့ ညဥ့်ငှက်။ အဲဒီအချက်တွေနဲ့ပဲ သက်နွယ်နဲ့ မောင့်ရဲ့ ဘဝနှစ်ခု ထပ်တူကျဖို့ အကြောင်းပြချက် ခိုင်လုံသွားခဲ့ကြတယ်။

သက်နွယ်က လူတိုင်းအတွက် အေးစက်တဲ့ နှလုံးသားနဲ့ အရုပ်တစ်ရုပ် ဖြစ်ခဲ့ပေမဲ့ မောင့်အတွက်တော့ ပူနွေးတဲ့နှလုံးသားနဲ့ စစ်မှန်တဲ့ သက်ရှိလူသားတစ်ယောက် ဖြစ်ခဲ့တယ်။

သက်နွယ် အနားမှာ မောင်ရှိနေရုံနဲ့ ပြည့်စုံပေမဲ့ မောင့်အတွက်တော့ သက်နွယ် ရှိနေရုံနဲ့ မဖြစ်ဘူးဆိုတာ သိတဲ့နေ့က ငွေကို ပိုကြိုးစားရှာရတယ်။ ရင်နာစရာကောင်းတယ်။ သက်နွယ်ရဲ့ အလုပ်ကိုက အရမ်း ရင်နာစရာကောင်းတယ်။ တခြားရင်ခွင်ကို ခိုဝင်ပြီးမှ ပြည့်စုံမှုကိုရတဲ့ ဘဝမျိုး ဒီတစ်ဘဝတည်းနဲ့ လုံလောက်စေချင်ပြီ။

အဖမ်းအဆီးများလို့ အဆင်မပြေတဲ့ ကာလတွေမှာ မောင်ပိုက်ဆံတောင်းရင် သက်နွယ် ငိုချင်တယ်။ မောင် မျက်နှာမကောင်းရင် အရမ်းစိတ်ညစ်တာပဲ။ သက်နွယ်တို့ အလုပ်က တရားဝင်မှုမဟုတ်တာ။ ခေါင်းပုံဖြတ်မှုဆိုတာကလည်း စက္ကန့်နဲ့အမျှ ရှိနေတယ်လေ။ ခေါင်းကြေးတွေ နုတ်ရင် အပေါ်စားမိတ်ကပ်ဖိုးတောင် မိုင်းနပ်စ်ပြနေခဲ့တာ။

တစ်ခါတလေ ပတ်ဝန်းကျင်ရဲ့ စကားတွေကိုကြားပြီး မောင့်ရဲ့ ပုတ်ခတ်မှုတွေ ပြင်းထန်လာတယ်။ တကယ်တော့ ပတ်ဝန်းကျင်ဆိုတာကလည်း အရေးပါသားနော်။ သက်နွယ်ရဲ့ ဝမ်းတစ်ထွာကို ပတ်ဝန်းကျင်က မဖြည့်တင်းပေးနိုင်ပေမဲ့ သက်နွယ်ဘဝကို အရောင်ဆိုးဖို့ကျတော့ ပါးစပ်မှာ စုတ်တံကြီးတွေ တပ်ထားသလား ထင်ရတယ်။

ဒီအလုပ်ကို ပျော်လို့လုပ်တယ်ပြောတဲ့သူတွေကို သက်နွယ့်နေရာမှာ တစ်ပတ်လောက်ပဲ နေစေချင်ရဲ့။ တစ်ရက်လောက်မှ ခံနိုင်ရည်ရှိရဲ့လားဆိုတာကို ထိုင်ကြည့်ချင်မိတယ်။ တကယ်တော့ ဒုက္ခဆိုတာကို အန်တုဖို့ ရင်းနှီးစရာဆိုလို့ ဒီခန္ဓာကိုယ်တစ်ခုပဲ ရှိတော့လည်း ပြတ်ပြတ်သားသား ချနင်းလိုက်ရတာ။ ဒီအတွက် အားလုံးက ကဲ့ရဲ့ကြလည်း ပြုံးပြုံးလေးပဲ နေမိတာ မျက်နှာပြောင်တိုက်တယ်ထင်လည်း ထင်ကြပါစေတော့။

နာတာရှည် ရောဂါခံစားနေရတဲ့ အမေ့ကို ပဲပြုတ်ရောင်းပြီး ကုရမလား၊ ပန်းရောင်းပြီး ကုရမလား။ အပူမီးတွေဝိုင်းပြီး တစ်ကိုယ်လုံးကျွမ်းလောင်လုမတတ် ဖြစ်နေတဲ့အချိန်မှာ ငြင်းဆန်ခံရတဲ့ အကူညီတောင်းမှုတွေ။ မျက်နှာလွှဲခဲပစ် လုပ်ရက်ကြ

www.burmeseclassic.com

သူတွေအကြားမှာ သက်နွယ် အသက် ခပ်ယဲ့ယဲ့ပဲ ကျန်ခဲ့တယ်။ ပြည်သူ့ဆေးရုံဆိုတာလည်း ငွေရှိမှ ဝင်လို့ရတာ။ ဘယ်လောက်ပဲ ဆင်းရဲတယ်ပြောပြော အမေ့ကို ဒီအတိုင်း သေမင်းလက်ထဲ ဝကွက် မအပ်နိုင်ခဲ့ဘူး။ မီးကိုတိုးဖို့ ပိုးဖလံတစ်ကောင်လို သတ္တိမွေးခဲ့တဲ့နေ့က အရက် အကြောက်တရားတွေ အငွေ့ပြန်သွားခဲ့တယ်။

သက်နွယ်ဘဝ အကြောင်း ဘယ်သူ့ကိုမှ ရှင်းမပြချင်တော့ဘူး။ ကတ္တားဖြစ်ဖြစ်၊ ကံဖြစ်ဖြစ် ဘဝက ဘာများ ထူးခြားလာမလဲ။ အမေ့ကြောင့် ဒီဘဝထဲ ခြေစုံပစ်ဝင်ခဲ့တယ်လို့ အကြောင်းပြချက် မပေးချင်ဘူး။ သက်နွယ်ဘဝနဲ့ရင်းပြီး နာတာရှည်ရောဂါ ခံစားနေရတဲ့ အမေ့ကို သုံးနှစ်တိတိ အသက်ဆက်ခွင့်ရခဲ့တာကိုပဲ သက်နွယ် အကြီးအကျယ် ကျေနပ်မိခဲ့တယ်။

❑

၃။

'ကိုယ် မညီမီဆီ သွားတော့မယ် သက်နွယ်'

မောင့်စကားတစ်ခွန်းမှာ သက်နွယ်ရဲ့ မျက်ရည်စက်ပေါင်းများစွာ စတေးလိုက်ရတယ်။ သက်နွယ်ဘဝမှာ သစ္စာဆိုတာကို မယုံရဲခဲ့ဘူး။ သက်နွယ်အပေါ် မောင် သစ္စာရှိပါစေလို့ပဲ အကြိမ်ကြိမ် ဆုတောင်းခဲ့တာ။ ဆုတောင်းတိုင်း ဘယ်တုန်းကမှ မပြည့်ခဲ့ဖူးတာကလည်း ကျိန်စာတွေများ သင့်နေခဲ့သလား မောင်။

မောင့်ကိုချစ်တဲ့စိတ်နဲ့

နောက်ဆုံး
တော့လည်း
သက်နွယ်က
အရှုံးနဲ့
ရင်ဆိုင်
ရတာပါပဲလား
မောင်
သက်နွယ်
ဘယ်လိုပဲ
မုန်နေပါစေ
မောင့်အနားမှာမှ
နေခွင့်မရှိ
တော့တာပဲလေ
မောင်က
သက်နွယ်ဘဝရဲ့
အချစ်ဆုံးနဲ့
အချစ်ဦးပါပဲ
မောင်ရယ်

နှုတ်ဆိတ်နေခဲ့ပေမဲ့ မောင်ခြေလှမ်းစ ,ပျက်ကတည်းက သက်နွယ် စုံစမ်းခဲ့တယ်။ မညီမီဆိုတာ အရွယ်ကောင်းပြီး ချမ်းသာတဲ့ မုဆိုးမ။ ရွှေပင်နားတော့ ရွှေကျေးတဲ့။ မောင်က ရွှေကျေးတစ်ကောင်ဖြစ်ချင်နေခဲ့ပြီ။

သက်နွယ်က မောင့်ဘဝကို တောက်ပြောင်စေတဲ့ ရွှေပင်မှ မဟုတ်ခဲ့ပဲ။ မောင့်ကို သက်နွယ် တားချင်မိတယ်။ သက်နွယ် မျက်ဝန်းက မျက်ရည်စက်တွေရဲ့ အတိမ်အနက်ကို နားလည်ခဲ့မယ်ဆိုရင် မောင်ခြေလှမ်းတွေကို အဲဒီမှာ ရပ်တန့်ပေးပါလား မောင်။

တစ်လှမ်း...။

နှစ်လှမ်း...။

တဖြည်းဖြည်းနဲ့ မောင့်ခြေလှမ်းတွေက သက်နွယ်နဲ့ အဝေးဆုံးကို ရောက်သွားခဲ့ပြီ။ လက်ထပ်စာချုပ်မရှိတဲ့ မောင်နဲ့ သက်နွယ်အတွက် ကွာရှင်းစာချုပ်ဆိုတာလည်း မရှိဘဲ ခြားနားသွားခဲ့ပြီ။ ကျောခိုင်းသွားတဲ့ မောင့်ရဲ့ ကျောပြင်ကိုကြည့်ပြီး မျက်ရည်တွေက မိုးလိုရွာတယ်။ အပြောင်းအလဲများတဲ့ လောကမှာ သက်နွယ် ဘာကိုတိုင်တည်ပြီး ငိုကြွေးရမလဲ။ မောင်ပျော်ရွှင်ဖို့ပဲ ဆုတောင်းရတော့မှာပေါ့။ မောင့်ဘဝလေး သာယာချမ်းမြေ့ပါစေကွယ်။

❑

၄။

သက်နွယ် ဆုတောင်းတိုင်း မပြည့်တတ်တာ ကျိန်စာတစ်ခုလား မောင်ရယ်။ မှတ်မှတ်ရရ မောင်ထွက်သွားတာ နှစ်နှစ်ပြည့်တဲ့နေ့။ ပြက္ခဒိန် ကြည့်စရာမလိုဘဲ နှလုံးသားက နာနာကျင်ကျင်နဲ့ မှတ်မိနေခဲ့တဲ့ သက်နွယ်နဲ့ မောင်ရဲ့ နောက်ဆုံးနေ့။

အဲဒီနေ့ မောင်ဆီက ဖုန်းလာတော့ သက်နွယ် ရင်တွေ တလှပ်လှပ်ခုန်မိတာ အရင်က အတိုင်းပဲ။ ချက်ချင်း အလှတွေပြင်ပြီး မောင့်ဆီ အပြေးလှမ်းမိတဲ့ သက်နွယ်ရယ်ပါ။ မောင့်ဆီလည်းရောက်ရော သက်နွယ် မထင်မှတ်ထားတဲ့ စကားလက်နက်တွေနဲ့ ပစ်ပေါက်တော့တာပါပဲလား။

'မင်းကြောင့် ငါ့ဘဝ အသွန့်ကျိုးခဲ့ရပြီ သက်နွယ်'

စိမ်းသက်တဲ့ မျက်ဝန်း၊ ခါးသက်တဲ့ အကြည့်တွေက ချောက်ချားစရာကောင်းလိုက်တာ။ အံကြိတ်ပြီး ပြောတဲ့ မောင့်ရဲ့ စကားသံထဲမှာ အမုန်းတွေ ကြီးစိုးနေတယ်။ မောင့်ရဲ့ စွပ်စွဲချက်တွေကလည်း ပြင်းလွန်းလှတယ်။

'သက်နွယ်မှာ ဘာအပြစ်ရှိလို့လဲ မောင်ရယ်'

'ဘာ...ဟား...ဟား'

ဘုရား...ဘုရား။

မောင် ဟားတိုက်ရယ်တယ်။ ပြီးတော့ မောင့်မျက်ဝန်းက မျက်ရည်တွေ စီးကျနေတယ်။ မောင့်မျက်ရည်တွေကို မြင်ရတာ သက်နွယ် နှလုံးသားထဲမှာ နာတယ်။

'အဲဒီမှာကြည့်လိုက် သက်နွယ်၊ အဲဒါ မင်း ငါ့ကို လှလှပပလေး ပေးလိုက်တဲ့ လက်ဆောင်ပေါ့'

မောင်ပစ်ပေးတဲ့ စာရွက်တစ်ရွက် သက်နွယ်ရှေ့ကို လွင့်ကျလာတယ်။ တုန်ယင်တဲ့ လက်အစုံနဲ့ ကောက်ယူ ဖတ်လိုက်တဲ့အချိန်မှာ ကမ္ဘာတစ်ခြမ်း မှောင်မိုက်သွားခဲ့တယ်။

❑

၅။

မောင် အရမ်းပိန်သွားတယ်။ အရင်လို နုဖျိုစိုလက်မှုတွေ မောင့်ဆီမှာ မတွေ့ရတော့ဘူး။ မောင့်မျက်ဝန်းကလည်း ဖျော့တော့လို့။ စူးစိုက်ကြည့်လိုက်တဲ့ မောင့်အကြည့်တွေကလည်း ရှမ်းလို့နေခဲ့ပြီ။ မောင့်ကို ဒီလိုပုံစံမျိုးနဲ့ မြင်ရတာ နှလုံးသားထဲမှာ နာတယ်။

www.burmeseclassic.com

'မင်း ဘာလာလုပ်တာလဲ သက်နွယ်'

မောင့် အသံ တွေ က အရင်လို တင်းမာနေဆဲ။ သက်နွယ်လက်ထဲမှာ အမှန်တရားတစ်ခုကို ဆုပ်ကိုင်လာခဲ့တယ်မောင်။ မောင့်ရဲ့ သံသယတွေ အမုန်းတွေကို ချေဖျက်နိုင်မယ့် အမှန်တရားတစ်ခုပေါ့။ ဒါပေမဲ့ အဲဒီအမှန်တရားက မောင့်အတွက် ခါးသီးနေလေမလား။

'ရော့ မောင်၊ ဒါကို မောင့်အပေါ် မြတ်နိုးခဲ့တဲ့ သက်နွယ်ရဲ့ အမှန်တရားတစ်ခုအဖြစ် လက်ခံပေးပါမောင်'

သက်နွယ့်လက်ထဲက စာရွက်က မောင့်လက်ထဲ ရောက်သွားခဲ့ပြီ။ စာရွက်ကို မောင်ကြည့်နေတဲ့အချိန်မှာ သက်နွယ် မျက်နှာလွှဲထားခဲ့တယ်။ မောင့်မျက်နှာပေါ်က အရိပ်အယောင်တွေကို မဖမ်းဆုပ်ချင်တော့ဘူး။ မောင်နောင်တရမှုကို သက်နွယ်မကြည့်ရက်ဘူးကွယ်။

'သက်နွယ်...'

မောင့်နှုတ်ဖျားက ထွက်ကျလာတဲ့နာမည်က သက်နွယ်တဲ့လား။ နူးညံ့လွန်းတယ်မောင်။ မောင့်ရဲ့ခေါ်သံကို ကြားရတာနဲ့တင် သက်နွယ်မျက်ဝန်းမှာ မျက်ရည်တွေ တာကျိုးခဲ့ရပြီ။

'ကိုယ့်ဘဝမှာ လေးစားစရာအကောင်းဆုံး မိန်းမတစ်ယောက်နဲ့ ဆုံခဲ့ရတဲ့အတွက် သေပျော်ပါပြီ သက်နွယ်၊ မင်းထွက်သွားပါတော့'

နောက်ဆုံးတော့လည်း သက်နွယ်က အရှုံးနဲ့ ရင်ဆိုင်ရတာပါပဲလား မောင်။ သက်

**ဒီဘဝမှာတော့ ကတ္တီပါဖိနပ်စီးခွင့် မရသလို ရွှေထီးလည်း မဆောင်းခဲ့ရဘူး ဒါပေမဲ့ အမေ့ကို နောက်ဆုံး ထွက်သက် မတိုင်ခင် ကျေနပ် လောက်အောင် ပြုစုခွင့်ရခဲ့ပြီး မောင့်ကို ချစ်ခွင့်လေး ရခဲ့တာနဲ့တင် သက်နွယ် လူဖြစ်ရကျိုး နပ်ပြီလို့ မှတ်ယူလိုက်ပါပြီ မောင်**

နွယ် ဘယ်လိုပဲ မှန်နေပါစေ မောင့်အနားမှာမှ နေခွင့်မရှိတော့တာပဲလေ။ မောင်က သက်နွယ်ဘဝရဲ့ အချစ်ဆုံးနဲ့ အချစ်ဦးပါပဲမောင်ရယ်။

'နောက်ဆုံးအနေနဲ့ နမ်းခွင့်ပြုပါလား မောင်'

မောင် ခေါင်းမညိတ်ဘူး။ ဒါပေမဲ့ သက်နွယ်ရဲ့ ခြေလှမ်းတွေက ညင်သာစွာနဲ့ မောင့်အနား ရောက်သွားခဲ့တယ်။ မောင့်ရဲ့ ပါးပြင်လေးကို ခပ်ဖွဖွကိုင်တော့ မောင့်နှုတ်ခမ်းဖျားလေး တုန်ယင်သွားတယ်။ သက်နွယ် မျက်လုံးကိုမှိတ်ပြီး မောင့်နဖူးကို မြတ်မြတ်နိုးနိုး နမ်းရှိုက်လိုက်တယ်။ မောင် တွန့်ခနဲ ဖြစ်သွားပေမဲ့ သက်နွယ်ရဲ့ အနမ်းက ဟန်ချက်မပျက်ခဲ့ဘူး။

အရင်က ပြောခဲ့ဖူးတာကို မောင်မှတ်မိမှာပါ။ ပါးကိုနမ်းတာက ချစ်လို့၊ နှုတ်ခမ်းကိုနမ်းတာက ပိုင်ဆိုင်ချင်လို့။ နဖူးကိုနမ်းတာကတော့ မြတ်နိုးတန်ဖိုးထားလို့တဲ့။ အခုချိန်ထိ မောင့်ကို မြတ်နိုးတန်ဖိုးထားဆဲဆိုတာ မောင့်နဖူးပေါ်မှာ ဖြစ်တည်ခဲ့တဲ့ အနမ်းက သက်သေပါပဲမောင်ရယ်။

မောင့် ကိုနမ်းပြီးတဲ့ အချိန်မှာ သက်နွယ် အကြည့်က တဆတ်ဆတ်တုန်နေတဲ့ မောင့်လက်ဆီ ရောက်သွားတယ်။ သက်နွယ်ပေးထားတဲ့ ဆေးစစ်ချက်စာရွက်လေးကဖြင့် မောင့်လက်ထဲမှာ နွမ်းကြေလို့နေခဲ့ပြီပဲ။

အဲဒီစာရွက်ထဲက အမှန်တရားကို မြင်တယ်မဟုတ်လား မောင်။ HIV Negative တဲ့။ ဒီလောက်ဆို မောင့်ဆီမှာ အမြစ်တွယ်နေတဲ့ ရောဂါဆိုးရဲ့ မြစ်ဖျားခံရာကို သိရောပေါ့။ ဒီအလုပ်ကို လုပ်နေခဲ့ပေမဲ့ သက်နွယ် ကိုယ့်ကိုယ်ကို အမြဲကာကွယ်ခဲ့သူပါ။ သုံးလတစ်ခါ ဆေးစစ်ပြီး ဒီရောဂါဆိုးကင်းရှင်းကြောင်း အတိအကျသိခဲ့ပြီးမှ မောင့်ရင်ခွင်ထဲ ခိုဝင်ခဲ့တာပါ။

လူ တစ် ယောက် ရဲ့ ကိုယ်ကျင့်တရားဆိုတာကို မောင် လက်တွေ့သိပြီမဟုတ်လား။ အထက်တန်းအလွှာက ဂုဏ်သရေရှိတဲ့သူတိုင်း မသန့်စင်ဘူးဆိုတာ မောင် လက်ခံပြီမဟုတ်လား။ သူတို့ကျတော့ ပတ်ဝန်းကျင်မှာ အနံ့မထွက်အောင် ငွေကြေးပကာသနတွေနဲ့ ဖုံးလွှမ်းထားနိုင်ခဲ့တာပေါ့ မောင်။

သက်နွယ်တို့ကျတော့ ကိုယ့်ကိုယ်ကို ကာကွယ်စရာဆိုလို့ အရည်သွေးမြင့်တဲ့ ကွန်ဒုံးတွေပဲရှိတာပါ။ အလုပ်တွေအများကြီးထဲက ဒီအလုပ်ကိုမှ ရွေးလုပ်ရသလားလို့ ပါးစပ်ဖျားက မဲ့ရွဲ့ပြီးပြောတဲ့သူတွေကို သက်နွယ် မရှင်းပြချင်တော့ပါဘူး။ မောင့် တစ်ယောက်တည်းကိုပဲ နောက်ဆုံးအနေနဲ့ ရှင်းပြခဲ့ပါရစေ။

ဘယ်မိန်းမက ကလက်တက်တက်ဝတ်စားပြီး ကိုယ့်ဘဝကို အနင်းခံချင်မလဲ မောင်။ ငွေပေးပြီး သွန်လိုသွန်မှောက်လိုမှောက် ပြုသမျှ အနုခံရအောင် မာနမရှိတဲ့သူ ဖြစ်ချင်မလဲ။ ပြီးတော့ ပတ်ဝန်းကျင်မှာ အညှီနံ့ထွက်အောင် ဘယ်နေချင်ပါ့မလဲ။ ကိုယ့်ကို အော့အန်စရာကောင်းတဲ့ အကြည့်နဲ့ ကြည့်နေကြတာကိုလည်း ဘယ်ရင်ဆိုင်ချင်ပါ့မလဲ မောင်။

သက်နွယ်လည်း ကတ္တီပါ ဖိနပ်စီးပြီး ရွှေထီး ဆောင်းချင်တာပေါ့ မောင်။ ဒီဘဝမှာတော့ ကတ္တီပါဖိနပ်စီးခွင့် မရသလို ရွှေထီးလည်း မဆောင်းခဲ့ရဘူး။ ဒါပေမဲ့ အမေ့ကို နောက်ဆုံးထွက်သက်မတိုင်ခင် ကျေနပ်လောက်အောင် ပြုစုခွင့်ရခဲ့ပြီး မောင့်ကို ချစ်ခွင့်လေးရခဲ့တာနဲ့တင် သက်နွယ် လူဖြစ်ရကျိုးနပ်ပြီလို့ မှတ်ယူလိုက်ပါပြီ မောင်ရယ်။ ■

နတ်ရဲ၊ဝေဗေဒ၊



www.burmeseclassic.com


www.burmeseclassic.com





တန်ဖိုး–၃၀၀၀ကျပ်



တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၂၅၀၀ကျပ်

ထုတ်လုပ်ဖြန့်ချိရေး

**အလင်းသစ်စာပေတိုက်**

အမှတ် ၁၇/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၈၇ ၀၃၈၄၈၊ ၀၉ ၅၄ ၀၀၃၀၂

www.burmeseclassic.com

www.burmeseclassic.com

# ရသစိုက်ပျိုးရေး တာတမ်း

ငြိမ်းမင်း

*(ယခင်လမှအဆက်...)*

ဆရာ တက္ကသိုလ်ဘုန်းနိုင် ပြောတဲ့ ရသစာပေရဲ့ အနှစ်ချုပ်ဂုဏ်အင်တွေကတော့-

*(၁) ခံစားမှုစည်းစိမ်ပေးနိုင်ခြင်း*

*(၂) အသိအမြင် ထက်မြက်စေခြင်း (ပတ်ဝန်းကျင်+အရွတ္တ)*

*(၃) မှန်ကန်သော လောကအမြင် ရှိစေခြင်းတို့ ဖြစ်ပါတယ်။*

ဆရာကြီး မင်းသုဝဏ်ရဲ့ ရသစာပေအမြင်တွေကိုတော့ သူ့ရဲ့ကဗျာအသုံးဝင်ပုံနှင့် ကဗျာအဖွင့်ဆောင်းပါး[၁] မှာ တွေ့နိုင်ပါတယ်။

ကဗျာဆိုတာ ရသစာပေစစ်စစ် ဖြစ်ပါတယ်။ ဆရာ မင်းသုဝဏ်က-

*...'ကဗျာသည် ကျွန်ုပ်တို့၏ အာရုံများကို ထက်မြက်အောင် သွေးချွန်ပေး၍ လောကကို သဘောပေါက်နားလည်အောင် ကူညီပေးပြီး ဘဝကို အထူးအာရုံပြုနိုင်အောင် ဆောင်ရွက်ပေးတတ်သည်'* လို့ အတိအလင်း ဖွင့်ဆိုထားပါတယ်။

ကဗျာရဲ့ အဓိကအသုံးဝင်ချက်တွေကို ဖော်ကျူးထားတာလည်း အလွန်ထိမိပါတယ်။

- *ကဗျာသည် ခံစားမှုကို အခြေပြု၍ လောကအကြောင်းကို ဟောပြောသည်။*
- *ကျွန်ုပ်တို့၏ မြင်မှု၊ ကြားမှု၊ အနံ့ခံမှု၊ အရသာခံမှု၊ တွေ့သိမှုဆိုင်ရာ အာရုံတို့ကို ထက်ချွန်စေသည်။*
- *ဘဝအတွေ့အကြုံတို့ကို ပိုမိုထက်မြက်ပြည့်ဝစွာ ခံစားတတ်စေသည်။*
- *စိတ်ကူးဉာဏ်ကို ပိုမို ထက်သန် ကျယ်ပြန့်စေသည်။*
- *မှတ်ဉာဏ် ဘဏ္ဍာတိုက်ကို ထာဝစဉ်ဖြည့်တင်းပေးသည်။*
- *ကဗျာကောင်းတို့သည်ကား ဘဝအတွင်းသဘောကို နှိုက်ထုတ်ဖွဲ့ဆို ဖော်စွမ်းနိုင်ရည် ရှိသည်။*
- *ကဗျာသည် ဘဝ၏ အပြင်ရေးကိုရော အတွင်းရေးကိုပါ ထွန်းပြနိုင်စွမ်းရှိသည်။*

*ဤနည်းဖြင့် ကျွန်ုပ်တို့သည် လောကအကြောင်းကို အတွင်းအပြင် နက်နက်နဲနဲ သဘောပေါက်နားလည်၍ လောကကို မြတ်နိုးကြင်နာတတ်လာအောင် ကဗျာက ကူညီသင်ကြားပေးလျက်ရှိ၏။*

ဒီလောက်ဆိုရင် ရသဆိုတာ ဘာလဲ၊ ရသစာပေဆိုတာ ဘာလဲ ဆိုတဲ့ ကောက်ကြောင်းကို ခြေရာခံမိလောက်ပါပြီ။

ဒီနေ့ လူငယ်တွေဟာ ရသစာပေအပေါ်မှာ ဘယ်လို မြင်နေလဲဆိုတာကို ဆက်ပြီး ဆွေးနွေးချင်ပါတယ်။ အဲဒီမှာ မောင်ခင်မင်(ဓနုဖြူ)ရဲ့ အမှာစာတစ်ခုကို တင်ပြလိုက်ချင်ပါတယ်။

*လူငယ် နှင့် ရသ*

- *လူငယ်များသည် တစ်ဖက်တွင် ခေတ်နှင့်အညီ သိမှတ်အပ်သည့် သုတအမျိုးမျိုးကို ကျောင်းအတွက်၊ လုပ်ငန်းခွင်အတွက် ဟူသော လိုအပ်ချက်အမျိုးမျိုးအရ အမောတကော ရှာဖွေဆည်းပူးကြသည် မှန်ပါ၏။*

*ထိုသို့ သုတရှာသည့်ဘက်မှာ အားသန်ပြီး အကျင့်ပါနေသောကြောင့်လားတော့ မသိပါ။ သူတို့နှလုံးသားကလေးများသည် ရသခံစားမှုနှင့် 'စိမ်း'နေတတ်ကြပါသည်။ ဝတ္ထုဖတ်လျှင်၊ ကဗျာဖတ်လျှင် ဝတ္ထုထဲက၊ ကဗျာထဲက အချက်အလက်ဆီသို့သာ အာရုံရောက်သည်။*

*မှတ်စုထုတ်သလို အချက်အလက်တွေ မှတ်မိဖို့သာ အာရုံရောက်သည်။*

*ထိုဝတ္ထု၊ ထိုကဗျာကို ဦးနှောက်နှင့်သာ မှတ်တတ်ကြသည်။ ရင်နှင့် မခံစားတတ်ကြ။*

*'ဘာကို'ရေးထားသည် ဆိုသည့်ဘက်ကို အာရုံရောက်သည်။*

*'ဘယ်လို'ရေးထားသည် ဆိုသည့်ဘက်ကို အာရုံ မရောက်ကြ။ ရသ မခံစားတတ်ကြ။*

*သည်တော့ သူတို့နှလုံးသားကလေးတွေက ချစ်စရာတွေ့လို့မှ ချစ်ရကောင်းမှန်း မသိ။*

*သနားစရာတွေ့လို့မှ သနားစရာကောင်းမှန်းမသိ။*

---

*(၁) မင်းသုဝဏ်- ကဗျာစာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ။ စာမျက်နှာ ၁၆။*



www.burmeseclassic.com

www.burmeseclassic.com

*ရှိင်းပျနေတတ်ကြသည်။*

*ရသမြောက် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားသည့် စာမျိုးကို 'လျှာရှည်တယ်'ဟူသော စကားဖြင့် ရှိင်းရှိင်းပျပျ တုံ့ပြန်တတ်ကြသည်။ သနားစရာဖြစ်ရပ်ကို ဟားတိုက်ရယ်ချင် ရယ်တတ်ကြသည်။'*(၂)

ကဲ… အဲဒီအမှာစာကို ဖတ်ရင် ဝတ္ထုကို မဖတ်ဘဲ ဇာတ်လမ်းကို ဖတ်နေတဲ့သူတွေ၊ သီချင်းနားမထောင်ဘဲ သံစဉ်ပဲနားထောင်နေတဲ့သူတွေဟာ အာရုံစူးစိုက်မှု(Concentration) တစ်ခြမ်းပဲ့နေတဲ့သူတွေဆိုတာ နားလည်လာမယ်။ မျက်လုံးနှစ်ဖက်ရှိပေမဲ့ အာရုံစူးစိုက်မှု နည်းရင် မျက်လုံးတစ်လုံးတည်း သုံးနေတာနဲ့ အတူတူပါပဲ။

တကယ်တော့ 'ရသ'ဆိုတာ တစ်ခြမ်းဖဲ့ပြီး ခံစားလို့ရတဲ့အရာ မဟုတ်ပါဘူး။ ခံစားတတ်ရင် ရင်နှင့်အမျှ အပြည့်အဝရရှိမှာ ဖြစ်ပါတယ်။ စိတ်အင်အား အပြည့်အဝသုံးတဲ့ အလေ့အထကောင်းကို ရသစာပေနဲ့ ကျင့်ယူရတာပါ။ အခုဆိုရင် လူငယ်တွေရဲ့ အလွဲလေးကို သတိထားမိသွားပြီ ထင်ပါတယ်။

ရသစာပေဟာ–

ချစ်သင့်သည်ကို ချစ်တတ်အောင်၊

မုန်းသင့်သည်ကို မုန်းတတ်အောင်၊

ချီးကျူးထိုက်သည်ကို ချီးကျူးတတ်အောင်၊

သနားထိုက်သူကို သနားတတ်အောင်

ရသစာပေက လေ့ကျင့်ပေးတယ်ဆိုတာ ထင်ရှားလာပါတယ်။

ဒီနေ့ခေတ်မှာ ချစ်သင့်သည်ကို မချစ်တတ်သော၊

မုန်းသင့်သည်ကို မမုန်းတတ်သော သူတွေ များပြားနေတာကို သတိပြုမိရင် ရသစာပေ၏ တန်ဖိုးကို ပိုပြီး သိမြင်လာပါလိမ့်မယ်။

ဒီနေ့ခေတ် လူငယ်အများစု စံပြုထားတာတွေဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုနဲ့ လွဲချော်နေတာကို သတိပြုရပါမယ်။

ကမ္ဘာ့စာပေအညွှန်းကို ပြုစုခဲ့တဲ့ ဆရာ မောင်ထင်က ဒီလိုပြောပါတယ်။

*'မိမိအကြောင်းကို မိမိမသိ*

*သူတစ်ပါးအကြောင်းသာ မိမိသိလျှင်*

*မိမိသည် မိမိမဟုတ်*

*သူတစ်ပါးသာလျှင် ဖြစ်ချေမည်'*

ထို့ကြောင့် မိမိအကြောင်း မိမိ သိဖို့ဆိုသည်မှာ ပထမအခြေခံ ဖြစ်ရမည်။

*…'ကမ္ဘာ့ဗဟုသုတ ကြွယ်ဝစေရန် အခြေခံမှာ*

*မြန်မာမှုဗဟုသုတ ကြွယ်ဝခြင်းက အစပြုရလိမ့်မည်'*

အဲသလို အမှာရေးထားပါတယ်။ ဆိုလိုတာကတော့ မြန်မာလူငယ်တွေ ကမ္ဘာကျော်ဖို့အရေးမှာ ကမ္ဘာ့အကြောင်းကို အရင်သိဖို့ထက်၊ မြန်မာ့အကြောင်းကို အရင်သိအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု တန်ဖိုးထားခြင်းမှသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို မြတ်နိုးတန်ဖိုးထားတဲ့ မျိုးချစ်စိတ်ကို ထူထောင်သွားရမှာ ဖြစ်ပါတယ်။

ကမ္ဘာက သိတဲ့ ကမ္ဘာ့ဆန်တဲ့ ပန်းချီတွေရေးတဲ့ ဆရာခင်မောင်ရင်(ဗိသုကာ)က ပြောဖူးတာလည်း ရှိတယ်။

*…(နှစ်ပေါင်း သုံးလေးဆယ်အတွင်း)*

*မိမိယဉ်ကျေးမှုကို မိမိအနုပညာဟု တန်ဖိုးမထားတတ်ဘဲ မချစ်မြတ်နိုးဘဲ ဖြစ်လာရ၏။*

*အကြောင်းကား ပြင်ပလွှမ်းမိုးမှုက အင်အားကြီးမားသည်က တစ်ကြောင်း၊ မိမိတို့စိတ်က ပျော့ညံ့သည်က တစ်ကြောင်း ဖြစ်ချေမည်ဟု ကျွန်တော် ထင်သည်။*

*ပြင်ပလွှမ်းမိုးမှုသည် မကောင်းဟု မဆိုပါ။*

*သို့သော် မိမိတို့၏ ကိုယ်ပိုင်အနုပညာ အရိပ်အာဝါသအောက်မှ လွတ်ထွက်ပြီး ပြင်ပလွှမ်းမိုးမှု၏ အောက်သို့ ရောက်သွားခြင်းသည် မကောင်း။*

*မြဝတီမင်းကြီး၏ တေးသီချင်းအတိုင်း၊*

*ဆရာချို၏ ပန်းချီပုံစံများအတိုင်း သီကုံးရေးဆွဲရန် ဆိုလိုသည်မဟုတ်။*

*သူတို့သည်ပင်လျှင် ပြင်ပလွှမ်းမိုးမှု ဒဏ်ကို ခံခဲ့ရ၏။*

*သို့သော် ထိုလွှမ်းမိုးမှုဒဏ်ကို ဖောက်ထွက်ကျော်လွှားပြီး မိမိတို့၏ ကိုယ်ပိုင်အနုပညာစွမ်းအင်ကို ဖော်ထုတ်နိုင်ခဲ့၏။'*(၃)

ဆရာ ခင်မောင်ရင်ရဲ့ အမြင်ကျယ်ကျယ်၊ ဓမ္မဓိဋ္ဌာန်ကျကျ ရေးထားတဲ့ အနုပညာစံ ဖြစ်ပါတယ်။ အဲဒီ အနုပညာစံဟာ 'ရသစာပေ'စိုက်ပျိုးရေးအတွက် ကောင်းကောင်း လမ်းညွှန်မှုပေးနိုင်ပါတယ်။

မြန်မာလူမျိုးတွေနဲ့ အံဝင်ခွင်ကျအဖြစ်ဆုံး အနုပညာရသစာပေက မြန်မာပြည်ထဲမှာပဲ ရှိတယ်။ မြန်မာတွေပဲ ဖန်တီးနိုင်တယ်။

မြန်မာ့တန်ဖိုးကို မြန်မာ့ဂုဏ်ဝင်နဲ့သာ မြှင့်တင်နိုင်မယ်ဆိုတဲ့ လမ်းကြောင်းတွေကို ညွှန်ပြနေပါတယ်။

မြန်မာ့နှလုံးသားတွေထဲမှာ ကိန်းအောင်းနေတဲ့ မြန်မာမှုရသပညာကို လမ်းညွှန်ခဲ့တဲ့ ပညာရှင်တစ်ဦးလည်း ရှိပါသေးတယ်။ သူက ဆရာ ဇေယျပါ။

ဆရာ ဇေယျရဲ့ ရသဖွင့်ဆိုချက်တွေဟာ မြန်မာမှုကို အခြေခံတာမို့ မြန်မာတိုင်း နားလည်လွယ်ပါတယ်။

'ဆားဆိုတာ ဟင်းလျာရဲ့ အချုပ်ဖြစ်သလို ရသဆိုတာ အနုပညာရဲ့ အချုပ်ဖြစ်တယ်'လို့ ဆရာ ဇေယျက ဆိုပါတယ်။

*ရသသည် အနုပညာ၏ အချုပ်ဖြစ်သည်။*

---

*(၂) တက္ကသိုလ်ဘုန်းနိုင်၊ ခပ်သိမ်း ကလျာ၊ ရွှယ်သာတည်း။ အမှာစာ၊ မောင်ခင်ခင်(မုံရွာ)ရေးသည်။*

*(၃) ခင်မောင်ရင်၊ ဇော်ဇော်အောင်-အနုပညာစံ စာမျက်နှာ ၂၀။*



www.burmeseclassic.com

www.burmeseclassic.com

*- အနုပညာရှင်တို့သည် အနုပညာလက်ရာများ၌ ရသကို ထည့်သွင်းရမည်။*

*- အနုပညာခံစားသူ(ပရိသတ်)တို့က ဖတ်သောစာ၊ ကြည့်သော ပန်းချီ၊ ပန်းပု၊ ဓာတ်သဘင်တို့၌ ပါရှိသော 'ရသ'ကို ခံစားတတ်ကြရမည်။*

ဆရာဇေယျရဲ့ ရသဖွင့်ဆိုချက်ဟာ အလွန်ရိုးရှင်းလှပါတယ်။ အဲဒီ ရသဆိုတဲ့အလှကြောင့် အကျည်းတန်မှုတွေဟာ လွင့်စဉ်ပျောက်ကွယ်သွားနိုင်တဲ့အကြောင်းကို ဆရာက ဆက်ပြီးတင်ပြပါတယ်။ ရသကြောင့် လောကကြီး ပိုလှလာနိုင်တယ်ဆိုတဲ့ အကြောင်းပါ။

*- လူတို့စိတ်သည် သဘာဝအားဖြင့် အလွန် ကြမ်းတမ်းသည်။*
*ထိုကြမ်းတမ်းသောစိတ်ကို သဘာဝ၌ရှိသော အလှအပကလေးများက နူးညံ့ယဉ်ကျေးစေသည်။*
*သဘာဝ အလှအပကလေးများ ဆိုရာ၌ တောခန်း၊ တောင်ခန်း၊ မိုးမြေရေ စသော သဘာဝရှိ အလှအပများသာမက စာပေ၊ ပန်းချီ၊ ပန်းပု၊ ဓာတ်သဘင် စသည့် အနုပညာရပ်များရှိ အလှအပများလည်း အကျုံးဝင်သည်။*
*ထိုသဘာဝ အလှအပကလေးများကို ပညာရှိများက 'ရသ'ဟု ခေါ်ဆိုကြသည်။*
*ထို'ရသ'တို့သည် လူတို့အား ကြမ်းတမ်းရိုင်းပျသောဘဝမှ ယဉ်ကျေးသိမ်မွေ့သောဘဝကိုရောက်အောင် ပို့ဆောင်ပေးသည်။ [၄]*

*ကိုကြားရ၍ ဓားပြမတိုက်ဖြစ်တော့ဘဲ အေးချမ်းသွားသောဖြစ်ရပ်များလည်း အမြောက်အမြား ရှိသည်။ တစ်ကမ္ဘာလုံးကို ဝါးစားချင်လောက်အောင် အသည်းနှလုံးထဲသို့ အမိုက်မှောင်ကြီး တိုးဝင်လာခိုက် ဖြူဖွေးသောတိမ်တိုက်ကလေးကို မြင်မိသဖြင့် အလင်းရောင်ရရှိသွားသော ဖြစ်ရပ်များလည်း အမြောက်အမြား ရှိသည်။*
*ထို့ကြောင့် ပညာရှိတို့သည် 'ရသ'ကို အထူးအလေးပေးကြသည်။*

ဆရာ ဇေယျ၏ အမြင်၌

*'ကဗျာ၊ ဝတ္ထု၊ ပန်းပု၊ ပန်းချီ၊ တေးဂီတ၊ ဓာတ်သဘင် စသည် အနုပညာရပ်တို့သည် ပစ္စည်းချင်း အသုံးချပုံချင်း၊ နည်းနာချင်း တစ်မျိုးနှင့်တစ်မျိုး ခြားနားနေကြသော်လည်း 'ရသ'အရာ၌ကား တစ်မျိုးတည်းသာ ဖြစ်သည်။ ကာလိဒါသ သကုန္တလာပြဇာတ်၊ မေဃဒူတ ကဗျာ၌ပါသော'ရသ'၊ အဂျန္တလိုဏ်ဂူများ၌ နှစ် ၁၀၀၀ က ရေးခဲ့သော နံရံပန်းချီ၌ပါသော 'ရသ'၊ သီရိမွှောသောကမင်းကြီးလက်ထက် ပန်းတမော့ ကျောက်ဆစ်ကျောက်သားနိပါတ်တော်ပုံများ၌ပါသော 'ရသ'၊ အတူတူပင် ဖြစ်သည်။*

ဆရာ ဇေယျရဲ့ ရသပညာအကြောင်းကို ဆရာ မြဝင်း(ဒဿန)က မှတ်ချက်ပြုတင်ပြထားတာပါ။ ဒီတင်ပြချက်မှာ ရသရဲ့ တန်ဖိုး၊ ရသရဲ့ အကျိုးကျေးဇူးကို ထင်ထင်လင်းလင်း တွေ့နိုင်ပါတယ်။

ရသစာပေ အပါအဝင် ကိုယ်ပိုင်ယဉ်ကျေးမှုတွေကို ထိန်းသိမ်းတည်ဆောက်ပြီး ပွားစည်အောင် လုပ်နိုင်ခဲ့တဲ့ အတွက် အင်အားကြီး နိုင်ငံနှစ်ခုကြားမှာ ရှိနေတာတောင် ယဉ်ကျေးမှု ဝါးမျိုမခံခဲ့ရဘူး သီးခြား ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်အချုပ်အခြာအာဏာကို တည်ထောင်ရပ်တည် နေနိုင်ခဲ့တယ်

မြန်မာစာပေ အနုပညာရှင်အတော်များများက ရသစာပေရဲ့တန်ဖိုးကို ကောင်းစွာသိရှိကြပြီး သူတို့သိသလို ပြည်သူလည်းသိအောင် ရေးသား တင်ပြခဲ့ပါတယ်။ ဒီလိုဆိုရင် ရသစာပေဟာ ပြည်သူ့နှလုံးသားထဲမှာ ချောချောမွေ့မွေ့ စီးဆင်းနေပြီလားလို့မေးစရာရှိလာပါတယ်။

*- ကမ္ဘာလောကကြီးသည် လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းလျက်ရှိသည်။*
*ကြမ်းကြုတ်ရိုင်းပျသောစိတ်များ တခြောင်းခြောင်း ထကာ တစ်ဦးကိုတစ်ဦး သတ်ဖြတ်နေကြသည်။*
*သို့ဖြစ်သော်လည်း ချိုးကူသံကလေးကို ကြားလိုက်ရသဖြင့် လက်တွင်ကိုင်ထားသော ဓားကိုချကာ မသတ်ဖြစ်တော့ဘဲ အေးချမ်းသွားသောဖြစ်ရပ်များသည် အမြောက်အမြားရှိသည်။ ဓားပြတိုက်မည်ဟု အသွားလမ်းတွင် ယာထဲက ရွတ်ဆိုလိုက်သော ဘုရားရှိခိုးသံ*

ပုဂံခေတ်ကစပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် ဆိုတဲ့ ခေတ်အဆက်ဆက်မှာ ရသစာပေသူရဲကောင်းများစွာ ပေါ်ထွန်းခဲ့သလို ရသစာပေစိုက်ပျိုးခင်းတွေကလည်း စိမ်းစိုဝေလွင်နေခဲ့တယ်။ ရသစာပေ အပါအဝင် ကိုယ်ပိုင်ယဉ်ကျေးမှုတွေကို ထိန်းသိမ်းတည်ဆောက်ပြီး ပွားစည်အောင်လုပ်နိုင်ခဲ့တဲ့အတွက် အင်အားကြီးနိုင်ငံနှစ်ခုကြားမှာရှိနေတာတောင် ယဉ်ကျေးမှု ဝါးမျိုမခံခဲ့ရဘူး။ သီးခြားကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်အချုပ်အခြာအာဏာကို တည်ထောင်ရပ်တည်နေနိုင်ခဲ့တယ်။ ပုဂံကိုကြည့်ရင်၊ ပုဂံမှာစိုက်ထူခဲ့

*၄။ မြဝင်း(ဒဿန)၊ ဇေယျ၏ ရသပညာ၊ စာမျက်နှာ (၈)။*



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကျောက်ချပ်တွေကိုကြည့်ရင် မြန်မာဟာ ယဉ်ကျေးမှုအဆင့် မနိမ့်တာကို အားလုံးလက်ခံနိုင်ကြတယ်။ ရာသီဥတုဒဏ်ကို ခံနိုင်တဲ့ ကျောက်စာတွေက အရေးအသားတွေကြည့်ရင် မြန်မာ ဘာသာစကားနဲ့ စာပေယဉ်ကျေးမှုဟာ အရှိန်ရနေပြီဆိုတာ ငြင်းမရပါဘူး။ အရေအတွက် အများကြီးရှာမတွေ့ပေမဲ့ တွေ့တဲ့ 'မြကန်သာ' ကဗျာ၊ ပုပ္ပါးနတ်တောင်ဘွဲ့၊ အနန္တသူရိယတို့ရဲ့ ကဗျာဟာ ရသစာပေရဲ့ မှတ်ကျောက်အတင်ခံတွေ ဖြစ်ခဲ့ တယ်။ တွေ့ရှိသမျှထဲမှာ အစောဆုံးဆိုတဲ့ 'မြကန်သာ'ကဗျာ ကို လေ့လာကြည့်ရအောင်။

*'မြကန်သာ*

*တောင်ကျချောင်းတေး*

*ရေဝင်ပြေးလျှည့်၊ ရေအေးကြည်စွာ*

*ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ*

*ငှက်မျိုးစုံသည်*

*ဘုံဝတိန်က၊ နန္ဒာလော*

*တူစွဟုတ္တာ'*

ဒီကဗျာလေးဟာ ပုဂံခေတ် အနှစ် ၁၀၀၀ လောက်က ရေးဖွဲ့ခဲ့တာဖြစ်ပေမဲ့ ခက်ခဲနက်နဲတဲ့ စာလုံးမပါဝင်ဘူး။ ရိုးရိုး ရှင်းရှင်းလေး ရေးထားတာမို့ ဖတ်သူတိုင်း အလွယ်တကူ နားလည်နိုင်တယ်။ နားလည်မှုကတစ်ဆင့် ကဗျာအတွေး ပေါက်အောင် ဆင်ခြင်ကြည့်ဖို့ ကောင်းတယ်။

မြကန်ဟာ သာယာတယ်လို့ ပြောထားတယ်။

ဘာကြောင့် သာယာတာလဲ။ ဘယ်ကဖြစ်လာလို့ သာ ယာတာလဲလို့ စဉ်းစားမိတယ်။ တောင်ကျချောင်းရေတွေ ကြောင့်ပါတဲ့။

စဉ်းစားခြင်း ပြတင်းပေါက်ကို ဆက်ဖွင့်ကြည့်ရအောင်။

တောင်ကျချောင်းရေတွေဟာ မြကန်ထဲမှာ ဝင်ပြေးပြီး လှည့်လည်စုန်ပေါက်နေကြတယ်။ တောင်ကျချောင်းဆိုတာ သဘာဝအတိုင်းဖြစ်တာ။ လူသားဖန်တီးထားတာ မဟုတ်ဘူး။ ဒါပေမဲ့ အလျားလိုက်စီးနေတဲ့ ချောင်းရေဟာ ခွေရစ်သွား တယ်။ လှည့်လည်ပြီး ကန်ထဲကို စီးဝင်သွားတယ်။ အဲဒီမှာ အပြောင်းအလဲတွေ ဖြစ်တယ်။

'ရေအေးကြည်စွာ'တဲ့။

တကယ်တော့ တောင်ကျချောင်းဆိုတာ အရိုင်းပါ။ စည်းမရှိ၊ ကမ်းမရှိ ဝုန်းဒိုင်းကြဲပြီး စီးတာမျိုး မဟုတ်လား။ ပြီးတော့ ချောင်းရေဆိုတာ နောက်ကျိညစ်ထေးနေတာပါ။ ခုတော့ ရေတွေက နောက်ရာက ကြည်သွားပြီ။ ဆူဝေလှုပ်ရှား ရာက အေးဆေးတည်ငြိမ်သွားပြီ။ ဘာလို့လဲ။

'ကန်ပိုင်မာလျက်'တဲ့။

ကန်ပေါင် ကန်ပိုင်ကြီးက ခိုင်ခိုင်မာမာ ရှိနေတာကိုး။

ကန်ပိုင် ကန်ပေါင်ဆိုတာ ဘယ်ကရတာလဲ။ သဘာဝက ပေးတာလား။

မဟုတ်ပါဘူး။ လူသားဖန်တီးတာပါ။ ကာယအား၊ ဉာဏအားပေါင်းထားတော့ ခိုင်မာလိုက်တာ။ ပရမ်းပတာ စီးလာတဲ့ရေတွေက ငြိမ်သက်သွားကြပြီ။ တကယ်တော့ ကန်ပေါင်ဆိုတာ လူသားရဲ့ ဖန်တီးမှုသင်္ကေတပါ။ သူ့ကြောင့် သဘာဝအတိုင်း စီးဆင်းလွင့်ပျောက်သွားမယ့်ရေတွေဟာ လို ချင်တဲ့နေရာမှာ ထိန်းသိမ်းပြီးသားဖြစ်သွားပြီ။ တောင်ကျ ချောင်းရေဟာ ကန်ပေါင်ကြောင့် လူသားသုံးချင်သလိုသုံးလို့ ရသွားပြီ။

သဘာဝပတ်ဝန်းကျင်ကို လူသားက ပြုပြင်ထိန်းသိမ်း လိုက်တာလေ။ အဲဒီအခါ ဘာတွေအကျိုးဆက်လာသလဲ။

'ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်'တဲ့။

ချောင်းဘဝက ကန်ဖြစ်အောင် ဖန်တီးထားတဲ့အတွက် ကန်သာလို့ ကြာပေါက်ပါတယ်။ ကြာမှ မျိုးစုံ၊ ရနံ့တွေလည်း သင်းလို့ ထုံလို့။ ဒီတော့ ကြာဝတ်ဆံလေးတွေကို စားသုံးတဲ့ ကျေးငှက်လေးတွေလည်း ရောက်လာကြတာပေါ့။ ဒါဟာ သဘာဝပတ်ဝန်းကျင် အရိုင်းကို အယဉ်ဖြစ်အောင် ထိန်းသိမ်း ပြုပြင်တဲ့ အကျိုးဆက်တွေပါ။ တစ်နည်းအားဖြင့် သဘာဝကို စောင့်ရှောက်တဲ့ လူတွေကို သဘာဝက ပြန်ပြီး ဆုချတဲ့ သဘော၊ လက်ဆောင်တုံ့ပြန်တဲ့သဘောပေါ့။ သိပ်လှတာပဲ နော်။

ကဗျာရဲ့ နိဂုံးပိုင်းမှာ မဟာနန္ဒာကန်ကြီးပေလား၊ တူပါ တယ် ဟုတ်ပါတယ်၊ မဟာနန္ဒာကန်ကြီးနဲ့ ထပ်တူပါပဲ…လို့ ပြောတယ်။

အဲဒီမှတ်ချက်ကလေးကတော့ နတ်တွေကို ကိုးကွယ် ယုံကြည်မှုရှိနေတဲ့ ပုဂံသားတွေအတွက် လူသားရဲ့ ဂုဏ်ကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ပြလိုက်တာလို့ ဆိုနိုင်ပါ တယ်။ မဟာနန္ဒာကန်ဆိုတာ နတ်ပြည်မှာရှိတာ၊ နတ်သားတွေ ဖန်ဆင်းထားတာ။ မြကန်သာက ပုဂံမှာ၊ ပုဂံသား(လူသား)တွေ ဖန်တီးထားတာ။

ဒါဖြင့် ဒီကန်နှစ်ခုက အတူတူပါပဲလို့ ဖွဲ့လိုက်တာဟာ လူသား ပုဂံသားတွေမှာလည်း နတ်တွေလို ဖန်ဆင်းနိုင်တဲ့ တန်ခိုးရှိတယ်လို့ ပြောလိုက်တာပါပဲ။ ဒါက ပုဂံသားတွေအဖို့ အရဲစွန့်ပြောရတာပါ။ နတ်ကို ကိုးကွယ်နေတဲ့ခေတ် မဟုတ် လား။

လူသားဟာ နတ်တွေလိုပဲ တန်ခိုးရှိနိုင်တယ်။ ဘယ်အချိန် လဲ။ သဘာဝပတ်ဝန်းကျင် အရိုင်းကို အယဉ်ဖြစ်အောင် ထိန်း သိမ်းပြုပြင်တဲ့အခါမှာပေါ့။

ကဲ…တွေးရတာ ပျော်စရာ မကောင်းဘူးလား။

ပုဂံသားတွေရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက ခေတ်မမီဘူးလား။ ကဗျာဆိုတာ လှပတဲ့ထောင့်က တွေး ကြည့်ရင် ကြည်နူးစရာ အားရစရာ မကောင်းဘူးလား။

'ကဗျာသည် အလှ၊ အလှသည် သစ္စာ'ဆိုတဲ့ ကဗျာ စာဆိုရဲ့ အဖွင့်နဲ့ ညီညွတ်မနေဘူးလား။

အဲသလို အလှဝေဆာတဲ့ ဂန္ထဝင်မြောက်မြားစွာနဲ့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ရသစာပေဟာ ပဒေသရာစ်ခေတ်လို့ခေါ်တဲ့ ပုဂံခေတ်က ကုန်းဘောင်ခေတ်အထိ ကာလများမှာ အဆင့်မြင့်မြင့် ဖူးပွင့်တင့်တယ်ခဲ့ပါတယ်။

ဒီနေ့ခေတ်မှာ ပုဂံဘုရားတွေ ပြုပြင်တည်ဆောက်ပုံ စနစ်မကျတာတွေ မြင်တွေ့ရတိုင်း မူလတည်ဆောက်ခဲ့တဲ့ ပုဂံသားကုသိုလ်ရှင်တွေကို ရှက်ရွံ့မိပါတယ်။ မိဘထားရစ်ခဲ့တဲ့ အမွေတွေကို ကောင်းကောင်းမထိန်းနိုင်တဲ့ သားသမီးမိုက်တွေလို ဖြစ်နေတာပေါ့။

ပုဂံရဲ့ အကွက်တစ်ကွက်စာလောက် ရှိတဲ့ ထိုင်းနိုင်ငံက အယုဒ္ဓယမြို့ဟာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးတော့ ၁၇ စတုရန်းမိုင်လောက်ကျယ်ပြီး သာသနိကအဆောက်အုံ အရေအတွက် ၂၀၀၀ ကျော်ရှိတဲ့ ပုဂံပြည်ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းထဲ မရောက်သေးတာ ကျွန်တော်တို့ ညံ့ရာရောက်ပါတယ်။ ရှေးဟောင်းပစ္စည်းကို ကမ္ဘာ့အဆင့်မီ စနစ်တကျမထိန်းသိမ်းတတ်တဲ့သဘော သက်ရောက်ပါတယ်။

ဒီအတိုင်းပါပဲ။

ပုဂံက ကုန်းဘောင်အထိ ထားရစ်ခဲ့တဲ့ ရသစာပေ အမွေအနှစ်တွေဟာ တောင်ပုံရာပုံပါပဲ။ အဲဒီ ရသစာပေတွေကို ကျွန်တော်တို့ စနစ်တကျ ထိန်းသိမ်းထားနိုင်ပြီလားဆိုရင် ရှက်စရာအဖြေပဲ ထွက်ပါမယ်။

ကဲ… ကျွန်တော်တို့ ကြိုးစားကြရအောင်၊ ပြောင်းလဲကြရအောင်။

**ရသစိုက်ပျိုးရေးကို ဘယ်လို ထွန်းကားအောင်လုပ်မလဲ။**

သန်း ၅၀ ကျော်ရှိတဲ့ မြန်မာပြည်သူတွေကြားထဲမှာ 'ရသ'ဟာ ဘယ်နေရာရောက်နေပါသလဲ။ မြန်မာမိသားစုတွေကြားမှာ တစ်အိမ်တက်ဆင်း 'ရသ'ဆိုတာ ဘာလဲ၊ ရသစာပေဆိုတာ ဘယ်လိုဟာလဲလို့ မေးပြီး သုတေသနလုပ်ကြည့်ရင် ဘယ်လိုအဖြေရမယ် ထင်ပါသလဲ။

ရသသည် အနုပညာ၏ အချုပ်ဖြစ်သည်…တို့၊
ရသဆိုတာ နှစ်သက်ခြင်းပါသော ခံစားမှု…တို့၊
ရသဆိုတာ ခံစားမှုစည်းစိမ်နဲ့အတူ အသိအမြင်ထက်မြက်မှုတွေ၊ မှန်ကန်တဲ့ လောကအမြင်ရှိလာစေတယ်…တို့၊
ရသစာပေဆိုတာ ရသနှစ်သက်ခြင်းဖြစ်စေလျက် ထိုနှစ်သက်ခြင်းဂယက်ဖြင့် သဘောပေါက်နားလည်ပြီး လောကကို မြတ်နိုးကြင်နာတတ်လာအောင် ကူညီတယ်… လို့။

ရသဆိုတာ သဘာဝအလှအပတစ်မျိုးဖြစ်ပြီး ကြမ်းတမ်းရိုင်းပျသော ဘဝကို ယဉ်ကျေးသိမ်မွေ့စေတယ်… ဆိုတာတို့ဟာ စာအုပ်တွေထဲမှာပဲ အိပ်ပျော်နေပါတယ်။ လူတွေကြားထဲမှာ 'ရသ' ဆိုတာ သန်သန်မာမာ ဖူးပွင့်မနေဘူးဆိုတာ လက်မခံချင်ဘဲ လက်ခံလာရတယ်။ ကုန်ကုန်ပြောမယ်။ ကျောင်းသားတွေကြားမှာတောင် 'ရသ'ဟာ ကြည်ကြည်လင်လင် ထင်ထင်ရှားရှား မရှိတာကို တွေ့နိုင်ပါတယ်။ တကယ်တော့ ရသစာပေကို စိုက်ပျိုးရမယ့် ဘူမိနက်သန် နေရာမှန်ဟာ ပညာရေးဖြစ်ပါတယ်။ ကျောင်းပရဝဏ် ဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေရဲ့ အသည်းနှလုံး ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက ကောင်းကောင်းမတည်ဆောက်နိုင်ခဲ့တဲ့ ကျွန်ုပ်ပညာရေး။

၁၉၆၂ မှာ တကာသ အဆောက်အဦနဲ့အတူ တစ်စစီဖြစ်သွားတဲ့ ပညာရေး၊ ၁၉၈၈ ရာဇဝင်ရိုင်းခဲ့တဲ့ အရေးတော်ပုံနောက် မှန်တိုင်းမိခဲ့တဲ့ ပညာရေး၊ ခေတ်အဆက်ဆက် ပစ်စလက်ခတ်ဖြစ်ခဲ့တဲ့ ပညာရေးဥယျာဉ်ထဲမှာ ရသပန်းဟာ ဘယ်လိုမှ မပွင့်လန်းနိုင်ခဲ့ပါဘူး။

ယဉ်ကျေးမှုလှိုင်း(Wave)တွေက သိပ်သန်မာ မြန်ဆန်နေတော့ လုပ်သင့်တာတွေ မြန်မြန်မလုပ်ရင် 'မဟုတ်တာ'တွေက နိုင်သွားလိမ့်မယ်။ 'ဟုတ်တာ'အတွက် နေရာမရှိဘဲ ဖြစ်သွားမယ်။ ဒါကြောင့် ရသစာပေ ဒုက္ခသည်စခန်းတွေ အမြန်ဆောက်။ ရသ အမြန်လမ်းမကြီးတွေဖောက်။ ပြည်သူလူထု စိတ်ဒဏ်ရာတွေကို ရသစာပေ ဆေးနဲ့ ကြိုးစားကုသကြရအောင်ပါ။

ရသစာပေ စီးဝင်ရာလမ်းကြောင်းဟာ စာအုပ်စာပေတစ်ခုတည်း မဟုတ်ပါဘူး။ Visual Art ခေါ်တဲ့ 'ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဇာတ်သဘင်၊ ပြဇာတ်၊ ဂီတ'ဆိုတဲ့ လမ်းတွေကလည်း ပြည်သူ့နှလုံးသားတွေဆီ စီမ့်ဝင်နိုင်ပါတယ်။

၂၀ ရာစုကုန်တဲ့အထိပဲ မြန်မာ့ရုပ်ရှင်မှာ ဆင်ဆာနဲ့၊ မြန်မာ့စာပေမှာ စိစစ်ရေးနဲ့ ထိန်းချုပ်ပိတ်ဆို့ထားတဲ့အတွက် 'ရသစာပေ'အဝင်လမ်းတွေဟာ အပိတ်အဆို့ အဖြတ်အတောက်တွေနဲ့ မချောမွေ့ခဲ့ပါဘူး။

တကယ်တော့ တိုင်းပြည်တစ်ပြည်လုံးအတွက် ရသစာပေ အသက်ရှူပေါက်ဟာ ပညာရေးပရဝဏ်သာ ဖြစ်ပါတယ်။ အဲဒီအသက်ရှူပေါက်ပိတ်လိုက်တာနဲ့ ရသဟာ အသက်မရှင်နိုင်တော့ပါဘူး။ ရသမှန်မှန်မခံစားနိုင်တဲ့ ပြည်သူတွေဟာ စိတ်ကျန်းမာရေး မကောင်းနိုင်ကြဘူး။ အမှား၊ အမှန် မခွဲ

ဒေါက်တာ သန်းထွန်းပြောသလို 'မအ,အောင်လို့ သမိုင်းသင်တာ'ဆိုရင် သမိုင်းမသင်တဲ့အခါ လူအ,တွေ ဖြစ်ကုန်ကြတယ်။ သမိုင်းရိုပါလျက်နဲ့ သမိုင်းမသိတဲ့ လူမျိုးဖြစ်လာတယ် ရာဇဝင်ပြောင်ခဲ့တဲ့ သူရဲကောင်းတို့အကြောင်းကို တံခါးပိတ်ပစ်လိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့အာဇာနည်တွေဟာ လူငယ်ကျောင်းသားတွေနဲ့ အဝေးကြီးကို ရောက်သွားတယ်

www.burmeseclassic.com

နိုင်ဘူး။ အခွင့်အရေးပြလိုက်တာနဲ့ ကိုယ်ကျင့်တရားဆိုတာ ဘာမှမသိတော့ဘူး။ ပြည်သူလူထုကညာလို့ အလွန်လွယ်သူတွေ ဖြစ်သွားတယ်။ ပြည်သူတွေဟာ အမှားကို တွန်းလှန်ဖို့ သတ္တိတွေ ခန်းခြောက်သွားတယ်။ ဒါဟာ ရသပျောက်ခြင်းရဲ့ အကျိုးဆက်တွေပါ။

၂၁ ရာစု နိဒါန်းကစပြီး ရသစိုက်ပျိုးရေးလို့ ခေါ်တဲ့ ရသစာပေသင်ကြားရေးနဲ့ ပညာရေးကိစ္စကို ဖြန့်ကြက်ဆွေးနွေးရအောင်ပါ။ ဒါဟာ ကျွန်တော်တို့ လျှောက်ရမယ့်လမ်းအတွက် ခက်ခဲနေတဲ့ ပုစ္ဆာတွေရဲ့ အဖြေလမ်းစပါ။

ကိုလိုနီခေတ်တုန်းကလည်း မြန်မာနိုင်ငံမှာ ရသစာပေတွေဟာ အင်္ဂလိပ်အစိုးရရဲ့ မျက်စိဒေါက်ထောက်ကြည့်တာခံခဲ့ရတယ်။ ကျွန်ဖြစ်တဲ့ မြန်မာတွေဟာ တော်လှန်ရေးစိတ်ဓာတ်၊ သူပုန်စိတ်ဓာတ်ကို ရသစာပေနဲ့ စပြီး မွေးမြူလေ့ကျင့်ခဲ့ရတာပါ။

*'ရဂုံခံ ချစ်စရာတပည့်တို့မှာဖြင့်*

*ဉာ် အရုပ် သစ္စာ ကတိတွေနဲ့*

*ဂရှုန် သရဏံ ဂစ္ဆာမိ ကြပေတော့'* လို့ သခင်ကိုယ်တော်မှိုင်းနှင့် မျိုးချစ်စာဆိုတွေရဲ့ ရသစာပေ စိန်ခေါ်သံတွေကြောင့် ပြည်သူတွေဟာ နိုင်ငံရေး တစ်ရေးနိုးခဲ့ရတာပါ။

ဆရာ ဇော်ဂျီရဲ့ 'တက်လူတေးသံတွေ'၊ ဆရာ မင်းသုဝဏ် ကမ်းခဲ့တဲ့ 'သပြေညို'ကဗျာပန်းတွေနဲ့ လွတ်လပ်ရေးခရီးကြမ်း ဖြတ်သန်းခဲ့ရတာပါ။ မြန်မာလွတ်လပ်ရေးသမိုင်းမှာ ရသစာပေရဲ့ လှုံ့ဆော်စည်းရုံးမှုဟာ အရေးပါတယ်ဆိုတာ သက်သေမြောက်မြားစွာရှိပါတယ်။ (ဒီအပိုင်းမှာ ရေးစရာဆွေးနွေးစရာတွေ အလွန်ကောင်းပေမဲ့ ဒီနေ့ ရသစိုက်ပျိုးရေးအတွက်က ပိုအရေးကြီးတာမို့ ဒီလောက်ပဲ တို့ထိခွင့်ပြုပါ။)

***ရသ စိန်ခေါ်ပွဲများ***

လွတ်လပ်ရေးရပြီးနောက်...

မဆလ အစိုးရ တက်လာပြီးနောက်...

စနစ်သစ် ပညာရေး ဆိုတဲ့ ဆိုင်းဘုတ်တွေချိတ်

စ တန်းကစပြီး ဝိဇ္ဇာ သိပ္ပံ ခွဲခဲ့တယ်။

ကျောင်းသားအများစုဟာ အသစ်အဆန်းဖြစ်တဲ့ သိပ္ပံကို ယူကြတယ်။ သူနဲ့မှ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်နိုင်တယ်ဆိုတာကိုး။ အဲဒီ မက်လုံးတစ်ခုတည်းနဲ့ပဲ ဝိဇ္ဇာပညာဟာ ပညာရေးကြိုးဝိုင်းထဲမှာ အလဲထိုးခံလိုက်ရတယ်။ တကယ်က အဲဒီက စ,တာ။

ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်ဒေသအကြောင်းကို နားလည်စေပြီး တိုင်းပြည် စိုက်ပျိုးရေးအတွက် အလွန်အရေးကြီးတဲ့ 'ပထဝီဝင်'ဆိုတာ အရောင်စ,မှိန်လာတယ်။ ဒီထက်ဆိုးတာက မျိုးချစ်စိတ် ဇာတိမာန်ကို မွေးဖွားပေးတဲ့ 'သမိုင်း'ဟာ ချောင်ထိုးခံလိုက်ရတယ်။

အင်္ဂလိပ်ကိုလိုနီတွေ၊ ဂျပန်ဖက်ဆစ်တွေကို ရဲရဲတော်လှန်ဖို့ သွေးနိုးခဲ့တဲ့ ဦးဖိုးကျားရဲ့ ဇာတိမာန်သမိုင်းတွေ၊ သတင်းစာဆရာကြီး ဦးသိန်းမောင်ရဲ့ မြန်မာလူစွမ်းကောင်းများအကြောင်းတွေက ပြတိုက်ထဲ အပို့ခံလိုက်ရတယ်။

ဒေါက်တာ သန်းထွန်းပြောသလို 'မအ,အောင်လို့ သမိုင်းသင်တာ'ဆိုရင် သမိုင်းမသင်တဲ့အခါ လူအ,တွေ ဖြစ်ကုန်ကြတယ်။

သမိုင်းရှိပါလျက်နဲ့ သမိုင်းမသိတဲ့ လူမျိုးဖြစ်လာတယ်။ ရာဇဝင်ပြောင်ခဲ့တဲ့ သူရဲကောင်းတို့အကြောင်းကို တံခါးပိတ်ပစ်လိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့အာဇာနည်တွေဟာ လူငယ်ကျောင်းသားတွေနဲ့ အဝေးကြီးကို ရောက်သွားတယ်။ လူငယ်တွေဟာ သမိုင်းစံပြပုဂ္ဂိုလ်(Idol)တွေ ပျောက်သွားခဲ့တယ်။ ဒါကြောင့် ရသစာပေမွေးဖွားရာဖြစ်တဲ့ 'သမိုင်း'ကို ပြန်ထွန်းကားအောင် ကြိုးစားရမယ်လေ။ စာအုပ်သစ်တွေ မရေးနိုင်သေးခင်မှာ ဦးဖိုးကျားတို့၊ ဦးသိန်းမောင်တို့ရဲ့ ရာဇဝင်တွေနဲ့ပဲ စတင်ချီတက်သင့်ပါတယ်။ ရသစာပေနဲ့ ရာဇဝင်သမိုင်းဆိုတာ စာပေ ညီအစ်ကိုရင်းတွေလေ။

မြန်မာဖြစ်ရတာ ဂုဏ်ယူတဲ့ စိတ်ဓာတ်နဲ့ သမိုင်းသင်ကြားခြင်းနဲ့ ပြန်လည်ပြုစုရမှာ ဖြစ်ပါတယ်။ မျိုးချစ်စိတ် ဇာတိမာန်ဆိုတာ ပောင်းသွားတယ် မရှိပါဘူး။ ပောင်းလေ တန်ဖိုးကြီးလေပါပဲ။ မြန်မာ့သမိုင်းစာအုပ်စင်ပေါ်မှာ ခန့်ညားကြွယ်ဝတဲ့ သမိုင်းစာအုပ်ကြီးတွေရှိနေတာ ယဉ်ကျေးမှုရဲ့ ဂုဏ်ကျက်သရေတွေပဲလို့ ဆိုရပါမယ်။

မြန်မာမင်းများ အရေးတော်ပုံ ဖြ စောင်တွဲ၊

ဦးကုလား မဟာရာဇဝင်တော်ကြီး၊

မှန်နန်းရာဇဝင်တော်ကြီး၊

ကုန်းဘောင်ခေတ် ရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)၊

တွင်းသင်း မြန်မာရာဇဝင်သစ်(မဟာစည်သူ ဦးထွန်းညို)၊

... စတဲ့ မြန်မာစာပေ အမွေအနှစ်တွေဟာ လေ့လာလို့ မကုန်နိုင်ပါဘူး။ ဒီဂန္ထဝင်သမိုင်းတွေကို ရသစာပေထဲ ထည့်သွင်းသင့်၊ မသင့် ဆိုတဲ့ ကိစ္စကတော့ ကျွန်တော်တို့ ပြောရေးဆိုခွင့်မရှိ၊ ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့ အပိုင်းပါ။ ဒီစာတမ်းမှာ အဲဒီပြဿနာတွေကို ရှင်းဖို့ မရည်ရွယ်ပါ။ ရည်ရွယ်တာက လူငယ်တွေမှာ ဒီလိုအမွေကောင်းတွေ ပိုင်ဆိုင်ထားတယ်ဆိုတာ သိဖို့။ ရသစာပေကောင်းရေးဖို့အတွက် ဖတ်ရှုဖြတ်သန်းရမယ့် စာရင်းထဲမှာတော့ သူတို့ပါတာ သေချာပါတယ်။

ဒီဘက်ခေတ်မှာတော့ ဆရာကြီး ဒေါက်တာ သန်းထွန်းလို တာဝန်ကျေတဲ့ သမိုင်းဆရာကြီး ထားခဲ့တဲ့ စာပေအမွေတွေက နည်းမှ မနည်းဘဲ။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ငြိမ်းငြိမ်း**

www.burmeseclassic.com

ညက စာမျက်နှာ ၁၅၀ ခန့်ရှိသော ဆိုဗီယက်
ဝတ္ထုတစ်ပုဒ်ကို အစမှအဆုံးတိုင် ကျွန်တော်
ဖတ်ဖြစ်ခဲ့ပါသည်။ မဖတ်မီကမူ အစသာဖတ်မည်၊
ဆယ့်တနာရီတွင် အိပ်မည်။ ကျန်သည်ကို
နောက်နေ့များမှပင် ဆက်ဖတ်တော့မည်ဟု
ပိုင်းဖြတ်ခဲ့မိပါချေ၏။ နံနက်တွင် ကိစ္စတရပ်နှင့်
သုဝဏ္ဏမြို့သစ် တည်နေရာသို့ ခုနစ်နာရီမခွဲမီ
ရောက်စရာရှိသဖြင့်လည်း စောစော ထ,ရပါမည်။
ထို့ကြောင့် ကျွန်တော် အိပ်ရေးအပျက် မခံလိုပါချေ။
သို့သော် ဝတ္ထုက ကျွန်တော့်ကို ဆွဲဆောင်ကာ
အဆုံးတိုင် ဖတ်စေခဲ့ပါသည်။
နံနက် သုံးနာရီကျော်တော့မှပင်
ကျွန်တော် အိပ်ရာသို့ ဝင်နိုင်ခဲ့ပါသည်။
ကျွန်တော့် စိတ်ထဲတွင် စွဲ၍ ကျန်နေရစ်သည်ကမူ ဝတ္ထု

# တောင်တို့သည်လည်း မညီညာချေ

## မောင်သာရ





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၏ ပင်မဇာတ်ဆောင် နာလျာပင်ဖြစ်ပါသည်။ ဝတ္ထုကလည်း နာလျာ၏ အကြောင်းပင် ဖြစ်ပါသည်။

စာရေးဆရာကလည်း ပညာစွမ်း ထက်လှပါဘိသည်။

ယနေ့ ကျွန်တော်တို့နိုင်ငံတွင် ထွက်သမျှသော ဝတ္ထုစာအုပ်များကို ကျွန်တော် အကုန်မဖတ်နိုင်၊ မဖတ်ဖြစ်၊ မဖတ်မိခဲ့သော်လည်း တလလျှင် ခြောက်အုပ်၊ ခုနစ်အုပ်ခန့်မှ ဖတ်ဖြစ်ခဲ့ပါသည်။ ယနေ့အထိ ကျွန်တော်ဖတ်ဖြစ်ခဲ့သော ဝတ္ထုတို့မှာ မနည်းနိုင်တော့ပါပြီ။ သို့သော် ညကဝတ္ထုနှယ် စိတ်ဝယ်ချမ်းမြေ့ရသော၊ အားရရသော၊ ကျေနပ်ရသော၊ အရသာပါသော ဝတ္ထုမျိုးကိုကား တပုဒ်မျှ မတွေ့မကြုံရဖူးကြောင်း ရိုးသားစွာပင် ဝန်ခံရပါမည်။

စာရေးဆရာသည် သူ့မင်းသမီးကလေး နာလျာကို သူသည် လှ၏၊ ယဉ်၏၊ နု၏ဟူ၍လည်းကောင်း၊ သူသည် စိတ်ထား ဖြူစင်၏၊ ခွင့်လွှတ်တတ်၏၊ ညှာတာတတ်၏၊ အနစ်နာခံတတ်၏ဟူ၍လည်းကောင်း မည်သည့်နေရာမှာမှ မဖွဲ့ဆိုခဲ့၊ မရေးပြခဲ့ပါချေ။

သို့သော် ဖတ်သူက နာလျာ၏ ရုပ်ရည်အလှကို မြင်လာရပါသည်။ နာလျာ၏ ရုပ်ရည်အလှမှာ မည်သို့ပါနည်း။ *ခြေဖျားမှသည်၊ စ၍ ဖမိုး၊ ဖြိုးဖြိုးလိုက်ဘက်၊ ဖမျက်သားလုံး၊ တင့်ဆုံးပုဆစ်၊ ပြေပြစ်ဆစ်မြစ်၊ သည့်ထက်တခို၊ ဆိုရာပြစ်ရှား၊ ခပ်လျားခါးနှင့်၊ ရင်သားဖြိုးဖြိုး၊ ရင်ရိုးမပေါ်၊ လည်တော်မျက်နှာ၊ အင်္ဂါပေါင်းရုံး၊ လှမျိုးကျုံး၍၊ မျက်လုံးလှန်ကြည့်၊ လှည့်၍မြင်သူ၊ သည်းအူပျက်ရှူး၊ ချွဲချွဲမူးမျှ*...ဟူသော အလှမျိုးပင်လော။

*သည်မိန်းမမူ၊ လှပင်လေလော၊ သူ့ရယောင်တောမှ၊ လှမောနတ်ပြီ၊ ကိန္နရီလော၊ သီဂီလောဟု၊ မနောတိမ်းမတ်၊ ယိမ်းမရပ်သည့်၊ ရင်သပ်ရှေ့ယိုင်၊ မူးမေ့မှိုင်မျှ၊ မခိုင်စိတ်ဝမ်း၊ စုံရိပ်ဝှမ်းဝယ်၊ လက်လှမ်းဆွတ်ချွေ၊ ညွတ်ပစေ၏*...ဟူသော အလှမျိုးပင်လော။

အမှန်စင်စစ် စာရေးဆရာ၏ နာလျာသည် ကိုယ့်အတွေးနှင့်ကိုယ် တွေးယူ၍၊ မြင်ယူ၍၊ ဖန်ဆင်းယူ၍ရသော အလှမျိုးကို ပိုင်ဆိုင်သသူသာ ဖြစ်ပါသည်။ နာလျာသည် ဖတ်မိသူတိုင်း၏ မျက်စိ၌ တယောက်တမျိုး လှနေမည်သာ ဖြစ်ပါသည်။

စာရေးဆရာသည် သူ့မင်းသမီးကလေး နာလျာကို
သူသည် လှ၏၊ ယဉ်၏၊ နု၏ ဟူ၍လည်းကောင်း
သူသည် စိတ်ထားဖြူစင်၏၊ ခွင့်လွှတ်တတ်၏၊
ညှာတာတတ်၏၊ အနစ်နာခံတတ်၏ ဟူ၍လည်းကောင်း
မည်သည့်နေရာမှာမှ မဖွဲ့ဆိုခဲ့၊ မရေးပြခဲ့ပါချေ

နာလျာသည် တခါက မြေအောက်ရထားဆိပ်တွင် စစ်ဗိုလ်တယောက်နှင့် တွေ့ခဲ့ရ၏။ ထိုစစ်ဗိုလ်က သူ့ကို လာ၍ မိတ်ဖွဲ့သည်။ 'များသောအားဖြင့် မိန်းမတွေဟာ ပြေးရင် အရုပ်ဆိုးကြလေ့ရှိတယ်၊ ခုနက ရထား မမီတော့ဘူးလို့ ထင်တယ်နဲ့ တူပါရဲ့။ ခင်ဗျား ပြေးလာတာကို ကျွန်တော် မြင်တယ်။ ဘာနဲ့တူသလဲဆိုတော့ ကောင်းကင်မှာ ကြယ်ပျံသလိုပဲ။ အင်မတန်ကို ကြည့်လို့လှတယ်' ဟူ၍လည်း သူ့ကို မြှောက်ပြောခဲ့ချေ၏။

ကောင်းကင်မှာ ကြယ်ပျံသည်နှင့် လူတယောက်ပြေးသည်မှာ အသို့လျှင် တူနိုင်ပါအံ့နည်း။ မြှောက်ပြောမှန်း၊ မဟုတ်မှန်း သိပေမည့် နာလျာသည် ကျေနပ်ခဲ့ပါသည်။

နောင်သောအခါ သူတို့ လက်ထပ်ကြဖြစ်ကြပြန်ပါ၏။ လက်ထပ်၍ နှစ်လခန့်အကြာတွင် တပ်ရင်းသို့ ပြန်ရမည်။ တနယ်သို့ ပြန်ရမည်။ အစခပ်သိမ်း စီစဉ်ပြင်ဆင်ပြီးမှ လာခေါ်မည်ဟု နာလျာ၏ ယောက်ျားက ဆိုလာသည်။ ထိုနေ့ကစ၍ နာလျာသည် သူ့ယောက်ျားကို သူပြန်၍ မတွေ့ရတော့ပါချေ။

သို့သော် နာလျာသည် ယောက်ျားပေါ်တွင် ငြိုလည်း မငြိုငြင်မိ၊ မျက်လည်း မမျက်ခဲ့မိပါချေ။ သူ့ယောက်ျားကို သူ ချစ်သည်။ သူ့ယောက်ျားကို သူ ယုံကြည်သည်။ အဆင်မပြေသေး၍သာလျှင် မလာသေးခြင်းဖြစ်တန်ရာသည်ဟု နာလျာ အောက်မေ့ထားခဲ့မိချေ၏။

သူ့ယောက်ျားနှင့် ခွဲရတော့မည် ဆိုစဉ်ကလည်း မည်သည့် တပ်ရင်း၊ မည်သည့်မြို့နယ် စသည်တို့ကိုပင်လျှင် သူ မမေး ဖြစ်ခဲ့မိပါချေ။ ထို့ကြောင့် ကိုယ်ဝန်ရှိလာသောအခါ ငုတ်တုတ်ထိုင်၍သာလျှင် နာလျာ မျှော်နေခဲ့ရပါတော့သည်။

ထို့နောက် ရင်သွေးငယ် ဆုံးရပြန်၏။ အမေနှင့် အစ်မက သူ့အတွက်လည်း ကောင်းသည်၊ ကလေးအတွက်လည်း ကောင်းသည်၊ ပတ်ဝန်းကျင်အတွက် လည်းကောင်းသည်ဟု သုံးသပ်ခဲ့သော်လည်း နာလျာကမူ တလနှစ်လ ဆက်၍သာ ငိုနေခဲ့ပါချေသည်။

သို့နှင့် နောင်များမကြာမီတွင် ဘူမိဗေဒသုတေသနဌာနတွင် အကူအညီအဖြစ်ဖြင့် အလုပ်ဝင်ရောက် လုပ်ပြန်သည်။ ပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ပါမောက္ခများနှင့် အတူ နေရာအနှံ့အပြားသို့ လှော်ကာ၍ သွား၏။ တောင်များပေါ်သို့ တက်ရသည်။ ရုံဖန်ရံခါ ရဟတ်ယာဉ်ကိုလည်း သူ စီးခဲ့ရချေ၏။ သူ့အလုပ်မှာ သူပျော်ပါချေသည်။

သူ့အလုပ်မှာမူ စခန်းချလျှင် 'စခန်းထိန်း' ဖြစ်၏။ နီးရာ



www.burmeseclassic.com

www.burmeseclassic.com

မြို့သို့ပြန်၍ ရိက္ခာ ဝယ်ခြမ်းစရာရှိပြီဆိုလျှင်တော့ သူ့အလုပ်မှာ 'အဝယ်တော်'ဖြစ်သည်။

သူ့ ပတ်ဝန်းကျင်တွင်မူ ကျောက်တုံးကျောက်ခဲကလေးများသည် စိတ်ဝင်စားဖွယ်ဖြစ်ချေ၏။ လူများကဲ့သို့ပင် ကျောက်တုံးကျောက်ခဲကလေးများမှာလည်း နာမည်ကိုယ်စီ ရှိကြပါချေသည်။ ကျောက်တုံးကျောက်ခဲကလေးများကို သူတို့ တယုတယ ကိုင်ကြ၏၊ ကြည့်ကြ၏၊ လေ့လာကြ၏။ တခါတရံ ကျောက်တုံးကျောက်ခဲကလေးတစ်ခုကို သူ့ထက်ငါ လုယက်တိုးဝှေ့၍ ကြည့်ကြ၏။ ကြည့်၍ သူတို့ ဝမ်းမြောက်ကြသည်။ သူတို့၏ မျက်နှာများမှာ ရွှန်းပ၍ လာတတ်ကြ၏။ ထိုအခါ နာလျှာသည် ဘာဇာမျှ နားမလည်ပေမည့် ကျောက်တုံးကျောက်ခဲကလေးများကို ချစ်တတ်လာချေသည်။

စခန်းမှ တောင်ခြေသို့ အနည်းငယ်ဆင်းလိုက်လျှင် ရေကန်ငယ်တခုရှိ၏။ သူတို့အတွက် ရေကို ထိုရေကန်မှ ရေစုပ်စက်နှင့် တင်ယူရသည်။ ရေချိုးတော့မည်ဆိုလျှင်မူ နာလျှာသည် ရေကန်ငယ်သို့သာ ဆင်းလာခဲ့ကြမြဲ ဖြစ်ချေ၏။ နာလျှာသည် မြစ်နှုတ်ခမ်းမှ မြို့ငယ်တမြို့တွင် ကြီးပြင်းခဲ့ရသောကြောင့် ရေကောင်းကောင်း ကူးတတ်၏။ ရေလည်းကောင်းကောင်း ငုပ်တတ်ပါချေသည်။

ရေချိုးရာမှ အပြန်တွင်ကား နာလျှာ့လက်ထဲ၌ ရေအောက်မှ ငုတ်၍ ယူလာသော ကျောက်တက်ကျောက်ခက်ကလေးများ ပါလာတတ်ချေ၏။ နာလျှာက ပညာရှင်များလက်သို့ အပ်သည်။ အလှသက်သက်သာဖြစ်ပေမည့် ပညာရှင်များက သူတို့လေ့လာနေသော ကျောက်တုံးကျောက်ခဲများနှင့်မခြား ဂရုတစိုက် လေ့လာဟန်ပြုကြ၏။ သူတို့၏ အလုပ်စားပွဲများ၌ စက္ကူဖိရန်အတွက်သာ ရည်ရွယ်နိုင်သော်လည်း ပညာရှင်များက နာလျှာကို နှစ်သိမ့်ကြချေသည်။ 'မင်း တိုင်းပြည်အတွက် အများကြီး အလုပ်လုပ်လိုက်ပြီ နာလျှာ၊ မင်း မသိပေမဲ့ မင်းသည်ကနေ့ ယူလာတဲ့ ကျောက်ခက်ကလေးတခုကတော့ ရေးမယ်ဆိုရင် စာတအုပ်ဖဲကွယ့်၊ အင်မတန့်ကို အဖိုးတန်တယ်…'စသည်ဖြင့်လည်း နာလျှာ ကျေနပ်စိမ့်သောငှာ ပြောဆိုတတ်ကြပါချေ၏။

နာလျှာ ကြည်နူးဝမ်းမြောက်ခဲ့ရသည်။ နာလျှာပျော်ခဲ့ရပါ၏။

တနေ့တော့ ကျောင်းသားတယောက် ဖျားသည်။ နာလျှာသည် 'သူနာပြု ဆရာမ'ဖြစ်ရပြန်၏။ နာလျှာသည် ကြင်ကြင်နာနာ ပြုစုယုယခဲ့ချေသည်။

အတန်ငယ် သက်သာလာသောအခါ ထိုကျောင်းသားက နာလျှာကို မမျှော်မလင့် ချစ်ရေးဆိုလှာ၏။ နာလျှာကို နမ်းတော့လည်း နာလျှာက ကြည်ကြည်ဖြူဖြူ အနမ်းခံသည်။ သို့နှင့် ထိုကျောင်းသားမှာလည်း တနေ့တခြား သက်သာလာ၏။ မြန်၍လည်း၍ အကောင်းပကတိ ဖြစ်လာချေသည်။

သည်တွင်မူ နာလျှာက ရှောင်၏၊ ကျောင်းသားက အဓမ္မပူဆာသည်။ နာလျှာ၏ လွတ်လပ်ခွင့်ကိုလည်း နှောက်ယှက်ထိပါးလာချေ၏။ ထိုအခါ ပတ်ဝန်းကျင်က သိလာကြတော့သည်။

ပညာရှင်များ ပါမောက္ခများထံသို့ သူတို့အမှု ရောက်ရသောအခါမှ နာလျှာက အမှန်ကို ပြောပြမိချေ၏။ နေမကောင်းဖြစ်နေစဉ်မို့ စိတ်မဆင်းရဲရစိမ့်သောငှာသာ ကြည်ဖြူဟန်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်ဟု နာလျှာက ဖြေချေသည်။

ဤသို့အားဖြင့် နာလျှာသည် ထိုဝန်းကျင်တွင် မမေ့နိုင်သောသူတယောက်အဖြစ်ဖြင့် ထင်ရှားကျော်ကြား၍ လာခဲ့ရချေ၏။

ထို့ကြောင့်လည်း သုတေသနလုပ်ငန်းအရပ်ရပ် ပြီးဆုံး၍ စခန်းသိမ်းတော့မည်ဟုဆိုသောအခါ ပညာရှင်များ၊ ပါမောက္ခများက ပွဲတပွဲကျင်းပခဲ့ချေသည်။ ထိုပွဲကို သာမန်စခန်းသိမ်းပွဲဟု သဘောမထားမူလည်း နာလျှာ့အတွက် လက်ဆောင်ပေးအပ်ခြင်း အထိမ်းအမှတ်ပွဲအဖြစ်ဖြင့်သာ ကြေညာပြောဆိုကျင်းပခဲ့ချေ၏။

စခန်းမှကြည့်လျှင် မြင်နေရသော တောင်များအနက် ဒုတိယအမြင့်ဆုံးသော အရှေ့တည့်တည့်မှ တောင်မှာ ၅၃၄၂ ပေမြင့်သည်။ နာလျှာ၏ အရပ်မှာလည်း ၅ ပေ ၃ လက်မ ကျော်ကျော်ခန့်သာ ရှိလိမ့်မည်ထင်သည်။ ထိုတောင်မှာ ယနေ့ထက်တိုင် အမည်မရှိသေး။ ထိုတောင်ထက်သို့လည်း မည်သူမျှ မရောက်ခဲ့ကြသေး။ သည်အဖွဲ့က ပထမ ရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အစဉ်အလာအရ သည်အဖွဲ့မှာ နာမည်ပေးပိုင်ခွင့်ရှိသည်။ ထိုတောင်ကို သည်အဖွဲ့က တညီတညွတ်တည်းသော ဆန္ဒဖြင့် နာလျှာ့အတွက် လက်ဆောင်ပေးလိုသည်။ ယနေ့ ယခုအချိန်မှ အစပြု၍ ထိုတောင်၏ အမည်သည် နာလျှာဖြစ်စေသတည်း။

ဤကား စခန်းသိမ်းပွဲတွင် ပြောကြားသော ခေါင်းဆောင်ပညာရှင်၏ မိန့်ခွန်းဖြစ်ချေ၏။ နာလျှာကို ကျောင်းသားကျောင်းသူ အများက အလုအယက်တွဲ၍ က,ကြသည်။ အလုအယက် ပါးခြင်းအပ်၍လည်း ဝမ်းသာစကား ဆိုလှာကြချေ၏။

'သည်တောင်ကြီး တည်နေသမျှကာလပတ်လုံး နာလျှာလည်း 'အသက်ရှင်လျက်, တည်နေနိုင်ပါစေ…'

ဤဆုတောင်းကမူ ပညာရှင်များ၊ ပါမောက္ခများထံမှ ထွက်လာသော အသံဖြစ်ပါ၏။ နာလျှာ့မျက်နှာမှာမူ ပြုံးလျက်နှင့် မျက်ရည်လည်၍ နေချေသည်တကား။

❑

အိပ်ရေးပျက်၍ ခေါင်းထဲမှာ မကြည်လင်လှသော်လည်း ကိစ္စကရှိသဖြင့် ကျွန်တော် အိမ်မှ ထွက်ခဲ့ရပါသည်။ သို့သော် နာလျှာသည် ကျွန်တော့်အတွေးထဲ၌ ရစ်ဝဲလျက်ပင် ရှိနေသဖြင့် ကျွန်တော် ရွှင်နေမိပါ၏။

စာရေးဆရာသည် နာလျှာ၏ ရုပ်ရည်ကိုသာ မဖွဲ့သည်

www.burmeseclassic.com

မဟုတ်၊ နာလျာ၏ အသက်ကိုပင်လျှင် မဖော်ပြထားခဲ့ပါချေ။ 'နာလျာ'ဟူသော အမည်ကြောင့် မြန်မာအမျိုးသမီးတယောက် မဖြစ်နိုင်သော်လည်း ကျွန်တော့် အတွေးထဲတွင်မူ နာလျာသည် ကျွန်တော်မြင်ဖူးသော မြန်မာမကလေးတယောက်သာ ဖြစ်ပါသည်။

သို့သော် ရုတ်ခြည်းပင် ကျွန်တော့်အတွေး၊ ကျွန်တော့် အလှအပတို့သည် ပျက်ခဲ့ရပါ၏။ ကျွန်တော့် ရှေ့တည့်တည့်မှာ ထိုင်နေသော ထိုမိန်းမယုတ်ကြောင့် နာလျာတောင်ကြီးသည် မရှုမလှ ပြိုလဲ၍ ကျခဲ့ရပါသည်။

ထိုမိန်းမသည် ကျွန်တော်ပါလာသော ဘတ်စ်ကားပေါ်သို့ တက်လာ၏။ သူနှင့်အတူ အဖော်တယောက်လည်း ပါလာ၏။ ၆ နှစ်သားခန့် ကလေးငယ်တယောက်လည်း ပါလာသည်။ သူနှင့်အတူပါလာသော မိန်းမဖော်က ဘတ်စ်ကားခပေးမည်ပြုတော့ 'ကျပ်တန်ကိုပေးနော်'ဟု လှမ်း၍ ပြော၏။ အနုတ်ရှိလျက်နှင့် အနုတ်ကို ထိန်ချန်ခဲ့ချေသည်။

တဖန် ကားမောင်းသူကို မျက်နှာမူ၍ ထိုင်ရသော ရှေ့ဆုံးမှ တယောက်ထိုင်ခုံတွင် အားသည်နှင့် တပြိုင်နက် လု၍ ဝင်ထိုင်ပြန်ချေ၏။ သူတို့ထက်လည်း ကားပေါ်သို့ အလျင်ရောက်နေသော ထိုထိုင်ခုံနှင့်လည်း သူတို့ထက်ပို၍ နီးသော မိန်းမက စကားမပြောလိုဟန်ဖြင့် အလျှော့ပေးသည်ကို ထိုမိန်းမယုတ်က ဟုတ်လှပြီထင်ပြန်သည်။ သူ့အမူအရာက အောင်ပွဲရ၍ ကျေနပ်နေဟန်ရှိချေ၏။

ထို့နောက် အတူပါလာသော ကလေးကို သူ့ထံသို့ ခေါ်သည်။ ပေါင်ပေါ်တွင် တင်မထားမူ၍ကား ကလေးကို သူ့ရှေ့မှာသာ မှီရပ်နေစေ၏။

အတန်ကြာသော် ဘတ်စ်ကားပေါ်တွင်လည်း အဆင်းများ၍ လူပါးလာ၏။ သူနှင့်အတူ ပါလာသော မိန်းမဖော်လည်း နောက်ခုံတွင် နေရာရချေပြီ။ မတ်တတ်ရပ်နေရသူ နှစ်ယောက်သာ နောက်ပိုင်းတွင် ကျွန်တော့်၏။ ထိုအခိုက် ကျွန်တော့်ဘေးမှ လူက မှတ်တိုင်တွင် ဆင်းသည်။

ကျွန်တော်သည် ဘတ်စ်ကား ရှေ့အပေါက်မှ အတက်စ နှစ်ယောက်ထိုင်ခုံတွင် အပြင်ဘက်မှ ထိုင်နေခြင်းဖြစ်ပါ၏။ အပေါက်နှင့် နီးလွန်းသဖြင့် ကျွန်တော်ပင်လျှင် မမေ့မလျော့ ကားပြတင်းတိုင်ကို ကိုင်ထားရပါသည်။

ယခု ကျွန်တော့်လက်ျာဘက်မှလူ ဆင်းချေပြီ။ ကျွန်တော့်အနားတွင် အားလှာ၏။ ထိုအခါ ကျွန်တော့် ရှေ့တည့်တည့်တွင် ထိုင်နေသော ထိုမိန်းမယုတ်က ကျွန်တော့်အနားသို့ ကလေးကို အလျင်အမြန် လွှတ်လိုက်ပါသည်။

ဘတ်စ်ကားကလည်း မရပ်ရသေး။ ဆင်းမည့်သူပင်လျှင် လှေကားခုံမှာ ရပ်နေဆဲ။ သည်တွင် အလျင်အမြန် ပြေးလာရသည်ဆိုတော့ ဘတ်စ်ကားက တုံ့၍ အရပ်လိုက်နှင့် ကြုံသောအခါ ကလေးငယ်သည် ယိုင်လဲ၊ ကျခဲ့ရှာချေသည်။

ဆင်းမည့်သူကလည်း ခံနေ၍၊ ကျွန်တော်ကလည်း လှမ်းဆွဲထားလိုက်မိ၍သာလျှင် ကလေးငယ် အောက်သို့ မကျခဲ့ရခြင်း ဖြစ်ပါ၏။ အောက်သို့များ ကျလိုက်လျှင်…။

ကျွန်တော် ဆက်၍ မတွေးဝံ့ပါချေ။

ရောင်းသူ၊ မောင်းသူ အပါအဝင် ခရီးသည်များက ထိုမိန်းမယုတ်ကို ရှုပ်ချ ပြောဆိုကြချေ၏။ သို့သော် သူကမူ စိုးစဉ်းမျှ မမှုမူ၍ ကလေးငယ်ကိုပင် 'ဟိုဘက် ကိုင်သွားပါတော့လားဟဲ့ မသာလေးရဲ့'ဟု ဆဲဆိုကာ ဆွဲဆောင့်နေချေသည်။

ဘတ်စ်ကားသည် မှတ်တိုင်မှ ဆက်၍ ထွက်ခဲ့၏။

'အစ်မကြီးတို့ ဘယ်မှာ ဆင်းမှာလဲ'

လက်မှတ်ရောင်းသူသည် ထိုမိန်းမယုတ်ကိုပင် ကျွန်တော့်ခုံနားမှနေ၍ လှမ်းမေးနေချေ၏။

'ရွှေ့မှတ်တိုင်ကျရင် ဆင်းမယ်'

'အဲဒါဆိုရင် ဆယ့်ငါးပြားကျတယ်၊ ခုနက ဆယ်ပြားလက်မှတ်ပဲ ယူထားတာမဟုတ်လား။ နှစ်ယောက်တွက် ဆယ်ပြားထပ်ပေးပါ'

'အနုတ် မပါဘူး'

'ပေးဗျာ၊ ကျွန်တော် အမ်းမယ်'

လက်မှတ် ရောင်းသူကလည်း စိတ်မရှည်နိုင်တော့ပြီထင့်။ မှတ်မိလျက်၊ သိလျက်နှင့် သူ့လက်ထဲမှ ရှိစုမဲ့စု အနုတ်များကို အမ်းပစ်လိုက်ချေသည်။

ကျွန်တော် ပင့်သက်ချမိရပါ၏။ ကျွန်တော့် ခေါင်းမှာလည်း မူလကတည်းက မကြည်လင်ရသည့်အထဲ ပို၍သာ နောက်လာရပါတော့သည်။

နာလျာတောင်ကြီးကို ဖြိုပစ်ခဲ့သော မိန်းမယုတ်။ ထိုမိန်းမယုတ်သည် ကျွန်တော့် စိတ်ကူးထဲမှ နာလျာတောင်ကြီး ပြိုရသည့်နည်းတူ ပြိုပါစေသတည်း။ ■

မောင်သာရ


ရုတ်ခြည်းပင် ကျွန်တော့်အတွေး၊ ကျွန်တော့် အလှအပတို့သည် ပျက်ခဲ့ရပါ၏။ ကျွန်တော့် ရှေ့တည့်တည့်မှာ ထိုင်နေသော ထိုမိန်းမယုတ်ကြောင့် နာလျာတောင်ကြီးသည် မရှုမလှ ပြိုလဲ၍ ကျခဲ့ရပါသည်



www.burmeseclassic.com

www.burmeseclassic.com

အောင်ပါဝေ စာပေ မှ ထုတ်ဝေလိုက်သည့်




ဖြန့်ချိရေး ● ရန်ကုန် - ပစ်တိုင်းထောင်စာပေ (ဖုန်း-၀၉၇၉၈၄၃၁၁၄၂၊ ၀၉၇၃၂၄၈၆၆၆၆)
မန္တလေး - ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီညီစာပေ၊ စိတ်ကူးချိုချိုစာအုပ်တိုက်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

'မီးမီးကို နှစ်သစ်ကူး လက်ဆောင်ဘာပေးမှာလဲ ဘွား'

ကျွန်မ အငိုက်မိခဲ့ပါတယ်။

လေးနှစ်သမီးကလေးရဲ့ မေးခွန်းမှာ ကျွန်မ မှင်တက်မိခဲ့ရတယ်။

နှစ်သစ်ကူးလက်ဆောင်ဆိုပါလား။ ဘယ်ကနေ ဘယ်လိုများ သူက နှစ်သစ်ကူးလက်ဆောင်ဆိုတဲ့ စကားလုံးကို တတ်မြောက်လာပါလိမ့်မလဲ။



ဒီစကားလုံးကို လောလော ဆယ် တစ်ရက်၊ နှစ်ရက် အတွင်း ကျွန်မတို့ မသုံးစွဲဖြစ်ဘူး ထင်တာပဲ။

ကျွန်မက သူ့ကို အကဲစမ်းပြီး မေးခွန်းထုတ်ရပါတယ်။

'မီးမီးက ဘာနှစ်သစ်ကူးတာကို ပြောတာလဲဟင်'

'မြန်မာနှစ်သစ်ကူးပေါ့'

'ခရစ်ယာန် နှစ်သစ်ကူးက ပြီးသွားပြီလေ၊ တရုတ်နှစ်သစ်ကူးက အခု ကူးနေတာ'

'ဘွားက ဗမာဆိုတော့ မီးမီးကို မြန်မာနှစ်သစ်ကူးကျမှပေးလို့ရတယ်'

မီးမီးကို ကျွန်မက မြန်မာတို့၊ ဗမာတို့ မေးမနေတော့ပါဘူးလေ။ ကလေးကို အနိုင်လုနေရင် ရှက်စရာ။

ကလေးက မူကြို ကျောင်းတက်ရင်း အင်္ဂလိပ်စကားလုံးအသစ်တွေ ပြောတတ်၊ ကိုးရီးယားစကားတွေလည်း ပြောတတ်၊ သီချင်းတွေ နားထောင်တတ်နေ၊ ခရစ္စမတ်နေ့မှာတုန်းက စင်တာခလော့စ်လုပ်ဖို့ တာဝန်ယူတတ်သေးတာ။

သူ့အရွယ်တွေကိုလည်း သူက သီချင်းသင်ပေး။ နှုတ်ခွန်းဆက်စကား၊ နှုတ်ဆက်စကားတွေ သင်ပေးနဲ့။ လေးနှစ်သမီးမို့ လျှော့တွက်လို့ မရလေဘူး။ ခုခေတ် ကလေးတွေက ကျွန်မတို့တုန်းကထက် ဦးနှောက်ရော ခန္ဓာပါ အစစ ဖွံ့ဖြိုးတိုးတက်နေပြီ။ ကျွန်မကို ခေါ်ပုံကလည်း 'ဘွား' တဲ့။ ကျွန်မဖြင့်လေ ကြားစကတည်းက နားဝင်ချိုနေခဲ့တာပါ။

မနက်မိုးလင်းလာရင် သူတို့နေတဲ့ ဟိုဘက်အိမ်ကနေ ပြတင်းဖွင့်ပြီး နှုတ်ခွန်းဆက်တာကိုက 'မောနင်း ဂရင်းမာ' တဲ့။ မောနင်းဆိုတာ မနက်ဆိုတာ သူနားလည်တယ်။ ဂရင်းမာဆိုတာ အဘွားဆိုတာလည်း သူ နားလည်တယ်။

တော်တော်များ အင်္ဂလိပ်စာစကား သင်ထားပြီးလို့လားဆိုတော့လည်း မဟုတ်ပေါင်။ သူ့ကျောင်းက သင်တာတွေကြားတာတွေ၊ သူကြည့်တဲ့ ဗီဒီယိုတွေထဲက စကားလုံးတွေကို အတုမြင် အတတ်သင်တာပါ။ ရေခဲ မင်းသမီးတဲ့၊ ရုရှားပုံပြင်ထဲက မာရှာနဲ့ ဝက်ဝံကြီးတဲ့၊ တစ်ခါတစ်ရံကျတော့ ဦးနှောက်ဖောက်စားတဲ့ ဇွမ်ဘီတွေ။ ကျွန်မမှာဖြင့်လေ မြေးကလေးနဲ့ အရောဝင်ချင်လို့သာ သူ့နားမှာ သွားပြီး သူတို့ကစားတာတွေကို ကြည့်ရှုမှတ်သားနေရတာပါ။

'ဘွားရယ် မီးမီးက အင်းဂရီးဘတ် ကစားချင်တာ ဖွင့်မရဘူး၊ ကယ်ပါဦး' တဲ့။

'အင်းဂရီးဘတ်ဆိုတာ ဘာလဲ မီးမီးရဲ့'

'ဘွားကလည်း ငှက်ကို ခေါ်တာလေ၊ စိတ်တိုနေတဲ့ ငှက်ပေါ့'

သူကဖြင့် ကစားတာကို ဂိမ်းလို့ ခေါ်ဆိုတတ်နေပြီ။ ဒါပေါ့လေ၊ မူကြိုကျောင်းသူကြီးပေကိုး။

'ဘွားရဲ့ ကွန်ပျူတာမှာ ဂိမ်းတွေ မသွင်းထားဘူးလား'

'ဘွားမှ မကစားတတ်တာ၊ သွင်းမထားမိဘူးပေါ့ မီးမီးရယ်'

'ဘိုးဘိုးက မီးမီး ကစားဖို့ ဆော့ဖ်ဝဲနဲ့ သွင်းထားပေးတယ်'

ကျွန်မမှာ ပညာပိုင်းမှာတော့ မျက်နှာငယ်သွားပါပကော။ သူ့အဘိုးကိုလည်း မနာလိုဖြစ်မိသွားရတယ်။ ကလေးကတော့ ကျွန်မကိုထက် သူ့အဘိုးကို အချစ်ပိုသွားတော့မှာပါပဲ။

'ရပါတယ်လေ၊ မီးမီးရဲ့ အိုင်ပဒ်နဲ့ပဲ ကစားတော့မယ်'

အိုင်ပဒ်နဲ့ အိုင်ပေါ့နဲ့၊ သူ့မှာ ခေတ်ပေါ် အိုင်တီပစ္စည်းတွေ စုံလင်သလောက် ကျွန်မမှာကဖြင့် ဖုန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

**မနက်
မိုးလင်းလာရင်
သူတို့နေတဲ့
ဟိုဘက်အိမ်ကနေ
ပြတင်းဖွင့်ပြီး
နှုတ်ခွန်းဆက်တာ
ကိုက
'မောနင်း ဂရင်းမာ'
တဲ့
မောနင်းဆိုတာ
မနက်ဆိုတာ
သူ
နားလည်တယ်
ဂရင်းမာဆိုတာ
အဘွား
ဆိုတာလည်း
သူ နားလည်တယ်**

တည်း ကိုင်တာတောင် တော်နေ ဖုန်းနံပါတ်တွေ ပျောက်လိုက်၊ တော်နေ သွင်းထားတဲ့ သီချင်းတွေ ပျောက်သွားလို့ ဆိုင်ကိုပြေး အကူအညီတောင်းလိုက်နဲ့။

မီးမီးကို ကျွန်မလိုက်မမီဘဲ နောက်ကျန်နေရစ်နေပါပြီ။

ခုလည်း သူက နှစ်သစ်ကူးလက်ဆောင် ဘာပေးမှာလဲလို့ ကျွန်မကို မေးနေပြန်ပြီ။

ကျွန်မဆီက အဖြေကို စောင့်စားငံ့လင့်နေတဲ့ အတော်ကြီးမား ဝိုင်းစက်တဲ့ သူ့မျက်လုံးကလေးတွေဟာ မျက်ဆန်တွေက ညိုတာထက် အနက်ဘက်ကို ပိုကဲတယ်။ သူ့အမေ(ကျွန်မရဲ့ ချွေးမ)က ယူဆ မှတ်ချက်ချတာကတော့ ကျွန်မငယ်စဉ်တုန်းက မျက်လုံးတွေအတိုင်းပဲတဲ့။ ကျွန်မရဲ့ ချွေးမကလေး၊ သူကိုယ်တိုင်တောင် လူမဖြစ်သေးခင်က၊ မီးမီးအရွယ်တုန်းက ကျွန်မရဲ့ မျက်လုံးတွေကို သူ မြင်ဖူးနိုင်ခဲ့တာမှ မဟုတ်တာ။ ကျွန်မ အသက် လေးဆယ်အရွယ် သူ့ယောက္ခမဖြစ်လာတဲ့ အချိန်တုန်းက မျက်လုံးတွေကိုသာ သူမြင်ဖူးခဲ့တာ မဟုတ်လား။ အဲဒါပေမဲ့ သူထင်မှတ်နေတာလေ၊ သူဖြစ်စေချင်နေတာလေ။ သူ့သမီးလေးဟာ ကြီးလာရင် ကျွန်မလိုမျိုး စာရေးဆရာဖြစ်လာမှာလားလို့ သူ မမျှော်မှန်းဘူးလည်း မပြောနိုင်ဘူးပေါ့။

ကျွန်မ ရုတ်ခြည်း အဖြေမပေးဖြစ်ဘဲ စဉ်းစားနေခဲ့မိလေတယ်။

'ဘွားက မီးမီးကို လက်ဆောင်ဝယ်မပေးရင်လည်း ကိစ္စမရှိပါဘူး'

ဟော-လာပြန်ချေသေးတော့။

လစဉ်လတိုင်း ကျွန်မဘယ်လိုဘယ်က ဝင်ငွေရနေသလဲလို့ တချို့ကလည်း သိချင်စပ်စုကြတယ်၊ မေးကြတယ်ဆိုပါတော့။ ကျွန်မဟာ တတ်စွမ်းသလောက်တော့ ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထ ရှင်သန်လှုပ်ရှားနေသူ ဖြစ်တယ်ဆိုတာကိုတော့ အားမာန်အပြည့်နဲ့ ပြောဆိုနိုင်နေဆဲ ဖြစ်ပါတယ်။

ဟိုတုန်းကလို လုံးချင်းမရေးဖြစ်တော့ပေမဲ့ ရံဖန်ရံခါ ဝတ္ထုတိုတွေ၊ ဆောင်းပါးတွေ ရေးပြီး စာမူခ ရတတ်လေ့ရှိပါတယ်။ သားသမီးတွေဆီက မတောင်းပေမဲ့ ကန်တော့တဲ့အခါမှာ ဝမ်းပန်းတသာ သာခုသုံးကြိမ်ခေါ်လိုက်မြဲပါပဲ။ သူတို့လည်းဝမ်းသာ၊ ကျွန်မလည်းဝမ်းသာ။

ကျွန်မဟာ မီးမီးအတွက် လက်ဆောင်မပေးနိုင်ဘူးလို့ မီးမီးစိတ်မကောင်းမဖြစ်စေချင်ပါဘူး။ လက်ဆောင်ပေးကိုပေးမှာပါ။

ကျွန်မရဲ့ ဆန္ဒက ကျွန်မပေးတဲ့လက်ဆောင်ဟာ မီးမီးလိုချင်တဲ့ နှစ်သစ်ကူးလက်ဆောင် ဖြစ်စေချင်ပါတယ်။ သူ တန်ဖိုးထား မြတ်နိုးစေချင်တယ်။

'မီးမီးကို ဘွားက နှစ်သစ်ကူး လက်ဆောင်ပေးမှာပေါ့'

ဒီတော့မှပဲ မီးမီးခမျာ ကျွန်မဆီက သူ လက်ဆောင်ရမယ်ဆိုတာ သေချာသွားဟန်နဲ့ သက်ပြင်းသက်မကလေးချလိုက်ပါလေတယ်။ ကျွန်မ ပြုံးမိရတော့တယ်။

'မီးမီးကို ဘာပေးမှာလဲဟင်'

မီးမီးက ထပ်မေးပြန်ပါပြီ။

'ဘာပေးရမလဲ စဉ်းစားနေတာပါ မီးမီးရဲ့'

ကျွန်မ တကယ်ပဲ စဉ်းစားနေပါတယ်။ မီးမီးက သတိပေးတုန်းမှာပဲ ချက်ချင်းလိုလို ပေးလိုက်ချင် လှပေမဲ့ ကြိုတွေးမထားတော့ ပေးစရာက လတ်တလော ရှိမနေဘူးလေ။

အခကြေးငွေအရတော့ မများပြားလှနိုင်ဘူးပေါ့။ အဲသလို ပိုက်ဆံငွေကြေး များများပေးရတဲ့ပစ္စည်း မဟုတ်သည့်တိုင် လူတိုင်းတတ်နိုင်ပေးနိုင်တဲ့ လက်ဆောင်မျိုးတွေနဲ့ မတူညီဘဲ ထူးကဲဆန်းသစ်နေစေချင်လှတယ်။ ဘာပေးရပါ့မလဲ။

မီးမီးက ကျွန်မရဲ့ မီးခံသေတ္တာကို မှီပြီး ရပ်နေတယ်။ သူကတော့ ကျွန်မမှာ သူ့အတွက် လက်ဆောင် လတ်တလော ရှိလိမ့်မယ်လို့ ကလေးတွေးနဲ့ မျှော်လင့်နေပေမှာပေါ့။ အင်း- မီးမီး အလိုပြည့်အောင် အဲဒီလက်ဆောင်ကို ကျွန်မ ဘယ်လိုဖန်ဆင်းလိုက်ရပါ့မလဲ။ ကျွန်မ ခေါင်းကုတ်မိတော့တယ်။

ဟော၊ ကျွန်မခေါင်းထဲမှာ အကြံတစ်ခု လင်းလက်သွားပါရောလား။ အဲဒါတင်မကဘဲ ကျွန်မက မီးမီးကို မီးခံသေတ္တာရှေ့ကနေ အသာဆွဲဖယ်လိုက်ပါတော့တယ်။

'မီးမီး ခဏဖယ်ပေးမှဖြစ်လိမ့်မယ်၊ မီးမီးကို ပေးမယ့်လက်ဆောင်က အဲဒီ မီးခံသေတ္တာထဲမှာ ရှိတာ'

မီးမီးက အသက်လေးနှစ်ပေမဲ့ မီးခံသေတ္တာထဲမှာ ရှိတယ်ဆိုရင် အဖိုးတန်ပစ္စည်းဖြစ်မှာပဲဆိုတာ သိတတ်နေပြီလေ။ တစ်ခုပဲ ကွာဟနိုင်တာက အများအတွက် ငွေကြေးအများကြီး ကုန်ကျတန်ကြေးသင့်တဲ့ ပစ္စည်းမျိုး၊ ဥပမာ စိန်ဆွဲကြိုး၊ စိန်လက်ကောက်တော့ ဟုတ်ချင်မှ ဟုတ်မယ်လေ။ တန်ဖိုးဆိုတာချင်းဟာ တန်ဖိုးထားတာချင်းတော့ နေရာတိုင်းမှာ မတူညီနိုင်ကြဘူးဆိုတာ မီးမီး နားလည်ဦးမှာ မဟုတ်ပါဘူး။ ဒါတော့ မပြောနိုင်ပါဘူးလေ။ သူ ခံစားတတ်နိုင်

www.burmeseclassic.com

တယ်။ ကျွန်မတို့ စောင့်ကြည့်ကြသေးတာပေါ့။

ကျွန်မရဲ့ မီးခံသေတ္တာတံခါးဖွင့်တယ်ဆိုရင်ပဲ မီးမီးက ခေါင်းကလေးကဲကြည့်တော့တယ်။ မျက်နှာကလေး နည်းနည်း ညှိုးသွားအားနာသွားသလို ဖြစ်သွားတယ်။ ငွေစက္ကူတွေ အထပ်လိုက်မတွေ့ရတော့ ကျွန်မဆီမှာ ပိုက်ဆံအများကြီး မရှိဘူးဆိုပြီး စိတ်မကောင်းဖြစ်သွားတယ်ထင်ပါ့။ သူက အဘွားကို ကြင်နာတတ်ပြီး သူ့မှာရှိတဲ့ ချိုချဉ်တွေ၊ ကွတ်ကီတွေ ပေးတတ် ကျွေးတတ်လေ့ရှိသူလေ။ ကျွန်မ ဆင်းရဲတယ်ဆိုရင် သူ ဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲ။

ကလေး ပျော်သွားအောင် ကျွန်မ ကြွားဦးမှပါပဲလေ။

'ဒီမှာကြည့် မီးမီး၊ မြန်မာပိုက်ဆံ အကြွေထုပ်တွေ။ ကျပ်စေ့၊ ငါးမူးစေ့၊ တစ်မတ်စေ့၊ ဆယ်ပြားစေ့၊ ငါးပြားစေ့၊ အမယ် တစ်ပြားစေ့လေးတွေတောင် ရှိသေး'

ပလတ်စတစ်အိတ်ကလေးတွေထဲထည့်ပြီး သားရေကွင်းနဲ့ချည်ထားတဲ့ ပိုက်ဆံအကြွေထုပ်တွေကို မီးမီးတအံ့တသြကြည့်တယ်။

'ဘာလို့ ဒီကျပ်စေ့မှာ ခြင်္သေ့ရုပ် မပါတာလဲဘွား'

မီးမီးမေးမှ ကျွန်မလည်း ကျပ်စေ့ကို သေချာကြည့်မိတယ်။ ဟုတ်ပါ့၊ ဒီလို့ပဲ ရေးထားတယ်။

'မတ်စေ့မှာကျတော့ ခြင်္သေ့ရုပ်ပါတယ်။ အဲဒါခေါင်းဘက်ခြမ်း မီးမီးရဲ့၊ ဒီဘက်က ၂၅ပြားလို့ ရေး

ကျွန်မမှာ ပညာပိုင်းမှာတော့ မျက်နှာငယ်သွားပါပကော သူ့အဘိုးကိုလည်း မနာလို ဖြစ်မိသွားရတယ် ကလေးကတော့ ကျွန်မကိုထက် သူ့အဘိုးကို အချစ် ပိုသွားတော့မှာပါပဲ

ထားတာတွေ့လား၊ အဲဒါက ပန်း၊ ပန်းတွေနဲ့ ဝိုင်းခွေထားတာတွေ့လား။ ဘယ်ဘက်လောင်းမလဲဆိုပြီး အကြွေစေ့ကို ပစ်လိုက်ရင် အပေါ်ဘက်ကျတာ အနိုင်ပေါ့၊ ခေါင်းကျရင်ခေါင်း၊ ပန်းကျရင် ပန်း'

'မီးမီးလည်း ပိုက်ဆံအကြွေနဲ့ ကစားဦးမယ်'

'ဒါပေါ့၊ မီးမီး ကစားဖို့ ဘွားက ပေးမှာပေါ့'

'အဲဒီ အကြွေတွေကို 'ဘွား'က ဘာလို့ စုထားတာလဲဟင်'

'ဝါသနာပါလို့ မီးမီးရဲ့၊ အဲသလို အကြွေစုရတာ 'ဘွား' ဝါသနာပါတယ်'

ကျွန်မက နောက်ထပ် ပလတ်စတစ်ထုပ်ကလေးတွေပြလိုက်ပြန်ပါတယ်။

'ဒါတွေက တောင်အာဖရိက ရန်အကြွေတွေ၊ ဒါတွေက ကုလားပိုက်ဆံ ရူးပီးတွေ'

'ဘွားရဲ့ ဝါသနာက ဆန်းတယ်နော်'

မီးမီးဟာ ဝါသနာဆိုတာကို နားလည်တယ်။ ကျွန်မရဲ့ ဝါသနာဟာ နားလည်ရခက်တယ်လို့ သူက အသိအမှတ်ပြုလိုက်တယ်ဆိုတာကိုလည်း ကျွန်မ သတိထားမိရပါတော့တယ်။

ကိုယ့်တိုင်းပြည် နေရင်းဖြစ်စေ၊ သူများနိုင်ငံတွေရောက်ရင်ဖြစ်စေ သူများသုံးတဲ့ ပိုက်ဆံမျိုးကို တစ်ရွက်နှစ်ရွက်၊ တစ်ကျပ် တစ်ပြားစုထား သိမ်းထားချင်တတ်တဲ့ဝါသနာက အမြစ်တွယ်နေတယ်လေ။ ကွန်ဂို နေခဲ့တုန်းက ကွန်ဂိုပိုက်ဆံ၊ တောင်အာဖရိက နေခဲ့တုန်းက ရန်၊ ဩစတေးလျ သွားတုန်းက ဩဇီ၊ အိန္ဒိယနိုင်ငံ ရောက်တုန်းက ရူပီး၊ စင်ကာပူရောက်ရင် စင်း၊ တရုတ်ပြည် နယ်စပ်ရောက်တုန်းက ယွမ်၊ မလေးရှား ဖြတ်သွားဖြတ်လာကျပြန်တော့ ရင်းဂစ်။

ကိုယ့်ဆီမှာ သုံးရတာမဟုတ်ဘဲနဲ့လည်း အီးယူ ပိုက်ဆံတစ်ရွက်တလေ စုထားချင်တတ်ပြန်သေးတယ်။ သုံးစွဲခဲ့တဲ့၊ မသုံးစွဲတော့တဲ့ ပိုက်ဆံမျိုးကို တစ်ခုရရ၊ နှစ်ခုရရ စုဆောင်းချင်တဲ့ဝါသနာ အလေ့အထ ကျွန်မမှာ ရှိနေတယ်။

ကျွန်မရဲ့ ခင်ပွန်းဆိုရင် ငယ်ငယ်တုန်းက တံဆိပ်ခေါင်းစုတယ်တဲ့။ ဒါပေမဲ့ သူက အသက်ကြီးလာတော့ အဲဒီ အလေ့အထ ပျောက်သွားတယ်။

ကျွန်မကတော့ ဒီအသက် ဒီအရွယ်ထိတောင်မှ ရှိနေလက်စ အလေ့အထကို ဆက်လက် ကျင့်သုံးနေတုန်းပဲလေ။ ကိုယ့်နိုင်ငံမှာ မသုံးစွဲရတော့တဲ့ ဖျက်သိမ်းပြီးသားပိုက်ဆံ ဒေါ်လာငါးဆယ်တန်၊ ဒေါ်လာတစ်ရာတန်နဲ့ ဗမာပိုက်ဆံ ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်၊ ခုနစ်ဆယ့်ငါးကျပ်တန်တွေကို တစ်ရွက်နှစ်ရွက် သိမ်းထားတတ်တာ ရှိသေးတယ်။

တစ်ခါတုန်းက ကျွန်မရဲ့ သား၊ မီးမီးရဲ့ အဖေက တောင်းဖူးတယ်။

'မေမေ သိမ်းထားတဲ့ ငါးဆယ်တန်နဲ့ ဆယ့်ငါးကျပ်တန် တစ်ရွက်စီ ပေးပါလား၊ သားရဲ့ဘော့စ် ဂျာမန်ကြီးကို ပြချင်လို့၊ သူလိုချင်ရင် ပေးလိုက်မယ်နော်'

ခုလို သား အသုံးတည့်တာ အဆင်ပြေလွန်းအားကြီးလို့ ကျွန်မရဲ့ ပိုက်ဆံဟောင်းတွေ အကြွေတွေ စုထားချင်တတ်တဲ့ ဝါသနာဟာ အလဟဿ မဟုတ်ကြောင်းကို သက်သေပြနိုင်ပြီဆိုပြီး ကျေနပ်ဝမ်းသာနေခဲ့ရတာပါ။

ဖျက်သိမ်းခံထားရပြီးသားပေမဲ့ ကျွန်မက အမှတ်တရ သိမ်းထားတဲ့ ငွေစက္ကူလေးတွေကို ကျွန်မရဲ့သားလက်ထဲကို ရက်ရောစွာ ထည့်ပေးလိုက်ပါတယ်။

'ယူသွားလေ ပေး လိုက်ပါ'

မီးမီးရဲ့ မိဘ



www.burmeseclassic.com

www.burmeseclassic.com

တွေက တန်ဖိုးကြီး ငွေကုန်ကြေးကျများတဲ့ အရုပ်တွေ၊ ဂါဝန်တွေ၊ ဦးထုပ်၊ ဆွယ်တာ၊ ဖိနပ်၊ ပိုက်ဆံအိတ် အမျိုးမျိုး အဖုံဖုံ ဝယ်ခြမ်းပေးနိုင်တာ ကျွန်မ သိပါတယ်။

'မီးမီးကို 'ဘွား'ပြတဲ့ ပိုက်ဆံအကြွေတွေထက် ပိုပြီးတန်တဲ့ လက်ဆောင်ကလေးကို နှစ်သစ်ကူးလက်ဆောင် ပေးတော့မယ်၊ ဒီမှာ ကြည့်စမ်း မီးမီး'

ရှားရှားပါးပါးတစ်ခု သာရှိတဲ့ ငွေဒေါ်လာပြားကျပ်ချွတ်ကလေးကို ကံအားလျော်စွာပဲ ကျွန်မက မြတ်မြတ်နိုးနိုးနဲ့ ဖန်သားဘူးငယ်တစ်ခုထဲ ထည့်သိမ်းထားခဲ့မိတယ်။ ခုတော့ မီးမီးကိုပေးဖို့ သီးခြား လက်ဆောင် ထပ်ထုတ်မနေရတော့ဘူးပေါ့။

ကျွန်မ ပေးလိုက်တဲ့ နှစ်သစ်ကူးလက်ဆောင်ဟာ မီးမီးတစ်သက်တာမှာ ထပ်မံမရရှိနိုင်တော့တဲ့ ဒေါ်လာပြားကလေးဖြစ်တယ်ဆိုတာ သူနားလည်အောင် ကျွန်မ ပြောပြရလိမ့်ဦးမယ်။

'၂၀၀၁ ခုနှစ်တုန်းက လေ၊ မီးမီးကို မေမေက မမွေးသေးခင်တုန်းက၊ အရင်ဆယ့်သုံးနှစ်တုန်းက၊ ဟိုး အကြာကြီးတုန်းကပေါ့'

မီးမီးက ကျွန်မရဲ့ စကားကို မျက်လုံးကလေး ဝိုင်းစက်အောင် စူးစိုက်နားစွင့်နေပါရဲ့။

'ဘွားတို့ ဖွံ့ဖြိုးစ၊ နိုင်ငံတွေက စာရေးဆရာတွေကို လေ၊ အမေရိက နိုင်ငံက ဖိတ်ခေါ်လို့ သွားခဲ့ရဖူးတယ်ကွဲ့'

'ဖွံ့ဖြိုးစ၊ နိုင်ငံဆိုတာ

သူ့မှာ
ခေတ်ပေါ်
အိုင်တီပစ္စည်းတွေ
စုံလင်သလောက်
ကျွန်မမှာကဖြင့်
မိုဘိုင်းတစ်ခုတည်း
ကိုင်တာတောင်
တော်နေ
ဖုန်းနံပါတ်တွေ
ပျောက်လိုက်
တော်နေ
သွင်းထားတဲ့
သီချင်းတွေ
ပျောက်သွားလို့
ဆိုင်ကို ပြေး
အကူအညီ
တောင်းလိုက်နဲ့

ဘာလဲဘွား'

မီးမီးက သွက်လက်တဲ့၊ စဉ်းစားတတ်တဲ့ ကလေးဆိုတော့လေ ချက်ချင်း မေးတော့တာပဲ။

'စာလည်း သိပ်မသင်ရ၊ ကျန်းမာအောင်လည်း သိပ်မနေတတ်၊ ပိုက်ဆံလည်း သိပ်မရှိတဲ့ နိုင်ငံတွေပေါ့'

ကျွန်မက ပုံစံပြစရာ နိုင်ငံတွေ၊ တိုင်းပြည်တွေကို စဉ်းစားရ၊ ပြောပြရတယ်။

'ပါပွာနယူးဂီနီ၊ အိန္ဒိယ တိုင်းပြည်၊ ဆိုမာလီယား၊ အီသီယိုးပီးယား။ အာဖရိက နိုင်ငံ အတော်များများ'

မီးမီးက ကြားဖူးနေ၊ သိနေပုံနဲ့ စဉ်းစားနေတယ်။

'ဖိတ်ခေါ်ခံရတဲ့ နိုင်ငံတကာ စာရေးဆရာ သုံးဆယ်ထဲမှာ ဘွားလည်း ပါခဲ့တယ် မီးမီးရဲ့'

အမေရိကန်နိုင်ငံက အိုင်အိုဝါပြည်နယ်ကို ကျွန်မတို့ ရောက်ရှိခဲ့ရတဲ့ အကြောင်းကို ပြောပြတယ်။

'အဲဒီတုန်းက ဘွားက အမေရိကားမှာ အကြာကြီးနေရတာလား'လို့ မီးမီးက စိတ်ဝင်တစား မေးတယ်လေ။

'သုံးလကြာတယ်၊ အိုင်အိုဝါတက္ကသိုလ်မှာ နေရတယ်၊ University of Iowa မှာပေါ့၊ အများဘုံပိုင်အိမ်လို့ သူတို့က နာမည်ပေးထားတဲ့ အဆောင်မှာပေါ့'

'ဘွားတို့ကို ဖိတ်ပြီးတော့ ဘာတွေလုပ်ရလဲဟင်'

'ဘွားတို့ အတူသွားရတဲ့ စာရေးဆရာတွေက ကိုယ်ရေးတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်တွေအကြောင်းကို အလှည့်ကျ ပြောပြရတယ်။ အိုင်အိုဝါတက္ကသိုလ်မှာ၊ လူထုစာကြည့်တိုက်မှာ၊ အိလီနွိုက်တို့ ချီကာဂိုတို့လို တခြားမြို့နယ်တွေကို သွားကြည့်၊ ဟောပြောနဲ့ သိလား'

နေ့စဉ် အသုံးစရိတ် ဒေါ်လာသုံးဆယ် ရတယ်ဆိုတာတွေ ဘာတွေကိုတော့ မီးမီး ခေါင်းရှုပ်မှာစိုးလို့ အကျယ်ချဲ့ ပြောမနေတော့ပါဘူး။

သူ့အဘွား ရရှိခဲ့တဲ့ အမှတ်တရလက်ဆောင် ဒေါ်လာပြားကလေးကို တခြားဒေါ်လာပြားတွေနဲ့ မတူဘဲ ထူးခြားတဲ့ ဒေါ်လာပြားကလေးဖြစ်တယ်ဆိုတာ တန်ဖိုးထားစေချင်တယ်။

'ဒါဟာ ငါ့အဘွားကို ၂၀၀၁ ခုနှစ်တုန်းက အမေရိကားက ဖိတ်ကြားလို့ အိုင်အိုဝါပြည်နယ်ကို ရောက်ခဲ့ရတုန်းက တခြားနိုင်ငံတကာ စာရေးဆရာတွေနည်းတူ အမှတ်တရပေးတဲ့ လက်ဆောင်၊ သမ္မတ ဂျွန်အက်ဖ် ကနေဒီရဲ့ မျက်နှာကို ခတ်နှိပ်ထားတာ သိလား'လို့ မီးမီးက ဂုဏ်ယူဝင့်ကြွားစွာ ပြောပြနိုင်ဦးမယ့် လက်ဆောင်ကလေး ဖြစ်စေချင်ပါတယ်။

ကျွန်မရဲ့ မြေးကလေး မီးမီးဟာ ကျွန်မပေးတဲ့ နှစ်သစ်ကူးလက်ဆောင်ကို အထူးအဆန်းသဖွယ် အထက်အောက် လှန်လှောကြည့်ရှုနေပါတော့တယ်။

'အခု အိမ်ပြန်ရောက်ရင် မီးမီးရဲ့ ဗီရိုထဲမှာ သေချာသိမ်းမှ ဖြစ်မယ်'

ကျွန်မက အမြတ်တနိုးသိမ်းထားရာက ထုတ်ပေးလိုက်တာမို့ သူကလည်း လုံလုံခြုံခြုံ သိမ်းဆည်းထားရမယ်ဆိုတာ သူသိတယ်။

'မီးမီးလည်း ကြီးလာရင် စာရေးဆရာ လုပ်မယ်၊ ဒါမှ ဘွားလို အမေရိကားက ဖိတ်မှာ၊ အဲဒီကိုရောက် တခြားနိုင်ငံတွေကိုပါ သွားပြီးဟောပြောမယ်၊ လျှောက်လည်မယ်'

ကျွန်မက ပင်စင်စားတစ်ယောက်ပေမဲ့ စေတနာကို အသပြာနဲ့ လွှမ်းခြုံနိုင်စွမ်း မရှိပေမဲ့ သေသည့်အထိ စာရေးဆရာဖြစ်နေဦးမှာမို့ စေတနာကို ခံစားချက်နဲ့ လွှမ်းခြုံပြီး အမှတ်တရဖြစ်စေမယ့် ပစ္စည်းကိုတော့ ပေးနိုင်စွမ်းပါတယ်။

■

မြနှောင်းညို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၁။

မိုးသည် အသံတိတ် ရွာနေ၏။ မိုးနှင့်အတူ လေက စိုးစဉ်းမျှပင် ပါမလာသဖြင့် တစ်ကိုယ်တော် သီးသန့် ရွာနေသောမိုး၌ တဝေါဝေါ၊ တဝုန်းဝုန်း အသံတို့ ကပ်ငြိပါမလာ။ တစိမ့်စိမ့် ဖွဲနေသည့် မိုးဟုတော့ ပြော၍မရ။ ညနေကတည်းက တငြိမ့်ငြိမ့် ရွာနေသော်ငြား မှောင်ရိပ်မသန်းခင် တစ်ခဏ ရပ်သွားသေး၏။ ပြီးနောက် ပြန်ရွာ၊ ပြန်ရပ်ဖြင့် မိုးရွာသည့်ပုံက တီဗွီမှ ဇာတ်လမ်းတွဲများ အပိုင်းပိုင်းလွှင့်နေသလို စိတ်ရှည်လက်ရှည်နိုင်လွန်းလှ၏။



တဲသာသာ အိမ်ကလေး၏ အမိုးက ဓနိဖြင့် မိုးထားခြင်းမို့ အမိုးပေါ်ကျလာသည့် မိုးရေသံတို့သည် တရွှမ်းရွှမ်း၊ တဖြစ်ဖြစ်ဖြင့် ခပ်အုပ်အုပ် အသံဖြင့်ရှိ၏။ ည ၈ နာရီ အချိန်သည် မိုးချုပ်ပြီဟု မဆိုနိုင်သေး။ သို့သော် မြနွယ် တစ်ယောက်တည်းနေသည့် တဲကလေးတွင် အိမ်တံခါးပိတ်၊ မီးခွက်မှိတ်၍ မိုးချုပ်လိုက်ပြီမှာ နာရီဝက်ခန့်ပင် ရှိလောက်ပြီ။ ထို့ပြင် မြနွယ်၏တဲသည် လူသူများနှင့် မနီးလှ။ ရွာ၏ ခပ်လှမ်းလှမ်း၊ အင်းရေဖွေးဖွေး၏ တစ်ဖက်ကမ်း မြေစာမို့မို့လေးရှိနေသည့် မြေကွက်လပ်လေး၌ ဓနိမိုး၊ ဓနိကာ မြနွယ်၏ တဲလေးသည် အခြားအခြားသော မြနွယ်တို့လို တဲစုလေးများနှင့်လည်း နီးနီးစပ်စပ် မရှိလှ။ မြနွယ် တစ်ယောက်တည်း နေလာခဲ့သည်မှာ ကြာလှရှိပြီ။ ခြောက်လလောက်ပင် ရှိရော့မည်။

ထွန်းထားသည့် မီးခွက်လေးမှုတ်ထားလိုက်ပြီမို့ တံခါးအလုံ ပိတ်ထားသည့် မြနွယ်၏ ဓနိတဲလေးထဲတွင် မှောင်နှင့်မည်းမည်း။ တံစက်မြိတ်မှ ကျလာသည့် မိုးရေတို့၏ အောက်ခံမြေပြင်ပေါ် ထိခတ်လိုက်သည့် အသံတို့က တဲအထဲသို့ပင် တရှုပ်ရှုပ် အသံဖြင့် ဝင့်၏။ နောက်ဖေး ကဲလားပေါက်လေးအား လက်ဖြင့် အသာတွန်းဖွင့်ကာ ထွန်းအောင်တို့ မသန်းနွဲ့တို့၏ တဲငယ်လေးတွေဘက်သို့ မြနွယ်ကြည့်၏။ တစ်ချက်တစ်ချက် လင်းလက်သွားသည့် လျှပ်စီးကြောင်းတို့၏ အောက်၌ ပျပျဝပ်ဝပ် တဲငယ်အစုစုတို့အား ခပ်မည်းမည်း သဏ္ဍာန်ဖြင့် မြင်နေရသော်ငြား တဲငယ်လေးတို့တွင် မီးရောင်ကိုကား မမြင်ရတော့။တဲငယ်လေးတို့သည်လည်း မြနွယ်၏ တဲကလေးကဲ့သို့ပင် မိုးအေးအေးအောက်တွင် မီးမှိတ်ပြီး အိပ်ရာဝင်ကုန်ကြပြီထင်သည်။

တံခါးပေါက်လေးအား ပြန်စေ့ကာ ခြင်ထောင်ထဲသို့ဝင်၍ စောင်ခြုံထားလိုက်သည်။ မိုးက အေးလှသည်မဟုတ်သော်လည်း စောင်ကို ခြေဆုံးအထိ ဆွဲဆန့်ခြုံလိုက်သည့်ခဏ မြနွယ်စိတ်ထဲ လုံခြုံသွားသလိုရှိ၏။ မြနွယ်အိပ်သည့် အိပ်ရာ၏ ခြေရင်းဘက် မလှမ်းမကမ်း၌ လှန်းလက်စ ငါးခြောက်ပြားတို့အား ကြွက်ဖယောင်းတို့ ဝင်တိုးသည်လားမသိ။ ဖြိုးဖြိုးဖျင်းဖျင်း အသံမြည်သော်လည်း မြနွယ် ထ,မကြည့်ဖြစ်တော့။ ,

မိုးဦးကျခဲ့သည်မှာ မကြာသေး။ မိုးဦးကျကတည်းက သည်ညကဲ့သို့ မိုးက ခပ်စိမ့်စိမ့် ဖွဲနေသည်မှာ ဒီနှစ်အတွက်တော့ မရှိဖူးသေး။ မြနွယ်တို့၏ ရွာတွေဘက်မှ သည်ဘက်က ရွာတွေ၏ အင်းဘေးကမ်းနား မြေကွက်လပ်လေးတွေသို့ အလှိုလှိုပြောင်းလာကြသည့် အချိန်တုန်းက မြနွယ်လည်း မြနွယ်၏ တဲလေးကို အခြားတဲများနှင့် နီးကပ်စွာ ဆောက်လုပ်ဖြစ်ရင် ကောင်းမှာပဲဟု ယခုလို မိုးသည်းညတွင်မှ မြနွယ်စိတ်ထဲ အတွေးရောက်၏။ ထိုစဉ်အချိန် လွန်ခဲ့သည့် ခြောက်လလောက်ကတော့ ဆောင်းတွင်းမရောက်တရောက် အချိန်မို့ အခြားတဲများနှင့် ခပ်လှမ်းလှမ်းမှာ ဆောက်ထားသည့် မြနွယ်၏ တဲလေးသည် ခပ်နီးနီးဟုပင် အထင်ရောက်ခဲ့သည်။ ယခုလို မိုးသည်းသည့်ညအချိန်ကျမှ မိုးစက်မှုန်မှုန်များ၏ ကာဆီးမှုဖြင့် အကွာအဝေးသည် ပို၍ဝေးနေသယောင်ယောင်။

'ဖွက်…ဖွက်… ဖွက်'

မိုး၏အသံကြောင့် တဲငယ်လေး၏ ခြေရင်းဘက်မှ လှမ်းလျှောက်လာသည့်ခြေသံသည် တဲနှင့်အနီးကပ်လိုးရောက်သည့် အခြေအနေမှ



www.burmeseclassic.com

www.burmeseclassic.com

ခြေသံကို မြနွယ်စ၍ ကြားရသည်။ တစွက်စွက် အသံထွက်နေသည့် ခြေသံများ၏ အဆုံးတွင် ပိတ်ထားသည့် တံရှေ့တံခါးကို ခေါက်လိုက်သည်လား၊ ပွတ်လိုက်သည်လား မသိ။ တံရှေ့တံခါးဆီမှ တဖြင်းဖြင်း အသံထွက်၏။ မြနွယ်ခေါင်းကို ဆတ်ခနဲ ထောင်ထမိလိုက်သည်နှင့် တစ်ပြိုင်နက် ငုတ်တုတ်အနေအထားသို့ မြနွယ်ရောက်သွားပြီ။

'မြနွယ်...မြနွယ်'

အသံသည် ခပ်အုပ်အုပ် အနေအထားမို့ မိုးသံအောက်တွင် မသဲကွဲလှ။ သို့သော် အသံရှင်ကို မြနွယ်မှတ်မိလိုက်ပြီ။ အိမ်အတွင်းဘက်မှ ဝါးလုံးဖြင့် ထိုးကန့်လန့်ထားသည့် တံခါးချက်ကိုဖြေ၏။ ပြီး...ခနိတံခါးလေးကို မြနွယ် အလျင်စလိုဖွင့်လိုက်သည်။

'ဘကြီးရယ်... ဒီလောက် မိုးတွေသည်းပြီး၊ မိုးလည်းချုပ်နေတဲ့ဟာကို ဘာလာလုပ်ရတာတုံး။ သူများတွေ မြင်ကုန်မှ မကောင်း။ နေကဖြင့် ကောင်းတာမဟုတ်ဘဲနဲ့'

မြနွယ်၏ အသံသည် အပေါ်သွား၊ အောက်သွားထိခတ်ပြီးမှ ခပ်ကျိုးကျိုး ထွက်လာသည့်အသံမို့ မကျယ်လှသော်လည်း မာနေ၏။ မြနွယ်လက်ထဲမှ ဖွင့်လိုက်သည့် ဓာတ်မီးလေး၏ အရောင်အောက်တွင် ဘကြီး၏ မျက်နှာပြင်အနှံ့၌ မိုးစက်တို့ဖြင့် ပြည့်လျှံနေသည်ကို တွေ့ရသည်။ မိုးကာအင်္ကျီ ဝတ်ထားသော်လည်း ဖရိုဖရဲဖြစ်နေ၍လားမသိ။ ဘကြီးကိုယ်ကို မိုးရေတို့မလုံ။ ဘကြီး၏ ဟန်က တုန်တုန်ချည့်ချည့်ဖြစ်နေသလို ဘကြီးအသံတို့သည်လည်း တုန်နေပြီ။ ပြီး... မိုးကာအင်္ကျီအောက်မှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို ဘကြီးက ထုတ်ပြီး မြနွယ်လက်ထဲသို့ ထည့်၏။ တစ်ပြည်ခန့်ရှိမည့် ဆန်ထုပ်လေးသည် မြနွယ်လက်ထဲသို့ အမှုမဲ့အမှတ်မဲ့ ရောက်လာသည်။

'ဟင်...ဘ...ဘကြီး'

'လျှာရှည်မနေနဲ့၊ ယူထားလိုက်စမ်းပါဟာ။ ညည်းပဲ ညနေက ငါ့ကိုပြောသွားတယ်လေ။ မနက်ဖြန် ချက်စရာ ဆန်မရှိဘူးဆို။ ကဲ...ငါသွားပြီ။'

ဘကြီးသည် ပြောပြောဆိုဆိုဖြင့် မိုးရေထဲသို့ တစွက်စွက်ထွက်သွားချေပြီ။ ပတ်ဝန်းကျင်သည် မှောင်မြဲ မှောင်လျက်။ မိုးသည် တစိမ့်စိမ့် ဖွဲမြဲဖွဲလျက်။

❑

၂။

မြနွယ်တို့ သည်ရွာဘက်သို့ ပြောင်းလာသည့် အချိန်အစောပိုင်းကတော့ ဘကြီးသံချောင်းနှင့် မရင်းနှီးသေး။ မြနွယ်တို့က ရွာလုံးကျွတ်ပြောင်းလာကြသည် မဟုတ်သော်လည်း ပြောင်းလာကြသည့် အိမ်ထောင်ဦးရေက ဆယ်စုထက်မကတော့ ရှိသည်။ သည်ရွာ၏ နာမည်က မန်ကျည်းကန်ဟုတော့ မြနွယ်သိ၏။ သည်ဘက်ရွာတွေ၏ အမည်က နောက်မှာ 'ကန်'ဖြင့်ဆုံးသည်ကများ၏။ ပိန်းကန်၊ သံပရာကန်၊ မန်ကျည်းကန် စသည်ဖြင့်။ မွန်ဘာသာအရ 'ကန်'ဟုပင် အမည်ရသည့်'ကမာ'ဆိုသည့် စကားလုံးပါ ရွာနာမည် အတော်များများကိုလည်း တွေ့ရသည်။ ကမာကလုပ်၊ ကမာကလိပ်၊ ကမာညွပ်ကုန်း၊ ကမာချိုင့်၊ ကမာကလု စသည်ဖြင့်။

သူကောင်းဖြစ်ချင်၍ တစ်ရွာသို့ ပြောင်းခဲ့ကြသည်လည်း မဟုတ်။ ရေကြည်ရာ၊ မြက်နုရာသို့ အရှာအဖွေထွက်ခဲ့ကြသည်လည်းမဟုတ်။ သို့သော် မြနွယ်တို့ပြောင်းခဲ့ကြသည်။ ပြောင်းခဲ့ရပါသည်။ ဆွေမရှိ၊ မျိုးမသိသည့် သည်ရွာတွေဘက်သို့ မြနွယ်တို့အစုလိုက် အပြုံလိုက် ပြောင်းခဲ့ကြသည်။ မပြောင်းကြလို့လည်း မဖြစ်။ မြနွယ်တို့ နေထိုင်ခဲ့ကြသည့် ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် အရှေ့ခြမ်း၊ ပင်လယ်စပ်မှရွာများဖြစ်သည့် ရေကျော်၊ အုန်းပင်အစရှိသည့် ရွာတွေဆိုသည်က ကမ်းပြိုသည့်အထဲသို့ ပါသွားခဲ့ပြီ။ တချို့သည် ရွာလုံးကျွတ်မျှ၊ တချို့သည် အစိတ်အပိုင်းတစ်ခုမျှ။

ယခင်ကတည်းက လယ်၊ ချောင်း၊ အင်းအိုင်ရှိခဲ့ကြပြီး အတန်အသင့် ပြေလည်ကြသူများက ကမ်းမပြိုသည့် ရွာတွေဘက်၌ အိမ်ပြန်ဆောက်၊ လယ်ပြန်ဝယ်ကာ အခြေချနိုင်ကြသော်လည်း မြနွယ်တို့ကဲ့သို့ ယခင်ကတည်းက ကျောထောက်နောက်ခံ မရှိသည့်သူများအဖို့ ကမ်းပြိုရွာတို့နှင့် ဝေးရာဆီသို့သာ ခြေဦးလှည့်ရပြီ။

ခရမ်းမြို့၏ အနောက်ဘက်ခြမ်း ရွာတွေဘက်၌ ရွာ၏ မြေတို့က ဈေးကောင်းလှသည်တော့မဟုတ်။ ရွာထဲ၌လည်း အိမ်ဆောက်နေ၍ ရနိုင်လောက်သည့်နေရာ အတော်များများလည်းရှိပါသည်။ သို့သော် မြနွယ်တို့ကဲ့သို့ တစ်ရပ်တစ်ကျေးမှ ရောက်လာသူတွေအဖို့ ရွာထဲ၌ အိမ်ဆောက်နေရန် အခွင့်မရ။ ရွာထဲမှ နေရာလွတ်တို့၌ ပိုင်ဆိုင်သူအမည်များက အသီးသီး ရှိလျက်နေချေသည်။

ထို့ကြောင့် မြနွယ်တို့က ရွာနှင့် မလှမ်းမကမ်း အင်းရေပြင်၏ တစ်ဖက်ကမ်းမှ ကုန်းကမူမို့မို့လေးများ၌ တဲလေးတွေထိုးကာ နေကြလေသည်။ ဝမ်းရေးအတွက်မူ မပူရ။ မြနွယ်တို့နေထိုင်ရာ အင်းရေပြင်သည် မိုးရာသီ၌ မြနွယ်တို့ ငါးပုစွန်ဖမ်းရာ ဌာန။ အင်းရေပြင် ခန်းခြောက်ချိန် နွေရာသီ၌ ဆားမြေဖြစ်သည့် အင်းမြေနုနုသည် မြနွယ်တို့အတွက် ဆားချက်ရောင်းရာဌာန။ သည်ရွာ၊ သည်နေရာသည် မြနွယ်တို့အတွက် ရေမကြည်လှသော်လည်း မြက်ကတော့ နုသည်ဟု ဆိုနိုင်လေသည်။

❑

၃။

ဘကြီး သံချောင်းသည် တစ်ကိုယ်တည်းနေသည့် အသက် ၆၀ ကျော် အဘိုးအိုပေါက်စတစ်ယောက်ဖြစ်၏။ တစ်ကိုယ်တည်း ဆိုသော်ငြား ဘကြီးသံချောင်းက လူပျိုကြီးတစ်ယောက် တော့ ဖြင့် မဟုတ်။ မြနွယ်အထင် ဘကြီးသံချောင်း၌ သားသမီး



www.burmeseclassic.com

www.burmeseclassic.com

ငါးယောက်မက ရှိမည်ထင်သည်။ ဘကြီးသံချောင်းနှင့် မိန်းမ မရှိတော့။ တစ်ကိုယ်တည်းနေသည့် မုဆိုးဖိုတစ်ယောက်သာ ဖြစ်သည်။

'ကဲ…ဘကြီးရေ… ငါးစင်ရိုင်းလေးတွေ၊ ငါးခုံးမလေးတွေ လတ်လတ်ဆတ်ဆတ်လေးတွေနော်။ ဘကြီးယူချင်ရင် အကုန်လုံးကို တစ်ထောင်ပဲပေး။ ထုံးစံအတိုင်း ခေါင်းချိုး၊ အမြီးချိုး ကျွန်မလုပ်ခဲ့ပေးမယ်'

အင်းရေပြင်က အရမ်းကြီးကျယ်လှသည် မဟုတ်သလို ရေအနက်ကလည်း နက်ပါသည်ဆိုသည့် နေရာတွင် လူတစ်ယောက်၏ ခါးမြုပ်ရုံသာ။ အင်းတစ်ဖက်ကမ်းက ဘကြီးသံချောင်းအိမ်သို့ မြနွယ် ငါးလာရောင်းတိုင်း ဘကြီးသံချောင်းကလည်း ဝယ်ယူအားပေးနေကျ။ ပိုပိုသာသာ ပေးလေ့ရှိသည့် မြနွယ်အတွက်လည်း ဘယ်သောအခါမှ မနစ်နာစေရ။ ဆန်၊ ဆီ၊ ပဲ အစရှိသဖြင့် တစ်နိုင်တစ်ပိုင်လေးကိုတော့ဖြင့် မြနွယ်အတွက် ဘကြီးသံချောင်း ထည့်ပေးလိုက်တတ်မြဲသာ။

'အမယ်လေး… ဘကြီးအိမ်မှာ ကိုယ့်အဖေ အရွယ်လောက်ကြီးမို့ သနားလို့ ဟိုတစ်ခေါက်က အဝတ်တွေ လျှော်ပေးသွားပါတယ်။ ကျွန်မ ပြန်ကြားရတာ မကောင်းဘူး ဘကြီးရေ။ ဘယ်သူရှိရမတုံးဆိုရင်တော့ ဘကြီးသမီး ထားကြည်ပေါ့။ လူကိုများ ငါးရောင်းရင်း လူပါ အဆစ်ရောင်းချင်သလေးဘာလေးနဲ့။ ကိုယ့်အဖေ အရွယ်ကြီးကိုတော့ မြနွယ်က မစဉ်းစားသေးဘူး။ နန့်ရင်းနန့် မြနွယ်တို့ အရွယ်တွေများ ပုံထပ်လို့။ တံခါးဖွင့်ပေးရင် အိမ်တောင် ကျိုးကျကုန်မယ်။ ဟင်း…ဟင်း'

မြနွယ်က ပါးစပ်မှ တတွတ်တွတ်ပြောရင်း ပုစွန်ခေါင်းကို ဆိတ်၏။ ငါးခေါင်းကိုဖြတ်၏။ ပြီးလျှင် ဆေးကြောသုတ်သင်ရင်း ဆား၊ နနွင်းပင် နယ်လိုက်သေး၏။ 'ကဲ…ချက်လို့ရပြီ။ အဆင်သင့်ပဲ'ဟု ထပ်ပြောရင်း စဉ့်အိုးနားတွင် အကွင်းလိုက်ပုံနေသည့် ဘကြီးသံချောင်း၏ ရေစိုပုဆိုးတစ်ထည်အား တဖုန်းဖုန်း အသံမြည်အောင် ထုရိုက်ကာ လျှော်ဖွပ်နေသေးသည်။

သည်လိုနှင့် မိုးဦးလေးကျတော့ ဆောင်းဦးပေါက်ကတည်းက ဆောက်ထားသည့် မြနွယ်၏ တဲလေးကပြင်စရာလိုလာ၏။ ငါးရောင်းရင်း အပြန် ထုံးစံအတိုင်း ဘကြီးသံချောင်းအိမ်သို့ မြနွယ်ဝင်၏။ မိုးဦးကျမို့ ခြံထဲ၌ အလေ့ကျပေါက်နေသည့် ဖလံတောင်ဖေ့းအပင် ပေါက်တို့ကို မြနွယ်ချိုး၏။ ထိုစဉ် ခြံထောင့်အစပ်၌ စုပုံထားသည့် သွပ်ပြားအဟောင်းပုံကြီးကို မြနွယ်တွေ့ပြီ။ အသစ်လဲကာ မိုးစဉ်တုန်းက သွပ်ပြားအဟောင်းတွေအား သည်နေရာမှာပင် ဖြစ်သလို စုပုံထားဟန်ရှိသည်။

'ဟယ်… ဘကြီးရေ၊ ဒီသွပ်ပြားအဟောင်းတွေ ကျွန်မကိုပေးပါလား။ မိုးကရွာပြီဆိုတော့ တဲက မိုးယိုချင်ပြီတော့။ ကျွန်မတဲရဲ့ ဓနိမိုးတွေပေါ်မှာ ဒီသွပ်ပြားတွေ တင်ပြီး နီးနဲ့တုပ်ထားလိုက်ရင် ကျွန်မလည်း အဆင်ပြေ။ ဘကြီးလည်း သွပ်ပြားအဟောင်းတွေ ရှင်းပြီးသားဖြစ်'

မြနွယ်က ပြောပြောဆိုဆို သွပ်ပြားအဟောင်းတွေအား တဖြမ်းဖြမ်းဖြင့် စုပုံစီထပ်၏။ ဘကြီးသံချောင်းပင် ဘာမှ ပြောချိန်မရလိုက်။ သည်လိုနှင့် ဘကြီးသံချောင်း၏ သွပ်ပြား အပေါက်အပြဲကလေးများ မြနွယ်၏ တဲကလေးပေါ်သို့ ရောက်ပြီ။ ပြဿနာသည် အဲသည်မှာ စ,ပြီ။

'ဟမ်…ဟဲ့ သူခိုးမရဲ့။ ကမ်းပြိုမရဲ့…။ သူများ သွပ်ပြားတွေကို ခိုးရသလားဟဲ့။ ငါမပြောချင်ဘူးနော်။ ငါ့အဖေ သက်ကြီးရွယ်အိုကို သေတာတောင် အသေမဖြောင့်အောင် အညှီနံ့တွေ လာပေး။ ပြီးတော့ ဟိုဟာချူစား၊ ဒီဟာချူစား။ မုဆိုးမက မုဆိုးမလိုနေ။ နေစရာမရှိလို့ သူများရပ်ရွာ လာနေရင်လည်း အေးအေးနေ။ ဖောင်စီး ကဏန်းလှော်တွေလို ရှုမနေနဲ့ ကမ်းပြိုမရဲ့'

ဘကြီး သံချောင်း၏ သမီး မထားကြည်က သူ့ရင်းငှားနှစ်ယောက်နှင့်အတူ လာရင်း မြနွယ်တဲကလေး၏ အမိုးပေါ်မှ သွပ်ပြားဟောင်းလေးများကို ခွာ၏။ သွပ်ပြားတို့သည် အမှန်တကယ်၌ အကောင်းတစ်ချပ်မျှပင်မပါ။ ဘေးစုတ်၊ အနားစုတ်ရုံမက သွပ်ပြားချပ် တော်တော်များများက သံဆန်ခါပေါက်လိုပင် ဟိုနားတစ်ပေါက်၊ သည်နား တစ်ပေါက်။

'လင်သေလို့ မုဆိုးမဖြစ်တာ မဆန်းပါဘူးအေ။ အခု ညည်းလင် မြွေကိုက်ပြီးသေကြည့်စမ်း။ ညည်းချက်ချင်း မုဆိုးမဖြစ်ပြီသိရဲ့လား။ ငါ့ကို သူခိုးစွပ်စွဲရအောင် ညည်းအဖေ ညည်းသွားမေး။ ငါခိုးတာမဟုတ်ဘူးဟဲ့။ ညည်းအဖေ ပေးလိုက်တာ'

မြနွယ်က ပြန်အော်ရင်း အသားတွေ တဆတ်ဆတ်တုန်၏။ ထဘီကိုပင် ခပ်တိုတို ပြင်ဝတ်လိုက်သေးသည်။ ထားကြည်ဘက်မှ ရှေ့ဆက်တိုးလျှင် အဆင်သင့်အနေအထား။ သို့သော် ထားကြည်က ရှေ့ဆက်မတိုးတော့။ ခွာစရာရှိသည့် သွပ်ပြားများခွာရင်း ပါးစပ်မှ ပွစိပွစိ တတွတ်တွတ်ရွတ်ရင်း လာလမ်းကို ပြန်ပြီ။ ထားကြည် ပြောသည့် စကားထဲ၌ မြနွယ်၏ နားထဲ ဆူးတောင်ကားကား ငါးစင်ရိုင်းကောင် ကန့်လန့်ဝင်သလို ကျန်ရစ်ခဲ့သည့် စကားက 'ကမ်းပြို'ဆိုသည့် စကား။ 'သူ့အမေလင် ကမ်းက ဘယ်သူတွန်းချလို့ ပြိုတာမှ မဟုတ်တာ။ သူ့ဟာသူ ပြိုကျတဲ့ကမ်းကိုများ ငါနဲ့လာနှိုင်းနေရသေးတယ်(…)မရဲ့'ဟု မြနွယ်နှုတ်က ရွတ်၏။ ထိုစကားကြောင့်ပင် မြနွယ်၏ ခြေလှမ်းက ဘကြီးသံချောင်း၏ အိမ်ဆီသို့ ရောက်ပြီ။

'ဘကြီးကလည်း အသက်ကြီးတော့ မေ့သွားတာပါ မြနွယ်ရယ်။ အဲဒီသွပ်ပြားတွေပုံထားတုန်းက ထားကြည်တစ်ခုခုပြောသွားတယ်လို့တော့ ထင်သားပဲ။ သူ့အိမ်က ဝက်ခြံမှာ မိုးဖို့ဆိုလား ဘာလား။ ဒါပေမဲ့

www.burmeseclassic.com

ဘကြီးလည်း ရုတ်တရက်ဆိုတော့ ဘာမှသတိမထားမိလိုက်တာပါ'

ဘကြီးသံချောင်း၏ စကားအဆုံး ရန်တွေ့ဖို့လာသည့် မြနွယ် အခွင့်မသာတော့။ ပါးစပ်မှတော့ ပွစိ၊ ပွစိ ရွတ်မိနေသေးသည်တော့ ထင်၏။ ခြေကျသံကို လိုတာထက်ပိုပြီးကျယ်အောင် နင်းဖြတ်လာသည့် မြနွယ်၏ ပါးစပ်က ဘကြီးသံချောင်း၏ အိမ်တံစက်မြိတ်ရှိ ဟောက်ကျနေသည့် ရေအိုးကို အမှတ်မထင် ငုံ့ကြည့်မိရင်း 'ခပ်…ခပ် အဲဒီရေအိုးကိုယ့်ဘာသာကိုယ်ပဲ ပြည့်အောင်ခပ်တော့၊ စေတနာထားလို့ မကောင်းတဲ့လူတွေ' ဟု မြနွယ်နှုတ်က ထွက်ဖြစ်အောင် ထွက်သွားခဲ့သေးသည်။

❑

၄။

နေမွန်းလွဲပြီ။ နေ့လယ်ခင်းအချိန်ဆိုသော်ငြား မိုးပေါက်တို့ တစက်စက် ကျဆင်းနေသည့် မိုးရွာစအချိန်မို့ ဝန်းကျင်သည် လင်းလင်းကျင်းကျင်း ရှိမနေပါ။ မြနွယ်နေသည့် အင်းရေပြင်၏ အခြားတစ်ဖက်ကမ်းတွင် လူစုလူဝေးတစ်စုကို မိုးစက်မှုန်များကြားမှ မြနွယ် လှမ်းမြင်နေရသည်။

တဲ၏ နောက်ဖေးကဲလားပေါက်လေးကို လက်ဖြင့် အသာတွန်းဖွင့်ပြီး လူစုလူဝေးဆီသို့ မြနွယ်လှမ်းကြည့်သည်။ လူစုလူဝေးသည် သူတို့နှင့် အင်းရေပြင်တစ်ဖက်ကမ်းမှာရှိနေသည့် မြနွယ်၏ တဲကလေးကို လှမ်းကြည့်မနေပါ။ ကြည့်နေလျှင်လည်း မှုန်မှိုင်းမှိုင်း ပတ်ဝန်းကျင်အောက်တွင် မြနွယ်၏ တဲကလေးသည် မည်းမည်းသဏ္ဌာန်အဖြစ်လောက်သာ ရှိနေပါလိမ့်မည်။ တဲသေးသေးလေးထဲမှ လူသေးသေးလေး မြနွယ်အား လူစုလူဝေးအနေဖြင့် မည်သို့မျှ လှမ်းမမြင်နိုင်ပါ။

သို့သော်…တံခါးပေါက်လေး၏ အကွယ်မှ ခေါင်းမပြုတပြုဖော်ရင်း မြနွယ် ဆက်ချောင်းနေပါသည်။ လူစုလူဝေးသည် ငြိမ်ငြိမ် သက်သက် မရှိလှ။ ပြေးသူလွှားသူများကိုပင် မြင်နေရသည်။ လေတစ်ချက်အဝှေ့မှာ ကြေးစည်သံလေး ဒူဝေဒူဝေကိုလည်း မြနွယ်ကြားရပြီ။ အမျိုးသမီးတစ်ယောက်၏ ငိုသံလိုလို ကြားမိတော့ ဒီအသံဟာ ထားကြည်အသံဟု မြနွယ်တပ်အပ်သိလိုက်သည်။

'မြနွယ်ရယ်… ညည်းမလဲ ပျောက်နေလိုက်တာ။ ငါနေမကောင်းနေတယ်ဆိုတဲ့အသံလေးများ မကြားမိဘူးလား'

ဘကြီးသံချောင်း၏ အိမ်သို့ မြနွယ် နောက်ဆုံးတစ်ခေါက်ရောက်စဉ် ဒေါသသံငွေ့ငွေ့ပါသည့် ဘကြီးသံချောင်းစကားကို မြနွယ် ကြားရသည်။ ဘကြီး နေမကောင်းသည်ကို မြနွယ်သိ၏။ သွပ်ကိစ္စဖြစ်ပြီးကတည်းက ဘကြီးသံချောင်း အိမ်ဘက်သို့ မြနွယ် မရောက်ဖြစ်တော့။ ထားကြည်မျက်နှာကို နောက်တစ်ခါ မြနွယ် မကြည့်ချင်။ ဘကြီး သံချောင်း နေမကောင်းဖြစ်သည့်သတင်းအားငါးရောင်းထွက်ရင်း မြနွယ်ကြားရသည်။ သို့သော် ထားကြည် ရှိနေသည့်နေရာသို့ မြနွယ်မလာချင်။ ရောက်ဖြစ်ခဲ့သည့် အချိန်သည်ပင် ထားကြည်၏ အရိပ်အယောင်ကို အကဲခတ်ပြီးမှ မြနွယ် ရောက်ခဲ့ရခြင်းဖြစ်သည်။

'ဘကြီးရေ… သတင်းကြားတာက ကြားတာပဲ။ လာမလို့ဟာလည်း အချိန်က အားအားယားယားမရှိဘူး။ ဝမ်းတစ်ထွာကိစ္စက ရှင်းရသေးတာ။ အခုတောင် မနက်ဖြန်ချက်စရာ ဆန်မရှိသေးဘူး'

မြနွယ်က ထုံးစံအတိုင်း ရောက်တတ်ရာရာ ပြောမိခြင်းသာ။ သည်တုန်းက ဘကြီးသံချောင်းက မြနွယ်ကို ဆန်ပေးရန် ပြင်ဆင်နေသေးသည်။ သို့သော် အဲသည့် အချိန်မှာ ခြံဝိုင်းထဲသို့ ထားကြည် ဝင်လာသည်ကို မြင်သဖြင့် မြနွယ်လည်း မပြတ်သေးသည့် စကားစ,ကို ပစ်ထားကာ ခပ်သွက်သွက် ပြန်ခဲ့ရလေသည်။

အဲ့သည့်ည…။

မိုးတွေ တစိမ့်စိမ့်ရွာနေသည့်အဲ့သည့်ညမှာ ဆန်ထုပ်လေးပိုက်ရင်း မိုးကာလေး မလုံ့တလုံဖြင့် အင်းရေပြင်၏ သည်ဘက်ကမ်း မြနွယ့်၏ တဲကလေးဆီသို့ ဘကြီးသံချောင်း တိတ်တဆိတ် ရောက်ခဲ့ပါသည်။ ဘကြီးသံချောင်း၏ အဖြူထည် သက်သက် လုပ်ဆောင်မှုအောက်တွင် သိုသိပ်နက်ရှိုင်းသည့် စေတနာတို့ ကပ်ငြိနေမှန်း မြနွယ်သိပါသည်။ မြနွယ်တစ်ယောက်သာ သိပါသည်။ အသက် ၆၀ ကျော် ၇၀ နားကပ်နေသည့် အဘိုးအိုပေါက်စ တစ်ယောက်၏ လစ်ဟာမှု။ ပြီးလျှင် သံယောဇဉ်ကင်းမဲ့ သွေ့ခြောက်နေသည့် အဘိုးအိုပေါက်စ၏ တွယ်မိတွယ်ရာ သံယောဇဉ် အဝန်းအဝိုင်း မြနွယ် သိပါသည်။ မြနွယ်တစ်ယောက်သာ သိပါသည်။ မိုးသည်းညတစ်ည ဆန်ထုပ်ကလေးလာပေးပြီး မိုးရေကြားကို တိုးဝင် ပျောက်ကွယ်သွားသည့် အဘိုးအိုတစ်ယောက်၏ နောက်ဆက်တွဲ…။ မြနွယ်တစ်ယောက်သာ သိပါသည်။ ထားကြည် စွပ်စွဲသကဲ့သို့ မြနွယ်သည် အညီတွေ ထုတ်ပေးနေခဲ့သည် မဟုတ်ပါ။ ထို့ပြင် ဘကြီးသံချောင်းသည်လည်း အညီရှိရာလာခဲ့သည့် ယင်တစ်ကောင် မဟုတ်ခဲ့ပါ။ သို့သော်…။

အတွေးမျှင်အဆုံး လူစုလူဝေးရှိရာ အင်းရေပြင်တစ်ဖက်ကမ်းသို့ မြနွယ်အကြည့် ရောက်ပြန်သည်။ လူတချို့က ပြန်နှင့်ကြပြီ။ လူတချို့သည် ကျန်ရစ်နေတုန်း။ မီးခိုးငွေ့ငွေ့လေးကို တွေ့စဉ်ခဏ မြနွယ် ရင်ထဲ လှိုက်ခနဲတက်သည်။ မိုးလေးတစွတ်စွတ်ကြား၌ မီးခိုးငွေ့တို့သည် တအူအူ တငွေ့ငွေ့တက်လာကြပြီ။ မီးခိုးငွေ့တို့ရှိရာသို့ ဦးတည်၍ တဲကလေးထဲမှာ ပုဆစ်ဒူးတုပ်ထိုင်လျက် မြနွယ် လက်အုပ် ချီလိုက်သည်။


ထိုစဉ် မြနွယ်၏ အဖြူရောင်ကမ်းပါးတစ်ခု ပြိုကျသံကို မြနွယ် ကြားလိုက်ရလေသည်။ ။

■

**မင်းဇော်အောင်**

www.burmeseclassic.com

www.burmeseclassic.com



အိမ်မျက်နှာကြက်၏အထက်တွင်
ရှိနေသည့် ခြောက်ပေခန့် ရှည်လျားသော
မိတ်အင်ချိုင်းနှားတံဆိပ်ပါ ဖန်ချောင်းမှာ
မီးအားကောင်းစွာဖြင့် လင်းထိန်
တောက်ပလျက်ရှိနေခဲ့ပြီး ထိုဖန်ချောင်း
အထက်မှ သစ်သားပြားတွင်ကား
ဟိုမှ ဒီမှ ပျံသန်းလာကြကုန်သော
အရွယ်အစားစုံ၊ အရောင်အသွေးစုံ ပိုးဖလံ
အမျိုးမျိုးတို့သည်က ကပ်ငြိတွယ်၍
ရှိနေခဲ့ကြပြီး ထိုထိုသော
သေကိန်းကြုံမည်ကို မသိလေသော
ပိုးဖလံမျိုးစုံတို့အား ဖန်ချောင်းအိမ်တွင်
ချောင်းမြောင်းကပ်ခိုနေသော
အမည်းရောင်ရှိ၍ ဝ,တုတ်တုတ်ဖြစ်သည့်
အိမ်မြှောင် အထီးတစ်ကောင်က
အတင်းအဓမ္မဖမ်းယူပြီးနောက်
အသနားညှာတာမဲ့စွာဖြင့် မြိန်ရေရှက်ရေ
စားသုံးလျက် ရှိနေလေသည်။
စာရေးဆရာသည် ခေါင်းစဉ်တပ်ထားသော
စာရွက်လွတ်ပေါ်တွင် စာတစ်လုံးတစ်ပါဒမျှ
မရေးရသေးပေ။ ဖန်ချောင်းကို
ကြည့်လိုက်၊ ပြတင်းပေါက်မှတစ်ဆင့်
မြင်နေရသော မမှောင့်တမှောင်
ပတ်ဝန်းကျင်အား ကြည့်လိုက်၊ မျက်လုံးကို
မျက်မှောင်ကုတ်လိုက်၊ ပြုံးလိုက်
လုပ်ရင်း တွေးတောစဉ်းစားလျက်နေဆဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မည်သည့်အကြောင်းအရာကို ရေးမည်ဟု မူလက တွေးတော ထားခဲ့သော်လည်း တကယ် လက်တွေ့ ချရေးသည့်အခါ လက်ကမရောက်နိုင်ဘဲ ဖြစ်နေလေသည်။ အတွေးသည် မရပ်။ တွေးမြဲတွေးနေဆဲ ဖြစ်၏။ ထိုအတွေးကား ညနေကြီးတစ်ခုတွင် စာရေးဆရာထံ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုနေ့ညနေ၏ ရန်ကုန်နှင့် သူတို့ရွာ ပြေးဆွဲနေသော လေအိတ်ကားကြီးဂိတ်သို့ စာရေးဆရာ ရောက်သွားစဉ်က ဖြစ်သည်။

'ဒီမှာ… ဒီမှာ'

စာရေးဆရာ ကားဂိတ်ထဲသို့ ဝင်သွားသည်နှင့် အနားကပ်ပြီး ခေါ်လိုက်သောအသံတစ်ခုကြောင့် အမှတ်တမဲ့ နောက်သို့ ပြန်လှည့်ကြည့် လိုက်မိ၏။ သူတို့ရွာ၏ ဂေါပကအဖွဲ့ဝင် ဦးသိန်းဝင်း ဆိုသူ ဖြစ်သည်။

'ဟုတ်ကဲ့၊ ပြောပါ ဦး'

'မင်းက စာရေးဆရာ ဆိုတော့ ငါ မေးစရာရှိလို့ကွ'

စာရေးဆရာ ထိတ်ခနဲ ဖြစ်သွားမိ၏။ သူ့အား စာရေးဆရာဟု သိနေသော လူတစ်ယောက် သူ့ရွာကလေးမှာ ရှိနေသဖြင့်လည်း ဘဝင်က ငယ်ထိပ် တက်ဆောင့်လာသဖြင့် အလျှင်အမြန်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းလိုက်ရ၏။

'ငါ ရန်ကုန်မှာ ဘွန်ဘွေကြက်သူခိုး ဆိုတဲ့ ရုပ်ရှင်ကား ကြည့်ခဲ့ရတယ်ကွ'

စာရေးဆရာ နား မလည်ပေ။ ရုပ်ရှင်ဇာတ်ကားနှင့် သူနှင့် ဘာများသက်ဆိုင်နေသနည်း။ သို့သော် စာရေးဆရာသည် ဟန်ကိုယ့်ဖို့ လုပ်လိုက်ရသည်။

'ဟုတ်ကဲ့ ဦး'

'အဲဒီဇာတ်ကား တော်တော်ကောင်းတယ်ကွ၊ ရယ်ရတယ်။ အဲဒါ သော်တာဆွေဆိုတဲ့ စာရေးဆရာ ရေးသဟ ဆိုပဲ၊ မင်းနဲ့ သော်တာဆွေနဲ့ ခင်လား'

'ဗျာ...'

စာရေးဆရာ၏ နှုတ်မှ အာမေဍိတ်သံက မိုးခြိမ်းသံအလား အဆောတလျင် ပြေးထွက်သွားခဲ့၏။

'ပြီးတော့ အဲဒီသော်တာဆွေက ဟားတစ်သိုက်အဖွဲ့က ဆိုတာ ဟုတ်လား'

စာရေးဆရာ ကျွဲမြီးတိုသွား၏။ လက်နှစ်ဖက်က အလိုအလျောက် ဆုပ်မိလာကြပြီး အသားများက တဆတ်ဆတ် တုန်လာကြ၏။

'မဟုတ်ဘူးဗျ၊ အဲဒီသော်တာဆွေက အရင်က ကမ္ဘာပတ်ပြီး မြင်းပွဲလောင်းနေတဲ့ မြင်းသမား၊ ခုမှ ဆင်းရဲသွားလို့ စာစ,ရေးတာ'

စိတ်ထဲမှ ကိုင်းမှတ်ပလားဟု တွေးရင်း စာရေးဆရာသည် ထိုလူ့အနားမှ မြန်နိုင်သမျှမြန်အောင် ခွာခဲ့တော့၏။ နောက်နောင်လည်း ထိုကဲ့သို့သော လူမျိုးနှင့် ဘယ်သောအခါမှ မတွေ့ပါစေနဲ့ဟု ဆုတောင်းမိ၏။ သို့သော်

> စာရေးဆရာသည်
> သူ့ကိုယ်သူ
> ပြန်လည်
> သုံးသပ်ရင်း
> အားငယ်စိတ်
> ဖြစ်ရ၏
> စာရေးသက်
> နုနယ်လှသေးသော
> သူ့ကလောင်သူ
> လူသိများအောင်
> ဘယ်လို
> လုပ်ရမလဲ
> စာဖတ်ပရိသတ်
> တစ်ပြုံတစ်မကြီး
> ရအောင်
> ဘယ်လိုရေးရမလဲ
> ဆိုသည်ကို
> အနေ့နေ့
> အလီလီ
> တွေးရ၏

ထိုနေ့မှ စပြီး စာရေးဆရာ၏ အတွေးရေစီးကြောင်းတွင် ထိုကိစ္စက ကြီးစိုးကာ တသောသော ဗုက္ကမ္မပေးလျက်လာခဲ့တော့ခြင်း ဖြစ်၏။

စာရေးဆရာ သော်တာဆွေကို မသိ၊ သူ၏ ဝတ္ထုကို ရုပ်ရှင်အဖြစ် ကြည့်ရမှသာ နာမည်ကို သိ၏။ မည်မျှအသည်းနာဖို့ ကောင်းလိုက်သနည်း။

တကယ်ဆို ဆရာသော်တာဆွေမှာ စာရေးဆရာတို့ မမွေးခင်ကတည်းက စာပေလက်ရာမွန်များစွာ ဖန်တီးရေးသားခဲ့သော တကယ့်စာရေးဆရာ အဓိပတိကြီး ဖြစ်၏။ ဒါကို ဘုမသိ ဘမသိနှင့် ဟားတစ်သိုက်အဖွဲ့ကလားဟု မေးလိုက်ခြင်းမှာ အတော်ကသိကအောက်နိုင်သော မေးခွန်းဖြစ်၏။ ဆရာသော်တာဆွေကဲ့သို့ လူမရှိတော့သော ကလောင်တစ်လက်ကို မဆိုထားနှင့်၊ ယခုလက်ရှိ စာရေးနေသော စာရေးဆရာမတစ်ယောက်ကိစ္စကိုလည်း စာရေးဆရာ ကြုံခဲ့ဖူးသေးသည်။

တစ်ခါက စာရေးဆရာသည် နိုင်ငံခြားမှ အလှူရှင်တစ်ယောက်၏ လှူဒါန်းသောငွေဖြင့် ရန်ကုန်မှ စာအုပ်များ မှာလိုက်၏။ ထိုစာအုပ်များထဲတွင် စာရေးသက် နှစ်ပေါင်းသုံးဆယ်ခန့်ရှိသော ဆရာမတစ်ယောက်၏ နာမည်ကျော်၊ အတ္ထုပ္ပတ္တိဆန်ဆန် စာအုပ်တစ်အုပ်လည်းပါလေသည်။ စာကြည့်တိုက် ရောက်ပြီးသော ထိုစာအုပ်များကို စာဖတ်သူများက ငှားဖတ်ကြသည့်အချိန်တွင် ထိုဆရာမ၏စာအုပ်ကိစ္စက ဖြစ်လာခဲ့ခြင်းဖြစ်သည်။

စာရေးဆရာသည် ထိုနေ့က စာကြည့်တိုက် စာအုပ်ငှားရမ်းရေးဌာနတွင် ရှိနေခဲ့၏။

'ငါ့အတွက် အသစ်ရောက်တဲ့ စာအုပ်အသစ်တစ်အုပ်လောက် ညွှန်းပါဦးကွ'

အသံကြားသဖြင့် စာရေးဆရာ မော့ကြည့်လိုက်ရာ သူတို့၏ယယ်ဆရာ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန် ဖြစ်နေ၏။ ဆရာကြီးသည် စာအလွန်ဖတ်သော စာဖတ်သက်ရင့်သန်လှသော စာကြမ်းပိုးကြီးတစ်ယောက် ဖြစ်၏။ ရွာ၏ သာရေးနာရေးကိစ္စများတွင်လည်းကောင်း၊ ကျောင်းဆုပေးပွဲများတွင်လည်းကောင်း ဆရာကြီး၏ စာပေဗဟုသုတတို့ ထုံမွမ်းသော ဩဝါဒများကို နာယူမှတ်သားရလေ့ရှိသည်။

ယခုလည်း ဆရာကြီးက စာအုပ်တစ်အုပ်ညွှန်းဖို့ တောင်းဆိုသဖြင့် စာရေးဆရာမှာ အပြေးအလွှား စဉ်းစားခန်းဖွင့်ရ၏။ သို့သော် သိပ်မစဉ်းစားလိုက်ရပေ။ စာအုပ်များကို တန်းစီတင်ထားသော စင်ပေါ်မှ အသစ်လည်း ထွက်ထားသော၊ စာဖတ်ပရိသတ်လည်း နှစ်ခြိုက်သော ဒုတိယအကြိမ် ထုတ်စာအုပ်တစ်အုပ်ကို အလျင်အမြန် သွားယူပေးလိုက်ရသည်။

'ဟင်...'

ဆရာကြီး၏ လက်ထဲသို့ စာအုပ်ထည့်ပေးလိုက်သည်နှင့် ဆရာကြီးက ဟင်ခနဲ တစ်ချက်အသံပြု၏။

'တခြားစာအုပ်တွေ မရှိတော့ဘူးလားကွ'

'ဗျာ...ရှိ... ရှိပါတယ် ဆရာကြီး'

'အေး...ရှိရင် တခြားစာအုပ်တစ်အုပ်ပေးပါကွ၊ ကလောင်ဟောင်းထဲကပေါ့'

'ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး'

စာရေးဆရာလည်း ဆရာကြီး ဖတ်နေကျ လိုင်းထဲမှ စာအုပ်တစ်အုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

သွားယူပြီး ပေးလိုက်ရတော့သည်။ ဆရာကြီးသည် ထိုအခါမှ ကျေနပ်သွားသည့်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်လုပ်ရင်း စာကြည့်တိုက်ထဲမှ ပြန်ထွက်သွားလေတော့၏။ စာကြည့်တိုက်ထဲမှ ထွက်မသွားခင် 'ငါက ခုခေတ်ကလောင်သစ်တွေရဲ့ စာတွေဖတ်မရဘူးကွ' ဟု ဩဝါဒတစ်ခုချွေသွားသေး၏။

စာရေးဆရာသည် ငယ်စဉ်ကတည်းက မော့၍ပင် မကြည့်ရဲခဲ့လေသော ဆရာကြီး၏ ကျောပြင်အား ကြည့်ပြီး ဆရာကြီး၏ အိပ့်အိပ့် ခန္ဓာကိုယ်ကြီး မျက်စိအောက်က ပျောက်သွားတော့မှ သူ ပထမရွေးပေးခဲ့သော စာအုပ်ကို မူလနေရာသို့ ပြန်ထားလိုက်ရတော့သည်။ ထိုစာအုပ်မှာ ဆရာမ မသီတာ (စမ်းချောင်း)၏ **စမ်းချောင်း…အင်းစိန်…ဟားဗတ်** ဆိုသည့် စာအုပ်ဖြစ်လေသည်။ ထိုစာအုပ်ပေးသည်ကို 'ငါက ကလောင်သစ်တွေ ဖတ်မရဘူး' ဟု ဆိုသွား၏။ မည်မျှ အသည်းနာဖို့ ကောင်းလိုက်ပါသနည်း။

ထိုကဲ့သော မိုးကြိုးကြီး ဆယ်ခါပစ်ရစေ့ကိစ္စများနှင့် ကြုံရလေတိုင်း စာရေးဆရာသည် သူ့ကိုယ်သူ ပြန်လည်သုံးသပ်ရင်း အားငယ်စိတ်ဖြစ်ရ၏။ စာရေးသက် နုနယ်လှသေးသော သူ့ကလောင်သူ လူသိများအောင် ဘယ်လိုလုပ်ရမလဲ၊ စာဖတ်ပရိသတ် တစ်ပြုံတစ်မကြီး ရအောင် ဘယ်လိုရေးရမလဲ ဆိုသည်ကို အနေ့နေ့ အလီလီ တွေးရ၏။ ဆရာ သော်တာဆွေလို၊ ဆရာမ မသီတာ (စမ်းချောင်း)လို တကယ့် အရင့်အမာကြီးများကိုတောင် မသိသောသူက ထုနှင့်ဒေး မဟုတ်လား။ သို့နှင့် စာပေလောက အတွင်းသို့ စိတ်ကူးနှင့် တိုင်းခန်းလှည့်လည် ကြည့်လိုက်ရာ ကလောင်သစ် ဘဝကတည်းကမှာပင် အောင်မြင်ထင်ပေါ်ခဲ့သော ကလောင်နှစ်ချောင်းကို စာရေးဆရာ သွားတွေ့၏။

တစ်ယောက်မှာ ရွှေမင်းသားလေးဟု လူသိများ၊ ပရိသတ်များသော ဆရာမင်းဝေဟင် ဖြစ်၏။ ဆရာမင်းဝေဟင်၏ ပထမဆုံး စာပေလက်ရာကို သေချာစေ့ငုကြည့်တော့ လျှို့ဝှက်ချက်တစ်ခုကို စာရေးဆရာ သွားတွေ့၏။ ဆရာ မင်းဝေဟင်၏ ပထမဆုံးလက်ရာမှာ ဦးနှောက်ပုံမှန်မဟုတ်သော လူတစ်ယောက်အကြောင်းကို ရေးထားသည့် **ကိုတ္တိမသား** ဆိုသည့်ဝတ္ထုဖြစ်၏။ ထိုဝတ္ထုထဲမှ ကိုဆယ်ပြားဆိုသော ဇာတ်ကောင်မှာ သိပ်ကျပ်မပြည့်ပေ။ သို့သော် ဆရာ မင်းဝေဟင်က ထိုဇာတ်ကောင်ကို စာဖတ်သူသနားစဖွယ် ဖြစ်အောင် ဖန်တီးပြီး သူပြောလိုသော အကြောင်းအရာများကို ထိုဇာတ်ကောင်အား ပြောခိုင်းလိုက်ပြီး ဒိုင်ယာလော့ခ်ကောင်းကောင်းနှင့် အတွေးများရောယှက်၍ စာဖတ်ပရိသတ်ကို ချပြလိုက်ရာ ဆရာ မင်းဝေဟင်မှာ ရွှေမင်းသားလေး၊ ရွှေမင်းသားလေးနှင့် ဖြစ်လာခဲ့ရတော့သည် အထိ ဖြစ်လေ၏။ သို့နှင့် စာရေးဆရာလည်း ရွှေမင်းသားလေး၏ လိပ်စာကို မရအရ စုံစမ်းကာ ရန်ကုန်သို့ တက်သွားခဲ့တော့သည်။ ရန်ကုန်ဘူတာကြီး အနီးမှ လပ်ကီး ဖလားဝါး လက်ဖက်ရည်ဆိုင်တွင် ရွှေမင်းသားလေးနှင့် တွေ့ကာ 'ဆရာ…ကျွန်တော့် ဝတ္ထုတွေ ဘယ်လိုနေသလဲဗျ…' ဟု ဒွဲ(တဲ့)မေးပစ်လိုက်၏။

ရွှေမင်းသားလေးမှာ ပထမဆုံး သူ့ခေါင်းသူ လေးချက်လောက် မရပ်မနား ကုတ်ပစ်လိုက်ပြီးမှ 'ကောင်းတယ်ဗျ… သိပ်ကောင်းပါတယ်…ဟေး….ဟေး…' ဟု ဖြေ၏။

စာရေးဆရာမှာ ထိုမျှနှင့်မရပ်။ 'အဲဒီ ကောင်းတယ်ဆိုတဲ့ထဲက တစ်ပုဒ်လောက် နာမည်လေး သိပါရစေ ဆရာ…' ဟု ထပ်ဆင့်ပြီး ညွှန့်လိုက်သေးရာ ရွှေမင်းသားလေးက 'ဩော်… ဟုတ်၊ ခဏဗျ၊ နောက်ခဏ သွားလိုက်ဦးမယ်' ဟု ဆိုပြီး စာရေးဆရာအနီးမှ ဒရောသောပါး ပြေးထွက်သွား၏။ စာရေးဆရာလည်း ရွှေမင်းသားလေး တင်ထားသော စားပွဲပေါ်မှာ မှတ်စုစာအုပ်ကို ယူကြည့်လိုက်ရာ စာရေးဆရာ ရေးသော စာမူအမည်များ ဘေးတွင် 'ညံ့၊ အလွန်ညံ့၊ အလွန့်အလွန်ညံ့' ဟု စာမူအမည်နှင့်တကွ ရေးထားသည်ကိုတွေ့ရလေ၏။ စာရေးဆရာ တင်းသွားရ၏။ အပြောနှင့် လက်တွေ့ ကွာနေသော ရွှေမင်းသားလေးအား တင်းသွားမိသဖြင့် စာမူများဘေးတွင် 'ကောင်း၊ လွန်ကောင်း၊ အလွန့်အလွန်ကောင်း' ဟု ပြောင်းရေးခဲ့ကာ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။ လက်ဖက်ရည်ဖိုးကို မရှင်းခဲ့သည့်အပြင် ချိုပျစ်ခွေလဲ ဒိုင်ယာရီဆိုသော လက်ဖက်ရည်ပါဆယ်နှစ်ခွက်ပင် ဆွဲခဲ့လိုက်သေး၏။

ထိုမှ ဒုတိယမြောက် တွေ့ထားသည့် ကလောင်ဖြစ်သော မြောက်ဥက္ကလာပတွင် နေထိုင်သည့် ဆရာမောင်နှင်းပန်းထံ ထွက်လာခဲ့လိုက်၏။ ဆရာ မောင်နှင်းပန်းဆိုသည်ကား စာမူတစ်ပုဒ်ရေးလိုက်လျှင် နောက်ကျောအား ဓားပြားနှင့် ချခံလိုက်ရသကဲ့သို့ လန့်ဖျပ်သွားစေတတ်သော ဆရာမောင်နှင်းပန်း ဖြစ်၏။ ဆရာမောင်နှင်းပန်း၏ ကနဦး စာပေလက်ရာကို လေ့လာကြည့်တော့လည်း အောင်မြင်မှု၏ လျှို့ဝှက်ချက်ကို စာရေးဆရာ သွားတွေ့ပြန်၏။ ဆရာမောင်နှင်းပန်း၏ **လောင်းရိပ်မိလွင်ပြင်** ဟု ပြောလိုက်လျှင် စာဖတ်သူတိုင်းက လက်ဖျားခါရသည်အထိ ဖြစ်လေသည်။ ထိုလောင်းရိပ်မိလွင်ပြင်ထဲတွင် ဆရာမောင်နှင်းပန်းသည် အရူးနှစ်ယောက်အကြောင်းကို ဇာတ်လမ်းဇာတ်အိမ်ကျကျ ရေးဖွဲ့တင်ပြထား၏။ ထိုခေတ်၊ ထိုအခြေအနေ၏ ခေတ်အခါကို ကွက်ကွက်ကွင်းကွင်းမဟုတ်တဲ့ အနုပညာမြောက်စွာ တစ်ဆင့်ချင်း ဖော်

www.burmeseclassic.com

ဆင့်ချင်း အတွေးတစ်စကို ပြကာပြကာဖြင့် ရေးဖွဲ့ထားခဲ့၏။ ထူးခြားသည်က အရူးကို ဇာတ်ကောင်အဖြစ်ထားကာ ရေးဖွဲ့ထားခြင်းဖြစ်၏။

ရွာမှ ထွက်လာကတည်းက ဆရာမောင်နှင်းပန်းထံမှလည်း နည်းနိဿယများ ရယူမည်ဟု အားခဲထားခဲ့တာ ဖြစ်သည်။

ဆရာ မောင်နှင်းပန်း အိမ်ရောက်တော့ ဆရာ မောင်နှင်းပန်းကားမရှိ။ ညနေခြောက်နာရီခန့်မှ ပြန်ရောက်လာလေသည်။ စာရေးဆရာလည်း မအောင့်အည်းနိုင်တော့သဖြင့် 'ဆရာ ကျွန်တော် နာမည်ကြီးချင်တယ်၊ စာဘယ်လိုရေးရမလဲ' ဟု ပွင့်ပွင့်လင်းလင်းပင် မေးချလိုက်၏။

ဆရာ မောင်နှင်းပန်းကလည်း မဆိုင်းမတွပင် ဖြေ၏။

'ငါ့လိုရေးကွ'

'ဆရာ့လို ...ဟုတ်၊ ဘယ်လိုရေးရမလဲ ဆရာ'

စာရေးဆရာသည် ခုံပေါ်တွင် ထိုင်နေရာမှ ဆရာ မောင်နှင်းပန်းအနားသို့ ဖတ်ခနဲ ပြေးကပ်သွားရင်း မေးလိုက်၏။

'စာမူတစ်ပုဒ်ကို သုံးနှစ်လောက် အချိန်ယူရေး'

'ဗျာ...'

'မဗျာနဲ့၊ မင်းက စာမူကောင်းလိုချင်၊ နာမည်ကြီးချင်တယ် မဟုတ်လား'

စာရေးဆရာက ခေါင်းတစ်ချက်ကို မြန်မြန်ညိတ်ပြလိုက်တော့မှ 'စာမူတစ်ပုဒ်ကို သုံးနှစ်လောက် အချိန်ယူရေးကွ၊ ရေးပြီး တစ်နှစ်လောက်

**ဆရာ မင်းဝေဟောင်က ထိုဇာတ်ကောင်ကို စာဖတ်သူ သနားစဖွယ် ဖြစ်အောင် ဖန်တီးပြီး သူပြောလိုသော အကြောင်းအရာများကို ထို ဇာတ်ကောင်အား ပြောခိုင်းလိုက်ပြီး ဒိုင်ယာလော့ခ် ကောင်းကောင်းနှင့် အတွေးများ ရောယှက်၍ စာဖတ်ပရိသတ်ကို ချပြလိုက်ရာ ဆရာ မင်းဝေဟောင်မှာ ရွှေမင်းသားလေး၊ ရွှေမင်းသားလေးနှင့် ဖြစ်လာခဲ့ရတော့သည်**

ပစ်ထားလိုက်၊ အားရင် ပြန်ဖတ်ပြီး ပြင်၊ ငါးနှစ်လောက် အချိန်ပေးလိုက်တာနဲ့ မင်းဝတ္ထုကောင်းတစ်ပုဒ် ရလာလိမ့်မယ်။ ဒါဆို မင်းလည်း နာမည်ကြီးရောပေါ့'

'ဗျာ...'

'အေး အဲဒီအတိုင်းလုပ်၊ ငါ ရေချိုးလိုက်ဦးမယ်'

စာရေးဆရာပင် ထပ်မမေးလိုက်ရတော့သည့် အချိန်အတွင်း ဆရာမောင်နှင်းပန်းသည် အိမ်ပေါ်သို့ တက်သွားလေ၏။ စာရေးဆရာလည်း ခေါင်းကိုငိုက်စိုက်ချကာ ရွာပြန်လာခဲ့ရလေသည်။ ဝတ္ထုတစ်ပုဒ်ကို သုံးနှစ်ရေး၊ ပြန်ပြင်၊ ငါးနှစ်အတွင်း ဝတ္ထုတစ်ပုဒ်ရ၊ စာရေးဆရာသည် ကားစီးရင်း ဆရာမောင်နှင်းပန်း၏ စာရေးနည်းစံချိန်ကို တွက်ဆနေမိ၏။ ထိုကဲ့သို့သာရေးရမည်ဆိုလျှင် စာရေးဆရာ သေရော့မည်ပေါ့။ စာရေးဆရာကား စာမရေးရ မနေနိုင်သူ ဖြစ်၏။ တစ်လအတွင်း အပုဒ်နှစ်ဆယ်ခန့်မှ မရေးရလျှင် နေမထိ၊ထိုင်မသာ ဖြစ်နေလေ့ရှိ၏။ ဆရာ မောင်နှင်းပန်း သင်ရိုးအတိုင်းဆို စာရေးဆရာ ရောဂါရတော့မည် ဖြစ်၏။ သူတို့နည်း မဟုတ်သော်မှ သူတို့လိုတော့ အောင်မြင်မှ ရမည်ဟု တွေးရင်း သူတို့ဝတ္ထုများထံ တစ်ဖန် စိတ်ပို့ရပြန်၏။

ပထမ တွေ့ရှိခဲ့သော ဆရာ မင်းဝေဟောင်သည် စိတ်မနှံ့သူကို ဇာတ်ကောင်ထား ရေးဖွဲ့သည့်ဝတ္ထုဖြင့် အောင်မြင်လာခဲ့၏။ နောက်ထပ် ရှာဖွေတွေ့ရှိခဲ့သော ဆရာ မောင်နှင်းပန်းသည်လည်း စိတ်ဝေဒနာရှင်ကို ဇာတ်ကောင်ထားကာ ရေးဖွဲ့သည့် ဝတ္ထုဖြင့်ပင် အောင်မြင်လာခဲ့ပြန်၏။ သို့နှင့် စာရေးဆရာသည် ထိုကိစ္စကို ပစ်မှတ်ထားကာ ဝတ္ထုတစ်ပုဒ်ရေးဖို့ ဆုံးဖြတ်ပစ်လိုက်သည်။ ထိုထက်ပို၍ စိတ်ကူးထဲဝင်လာခဲ့သည်မှာ အထက်ပါ ဆရာနှစ်ယောက်ထက် သာစေရန် သူ့ဇာတ်ထဲတွင် အရူး သို့မဟုတ် စိတ်မနှံ့သူကို သုံးယောက်အထိ ထည့်သုံးပစ်မည်ဟု အားခဲထားခဲ့၏။ သို့နှင့် စာရေးဆရာသည် သူ့ပတ်ဝန်းကျင်တွင် အရူးတွေ့လိုတွေ့ငြား လိုက်ရှာ၏။ အရူးကား မတွေ့ပေ။ ရွာနီးချုပ်စပ်တွင် မတွေ့သည့်အခါ မြို့သို့တက်၍ မီးရထားဘူတာများတွင်ရှာ၏။ မတွေ့။ သူ့ကိုမြို့ကလေးတွင် ယခင်က 'ငါးကျပ်လောက် ... ငါးကျပ်လောက် ...' နှင့် လူတွေ့တိုင်း လိုက်ပူဆာတတ်သော စိတ်ဝေဒနာရှင်တစ်ယောက် ရှိခဲ့ဖူးသည်ဟု သိရသော်လည်း ယခု ကားမရှိတော့။ စိတ်ဝေဒနာရှင်ကား ရွှေကဲ့သို့ ရှားပါးလွန်းလှ၏။

ကြံရာမရသည့်အဆုံး သူ့မိန်းမ၏ အစ်ကိုဝမ်းကွဲဖြစ်သူ၊ အနည်းငယ် ခပ်အေးအေးနေတတ်သော ကိုရှမ်းကြီးဆိုသူအား ဖွတ်အတင်း လွှတ်ခိုင်းကာ ဇာတ်ကောင်အဖြစ်ထား၍ ရေးဖွဲ့ပစ်လိုက်၏။ သို့သော် ထိုဝတ္ထုမှာ ဟိုဆရာနှစ်ယောက်၏ စိတ်ဝေဒနာရှင် ဝတ္ထုများကဲ့သို့ နာမည်ရဖို့ မဆိုထားနှင့်၊ ထိုစာမူပါသော ရွှေအမြုတေမဂ္ဂဇင်းကို လက်ဆောင်ရသူတို့ကပင် ထိုဝတ္ထုကို နောက်ဆုံးပိတ် ပျင်းပျင်း ရှိသည့်အခါမှ ဖတ်သည်ဟု တစ်ဆင့်စကား ပြန်ကြားရ၏။ အမြတ်တစ်ခုတော့ ရလိုက်သေးသည်ဟု စာရေးဆရာ အစက ထင်ခဲ့မိသေးသည်။ သွားလေသူ ဆရာ ခေါင်းနေမင်းမှ ဖုန်းဆက်၍ ထိုဝတ္ထုနှင့် ပတ်သက်ပြီး ခရေစေ့တွင်းကျ ချီးမွမ်းခန်းဖွင့်သွားခဲ့၏။ ယခုမှ ပြန်တွေးကြည့်တော့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းနေမင်းက အိပ်ချင်မူး မူးနှင့် ဖုန်းနံပါတ်များနှိပ်မိပြီး အားနာပါးနာ သူ့နားနီးသော စာအုပ်ထဲမှ တွေ့ရာဝတ္ထု ကောက်ပြောလိုက်ခြင်းလည်း ဖြစ်နိုင်၏။

သို့နှင့် စာရေးဆရာသည် အရှုံးဝတ္ထုကို လက်လျှော့ပြီး ကိုယ့်လမ်းကိုယ်ဖောက်ကာ အခြားဝတ္ထုဖြင့် အောင်မြင်အောင်လုပ်တော့မည်ဟု ဆုံးဖြတ်၍ သူတို့ရွာထိပ်ရှိ သစ်တောရုံးမှ ဝန်ထမ်းများ လာဘ်ယူလာဘ်စားမှုကို သေသေချာချာ လေ့လာပြီး တိတိကျကျကွက်ကွက်ကွင်းကွင်း ရေးကာ မဂ္ဂဇင်းတစ်စောင်သို့ ပို့လိုက်ရာ ထိုဝတ္ထုမှာ ပုံနှိပ်စာလုံးအဖြစ် ပါလာခဲ့လေ၏။

စာရေးဆရာသည် ထိုမဂ္ဂဇင်းစာအုပ်အား သစ်တောရုံးအပေါက်ဝတွင် ညအချိန်တွင် သွားချထားလိုက်၏။ စာရေးဆရာ၏ အကြံကား သစ်တောရုံးမှ ဝန်ထမ်းများက ထိုစာအုပ်ကို တွေ့၊ ဖတ်။ သူတို့အကြောင်း ရေးထားတာ ဖတ်မိပြီး ရဲတိုင်၊ ရဲက စာရေးဆရာကို လာဖမ်း။ ဒါဆိုလျှင် စာရေးဆရာ နာမည်ကြီးပြီ။ ထိုထိုသော မဟာ့မဟာ ရည်ရွယ်ချက်ဖြင့် ရေးလိုက်ခြင်း ဖြစ်၏။

သို့သော် လက်တွေ့တွင်ကား မနက်စောစော စားတော်ပဲပြုတ် ထ,ရောင်းလေ့ ရှိသော စာရေးဆရာ၏ အစ်မ ဝမ်းကွဲတစ်ယောက်က 'နင့်စာအုပ် သစ်တောရုံး အပေါက်က တွေ့လို့ ပြန်ယူလာတာ' ဟု ဆိုကာ လာပေးသဖြင့် စာရေးဆရာမှာ ကျေးဇူးတင်ကြောင်းပြောပြီး အောင့်သက်သက်နှင့် ပြန်ယူထားလိုက်ရ၏။

သို့နှင့် ရသဝတ္ထုသက်သက်ကို ရေးဖို့ လက်လျှော့လိုက်ပြီး ရုပ်ရှင်ဘက်သို့ ခြေစုံပစ်ဝင်ရန် စာရေးဆရာ ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

ချက်ချင်း ဆုံးဖြတ်လိုက်သည်ဟု ဆိုသော်လည်း ဦးစွာ ရုပ်ရှင်နယ်ဘက်သို့ လေ့လာခဲ့ရသေး၏။

ပထမဆုံးတစ်ယောက်မှာ အဦးဆုံး လုံးချင်းဖြစ်သော **မြောက်ဖျားက အလွမ်းရာသီ**ဝတ္ထုနှင့်ပင် အမျိုးသားစာပေဆုကို ဆွတ်ခူးရယူသွားသော ဆရာမ စံပယ်ဖြူနု ဖြစ်၏။ ဆရာမ စံပယ်ဖြူနုသည် တောင်ပေါ်သူ ဖြစ်သည်နှင့်အညီ လုံးချင်းဝတ္ထုများ၊ ဝတ္ထုတိုများ ရေးသားရင်း ယခုတော့ စာရေးသည့်ဘက်မှ ရုပ်ရှင်ဘက်သို့ ခြေလှမ်းကာ **ခေါင်ရည်တစ်ခွက်၏ ဒိုင်ယာရီ** ဆိုသော ဇာတ်လမ်းတွဲထဲတွင် သရုပ်ဆောင်နေသည်ဟု သိရ၏။ ရုပ်ရှင်ဘက်တွင် စွံသည်နှင့် စာရေးခြင်းကို စွန့်လွှတ်မည်မှာ မုချဟု တွက်ရ၏။

နောက်တစ်ယောက်ကား ဆရာမ စံပယ်ဖြူနုကဲ့သို့ပင် ပထမဆုံး ဝတ္ထုတိုပေါင်းချုပ်နှင့် အမျိုးသားစာပေဆု ရရှိခဲ့သော ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)ဖြစ်၏။

ဆရာမ ဝေသည်လည်း ယခုအခါ စာရေးခြင်းထက် သရုပ်ဆောင်အနုပညာဘက်သို့ ခြေလှမ်းနေသည်ကို တွေ့နေရ၏။ လူမှုကွန်ရက်စာမျက်နှာများတွင် တက်လာသော ဇာတ်ပုံများ၊ လှုပ်ရှားမှုများကိုကြည့်ကာ အကဲခတ်လိုက်တော့ ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)သည် မော်ဒယ်မိခင်ကြီး ဒေါ်တင်မိုးလွင်ကဲ့သို့ပင် 'ဝေအီကို' ချန်နယ်ဖွင့်ကာ သရုပ်ဆောင်သင်တန်းတစ်ခုကို သေချာပေါက်ဖွင့်တော့မည်ဟု ခန့်မှန်းရ၏။

နောက်တစ်ယောက်ကား ရွှေအမြုတေမဂ္ဂဇင်းမှ ချီးမြှင့်သော ရွှေနှလုံးသားစာပေဆုကို သုံးကြိမ်တိုင်တိုင် ဆွတ်ခူးရယူထားသော ဆရာ ချမ်းထက်ဟန် ဖြစ်၏။ ဆရာချမ်းထက်ဟန်သည်လည်း စာကို လုံးဝမှပင် မရေးတော့၊ လှည့်မကြည့်တော့ချေ။ ရေးစရာမလိုလောက်အောင်လည်း သရုပ်ဆောင်မှုနယ်ပယ်ဘက်တွင် အောင်မြင်နေသောသူ ဖြစ်သည်လေ။ ရွှေအက်ဖ်အမ် ဆိုသော နာမည်ကြီး ရုပ်သံလိုင်းတစ်ခုတွင် ပင်တိုင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ အသံလွှင့်သူအဖြစ် လုပ်ကိုင်အောင်မြင်လျက် ရှိ၏။ ထိုမျှအောင်မြင်ရုံပင်မကသေး၊ မကြာသေးမီကမှ တက်သစ်စနာမည်ကြီးမင်းသမီးတစ်လက်နှင့် လက်ထပ်ထိမ်းမြား၍ပင် သွားသေးတော့၏။ ချီးမြှင့်ပေစွ။

နောက်တစ်ယောက်မှာမူကား သဘာဝအုပ်စုဟု နာမည်ကြီးသော ဆရာ သာခု မျိုးဆက်လည်းဖြစ်၊ ဆရာမင်းလူ၏ သမီးလည်းဖြစ်သော ဆရာမ ယုယ ဖြစ်၏။ ဆရာမ ယုယသည် ယခင်ကမှ တစ်နှစ်တစ်ပုဒ်လောက် စာရေးသေး၏။ ယခု မရေးတော့ပေ။ အစိုးရသစ် တက်လာပြီးသည့် နောက်ပိုင်း အားကစားဝန်ကြီးဌာနဘက်သို့ တာဝန်ထမ်းဆောင်နေပြီး မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများအား ကြီးကြပ်ထိန်းကွပ်နေသည်ဟု သိရ၏။ ဆရာမ စံပယ်ဖြူနု သရုပ်ဆောင်နေသော **ခေါင်ရည်တစ်ခွက်၏ ဒိုင်ယာရီ**မှာ ဆရာမ ယုယ၏ လက်ရာဖြစ်ပြီး ဒါရိုက်တာမှာလည်း ဆရာမ ယုယပင်လျှင် ဖြစ်သည်ဟု သိရ၏။ စွယ်စုံရဆရာ သာခုကို မီအောင် လိုက်ရန် နယ်ပယ်အစုံ ရပ်တည် ကြိုးစားရင်း အောင်မြင်နေသော ဆရာမ ယုယအား စာရေးဆရာ လေးစား၏။

စာရေးဆရာသည် ထိုသူများကို အားကျ၏။ ရသစာပေကိုသာ ရှူးရှူးမိုက်မိုက် ဖန်တီးနေတာထက်စာလျှင် ရုပ်ရှင်ဘက်ကမှ နာမည်ကျော် လူသိများလိမ့်ဦးမည်ဟု တထစ်ချ တွေးမိ၏။ စာချည်းသက်သက်ရေးနေ၍ လူမသိ၊ ထိုစာကို ရုပ်ရှင်အဖြစ် ကူးပြောင်းရိုက်ပြ တင်ဆက်နိုင်မှသာ အောင်မြင်ကျော်ကြားလိမ့်မည်ဟု တွေး၏။

ထိုအတွေးကို ထပ်ဆင့်ထောက်ခံသော ဖြစ်ရပ်တစ်ခုကလည်း ယခု ရက်ပိုင်းအတွင်းတွင်ပင် ဖြစ်ပျက်ခဲ့သေးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က စာရေးဆရာ၏အိမ်၌ ဓာတ်လမ်းတစ်ခုကို အသည်းအသန်ကြည့်နေကြသည့်နေ့ ဖြစ်သည်။ ဓာတ်လမ်းက ဆရာမ မိချမ်းဝေ၏ **ယုဂန်ဗွေအစွန်းမှာ** ဆိုသည့် ဝတ္ထုကို **ကူဖော်လောင်ဖက်** ဟု အမည်ပြောင်းပြီး ရိုက်ထားသည့်ဓာတ်လမ်း ဖြစ်သည်။ စာရေးဆရာလည်း ဝမ်းသာအားရနှင့် 'အဲဒါ… အဲဒါ…ဆရာမ မိချမ်းဝေရေးတဲ့ ဝတ္ထုကို ရိုက်ထားတာ'ဟု ကြည့်နေသူများ မကြား ကြားအောင် အော်ပြောပစ်လိုက်၏။ 'ဟား… ဟား…ဟား…'နှင့် ပင်မရယ်ချင်ဘဲ ဖျစ်ညှစ်ရယ်လိုက်သေး၏။ စိတ်ထဲမှလည်း'ကိုင်း…မှတ်ပလား' ရသစာပေကို အထင်သေး၊ အမြင်သေးချင်တဲ့ လူတွေဟု ကျေနပ်အားရ အသံတိတ်ဟာစ်ပစ်လိုက်၏။

စာရေးဆရာ ပြော၍မှ ဆုံးမဆုံးသေးခင် စကားတစ်ခွန်းကို ခြောက်ဘီးကားနှင့် ပြေးဆောင့်သလို ပြောတတ်သော စာရေးဆရာ မိန်းမဘက်က အပျိုကြီးတစ်ယောက်က 'ဘာလဲ မိချမ်းဝေ ဆိုတာ အဆိုတော် အေးချမ်းမေရဲ့ ကလောင်နာမည် မဟုတ်လား'ဟု ပြောလိုက်သဖြင့် တီဗွီရှေ့မှ အမြန်ပြေးထွက်လာခဲ့ရတော့၏။ ထိုနေ့မှစပြီး ရသ,ကလောင်ကို ချကာ ရုပ်ရှင်နယ်ဘက်သို့ ပြောင်းရန် လုံးဝ ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်လေ၏။

အချိန်ကား မှောင်သည်ထက်လွန်ကာ မှောင်လာခဲ့ပြီ ဖြစ်လေသည်။ စာရေးဆရာရှေ့တွင် ချထားသော စာရွက်အလွတ်တွင်ကား မည်သည့်စာတစ်လုံးမျှ မရေးရသေးပေ။

'အင်း… အညာမိသားစုတစ်စု၊ ယောက်ျားက ထန်းတက်၊ မိန်းမက ထန်းလျက်ချက်၊ သားက ဆရာဝန်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်ဖြစ်၊ မိန်းမ ရ၊ မိန်းမနဲ့ မိဘတွေနဲ့ မတည့်လို့ မိဘနှစ်ပါးကို အမွေဖြတ် စွန့်လွှတ်။ အဲဒီ ဝတ္ထုကို ရုပ်ရှင်ရိုက်၊ အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့မှာ ဆရာ ဦးဝင်းငြိမ်းလည်း ရှိနေတာပဲဆိုတော့ ဟင်း… ဟင်း….အကယ်ဒမီ…လူခါး…၊ လူခါး… အကယ်ဒမီ…'

'ဖေဖေ…ဖေဖေ…'

'ဖေဖေ…ဖေဖေ… လို့'

စာရေးဆရာ တွေး၏။ ထိုသို့တွေးနေသခိုက် စာရေးဆရာ၏အနီးတွင် ပုံဆွဲလေ့ကျင့်နေသော သမီးဖြစ်သူက ခေါ်လိုက်သဖြင့် စာရေးဆရာ လန့်သွားရ၏။

'ဟော…ဟော… သမီး'

'ဖေဖေကလည်း ဘာတွေ တွေးနေမှန်းမသိဘူး၊ အောက်မှာ မေမေ ခေါ်နေတယ်'

ထိုအခါမှ စာရေးဆရာလည်း ရုပ်ရှင်ဆယ်ကားလောက် တစ်ထိုင်တည်းရိုက်နေသော သူ့လိပ်ပြာကို အတင်းပြန်ဆွဲခေါ်လာရလေသည်။ အတွေးပျက်သွားသဖြင့်လည်း 'အေး ဘာလဲ ပြော…'ဟု အိမ်အောက်က ကြားသာအောင် အသံမာမာနှင့် လှမ်းအော်လိုက်၏။

'….'

သူ့မိန်းမ၏အသံကို ကြားကားကြား၏၊ မရှင်းပေ။

'ဟော…ဘာလဲ မရှင်းဘူး'

'ဒီမှာ တော့်စာမူကို ဗီဒီယိုရိုက်မယ့်လူ လာနေတယ်လို့'

'ဟော…'

စာရေးဆရာ၏ ဆံပင်များက ချက်ချင်းထောင်လာကြ၏။ ရင်ဘတ်သည် နိမ့်ချည်မြင့်ချည်ဖြစ်လာပြီး မျက်လုံးများက ချက်ချင်း ပြူးကျယ်လာကြလေသည်။

'အေး…အေး… လာပြီ'

စာရေးဆရာသည် ပြောပြောဆိုဆို လှေကားခုနစ်ထစ်ရှိသော သူ့အိမ်အောက်ထပ်သို့ ပြေးဆင်း၏။ ထိုခဏအတွင်း ပုဒ်ရေ ငါးဆယ်ခန့်ရှိသည့် ရေးခဲ့ပြီးသော စာမူများ၏အမည်များက လေတိုက်သဖြင့် လွင့်ပါသည့် တိမ်များကဲ့သို့ ဦးနှောက်ထဲတွင် တဖျပ်ဖျပ် လွင့်ပါပြေးလွှားလာကြ၏။

'ဘယ်စာမူလဲ၊ ဘယ်စာမူလဲ' ဆိုသည့် အမေးက ခေါင်းကို မီးလောင်သလို ပူချစ်ပူလောင်ဖြစ်လာစေတော့၏။

အိမ်အောက်သို့ စာရေးဆရာရောက်သွားသည့်အချိန်တွင်ကား အိမ်အောက်တွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရပေ။

'ဘယ်မှာလဲ ငါ့စာမူကို ဗီဒီယိုရိုက်မယ့်လူ၊ ဘယ်မှာလဲ'

စာရေးဆရာ၏ မိန်းမသည်မီးဖိုပေါ်တင်ထားသော ချဉ်ရည်ဟင်းအိုးထဲမှ ချဉ်ရည်ဟင်းကို ဇွန်းနှင့် ခပ်မြည်းနေရာမှ ရုတ်တရက် တန့်သွား၏။

'ဘာ…ဘာရယ်'

ချဉ်ရည်ဟင်းအိုး ထဲသို့ ဆားတစ်ဆုပ်ကို ဖတ်ခနဲ ပစ်ထည့်လိုက်ပြီး 'ဘာ…ဘာရယ်'ဟု ပြန်အော်ရင်း စာရေးဆရာအား သူ့ရဲတစ္ဆေတစ်ကောင်ကဲ့သို့ ကြည့်လေ၏။

'ငါ့စာမူ ဗီဒီယိုရိုက်မယ့်လူ လာတယ်ဆို'

'ဘာတွေလာပြောနေတာလဲ၊ ဟိုမှာ တော့်စာအုပ်တွေထည့်ဖို့ မှာထားတဲ့ ဗီရို ရောက်ပြီလို့ ပြောတာ၊ ဟော့ဟိုမှာ ဆိုက်ကား'

'ဟင်'ဟုမြည်ရင်း အိမ်ရှေ့ကို စာရေးဆရာ ကြည့်လိုက်တော့ အိမ်ရှေ့မီးရောင်မှိန်မှိန်အောက်တွင် ဆိုက်ကားသည်ရပ်နေလေ၏။ ဆိုက်ကားပေါ်တွင်တော့ ဗီရိုအသစ်စက်စက်ကြီးသည် ရှိ၏။ စာရေးဆရာသည် သူ့မိန်းမအား မရဲတရဲ တစ်ချက်ကြည့်ရင်း ဆိုက်ကားဆီသို့ ငိုက်စိုက်ငိုက်စိုက်နှင့် သွားရလေ၏။

ထိုအချိန်တွင် အိမ်ပေါ်စာရေးစားပွဲထက်ရှိ **ဓာတ်လမ်း ဓာတ်ညွှန်းနှင့် ဒါရိုက်တာ** ဟု ခေါင်းစီးတပ်ပြီး ဘာမှ မရေးရသေးသော စာရွက်လွတ်ပေါ်တွင် စာရေးဆရာ၏ သမီးဖြစ်သူက ဓာတ်လမ်းဓာတ်ညွှန်းနှင့် ဒါရိုက်တာ အကယ်ဒမီ ဖေဖေ လူခါးဟု ရေးခြစ်လျက် ရှိနေလေတော့သည်။ ■

**လူခါး**

www.burmeseclassic.com

နေလုံးနီကို ကျွန်တော် ငေးကြည့်နေသည်။ သူ့အရပ်သို့ ဝင်စေ့ချင်လှပြီ။ စိတ်ရှည်စွာ စောင့်ဆိုင်းရမည်ကို သိသော်လည်း သူသည် ကမ္ဘာမြေတစ်ဖက်ခြမ်းသို့ နှုတ်ဆက်ထွက်ခွာသွားဖို့ သိပ်ကို တွန့်တိုနေသည်ဟု ကျွန်တော် ထင်သည်။ နေရောင်ခြည်ကို ကျွန်တော် မမုန်းပါ။ အနွေးဓာတ်ကို ကျွန်တော် ခုံမင်ပါသည်။ သို့သော် ကျွန်တော်ပြန်လည်ခေါ်ယူချင်သော အတိတ် ခံစားချက်များကို သူသယ်ဆောင်လာပေးနိုင်သည်မှ မဟုတ်ဘဲ။

နေလုံး၏ အောက်နှုတ်ခမ်းသားနှင့် မိုးကုပ်စက်ဝိုင်း ထိလုနီးသောအခါမှပင် နေရောင်ဖျော့ဖျော့သည် စောစောကထက် ပို၍လင်းတောက်လာခဲ့သည်။ ထုနှင့်ထည်နှင့် ကွယ်ဆိုင်းထားသော တိမ်ခဲတချို့ ပါးလျသွားသောကြောင့်ဖြစ်သည်။ ကောင်းကင်တစ်ခုလုံး အမှောင်ကျသွားဖို့ အချိန်တစ်ခု လိုအပ်နေသေးကြောင်း ရိပ်မိလိုက်သည့်အခါ ကျွန်တော် စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သွားမိသည်။

ထိုအခိုက်မှာပင် ပျင်းရိမှုးစင်းစ ကျွန်တော့်မျက်လုံးများကို အလင်းမှုန်တချို့ လာဟပ်သည်။လေးတွဲ့ထိုင်းမှိုင်းစွာ ကျွန်တော်လှမ်းကြည့်ဖြစ်သည်။ နေရောင်ခြည်တန်းထိုးကျနေသော ရေပြင်ပေါ်မှာ လှိုင်းတံပိုးများ အထွေးထွေး အလိမ့်လိမ့်…။ ကျွန်တော်နည်းနည်းတော့ အံ့သြသွားသည်။ ပင်လယ်ပြင်သည် ကျွန်တော်မြင်နေကျလို အပြာရင့်ရင့် မဟုတ်ပါ။ အစိမ်းပုပ်ရောင်လည်း မဖောက်။ ကျွန်တော် မြင်နေရသည်က ပါးပါးကလေး ရှပ်တိုက်နေသော ခရမ်းနုရောင်များ။ ကျွန်တော့်နှုတ်ဖျားမှ စကားလုံးတစ်ခု တိုးတိုးကလေး ထွက်ကျသွားသည်။ ဆည်းဆာ။

နေရောင်သည် ပင်လယ်ကို အရောင်ပြောင်းစေတတ်မှန်း ကျွန်တော် မယုံကြည်ခဲ့ဖူးပါ။ ထို့ထက် ပင်လယ်သည် ဘယ်တော့မှ အရောင် မပြောင်းတတ်ဟု ကျွန်တော် ကလေးဆန်စွာ ထင်ခဲ့မိတာပဲဖြစ်သည်။ တစ်ခါတစ်ရံ ရွှံ့နှံ့တို့ဖြင့် ဝါနောက်နေတတ်သောပင်လယ်သည် တစ်ခါတစ်ခါမှာတော့ အပြာရောင်ဆေးစက်များဖြင့်လည်း ပျော်ဝင်တောက်ပနေတတ်သည်။ မြက်ပင်စိမ်းများ သိပ်သိပ်သည်းသည်း ရှင်သန်နေသည်ဟု ထင်ရလောက်အောင် စိမ်းမှောင်သော ပင်လယ်ကိုလည်း ကျွန်တော် ရင်သပ်ရှုမော ငေးကြည့်ဖူးသည်။ တကယ်တော့ ပင်လယ်သည် ပေလွယ်စွန်းလွယ်သော အရောင်မဲ့ဒြပ်ထုတစ်ခု ပြောင်းလဲသွားခြင်းဖြစ်သည်။

> နေရောင်သည် ပင်လယ်ကို အရောင် ပြောင်းစေတတ်မှန်း ကျွန်တော် မယုံကြည်ခဲ့ဖူးပါ ထို့ထက် ပင်လယ်သည် ဘယ်တော့မှ အရောင် မပြောင်းတတ်ဟု ကျွန်တော် ကလေးဆန်စွာ ထင်ခဲ့မိတာပဲ ဖြစ်သည် တစ်ခါတစ်ရံ ရွှံ့နှံ့တို့ဖြင့် ဝါနောက် နေတတ်သော ပင်လယ်သည် တစ်ခါတစ်ခါ မှာတော့ အပြာရောင် ဆေးစက် များဖြင့်လည်း ပျော်ဝင်တောက်ပ နေတတ်သည်

တိမ်ညိုတိမ်မည်းတို့ တစစထူထပ်လာပြီ။ မိုးကုပ်စက်ဝိုင်းကို ကျွန်တော် မမြင်ရတော့ပါ။ ပင်လယ်သည် ကောင်းကင်ဖြစ်ပြီး ကောင်းကင်သည် ပင်လယ်ဖြစ်သည်။ ထို့အတွက် ကျွန်တော် ပို၍ စိတ်လှုပ်ရှားသည်။ ကောင်းကင်နှင့် ပင်လယ်ကို ပိုင်းခြားထားသော ထိုရေပြင်ညီမျဉ်းတန်းလေးကိုကြည့်ပြီး အဆုံးမှတ်တစ်နေရာကို ကျွန်တော် အသည်းအသန် ရှာဖွေနေခဲ့ဖူးသည်။ ဘယ်တော့မှ မရောက်ရှိနိုင်မှန်း ကျွန်တော်သိသည်။ တစ်နေ့တော့ တစ်ယောက်တည်း ငေးမောကျေနပ်တတ်အောင် ကျွန်တော် ကြိုးစားရပါဦးမည်။

တိမ်ပြင်သည် ထူထပ်မှောင်းသော လိုက်ကာစ တစ်ခုလိုပင် မြင်ကွင်းကို ကန့်လန့်ကာ ချလိုက်သည်။ မိုးစက်မိုးပေါက်တို့ တဖွဲဖွဲ ကြွေဆင်းလာခြင်းဖြစ်သည်။ အရာအားလုံး မှုန်ဝါးသွားပါသည်။ သို့သော် နေရောင်ခြည်တန်းများသည် ဟိုတစ်စ ဒီတစ်စ ဖောက်ထွင်း ပြန့်ကျဲလျက်ရှိနေသေးသည်။ အနိမ့်ကောင်းကင်မှ ခုန်ဆင်းလာသော မိုးစက်မှုံပေါက်ကလေးများကို စိုတောက်ထိန်ဝါသော နေရောင်အောက်မှာ ကျွန်တော် သေသေချာချာမြင်နေရသည်။ ကျွန်တော့် အသက်ရှူသံများကို ကျွန်တော် မကြားရတော့ပါ။ ကမ္ဘာမြေသည် တိုးတိတ်ငြိမ်သက်စွာ တိမ်းစောင်းလည်ပတ်လျက်ရှိသည်။ ထိုအခိုက်အတန့်မှာ ကျွန်တော် မေ့မြောသွားပါသည်။

မိုးသည် ပိုမိုသည်းထန်စွာ ရွာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ညိုမှိုင်းလာသည်။ ဖောက်ထွင်းဖြာကျနေသော အရောင်တန်းများ တစစ မှေးမှိန် ပျောက်ကွယ်သွားသည်။ ကျွန်တော် အနည်းငယ် စိတ်ပူလာမိပြီ။ သူ့ကို ကျွန်တော် ငေးမောမြင်တွေ့ခွင့် ရနိုင်ဦးပါ့မလား။ လွန်ခဲ့သော လေးရက်စလုံး သူ ပေါ်မလာပါ။ ကျွန်တော် စိတ်ရှည်လက်ရှည် စောင့်ခဲ့သည်။ နေဝင်ဆည်းဆာချိန်တိုင်း သူ့ကို ကျွန်တော် မျှော်ခဲ့သည်။ သို့သော် ရာသီဥတုသည် ကျွန်တော့်ကို နေ့စဉ် စိတ်ပျက်ဝမ်းနည်းစေခဲ့ပါသည်။

❑

မိုးရေစက်များသည် ဆံပင်များကြားမှ ယိုစီးလာသည်။ လက်ဖမိုးဖြင့် သုတ်ယူလိုက်ရသည်။ ကျွန်တော့် တစ်ကိုယ်လုံး စိုစွတ်အေးစက်လျက်ရှိသည်။ မိုးမသည်းတော့ပါ။ မိုးစက်မိုးဖွဲကလေးများအဖြစ် ပြိုဆင်းလာသော တိမ်စိုင်တိမ်ခဲများ ပျောက်ကွယ်ပြယ်လွင့်ခဲ့ပြီ။ ထို့ကြောင့် ကောင်းကင်သည် ကြည်လင်စွာ ပိုတောက်ပလာသည်။ နေလုံးကိုမူ မမြင်ရတော့။ နေဝင်သွားရာ ကောင်းကင်နှင့် ပင်လယ်စပ်ကြား မိုးကုပ်စက်ဝိုင်းထက်မှာတော့ လက်ကျန်အရောင်စများ မေးတင်လျက် ရှိနေသေးသည်။ ပင်လယ်ပေါ် တလွင့်လွင့် ရောင်ပြန် ဟပ်နေသော အရောင်အစွန်းအပြောက်များ တဖြည်းဖြည်း မှိန်ဖျော့တော့သွားသည့်အချိန်တွင် ကောင်းကင်သည် မပီသာ ဖြစ်သည်။ အမှန်ဆိုလျှင် နေလုံးသည် ပြင်းအားပျော့သော အနီရောင်၊ သို့မဟုတ် အနည်းငယ် တောက်ပနေသော လိမ္မော်ရောင်ကိုသာ ပိုင်ဆိုင်ထားသည်။ သို့သော် ညိုမည်းသော တိမ်စိုင်များကို ဖောက်ထွင်းဖြတ်သန်းလာရသောနေရောင်သည် ပင်လယ်ပြင်ပေါ် ဖြာကျလာသည့်အခါ ခရမ်းနုရောင်များအဖြစ်

www.burmeseclassic.com

တပီ အလင်းငွေ့ငွေ့ဖြင့်…။ ကျွန်တော် တွေဝေ ငေးမောနေဆဲမှာပင် ဆည်းဆာသည် ညအမှောင်အောက် စုံးစုံးမြုပ်သွားခဲ့သည်။

ရေငွေ့ပါသော လေသည် ကျွန်တော့်ကို ပွတ်သီးပွတ်သပ် တိုးဝှေ့လျက် ရှိသည်။ ကျွန်တော့်နှာသီးဖျား ကို ဘာရယ်မဟုတ် တို့ထိကြည့်မိသည်။ အေးစက်စက်…။ သာယာအေးချမ်းသော ညနေခင်းတစ်ခု ဖြစ်နိုင်သည်။ သူ့ကို ပိုတောင့်တ,လာမိသည်။ အမှန်ဆို ရေပြင်မှာ သူ့အရိပ်ကို ကျွန်တော်စ,မြင်ရမည့်အချိန်ပါပဲ။ တိမ်အုပ်တို့ ဆိုင်းနေသေးသည် ထင်သည်။ ကျွန်တော် စိတ်မပျက် အားမလျှော့ပါ။ အရုပ်မျက်နှာတစ်ခုသို့ စိတ်ရှည်လက်ရှည် ငေးနေသည်။ ဒီညတော့ ပင်လယ်ကို ချောင်းမြောင်းကြည့်ရှုရန် ကောင်းကင်မှ သူ ပေါ်ထွက်လာမည်ဟု ကျွန်တော် ယုံကြည်နေသည်။ သူ့မျက်လုံးများ မိုးကုပ်စက်ဝိုင်းမျဉ်းတန်းလေးထက်မှာ လင်းဖြာတောက်ပ,လာခဲ့လျှင်…။ ပျော်ရွှင်ခြင်းတရားသည် ထိုမျှော်လင့်ချက်ဆီမှ မျှဉ်းမျှဉ်းသဲ့သဲ့ကလေး လွင့်ကျလာသည်။

❑

ကောင်းကင်နှင့် ပင်လယ်သည် အမှောင်ထဲ လုံးဝ တိုးဝင်ပျောက်ကွယ်သွားခဲ့ပြီ။ ညဥ့်တဖြည်းဖြည်းနက်လာသည်။ အပူချိန်သည် အနုတ်အောက်ကို တစစ လျှော့ကျလာခဲ့သည်။ ထုံ ကျဉ် အေးစက်သောလေသည် ထိတွေ့ခွင့်ရသမျှ အသားပြင်များကို တစစ်စစ် အောင့်မျက်နာကျင်စေသည်။ အရေပြားအပြင်လွှာကို ထိုးဖောက်၍ လက်ချောင်းထိပ်မှ သွေးကြောများသည် ပေါက်ပြဲယိုစီမှ့တော့မတတ်…။ သို့တိုင် နေရာမှ တစ်ဖဝါးမှ မရွေ့ဘဲ သူ့ကို ကျွန်တော် စောင့်မျှော်နေသည်။

အစောပိုင်း ရာသီဥတု အခြေအနေအရ အေးအေး ညင်သာရှိလှပြီကော ဟူသော အတွေးဖြင့် သက်သာရာရခဲ့သောစိတ်သည် တဟူးဟူး အော်သံများကို ကြားပြန်ကာမှ ထိတ်ခနဲ ဖြစ်ရပြီ။ မိုးလေဝသ ခန့်မှန်းသူတို့၏ ညွှန်းကိန်းများအရ မုန်တိုင်းငယ်အဆင့် ရှိသော လေပြင်းများပေါ့။ တစ်ဖက်ကမ္ဘာခြမ်း၏ အနိမ့်ဆုံးပတ်လမ်းပေါ် နေရောက်ရှိနေသည့် ခုလိုအချိန်မျိုးမှာမှ အလက်စကာဆီ ဘယ်လိုက်နှင့်များ ရောက်ခဲ့ရပါလိမ့်ဟု မဖြေမသာ တွေးမိပြန်သေးသည်။

နေသည် အီကွေတာ သို့မဟုတ် ကမ္ဘာ့မြောက်ဘက်အရပ်သို့ ရောက်နေခဲ့လျှင် ထူထဲသော သိုးမွေးသားရေထည်များကို စိတ်ပင်ပန်းစရာကောင်းလောက်အောင် ဝတ်ဆင်နေရမည်,, မဟုတ်ပေ။ သွေးမျှင်ကြောများ တင်းကျပ်ရှုံ့တွလာကာ အရေပြားကို နာကျင်ပုပ်ဆွေးစေသော ကြောက်မက်ဖွယ် အအေးဒဏ်ကိုလည်း စိုးထိတ်နေရမည် မဟုတ်။ ခုတော့ဖြင့် အလက်စကာသည် အမြဲတစေ အေးခဲမှုန်ဝါးနေပြီး အားပြင်းခက်ထန်သော လှိုင်းတံပိုးများဖြင့်လည်း အရိုင်းဆန်နေတတ်သည်။ အဆိုးဆုံးကတော့ လေပြင်းမုန်တိုင်းကို ဖိတ်ခေါ်နေတတ်သော ဖိအားနည်းရပ်ဝန်းများ…။ ထိုအချိန် အလက်စကာနှင့် ဆန့်ကျင်ဘက်အရပ်၌ တောင်ကမ္ဘာခြမ်းသားတို့သည် နေ၏ ရောင်ခြည်နွေးကို လှုံနေကြမည်ပေါ့။

ကောင်းကင်ဟင်းလင်းပြင်၌ အဖြူရောင်အစက်အပြောက်တစ်ခုကို လက်ခနဲလှမ်းမြင်လိုက်ရချိန်မှာ ကျွန်တော် အော်ဟစ်ထ,ခုန်ချင်လောက်အောင် ပျော်ရွှင်သွားမိသည်။ ကြယ်ကလေးတစ်ပွင့်ကို ကျွန်တော် မြင်ရပြီ။ နောက်မကြာမီ သူသည် ကျွန်တော့်ကို ရင်ငွေ့လှုံခွင့်ပေးရန် အရာအားလုံးကို ဖောက်ထွင်းလာတော့မည်ဟု ကျွန်တော် ယုံကြည်သည်။ သို့သော် ကျွန်တော့်မျက်စိရှေ့မှာတင် ထိုအဖြူရောင် အစက်အပြောက်ကလေးသည် ပင်လယ်မျက်နှာပြင်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာပါသည်။ ပိုမိုနီးကပ်လာသောအခါမှပင် နှင်းပွင့်တစ်ပွင့်မှန်း သိလိုက်ရတော့သည်။ ကျွန်တော် ဆွံ့အ,တုန်လှုပ်စွာငေးနေမိဆဲ လေပြင်းသည် ထိုနှင်းပွင့်ကလေးကို အဝေးသို့ သယ်ဆောင်သွားခဲ့သည်။ အနက်ရောင်ကမ္ဘာထဲ နှင်းပွင့်ဖြူကလေး တိုးဝင်ပျောက်ကွယ်သွားပါသည်။

တစိမ့်စိမ့် အေးသော အတွေးတစ်ခု လက်ဖမိုးပေါ်မှာ ဖြစ်လာသည်။ နောက် နားရွက်ဖျား…။ နောက် လည်ကုပ်သား…။ လစ်ဟာနေသမျှ ကျွန်တော့်အရေပြားထက်၌ အေးစက်သော အထိအတွေ့များ အကြိမ်ကြိမ် အခါခါ…။ ကောင်းကင်ကို အလိုလို မော့ကြည့်မိလျက်သားဖြစ်သွားသည်။ မသဲမကွဲစကားလုံးများကို ကျွန်တော် ရေရွတ်မိသည်။ ဆွတ်ဆွတ်ဖြူသော နှင်းပွင့်နှင်းစက်များ ကျွန်တော့်ထံ တဖွဲဖွဲ ကြွေဆင်းလာနေသောကြောင့် ဖြစ်သည်။ အနက်ရောင်ဟင်းလင်းပြင်သည် ဖြူလဲ့သော အစက်အပြောက်များဖြင့် တစ်ခဏအတွင်း တောက်ပသွားသည်။

ငိုက်မျဉ်းအိပ်စက်လိုခြင်း အလျှင်းမရှိပါ။ ဖြူဖြူပျပျ နှင်းပွင့်များ အမှောင်ထဲမှ ထိုးဖောက်ခုန်ဆင်းလာသည်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။ အထက်ကောင်းကင်က နှင်းပွင့်နှင်းစက်များ ပိတ်သားမှောင်မှောင်ကို ဖောက်ထွင်း၍ တည့်တည့်မတ်မတ် ဝဲကြွေလာပုံ…။ ဘေးဘီဝဲယာမှ နှင်းပွင့်နှင်းစက်များ(ပင်လယ်မျက်နှာပြင်ကို ရှပ်တိုက်၍)မျဉ်းကွေးပုံစံများအတိုင်း လွင့်ပြေးနေကြပုံ…။ ရာသီဥတု လွန်စွာဆိုးရွားနေသဖြင့် ထိုးဖွင့်ချထားသော မီးဆလိုက်ဝါထိန်ထိန်အောက်တွင် ကမ္ဘာသစ်တစ်ခု၏ မြင်ကွင်းကို ကျွန်တော် ရင်သပ်ရှုမောငေးနေရသည်။ ကျွန်တော်မြင်နေရသမျှက မီးရောင်ဝါထိန်ထိန်အောက်မှာ တဖွဲဖွဲလွင့်ပြေးနေကြသော နှင်းပွင့်ဖြူများ။ ပါးပါးကျဲကျဲကလေးဖြစ်သွားလိုက်၊ သိပ်သည်းထူပိန်းလာလိုက်။ အတွန့်အဆုတ်၊ အထွေ့အထိများနှင့် လျှို့ဝှက်သော



www.burmeseclassic.com

www.burmeseclassic.com

ကချေသည်တစ်ဦးကို ငေးမောစောင့်ကြည့်နေရသလို။ သူ့မျက်နှာပေါ်က အစိတ်အပိုင်းများ၊ သူ့လက်ချောင်းကလေးများကို ကျွန်တော်ထိတွေ့ချင်နေသည်။

ထုံကျဉ်အေးစက်အတွေ့ရသာကို ငမ်းငမ်းမက်မက်ဖြစ်လာသည်။ နှင်းပွင့်တချို့ ကျွန်တော့်နှာဖျားပေါ် ကြွေကျသည်။ တချို့ ကျွန်တော့်နဖူးကို အေးအေးစက်စက် နမ်းသည်။ အများစုက လေပြင်းသယ်ဆောင်ရာ လွင့်သွားကြသည်။

တုန်ယင်အက်ကွဲစွာ သဲ့သဲ့ရှိုက်မိသည်။ ကျွန်တော်မမြင်နိုင်သော အဝေးသို့ နှင်းပွင့်ကလေးများ အဆက်မပြတ် တိုးဝင်ပျောက်ကွယ်သွားနေသည်။ ကျွန်တော် အတူလိုက်ပါ မျောလွင့်သွားချင်သည်။ ထိုသို့ မဖြစ်နိုင်ဘူးဆိုလျှင် သူတို့ကို ဖမ်းဆုပ်သိမ်းဆည်းထားလိုက်ချင်သည်။ သို့သော် သူတို့ကတော့ တဟီးဟီး ရယ်မော၍ ကျွန်တော့်ကို လှောင်ပြောင်ချန်ရစ်ခဲ့ကြသလိုပါပဲ။ မဟုတ်ဘူး…။ လေပြင်းတိုက်သံရော မဖြစ်နိုင်ဘူးလား…။ ကျွန်တော် ထင်ယောင်မှားနေတာ ဖြစ်မှာပါ။ လေသည် ပိုမိုပြင်းထန်စွာ တိုက်ခတ်သည်။ တအိအိကြွေဆင်းနေသော နှင်းပွင့်နှင်းဖတ်များ အရှိန်တစ်ခု၌ လုံးထွေး မျောပါသွားကြသည်။ အမှောင်နောက်ခံမှာ အဖြူရောင်အစင်းကြောင်းများ ရေးရေးရိပ်ရိပ်ကလေး ဖြစ်လာသည်။ အောက်ခြေမျက်နှာပြင်မှာ ဘာမှမရှိတော့ပါ။ ကျွန်တော့် ရင်ဘတ်ထဲ၌ ကွက်လပ်များစွာ ဖြစ်လာသည်။ နာကျင်ခံခက်လာသောအခါ လည်ပင်းကို ဆန့်တန်း၍ အာခေါင်ခြစ် အော်ဟစ်ပစ်လိုက်သည်။ ကျွန်တော့်အသံကို တစ်စက္ကန့်၏ သုံးပုံတစ်ပုံမျှသာ ပြန်ကြားရသည်။ လေပြင်းသည် တဟီးဟီး တဟားဟား လှောင်ရယ်မော၍ ဖုံးလွှမ်းလိုက်သောကြောင့် ဖြစ်သည်။ မာကျောသော မျက်နှာပြင်တစ်ခုပေါ် လှဲချလိုက်သည်။ အေးစက်ကျဉ်ခဲသောအရသာသည် ကျောပြင်မှတစ်ဆင့် အသွေးအသားထဲ စိမ့်ဝင်စီးဆင်းလာသည်။ ကျွန်တော် မရုန်းကန်မိပါ။ ယှဲ့ယှဲ့မျှပင် ပြုံးမိသေးသည် ထင်သည်။ ကျွန်တော့်ဆီ ရောက်မလာတော့သော အဖြူရောင် အမှုန်အမွှားများကို နောက်ဆုံး တစ်ချက်ငေး၍ မျက်လုံးများကို ဖြည်းညင်းစွာ မှိတ်လိုက်သည်။ ကျွန်တော့်ပါးပြင်၏ အရေပြားတစ်နေရာ ဖျဉ်းခနဲ အေးစက်သွားသည်။ ထိုခဏမှာ ဆန္ဒဆိုသော စိတ်တစ္ဆေနှင့် ကျွန်တော် သဲကြီးမဲကြီး သတ်ပုတ်နေခဲ့သည်။ သွေ့ခြောက်စေးကပ်သော မျက်ရည်စီးကြောင်းများဖြင့် နွမ်းလျပင်ပန်းစွာ အိပ်မောကျသွားချိန်မှာတော့ သူ့ကို ကျွန်တော် အနိုင်ရခဲ့ပြီ ထင်ပါသည်။

❑

ပိုးကောင်များ တစီစီ ကိုက်ခဲထိုးဆွနေကြသည်။ မကြာမီ သွေးကြောများ တင်းကျပ်ပေါက်ကွဲ၍ အသားစများ ပွဲကြွေတော့မည်ဟု ကျွန်တော် ထင်နေသည်။ အသည်းခိုက်တမျှ နာကျင်သောဝေဒနာသည် အာရုံခံစားမှုရှိသည့် အင်္ဂါတိုင်းဆီသို့ အစုန်အဆန်ပြေးလွှားနေကြပြီ။ သည့်ပြင် မြင်ယောင်မိသော အရိပ်ပုံတိုင်းမှာလည်း အရိုးအချောင်းအဆစ်တွေချည်း…။ မသိသာဆိုးရွားစွာ ထိတ်လန့်ကြောက်ရွံ့နေသော စိတ်၏ စေ့ဆော်မှုဖြင့် ဝုန်းခနဲ ကိုယ်ကိုအမတ်မှာ တောင့်တညည်းညူသံများ မပီသ လုံးထွေးစွာ ထွက်ကျသွားသည်။ ဝေဝေဝါးဝါး သတိကပ်မိသည့်အချိန်တွင် ကျွန်တော်သည် လက်နှစ်ဖက်ကို ကိုယ်မှာယှက်လျက် တစ်ကိုယ်လုံး ချမ်းခိုက် တုန်ယင်နေခဲ့ပြီ။ စကားလုံးတစ်ခုကိုလည်း နှုတ်ဖျားမှ ကယောင်ကတမ်း ရေရွတ်လျက်။

အသက်ကို ပုံမှန်ရှူ်က်မိပြီးသည့်အချိန်မှာ ကဆုန်စိုင်းနေသော ဝိညာဉ်သည် တည်ကြည်ငြိမ်သက်စပြုသည်။ ကျွန်တော့်လက်ချောင်း၊ ခြေချောင်းများ ထုံကျဉ်အေးခဲလျက် ရှိသည်။ ကောင်းမွန်သော သွေးလည်ပတ်မှုဖြင့် ပူနွေးလာအောင် ကြိုးစားရသည်။ နောက်ခွေယိုင်သော အနေအထားမှာ ပုံစံမကျသော ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ဖြစ်အောင် ပြင်လိုက်သည်။

ဘယ်လောက်ကြာထိ အိပ်ပျော်သွားခဲ့သလဲ မသိပါ။ လေးလံဖြည်းညင်းစွာ စောင်းငဲ့ကြည့်လိုက်သည့်အခါ ကျွန်တော့်အနားတစ်ဝိုက်မှာ ဆီးနှင်းများ သိပ်သည်းထူထဲစွာ ဖုံးလွှမ်းနေခဲ့ပြီ။ ဆီးနှင်းပြင်ကိုအသာပွတ်သပ်မိသည်။ နူးညံ့ပျော့ပျောင်းဆဲ ရှိသေးသည်။ ရေခဲပြင်တစ်ခုလို အတွေးအခဲ မဖြစ်သေး။ ညာဘက်လက်ညှိုး ဆီးနှင်းပြင်ထဲ ထိုးစိုက်နစ်မြုပ်သွားသည်။ အိုး…ထိုအတွေ့…။ အသည်းသည် အေးတစိမ့်စိမ့်ဖြင့် ဖျတ်ခနဲ နိုးသည်။ ထိုအခါမှ စိတ်သည် တစ်စုံတစ်ရာကို သတိရကာ အဝေးသို့ လှမ်းမျှော်ကြည့်ဖြစ်သည်။ မြင်ကွင်းသည် နက်မှောင်သော ပင်လယ်ကို အနားသတ်ထားသည့် မိုးကုပ်စက်ဝိုင်း၌ ဆုံးသည်။ အထက်အရပ်မှာက နက်ပြာသော ကောင်းကင်…။ အလင်းအမှောင် အနုအရင့် အနည်းငယ် ကွဲပြားသည်မှလွဲ၍ ကျွန်တော် မျှော်လင့်ထားသည့် ဝါညက်ညက်အလင်းရောင်ကို မတွေ့ရပါ။ စိုးထိတ်အားငယ်စိတ်များ ဝင်လာပြန်သည်။ အချိန်သည် ကျွန်တော် မျှော်လင့်ထားသည်ထက် ပိုလင့်နေခဲ့ပြီ။ နှင်းသည်းနေတုန်းပင်။ လေပြင်းများလည်း တိုက်ခတ်လျက် ရှိသေးသည်။ သန်းခေါင်ကျော် မနက်စောစောသို့ရောက်လာသည့်တိုင် အရာအားလုံးသည် အေးအေးစက်စက် အသက်မဲ့နေဆဲ။ ရာသီဥတုသည် ဆဲရေးတိုင်းထွာချင်စရာကောင်းလောက်အောင် ဆိုးရွားလှချည့်။ အမုန်းဆုံးက သူ့ကို ဖုက်ကွယ်ထားခြင်း။ သူဘယ်မှာလဲ အလက်စကာ။ ကျွန်တော့်ရဲ့ ဒေါသတကြီး မေးခွန်းကို အလက်စကာသည် ယဉ်ကျေးမှုမရှိလှစွာ လှောင်ပြောင်တုံ့ပြန်သည်။ ပြင်းထန်သောလေစီးကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေ့လျားမှုများ၊ မြင့်မားသော လှိုင်းတံပိုးပုတ်ခတ်မှုများဖြင့်ပေါ့။ မြင်ခက်ကာမှ မြင်ငေးလိုစိတ်ကို တားမရ။ ခုချိန်မှာ သူ့ကို ကျွန်တော်လိုအပ်သည်။ သူ့အရောင်ဝါဖြာကျနေသည့် ရွှက်လှပန်းရှည်များ။ အရိပ်များစွာထိုးကျနေသည့် မြေလမ်းကလေးများ။ သူ့ကို ဝိုင်းဖွဲ့ငေးကာ လက်ညှိုးကလေးတထိုးထိုးနှင့် ရွှေယုန်အရုပ် အတူရေးခဲ့ကြဖူးသည့် ချိုမြညများ။ အမှန်ပင်မက်မက်မောမော ကျွန်တော်လွမ်းဆွတ်လှသည်။ တိမ်တို့လွင့်ပြယ်စေ။ ကောင်းကင်အမြင့်တစ်နေရာမှ သူ ထွက်ပေါ်လာစေ။ သို့ပေမဲ့ တောင်းဆုတိုင်း မပြည့်တတ်ခဲ့ချေ။ တိုးတိတ်ငြိမ်သက်စွာ ကျွန်တော် အေးစက်နာကျင်နေရသည်။ နှင်းစဲသော ညဦးသန်းခေါင်ယံမှာဖြစ်စေ၊ အလင်းမပျိုးမီ အစောပိုင်းနံနက်ခင်းမှာဖြစ်စေ ကျွန်တော့်ကို နွေးနွေးထွေးထွေးနှစ်သိမ့်အဖော်ပြုဖို့ သူရောက်လာနိုင်ကောင်းရဲ့ဟု ဆက်တောင့်တ,မိနေသေးသည်။ တမ်းတလွမ်းဆွတ်ရုံမှအပ ပြန်လည်ဝင်ရောက်ခွင့် မရှိနိုင်သော အမှတ်တရရိပ်ပုံများကို သူ့မျက်နှာပြင်ထက်မှာ ရေးရေးရိပ်ရိပ်ပင်ဖြစ်စေ ကျွန်တော် မြင်ချင်သည်။ သို့သော် နှင်းမစဲခဲ့ပါ။ ထိုညမှာ နှင်းစက်နှင်းပွင့်များသည် ဘယ်သောအခါမှ မစဲတော့ဟု ထင်ရလောက်အောင် တဖွဲဖွဲကြွေခဲ့ပါသည်။

သေးငယ်သောအသံတစ်ခုကို ကြားလိုက်ရသည်။ သူ့ထံ အစဉ်မပြတ် ဝင်စားနေခြင်းဖြစ်သဖြင့် ဖျတ်ခနဲ တုန်ယင်သွားမိသည်။ အနားတစ်ဝိုက်ကို အခါခါ ဝေ့ဝဲအကဲခတ်သော်လည်း ဘာကိုမှ မမြင်။ အမှောင်ဝေးဝေးကို ပြန်လှည့်ငေးရန်အပြင် ကုန်ပေါက်များ အဖွင့်အပိတ်ကို ထိန်းချုပ်သည့် ဂီယာဘောက်ပေါ်တွင် ဖြူဖွေးဖွေးအရိပ်တစ်ခုကို လှမ်းမြင်သည်။ ဆောင်းခိုငှက်တစ်ကောင် သို့မဟုတ် ပင်လယ်ပျော် စင်ရော်တစ်ကောင် ဖြစ်နိုင်သည်။ ထူထဲစွာအုပ်ခဲလျက်ရှိသော ရေခဲပြင်ပေါ်မှာ မလှုပ်မယှက်ရပ်လျက်။

စင်ရော်တစ်ကောင်၏ ဂုဏ်ရည်သတ္တိကို အားကျသည်။ အေးစက်သောမျက်နှာပြင်များမှတစ်ဆင့် လှည့်ပြန်စီးဆင်းသော သွေးပြန်ကြောများနှင့် ပူးကပ်စီးဆင်းရသော လွှတ်ကြောသွေးများသည် ပုံမှန်အောက် အေးစက်သွားတတ်သောကြောင့် ရေခဲပြင်နှင့် ထိစပ်နေသော ခြေဖဝါးသို့ ရောက်သည့်အခါ ကိုယ်မှ အပူဆုံးရှုံးမှုပမာဏသည် ပြောပလောက်အောင် ကြီးမားနေမည် မဟုတ်ပေ။ သူတို့ခြေထောက်များ၌ ပိုင်ဆိုင်ထားသော ထိုအပူကူးပြောင်းမှုစနစ်ကို ကျွန်တော် လိုချင်လှသည်။ ဘယ်လို အေးစက်နာကျင်မှုမျိုးကိုမဆို ကျွန်တော် ခံနိုင်ရည်ရှိချင်ပါသည်။ ခုတော့ အေးခဲသောအထိအတွေ့များ ကျွန်တော့်ခန္ဓာကိုယ်အပူချိန်ကို လွန်စွာမဆုံးရှုံးစေနိုင်အောင် သားမွေးထည်များကို အထပ်ထပ်ဝတ်ထားရသည်။ ပေါ့ပါးလွတ်လပ်သော ကိုယ်၏ပင်ကိုဖြစ်တည်ခြင်းနှင့် ကွာဝေးလှချည့်။

အလင်းသဲ့သဲ့ကိုမြင်ရလျှင် ကျွန်တော့်မျှော်လင့်ချက်တို့ အငွေ့ပြန်ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ တချို့မနက်ဖြန်တို့၌ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရမည်ဖြစ်သော မျှော်လင့်ချက်အတွက် ကျွန်တော့်မှာ အားအင်အလုံအလောက် ရှိဦးမည်လား။ မာကျောတတ်သူတစ်ယောက်၏ ယုံကြည်မှုမျိုးဖြင့် ကျွန်တော် အားထုတ်ရမည်ပေါ့။ အချိန်တန်လျှင် နွေးထွေးလတ်ဆတ်သောချစ်ခြင်းမေတ္တာရိပ်၌ နားခိုမှေးစက်ခွင့်ရ ပါလိမ့်မည်။ ခေတ္တအခိုက်အတန့်မှာဖြစ်သော ပုဂ္ဂလိကခံစားချက်အစွဲအလမ်းများမှအပ ပင်လယ်ကို ကျွန်တော်ချစ်ပါသည်။

❑

နှုတ်ခမ်းဖျားမှ အငွေ့အသက်များကို မှုတ်ထုတ်ပစ်လိုက်သည်။ နောက် မှုန်ဝါးလွင့်ပြယ်သွားသည်အထိ ငေးနေမိသည်။ မျှော်လင့်ချက်ကလေးပါသွားသည်။ လက်လျှော့လိုက်ရပြီ။ ကျွန်တော် ကူးလူးရှင်သန်ရာ ကမ္ဘာ့အစိတ်အပိုင်း၏တစ်ဖက် မျက်ကွယ်သို့ သူ ရောက်ရှိမသွားခင် နှစ်ပတ်တာကာလအတွင်းတော့ သူ့ကို နေ့စဉ်စောင့်မျှော်ခွင့်ရှိနေပါသေးသည်။ မိုးကုပ်စက်ဝိုင်းကိုမေးတင်၍ အမြင့်ကောင်းကင်၌ သူထိန်ထိန်သာမည့် ညတစ်ညကို တွေ့ကြုံဆုံခွင့် ရလိမ့်ဦးမည်ဟု ကျွန်တော်ယုံကြည်ထားသည်။


မျက်လုံးထောင့်စွန်း၌ အဖြူရိပ် တဖျပ်ဖျပ်ထင်သဖြင့် စင်ရော်ကို လှည့်ငေးမိသည်။ ငှက်ကလေးသည် သူ့တောင်ပံကို ဖြန့်ကားပုတ်ခတ်လျက် တောင်မြောက်ကြည့်နေသည်။ အို…မသွားပါနဲ့ဦးလားကွယ်။ တားချင်စိတ်ဖြစ်ပြီးမှ ငြိမ်သက်နေလိုက်သည်။ လေကြမ်းကိုစုန်စီး၍ သူ့အသိုက်မြို့ရှိရာပြန်ဖို့ ဖြစ်နိုင်သည်။ သို့မဟုတ် ပို၍လုံခြုံသော ကျွန်းကလေးတစ်ကျွန်းဆီ ပျံသန်းခိုနားဖို့ ဖြစ်နိုင်သည်။ တိတ်တိတ်ကလေးငေးနေဆဲ ထိုစင်ရော်ငှက်ကလေး ပြေးထ,ပျံသန်းသွားပါသည်။ တဖြည်းဖြည်းဝေးသွားပြီး နောက်ဆုံးမှာ နှင်းပွင့်တစ်စက်လို ရောနှောပျောက်ကွယ်သွားတော့သည်။

ပင်လယ်သည် နက်ပြာမှောင်မှောင်ဖြစ်ပြီး ကောင်းကင်အနိမ့်သည် အရောင်အစွန်းအစများပါသော အလင်းဖြင့် လတ်ဆတ်နုပျိုလာသည်။ ကောင်းကင်နှင့်ပင်လယ်ကြား၌ မိုးကုပ်စက်ဝိုင်း မျဉ်းတန်းကလေးကို မထင်မရှားမြင်ရပြီ။ မကြာမီ နေ တောက်ပတော့မည်။ နောက် နေ့တစ်ဝက်တာကြာလျှင် တစ်ဖက်ကမ္ဘာခြမ်းသို့ တိုးဝင်ကာ သူ့အလင်းကို ယူဆောင်သွားရမည်သာ ဖြစ်သည်။

ကျွန်တော် သဲ့သဲ့ပြုံးမိသည်။ ဩကာသလောက၏ ဖြစ်ရိုးဖြစ်စဉ်များထဲ ကိုယ်ပိုင်အလင်းမရှိသော ဂြိုဟ်တစ်လုံး၏ ရောင်ဝါဖြာကျသည့် သာယာညများလည်း ပါဝင်သည် မဟုတ်လား။ ခိုင်မာသော မျှော်လင့်ချက်များကို ကျွန်တော် ဆက်လက်မွေးမြူရပါဦးမည်။ ■

**သံလွင်ကို၊မော်လမြိုင်၊**

www.burmeseclassic.com



၂၀၁၅ ခုနှစ် မေလထုတ် New Yorker မဂ္ဂဇင်းတွင် ချက်(Czech) စာရေးဆရာ မီလန်ကွန်ဒဲရာ၏ ဝတ္ထုတို တစ်ပုဒ်ဖတ်ရသည်။ အမည်က **တောင်းပန်သူ** (Apologizer)တဲ့။ မိခင်၏ လိုလားချစ်ခင်ခြင်း မခံရဘဲ မွေးဖွားလာသူတစ်ဦး အကြောင်းဖြစ်သည်။ ဇာတ်ကောင်သည် လူ့လောကထဲသို့ မဖိတ်ခေါ်ဘဲ ရောက်လာသူဟု သူ့ကိုယ်သူ ယူဆသောကြောင့် လူတိုင်းကို တောင်းပန်နေရမည် ဟူသော ထူးဆန်းသည့် အမြင်ကို ဖော်ထုတ်ထားသည်။ ဝတ္ထုအစပိုင်းတွင် အမျိုးသမီး တစ်ဦး ရေထဲခုန်ချ၍ မိမိကိုယ်မိမိ သေကြောင်းကြံစည်သည့် ဇာတ်ကွက်တစ်ကွက်ပါသည်။ မလိုချင်သည့် ကိုယ်ဝန်ကြောင့် မိမိဘဝကို အဆုံးသတ်လိုသည့် ရည်ရွယ်ချက်ဖြစ်သည်။ ဇာတ်ကောင်က သူ မမွေးဖွားခင် သူ့မိခင်လောင်း ကျူးလွန်နိုင်ခဲ့သည့် အဖြစ်အပျက်ကို ပြန်လည်ပုံဖော် စဉ်းစားသည့်သဘောဟုလည်း ဖြစ်သည်။ ထိုဇာတ်ကွက်ကို စာရေးဆရာက ရေးဖွဲ့ပုံကို အကျဉ်းဘာသာပြန်ရလျှင် -

*အေးစက်တုန်ခိုက်လှသော နံနက်ခင်းလေးကြောင့် ပတ်ဝန်းကျင်တွင် လူသူလေးပါးမရှိ။ နေရာက ဆင်ခြေဖုံး မြို့အစွန်နှင့် တောစပ်ကြားဖြစ်သည်။ ကားလေးတစ်စီးသည် လမ်းဘေးတစ်နေရာတွင် ရပ်သွားပြီး အမျိုးသမီးငယ်တစ်ယောက် ထွက်လာသည်။ သူမသည် ဤနေရာသို့ ရည်ရွယ်ချက်နှင့် လာခြင်းဖြစ်သည်။ အမျိုးသမီးသည် မြစ်ဘက်၊ တံတားရှိရာသို့ ကိုက်တစ်ရာကျော်ခန့် လျှောက်သွားသည်။ တံတားက ခပ်မြင့်မြင့်၊ ကျဉ်းကျဉ်းဖြစ်သည်။ အမျိုးသမီးသည် တံတားပေါ်တက်ကာ ဘေးဝဲယာကို လှည့်ပတ်ကြည့်သည်။ တံတားအလယ်လောက်ရောက်တော့ ရပ်လိုက်သည်။ သူမ၏ ဆန္ဒ၊ သူမ၏ စိတ်ပိုင်းဖြတ်ချက်၊ သူမ၏ အမုန်းတရား ပိုမို ခိုင်မာသွားအောင်၊ နာကြည်းမုန်းတီးစိတ်သည် တစ်ခဏလေးမျှပင် သူ့ဆီက ထွက်ခွာမသွားအောင် စိတ်ငြိမ်သက်အောင် ရပ်လိုက်ခြင်းပင်။ ထို့နောက် အမျိုးသမီးသည် ပေါင်တစ်ဖက်ဖြင့် တံတားလက်ရန်းပေါ် ခွလိုက်ကာ သူ၏ခန္ဓာကိုယ်ကို တစ်ဖက် လေဟာနယ်ထဲသို့ ပစ်ချလိုက်တော့သည်။ ခန္ဓာကိုယ်သည် တစ်ရှိန်ထိုး ကျဆင်းသွားသည့်အဆုံး ရေမျက်နှာပြင်၏ မာကျောမှုနှင့် ပြင်းထန်စွာ ရိုက်မိသည်။ အေးစက်သည့်ရေကြောင့် မလှုပ်ရှားနိုင်ဖြစ်သွားပြီး စက္ကန့်အနည်းငယ်အကြာတွင် သူ့မျက်နှာ ရေပေါ်ပေါ်လာသည်။ သူမသည် ရေကူးကျွမ်းကျင်သူတစ်ယောက်ဖြစ်သဖြင့် ခန္ဓာကိုယ်၏အလိုအလျောက် တုံ့ပြန်မှုကြောင့် ရေပေါ်ပေါ်လာစေခြင်းပင်။ သူသည် ဦးခေါင်းကို ရေထဲနှစ်ကာ ရေတွေကို ရှူသွင်းသည်။ ရေတရက် အော်သံ ကြားလိုက်သည်။*


www.burmeseclassic.com



# ကံကြမ္မာဆင်တူ အမျိုးသမီး နှစ်ယောက်

ထွန်းသီန်းဦး

တစ်ယောက် ရေထဲခုန်ဆင်းသွားသည်။ အခြေအနေ ပြောင်းသွားလေပြီ။ ရေအောက်သို့ နစ်မြုပ်ဆင်းသွားရမည့်အစား အမျိုးသမီးသည် ခေါင်းကိုမော့ကာ အသက်ပြင်းပြင်း ရှူသွင်းပြီး အင်အားစုစည်းလိုက်သည်။ ကယ်တင်ဖို့လာသူကား လူငယ်တစ်ယောက်။ သူက ရပ်လိုက်၊ ရပ်လိုက်ဟု အဆက်မပြတ်အော်ရင်း လက်တစ်ဖက် ကမ်းပေးသည်။ အမျိုးသမီးသည် ကမ်းလာသည့်လက်ကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်




ဟိုးတစ်ဖက်ကမ်းက လှမ်းအော်သည့်အသံ။ တစ်ယောက်ယောက်က သူ့ကိုတွေ့သွားပြီ။ သေဖို့ဆိုတာ မလွယ်ပါလား။ သူ၏ ရည်ရွယ်ချက်ကို တားဆီးမည့် ရန်သူသည် ရေကူးသမားတစ်ယောက်၏ဖိနှိပ်၍မရသော အလိုအလျှောက် တုံ့ပြန်ရုန်းကန်မှု မဟုတ်ပေ။ ရန်သူကား ထင်မထားသည့် လူတစ်ယောက်။ သူမ တိုက်ခိုက်ရလိမ့်မည်။ သူမ၏ သေခြင်းတရားကို ကယ်တင်ရန် တိုက်ခိုက်ရပေလိမ့်မည်။

အမျိုးသမီးသည် အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သည်။ တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

*ပြီး သူ့ကို ရေထဲဆွဲနှစ်တော့သည်။ ထိုသူထပ်မအော်နိုင်တော့အောင် အမျိုးသမီးက သူ၏ခေါင်းကို ဖိထားသည်။ ထိုလူက သွေးရူးသွေးတန်း ရုန်းကန်သည်။ စက္ကန့် အတော်ကြာပြီးနောက် သူ မလှုပ်တော့။ တဆတ်ဆတ် တုန်ခါ၍ မောဟိုက်နေသော အမျိုးသမီးသည် ထိုလူကို ဆက်ဖိထားသေးသည်။ ထို့နောက် ထိုလူ၏ ခန္ဓာကိုယ် မလှုပ်နိုင်တော့သည်မှာ သေချာမှလွှတ်လိုက်ပြီး သူလာခဲ့ရာ ကမ်းဘက်သို့ လှည့်ကာကူးခပ်သည်။*

*အမျိုးသမီးသည် လာရင်းကိစ္စကို မေ့သွားပြီလား။ မိမိကိုယ်ကို အဆုံးစီရင်ဖို့ ရည်ရွယ်ချက်ကို စွန့်လွှတ်လိုက်ပြီလား။ သူ့ကို ကယ်မယ့်သူလည်း မရှိတော့။ ယခုဆို လုပ်ချင်တာ လုပ်လို့ရပြီ။ သို့သော် ဘာကြောင့် မသေချင်တော့တာလဲ။ မမျှော်လင့်ဘဲ ပြန်ရှင်သန်လာရသည့် ဘဝသည် တုန်လှုပ်စရာပင်။ သူ့ကို သေတွင်းမှ ဆွဲထုတ်ရန် ကြိုးပမ်းခဲ့သည့် လူသည် ရေနစ်၍ သေဆုံးသွားခဲ့ပြီး သူ သေစေချင်သည့် ဗိုက်ထဲက လူသားကတော့ သေကံမရောက် သက်မပျောက် ရှိနေသည်။ ကိုယ့်ကိုယ်ကို သတ်သေရန် စီမံကိန်းသည် အထမမြောက်နိုင်တော့။ သူ့ အကြံအစည်ကို ဖျက်ဆီးခံလိုက်ရသည့်နောက် အမျိုးသမီးတွင် နောက်တစ်ကြိမ် သေကြောင်းကြံဖို့ ခွန်အား မရှိတော့ပေ။ တုန်ခိုက်နေသည့် အမျိုးသမီးတွင် ပြင်းပြသည့် ရှင်သန်လိုသော စိတ်ဆန္ဒ ပြန်လည်ဖြစ်ပေါ်လာကာ သူမသည် ဆုံးဖြတ်ချက်များကို စွန့်ပစ်၍ ကမ်းဆီသို့ ကူးခပ်တော့သည်။*

အသေအချာ စိတ်ပိုင်းဖြတ်ကာ ကြိုတင်စီစဉ်ထားသော သေကြောင်းကြံစည်မှုသည် နောက်ဆုံး အချိန်တွင် ကြုံတွေ့ရသော အနှောင့်အယှက်ကြောင့် ရလဒ်ဆန့်ကျင်ဘက် ဖြစ်သွားပုံကို ရေးဖွဲ့ထားသည်။ ထိုခဏတွင် အလားတူ သေကြောင်းကြံစည်မှုတစ်ခုကို ရေးဖွဲ့ထားသော မြန်မာဝတ္ထုတိုတစ်ပုဒ်ကို သတိရသွားသည်။ မဂ္ဂဇင်းဟောင်းတွေ ပြန်ရှာရသည်။ တွေ့ပါပြီ။ ၂၀၀၈ ခုနှစ် နိုဝင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင်ပါရှိခဲ့သော ဆရာမ ယဉ်ယဉ်နု (မန္တလေး)၏ဝတ္ထု။ *ညီအစ်ကို မသိတသိဂေါဝိန်* တဲ့။

ဝတ္ထုနှစ်ပုဒ်ပါ
စာရေးဆရာနှစ်ဦး၏
ဆင်တူယိုးမှား
အတွေးတူနေမှုကိုလည်း
အံ့သြစွာ
နှစ်သက်လက်ခံမိပါသည်
ဆရာမ
ယဉ်ယဉ်နု(မန္တလေး)၏
ဝတ္ထုက ကွန်ဒဲရာ၏
ဝတ္ထုထက်
ခုနစ်နှစ်ခန့် စောသည်
ဝတ္ထုနှစ်ပုဒ်
ပုံနှိပ်ဖော်ပြသည့်
အချိန်နှင့် နေရာဒေသ
ကွာခြားမှုကြောင့်
အနုပညာလက်ရာများ
ဖန်တီးရာတွင်
ကြုံရတတ်လေ့ရှိသော
ဆင့်ပွားလွှမ်းမိုးမှု
မဖြစ်နိုင်ဘဲ
တိုက်ဆိုင်စွာ
တူနေသော
ဖတ်ကွက်ဟု
ထင်မြင်မိပါ သည်

ဆရာမက ကိုယ့်ဘဝကို အဆုံးစီရင်ဖို့ ကြံစည်သည့် မနွယ်ဆိုသော အမျိုးသမီးတစ်ဦးအကြောင်းကို ဖွဲ့သည်။ လောပန်ကတော်ဟောင်း၊ ကျောက်ကုန်သည် မနွယ်သည် လိမ္မာပါးနပ်သော စကားအပြောအဆို၊ အပြုံးအရယ်များဖြင့် ယောကျ်ားတွေအပေါ် ဆွဲဆောင်မှုရှိသူ။ သူသည် တရုတ်ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်တစ်ယောက်အပေါ် လူတင်မက အသည်းနှလုံးကပါ စွဲစွဲနစ်နစ် ချစ်မိပြီးမှ ထားရစ်ခဲ့ခြင်း ခံရသောအခါ အစွန်းရောက်ခံစားမှုဖြင့် ရူးမိုက်သော ဆုံးဖြတ်ချက်ကို ချမိသည်။ မက်မောတွယ်တာ မက်မောစရာ မရှိသည့် သူ့ဘဝကို အဆုံးသတ်ရန် ရေထဲခုန်ချပြီး သတ်သေတော့မည်။ ထားရစ်ခဲ့သူ ကြေကွဲနောင်တရစေလိုသော ရည်ရွယ်ချက်လည်းပါသည်။ သို့နှင့် အိမ်ဖော် ကောင်မလေး မိခိုင်ကို ခေါ်ကာ ဂေါဝိန်ဆိပ်သို့ သွားသည်။ ညနေ နေဝင်ချိန် လူခြေတိတ်အောင် စောင့်သည်။

ဆရာမက ဝတ္ထုတို၏ အဆုံးသတ်ကို အောက်ပါအတိုင်း ရေးဖွဲ့ပါသည်။

*တောင်စွယ်တွင် နေကွယ်ပြီ၊ အချိန်ကျပြီ။ အမှောင်ထုက တဖြည်းဖြည်း ကြီးစိုးလာနေပြီ။ တကယ့်ကို ညီအစ်ကို မသိတသိ ဝိုးတိုးဝါးတား အချိန်ရောက်လာပြီ။ ရေချိုးနေသူများ တစ်ယောက်မှ မရှိတော့။ သူနှင့် မိခိုင် နှစ်ယောက်သာ ရှိသည်။ မနွယ် အားတင်း၍ ထ,ရပ်လိုက်သည်။ မိခိုင်ကို ကြိုပြောထားမှဖြစ်မည်။ နို့မဟုတ်ပါက သူက လန့်ဖျပ်အော်လိုက်လျှင် ကယ်မယ့်သူ ပေါ်လာနိုင်သေးသည်။ မနွယ် တကယ်ကို သေချာနေတာမို့ အကာယ်မခံချင်ပါ။*

*'မိခိုင် ဒီစာယူထား။ တင်ပဲ့မောင် လာရင် ပေးလိုက်နော်။ အခု ငါ*

ရေထဲခုန်ချပြီး သတ်သေမလို့'

'ရှင် မမ၊ ဟုတ်ကဲ့'

မနွယ် တအား အံ့ဩသွားသည်။ မိခိုင်က ဝူးဝူးဝါးဝါး လန့်မအော်ရုံမက တားမြစ်ခြင်းပင် မရှိပါ။ ဒါပေမဲ့ မနွယ် ဒီအချိန်မှာ ဂရုမစိုက်နိုင်တော့။ အမှောင်ထုက သိသိသာသာ အုံ့မှိုင်းလာပြီမို့ ဖိနပ်ကလေးချွတ်ပြီး ရေထဲ လှမ်းဆင်းလိုက်သည်။ သွားတော့မယ် တင်မောင်ဟန်ရယ်။

'မမ ခဏနေပါဦး'

'ဟင် ဘာလဲ'

လည်ပြန်ကြည့်ပြီး မနွယ်မေးလိုက်တော့ မိခိုင်က ထိုင်ရာက ထ,လာသည်။ သူ့ကို မနွယ် မော့ကြည့်နေရသလို ဖြစ်နေဆဲ 'မမ မသေခင် မမ လည်ပင်းက ဆွဲကြိုးရယ်၊ လက်ကောက်ငါးရန်ရယ်၊ စိန်နားကပ်နဲ့ စိန်လက်စွပ်ပါ ပေးထားခဲ့ မမ။ ကျွန်မ ဆိုင်ကယ်လေးနဲ့ ပြန်ရုံပဲ'

ဆိုင်ကယ်သော့ တယမ်းယမ်းနှင့် မိခိုင်က တည်တည်ငြိမ်ငြိမ် ပြောသည်။

'ဘာ နင် နင်'

'ဟုတ်တယ်လေ၊ မမ ဘာလုပ်မှာလဲ၊ ကဲ ကဲ ချွတ် ချွတ်'

'အမယ်လေး ဘုရား၊ နင်နင် ငါ့ကိုများ လုပ်ကြံမလို့လား'

မနွယ် အံ့ဩလွန်းအားကြီး၊ ကြောက်လွန်းအားကြီး၍ အသံမထွက်တော့။ လေအေးလေးက တစ်ချက်သုတ်လိုက်၍ ကြက်သီးတွေ ဖြန်းခနဲ ထ,သွားသည်။ မိခိုင်ကို ကြည့်လိုက်တော့ ရေစပ်ကိုဆင်းလာနေပြီ။ မနွယ် ချက်ချင်း ဆုံးဖြတ်ချက်ချပြီး မိခိုင်ဘေးမှ ဖြတ်၍ တာရိုးပေါ် ပြေးတက်သည်။ ကယ်ကြပါလို့ အော်ချင်ပေမဲ့ အသံကမထွက်။ တာရိုးလမ်းအတိုင်း ဖိနပ်မပါဘဲ ပြေးနေသည့် မနွယ်ကို လူတွေက တအံ့တဩ ကြည့်ကြသည်။ မိခိုင်ကတော့ အေးအေးဆေးဆေး ပြန်တက်လာပြီး ရပ်၍ မျှော်ကြည့်နေသည်။ သူပြုံးနေသလားမသိပါ။ ခဏကြာတော့ ဂေါ်ဇီနိသည် အမှောင်ထုထဲမှာ ငုပ်လျှိုးပျောက်ကွယ်သွားသည်။ ရောဝတီကတော့ သူ့ရင်ခွင်ထဲကို တစ်စုံတစ်ယောက် ခိုဝင်မလာသည့်အတွက် ဝမ်းနည်းသလား၊ ဝမ်းသာသလား မပြောတတ်ပါ။

ဆန်းကြယ်သော လူ့စိတ် သဘာဝကို ထင်လင်းစွာ ဖော်ပြသည့် ဝတ္ထုအပိုင်း ဖြစ်ပါသည်။ တိုက်ဆိုင်စွာပင် ဝတ္ထုနှစ်ပုဒ်ပါ စာရေးဆရာ နှစ်ဦး၏ ဆင်တူယိုးမှား အတွေးတူနေမှုကိုလည်း အံ့ဩစွာ နှစ်သက်လက်ခံမိပါသည်။ ဆရာမ ယဉ်ယဉ်နု(မန္တလေး)၏ ဝတ္ထုက ကွန်ဒဲရာ၏ ဝတ္ထုထက် ခုနစ်နှစ်ခန့် စောသည်။ ဝတ္ထုနှစ်ပုဒ် ပုံနှိပ်ဖော်ပြသည့် အချိန်နှင့် နေရာဒေသ ကွာခြားမှုကြောင့် အနုပညာလက်ရာများ ဖန်တီးရာတွင် ကြုံရတတ်လေ့ရှိသော ဆင့်ပွားလွှမ်းမိုးမှု မဖြစ်နိုင်ဘဲ တိုက်ဆိုင်စွာ တူနေသော ဇာတ်ကွက်ဟု ထင်မြင်မိပါသည်။ ■

**ထွန်းသိန်းဦး**

ရည်ညွှန်း။ ။

*The Apologizer by Milan Kondera, The New Yorker, May 2015*

*ယဉ်ယဉ်နု(မန္တလေး)- ညီအစ်ကို မသိတသီဂေါ်ဇီနိ(ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၈၊ နိုဝင်ဘာ)*




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဗြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဝိုလ်ဝိုလ်** (နာမက္ခရ ကျွမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။


(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းတရားနှင့် ထုဆစ်သည်သာဖြစ်ပါစေ၊ ထုဆစ်ပုံသွင်းခံအရာရာဟာ လှပမြဲ။ သည်အဆိုကို ကိုယ်စွမ်းရှိသမျှ ကျွန်မ ငြင်းကြည့်ချင်ပါသည်။

အစ။

ကိုယ်လုံးကြီးတစ်ခု။

အနက်ရောင်၊ ခြေတွေ လက်တွေမှာ အမွေးမည်းမည်းကြီးတွေက တောထလို့၊ ကိုယ်က အနံ့အသက်တွေကလည်း အော်ဂလီဆန်စရာ ဆိုးဝါးပုပ်အဲ့လို့။ ကျွန်မ ဘယ်လို ပြေးလည်းပဲ မလွတ်တော့နိုင်အောင် သူက ကျွန်မကိုယ်ပေါ် အိကျလာခဲ့ပြီ။



အား....

သူ့ကိုယ်က ချွေးစေးတွေ ကျွန်မကိုယ်ပေါ် စေးကပ် ငြိစွန်းချိန် ကျွန်မ အန်မိတော့မယ်။ ရှိသမျှ အင်အားနဲ့ ရုန်းကန် တွန်းထိုးဖယ်ရှားလည်းပဲ နောက်ဆုံးတော့ ကျွန်မမှာ အားအင်ရယ်လို့ တစ်စက်တလေမှ မကျန်တော့။ တစ်ကိုယ်လုံးလည်း နာကျင်လှပြီ။ ခန္ဓာကိုယ်ဟာ ဖူးရောင်ညိုမည်းနေလား။ ကုတ်ခြစ်ရာတွေနဲ့ သွေးစို့စို့တွေက နေရာအနှံ့။ အား... ကယ်ကြပါ။ သူ့လက်က တစ်ချက်ကလေး အလွတ် ကျွန်မ ခြေလှမ်းတွေ အားထည့်လို့ လှစ်ခနဲအပြေး 'ကယ်ကြပါ'အားကုန်အော်ဟစ်လိုက်ချိန်မှာ...။

'ဟဲ့ မွန်း နင် ယောင်ပြန်ပြီလား၊ ထ,ထ ရေသောက်လိုက်'

တစ်ဖက်အိပ်ရာက မင်ဝေ့အသံကို ကျွန်မ ကြားလိုက်ရတယ်။

အခန်းခြေရင်းထောင့်က ရေခဲသေတ္တာအပုလေးဆီက ရေပုလင်း ထုတ်ယူမော့ သောက်အပြီးမှာ အိပ်ရာပေါ် ပက်လက်လေးပြန်လှဲချလိုက်မိတယ်။ အဖန်တလဲလဲ မက်နေကျ တစ်ခုတည်းသော အိပ်မက်ဟာ ကျွန်မကို အမြဲတစေ ခြောက်လှန့်မြဲ။ အဲကွန်းခန်းထဲမှာ ချွေးတွေနဲ့ တုန် ခိုက်နေတဲ့ ကျွန်မတစ်ကိုယ်လုံး အနည်းငယ် ငြိမ်သက်သွားတဲ့အထိ ခေါင်းရင်းက ပုတီးကိုယူပြီး ဗုဒ္ဓဂုဏ်တော် တစ်ခုကို အနုလုံပဋိလုံ ဖိစိပ်လို့သာ နေမိတယ်။ မျက်ရည်တွေ ကျွန်မပါးပေါ် လိမ့်အကျမှာ ကျွန်မ ဆုတောင်းတစ်ခု တောင်းလိုက်မိပြန်တယ်။ တောင်းဆိုနေကျ ဆုတစ်ခုပါပဲ။

ကျွန်မ လွတ်မြောက်ချင်လှပါပြီ။ ကျွန်မ ဘယ်တော့ လွတ်မြောက်မှာလဲ။ ဘယ်တော့မှ လွတ်မြောက်မှာလဲ...။

တောင်းလိုက်တဲ့ဆု အဆုံးမှာ ရှိုက်ငိုနေမိတာသာ ကျွန်မအတွက် ကူကယ်ရာ...။

❑

၁။

မဟုတ်သေးဘူး၊ မဟုတ်သေးပါဘူး။ သူမ ဘာဖြစ်လာသလဲ။ ခါတိုင်းဆို သူမ အပြင်က ပြန်လာတိုင်း စောင်ခေါင်းမြီးခြုံထားတဲ့ ကျွန်မကို စောင် အတင်းခွာကာ 'စကားပြောကြမယ်လေဟာ ထ,ထ'ဟု ဆိုလေ့ရှိတာ။ ခုတော့ အခန်းတံခါးဖွင့်သံ၊ အခန်းထဲ လှမ်းဝင်လာတဲ့ သူမခြေသံ၊ ကြမ်းနှင့် အဝတ်သေတ္တာဘီးတို့ ပွတ်တိုက်ဆွဲသံ၊ ဂျင်းဘောင်းဘီဝတ် သူမ ခြေနှစ်ချောင်းတို့ လမ်းလျှောက်လိုက်တိုင်း ခပ်ကြမ်းကြမ်း တရှရှ ပွတ်တိုက်သံက လွဲလို့ သူမထံက ဘာသံမှ ထွက်မလာ။ ဒါဟာ ခရီးဝေးက ပြန်လာတဲ့သူမမှ ဟုတ်ရဲ့လား။ အတိအကျဆိုရရင် ချစ်သူဆီ အလည်အပတ် လိုက်သွားခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အပြန်ခရီးဟာ အဲသလောက် တိတ်ဆိတ်နေစရာလား။ ခါတိုင်း ဒီလိုမဟုတ်။ သူမ ဘာဖြစ်လာသလဲ။ ဘာဖြစ်လာတာလဲကွာ။ သိလိုစိတ်တို့ ဝုန်းခနဲ ထောင်ထကာ ခေါင်းမြီးခြုံထားသော စောင်ကို အသာ လှပ်ကြည့်မိတော့ သူမက အိပ်ရာပေါ်မှာ နံရံဘက် မျက်နှာမူလျက် စောင်းအိပ်နေပြီ။ တစ်ခုခုဖြစ်လာသလား။ ကျောပေးထားသည်မို့ သူမ ပခုံးတို့ တသိမ့်သိမ့် တုန်ခိုက်နေတာကို တွေ့လေမှ စိတ်ထဲ ထင့်ခနဲ...။

'ဟေ့ နင် အသည်းကွဲလာသလား၊ ဟုတ်လား'

www.burmeseclassic.com

အသံကိုမြှင့်ကာ မေးတော့ သူမက မျက်နှာပေါ်က စောင်ကို မခွာဘဲ 'အေး' ဟု တစ်ခွန်းတည်းဆိုကာ ဟည်းချ ရှိုက်ငိုလေသည်။

'ဟာ… ဘာဖြစ်လာတာလဲ၊ ပြောစမ်း ငါ့ကို'

သူမက စောင်ခေါင်းမြီးခြုံလျက် တသိမ့်သိမ့်သာ ငိုရှိုက်လေသည်။ ရှိစေတော့…။ သူမထံမှ မျက်နှာလွှဲသည်။ ကျွန်မမျက်နှာကို စောင်ဖွင့်လျက် မကြည့်တာကိုပင် ကျေးဇူးတင်ရဦးမယ်။ ဖူးရောင်မို့အစ်နေသော အငိုမျက်လုံးများက ခုတစ်လော ကျွန်မမျက်နှာပေါ်မှာ အစဉ်နေရာယူထားသည်ပဲ။

ဘာထူးလဲ၊ တူတူပဲဟာ။ ငါတို့က အဲဒါကြောင့် တစ်ခန်းတည်းဖော်တွေဖြစ်ကြတာနေမယ်။

ကျွန်မစိတ်ထဲ တီးတိုးဆိုလျက် ချဉ်သက်သက်ပြုံးမိသည်။

ဘာကြောင့်လဲ… ဘာကြောင့်လဲ။

ဘဝမှာ အများကြီး မတောင်းဆိုသူတွေပါ။ ရိုးသားသူ၊ ဖြူစင်နှိမ့်ချတတ်သူတွေဟာ လောကီရေးမှာ အမြဲပဲ ရှုံးနိမ့်နာကျင်ရတတ်သလား။ ကျွန်မ စိတ်ဒဏ်ရာ အလွမ်းနာကဖြင့် ကြာမြင့်လှပြီ။ သူမက ခုမှ ပူပူနွေးနွေး အသည်းကွဲလာသတဲ့။ ကောင်းပြီပေါ့ကွယ်။ အနာအနာချင်းထပ်၊ အလွမ်းအလွမ်းချင်းထပ် ပိုလို့သာ နာကျင်ဖွယ်မှတ်တာပဲ။ အနာသည် နာသမှ ကျင်စက်နေအောင်နာသည်။ အလွမ်းသည် ခါးသမှ သက်စိမ့်နေအောင် ခါးသည်။ ဘယ်လိုပင် ခါးသက်သည်ဆိုစေ…။

သူမရော၊ ကျွန်မပါ အချိန်ကျလာတိုင်း ကိုယ့်နာကျင်မှုနဲ့ကိုယ်၊ ကိုယ့် လွမ်းဆွတ်မှုနဲ့ကိုယ် ရိုးရိုးသားသား စိမ်းလန်းကြမြဲ ဖြစ်လေသည်။

❑

၂။

သူမ ပထမ အိမ်ထောင်ကျတော့ ၁၇ နှစ်သမီးသာ ရှိသေးတာတဲ့။ သူမတို့မြို့ကလေးမှာ ဒါဟာ သိပ်ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာလို့ ဆိုတယ်။

'ငါတို့ တစ်ရွာလုံးက ပြောင်းတို့၊ ကြံတို့ စိုက်စားကြတာ။ မီးလည်းမမှန်၊ သောက်သုံးရေလည်း မလောက်နဲ့။ ရွာမှာရှိသမျှ လူငယ်၊ လူလတ်တွေ အကုန်နီးပါးဟာ အနီးအနားက မြို့တွေဆီ အလုပ်သွားလုပ်ကြရတာပဲ။ တစ်နှစ်လောက်နေမှ တစ်ခါ ရွာကို ပြန်လာကြတယ်။ ငါ့အဖေက လက်သမားလုပ်တယ်။ ငါ့အမေက ကတ္တီပါ ဖိတ်ဖိနပ်မှာ ဖောင်းကြွပန်း ထိုးတဲ့အလုပ်ကို လုပ်တယ်။ နင်သိလား၊ ငါ့ပထမ ယောကျ်ားက ငါ့အဖေ သူငယ်ချင်း'

အချစ်…အချစ်ပါသလား။ နင့်အဖေ့သူငယ်ချင်းဆိုတဲ့ အဲဒီယောကျ်ားကို နင် ချစ်ခဲ့သလား။ တကယ်တော့ ၁၇ နှစ် သမီးတစ်ယောက်ရဲ့ အချစ်ဟာ ဘယ်လောက်များ ခမ်းနားနေမှာမို့လဲ။ ၁၇ နှစ် သမီးတစ်ယောက်ရဲ့ အချစ်ထဲမှာ ဘယ်လောက်များ တကယ့်အချစ်တွေ ပါဝင်နေနိုင်မှာတဲ့လဲ။ နေစမ်းပါဦး၊ တကယ့် အချစ်ဆိုတာရော တကယ်ရှိသတဲ့လား။ အချစ်ကို အင်မတန်မှ နေရာပေးချင်သူတစ်ယောက်လို ကျွန်မ အတွေးတွေက အချစ်ကို အငမ်းမရ ထည့်တွက်နေလိုက်မိတယ်၊ အမှတ်မရှိသူတစ်ယောက်လို…။ ကျွန်မ အတွေးမဆုံးခင် သူမ ဆက်ပြောပြတယ်။

'ငါ ၁၇ နှစ်မှာ သူက ၄၀။ ငါတို့အိမ်ကို အဖေ အလုပ်ပြီးတိုင်း ပါပါလာတယ်။ အဖေနဲ့အတူတူ အရက်သောက်ကြတယ်။ အဲဒီလူကြီးက မူးလာရင် ရယ်စရာတွေ သိပ်ပြောတာပဲ။ ပြီးတော့ သူ့ ဆေးလိပ်သောက်ပုံက သိပ်ကြည့်လို့ကောင်းတာ။ သူ့ မျက်ဝန်းတွေက ရီဝေလို့၊ မှေးစင်းလို့။ ငါ့ပါးကို ဆွဲဆွဲလိမ်တတ်တယ်။ အဖေနဲ့အတူ သူ ပါလာရင် ငါ ပျော်သလိုပဲ။

'သူတို့ပြန်လာပြီဆို သူတို့ ဝယ်လာတာလေးတွေကို အမေက ချက်ရပြုတ်ရ စီမံပေးရတယ်။ အဖေက အိမ်ရှေ့ကပြင်မှာ စပြီးသောက်နေပြီ။ သူကတော့ အဖေနဲ့ တစ်ခွက်ဝင်မော့လိုက်၊ နောက်ဖေး မီးဖိုချောင်ဘက် ဝင်လိုက်၊ အိမ်သာထဲ ဆီးသွားလိုက်၊ ဟင်းချက်နေတဲ့ အမေ့နား သွားကပ်လိုက်၊ အဖေ့အလစ်မှာ အမေ့ကို တင်ပါးကိုင်လိုက်၊ အမေ့ရင်သားကို ညှစ်လိုက်နဲ့၊ အမေက တခစ်ခစ်ရယ်ပြီး မျက်စောင်းထိုးလွှတ်တယ်။ ငါတို့အိမ်က အိမ်ရှေ့၊ အိမ်နောက်သာပြောရတာ တကယ်က အိမ်ရှေ့ကနေကြည့်ရင် အိမ်နောက်မြင်ရသလို၊ အိမ်နောက်ကနေ ကြည့်ရင်လည်း အိမ်ရှေ့ကို မြင်နေရတာ။ ငါ့ရင်ထဲ တစ်မျိုးပဲ။ အမေ့ကို သူ အဲလိုလုပ်တိုင်း ငါက ထူပူသွားတယ်။ အမေ့နေရာမှာ ငါ ရောက်ရောက်သွားတယ်။ အမေ့ကို ငါ မနာလိုဖြစ်တာလားတော့ မသိပါဘူး'

ပြောပြီး သူမ ဟက်ခနဲ ရယ်မောတယ်။ ဘုရားရေ…။ ကျွန်မမှာဖြင့် ရင်မောရတာ သူမ မသိ။ သူမက ရှေ့က ဘီယာဘူးခွံကို လှုပ်ကြည့်တယ်။ တစ်စက်မှ မကျန်တာသေချာမှ နောက်တစ်ဘူး ထပ်ဖောက်တယ်။ ဘီယာကို ကျိုက်ခနဲ နှစ်ကျိုက်လောက်မော့ပြီး ဆက်ပြောတယ်။ ကျွန်မကတော့ လှကသာ သူမရှေ့မှာ ထိုင်လျက် အတွေးတွေက ကစဉ့်ကလျားရယ်။

အနေအထိုင်မတတ်တဲ့ မိခင်နဲ့ လက်ဆော့တတ်တဲ့ အဖေ့သူငယ်ချင်းရယ်၊ အပျိုအရွယ် မိန်းကလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားတိမ်းညွတ်မှုရယ်၊ သွေးသားလှုပ်ရှားစအချိန်မှာ မထိန်းတတ်၊ မသိမ်းတတ်နဲ့ သူမ ဘယ်လောက်များ ဘောင်ဘင်ခတ်ခဲ့ရှာမလဲ။ အပျိုမကလေးဟာ လူ့ပတ်ဝန်းကျင်မှာ ဘယ်လို ဘယ်ပုံ နေထိုင်ဆက်ဆံရမယ်၊ ဆန့်ကျင်ဘက်လိင်တွေနဲ့ အတွေ့မှာ ဘယ်လိုပြုမူ နေထိုင်ရမယ်ဆိုတာမျိုးလည်း သင်ကြားခံခဲ့ရမှာ မဟုတ်ဘူး ထင်ပါရဲ့။

'ငါ့အဖေနဲ့ အမေဟာ ငါ့ရှေ့မှာလည်း တစ်ယောက်နဲ့တစ်ယောက် အော်ကြဟစ်ကြ၊ သတ်ကြပုတ်ကြပါပဲ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြန်တည့်ဖြီဆို ငါ့ ရှေ့လည်း မရှောင်ဘူး။ မွှေ့ဖက်လို့ အချစ်နာလန်ထကြ တယ်'

ဖြစ်ရလေ။ စိတ်တွေ မသက်သာလိုက်တာ မင်ဝှေ့ရယ်။ သူမက ပေါ့ပေါ့ပါးပါး ပြောပြနေသလောက် ကျွန်မကဖြင့် လေးလံလို့။ ကျွန်မ စိတ်နှလုံးတွေကဖြင့် ပူလောင်လို့။ ဒါပေမဲ့လေ… မင်ဝှေ့ရင်ထဲက တကယ့်အနာကို ကျွန်မမှ မမြင်နိုင်ဘဲ။ မင်ဝှေ့ဟာ ခါးသီးနာကြည်းဖွယ်တွေကို နာကျင်ဟန်တစ်စက်ကလေးမှ မပြဘဲ ပေါ့ပေါ့ပါးပါးလေး ပြောထွက်နိုင်သူဆိုတာလောက်တော့ ကျွန်မ သိသင့်တယ် မဟုတ်လား။

သူမက ကျွန်မနောက်မှ ဒီအိမ်ကို ရောက်လာတာ။ နှစ်ယောက်ခန်းမို့ နောက်ထပ် အိမ်ငှားတစ်ယောက် ရှာနေတယ်လို့ အိမ်ရှင် ပြောတုန်းက ကျွန်မနဲ့အဆင်ပြေမယ့် အခန်းဖော် ရပါစေလို့ ဆုတောင်းခဲ့လိုက်ရတာ။ တကယ်လည်း ကျွန်မ ဆုတောင်း ပြည့်ခဲ့တယ်။ မင်ဝှေ့လို့ ကျွန်မခေါ်တဲ့ ဟန်မင်ဝှေ့(Han Minghui)က အသက် ၂၇ နှစ်၊ ကျွန်မနဲ့ မတိမ်းမယိမ်း။ တွေ့စက သူမပုံစံက ရိုင်းပျသလိုလို၊ ပေစောင်းစောင်းနဲ့။ နောက်မှ သူမဟာ အင်မတန် စိတ်ရှင်းလင်းသူ၊ တဲ့တိုးသမားမှန်း သိလာရတာ။ ရောက်ပြီး တစ်လလောက်မှာ သူမ အကြောင်းတွေ အကုန်နီးပါး ကျွန်မကို ပြောပြတော့တာ။ အစစအရာရာ ယုံကြည်စရာ မကောင်းတဲ့ခေတ်ကြီးထဲမှာ

ရိုးဖြောင့်ရမှုတွေ
ဟာ
မှန်လွန်းတော့
ခါးတယ်။ အခါးကို
လူတိုင်း
လက်မခံနိုင်ကြဘူး
မောင်အပါအဝင်
မောင့်
အသိုင်းအသိုင်း
တစ်ခုလုံး လူတွေ
အကုန်လုံးပါပဲလေ
ဒီလိုနဲ့
ကျွန်မဟာ
အားလုံးနဲ့ဝေးရာကို
နာကျင်မှုတွေနဲ့
မျက်နှာဝှက်ပြီး
ဒီလိုဘဝ
ရောက်အောင်
ထွက်ခဲ့ရတာ

လူတစ်ယောက်က တခြားတစ်ယောက်ကို တော်တန်ရုံ ယုံကြည်မှုနဲ့ သူ့အကြောင်းတွေ ပြောပြဖို့ဆိုတာ…။ အထူးသဖြင့် ကိုယ့်ရဲ့အမှောင်ဘက်ခြမ်းကို ပြောပြဖို့ဆိုပါတော့…။

သူမဟာ,ဘဝကြီးဆီက ဒီလိုပဲ သင်ယူခဲ့ရဟန်ရှိလေရဲ့။ နာကျင်မှုတွေအတွက် ဘယ်လို ထုံဆေးတွေများ ဘဝကြီးဆီက မင်ဝှေ့တစ်ယောက် ရထားပါလိမ့်လို့ တွေးမိတိုင်း တသသ ဖူးဖူးမှုတ်ထားတဲ့ ကျွန်မ အနာတွေကို ကိုယ်တိုင် မေ့မေ့လျော့ ဖြစ်လာနိုင်သလိုလို ထင်ခဲ့မိတယ်။ မဟုတ်ဘူး။ တကယ်က မြုံနေခဲ့တာ။ ကျွန်မရဲ့ အတိတ်၊ ကျွန်မ ချစ်ရတဲ့ မောင်၊ မောင့် အသိုင်းအဝိုင်း၊ မောင်ကိုယ်တိုင် သစ္စာမရှိမှု၊ လူ့ပတ်ဝန်းကျင်ရဲ့ မျက်ဝန်းကျဉ်းကျဉ်းတွေ…။ အကြိမ်ကြိမ် ခြောက်လှန့်နေဆဲ အိပ်မက်တွေဟာ အရိပ်တစ်ခုလို…။ မဟုတ်သေးဘူး၊ ကျွန်မ အသွေးအသားထဲမှာကို ကပ်လျက် လိုက်ပါလည်ပတ်စီးဆင်းနေခဲ့တာ။

ကျွန်မက စာရေးတယ်လို့ ပြောလိုက်တော့ မင်ဝှေ့က မျက်ခုံးလေးနှစ်ဖက်ပင့်လို့ ဒါဆို ငါ့အကြောင်းရေးဟာတဲ့၊ ပြုံးစစနဲ့…။

သူမအကြောင်းလေးတွေ အိတ်ထဲက သွန်မှောက်သလို ကုန်စင်အောင်ပြောပြပြီးတဲ့အခါ နင့်အကြောင်းလည်း ပြောပြဦးလေလို့ဆိုတိုင်း ကျွန်မက ရှေ့ကဘီယာဘူးထဲက အရည်တွေကို လည်ချောင်းထဲ သွန်ထည့်လို့သာ နေမိတာ။ ငါက ငါကလည်း အသည်းကွဲသမားပါ မင်ဝှေ့ရယ်။

ကျွန်မ တိတ်တိတ်လေး ရေရွတ်နေမိတာ။

'ကျွန်မနဲ့ ကျွန်မစိတ်အစဉ်ကို ထုံးချည်ထားတဲ့ စံပယ်တွေရဲ့(ဘယ်တော့မှ) အပွင့်သစ် ပြန်လည် မပွင့်လန်းနိုင်မှုရယ်။ ကျွန်မ မထွေးနိုင်၊ မအန်နိုင် မျိုသိပ်ခဲ့ရတဲ့ နာကျင်မှုရယ်။ အစာမကြေမှု တစ်ခုရယ်ဟာ ကံကြမ္မာနဲ့ စီးချင်းထိုးရာက ဗုန်းဗုန်းလဲကျခဲ့ရတဲ့ အချစ်ပါပဲ မင်ဝှေ့ရယ်။ တစ်ခါတလေ မျက်ရည် နည်းနည်းကျမယ်။ တစ်ခါတလေ မျက်ရည် အများကြီးကျ ရှိုက်ကြီးတငင် ဖြစ်တဲ့အခါတွေရှိမယ်။ အဲဒီအချိန်တွေမှာ ကျွန်မ အနား တစ်ချိန်လုံး ရှိနေတာက ရိုးသားမှုပဲ။ ကျွန်မ စိတ်ရှိသလောက် ဝေဆာသီးပွင့်နိုင်တဲ့ နာကျင်မှုတွေထဲ ကျွန်မကိုယ်တိုင် မငြင်းနိုင်တဲ့ အမှန်တရားတွေ ရှိတယ်။

ရင်ထဲရှိတဲ့ အမှန်တရားတွေကို ဖြောင့်ဖြောင့်ချပြနိုင်တာဟာ မဖောက်ပြန်တဲ့ ရိုးသားမှုတစ်ခုပဲ မဟုတ်လား။ ကျွန်မစိတ်ကို ကျွန်မ သစ္စာမဖောက်နိုင်ဘူး။ ကျွန်မစိတ်တွေနောက် တစ်စစီ ဆွဲထုတ်လို့ ကျွန်မလက်က တစ်လုံးချင်း၊ တစ်လုံးချင်း ချရေးနေရတဲ့အချိန်တွေ၊ အမှန်တရားဟာ သစ္စာပဲ။ နောက်မှာ ကျွန်ခဲ့တဲ့ ခြေရာတွေအတွက် ကျွန်မက ရိုးဖြောင့်ချင်တယ်။ ရိုးဖြောင့်ရမှုတွေဟာ မှန်လွန်းတော့ ခါးတယ်။ အခါးကို လူတိုင်း လက်မခံနိုင်ကြဘူး။ မောင်အပါအဝင် မောင့် အသိုင်းအသိုင်းတစ်ခုလုံး၊ လူတွေ အကုန်လုံးပါပဲလေ။ ဒီလိုနဲ့ ကျွန်မဟာ အားလုံးနဲ့ ဝေးရာကို နာကျင်မှုတွေနဲ့ မျက်နှာဝှက်ပြီး ဒီလိုဘဝ ရောက်အောင် ထွက်ခဲ့ရတာ။

လျှို့ဝှက်ချက်ဆိုတာ လူတိုင်းမှာ ရှိကြတယ်။ လျှို့ဝှက်ချက်ဆိုတဲ့ သဘောကိုက သိုသိပ်ရမယ့် အဓိပ္ပာယ်ပါပြီးသား။

ကျွန်မ မပြောပြပါရစေနဲ့၊ ငါ မပြောပြပါရစေနဲ့

www.burmeseclassic.com

မင်ဝေ့ရယ်။

နင့်ထက်ပိုပြီး ဘာမှ သာယာနာပျော်ဖွယ်မရှိတဲ့ ဘဝနာအသည်းကွဲတေးသွား တစ်ပုဒ်ပါပဲဟာ။ နာကျင်မှုတွေနဲ့ နာကျင်မှုတွေချင်း ထပ်တူကျတဲ့အခါ အချစ်နဲ့ ထုဆစ်ထားတာပါဆိုရင် တောင် မလှပနိုင်တဲ့အရာပါ။

ငါတို့နှစ်ယောက်ကပဲ အချစ်ဆိုတာကို ပီရိသေသပ်လှပစွာ မထုဆစ်တတ်ခဲ့လို့ များလား မင်ဝေ့ရယ်။

❑

၃။

'ငါ အရင်က တစ်နေ့မှ ယွမ် ၅၀ လောက်ရတာ။ ငါ့ယောကျ်ားနောက် အလုပ်လိုက်လုပ်တော့ ယွမ် ၁၀၀ ရတယ်။ ငါ့ယောကျ်ားက တစ်နေ့ကို ယွမ် ၁၆၀၊ ငွေရေးကြေးရေးအနေနဲ့ မဆိုးလှဘူး ဆိုပါတော့ဟာ။ အလုပ်က သိပ်ပင်ပန်းတော့ အပန်းဖြေတဲ့အနေနဲ့ အလုပ်ပြီးတဲ့ ညနေတိုင်း ငါတို့ ဘီယာ အတူတူသောက်၊ ညစာစားပြီးမှ အိမ်ကိုပြန်ကြတယ်။ အဲ့မှာ ငါ ဘီယာ စသောက်တတ်သွားတာပဲ'

မင်ဝေ့က ပြောရင်း မျက်ခုံးပင့်ပြတယ်။ ငါကွ ဆိုတဲ့ပုံနဲ့။ ကျွန်မ မရယ်ရက်ပါဘူး။

'ငါ့အသက် ၂၀ မှာ ငါ့ယောကျ်ား အလုပ်ပြောင်းတယ်။ ငါတို့ Guiyang မြို့ကလေးကနေ Yunnan ကို ပြောင်းကြတယ်။ ဟိုမှာ အလုပ်ပိုကောင်းတယ်ဆိုလို့ပေါ့ဟာ။ အဲဒီမှာ ငါ့ယောကျ်ားက အလုပ်သမားခေါင်း၊ ငါကတော့ ဘီလပ်မြေသယ်တဲ့ကား မောင်းရတယ်။ မနက် ၆ ခွဲကနေ ည ၇ နာရီအထိ အလုပ်လုပ်ရတယ်။ နေစရာအိမ်ကိုတော့ အလုပ်ထဲမှာပဲ ကွန်တိန်နာတွေနဲ့ နေကြရတယ်။ ကွန်တိန်နာထဲမှာ အလုပ်သမားမိသားစု ၄ စု ပေါင်းနေကြရတယ်။

ငွေရေးကြေးရေး အဆင်ပြေလာပြန်တော့ ပြဿနာတစ်ခုက အဲဒီမှာ စ,တာပဲ။ ညဉ်မပျောက်နိုင်တဲ့ ငါ့ယောကျ်ားက သူများမိန်းမတွေကို တို့လား ဆိတ်လား၊ ထိလားခတ်လား သွားသွားလုပ်နေတာ။ သူတို့အတွက်က ဘာမှမဟုတ်ဘူး။ သူ့ယောကျ်ား ကိုယ့်ယောကျ်ား၊ သူ့မိန်းမ ကိုယ့်မိန်းမ လုံးထွေးနေကြတာပဲ။ သူတို့က တဟီးဟီး တဟားဟားနဲ့ ခပ်ပေါ့ပေါ့လေးနေနိုင်ကြပေမဲ့ ငါ့ယောကျ်ားက သူများမိန်းမကို သွားထိရင် ငါ သဝန်တိုတယ်၊ သူများယောကျ်ားက ငါ့ကိုလာထိရင်လည်း ငါ ရွံမိတာပဲ။ ငါတို့ ခဏခဏ ရန်ဖြစ်ကြရတယ်။ နောက်တော့ ဘီလပ်မြေ သယ်တဲ့ ကားမောင်းရင်း ငါ ထွက်ပြေးလာခဲ့တာ နောက်တစ်မြို့ကို ရောက်သွားတယ်။ အဲဒီမြို့က ဘားတစ်ခုမှာ ငါ အလုပ်ရတယ်။ နင်သိလား၊ ငါ့ ဒုတိယယောကျ်ားက အဲဒီ ဘားမှာ ဂစ်တာတီးတယ်။ သူ ဆေးသမားမှန်း ငါ နောက်မှ သိတယ်။ ငါ့ကို ချစ်တော့ချစ်တယ်လို့ ထင်တာပဲ။ သူ့ရဲ့ ပြဿနာက သူ ဆေးကြောင်လာရင် ငါ့လက်မောင်းတွေကို အပ်နဲ့ပေါက်တယ်။ အသည်းယားလို့၊ ချစ်လို့တဲ့။ ငါ့လက်မောင်းမှာ အပ်ပေါက်ရာတွေက သွေးစို့တဲ့အထိပဲ။ ပြီးတော့ ခါးပတ်နဲ့ လွှဲလွှဲရိုက်တယ်။ နောက်တစ်နေ့ မနက်ကျတော့ သူက အကောင်းပဲ။ ငါ့မှာသာ လူမြင်မှာစိုးလို့ အရိုးတွေကို ဖုံးအောင် အင်္ကျီလက်ရှည်ရွေးဝတ်ရ၊ အသက်ထွက်မတတ် နာကျင်လိုက်ရတာ။ ဟား ဟားဟား'

ဘုရားရေ… မင်ဝေ့ရယ် ဖြစ်မှဖြစ်ရလေ။ ကျွန်မ ဘဝနာတယ်၊ အသည်းကွဲတယ်ဆိုတာ မင်ဝေ့နဲ့ယှဉ်တဲ့အခါ တကယ့်ကို သေးသေးကလေးရယ်။ သူမ အိမ်ထောင်ရေးကြီးက ကြမ်းတမ်းလိုက်တာ။ ခုလို အပြုံးမပျက် ပြောနိုင်တဲ့အချိန်ထိ ရောက်အောင် သူမ ဖြတ်သန်းခဲ့ရချိန်တွေ ဘယ်လောက်များ ခက်ခဲခါးသီးခဲ့ပါလိမ့်။

'ထားပါတော့ဟာ၊ ငါတို့ အိမ်ထောင်သက် သုံးနှစ်မှာ ဆေးတင်တာလွန်ပြီး Overdosed ပေါ့ဟာ။ သူ ဆုံးသွားတယ်။ နောက်ဆုံး ငါ စင်ကာပူကိုရောက်လာတယ်။ ဒီမှာ အလုပ်လုပ်တယ်။ နင်နဲ့တွေ့တယ်။ တစ်အိမ်တည်း အတူနေရတဲ့အထိ ရေစက်ပါလာကြတယ်။ ငါ့အကြောင်းက ဒါပဲ၊ နင့်အကြောင်း ပြောပြ'

❑

၄။

ကျွန်မအကြောင်းက ထူးဆန်းလှတယ် မဟုတ်ပါဘူး။ နှလုံးသားရှိသည်။ ချစ်မိသည်။ အသည်းကွဲသည်ပေါ့။ အဲသလောက်ပါပဲ။ မင်ဝေ့ဟာ ကျွန်မမျက်နှာကို သေချာစိုက်ကြည့်တယ်။ အဲ့သလောက်ပဲလား၊ ဘဝမှာ အသည်းကွဲခဲ့ဖူးတာလေး တစ်ခုတည်းနဲ့တော့ ဒီလောက် မှောင်မည်းနေစရာလားဆိုတဲ့ မေးခွန်းကို သူမမျက်ဝန်းတွေနဲ့ မေးတယ်။ အဲသလောက်ပါပဲဟာ။ လိပ်ပြာမလုံသူတစ်ယောက် လုပ်နေကျအတိုင်း ကျွန်မ လက်သည်းတွေကို သွားနဲ့ ကိုက်ဖြတ်ဟန်ဆောင်နေလိုက်တယ်။

ဟင့်အင်း…။

ဘဝတစ်ခုလုံး အုပ်မိုးထားတဲ့ ဖျက်မရတော့တဲ့ အရိပ်မည်းကြီးကို ကျွန်မ လှတ်ချထားခဲ့လို့ ရနိုင်မလားဟင်။

ကံကောင်းတာက ကျွန်မဟာ စာတွေ ချရေးတတ်နေခြင်းပဲ၊ ဟုတ်တယ်။

စာရေးရတာကို ကျွန်မ စွဲလမ်းတယ်။ စာတွေချရေးနေတဲ့အချိန်ဟာ ကိုယ့်ကမ္ဘာ ငယ်လေးတစ်ခု ကိုယ်တိုင် ဖန်တီးခွင့်ရတဲ့ အချိန်ပဲ။ ဘာမှ မရှိဘူး၊ ဘယ်သူမှမရှိဘူး။ ကျွန်မရယ်၊ ဟိုးအတွင်းဆုံးထဲက ဘယ်သူမှမသိ၊ ဘယ်သူမှမမြင်၊ ဘယ်သူ့ကိုမှ ပြောမပြဖြစ်ခဲ့တဲ့ အကြောင်းတွေ၊ ဘယ်တော့မှ ပြောမှာမဟုတ်တော့တဲ့ တစ်ကိုယ်ရေသိမှုတွေ၊ ဖွင့်ပြောပြဖို့ မဖြစ်နိုင်လောက်တဲ့ သိမ်းဆည်းသိုဝှက်ထားမှုတွေ၊ ပိန်းပိတ် မှောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

အလင်းမပေါက်နိုင်တဲ့ ခံစားချက် အခဲအဆုပ်တွေ၊ ပွင့်လင်းခွင့် မရတဲ့ စိတ်အမြို စိတ်အဆွေ့တွေ…၊ အားလုံးပဲရယ်…။

ဖြည်းဖြည်းချင်း ကျွန်မကိုယ်ကို ကျွန်မ ပြန်ချဉ်းကပ်ရတယ်။ ညင်ညင်သာသာလေး တွေ့ထိရတယ်။ လွင့်သွားမှာ စိုးလှတယ်။ တစ်စချင်း ကြည်ကြည်ဖြူဖြူ ဆွဲထုတ် ယူငင်လို့ စာတစ်လုံးချင်း၊ တစ်လုံးချင်း ရေးဖွဲ့ချိန်တွေမှာတော့ ကျွန်မနဲ့ ကျွန်မ အသက်ရှူသံ မှျင်းမှျင်းကလေးရယ်၊ ကျွန်မနဲ့ ကျွန်မပဲသိတဲ့ အလုံးစုံ နာကျင်မှု တွေရယ်၊ ကျွန်မနဲ့ ကျွန်မချစ်သူအကြားက အကွာအဝေးကို ပြဋ္ဌာန်းတဲ့ ကြိုးတစ်ချောင်းတဲတဲလေးရယ်၊ ချစ်သူ မိသားစုရဲ့ ကျွန်မအပေါ် မလိုလားမုန်းတီးမှုတွေရယ်ဟာ ခုပြန်မြင်၊ ခုပဲ ကျွန်မကို သတ်ကြတယ်။

ခုလို နိုင်ငံရပ်ခြားမှာ ထူထူထောင်ထောင် ဘဝတစ်ခုကိုရဖို့ ကျကျရှုံးရှုံး ရင်းနှီးခဲ့ရတဲ့ သောကမျက်ရည်တွေ ကျွန်မ ခေါင်းအုံးလေးထဲမှာ ရှိပါတယ်။ သက်သေပြဖို့ မလိုအပ်လှလည်း စွဲလမ်းမှုတစ်ခုရဲ့ ဖြတ်သန်းခဲ့ရပုံ၊ ဘဝကြီးထဲက လူတွေ ဝိုင်းကြဉ်သမျှ ကြုံကြုံခံခဲ့ရပုံတွေ ကြမ်းတမ်းလွန်းခဲ့သမျှ ဒီအချိန်မှာတော့ အမှတ်တရလို့ ကျွန်မ ပြုံးရင်း တိုးတိတ်ပြောပါရစေ။

ကျွန်မ တစ်ကိုယ်တည်း ခပ်ဖွဖွ ရေရွတ်နေမှုမှာ မင်ဇော့က အလိုက်တသိ ခေါင်းလေးဆတ်လို့ လိုက်ပါတယ်။

နာကျင်မှုတွေနဲ့
နာကျင်မှုတွေချင်း
ထပ်တူကျတဲ့အခါ
အချစ်နဲ့
ထုခွဲစ်ထားတာပါ
ဆိုရင်တောင်
မလှပနိုင်တဲ့
အရာပါ။ ငါတို့
နှစ်ယောက်ကပဲ
အချစ်ဆိုတာကို
ဝိရိယသေသပ်
လှပစွာ
မထုခွဲစ်တတ်ခဲ့
လို့များလား

ကျွန်မ ဘာကိုဆိုလိုတယ် တစ်ခွန်းမမေးဘူး။ မင်ဇော့မျက်ဝန်းတွေထဲက ကျွန်မ ကြိုးစားလွှတ်မြောက်နေမိတယ်။ လူလိုသူလို ချစ်ကျွမ်းဝင်မှုတစ်ခုမှာည်း လူရာဝင်ချင်ခဲ့မိတာကိုက ရယ်စရာ၊ နာကျင်စရာရယ်။ ကျွန်မက အချစ်ဆိုတာနဲ့ ကျွမ်းဝင်သင့်လို့လား။ ကျွန်မက ချစ်ခဲ့မိပြီ။ ဖြူစင်ပါတယ်ဆိုတဲ့ လူသားကလေးတစ်ယောက်ကို ကျွန်မက ချစ်ခဲ့မိပြီ။ ကျွန်မ ခန္ဓာကိုယ်ကို ကျွန်မ အမှတ်တမဲ့ ငုံ့ကြည့်လိုက်မိတယ် ထင်ရဲ့။ ခုထိ ဆေးကြောလို့မှ မစင်ကြယ်တော့ဘူးလားကွယ်။

အချစ် ဆို တာဟာ အကောင်းစား ပလတ်စတစ်အိတ်နဲ့ လှလှပပထုပ်ပိုးထားတဲ့ ခေါက်ဆွဲခြောက်တစ်ထုပ်ကို ကျန်းမာရေးအတွက် အကျိုးမရှိမှန်း သိလျက်နဲ့ ဈေးကြီးပေးပြီး မြိန်ရေရှက်ရေ ဝယ်စားနေရသလိုပဲ။ ခေါက်ဆွဲဖိုးထက် ထုပ်ပိုးခကပို ကြေးကြီးနေတတ်သေးတာ။

တကယ်တော့ အချစ်ဟာ ကျွန်မအတွက် ကြေးကြီးကြီးပေးပြီး နာဖျားခဲ့ရတဲ့ အရာ။ ကျွန်မ မပေးနိုင်တဲ့ မတန်တဆမှုတစ်ခုဟာ အချစ်ပဲ။ ကျွန်မ အားထုတ်မှုတိုင်း လွဲချော်နေခဲ့ရတဲ့ မမီမကမ်းမှု တစ်ခုဟာ အချစ်ပဲ…။

ကျွန်မ ခုတင်ခြေရင်းက ဂစ်တာကို လှမ်းယူလိုက်ပြီး ပလပ်ကင်ချိုချိုလေးတစ်ခုကို လှူးလာခေါက်တဲ့ တီးခတ်နေမိတယ်။ ဆယ်မိနစ်လောက်ရှိတော့ ကျွန်မလက်ထဲက ဂစ်တာကို မင်ဇော့ ယူတီးတယ်။ သူမ တီးနေတဲ့ တေးသွားက *Tears in heaven....* သူမ တီးခတ်မှုမှာ ကျွန်မ အလုံးစုံပျော်ဝင်တော့တယ်။

*Would you know my name, if I saw you in heaven?*

သိပ်ကိုနာကျင်ရတာပဲ အဲဒီသီချင်းဟာ…။ အဲဒီသီချင်းနောက်ခံကိုက သားကလေးအတွက် နာကျင်ရတဲ့ ဖခင်တစ်ယောက်ရဲ့ နာကျင်ကြေကွဲမှုတွေကို ဖွဲ့ထားခဲ့တာရယ်။

နေပါစေမောင် ရာ၊ ကောင်းကင်ဘုံမှာ တွေ့ကြရင်တောင် ကျွန်မနာမည်ကိုဖြင့် မေ့ထားလိုက်ပါလေ။

'ငါ ဆက်မပြောပြပါရစေနဲ့တော့ မင်ဇော့ရယ်'

မင်ဇော့က ပြောတယ်။ ကျွန်မဟာ စာရေးသူပီပီ စိတ်က သိပ်နူးညံ့တာပဲ၊ သိပ်ကဗျာဆန်တာပဲတဲ့။ အင်း… ဟုတ်မှာပါ။

အသည်းကွဲနေတာဟာ လောကဓံရှစ်ပါးထဲမှာ မပါဘူး။ အသည်းကွဲတယ်ဆိုတာ လက်တွေ့ဘဝထဲက ပြဿနာအကြီးကြီးတွေနဲ့ ယှဉ်လိုက်ရင် မြူမှုန်ကလေးမျှသာ။ ဟုတ်တာပေါ့။

ကျွန်မရော မင်ဇော့ရော ရယ်ဖြစ်ခဲ့ကြတယ်။ 'ငါတို့ ဒီနေ့ကစပြီး သောက်ရေးမပါတဲ့ အသည်းကွဲတဲ့ အကြောင်းတွေ ဓာမရဲ့ကြစို့နဲ့တော့ဟာ။ လာထား ချီးယားစ်…' ပြောပြီး မင်ဇော့က သူကိုင်ထားတဲ့ ဘီယာဘူးကို လက်ဆန့်တန်းပြီး မြှောက်လိုက်ချိန်မှာ ကျွန်မလက်ထဲက ဘီယာဘူးကို အလိုက်တသင့် မြှောက်လိုက်မိတယ်။ ကျွန်မတို့ အကျယ်ကြီးရယ်မောလိုက်ကြတယ်။ ❑

၅။

မင်ဇော့အိပ်ခန်းထဲမှာ သန္တေတားဆေးတွေ၊ တားဆေးကတ်တွေပါလား။

ဘုရား… ဘုရား။ မျက်လုံးတွေ ပြာဝေလာလို့ ကျွန်မ ဘာမှမမြင်နိုင်တော့သလို ရယ်။ မျက်ဝန်းနဲ့ မယုံကြည်ဘဲ ပြက်ပြက်ထင်ထင် မြင်လိုက်ရတဲ့ သက်ဝင်လှုပ်ရှားလာတဲ့ ပုံရိပ်တွေဟာ အာရုံထဲမှာ တဖျပ်ဖျပ်၊ တဖျပ်ဖျပ်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးမလေး…၊ အသက်က ၁၃ နှစ်၊ သူမ တစ်ကိုယ်လုံး တုန်ယင်လို့၊ သေလောက်အောင် နာကျင်မောပန်းမှုတွေရယ်၊ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက်တဲ့အမှောင်ထဲက အဖြစ်အပျက်တွေရယ်။ သေသွားတော့မှာလားလို့ ဝမ်းနည်းကြောက်လန့်စိတ်နဲ့ ငိုကြွေးမှုတွေရယ်ကလွဲလို့ အပျိုရည်ဆိုတာ နားမလည်ခဲ့ဘူး။

'သမီး ဒီဆေးလေး သောက်လိုက်'ဆိုပြီး ဆေးကတ်ထဲက ဆေးတစ်လုံးကို အသင့်ကမ်းပေးလာတဲ့ ရေတစ်ခွက်နဲ့ ငုပ်ခနဲ သောက်ချလိုက်တယ်။ 'အဲဒါမှ ကလေးမ ကိုယ်ဝန်မရမှာပေါ့'တဲ့။

ဟင် ငါက ဘာလို့ ကိုယ်ဝန်ရရမှာလဲ။

ပုဒ်မ ၃၇၆ တဲ့။ ပုဒ်မ ၃၇၆ ဆိုတာကို ဘာမှန်းနားမလည်ခဲ့ပေမဲ့ ကိုယ်ဝန်ဆောင်ဆိုတာကို တော့ ကလေးမလေးက နားလည်ဟန် တူတယ်။

'ဟဲ့ နင် သေချာဖြေမှပေါ့။ ဒါက နင့်အမှုဘက်က လိုက်ပေးမယ့် တရားလို'

ဘာတွေလဲ… ဘာတွေကို ဖြေရဦးမှာလဲ။ ကလေးမလေးက အီးခနဲ ငိုချလိုက်ပြန်တယ်။ '

'အဲဒီလူကို အရင်က သမီးသိသလား' ကလေးမလေးက ခေါင်းခါပြတယ်။

'မမှတ်မိတာလား၊ ညည်း သေချာစဉ်းစားစမ်းအေ၊ တို့ရပ်ကွက်ထဲကပဲလား'

အနားက အဒေါ်က ကလေးမလေးရဲ့ ပခုံးကို ပုတ်ရင်း ပြောတယ်။ ဟင့်အင်း… ကလေးမလေးဟာ ဘာကိုမှ မမှတ်မိဘူး။ နာကျင်မှုတွေပဲ၊ သေသွားတော့မလို နာကျင်မှုတွေပဲ သိခဲ့တာ။ အဲဒီနောက်မှာ ကလေးမလေးဟာ ဆေးရုံမှာ တစ်လကျော်လောက် နေခဲ့ရတယ်။ ဆေးရုံက ပြန်ဆင်းလို့ ပထမဆုံး ကျောင်းပြန်တက်တဲ့နေ့မှာပဲ အတန်းဖော်တွေရဲ့ အပြုအမူတွေက ကလေးမလေးကို ဝမ်းနည်းအားငယ်စေခဲ့တာ။

ငါဟာ အားလုံးနဲ့ မတူတော့ဘူးလား။ ငါ့ခန္ဓာကိုယ်မှာ ဘာတွေများယွင်းသွားခဲ့ပြီလဲ။ အကြည့်တွေအားလုံးကို ကလေးမလေးက နားမလည်နိုင်ခဲ့ဘူး။ အဲဒီကစလို့ ကလေးမလေးက သူဟာ အားလုံးနဲ့ မတူဘူးဆိုတဲ့အသိနဲ့ နာနာကျင်ကျင် ရှင်သန်လာခဲ့ရတာ။ အရွယ်ကလေးရောက်လို့ ချစ်သူရလာတဲ့အခါ ချစ်သူကအစ၊ အသိုင်းအဝိုင်းအဆုံး ဘဝကြီးထဲမှာ လူလူသူသူရယ်လို့ လက်သင့်မခံတော့တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အပြင်းအထန် ခံစားနာကျင်ခဲ့ရတာ။ တုန်ယင်လာတဲ့ လက်နှစ်ဖက်နဲ့ မျက်နှာကို အုပ်ကိုင်ရင်း ကျွန်မ ထိုင်ချလိုက်မိတယ်။

ကလေးမလေးဟာ ကျွန်မလက်ထဲမှာ၊ ကျွန်မ အသွေးအသားတွေထဲမှာ အရှင်လတ်လတ်ကြီး နာကျင်ကြေမွလို့။

ဆေးကတ်ထုပ်ကို မင်ဇေ့ အံဆွဲထဲ နေသားတကျ ပြန်ထည့်၊ နေပါဦး မင်ဇေ့အံဆွဲထဲ ကျွန်မ ဘာကိုလိုချင်လို့ ရှာမိပါလိမ့်။ အကိုက်အခဲ ပျောက်ဆေး၊ ဟုတ်သားပဲ။ အကိုက်အခဲပျောက်ဆေးတော့ မတွေ့ဘူး။ မင်ဇေ့အံဆွဲကို ပြန်ပိတ်လိုက်ပြီး ကျောမှီထိုင်နေလိုက်မိတယ်။ ကျွန်မရင်အစုံဟာ ရိုက်ခတ် ခံလိုက်ရပြန်ပြီ။ အနာတွေဟာ တစ်မုဟုတ်ချင်း စွတ်စိုလာလိုက်တာ။ ထောင်ထားတဲ့ ဒူးခေါင်းပေါ်ကို လက်ပိုက်တင်ပြီး ခေါင်းအပ်ငိုချလိုက်မိပြန်တယ်။ ဒီအချိန်မှာပဲ တံခါးမကြီး သော့ဖွင့်ဝင်လာသံ ကြားလိုက်ရတယ်။ မင်ဇေ့ သူမပြန်လာပြီ။

'ညက ကျွန်းနဲ့ ငါ ရုပ်ရှင် ညပွဲ သွားကြည့်ကြသေးတယ် သိလား မွှန်း။ နင့်ကို သတိရတယ်၊ နင်ကြိုက်တဲ့ မင်းသမီးသိလား'

ကျွန်မ အလိုက်သင့် ခေါင်းညိတ်ပြလိုက်မိသလားပဲ။ ကျွန်မပါးပြင်ပေါ်က မျက်ရည်စတွေကို သူမ သတိမပြုမိခင် ပိုသေချာအောင် ထပ်သုတ်နေမိတယ်။ သူမက ဝတ်ထားတဲ့ ဘလောက်စ်အင်္ကျီကို ခေါင်းကနေ လှန်ချွတ်ပြီး ချိတ်မှာ ချိတ်လိုက်တယ်။ ပြီးမှ အင်္ကျီချိုင်းနေရာနားကို နမ်းရှိုက်လိုက်ပြီး 'မနက်ဖြန် အလုပ်သွားရင် ဒါပဲ ပြန်ဝတ်လိုက်တော့မယ်။ ခုမနက်မှ လဲလာတာဆိုတော့ မွှေးနေတုန်းပဲ'တဲ့။ ချိတ်ကို အခန်းတံခါး နောက်ကျောက အင်္ကျီချိတ်တွေထဲက လွတ်နေတဲ့ ချိတ်တစ်ခုမှာ လှမ်းချိတ်လိုက်တယ်။

အို… ကျွန်မဘဝဟာ တစ်ခါဝတ်ထားပြီးလည်း မွှေးနေတဲ့ အဲဒီအင်္ကျီလေးတစ်ထည်လောက်မှ ပြန်လည်မွှေးမြမလာနိုင်တော့ဘူးလားကွယ်။

မင်ဇေ့ ချစ်သူရပြီလို့ ကျွန်မကို ပြောလာတဲ့နေ့ကို ကျွန်မ ကောင်းကောင်းမှတ်မိသားပဲ။ မင်ဇေ့မျက်နှာက အ ချစ်တွေနဲ့ ထုဆစ်ထားတော့ အချိုးကျ လှပလို့၊ ရှက်သွေးကလေးတောင် စွက်ထားသလိုလို ပန်းရောင်ပြေးလေးနဲ့။

'ငါ ချစ်သူရပြီ၊ ငါ့ချစ်သူက ပညာတတ်၊ ဘေဂျင်းမြို့သား Zhang Billy, သူ့နာမည်က ကျန်း'လို့ ပြုံးစစနဲ့ မင်ဇေ့ဆိုလာစဉ် သူမနဲ့အတူ ကျွန်မ ဝမ်းသာခဲ့ရတာ။ ကျွန်မသိထားတဲ့ မင်ဇေ့ အိမ်ထောင်ရေးအကြောင်းတွေ ကျွန်မနီးတူ မင်ဇေ့ချစ်သူလည်း မသိဘဲနေမှာမဟုတ်။ မင်ဇေ့လို ဆင်းရဲတဲ့ တောမြို့ကလေးက ခပ်ကြမ်းကြမ်း မိန်းကလေးတစ်ယောက်အတွက် ပညာတတ် ဘေဂျင်းမြို့သားဆိုတာက ရွှေမင်းသားကလေးလို အဖိုးတန် ချစ်သူပဲပေါ့။

ချစ်သူရပြီးနောက် တစ်ခါတလေ ပိတ်ရက်တွေမှာ မင်ဇေ့ အိမ်မကပ်ဘဲ ကျွန်မ တစ်ယောက်တည်း တစ်ကိုယ်ရေညများများစွာ ဖြတ်သန်းနေကျ။ နောက်တစ်နေ့ မနက် မင်ဇေ့ ပြန်လာချိန်မှာတော့ ပြောစရာစကားတွေ များစွာ ရှိနေတတ်ကာ ချစ်ခြင်းတရားနဲ့ ချိအီနေတဲ့ မင်ဇေ့ ပြောစကားတွေကို ကြည်နူးစွာ နားထောင်ခွင့်ရခဲ့တာ။ မင်ဇေ့မျက်နှာဟာ အချစ်တို့နဲ့ လန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com

သစ်လွင်လို့နေတာ။ ညညတွေဆို တော်တော်နဲ့ မအိပ်နိုင်ဘဲ ကျွန်းနဲ့ စကားတွေပြောကြ၊ ဗီဒီယိုကောလ်တွေခေါ်ကြတဲ့အထိ သည်းသည်းလှုပ်ချစ်လိုက်ကြ၊ နောက်တစ်နေ့ အလုပ်သွားမပျက် သက်ဝင် ရှင်သန်နေလိုက်ကြတာ။ နှစ်ပေါက်လုနီး ဒီအတိုင်း သူတို့ ချစ်လက်စမြဲနေတာမို့ ကျွန်မက မင်ဖွေ့တော့ ဒီတစ်ကြိမ် ကံကောင်းလှရဲ့လို့ တိတ်တဆိတ် ကျေနပ်ခဲ့ရချိန်များပါပဲ။

❑

၆။

သူမ ပြန်ရောက်ရောက်ချင်း ကျွန်မ မေးတုန်းက ခေါင်းမြီးခြုံကာ ငိုကြွေးနေခဲ့တဲ့ မင်ဖွေ့ဟာ နောက်တစ်ပတ်လောက်အကြာမှာတော့ ဖြစ်ပျက်ခဲ့သမျှ ကျွန်မကို ပြောဖော်ရတယ်။ ချစ်သူ ခွင့်တစ်လနဲ့ ဘောဂျင်းမြို့ ပြန်တာမှ တစ်ပတ်လောက်ရှိသေး၊ လွမ်းလှပြီဆိုကာ ချစ်သူထံ လိုက်သွားခဲ့သူ။ ပြန်လာတော့ အသည်းကွဲလာသတဲ့။

'နင် သိလား၊ သူ့အိမ်ရှေ့မှာ ရပ်ပြီး သူ့နာမည်ကို အော်ခေါ်နေခဲ့တဲ့အခိုက်မှာ ငါ အရမ်းပျော်နေခဲ့တာ။ သူများ အံ့သြသွားမလား၊ သူ့ကို လွမ်းလို့လိုက်တာတယ်ဆိုတာ သူသိရင် ငါ့ကို သိပ်ချစ်၊ သိပ်သနားသွားမှာ။ ငါက အဲသလို တွေးမိသေးတာ။ တကယ်တမ်း အိမ်ရှေ့ကို ထွက်လာတာက သူ့မိန်းမ…'

'ဟင်…'

'ဟုတ်တယ်၊ ကျွန်းမှာ မိန်းမရှိတယ်။ သူ့မိန်းမ ကလေးမွေးလို့ သူပြန်တာတဲ့'

> တကယ်တော့
> အချစ်ဟာ
> ကျွန်မအတွက်
> ကြေးကြီးကြီး
> ပေးပြီး
> နာဖျားခဲ့ရတဲ့အရာ
> ကျွန်မ
> မပေးနိုင်တဲ့
> မတန်တာဆမှု
> တစ်ခုဟာ အချစ်ပဲ
> ကျွန်မ
> အားထုတ်မှုတိုင်း
> လွဲချော်နေခဲ့ရတဲ့
> မဓိမကာမ်းမှု
> တစ်ခုဟာ
> အချစ်ပဲ…

'သူ အိမ်ထဲကနေ ထွက်လာတာနဲ့ ငါ့လက်ကိုဆွဲပြီး သူတို့အနားက ခေါက်ဆွဲဆိုင်ကလေးမှာ သွားထိုင်ကြတယ်။ သူက ငါ့ကိုပြောတယ်။ ငါဟာ သိပ်လွယ်ကူတဲ့မိန်းမတဲ့။ သူတွေ့ခဲ့သမျှ မိန်းမတွေထဲမှာ ငါဟာ အလွယ်ဆုံးပဲတဲ့။ မေ့လိုက်ပါတဲ့။ သူက ငါ့ကို တန်ဖိုးထားချစ်ခဲ့တာ မဟုတ်ဘူးတဲ့။ ငါ့လို တစ်ခုလပ်၊ မုဆိုးမကို သူ ယူဖို့ မရဲပါဘူးတဲ့။ သံယောဇဉ်တော့ ရှိပါတယ်တဲ့။ သေလိုက်လေ၊ ဘာသံယောဇဉ်လဲ ဟားဟား'

မင်ဖွေ့က ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး ငိုခဲ့ရတာ သူမ မဟုတ်သလို၊ ပြောနေတဲ့ အကြောင်းအရာတွေက သူမ အကြောင်းမဟုတ်သလို ခံစားချက်မဲ့ပုံနဲ့ ပေါ့ပေါ့ကလေးပြောထွက်လေလေ၊ ကျွန်မ နားထောင်ရတာ ရင်နာလေ။

'ငါ အချစ်ဆိုတာ ဘယ်လို ဘာညာ မသိပါဘူးဟာ၊ ဒါပေမဲ့ ငါ ကျွန်းကို သိပ်ချစ်တယ်။ ဘယ်လိုမှ မေ့မရဘူး၊ ငါ့တစ်သက်လည်း မေ့နိုင်တော့မယ် မထင်ဘူး။ အခုတော့ ငါ အချစ်ကို မယုံတော့ဘူးဟာ'

ပြောအပြီးမှာ မင်ဖွေ့ ပါးပေါ် မျက်ရည်စက်တို့ ပေါက်ခနဲကျတယ်။ မင်ဖွေ့က လက်ဖမိုးနဲ့ ခပ်ကြမ်းကြမ်း သုတ်ပစ်ကာ 'အရင်လူတွေတုန်းက ငါ မျက်ရည်တစ်စက် မကျခဲ့ဖူးဘူး၊ နင်သိလား'။ မျက်ရည်တွေကြားက ခေါင်းမော့ ရယ်မောလိုက်သေးတယ်။ 'ငါ ပျော်အောင်ကြိုးစားမယ်၊ အချစ်ဆိုတာကို ငါ မယုံတော့ဘူး၊ နင်လည်း မယုံနဲ့'လို့ ဆိုတယ်။

ကျွန်မက…

ကျွန်မကလေ အချစ်ဆိုတာကို ယုံတယ်၊ မယုံဘူးဆိုတာထက် ချစ်ဖို့ကို မရဲတော့တာရယ်။

ခုထိ ဆုံးအောင်ဆိုလို့ မရတော့တဲ့ သီချင်းတွေ၊ ဂစ်တာလက်ကွက်တွေအတိုင်း လက်ကရွေ့လျားနေဆဲမှာ အသံတွေဟာ နလုံးသားအတိုင်း ထပ်တူနာကျင်ရာက နာကျင်လွန်းမက နာကျင် ပျောက်ရှသွားကာ အဆုံးမှာ သီချင်းသံအစား မျက်ရည်တွေသာ စီးကျလို့လာခဲ့တာ များခဲ့ပြီပဲကွယ်။

မင်ဖွေ့က သူ့ဘဝ နာနာကျင်ကျင်တွေအပြီးမှာ ရဲဝံ့ရင်ဆိုင်နေချိန် အချစ်အတွက် ဆက်သွားနေချိန်မှာ ကျွန်မကတော့ တစ်ခါ ခြေချော်လဲရုံနဲ့ ပြန်မထဝံ့သူဖြစ်ခဲ့တာ ကြာပြီပဲ။ မင်ဖွေ့နဲ့ ကျွန်မက ကံတူ အသည်းကွဲမိန်းမတွေပေါ့နော်။ အသည်းကွဲတာ မဆန်းဘူးတဲ့ သူမက ဆိုတယ်။ 'ဒါပေမဲ့ ယောကျ်ားတစ်ယောက် သတ်မှတ်တဲ့ လွယ်တယ်၊ ခက်တယ်ဆိုတဲ့ တန်ဖိုးတွေကိုတော့ ငါ နားလည်အောင် ကြိုးစားဦးမယ်။ ငါကတော့ သူ့ကို ချစ်လွန်းလို့ အချစ်တွေ ပုံခဲ့တာ။

'နောက်ဆုံးတော့ဟာ ငါက အပျိုစင် မဟုတ်ဘူး။ တစ်ခုလပ်၊ မုဆိုးမ။ ဒီတော့ ငါ့ချစ်ခြင်းတွေဟာ အပျိုစင်က လာတဲ့ ချစ်ခြင်းတွေလို မလတ်ဆတ်ဘူးပေါ့။ အသည်းကွဲတဲ့အခါမှာတောင် အပျိုစင် အသည်းကွဲတဲ့အခါ လူတွေက သနားကြမယ်။ အပျိုစင်ဆိုတော့ အသည်းကွဲလို့ တရားဝင်လွမ်းရင်တောင် လူကြားကောင်းတယ်။ တစ်ခုလပ်၊ မုဆိုးမ အသည်းကွဲလို့ လွမ်းတဲ့အခါ ဒီဟာမကိုက အနေအထိုင်မတတ်လို့ ဆိုတဲ့ လက်ညှိုးတွေနဲ့တင် သေလောက်တယ်။ ငါတို့ လူ့အသိုင်းအဝိုင်းကြီးတစ်ခုလုံးဟာ မိန်းမတွေဘက်က မျှတွေးမပေးတတ်ကြပါဘူးဟာ၊ နင် အဲဒီလို မထင်ဘူးလားဟင်'

ကျွန်မရင်ထဲ ကျင်ခနဲ



www.burmeseclassic.com

www.burmeseclassic.com

နင့်သွားတယ်။ မင်ဇွေ့စကားတွေက ထက်ရှတဲ့ အသွားတွေနဲ့၊ နာကျင်ရသူက သူမကိုယ်တိုင်အပြင် ကျွန်မလည်း ပါဝင်နေတာ။ မိန်းမတွေအားလုံးအတွက် ဖြစ်နေတာတော့ အနာကျင်ရဆုံးပဲ မဟုတ်လား။

တကယ်တော့ လူတစ်နဲ့တစ်ယောက်အကြားက ငြိတွယ်မှုတစ်ခုဟာ ဆန်းကြယ်တာ၊ သွေးသားရင်းချာတွေရဲ့ ချစ်ခြင်း၊ ကျွန်မသိမီလိုက်တဲ့ မိဘဘိုးဘွားတွေဆီက ဆင်းသက်လာတဲ့ မေတ္တာတရား၊ ချစ်ခြင်းတရား။ အချစ်ခံရသူ၊ ကိုယ်က ချစ်ရသူ ဘယ်လိုပဲဖြစ်စေ ချစ်ခြင်းတရားနဲ့ ထိစပ်သမျှ လှပတာပဲလို့ ယုံကြည်ခဲ့ဖူးရဲ့။

သူစိမ်းတစ်ရံဆံလို့ ကျွန်မတို့ ပြောလေ့ရှိကြတဲ့ သွေးမတော် သားမစပ် ကလေးကို ချစ်မိတဲ့အချိန်မှာ မျက်ရည်ကျခဲ့ရဖူးတယ်။ သူ့စိတ်နဲ့ ကျွန်မကိုယ် ရှင်သန်နေခဲ့ဖူးတယ်။ ဘယ်လိုဝဋ်ကြွေးများလဲ။

ကိုယ်ချစ်မက်လေ၊ ကိုယ်စွဲလမ်းလေ၊ ကိုယ်ရူးမူးလေ ဆုံးရှုံးသွားမှာစိုးတဲ့ စိတ်နဲ့ တင်းတင်းဆုပ်ကိုင်ထားမိလေ။ ဘယ်လိုဆုပ်ကိုင်ထားလည်းပဲ အဆုံးမှာ နှစ်ဖက်ချွန်မြဓားလို အသွားတွေက ဆုပ်ကိုင်သူကိုသာ မြိုခနဲပြန်ရှလို့ သွေးစိမ်းရှင်ရှင် စီးစေခဲ့တာ။

ကျွန်မဟာ အတိတ်တွေထဲနေ ထွက်ပြေးမလွတ်မြောက်နိုင်သူ၊ အရိပ်တွေကနေ အစဉ် အမှောင်ချထားခံရသူရယ်။

*သူမ အပြစ်လား၊*
*ဘီလူးစီးနေတဲ့ အားကောင်းမောင်းသန် ရမ္မက်မှာ သူမ ကျရှုံးခဲ့ရ*
*သူမကိုယ်သူ မရွံ့ရှာအောင်အန် ပစ်လိုက်ရ*
*သူမကိုယ်သူမ မသတီစွာ ထုပ်ပိုးသိမ်းဝှက်ခဲ့ရ*
*သူမကိုယ်ပေါ်မှာ ကပ်လွှတ်လိုက်တဲ့ အပျိုစင် စစ်မှု မစစ်မှု*
*တန်ဖိုးထားခံရမှု မခံရမှု တံဆိပ်တုံး*
*လူ့အသိုင်းအဝိုင်းထဲက အသံတွေမှာ အကြည့်တွေမှာ လက်ညှိုးတွေမှာ*
*သူမဟာ အနာဂတ်မဲ့ အညစ်အကြေးတုံး*
*သူမဟာ သားရှင်တွေအတွက် ရောင်းမစွံကုန် အပုပ်အစွ*
*သူမဟာ ယောကျ်ားတွေအတွက် အပျော်တမ်း လက်ရည်စမ်းကစားကွင်း*
*သူမဟာ ယင်ကောင်တွေအတွက် အညီအုံ*
*သူမအပြစ်လား သူမအပြစ်လား*
*လူ့အသိုင်းအဝိုင်းကြီး တစ်ခုလုံးဟာ မကြားနိုင်တဲ့ နားတွေနဲ့*
*မမြင်နိုင်တဲ့ မျက်လုံးတွေနဲ့*
*သူမအပြစ်လား....*

ဒိုင်ယာရီထဲ ရေးချထား ဖူးခဲ့တဲ့ ကျွန်မကဗျာ။ အကြိမ်ကြိမ်ဖတ်ပြီး ဖတ်ပြီးတိုင်း နာကျင်ရတဲ့ ကဗျာ...။

ကဗျာအောက်ခြေမှာ နေ့စွဲတစ်ခု။ အဲဒီနေ့စွဲကို ကျွန်မ ဒိုင်ယာရီထဲက ဆွဲထုတ် လွှင့်ပစ်ခဲ့မိတယ်။ တဒင်္ဂတော့ စိတ်သက်သာရာရသွားသလိုလို။

❑

မောင် အဆင်ပြေနေသည်ဟု ကြားတိုင်း၊ မောင့် မိသားစုဘဝကလေး သာယာနေကြောင်း ကြားရတိုင်း နာကျင်မှုနှင့်အတူ ပျော်ရွှင်လျက်၊ နာကျင်မှုတခြား၊ ပျော်ရွှင်ရတာက တခြားဖြစ်လေသည်။ ဘဝဟာ တိုတိုကလေးရယ်ကွယ်။ ဘာကြောင့် ဘယ်သူတွေကို ဘာဖြစ်လို့ စိတ်နာနေရမလဲ၊ ကျွန်မ ကံကြမ္မာကိုလား၊ တစ်သက်လုံး မကျွတ်တော့မယ့် အရောင်မျိုးကိုမှ ရွေးချယ်ဆိုးပေးလိုက်တဲ့ ကျွန်မကိုယ်ပေါ်က အတိတ်ဆိုးတွေကိုလား၊ မောင့်ကိုလား။ မျက်လုံးကျဉ်းလှတဲ့ လူ့ပတ်ဝန်းကျင်ကိုလား။ ထားပါတော့၊ ထားလိုက်ပါတော့လေ။

ဘယ်လို နာကျင်မှုမျိုးပဲ ပေးခဲ့ပေးခဲ့၊ မောင့်အပေါ် အချစ်မပြယ်ရက်ပါ။ မောင့်အပေါ် ကျွန်မ၏ မြတ်နိုးမှုသည် ချစ်ခြင်းတရားသက်သက်နှင့် ထုဆစ်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် လှပသည်။

'ဒီမှာ ကြည့်စမ်း မွန်း၊ ကျုန်းရဲ့သမီးကလေး ချစ်စရာ ကောင်းလိုက်တာနော်။ မကောင်းဘူးလား။ ပါးကြီးတွေက ပန်းသီးကြီးတွေကျနေတာပဲ နီရဲဖောင်းကားလို့'

မင်ဇွေ့က ကျုန်း Facebook မှာ တင်ထားတဲ့ သမီးပေါက်စကလေးပုံကို ကျွန်မအား ပြနေခြင်းပါ။ ခေါင်းညိတ်ပြုံးပြလျက် မင်ဇွေ့ မျက်နှာကို ကျွန်မ ငုံကြည့်မိရသည်။ မင်ဇွေ့ကို မတွေ့၊ ချစ်ခြင်းမေတ္တာကိုသာ ကျွန်မ တွေ့ပါသည်။ အချစ်မှာ လိုအပ်သည်က ဒါပဲဖြစ်လိမ့်မည်။

**အဆုံး**

ချစ်ခြင်းတရားနှင့် ထုဆစ်သည်သာဖြစ်ပါစေ၊ ထုဆစ်ပုံသွင်းခံအရာရာဟာ လှပမြဲ...

သည်အဆိုကို ကျွန်မ မငြင်းလိုတော့၊ ထပ်မံ ဖြည့်စွက်လိုသည်မှာ ချစ်ခြင်း တရားနှင့် ထုဆစ်၍ လှပတိုင်းလည်း အနာအဆာ ကင်းချင်မှ ကင်းမည်။ နာကျင်လျက်နှင့် သက်ဝင်လှပနေရသော ချစ်ခြင်းများ များစွာ...။

■

**ချစ်ကြည်အေး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၂၉၊ မေ၊ ၂၀၁၇

ရေဒီယိုပြဇာတ်

ခုချိန်ဆိုရင် 'ဇင်းမယ်'ဆိုတဲ့ ညို့တဲ့မြို့လေးမှာ နွေဦးမြူမှုန်တွေနဲ့ မှိုင်းပြာရီဝေလို့ နေရော့မယ်။ တောင်ညိုညိုတွေ ဝိုင်းကာ ပတ်လည် ကာရံထားတဲ့ ထိုင်းနိုင်ငံရဲ့ 'ချင်းမိုင်'ဆိုတဲ့ မြို့ကလေး၊ 'ချင်းမိုင်'တက္ကသိုလ်။ ကျွန်မတို့က 'ဇင်းမယ် လို့ခေါ်တဲ့ မြို့ကလေးပေါ့။



'ဇင်းမယ်'မြို့ကလေးမှာ၊ 'ဇင်းမယ်'တက္ကသိုလ်မှာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် (၂၀၀၃ ကနေ ၂၀၀၆ အထိ) ကာလများဆီ တုန်းက ကျွန်မ နေခဲ့ဖူးတယ်လေ။ မြန်မာနိုင်ငံအချိန်နဲ့ အတူတူ၊ မနက် ဆယ်နာရီဆိုရင် အမြဲတမ်း ကူချဲတတ်တဲ့ ချိုးကူသံလေး ဟာ ကျွန်မရင်ကို တစစ်စစ် နာကျင် နေအောင် လွမ်းစေခဲ့ တယ်။ အဲဒီအချိန်ဆို ကျွန်မ အိမ် သိပ်ပြန်ချင်တာပဲ။

# ငမိုး နဲ့ အိုး

'ချင်းမိုင်မြို့ ကိုစောင့်တဲ့ နတ်မင်းကြီးသုံးပါး ရုပ်တုရှေ့ရောက်တိုင်း တပည့်တော်မ အိမ်ကို မြန်မြန်ပြန်ရပါစေဘုရား'လို့ ကျွန်မ အမြဲ ဆုတောင်းတတ်တယ်။ သြော်...ခုတော့လည်း ချင်းမိုင် မြို့စောင့်နတ်မင်းကြီးတွေ ကျိန်ဆိုတတ်တယ်ဆိုတဲ့ ကျိန်စာက ကျွန်မကို ထိလေပြီထင်ရဲ့။

ခု ကျွန်မ ချင်းမိုင်ကို လွမ်းပြီ၊ ဇင်းမယ်ကိုလွမ်းပြီ။ 'ဇင်းမယ်'ဆိုတဲ့ ညို့တဲ့ မြို့ကလေးကို ကျွန်မ အလွမ်းကြီး လွမ်းမိပါပြီ။ စန်ထန်း၊ ဒွိုင်ဆူထက် တောင်ပေါ်ဘုရား၊ ထပ်ဖေဂိတ်က ဆန်းဒေးမားကက်၊ နီမာဟေမင်လမ်း၊ မခြသိန်းရဲ့ မြန်မာထမင်းဆိုင်၊ ပြီးတော့...ပြီးတော့ ချင်းမိုင် တက္ကသိုလ်ဝင်းထဲက ကျွန်မတို့ရဲ့ 'သပြေကုန်းရွာ'နဲ့ ရွာသူ ရွာသားတွေ။

'သပြေကုန်းရွာ'ဆိုတာ အဲဒီတုန်းက ဘီဘီစီက တစ်ပတ်ကို နှစ်ကြိမ် အသံလွှင့်တဲ့ ကျန်းမာရေးပညာပေး ရေဒီယို ပြဇာတ်ရဲ့ နာမည်ပါ။ အဲဒီ အသံလွှင့်ဇာတ်ကလေးကို ဘီဘီစီက

www.burmeseclassic.com

လွှင့်ဖို့(အဲဒီတုန်းက ပြည်တွင်းမှာ ခွင့်မပြုလို့)(Radio Drama and Soap Opera Specialist အင်္ဂလိပ်အမျိုးသမီး Penny Leicester)က ဦးစီးပြီး ချင်းမိုင်မှာပဲ အသံသွင်းဖို့ စီစဉ်ကြရတာ။ ကျွန်မက အဲဒီ အသံလွှင့်ဇာတ်ညွှန်းတွေကို တည်းဖြတ်စီမံပေးဖို့အတွက် အကူအညီတောင်းခံရတာပါ။

ဇာတ်ညွှန်းရေးဆရာ၊ ဆရာမများကတော့ ချင်းမိုင်မြို့ရဲ့ (အနုပညာဝါသနာပါကြတဲ့ မြန်မာသူပုန်ထီးတွေနဲ့ မြန်မာသူပုန်မတွေပါပဲ။ အသံ သရုပ်ဆောင်တွေကလည်း သူပုန်ထီး၊ သူပုန်မတွေပါပဲ။ ချစ်စွာသော သူပုန်ထီး၊ သူပုန်မလေးတွေနဲ့ အသံလွှင့်ဇာတ်ကလေးတွေကို အတူရေးရင်း၊ အတူအသံသွင်းကြရင်းနဲ့ တစ်ပတ်ပဲ ချင်းမိုင်မှာ နေမယ်ဆိုတဲ့ ကျွန်မတစ်ယောက် သုံးနှစ်နီးပါး ကြာသွားခဲ့တာ။

Radio Drama, Soap Opera ပညာရှင် ပဲန်နီ(Penny)ဆီကလည်း ဝတ္ထုရေးသူ ကျွန်မအတွက် ပုံစံမတူတဲ့ အနုပညာဖန်တီးမှုအတွက် ကျွန်မ မသိသေးတာတွေ အများကြီး သိရတာ စိတ်ဝင်စားစရာပါ။

Penny က ပြောတယ်လေ။ ပြဇာတ်ယဉ်ကျေးမှုကို သူတို့ အင်္ဂလိပ်တွေက အဆင့်မြင့်ဆုံးလို့ သတ်မှတ်တာတဲ့။ နားနဲ့နားထောင်ပြီး အနုပညာကို ခံစားနိုင်တဲ့ ယဉ်ကျေးမှုကလည်း မြင့်ပါသတဲ့။ သူ့ကို ကျွန်မ ရေပက်မဝင်အောင် ပြောပြမိတယ်။ တို့နိုင်ငံ၊ တို့လူမျိုးတွေရဲ့ ယဉ်ကျေးမှု အဆင့်အတန်းမြင့်ပြီးသားပါကွယ်လို့။ တို့မှာ ပြဇာတ် အကောင်းစားတွေလည်း ရှိခဲ့ဖူးတယ်။ ရေဒီယိုအသံလွှင့်ဇာတ် အကောင်းစားတွေလည်း ရှိခဲ့ဖူးတာပေါ့လို့။ ကျွန်မတို့ ကလေးဘဝက၊ မြန်မာ့အသံ ခေတ်ကောင်းစဉ်က ရေဒီယိုဘေးမှာ မျှော်မောခဲ့ရတဲ့ အသံလွှင့် ဇာတ်လမ်းတွေအကြောင်း၊ ဘဝကြေးမုံ ဇာတ်လမ်းစုံတို့၊ ဇာတ်လမ်းပမာ နားဆင်စရာတို့ အကြောင်းတွေကို ကျွန်မ သူ့ကိုပြောပြမိတယ်။ Penny က ကျွန်မ ပြောပြတာတွေကို စိတ်ဝင်တစား နားထောင်ရင်း ကျွန်မနဲ့အတူ နှမြောတာသ ဖြစ်လို့။

သူက ရေဒီယိုဒရာမာကို စိတ်ဝင်စားတဲ့ ဝတ္ထုရေးဆရာကို သေသေချာချာ သင်တန်းတက်စေချင်သတဲ့။ သူ့အားပေးမှု၊ သူ့တောင်းဆိုမှု၊ သူ့စီစဉ်မှုတွေနဲ့ပဲ ၂၀၀၄ မှာ အင်္ဂလန်မှာ Radio Drama Soap Oprea သင်တန်း ကျွန်မတက်ဖြစ်သွားတာ။

Penny ကို ကျွန်မ တကယ် ကျေးဇူးတင့်ပါတယ်။

ကျွန်မ စိတ်ဝင်စားတဲ့ ရေဒီယိုဒရာမာဆိုတာကို အင်္ဂလန်ရဲ့ နာမည်ကျော် ပညာရှင်တွေဆီက သင်ကြားခွင့်ရတဲ့အတွက်ပါ။ ကျွန်မတို့ဆီမှာ မဖွံ့ဖြိုးသေးပေမဲ့ သူတို့ဆီမှာ သိပ်ခေတ်စားနေတဲ့ Soap Opera အကြောင်းလည်း သေသေချာချာ သိခွင့်ရတဲ့အတွက်ပါ။ ရေဒီယိုဒရာမာ(Radio Drama)ရော၊ Soap Opera ရောမှာပါ ရေးနည်းသီအိုရီတွေ၊ လိုက်နာရမယ့်ဥပဒေသတွေ ရှိပေ မဲ့ ဝတ္ထုရေးဆရာတစ်ယောက်အနေနဲ့ ကျွန်မကိုယ်တိုင် ဖန်တီး ကြည့်တော့မှ သီအိုရီတွေ၊ ဥပဒေသတွေကြားမှာ ဇာတ်လမ်းဖန်တီးသူရဲ့(ဝမ်းတွင်းပါစုန်း) အတတ်ကလေးနဲ့ ရောယှက်တောက်စား ဖန်တီးတာလေးပါမှလည်း အနုပညာမြောက်တယ်ဆိုတာလည်း သိရပြန်ရော။

ပြီးခဲ့တဲ့ နှစ်များဆီက တစ်ခုသောနှစ်ရဲ့ ခရစ္စမတ် ရေဒီယိုပြဇာတ် အစီအစဉ်အတွက် ဘီဘီစီက ကျွန်မနဲ့ ချစ်ခင်တဲ့ ဌာနမှူး မဆွေ(ဒေါ်တင်ထားဆွေ)ရဲ့ နားပူနားဆာလုပ်မှုနဲ့ ကျွန်မ ဝတ္ထုလေး **ငမိုးနဲ့အိုး** ကို ရေဒီယိုပြဇာတ်လေး ဖန်တီးဖြစ်သွားတာ။

ကျွန်မရဲ့ ရေဒီယိုဒရာမာလေးကို၊ ရေဒီယိုပြဇာတ်လေးကို ကျွန်မရဲ့ ဝတ္ထုပရိသတ်၊ ချစ်သောပရိသတ်တွေလည်း ဖတ်စေချင်တယ်လေ၊ ခံစားနားထောင်ကြည့်စေချင်တယ်လေ။ ဒါကြောင့်…။ ■

နုနုရည်အင်းဝ

❑

**ငမိုး နဲ့ အိုး**

**(ရေဒီယိုပြဇာတ်)**

**ဇာတ်လမ်း ပထမပိုင်း**

**ပါဝင်သူများ**

| | | |
|---|---|---|
| ၁။ | BBC သတင်းထောက်အမျိုးသမီးငယ် | |
| ၂။ | ငမိုး | -သူခိုး။ အသက် ၃၅ နှစ်ခန့်။ အလယ်စုရွာ။ |
| ၃။ | မြမူ | -ငမိုး၏ဇနီး။ အသက် ၃၀ ခန့်။ အလယ်စုရွာ။ မိုခို။ ပညာမတတ်၊ နှုတ်ကြမ်း၊ လျှာကြမ်း၊ ခပ်စွာစွာ စရိုက်။ |
| ၄။ | ဒေါ်တင်နု | -မြမူ၏ မိခင်။ ငမိုး၏ ယောက္ခမ။ အသက် ၆၂ နှစ်ခန့်။ မုဆိုးမ၊ လောင်းကစား ဝါသနာထုံသူ။ အလယ်စုရွာ။ |
| ၅။ | ဦးသာတင့် | -အလယ်စုရွာ၏ ရပ်မိရပ်ဖ။ အသက် ၇၅နှစ်ခန့်။ ခြံလုပ်ငန်းလုပ်။ |
| ၆။ | ဒေါ်တာဆုပ် | -ဦးသာတင့်၏ဇနီး။ အသက် ၇၃ နှစ်ခန့်။ စပ်စုတတ်သူ။ |
| ၇။ | ဖိုးမောင် | -အလယ်စုရွာ ကင်းသမား၊ ကာလသား။ -အသက် ၂၅ နှစ်ခန့်။ |
| ၈။ | ဒေါ်စိန်တုတ် | -အပျိုကြီး၊ ၄၅ နှစ်ခန့်။ လယ်ပိုင်ယာပိုင်။ ငွေတိုးချေးစားသူ။ အလယ်စုရွာ။ |
| ၉။ | ခန်းနေဆရာတော် ဦးဝိရိယ | -အသက် ၄၀ ခန့်။ အသံချိုစက်၊ တီဗွီ၊ ရေဒီယို ဝါသနာပါ။ |
| ၁၀။ | ဦးသန်းကြီး | -ဆားပုလင်း၊ လူဆိုးထိန်းရဲ။ အသက် ၅၀ ခန့်။ |
| | အချိန် | - ၂၀၁၀ ခုနှစ် |
| | နေရာ | -မြန်မာနိုင်ငံအထက်ပိုင်း၊ ဒုဋ္ဌဝတီမြစ်ကမ်းနဖူးပေါ်မှ 'အလယ်စု' ရွာ။ |



www.burmeseclassic.com

www.burmeseclassic.com

**ဇာတ်လမ်း ပထမပိုင်း**

**အခန်း (၁)**

('ချွတ်သံ' တီးလုံးဖြင့်ဝင်)

(BBC သတင်းထောက် အမျိုးသမီးငယ်)

(နိုးကြောင်နိုးဝှက်လေသံ)

('ချွတ်သံ'တီးလုံး၊ ရှစ်ဘား(8 Bar)မြောက်မှာအသံနှင်းဝင်)

'သောတရှင် ပရိသတ်ကြီးရှင်'

ကျွန်မကတော့ BBCမြန်မာပိုင်း အစီအစဉ်ရဲ့ အားအကိုးရဆုံး သတင်းထောက် 'ခင်စပ်စုထွေး'၊ အဲလေ…'ခင်မြတ်စုထွေး'ပါရှင်။

ကျွန်မတို့ BBCရဲ့ အစဉ်အလာအတိုင်း ဒီနေ့ခေတ် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အစစ်အမှန် လူနေမှုဘဝ နိစ္စဓူဝ အဖြစ်အပျက်လေးတွေ။ အထူးသဖြင့် မြန်မာကျေးလက်ပြည်သူတွေရဲ့ ဘဝအဖုံဖုံ၊ စရိုက်သဘာဝ အစုံစုံတွေကို အထူးတလည် တင်ဆက်ချင်တဲ့ စေတနာနဲ့ BBCသတင်းထောက်ကျွန်မတစ်ယောက် ဘယ်ကိုများ ရောက်နေတယ်မှတ်သလဲ။

ဒုဋ္ဌဝတီ မည်ခေါ်တွင်တဲ့ ရေကြည်မြစ်ချောင်းပေါ်မှာ အိပ္ပံ၊ အိပ္ပံလို့ အသံမြည်တဲ့ ငှက်သမ္ဗန်လေးတစ်စင်းပေါ်မှာလေ။ စီးဆင်းသွယ်ဖြာ မြစ်မင်းဇရာကို ကျော်ဖြတ်ပြီး ဒုဋ္ဌဝတီမြစ်ကမ်းနဖူးပေါ်က 'အလယ်စု'ဆိုတဲ့ ရွာကလေးဆီကို ကျွန်မ သွားနေတာ။

*'လေပြည်လာ တန်ကာအေးတာမို့၊ နေခြည်ဖြာ မြူလွှာနှင့်တွေးကာက၊ ဆွေးသပဖြေမဆည်၊ ရေကြည်ကြည်ကျ သွင်သွင်မစဲ၊ ဆီးနှင်းငယ်ထန်၊ မိုးလောက်ပင်ပုံသဏ္ဌာန်မို့၊ မှုန်ပြာပြာ တောင်ယံထဲမှာ၊ မှိုင်းရီမဲလို့မဲ'*

ဖတ်ဖူး၊ မှတ်ဖူးတဲ့ ဆောင်းဘွဲ့ ကဗျာလေးတစ်ပိုဒ်၊ စာလေးတစ်ပိုဒ်ကို ကျွန်မ ရွတ်လိုက်မိပေမဲ့ မြန်မာနိုင်ငံရဲ့ ဆောင်းမပီတော့တဲ့ ဆောင်းရာသီကတော့ ကျွန်မကို လှောင်ရယ်လေး ရယ်မလား မသိ။ ဟင်း…။ မနက်လင်းအားကြီး သုံးနာရီမှာတောင် ဆောင်းမပီတော့တဲ့ မြန်မာနိုင်ငံရဲ့ ဆောင်းရာသီရယ်။ ဟုတ်တယ်၊ သောတရှင်တို့ရဲ့ အလယ်စုရွာ ငှက်ဆိပ်ကို ကျွန်မ စီးလာတဲ့ ငှက်ကလေးဆိုက်တော့(စာဆိုရှင်ဆရာမြို့မငြိမ်း ရေးသလို) အချိန်နှစ်ပါးသဘာခွဲလောက်ရှိမယ့်လင်းကြက်ကြီးတောင် တွန်နေပြီ။

ဟိုးခပ်ဝေးဝေးမှာတော့ စစ်ကိုင်းတောင်ရိုးဆီက မီးရောင်လေးတွေကလည်း တလက်လက်နဲ့။ ဟော…ဟော…ရွာထဲက ခွေးတွေဟောင်ကုန်ပြီ။ ကဲ…သောတရှင်တို့ရေ…။

အချိန်ရှိတုန်းလေး ကျွန်မတို့ အလယ်စုရွာက ရွာသူရွာသားတွေရဲ့ အသံကို အသာလေး ကပ်ပြီး နားထောင်ကြည့်ရအောင်နော်။

အဲ…အဲ…ဟောဒီမြစ်ဆိပ်က ထိပ်ဆုံးက အိမ်ကတော့ ရပ်မိရပ်ဖ ဦးသာတင့်နဲ့ ဒေါ်တဆုပ်တို့အိမ်ပေါ့။ မနက်လင်းအားကြီး သုံးနာရီဆိုတော့ အဘိုးကြီး အဘွားကြီး နိုးမှ နိုးပါဦးမလား။

(…တီးလုံးပါးပါးလေးနှင့်အတူ)

**ဦးသာတင့်။** ။ အဟမ်း အဟမ်း။ နမောတဿ၊ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟ…မတဆုပ်၊ မတဆုပ် မနိုးသေးဘူးလားဟ။ တယ်လည်း ထိနမိဒ္ဓအားကြီးတာကိုး။

**ဒေါ်တဆုပ်။** ။ (စိတ်မရှည်သံဖြင့်)နိုးပါတယ် ကိုသာတင့်ရယ်၊ ကျုပ် ချမ်းလို့ စောင်ခြုံထဲ ခဏကွေးနေတာပါ။

**ဦးသာတင့်။** ။ ဘာ…ချမ်းလို့၊ မဟုတ်တာကွာ။ မချမ်းတာ မအေးတာ ဘယ်နှဆောင်းရှိပလဲ၊ ရာသီဥတုတွေ ဖောက်ပြန်နေတာကြာပေါ့။ အိမ်း…၊ ရှေးတုန်းကတော့ တိုင်းပြည်ရှင်ဘုရင်များ မင်းကျင့်တရားနဲ့မညီရင် ရာသီဥတုတွေ ဖောက်ပြန်ပျက်စီးတတ်သတဲ့ကွ။ (အသံကျယ်နှင့်) သောဘဂဝါ၊ ဣတိပိ အရဟံ သမ္မာ…။

**ဒေါ်တဆုပ်။** ။ (ဖြတ်လျက်) အိုတော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ကြမ်းကြားလေကြား။ တော် ဘုရားရှိခိုးတာလည်း တိုးတိုး ခိုးစမ်းပါ။

**ဦးသာတင့်။** ။ မင့်မလည်း ငါ ဘုရားရှိခိုးတာတောင်လိုက်ချုပ်ချယ်နေသေးတယ်။ ဘုရားလေးတော့ လွတ်လွတ်လပ်လပ်၊ ကျယ်ကျယ်လောင်လောင် ရှိခိုးပါရစေကွာ။

**ဒေါ်တဆုပ်။** ။ တော့်ကို အလကားချုပ်ချယ်နေတာ မဟုတ်ဘူး။ မြစ်ထဲက ငှက်ခတ်သံ တော် မကြားဘူးလား။ ခွေးတွေကလည်း ဟောင်လိုက်တာ၊ အချိန်မတော်ကြီး သူခိုးဓားပြများ ရွာကို ဝင်ကပ်တာလား မသိဘူးတော့။

**ဦးသာတင့်။** ။ ငါလည်း ကြားပါတယ်ကွ။ ဒါကြောင့် လူနိုးနေတာသိအောင် ဘုရားကို အသံကျယ်ကျယ်နဲ့ ထ,ရှိခိုးတာပေါ့ကွ။

**ဒေါ်တဆုပ်။** ။ အံမယ်၊ ဒါကျတော့ တော်က ဉာဏ်ကောင်းသားပဲ။ ဟင်းဟင်း၊ ဒါမှ မတဆုပ်ယောကျ်ား ကိုသာတင့် ပီသတော့မပေါ့။

**ဦးသာတင့်။** ။ ဘာကွ၊ သာတင့်က အရင်ကတည်းက ရပ်မိရပ်ဖ ဘုရားဒကာသာတင့်ပါကွာ။ မတဆုပ်ယောကျ်ား သာတင့်လို့တော့ မင်းနာမည်ရှေ့ကတပ်ပြီး ဘယ်သူမှ မခေါ်ပါဘူး။

**ဒေါ်တဆုပ်။** ။ အမယ်လေး ဉာဏ်ကောင်းတဲ့ မတဆုပ်ယောကျ်ားကိုသာတင့်ဖြစ်ရတာ ရှင် ဂုဏ်ယူစမ်းပါ။ ကျုပ်ဘယ်လောက် ဉာဏ်ကောင်းတယ်ဆိုတာ ကျုပ်ငယ်ငယ်တုန်းက…

**ဦးသာတင့်။** ။ (ဖြတ်ဝင်လျက်) တော်ကွာ၊ တော်ကွာ။ 'အ'သုံးလုံးသင်တုန်းက တစ်ရွာလုံးမှာ အတော်ဆုံးဆိုတာပဲ လာဦးမှာ မဟုတ်လား။

**ဒေါ်တဆုပ်။** ။ နို…မဟုတ်ဘူးလား။ မတဆုပ်တို့က မလုပ်အရှင်း၊ လုပ်အရှင်း။ ငယ်ငယ်တုန်းက စာကို မသင်ချင်



www.burmeseclassic.com

www.burmeseclassic.com

လို့ကို မသင်ခဲ့တာ။ ဟင်း၊ တော်လည်း သိသားပဲ။ နယ်လုံးကျွတ် 'အ'သုံးလုံးသင်တန်းဆင်းတွေ စာဖတ်ပြိုင်ပွဲမှာတောင် ကျုပ် ဝင်နွှဲခဲ့တာလေ။

**ဦးသာတင့်။** ။ ဟုတ်ပါ့ဗျား၊ ဟုတ်ပါ့။ ပြောပါဦး၊ မင်းရဲ့ စာဖတ်ပြိုင်ပွဲ အောင်မြင်မှုကြီးကို။

**ဒေါ်တဆုပ်။** ။ အမယ်လေး ခုပြော၊ ခုမျက်စိထဲ မြင်သေးတယ်။ မြို့ကအရာရှိကြီးတွေ၊ ကျောင်းဆရာကြီးတွေရှေ့မှာ ရွာတွေက ကျုပ်တို့လို ဉာဏ်ကောင်းတဲ့ နံပါတ်တစ်ပဏေးတွေက စာဖတ်ပြရတာ။

**ဦးသာတင့်။** ။ အေး… အေး… ပြောပါဦး၊ ပြောပါဦး။

**ဒေါ်တဆုပ်။** ။ ဘောအနက်ကြီးပေါ်မှာ တစ်ခါတည်း မြေဖြူနဲ့ 'လျှောင်းတော်မူ'ဆိုပြီး ရေးထားတာကို စာလုံးပေါင်းဖတ်ပြရတာလေ။

**ဦးသာတင့်။** ။ အဲ… အဲ… မင်းအလှည့်ကျ မင်းက ဘယ်လိုဖတ်ပြတုံး လုပ်စမ်းပါဦး။

**ဒေါ်တဆုပ်။** ။ မတဆုပ်ပဲတော် ဘယ်ရလိမ့်မတုံး၊ တခြားရွာက ကောင်မတွေရှေ့မှာ တစ်လုံးချင်း စာလုံးပေါင်း ဖတ်ပြလိုက်တယ်။ သဝေထိုး လယပင့်ရေးချသတ် ဝစ္စနှစ်လုံးပေါက် လျှောင်း။

**ဦးသာတင့်။** ။ ဟုတ်ပြီဗျား။

**ဒေါ်တဆုပ်။** ။ သဝေထိုး တဝမ်းပူရေးချရှေ့ထိုး တော်၊ မနှစ်ချောင်းငင် မူ။

**ဦးသာတင့်။** ။ အဲဒီတော့ မင်းက အဲဒီသုံးလုံးပေါင်းပြီး ဘယ်လိုဖတ်ချလိုက်သလဲ။

**ဒေါ်တဆုပ်။** ။ (လေသံပျော့လေးနှင့်) ရှမ်းဗေထုံတဲ့တော့။

**ဦးသာတင့်။** ။ (အားရပါးရအော်ရယ်)ဟားဟား၊ ဟားဟား၊ ဟားဟား လျှောင်းတော်မူသုံးလုံး စာလုံးပေါင်းတော့ အဟုတ်၊ အသံထွက်တော့မှ ရှမ်းဗေထုံတဲ့၊ ဟားဟား…ဟားဟား။

**ဒေါ်တဆုပ်။** ။ (လေသံပျော့လေးနှင့်)အဲဒီတုန်းက ကျုပ်လည်း ဘာဖြစ်သွားမှန်းကို မသိပါဘူးတော်။ မြို့ကလူကြီးတွေလည်း ရယ်လိုက်ကြတာ အူတွေကိုတက်လို့။

**ဦးသာတင့်။** ။ ရယ်မှာပေါ့ကွ ဟားဟား…ဟားဟား။

**ဒေါ်တဆုပ်။** ။ တော်ကလည်း တိုးတိုးရယ်စမ်းပါ။ ဟောဟော နားထောင်၊ ဒါ ဒါ ငမိုးအသံ။ သူခိုး ငမိုး အသံ။ (ငမိုးသီချင်းသံ ခပ်ဝေးဝေးမှ တဖြည်းဖြည်းနီးလာ)

*'×××လောဘ ဒေါသဆိုတာ လောင်မီးကိလေသာ××× တဟုန်းဟုန်းတောက်လို့သာ၊ တဖြုန်းဖြုန်းမောက်မို့စွာ××× အကုသိုလ် စရိုက်ဆိုး×××'*

(ခွေးဟောင်သံများ)

**ဒေါ်တဆုပ်။** ။ (ထိတ်လန့်သံနှင့်)ငမိုး၊ ငမိုး။ ဘယ်ရပ်ဘယ်ရွာကများ ခိုးပြီး ပြန်လာတယ်မသိဘူး၊ သင်း(ဒင်း)က တော့ သီချင်းလေး တအေးအေးနဲ့။ ရွာထဲက လူတွေမှာတော့ သူ့သီချင်းသံကြားရင် ကျောတွေကိုစိမ့်လို့။

**ဦးသာတင့်။** ။ အိုကွာ၊ ဘာစိမ့်ရမှာလဲ။ မင်းမှာ ဘာပစ္စည်းတွေများရှိလို့ ဒါလောက်ကြောက်နေရတာလဲ။

**ဒေါ်တဆုပ်။** ။ ကျုပ်က မကြောက်ပါဘူးတော့။ ကျုပ်မှာ ပစ္စည်းလည်းမရှိပါဘူး။ ဒါပေသိ ပစ္စည်းရှိတဲ့ ရွာထဲက အပျိုကြီးမ မိစိန်တုတ်တို့လို လူမျိုးတွေကတော့ ကြောက်တာမှ သေးဖြန်းဖြန်းပါ မတတ်တော့။ မိုးက လမ်းပေါ်ကကျောက်ခဲကို မန်းပြီး အိမ်ကိုထုလိုက်ရင် ဘယ်လောက် သော့ခတ်ထားထား အိမ်တံခါးတွေ အကုန်ပွင့်သတဲ့တော့။

**ဦးသာတင့်။** ။ ဟာ မဟုတ်က ဟုတ်ကတွေကွာ။ ဒီကောင် ဒီလောက် မစွမ်းပါဘူး။ ငါတို့ရွာထဲသာ လုပ်လို့ကတော့ကွာ၊ ဒီကောင် တစ်ခါတည်း…

**ဒေါ်တဆုပ်။** ။ (ဖြတ်ပြော) ဩော်…တော်ကလည်း တိုးတိုးလို့ ပြောနေ၊ အသာ နားထောင်စမ်းပါ။

(သီချင်းသံ)

**ငမိုး။** ။ *×××ကိုယ့်ကိုယ်ကို×××သနားပါ××× များသစ္စာဝါ×××*

ဟေ့… ကင်းအလှည့်××× ဘယ်သူတွေတုံးကွ။

**ဖိုးမောင်။** ။ (ကင်းတဲဆီမှ ပြန်အော်)

ကျုပ်တို့အလှည့်ဗျို့ ကိုငမိုး။

**ငမိုး။** ။ ဟ…ဖိုးမောင်တို့၊ အောင်ဆင့်တို့ပါလား ဟ၊ မအိပ်မနေ တာဝန်ကျေလှချည့်လားကွ။

**ဖိုးမောင်။** ။ ဗိုလ်အောင်ဒင် ဓာတ်လမ်းထဲက စကားလိုပေါ့ဗျာ၊ ဂျူတီအစ် ဂျူတီပေါ့ဗျ။ လာလေဗျာ၊ ရေနွေးကြမ်း သောက်ဦး။

**ဒေါ်တဆုပ်။** ။ ကြားလား ကိုသာတင့်၊ ဟိုကင်းသမားကောင်နာလေးတွေ သူခိုး ငမိုးကို ဧည့်ထောက်ခံနေတာလေ။

**ဦးသာတင့်။** ။ ကြားပါတယ်ကွာ၊ သူတော်ချင်းချင်းကိုးကွ။ ဟိုငမိုးက သူခိုးအကြီးစား၊ ဟိုနှစ်ယောက်က ရွာထဲက ကြက်လစ်ကြက်၊ ဘဲလစ်ဘဲ ခိုးတဲ့ သူခိုးအငယ်စားတွေပဲ ဘာထူးလို့လဲ။

**ဖိုးမောင်။** ။ ကိုငမိုး၊ အချိန်မတော်ကြီးမှ ဘယ်က ပြန်လာတာလဲ။

**ငမိုး။** ။ မန္တလေးဘက်ကပါကွာ၊ စောစောပြန်မလို့ ဟာ မြို့ပေါ်မှာ သူငယ်ချင်းတွေနဲ့တွေ့ပြီး ကာရာအိုကေ ဝင်ဆိုနေတာနဲ့ နောက်ကျသွားတာကွ။

**ဖိုးမောင်။** ။ ဟာ ဟုတ်လား။ တစ်ခါတလေများ ကျုပ်တို့ ခေါ်သွားစမ်းပါဗျာ၊ မြို့ပေါ်က ကာရာအိုကေ မဆိုဖူးလို့။

**ငမိုး။** ။ အေးအေး။ ငါ စီစဉ်လိုက်ဦးမယ်။ ရော့ ရော့ ဒီမှာ ငါ လမုန့်တွေ ဝယ်လာတယ်။ မင်းတို့ ရေနွေးကြမ်းနဲ့ မြည်းကြ၊ ရော့။

**ဖိုးမောင်။** ။ ကောင်းတယ်ဗျာ။ မနက်စောစော သားနေတာနဲ့ အတော်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်တဆုပ်။** ။ ကိုသာတင့်၊ ကိုသာတင့် ဆို…။

**ဦးသာတင့်။** ။ ဘာလဲကွာ၊ မင်းမလည်း…။

**ဒေါ်တဆုပ်။** ။ ကြားလား၊ ငမိုးက ဖိုးမောင်တို့ကို လမုန့်တွေ ကျွေးနေတာ။ ကျုပ်လည်း မနက်စောစော ချိုချိုအေးအေး စားချင်လိုက်တာတော်၊ သွားတောင်းစမ်းပါ။

**ဦးသာတင့်။** ။ ဟာ…မင်းကလည်း သူခိုးဆီက သူဂုက်လုခိုင်းနေပြန်ပြီ။

**ဒေါ်တဆုပ်။** ။ သွားစမ်းပါတော်၊ ဘုရားဆွမ်းတော် တင်ဖို့လို့ ပြောတောင်းခဲ့။

**ဦးသာတင့်။** ။ အေး အေး၊ ငါ သွားလိုက်မယ်။ ဘုရားဘုရား။

(ငမိုး၊ ဖိုးမောင်တို့၏ အားပါးတရ ရယ်မောသံများ)

**ငမိုး။** ။ (ဟက်ဟက်ပက်ပက် ရယ်ရင်းပြော) အဲဒါနဲ့ ငါပြောလိုက်တာပေါ့။ ဒီမှာ ဘကြီး၊ ဘကြီး ဘာအကြံအစည်နဲ့ ကျွန်တော့်ဆီ လာနေတာလဲဆိုတာ ကျွန်တော်သိတယ်လို့…ဟားဟား။

**ဦးသာတင့်။** ။ မြတ်စွာဘုရား၊ အဲ…အဲ…ယသဿာနုဘာဝါတော ယက္ခာ၊ နေဝဒဿေန္တိ ဘီသနံ၊ အဟာမ်း အဟာမ်း။ ဟကောင်လေးတွေ စောစောစီးစီး အော်ကြီးဟစ်ကျယ်နဲ့ ဘာတွေ ရယ်နေကြတာတုံးကွ။

(ရယ်မောသံ ရပ်ပြီး)

**ဖိုးမောင်။** ။ ဒီလိုပါပဲ ဘကြီးသာတင့်ရာ။

**ဦးသာတင့်။** ။ အေး…လူငယ်တွေဆိုတော့ ပျော်ပျော်ပါးပါးပေါ့ကွာ။ ကင်းတာဝန်တွေတော့ မပေါ့ကြနဲ့ဟေ့။ တစ်လောက ဟိုဘက်ရွာ ပဲခင်းကို လူလေး,ငါးယောက် ညဘက်ဝင်နုတ်သွားတာ အခင်းရှင်က သိလျက်နဲ့ မအော်ရဲဘူးတဲ့။ အဲဒီလူတွေက မားတွေဘာတွေတောင် ပါဆိုပဲကွ။

**ငမိုး။** ။ ဒီရွာအတွက်တော့ စိတ်ချပါ ဘကြီးရာ၊ ကျုပ်တစ်ယောက်လုံး ရှိပါတယ်။ အဲဒီပဲခင်း ဝင်နုတ်သွားတဲ့ကောင်တွေက ငတ်လို့လုပ်တဲ့ကောင်တွေပါ ဘကြီးရ။

**ဦးသာတင့်။** ။ အေးပါ မောင်ငမိုးရာ၊ ဘကြီးတို့ရွာကို စောင့်ရှောက်ပေးပါကွာ။ မင်းက တစ်ရပ်တစ်ကျေးကဆိုပေမဲ့ တို့ရွာသူနဲ့ရမှတော့ တို့ရွာသားပဲပေါ့ကွာ။ မင်းမိန်းမ မြမူအမေမတင်နုဆိုတာလည်း ဘကြီးတို့နဲ့ အမျိုးစပ်ရင် တော်သေးတယ်ကွ။

**ငမိုး။** ။ ဟုတ်ကဲ့ဘကြီး။ ကျုပ်ကလည်း ဒီရွာကို ကိုယ့်ချက်မြှုပ်လို သဘောထားတာပါ။

**ဦးသာတင့်။** ။ ကောင်းပါလေ့ကွာ၊ ကောင်းပါလေ့။ မင်းသိတဲ့အတိုင်း ဘကြီးတို့မှာလည်း သားတစ်ယောက်ရှိပါတယ်၊ နေကုန်သောက်တဲ့ ငမူးဆိုတော့ ဘာမှ အားမကိုးရဘူး။ ဟင်းကောင်း၊ ထမင်းကောင်းလေးတောင် အဘိုးကြီး အဘွားကြီး နပ်မမှန်ပါဘူးကွာ။ တင်နုတို့ကတော့ သမက်ကောင်းရထားတော့ အိုက် ကောင်းတယ်ဟေ့။

**ငမိုး။** ။ ဒါပေမဲ့ ဘကြီးရာ၊ ယောက္ခမကြီးက ကောင်းကောင်းထားပေမဲ့ ကောင်းကောင်းနေတာမဟုတ်ဘူးဗျ။ နှစ်လုံး၊ သုံးလုံးကို ဒန်အိုးပေါင်၊ ထဘီပေါင်ပြီးတော့ကို ထိုးတာ။ ပိုက်ဆံချေးပြီး ပြန်မပေးလို့ သူ့သမီးနဲ့ နေ့တိုင်းတကျက်ကျက်။

**ဦးသာတင့်။** ။ ဟ…တင်နုက လောင်းကစားနဲ့ ဖက်မွေးလာတာဟ။ သူ့ယောက်ျား ဘဆောင်ရှိတုန်းကဆို စီးပွားလေးကလည်းကောင်းတော့ လင်မယားနှစ်ယောက်စလုံး ဖဲဝိုင်းက ကို မထဘူး။ မနက်မိုး ညမိုးနဲ့ ကစားတာ။

**ဖိုးမောင်။** ။ ဟုတ်တယ်၊ ဟုတ်တယ်။ ကျုပ်တို့ငယ်ငယ်က သူတို့အိမ်ပေါ် အဖေနဲ့ လိုက်သွားဖူးတယ်။ အဲဒီတုန်းက ဘကြီးသာတင့်ကြီး ဖဲရှုံးလို့ မူးပြီး အော်ဆဲနေတာလေ။

**ဦးသာတင့်။** ။ ဟကောင်လေး၊ ဖိုးမောင် မအေပေးလေ။ ဘာတွေလျှောက်ပြောနေတာလဲ။ အဟဲ…မောင်ငမိုးရာ ဘကြီးတို့လည်း ငယ်ငယ်ကတော့ ဘယ်ကင်းပါ့မလဲ၊ ဟုတ်ဘူးလား။

**ငမိုး။** ။ ဟုတ်တာပေါ့ဘကြီး၊ ဟုတ်တာပေါ့။ ဘကြီး ဒီမှာ မုန့်လေးစားပါဦး၊ မန္တလေးက ဝယ်လာတာ။

**ဦးသာတင့်။** ။ ဘာမုန့်များလဲကွ။ မှုန်တီမှုန်ဝါးဆိုတော့ မမြင်ရဘူး။

**ဖိုးမောင်။** ။ လမုန့် ဘကြီး၊ လမုန့်။ ရော့…ရော့ ဒီမှာ။

**ဦးသာတင့်။** ။ လမုန့်လေးတွေကလည်း သေးသွားလိုက်တာကွာ၊ ကလေးရေးတဲ့ ဝလုံးလောက်ပဲ ရှိတော့တယ်။ အေး…အေး။ ဟေ့ကောင် ဖိုးမောင်၊ နောက်ထပ် နှစ်ခုလောက်ပေးဦး။ ဘုရား၊ တရား၊ သံဃာ သုံးခု မနက်စောစော အရုဏ်ဆွမ်းကပ်ရအောင်။

**ငမိုး။** ။ ရော့၊ ရော့။ ဘကြီး ယူယူ။ ဖိုးမောင် ပေးလိုက်ပါကွ။

**ဦးသာတင့်။** ။ အေးအေး သာဓု သာဓု။ မောင်ငမိုးရေ လောကမှာ စိတ်စေတနာကောင်းရင် ဘယ်တော့မှ မတိမ်ကောဘူးကွ ကြားလား။

**ဒေါ်တဆုပ်။** ။ (ခပ်လှမ်းလှမ်းမှ အော်ပြောသံ) ကိုသာတင့်ရေ ဆွမ်းတော်ကပ်ရအောင်လေ၊ အရုဏ်တက်အမီလေး။

**ဦးသာတင့်။** ။ အေး အေး။ လာပြီဟေ့၊ လာပြီ။ ဘုရား၊ ဘုရား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အမြဲမရှိတဲ့ တရားတွေပါလား။

(ပြောရင်း ဝေးသွား)

(တီးလုံး)

❑

အခန်း(၂)

(ငမိုး သီချင်းသံ)။ ။ ငမိုးအိမ်ရှေ့။

**ငမိုး။** ။ *ကိုယ့်ကိုယ်ကို×××သနားပါ မျှားသတ္တဝါ×××ကိုယ့်ကိုယ်ကိုသာ သနားပါ မျှားသတ္တဝါ။*

ဟေ့…မိန်းမရေ၊ မြမူ၊ မနိုးသေးဘူးလားဟေ။

www.burmeseclassic.com

**မြမူ။** ။ ဩ…ညနေကတည်းက မပြောမဆိုနဲ့ ထွက်သွားလိုက်တာ ပြန်လာဖော်တော့ရသားပဲ။ ပေး…ပါတာ အကုန်ပေး။ ဆန့်ဝယ်ရမယ်၊ ဆီဝယ်ရမယ်။

**ငမိုး။** ။ ဟာ…ဒီမိန်းမ၊ ယောက်ျားမျက်နှာ တောင် ကြည့်ဖော်မရဘူး။ လက်ပဲ အရင်ဖြန့်နေတော့တာပဲ။

**မြမူ။** ။ အပိုတွေ ပြောမနေနဲ့၊ ပေး…ပိုက်ဆံ။

**ငမိုး။** ။ ရော့ ရော့။ ဒါ မန္တလေးက သူငယ်ချင်း တွေဆီက တောင်းရမ်းလာတဲ့ငွေ၊ ရော့။

**မြမူ။** ။ တော့်ဘာသာ တောင်းတောင်း၊ ရမ်းရမ်း ပေး…။ ဟင်…ငွေလေးမှ တစ်သောင်းတည်းရယ်။ ကျုပ်က ဘာသွားသုံးရမှာလဲ။

**ငမိုး။** ။ ကောင်မ ငါ ထ,ကန်လိုက်ရ။ အလုပ်ဖြစ်လို့ ရလာတာမဟုတ်ပါဘူးဆို၊ ဒါပဲ ရမယ်။

**မြမူ။** ။ ဒါဆို တော့်ပုဆိုးကြားထဲ လိပ်ထားတဲ့ ပိုက်ဆံထုတ်စမ်း။

**ငမိုး။** ။ ဟာ…ဘယ်မလဲ၊ ဘယ်က ပုဆိုးကြားထဲက ပိုက်ဆံလဲ။

**မြမူ။** ။ ဒီမှာ ကိုငမိုး၊ ရှင်က လက်လျှင်သလို ကျုပ်ကလည်း မျက်စိလျှင်တယ်၊ ထုတ် ပိုက်ဆံ။

**ငမိုး။** ။ ဟဲဟဲ…ဒါတော့ မလုပ်နဲ့ဟာ၊ ညနေ အရက်ဝယ်သောက်ဖို့ဟ။ နင့်ဆီက ပြန်မတောင်းချင်လို့။ သွား သွား ငါအိပ်တော့မယ်။ ဒီမှာ လမုန့်တွေ၊ ထိုးမုန့်တွေပါတယ်။

(ခပ်လှမ်းလှမ်းမှ မြမူ့အမေ ဒေါ်တင်နုအသံ ပေါ်လာ)

**ဒေါ်တင်နု။** ။ အဟမ်း အဟမ်း။ သမီးရေ မြမူ၊ ငါ့သားကြီး ပြန်ရောက်ပြီလား။

**ငမိုး။** ။ ဟော…နင့်အမေလာပြီ၊ တစ်ခုခုတော့ တောင်းတော့မယ်။ နင့်ဘာသာရှင်း၊ ငါ အိပ်တော့မယ်။

**မြမူ။** ။ လာပြီ အမေရေ၊ လာပြီ။ အိမ်ပေါ်မတက်ခဲ့နဲ့။ ကျွန်မ ဆင်းခဲ့မယ်။

**ဒေါ်တင်နု။** ။ ဘာအေ့၊ ညည်း ဘာစကား ပြောတာလဲ။ အိမ်ပေါ်မတက်ခဲ့နဲ့လေး ဘာလေးနဲ့။ မနက်စောစောစီးစီး မိဘကို စော်ကားမော်ကား။

**မြမူ။** ။ အမယ်လေး အမေရယ်၊ ဒါလေးပြောတာနဲ့ များ မိဘကို စော်ကားမော်ကား ဖြစ်ရောလား။ ကိုငမိုး အိပ်နေလို့ ကျွန်မ ဆင်းခဲ့မယ်ပြောတာပါ။ ပြီးတော့ အမေ့ခါးက ပြန်နာနေတယ်ဆို။

**ဒေါ်တင်နု။** ။ အေး…အဲဒီခါးကတော့ သေရာပါမှာပဲ။ သားကောင်းသမီးမွန်တွေကို ချီရတဲ့ဒဏ်လေ။ ညည်းဆို ငါ အချီရဆုံး။ ခါးပေါ်ကကို မဆင်းဘူး။ ကဲ…ကဲ…ငါ့ကို ငွေနှစ်ထောင်လောက် ခဏချေးစမ်း။

**မြမူ။** ။ နှစ်ထောင်၊ ငွေနှစ်ထောင် ဟုတ်လား။ အမေရယ်၊ ကိုငမိုး အလုပ်ဖြစ်မလာဘူး။ ပိုက်ဆံနှစ်ရာပြည့်အောင်တောင် အိမ်မှာ မရှိဘူး။

**ဒေါ်တင်နု။** ။ ညည်း မပလီစမ်းပါနဲ့အေ၊ ညည်းအမေ မိတင်နု နားအကောင်းကြီး ရှိသေးတယ်။ ညည်းယောက်ျား ငွေတစ်သောင်းနဲ့ လမုန့်တွေ ပါလာတာ ငါ ကြားပါတယ်။

**မြမူ။** ။ အဲဒီတော့ ကျုပ်က အဲဒီတစ်သောင်းထဲက နှစ်ထောင် ခွဲပေးရမယ်ပေါ့၊ အဲလိုလား(စိတ်တိုစွာပြော)။

**ဒေါ်တင်နု။** ။ ဟဲ့… မိမြမူ။ ငါက ညည်းလင် ခိုးရာပါ၊ တိုက်ရာပါပစ္စည်း ခွဲခိုင်းနေတာ မဟုတ်ဘူး။ အမေအိုကြီးကို ညည်း မသိတတ်လွန်းလို့ ပါးစပ်က ဖွင့်တောင်းနေရတာ။ သူများ အမေတွေများ သနပ်ခါးလေးဖွေးလို့၊ ပါတိတ်စမ်းဆက်လေးနဲ့ ဘုန်းကြီးကျောင်းသွားကြ၊ တရားစခန်းဝင်ကြ။ ငါ့မှာသာ…။

**မြမူ။** ။ ဩ…အမေက တရားစခန်း ဝင်ချင်တာပေါ့၊ လုပ်လိုက်လေ။ မနက်ဖြန် စစ်ကိုင်းတောင်ရိုးကို ကျုပ် လိုက်ပို့မယ်၊ စိတ်ချ။ တစ်သက်လုံး တရားစခန်းမှာနေချင်လည်း ကျုပ် အကုန်တာဝန်ယူမယ်။

**ဒေါ်တင်နု။** ။ ညည်း ငါ့မငေါ့နဲ့၊ ငါက သဘောပြောတာ။ ညည်းတို့လို သားဆိုး၊ သမီးဆိုးတွေ စိတ်မချတာနဲ့ကို ငါ တရားစခန်း မဝင်နိုင်သေးဘူး။

**မြမူ။** ။ အပိုတွေ အမေရယ်။ အမေ့ နှစ်လုံး၊ သုံးလုံးတွေကြောင့် မသွားနိုင်တာကို သားသမီးတွေလှည့်ပြီး ရမယ်မရှာပါနဲ့။

**ဒေါ်တင်နု။** ။ ဟဲ့…အဲဒါက အလုပ်ဟဲ့၊ အလုပ်။ ဟင်းကောင်းလေး စားချင်လို့ ငါလုပ်ရတာ။ သားသမီးတွေရဲ့ မသဒ္ဓါရေစာ မစားချင်လို့ ငါလုပ်နေတာ။

**မြမူ။** ။ တော်ပါအမေရယ်၊ ဝါသနာပါရင် ပါတယ်ပေါ့။ လျှောက်ပြောမနေစမ်းပါနဲ့။ အမေ့ကို အကောင်းပြောနေတာ။ ဒီအရွယ်ဆိုတာ ဘုရားနဲ့ တရားနဲ့…။

**ဒေါ်တင်နု။** ။ (ဖြတ်အော်)အမယ်လေး၊ ဘုရားဖြစ်မယ့် အုတ်နီခဲမက မအေကို ဆုံးမနေလိုက်တာ။

**မြမူ။** ။ တိုးတိုးပြောစမ်းပါ အမေရယ်၊ ကိုငမိုး အိပ်နေပါတယ်ဆို။

**ဒေါ်တင်နု။** ။ ဩ… လင်ကျတော့ သိတတ်လိုက်တာ။ ကဲ…တိုးတိုးပြောစေချင်ရင် ပေး ငွေနှစ်ထောင်။ ချေးတာဟော့ နော်။ ညနေကျ ညည်းပိုက်ဆံ နှစ်ဆ ပြန်ပေးမယ်။

**မြမူ။** ။ အမေ ပြန်ပေးတာတွေက များလှပါပြီ အမေရယ်။ ရော့ရော့၊ ဒီမှာ နှစ်ထောင်။

**ဒေါ်တင်နု။** ။ အေး…ပေး…၊ ညည်းနဲ့ပြောနေရတာ အချိန်ကုန်တယ်။ ဟိုမှာ မီအောင်သွားရမှာ။

(ပြောရင်း ထွက်သွား)

**မြမူ။** ။ (လှမ်းအော်)ဖြည်းဖြည်းသွား အမေရေ့၊ လဲနေဦးမယ် ဖြည်းဖြည်းသွား။

(အခန်းပြောင်းတီးလုံး)

❑



www.burmeseclassic.com

www.burmeseclassic.com

**အခန်း (၃)**

**ရွာလက်ဖက်ရည်ဆိုင်။** ။ လက်ဖက်ရည်ဆိုင် အသံဗလံများ။ နှစ်လုံးထိုးနေသည့်အသံများ။

**ဒေါ်တင်နု။** ။ ဟဲ့ကောင်လေး၊ ငါ့ မွေးဂဏန်း ရှိသေးရဲ့လားဟဲ့။ ရော့၊ ငါးရာ။ ငါ့မွေးဂဏန်း ၅၁ ကို 'အာ'မယ်။ ပြီးတော့ အင်း…

**နှစ်လုံးဒိုင်။** ။ ကြီးဒေါ်တင်နု ကြွေးတစ်ထောင် ကျုပ် ပေးရဦးမယ်နော်။

**ဒေါ်တင်နု။** ။ အေးပါဟယ်၊ ပေးပါ့မယ်။ ညနေ ဂဏန်း ထွက်ရင် အကုန် ပေါင်းပေးမယ်။

(ထိုစဉ် မော်တော်ဆိုင်ကယ်ဟွန်းသံနှင့်၊ စက်ရပ်သံ)

**ဒေါ်တင်နု။** ။ ဟဲ့…ကောင်လေး၊ ငါးလေး ကြည့်စမ်း၊ ငါးလေး(၅၄)။

**နှစ်လုံးဒိုင်။** ။ (အသံနိမ့်လျက်) ဟာ…ကြီးဒေါ် တိုးတိုး၊ တိုးတိုး ဟိုမှာ။ ဆားပုလင်း ဦးသန်းကြီး လာနေတယ်လေ။ ရဲ…ရဲ…။

**ဒေါ်တင်နု။** ။ (လန့်သွားလျက်)ဟယ်…ဟုတ်လား။

(ဆားပုလင်း ဦးသန်း ဆိုင်ကယ်ဟွန်းကို 'တီ'ခနဲတီးရင်း)

**ဦးသန်းကြီး။** ။ ဗျို့…ဒေါ်တင်နု။

**ဒေါ်တင်နု။** ။ ရှင်(စိုးရိမ်သံဖြင့်)။

**ဦးသန်းကြီး။** ။ ခဏလာပါဦးဗျ၊ ဒီကို။

**ဒေါ်တင်နု။** ။ ရှင်…၊ ကျုပ် လာရမှာလား။ အဲ…ဒီမှာ ကျုပ် လက်ဖက်ရည်ချို လာဝယ်တာပါ။

**ဦးသန်းကြီး။** ။ ဟုတ်ပါပြီ၊ လျှောက်ပြောမနေပါနဲ့။ ခင်ဗျား နှစ်လုံးထိုးနေတာ ကျုပ် မြင်ပါတယ်၊ အဲဒါနဲ့ မဆိုင်ဘူး။ တခြား မေးစရာရှိလို့ လာဦး။

**ဒေါ်တင်နု။** ။ ဟုတ်… ဟုတ်ကဲ့။

(ဆိုင်ရှေ့ ဦးသန်းကြီးဆီသွား)

**ဦးသန်းကြီး။** ။ လာပါဦးဗျ၊ ဆိုင်ထဲမှာ လူတွေရှေ့ ကျုပ် မမေးချင်လို့။ ခင်ဗျားသမက် ငမိုး ကောင်းကောင်းမွန်မွန်နေရဲ့လား။

**ဒေါ်တင်နု။** ။ နေတယ်၊ နေတယ်၊ နေပါတယ်တော်။

**ဦးသန်းကြီး။** ။ သေချာတယ်နော် ခင်ဗျား။

**ဒေါ်တင်နု။** ။ အမယ်လေး စိတ်ချပါတော်၊ ကျုပ်သမက် ကောင်းကောင်းမွန်မွန်နေသမှ ရွှေလထဲဆို ပဉ္စင်းတောင်ခံဦးမှာ။ ဆရာ ဦးသန်းကြီးကို ဖိတ်လိုက်ပါ့မယ်။

**ဦးသန်းကြီး။** ။ ဘာ…ပဉ္စင်းခံမယ် ဟုတ်လား၊ ငမိုးက။ အင်း…ဒီကောင်တော့ ဘုန်းကြီးကျောင်းတွေဘက် လှည့်ဦး တော့မယ်နဲ့တူတယ်။

(အခန်းပြောင်း တီးလုံး)

❑

**အခန်း (၄)**

**ရွာဘုန်းကြီးကျောင်း။** ။ ငှက်သံများ၊ ကြေးစည်သံ၊ ခွေးဟောင်သံများ။

ခန်းနေဦးပဉ္စင်း ဦးဝိရိယ တစ်ပါးတည်း တရားဟောကျင့်နေ။

**ဦးဝိရိယ။** ။ အဟမ်း၊ အဟမ်း။

(ကြာနီကန်ဆရာတော်၏ ချောင်းဆိုးသံကို တုချွဲ ဆိုးနေ)

အတ္တဂဟော၊ ပြောသမျှ၊ ဟောသမျှထဲက သဘောမကျဘဲ အပြစ်တွေ့ခဲ့လျှင် ချစ်စိတ်တွေဆုံး၊ ဟာ…ဒီပါးစပ် ဘာဖြစ်နေ တာလဲ။ သဘောမကျဘဲ အပြစ်တွေ့ခဲ့လျှင် ချစ်စိတ်တွေဖုံး၊ ချစ်စိတ်တွေဖုံး၊ မုန်းစိတ်တွေပစ်ပြီး ဟာ…ဒါ…ကြာနီကန် ဆရာတော်ရဲ့ ချောင်းဟန့်သံမျိုး မဟုတ်သေးဘူး မောင်ဝိရိယ ရဲ့။ ပြန်လုပ်စမ်း။ အဟမ်း၊ အဟမ်း၊ အာဟန်း၊ အာဟန်း။ အင်း…မဆိုးဘူး ဟုတ်ပြီ။ သဘောပါရဲ့လား ပရိသတ်ကြီး။ သဘောပါ,ပါတယ်ဘုရား။

ရှင်းရဲ့လား၊ ဒကာကြီး ကိုကျော်ဖံ။

ရှင်းပါတယ် ဘုရား။

ရှင်းရဲ့လား ဒကာမကြီး ဒေါ်ဆွေကော။

(အပျိုကြီး ဒေါ်စိန်တုတ် ဆွမ်းချိုင့်နှင့်ဝင်လာ)

**ဒေါ်စိန်တုတ်။** ။ အမယ်လေး ကိုယ်တော်၊ ကိုယ်တော် သတိထားပါဦးဘုရား။ အကျိုးတော့ နည်းကုန်ကြပြီနဲ့ တူတယ်။ အမယ်လေး…။

**ဦးဝိရိယ။** ။ ဟာဗျာ၊ လန့်လိုက်တာ ဒကာမကြီး မစိန်တုတ်ရာ။ ခင်ဗျားကလည်း…။

**ဒေါ်စိန်တုတ်။** ။ ဦးပဉ္စင်းရယ် လန့်ရမှာက ကျုပ်ပါ။ ဘယ့်နှယ်တော် ကျောင်းပေါ်မှာ ဘယ်သူမှလည်း မရှိပါဘဲနဲ့ တစ်ပါးတည်း တရားဟောနေတာ။ ဦးပဉ္စင်းတစ်ပါးတည်း တရားဟောလိုက်၊ တရားနာတဲ့ ပရိသတ်လုပ်လိုက်နဲ့ ကျုပ်မှာ ဦးပဉ္စင်း စိတ်များ နောက်သွားတာလားလို့။

**ဦးဝိရိယ။** ။ ဟာ…ဘယ်က စိတ်နောက်ရမှာလဲ၊ တရားဟော ကျင့်နေတာဗျ။ ရွှေလထဲ ဟိုဘက်ရွာက ဘုရားပွဲမှာ တရားပွဲထည့်မှာတဲ့၊ ကျုပ်ကို တစ်ည ပင့်မလို့တဲ့။ အဲဒါကြောင့်…။

**ဒေါ်စိန်တုတ်။** ။ သိပါဘူး ဦးပဉ္စင်းရယ်၊ ကျောင်းပေါ် တက်လာလာချင်း ဦးပဉ္စင်းတစ်ပါးတည်း စကားပြောနေတာ မြင်တော့ တပည့်တော် ထိတ်သွားတာပေါ့။ ဟင်း…အလို လိုမှ တပည့်တော်က သွေးလေချောက်ချားနေရတဲ့ကြားထဲ။

**ဦးဝိရိယ။** ။ ဟောဗျာ၊ ဘာဖြစ်ပြန်ပြီလဲ ဒကာမကြီးရဲ့။ ကျုပ် ဖော်ပေးတဲ့ဆေး မစားဘူးလား။

**ဒေါ်စိန်တုတ်။** ။ မဆိုင်ဘူး ကိုယ်တော်ရဲ့၊ ကိုယ်တော် ဖော်ပေးတဲ့ဆေးက လေဆေး၊ တပည့်တော်က သွေးလေချောက်ချားပြီး ည အိပ်မပျော်တာ ကြောက်လို့ဘုရား၊ ကြောက်လို့။

**ဦးဝိရိယ။** ။ ခင်ဗျားမလဲ ဒီအရွယ်ကြီးထိ တစ္ဆေ သရဲကို ကြောက်ရသလား။ ကျုပ်ပြောထားသားနဲ့၊ မေတ္တာသုတ်ကို သာ နာနာရွတ်လို့။

**ဒေါ်စိန်တုတ်။** ။ အို…ကိုယ်တော်ကလည်း တစ္ဆေ သရဲကို



www.burmeseclassic.com

www.burmeseclassic.com

ကြောက်တာ မဟုတ်ဘူးဘုရာ့၊ တပည့်တော်ကြောက်တာက သူခိုး၊ သူခိုးကိုကြောက်တာ။

**ဦးဝိရိယ။** ။ အင်း…ရပ်ထဲရွာထဲမလည်း စီးပွားရေးတွေက အရင်လိုမကောင်း၊ သီးနှံတွေကလည်းမထွက်၊ ကုန်ဈေးနှုန်းတွေကလည်း အဆမတန် တက်ဆိုတော့ လူတွေလည်း စာရိတ္တတွေ ပျက်လာတော့တာပေါ့။

**ဒေါ်စိန်တုတ်။** ။ တပည့်တော်ကြောက်တာက အခု ပျက်လာတဲ့လူတွေကို မဟုတ်ဘူးဘုရား။ အရင်ကတည်းက ပျက်နေတဲ့လူကို ကြောက်တာ။ ငမိုးလေ ဘုရာ့ ငမိုး။ ဒီရွာကို ငမိုး ရောက်လာကတည်းက တပည့်တော် အိပ်မပျော်တာဘုရာ့။

**ဦးဝိရိယ။** ။ ဒီလောက်ကြီးလည်း ကြောက်စရာ မဟုတ်ပါဘူးဗျာ။

**ဒေါ်စိန်တုတ်။** ။ ဘယ့်နှယ် ကြောက်စရာ မဟုတ်ရမှာလဲ ကိုယ်တော်။ သူ ဂါထာစုတ်ရင် လူတွေအကုန် အိပ်ပျော်ကုန်တာတဲ့။ ဒါကြောင့် ဒကာမကြီးမှာ ည ညဆို ကြောက်ပြီး…

**ဦးဝိရိယ။** ။ (ဖြတ်ပြော)အဲဗျ၊ ခုမှ သတိရတယ် ဒကာမကြီးရေ။ မနေ့က လူဆိုးထိန်း ဒကာသန်းလာပြီး သတိပေးသွားသေးတယ်။ ငမိုးက ဘုန်းကြီးကျောင်းတွေဘက် လှည့်နေပြန်ပြီတဲ့။

**ဒေါ်စိန်တုတ်။** ။ အမယ်လေး ဘုရား၊ ဘုရား။ ဒုက္ခပါပဲ ဦးပဥ္စင်းရယ်။ ဘုန်းကြီး ရဟန်းတောင် အလွတ်မပေးတော့ဘူးလား။ ငရဲအိုး ချိုးကပ်မယ့်ကောင်။

**ဦးဝိရိယ။** ။ စိတ်မပူစမ်းပါနဲ့ ဒကာမကြီးရယ်၊ ညရေးညတာမတော့ ကျုပ်ကျောင်းက ခွေးငါးကောင်နဲ့ကို ခင်ဗျားငမိုး ကျောင်းဝိုင်းထဲ ခြေတစ်လှမ်း မချရဲပါဘူး။

**ဒေါ်စိန်တုတ်။** ။ သတိဆိုတာတော့ မပိုဘူးပေါ့ ဘုရား။ သူက အင်းအိုင်၊ မန္တရားတွေတတ်တော့…

**ဦးဝိရိယ။** ။ အို…ကျုပ်သင်ပေးထားတဲ့ သမ္ဗုဒ္ဓေနဲ့သာ စည်းချအိပ်စမ်းပါ ဒကာမကြီးရဲ့။

**ဒေါ်စိန်တုတ်။** ။ တင်ပါ့ဘုရာ့၊ တင်ပါ့။ တပည့်တော် ကျောင်းကြီးပေါ်တောင် မတက်ခဲ့ရသေးဘူး ဘုရာ့။ ဆရာတော်ကြီးများ ကျိန်းနေသလားလို့။

**ဦးဝိရိယ။** ။ (စိုးရိမ်သံဖြင့်)ဒကာမကြီး ဆရာတော်ကြီးကို ဦးပဥ္စင်း တရားဟောကျင့်နေတဲ့အကြောင်း..သွားမလျှောက်လိုက်နဲ့ဦးနော်။ ဆရာတော်ကြီးက မကြိုက်ဘူး။

**ဒေါ်စိန်တုတ်။** ။ တင်ပါ့၊ မလျှောက်နဲ့ဆို မလျှောက်ပါဘူး ဘုရာ့။ တပည့်တော် ဒီနေ့ ဆွမ်းဟင်း ကိုယ်တော်ရော၊ ဆရာတော်ကြီးရော ကြိုက်တဲ့ ပဲကြော်လုပ်လာခဲ့တယ် ဘုရား။

**ဦးဝိရိယ။** ။ ဒကာမကြီးကလည်း ကြိုက်တယ် ဆိုတိုင်း ဒီဆွမ်းဟင်းချည်း ထပ်တလဲလဲချက်တော့တာပဲ။ လူလည်း ပဲစော်နံနေပါပြီဗျာ။

(ထိုစဉ် ကျောင်းဝိုင်းအတွင်းမှ ခွေးဟောင်သံများပေါ်လာ)

**ဦးဝိရိယ။** ။ ဟဲ့ခွေးတွေ၊ ဟဲ့ကောင်တွေ၊ ဘယ်သူတွေတုံးဟ။

(ခပ်လှမ်းလှမ်း ကျောင်းအောက်မှ လှမ်းအော်)

**ငမိုး။** ။ တင်ပါ့ဘုရား၊ ငမိုးပါဘုရာ့။

**ဦးဝိရိယ။** ။ ဟေ…။

**ဒေါ်စိန်တုတ်။** ။ (အသံနိမ့်လျက်)အမယ်လေး ကိုယ်တော်၊ ငမိုး ငမိုး။

**ဦးဝိရိယ။** ။ ဟာ…ဒကာမကြီးကလည်း အသာနေစမ်းပါ။ နေ့ခင်းကြောင်တောင်ကြီးပါဗျာ။ ကိုယ့်အာသာလူနေ့နဲ့နေ။ ဟော…ဒကာငမိုးတို့၊ မြမူတို့ လာကြ၊ လာကြ။

**မြမူ။** ။ တင်ပါ့ဘုရာ့။ ကိုငမိုးက မန္တလေးက ကြက်ဆီထမင်းနဲ့ ဖွာလူဒါဝယ်လာလို့ ဆရာတော်ကြီးနဲ့ ဦးပဥ္စင်းတို့ ဘုဉ်းပေးရအောင် လာကပ်တာဘုရာ့။

**ငမိုး။** ။ တင်ပါ့။တခြားဆွမ်းဟင်းတွေကျ ဦးပဥ္စင်းတို့ ဘုဉ်းရတာ ရိုးနေမလားလို့၊ ဒီကြက်ဆီထမင်းလေး…။

**ဦးဝိရိယ။** ။ (အားရပါးရ ထောက်ခံလျက်) ဟုတ်တာပေါ့ ဒကာငမိုးရာ။ ဦးပဥ္စင်းတို့မှာ တစ်နေ့လာလည်း ပဲ၊ ငါးပိချက်။ အင်း…ကြက်ဆီထမင်းဆိုတာ ကြားတော့ ကြားဖူးပါရဲ့။

**ဒေါ်စိန်တုတ်။** ။ (ခပ်ငေါက်ငေါက်ဖြင့်) ကိုယ်တော်ကလည်း မနှစ်ဝါဆိုလတုန်းက တပည့်တော် မန္တလေးက ဝယ်လာပြီး ကပ်သေးတယ်လေ၊ မမှတ်မိဘူးလား။

**မြမူ။** ။ ကြက်ဆီထမင်းလေး ဘုဉ်းပေးပြီးရင် ဖွာလူဒါ ချိုချိုအေးအေးလေး ဘုဉ်းပေးလိုက်တော့ ပိုပြည့်စုံသွားတာပေါ့ဘုရား။

**ဒေါ်စိန်တုတ်။** ။ ဟဲ့…မြမူ၊ ဖော်လူဒါကို ပီအောင် ခေါ်စမ်းပါအေ။ ဖွာလူဒါ ဖွာလူဒါနဲ့ နားထဲ ထောင့်လိုက်တာ။ ဖော်လူဒါလို့ ခေါ်ရတယ်အေ့၊ ကြားလား။

**မြမူ။** ။ (ဆတ်ဆတ်ထိမခံသည့်လေဖြင့်) ဟင်…ဖွာလူဒါပါ အရီးလေး စိန်တုတ်ရဲ့။ ဖော်လူဒါ မဟုတ်ပါဘူး။ ဖွာ…၊ ဖွာ…၊ ဖွာလူဒါ။ မန္တလေးကလူတွေ ခေါ်တာလည်း ဖွာလူဒါပဲ။

**ဒေါ်စိန်တုတ်။** ။ ဘယ်က ဖွာလူဒါရမှာလဲ။ ဖော်အေ့၊ ဖော်၊ ဖော်၊ ဖော်လူဒါ။ ငါတို့က ငယ်ငယ်ကတည်းက ဖော်လူဒါ ခေါ်လာတာ။ ညည်းတို့က ခုမှ…

**ငမိုး။** ။ (ဖြတ်ပြော)ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အရီးလေးတို့က သူဌေးတွေဆိုတော့…။

**ဒေါ်စိန်တုတ်။** ။ အမယ်လေး၊ အမယ်လေး။ ကျုပ်တို့က သူဌေးမဟုတ်ပါဘူးတော်။ ဒီရွာထဲမှာ ကျုပ်တို့ထက် ချမ်းသာတဲ့အိမ်တွေ ပြည့်လို့ပါ၊ ချမ်းသာပေးပါ။

**ငမိုး။** ။ ဗျာ…အရီးလေး ဘာပြောလိုက်တယ်။

**ဒေါ်စိန်တုတ်။** ။ အဲ…အဲ…မဟုတ်ပါဘူး။ ချမ်းသာတဲ့အိမ်တွေ အများကြီးပါလို့၊ ဟဲ့ မြမူ၊ ငါ ကြုံလို့ ပြောဦးမယ်။

www.burmeseclassic.com

ညည်းအမေ ငါ့အစ်မပါပဲ ဒီအသက်အရွယ်နဲ့ လောင်းကစားလုပ်နေတာ လူကြားလို့မကောင်းဘူး၊ ညည်းတို့ ထိန်းကြဦးအေ့။
**မြမူ။** ။ မထိန်းတော့ပါဘူး အရီးလေး စိန်တုတ်ရယ်။ အမေ စိတ်ချမ်းသာအောင်လို့ ကျုပ်တို့ တမင်တကာအလိုလိုက်ထားတာ။ သူ့ဝါသနာနဲ့သူ မသေခင် ပျော်ပျော်ကြီးနေသွားရတော့ ကောင်းတာပေါ့။ ကိုယ့်အထုပ်ကို ခွထိုင်ပြီး သူများကို အဘိဓမ္မာတွေပွားပြီး မပျော်နိုင်ဖြစ်နေရတဲ့ သူတွေထက်စာရင်တော့ အမေက နေပျော်ပါတယ်။
**ဒေါ်စိန်တုတ်။** ။ (တမင်တကာ ထေ့ငေါ့သံဖြင့်) အေးအေး…၊ ကောင်းပါ့၊ ကောင်းပါ့။ သမီးယောက္ခမတွေ လိုက်ဖက်ညီပါ့။ နေပျော်ပါစေ၊ သေပျော်ပါစေအေ့။
**ဦးဝိရိယ။** ။ (နင်းဝင်ပြော) ဟာ…ဒကာမကြီးကလည်း စကားတစ်ခွန်းပြောရင် မပြီးတော့ဘူး။ ဒီမှာ ကျုပ်က ပရိသတ်လေးရှိတုန်း တရားအစမ်းဟောမလားလို့။
**ငမိုး။** ။ ဟောပါဘုရာ့၊ ဟောပါ။ တပည့်တော်တို့ နာမှာပေါ့။
**ဦးဝိရိယ။** ။ အေးဗျာ၊ အသံချဲ့စက်လေး၊ မိုက်လေးနဲ့တောင် ကျင့်လိုက်ချင်သေးဗျာ။
**ငမိုး။** ။ တင်ပါ့ဘုရာ့၊ ဒီတစ်ခေါက် မန္တလေးသွားရင် စုံစမ်းခဲ့ပါဦးမယ်ဘုရာ့။ တပည့်တော် တတ်နိုင်တဲ့ဈေးဆိုဝယ်လှူပါ့မယ်ဘုရာ့။
**ဦးဝိရိယ။** ။ (ဝမ်းသာအားရဖြင့်) တကယ်လား ဒကာကြီး။ တကယ်လား လုပ်စမ်းပါဗျာ။ ကျုပ်က အသံချဲ့စက်အပိုင်လိုချင်နေတာ ကြာပြီဗျ။
**ဒေါ်စိန်တုတ်။** ။ ကဲပါ ကိုယ်တော်ရယ်၊ ခုလောလောဆယ်တော့ ပါးစပ်လေးနဲ့ ဟောပါဦး။ နို့ နေပါဦး၊ ကိုယ်တော်က ဘာအကြောင်းများ ဟောမယ် ကြံထားတုံး။
**ဦးဝိရိယ။** ။ ဟာ…ဒကာမကြီးက တကယ် နာချင်တာလား။ ကျုပ်ဟောဖို့ စဉ်းစားထားတာတွေကတော့ အများကြီးပဲဗျ။ အင်း…
**ဒေါ်စိန်တုတ်။** ။ ဒါဆို တပည့်တော် အကြံပေးမယ်။ လူတွေအတွက် အကျိုးရှိရာရှိကြောင်းလည်းဖြစ်အောင် အဒိန္နာဒါနကံအကြောင်း ဟောပါလား။ သူ့ဥစ္စာခိုးခြင်းရဲ့ မကောင်းပုံ။
**မြမူ။** ။ (ဖျတ်ခနဲ ထ,ရပ်ရင်း) တင်ပါ့ဘုရား၊ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား။ အိမ်မှာ ကလေးတွေ ချည်းမို့။
(မြမူ ကျောင်းပေါ်မှ ပြေးဆင်းသွား)
**ငမိုး။** ။ (ပြေးလိုက်ရင်း) မြမူ၊ မြမူ(လက်ကိုဆောင့်ဆွဲ)။ နင်ကလည်းဟာ ဘာဖြစ်တာလဲ၊ ရုပ်ပျက်လိုက်တာ။
**မြမူ။** ။ (ဒေါသဖြင့်) ကျုပ် ဒေါသဖြစ်လိုက်တာတော်။ အဲဒီမိန်းမကြီးကို စိတ်ရှိတိုင်းသာ ပါးနား ရိုက်ပစ်လိုက်ချင်တယ်။ တင်တင်စီးစီး၊ ချိုးချိုးဖဲ့ဖဲ့ ကျုပ်တို့ကို။
**ငမိုး။** ။ (အံကြိတ်လျက်)ငါလည်း ထ,ရိုက်မိတော့မလို့၊ မနည်း စိတ်ထိန်းထားရတယ်။ ဦးပဉ္ဇင်းရှေ့မှာမို့လို့ဟင်း။ တော်တော် လူပါးဝတဲ့မိန်းမကြီး။
**မြမူ။** ။ ကိုငမိုး။
**ငမိုး။** ။ ဘာလဲ။
**မြမူ။** ။ အဲဒီဟာမကြီးရဲ့ နားက ခြယ်နားကပ်ကြီး မြင်လားဟင်၊ အဲလို ခြယ်နားကပ်မျိုးကြီးတော့ မသေခင် ပန်ဖူးတယ်ရှိအောင် ပန်လိုက်ချင်တယ်တော်။
**ငမိုး။** ။ ဘာ…၊ မြမူ ဟိုမိန်းမကြီးဆီက ဒေါသက နင့်ပေါ် ပုံကျသွားမယ်။ ဟိုတစ်ခါ ငါအလုပ်ကြီးဖြစ်တုန်းကလေ စိန်တွေကို ကျောက်ဖြူတွေဆိုပြီး စစ်ကိုင်းဈေးထဲမှာ လျှော့ဈေးပေါ့ဈေးနဲ့ နင် ရောင်းပစ်တာလေ၊ တောက်…ငါ တွေးတိုင်း နင့်ကို သတ်ချင်တယ်။
**မြမူ။** ။ ဩော်…ဒါကတော့တော် အဲဒီတုန်းက ကျုပ်မှ ဘာမှမသိတာ။ ကဲပါ၊ မစိန်တုတ်နားကပ် ကျုပ်ပန်ချင်တယ်တော် ဘယ့်နှယ်လဲ။
**ငမိုး။** ။ နင်… ငါ့စိတ်ကို လာမဆွနဲ့နော်။ ဒီနယ်မှာ ငါအလုပ်လုပ်မစားဘူးလို့ သစ္စာဆိုထားတာ။ ဒေါ်စိန်တုတ်ရေ သတိသာထားပေတော့။ ခင်ဗျားအိမ်ရှေ့က ကျောက်ခဲလေးကို ကောက်ပြီး မန်းဖို့၊ မှုတ်ဖို့ ငမိုးလာပြီဗျို့။ ငမိုးလာပြီ။
(တီးလုံး) (Ep (1) ပြီး)

*(ဆက်လက်ဖော်ပြပါမည်)*

■

**နုနုရည်အင်းဝ**


ရုပ်စုံမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့
အခန်း (၄-ဝ၁) တိုက်အမှတ် ၁၇/၁၉ ၃ လွှာ၊ ၅၂လမ်း (အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ် ရန်ကုန်။ ဖုန်း-ဝ၁-၉ဝ၁ဝ၅ဝ၁
E-mail: nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ဆင်း၊ ဦးညွှန့်၊ မြားဦး

ပစ်မှတ်တစ်ခုကို
မြားတစ်စင်း ရှူးရှူးနစ်နစ်
စိုက်ဝင်ရေးမှာ
ကျွမ်းကျင်သော မြား
ပစ်သမားနဲ့ လေးညို့
ကောင်းကောင်းသာ
မကပါဘူး၊
မြားတံကလည်း
ဖြောင့်စင်းဖို့ လိုအပ်ပါတယ်။
အကယ်၍များ
မြားပစ်သူက
"မြားဦးကောက်" ကလေးကို
ရွေးချယ်မိခဲ့ရင် ပစ်မှတ်ကို
ထိဖို့ရာ မလွယ်လှပါဘူး။
တိုက်တိုက်ဆိုင်ဆိုင်
ထိခဲ့သည်ရှိသော်လည်း
ရှူးရှူးနစ်နစ်
စိုက်ဝင်ဖို့ဆိုတာ ဘယ်လိုမှ
မဖြစ်နိုင်တဲ့ကိစ္စပါ။
ဒါကြောင့်

ပစ်မှတ်ကို လွဲချော်သွားတဲ့
မြားကလေးတွေ၊
ပစ်မှတ်ရဲ့ ဇက်ချက်ကို
ထိပြီး ပြုတ်ကျသွားတဲ့
မြားကလေးတွေလိုအဖြစ်မျိုး
လောကမှာ မြင်လိုက်ရရင်
"ဩော်… မြားဦးလေး
ကောက်နေပါလား" လို့
ကျုပ်က
သုံးသပ်မိတတ်ပါတယ်။
အဲဒီလိုမျိုး
အကြောင်းတစ်ခုခုတစ်ရာ
တိုက်ဆိုင်လာတိုင်း
"မြားဦးကောက်
ကလေးတွေပါလား" လို့
ကျုပ်
သုံးသပ်မိတာကတော့
ကျုပ်ကိုယ်တိုင်
"မြားဦးကောက်" လေး
သုံးစင်းနဲ့ ဆုံခဲ့ဖူးလို့ပါ။
အဲ… ကျုပ်နဲ့ဆုံတဲ့
မြားဦး
ကောက်လေးတွေကတော့
"သင်းခွာညို"၊ "သြဇာညို"၊

www.burmeseclassic.com

www.burmeseclassic.com

'ကဗျာသွေး'ဆိုတဲ့ လူငယ်လေးတွေပေါ့။

လူတစ်ယောက်ရဲ့ ဘဝတစ်သက်တာလျှောက်ရမယ့် ခရီးကို'ပစ်မှတ်'လို့ သဘောထား။ မိဘ၊ ဆရာနဲ့ သူကျင်လည်ရာ ပတ်ဝန်းကျင်ကို မြားပစ်သမားလို့ တင်စားလိုက်ရင် ကျုပ်နဲ့ ဆုံခဲ့ဖူးသော မြားတံလေး သုံးစင်းဟာ မြားဦးကို ကောက်နေတာပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီမြားလေးသုံးစင်းဟာ ဘယ်လိုမှ ပစ်မှတ်ကို နင့်နင့်သီးသီး စိုက်မဝင်နိုင်တော့ဘူးဆိုတာ ကျုပ် ခန့်မှန်းနိုင်လို့ပါပဲ။ ကျုပ်က လူငယ်လေးတစ်ယောက်ကိုမြင်တိုင်း အရှိန်အဟုန်ပြင်းပြင်းနဲ့ လေးညို့ရဲ့ တွန်းအားကိုခံယူရင်း ဝုစ်ခနဲထွက်လာမယ့် မြားတံလေးလို ထင်မြင်ခံစားမိခဲ့တာကတော့ သင်းခွာညိုနဲ့ စတင် ဆုံကတည်းက ဆိုရင် မမှားပါဘူး။ သင်းခွာညိုနဲ့ စတင် ဆုံတော့ သူက ဆေးကျောင်းသူ။ ဒုတိယနှစ်နှစ်ဝက်တောင် စတင်တက်နေပြီ။ ကျုပ်က အဝေးပြေးယာဉ်လိုင်းတစ်ခုရဲ့ ကြီးကြပ်ရေးမှူး။

'လေးလေး သမီးက သုံးဆယ်မြို့ကို ပြန်မှာ။ ကားလက်မှတ် မှာခဲ့ချင်လို့'

'အေးလေ နာမည်နဲ့ ကျသင့်ငွေ ပေးခဲ့ပေါ့'

ယာဉ်လိုင်းကြီးကြပ်သူတစ်ယောက်ရဲ့ တာဝန်ထဲမှာ ယာဉ်ရပ်နားမှုဖြေရှင်းပေးခြင်း၊ ယာဉ်နောက်လိုက်နဲ့ ခရီးသည်၊ ယာဉ်မောင်းနဲ့ ယာဉ် ဝင်ချိန် ထွက်ချိန် စ, တာတွေသာ မကပါဘူး။ ခရီးသည်တွေ သွားလာမှု

> ဂျပန်လူငယ်တွေရဲ့
> လက်ထဲ
> အမြဲလိုလို
> ရှိနေတတ်တာက
> စာအုပ်
> ဒီက
> လူငယ်တွေကျတော့
> ဖုန်း
> ဂျပန်လူငယ်တွေ
> ပိုင်ဆိုင်တာက
> မီးတောင်
> ဟောင်းတွေနဲ့
> ဒီက
> လူငယ်တွေ
> ပိုင်ဆိုင်တာကျတော့
> စိုက်ပျိုးလို့ရတဲ့
> မြေသားတွေချည်းပဲ

အဆင်ပြေအောင်ပါ လုပ်ဆောင်ပေးရတော့ သင်းခွာညိုနဲ့ ကျုပ် ဆုံကိုဆုံဖို့ ဖန်လာတယ်။ နောက်ပိုင်းမှာတော့ ဆုံပါများပြီး သူနဲ့ကျုပ် ရင်းနှီးလာခဲ့တယ်ဆိုပါတော့။ ရင်းနှီးပြီး နောက်ပိုင်းမှာ ကျုပ်သိလာခဲ့ရတာက သင်းခွာညိုရဲ့ စဦး ဘဝရည် မှန်းချက်က ဆရာဝန် မဟုတ်ဘူး။ တရားသူကြီး ဖြစ်ချင်တာတဲ့။

သင်းခွာညို ပြောပြချက်အရ သူ အလယ်တန်းကို စတက်တဲ့နှစ်မှာ သူ့ဘထွေးက အမွေမှုဖြစ်တယ်။ ဖြစ်ပုံက ဘိုးဘွားပိုင်အမွေဖြစ်တဲ့ ခြံကွက်ကို မောင်နှမတွေ အမွေလုကြရင်း ငြင်းခုံရာက တရားရုံးရောက်သွားရတဲ့ အဖြစ်တဲ့။

'လေးလေးရယ် တစ်နှစ်ခွဲလောက်ကြာမှ အမှုက ပြတ်တယ်။ အမှုပြတ်တယ်သာပြောတာပါ။ ငှားလိုက်ရတဲ့ ရှေ့နေတွေ၊ တက်ရတဲ့ ရုံးချိန်းစရိတ်တွေကြောင့် ခြံရောင်းလို့ရတဲ့ငွေက နှစ်ဖက်လုံး ကုန်သွားပြီ။ အဲဒီနောက်ပိုင်း ငါသာ တရားသူကြီးဖြစ်ရင်ဆိုတဲ့အတွေးက ခေါင်းထဲမှာ ကလိကလိကို ဖြစ်လာတာ။ ဒါကြောင့် ဘိုးဘိုးပြောပြတဲ့ တရားခွင် အတွေ့အကြုံတွေကို နားထောင်ပြီး မောင်နှမတွေနဲ့ ကစားရင်တောင် တရားလို၊ တရားခံလုပ်တမ်း သမီးတို့က ကစားတယ်။ ဟဲ... ဟဲ... တရားသူကြီးကတော့ သမီးပေါ့'

သင်းခွာညိုဟာ အချိန်ရလို့ သူ့ငယ်ဘဝအကြောင်းပြောရရင် မျက်နှာလေးကို ရွှင်နေတာပဲ။ ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ကားစီးရင် ကုန်မယ့်အချိန်တွေမှာ ဖတ်ဖို့ သူ့လက်ထဲပါလာလေ့ရှိတဲ့ စာအုပ်တွေက ဆေးပညာနဲ့ ဆိုင်တဲ့စာအုပ်တွေ မဟုတ်ဘူး။ ပြစ်မှုမဂ္ဂဇင်းနဲ့ မှုခင်းဂျာနယ်တွေဖြစ်နေတဲ့ အချက်ပါ။ ပြောရရင် အမှုအခင်းတွေကိုလေ့လာ၊ လေ့လာပြီးရင် ဘယ်လိုသမာသမတ်ကျအောင် ဖြေရှင်းလိုက်တာနဲ့ အထိရောက်ဆုံးအမြန်ဆုံးဖြစ်မယ်ဆိုတာတွေကို မကြာခဏ ပြောပြတတ်တဲ့ သင်းခွာညိုကြောင့် 'ဩော်... မြားဦးလေး ကောက်နေပါလား'လို့ သူ့ကိုကြည့်ရင်း ကျုပ် သုံးသပ်မိတာပါ။ အဲဒီ မြားကောက်လေးရဲ့ တန်ဖိုးကို ကျုပ် ထူးထူးခြားခြား မှတ်မိနေတဲ့ အချက်ကတော့ ဒီလိုဗျ။

တစ်ရက်မှာ လုပ်ငန်းခွင် အစည်းအဝေးတစ်ခုကို ကျုပ်တို့က ကားဝန်းထဲမှာလုပ်ကြတယ်။ သက်ဆိုင်ရာ စည်ပင်သာယာဝန်ထမ်းတွေပါတယ်။ ယာဉ်ပိုင်ရှင်နဲ့ ယာဉ်မောင်းအချို့လည်း ပါတယ်။ အစည်းအဝေးလုပ်ရခြင်းက ကားဝန်းကို ကာရံထားတဲ့ အုတ်တံတိုင်းမှာ စာနဲ့ အရုပ်တွေ ရေးခြစ်ခံရတဲ့ကိစ္စကြောင့်ပါ။

ပထမပိုင်းမှာတော့ စာနဲ့အရုပ်တွေ ရေးခြစ်ခံရတိုင်း ကျုပ်တို့က ရေနဲ့ ဆေးသင့်ဆေးတယ်။ ဆေးထပ်သုတ်သင့်သုတ်တယ်။ ခက်တာက အကြိမ်ကြိမ်ဆိုတော့ ဘာလုပ်ရရင် ကောင်းမလဲ ဆိုပြီး အစည်းအဝေးထိုင်ကြတာ။ အစည်းအဝေးမှာတော့ ရေးခြစ်သူကို စောင့်ဖမ်းဖို့၊ ပြစ်ဒဏ်သတ်မှတ်ဖို့ စတဲ့ အချက်တွေကို တင်ပြသူက တင်ပြ၊ ဖျက်သူက ဖျက်နဲ့ အစည်းအဝေးဟာ အချိန်သာကုန်ရော မုန့်လုံးကိုစက္ကူကပ် ကဗျာလို ဖြစ်နေတယ်။ ဒီအချိန်မှာ သင်းခွာညိုရောက်လာပြီး ကျုပ်ကို လှုလုံးပြတယ်။ ကားလက်မှတ်မှာမယ့် ပုံနဲ့ပေါ့။ နောက်တော့ ရပ်စောင့်ချိန်ကြာသွားပြီး ခြေကလေးဆောင့်ရင်း ကျုပ်ကို လက်ယပ်ခေါ်တယ်။ ဒါကြောင့် ကျုပ် မနေသာတော့ဘူး။

'လေးလေးလည်း



www.burmeseclassic.com

www.burmeseclassic.com

သမီး ကျောင်းချိန်အမီပြန်သွားချင်လို့ဟာကို'

'အေးပါ၊ ဒီမှာက လည်း အစည်းအဝေးမပြတ်လို့ပါ'

ရင်းနှီးပြီးသား ကျုပ်ကို သူစကားပြောပုံက ပီဘိက လေးလေးပုံဆိုတော့ ပထမမှာ ကျုပ်ရယ်ချင်သွားတာပေါ့။

'ဘာတွေဝေးနေလို့ ဒီလောက်ကြာရတာလဲ'

ကျုပ်ဟာ သူ့အမေး စကားကြောင့် ကားလက်မှတ်ဖိုး ကျသင့်ငွေကို ယူရင်း ဖြစ်စဉ်ကို အကျဉ်းချုံးတင်ပြနေမိတယ်။ ဒီအခိုက်မှာပဲ မျက်မှောင်လေးတစ်ချက်ကြုတ်ရင်း တစ်မနက်ခင်းလုံး ကျုပ်တို့ မဖြေရှင်းနိုင်တဲ့ ပြဿနာကို ပေါ့ပေါ့ပါးပါးလေး သူက ရှင်းထုတ်လိုက်ပါတော့တယ်။

'ဟာ… လေးလေးက လည်းကွာ။ ပန်းချီဆွဲပြီ၊ စာရေးပြီဆိုကတည်းက သူရေးတာကို အများမြင်စေချင်လို့လေ။ ဒီတော့ သူရေးသမျှ ဘယ်သူမှ မမြင်ရအောင် အုတ်နံ့ရံတွေရှေ့မှာ သစ်ပင်တွေ စီပြီးစိုက်လိုက်ရင် သစ်ပင်တွေကြောင့် အမြင်လည်း လှသွားမယ်။ လေးလေးတို့ရဲ့ အုတ်တံတိုင်းနံရံမှာလည်း ဘယ်သူမှ စာလာမရေးတော့ဘူး။ အပင်ပန်းခံလို့…'

ကျုပ်လေ အဲဒီနေ့ကဆိုရင် ဖျတ်ခနဲပြောပြီး လှစ်ခနဲထွက်သွားတဲ့ သူ့ကျောပြင်လုံးလုံးကလေးကိုငေးရင်း ပါးစပ်အဟောင်းသားနဲ့ကို ကျန်ခဲ့တာ။ နောက်ပိုင်းမှာတော့ သစ်ပင်လေးတွေ နောက်က ကျုပ်တို့ ကားဝန်းအုတ်နံ့ရံကြီး အမြဲလိုလို သန့်ရှင်းနေတာမြင်တိုင်း ကြုံခဲ့ရတဲ့ မြားဦးကောက်ကလေးကို ကျုပ်က သတိရနေမိတော့တာပေါ့။

သင်းခွာညိုနောက်မှာ ကျုပ် ထပ်တွေ့တဲ့ မြားကောက်ကလေးကတော့ 'ဩမင်းညို'ပါ။ သူကတော့ ကျုပ်နဲ့ ရင်းနှီးချိန်မှာ ပြင်ဦးလွင် စစ်တက္ကသိုလ်ရဲ့ ဒုတိယနှစ်သင်တန်းသား ဗိုလ်လောင်းကလေးပေါ့။ သူဟာ ကျောင်းပိတ်ရက်မှာ နယ်ကိုပြန်တိုင်း ဘူတာကြီးရောက်တာနဲ့ ကျုပ်ထံ ဖုန်းဆက်တယ်။ သူ ရန်ကုန်ဘူတာကြီးရောက်ပြီ၊ နယ်ကိုပြန်မယ်၊ ကားလက်မှတ်ချန်ထားပေးပါ။ ဒီလောက်ပါပဲ။ အဲ… သူရောက်လာပြီဆိုရင်တော့ လိုက်ပါစီးနင်းရမယ့်ကားကိုစောင့်ရင်း ကျုပ်အနီးမှာ ထိုင်တယ်။ ပြီးရင် သူနဲ့အတူ အမြဲပါလေ့ရှိတဲ့ လက်ပ်တော့လေးကို ထုတ်ပြီး မြေပုံတွေတစ်မျိုးပြီး တစ်မျိုး ဆွဲတယ်။

သူဆွဲတဲ့မြေပုံတွေမှာ မြန်မာပြည်မြေပုံပါတယ်။ ပြီးရင် ဧရာဝတီတိုင်းမြေပုံ၊ ကယားပြည်နယ်မြေပုံ စတာတွေကိုပါ အသေးစိတ် ဆွဲလေ့ရှိတယ်။ မြို့နဲ့ မြစ်ချောင်း၊ အင်းအိုင်တွေပါ ထည့်ပုံက စနစ်ကျလွန်းတော့ သူ့ကိုကြည့်ရင်း ကျုပ်စိတ်ထဲမှာ လေးစားနေမိတာပေါ့။ ဒီလိုနဲ့ တစ်ရက်မှာ သူ့မြားဦးလေးလည်း ကောက်နေကြောင်း ကျုပ် သတိထားမိဖို့ ဖန်လာပုံက သူနဲ့အတူ နယ်ကိုပြန်ရင်း ခုံချင်းကပ်ထိုင်မိရာက စ,တာ။ အဲဒီနေ့က ဖြစ်ချင်တော့ ထောက်ကြန့်လမ်းဆုံမှာ ယာဉ်ကြောကျပ်လွန်းလို့ ကျုပ်တို့ စီးနင်းခဲ့တဲ့ကား စက်ပါရပ်ထားလိုက်ရတယ်။ ဒါကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို လှမ်းကြည့်ရင်း မခံသာတဲ့အဆုံး 'ကားတွေစီးရတာ စိတ်ပျက်လာပြီ'လို့ အသံထွက်ပြီး ကျုပ်ညည်းမိတယ်။ ဒါကို အနားမှာရှိနေတဲ့ ဩမင်းညို ကြားလိုက်ပြီး ငဲ့စောင်းကြည့်ရာက သူ့မူလ မြားဦးလေးကို လှစ်ခနဲပြတာ။

'ဒါများ ဦးဦးရာ၊ ဟောဒီမှာကြည့်'

ကျုပ်ဟာ ပထမတော့ ယာဉ်ကြောကျပ်မှုကြောင့် ညစ်သွားတဲ့စိတ်ကို ဆေးကြောဖို့ သူညွှန်ရာ လက်ပ်တော့လေးကို စိုက်ကြည့်မိတာပါ။ ဒါပေမဲ့ ပွတ်သပ်လှုပ်ရှားသွားတဲ့ သူ့လက်ကလေးနဲ့ သူ့လက်ပ်တော့ရဲ့ ဖန်သားပြင်ကို ငေးရင်း သူ့စကားတွေထဲမှာ ကျုပ်မျောပါသွားတယ်။

'ဒါက ပဲခူးဘက်က လာတဲ့လမ်း၊ ဟောဒီမှာ မြောက်ဒဂုံကနေ ရန်ကုန်မြို့ထဲ ဝင်တဲ့လမ်း၊ ဒါက ထောက်ကြန့်မြို့ကိုပတ်ပြီး ပြည်ဘက်သွားနိုင်တဲ့လမ်း။ အဲ… သင့်ရာသင့်ရာကားတွေကို ဒီလမ်းကနေ ခွဲထွက်ခိုင်းပြီးရင် လမ်းဆုံမှာ စုပုံနေတဲ့ ဈေးသည်တွေကို ပလက်ဖောင်းနားကပ်ပြီး နေရာချပေးလိုက်စမ်းပါ။ အေးအေးဆေးဆေးကို ဖြစ်သွားစေရမယ်'

ဩမင်းညိုဟာ သူ့လက်ပ်တော့ထဲက မြေပုံလေးကို ချုံ့လိုက် ချဲ့လိုက်လုပ်ရင်း နှုတ်ကလည်း စာရွတ်သလို သွက်သွက်ရွတ်ပြတော့ ကျုပ်လေ သူ့ကိုငေးရင်း ငေါင်ကိုသွားတာ။ နောက်တော့ သူ့ကို အကဲစမ်းသလိုသဘောမျိုးနဲ့ ကျုပ်က စကားနှိုက်တော့တာပေါ့။

'ကဲ… ဒါဆိုရင် ရန်ကုန်မြို့ထဲမှာ ကားကျပ်ဖြစ်နေတာကိုရော အစမ်းဖြေရှင်းပြပါဦး'

ဒီတစ်ခါတော့ ကျုပ်မေးခွန်းကြောင့် သူ နည်းနည်းတွေသွားတယ်။ ခဏကြာတော့ သူ့လက်ပ်တော့လေးကိုပိတ်ရင်း စကားပြန်စတယ်။

'အဲဒီအတွက်ကတော့ အချက်အလက်တွေလိုမယ် ဦးဦးရ။ မြို့နယ်တိုင်းရဲ့ ဖြတ်သန်းသွားလာတဲ့ ယာဉ်လိုင်းအရေအတွက်တွေ၊ ကားစီးရေတွေ၊ ရုံး၊ ဈေး၊ ကုမ္ပဏီနဲ့ စာသင်ကျောင်းတွေ စတာတွေကို ပြည့်ပြည့်စုံစုံသိရမယ်။ အကောင်းဆုံးကတော့ ဈေးကြိုကား၊ ရုံးကြိုကား၊ ကျောင်းကြိုပို့ကားတွေ စီစဉ်ပေးနိုင်ရမယ်။ ဥပမာ ကျောင်းသားတစ်ယောက် ကားတစ်စီးကြိုပို့တာနဲ့ ကျောင်းသားဆယ်ယောက်ကို ကားတစ်စီးနှုန်းဆိုရင် ကိုးစီးစာ ကားကျပ်ညပ်မှု လျော့ပါးသွားနိုင်တဲ့သဘော မရှိဘူးလား။ ပြီးရင် ယာဉ်မောင်းတိုင်း၊ ယာဉ်မောင်းတိုင်း အသိပညာပြည့်စုံဖို့ကလည်း လိုတယ်လေ။ ဒီနေရာမှာ အသိပညာဆိုတာက ဘွဲ့တွေ၊ ဒီဂရီတွေကို ကျွန်တော်ဆိုလိုတာ မဟုတ်ပါဘူး။ ယာဉ်စည်းကမ်း၊

www.burmeseclassic.com

လမ်းစည်းကမ်းတွေကို ယာဉ်ထိန်းရဲရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တိတိကျကျ လိုက်နာတဲ့ အသိပညာမျိုးကို ပြောတာပါ။ အဲဒီအချက်တွေသာ ပြည့်စုံလို့ကတော့ ဦးဦးရာ ယာဉ်ကြောကျပ်တဲ့ ပြဿနာတွေက သူ့အလိုလို ဖြေရှင်းပြီးသားကို ဖြစ်သွားပါလိမ့်မယ်။ ပြီးရင် လုံလောက်တဲ့ ကားပါကင်တွေလည်း လုပ်ပေးပေါ့'

ကျုပ်လေ သူ့စကားအဆုံးမှာ တစ်စုံတစ်ရာကို နှမြောမိသလိုမျိုး ဖျတ်ခနဲ ခံစားလိုက်ရတယ်။ ပြီးတော့ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ သူ့ကို ငယ်ငယ်ကတည်းက လမ်းတံတားအင်ဂျင်နီယာပညာတွေများ သင်ပေးလိုက်ရရင် ဆိုတဲ့ အတွေးဟာ ကျုပ်ကို ဖျန်းခနဲ ကြက်သီးထ,စေတာ အမှန်ပါ။

ညြမင်းညို့နဲ့ ဆုံပြီးနောက်ပိုင်းမှာတော့ ကျုပ်ဟာ မြားဦးကောက်ကလေးတွေကို မြင်တိုင်း သူ့နဲ့ သင်းခွာညိုကို ပိုလို့သတိရမိတယ်။ သတိရတိုင်းလည်း 'ဒီလိုမြားဦးကောက်ကလေးတွေကို ဖြောင့်ပေးလိုက်လို့ကလား' ဆိုတဲ့ အတွေးက ထက်ကြပ်လိုက်ပါလာပြီး ကျုပ်ရင်မှာ ဟာတာတာကြီးကို ဖြစ်သွားတတ်ပါတယ်။

ညြမင်းညို့နဲ့ သင်းခွာညိုလိုပဲ နောက်ထပ် ဆုံဖြစ်တဲ့ မြားကောက်ကလေးကတော့ 'ကဗျာသွေး'ပါ။ ဒါပေမဲ့ သူ့ရဲ့ မြားဦးကောက်ပုံလေးကတော့ အဆန်းသားဗျ။

'ဘယ်ကိုသွားမှာလဲ'

မြေပေါ်
မြေအောက်
သယံဇာတ
ပိုင်ဆိုင်မှု
မိုးနဲ့မြေလို
ကွာခြားပါလျက်
မြန်မာနိုင်ငံ
နောက်မှာ
ကျန်နေတာဟာ
စာမဖတ်လို့ပဲလို့
ကဗျာထင်တယ်

'ဥက္ကံကို'

'နာမည်လေး ပြောခဲ့ပါဦး'

'ကဗျာသွေးပါ'

'ဟာ...လှလိုက်တဲ့ နာမည်'

'ဘိုးဘိုးပေးတာ'

လှပတဲ့ နာမည်လေးရယ်၊ ဝဲတဲတဲစကားသံလေးရယ်ကြောင့် သူ့ကို သတိထားပြီး ကြည့်မိချိန်မှာ သူဟာ မြန်မာနိုင်ငံသားမဟုတ်မှန်း ကျုပ် သိလိုက်တယ်။ ပြီးတော့ အစားအသောက်စားပြီး အမှိုက်ပစ်ပုံ၊ သူလိုက်ပါစီးနင်းရမယ့်ကား၊ ခရီးသည်များတက်ရန် မညွှန်ကြားမချင်း ထိုင်စောင့်နေတတ်ပုံတွေဟာ စနစ်ကျလွန်းတော့ သူ မြန်မာနိုင်ငံသား မဟုတ်ဘူးလို့ အတိအကျ ကျုပ်ကောက်ချက်ချမိတယ်။ ခက်တာက သူ့လက်ထဲမှာ တပွေ့တပိုက် ကိုင်ထားတဲ့ စာအုပ်တွေ။ စာအုပ်တွေက ဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးတာရော၊ ဆရာမ ခင်ခင်ထူး၊ ဆရာမ ဂျူး၊ ဆရာမ မသီတာ(စမ်းချောင်း)ရေးတာတွေရော စုံလွန်းလှပါတယ်။ ဒါကြောင့် စတင်ပြီး ကျုပ်က စပ်စုတော့တာပေါ့။

သိပ်မကြာပါဘူး။ သူ့အကြောင်း ပြည့်ပြည့်စုံစုံ သိလာရတာက သူဟာ ဂျပန်နိုင်ငံသူ၊ သူ့အဖေက မြန်မာနိုင်ငံသား။ နိုင်ငံခြားသင်္ဘောလိုက်ရင်း ဂျပန်မှာ ကျန်ရစ်ရာက သူ့အမေနဲ့ အကြောင်းပါတယ်။ ဂျပန်မြန်မာသွေး နှောထားပေမဲ့ သူ့သွေးက မြန်မာသွေး။ ခုက သူ့အဘိုး၊ အဘွားရှိရာ မြန်မာနိုင်ငံကို အလည်လာခဲ့တာဆိုတာပါပဲ။

မြန်မာစကားကို လည်လည်ဝယ်ဝယ် မပြောတတ်ပေမဲ့ ကဗျာသွေးရဲ့ စကားအရဆိုရင် သူ့စိတ်က မြန်မာနိုင်ငံကို ချစ်နေတာ။

'ကဗျာ အလယ်တန်းလောက်တက်တော့ ဘိုးဘိုးထံက စာရတယ်လေ။ ဘိုးဘိုးနဲ့ ဘွားဘွားက ဥက္ကံအထက်တန်းကျောင်းက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတွေပေါ့။ ဘိုးဘိုးက မြန်မာစာသင်ပြီး၊ ဘွားဘွားက သမိုင်းသင်တာတဲ့။ စာထဲမှာ မြေးမလေးကို တွေ့ချင်တယ်။ မြေးမလေးရဲ့ နာမည်ကို ကဗျာသွေးလို့ ပေးထားတယ်။ ကဗျာဆိုတာ ပြောချင်တဲ့အကြောင်းအရာတစ်ခုကို စကားလုံးလှလှလေးတွေနဲ့ ကျစ်ကျစ်လျစ်လျစ် ဖွဲ့သီပြီး ဖတ်သူရဲ့ ရင်ကို တသိမ့်သိမ့်စိမ့်ဝင်သွားစေတဲ့ စာစု၊ သွေးကတော့ လူ့ခန္ဓာကိုယ်မှာ မရှိမဖြစ်ပါဝင်ရင်း နဖူးဆံစကနေ ခြေဖဝါးထိလှည့်နေတဲ့ အရာ။ ကဗျာနဲ့ သွေး ပေါင်းစပ်တွေးရင် လှပတဲ့ အတွေးကလေး ပေါ်ပေါက်လာတယ် မြေးရဲ့ဆိုတဲ့ စာကို ဖတ်ပြီးတော့ ဂျပန်နာမည်ကို စွန့်ပစ်လိုက်တယ်။ ခုဆို ကဗျာရဲ့ တရားဝင်နာမည်က ကဗျာသွေး'

အဲဒီတုန်းကဆိုရင် မျက်ဝန်းတောက်တောက်ကလေးကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း ပြောနေတဲ့ ကဗျာသွေးရဲ့ စကားလုံးတွေကြားမှာ ကျုပ်ပျော်ဝင်သွားခဲ့တယ်။ ဒါကြောင့် သူဟာလည်း မြားကောက်ကလေး တစ်စင်းပါလားလို့ ကျုပ် ယူဆလိုက်မိတယ်။ ကျုပ်ယူဆချက် ပိုပြီး မှန်ကန်ကြောင်း သိလာရတာက မြန်မာနိုင်ငံမှာ ခေတ္တနေခိုက် ဥက္ကံနဲ့ ရန်ကုန်ကို မကြာခဏ သူက ကူးလူးတယ်။ ဒီတော့ မကြာခဏဆိုသလို ကျုပ်နဲ့ ဆုံဖြစ်ရင်း သူ့ထံက ကြားရတဲ့ စကားတွေကြောင့်ပဲ ဆိုပါတော့။

'ကဗျာ ကွန်ပျူတာနဲ့ ကျောင်းပြီးတယ်။ ပြီးရင် အလုပ်ဝင်ရမယ်။ ဒါပေမဲ့ ကဗျာဖြစ်ချင်တာက စာရေးဆရာ။ ရေးမှာ မြန်မာလို။ ဘာကြောင့်လဲဆိုတော့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တွေ ဖတ်စေချင်လို့ပါ။ ဒါပေမဲ့ ခက်တာက ကဗျာ မြန်မာလိုရေးတာ မချောဘူး။ ဘိုးဘိုးဆို ဖတ်လိုက်၊ ရယ်လိုက်နဲ့ တံတွေးတွေတောင် ထွက်ရော’

ရုပ်ရည်လေးက ချစ်စရာကောင်းပြီး စကားပြောဟန် ထစ်ငေါ့ငေါ့ကလေးကပါ ဆွဲဆောင်မှုအားကောင်းတော့ ကဗျာသွေး ကားဝန်းထဲရောက်လာရင် ခရီးသည်အချို့ပါ ကျုပ်တို့စကားဝိုင်းနား ရောက်လာတတ်တယ်။

‘ဟိုမှာ ဂျပန်လူငယ်တွေရဲ့ လက်ထဲ အမြဲလိုလိုရှိနေတတ်တာက စာအုပ်၊ ဒီကလူငယ်တွေကျတော့ ဖုန်း။ ဂျပန်လူငယ်တွေ ပိုင်ဆိုင်တာက မီးတောင်ဟောင်းတွေနဲ့ ဒီကလူငယ်တွေ ပိုင်ဆိုင်တာကျတော့ စိုက်ပျိုးလို့ရတဲ့ မြေသားတွေချည်းပဲ။ မြေပေါ်၊ မြေအောက် သယံဇာတပိုင်ဆိုင်မှု မိုးနဲ့မြေလိုကွာခြားပါလျက် မြန်မာနိုင်ငံ နောက်မှာကျန်နေတာဟာ စာမဖတ်လို့ပဲလို့ ကဗျာ ထင်တယ်’

ကျုပ်ဟာ ကဗျာသွေးရဲ့ စကားကို နားထောင်ရတိုင်း သူ့ရင်ထဲမှာ ဘာတွေဖြစ်နေမလဲဆိုတာ သိပါတယ်။ အဓိက ရှိနေမှာကတော့ အားမလိုအားမရဖြစ်နေမယ့် စိတ်တွေပဲ ဖြစ်မှာပါ။

‘ခုဆို ရတုန်းရခိုက် ဘိုးဘိုးဆီမှာ မြန်မာစာတွေသင်တယ်။ ခက်တာက သီတာရေစင်လို၊ ပုလဲမျက်ရည်လို ပေါင်းစပ်ပြီး ရသမြောက်အောင် ဖွဲ့တာတွေက သင်ရတာခက်နေတယ်။ ဘိုးဘိုးအပြောကတော့ ဒါတွေဟာ မြန်မာ့ရေကိုသောက်၊ မြန်မာ့မြေကိုနင်းပြီးမှ ရင်ထဲက စိမ့်ထွက်နိုင်တဲ့ စကားလုံးတွေတဲ့။ ဒါပေမဲ့ ကဗျာ ခံစားရေးဖွဲ့ချင်တာက အဲလိုမျိုးတွေဆိုတော့ လိုက်လို့ မမီဘူးဖြစ်နေတာပေါ့’

ကျုပ်အထင်ပြောရရင် ကဗျာသွေးရဲ့ စိတ်ရင်းက မြန်မာမလေးစစ်စစ် ဖြစ်ချင်နေပုံပဲ။ ဒါဟာ သူ့ကိုယ်ထဲမှာ နှောနေတဲ့ မြန်မာသွေးကြောင့်လို့ပဲ ကျုပ်က ထင်မိတယ်။ အဆိုးဆုံးက ပုလင်းပေါ်မှာ ကပ်ထားတတ်တဲ့ ‘မြန်မာ’ တို့၊ ‘မန္တလေး’တို့ဆိုတဲ့ စာလုံးတွေတွေ့ရင် သူ့စိတ်ခံစားချက်တွေ ပြင်းထန်သွားတဲ့ အချက်ပေါ့။ အဲဒါတွေကို မြင်မိဖတ်မိရင် မျက်နှာလေး ရဲရဲနီသွားတဲ့အထိကို သူက ဒေါသဖြစ်တတ်တယ်။ ကျုပ်ကလား။ အဲဒီအခါမျိုးမှာဆို သူ့စိတ်ဆိုးပြေအောင် စကားလမ်းကြောင်းတွေပဲ လွှဲပစ်လိုက်တာပေါ့။

တစ်လောကတော့ သူ့ဆီက စာလေးတစ်စောင်လာတယ်။ သူ မြန်မာမလေးစစ်စစ် ဖြစ်ချင်တယ်တဲ့။ မြန်မာလို၀တ်ပြီး မြန်မာ့ဂုဏ်ကို ပြချင်တယ်တဲ့။ ပြီးတော့ နက်နဲတဲ့ မြန်မာ့ယဉ်ကျေးမှုတွေကို လေ့လာရင်း မြန်မာစာကိုလည်း ထပ်သင်နေတယ်တဲ့။ ဖြစ်နိုင်ရင် မြန်မာလူငယ်တွေရဲ့ စိတ်ကို ပြောင်းလဲပေးချင်သေးတာတဲ့။ ခက်တာက သူ့စာကို ကျုပ်ဖတ်ရတာ ရေထဲမှာ ငါးဖမ်းရသလိုပဲ။

ဩော်… အခြေအနေအမျိုးမျိုးကြောင့် ကောက်သွားတဲ့ မြားဦးကလေးတွေများ ပြောပါတယ်။ နှမြောလိုက်ပါဘိခြင်း။ မူလ လားရာအတိုင်း ဖြောင့်တန်းစွာ ထွက်ခွာခွင့်မရတာကိုက…။

■

**မောင်အင်းဝတွံ၊**

Dictionary for All

THALUN
Bookstore
Yangon

**သာလွန်** အင်္ဂလိပ် - မြန်မာ

**အဘိဓာန်**

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၃၂၁၈

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၀၊ ၃၇၅၅၁၀

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရဦယှာ

## ဆိုးတွဲအမေ

၁။

'ရှေ့နားက ဇရပ်ကျရင်တော့ ခဏနားကြဦးစို့ရဲ့ အစ်မ'

ညီမဖြစ်သူ စကားကို ကြားမှ နားဖို့ သတိရသည်။ စိတ်အဟုန်ကြောင့်သာ ဇောက သန်နေမိသည်။ လူလည်း ပင်ပန်းနေပြီ။ မနက်ကတည်းက မနားစတမ်း လျှောက်လှမ်းလာခဲ့ရသော ခြေထောက်တို့သည် ခွေယိုင်ချင်ချင်။ ဇရပ်ပေါ်မှာ ခဏနားဖြစ်ကြသည်။ မောပန်းမှုနှင့်အတူ စို့လာသော ချွေးစက်တွေကို ခေါင်းမှာ ပေါင်းထားသော တဘက်ဖြုတ်ပြီး သုတ်သည်။ မွန်းတည့်နေသည် ပူပူလောင်လောင် မနက်စာ စားချိန်က ကျော်လွန်လာခဲ့ပေမဲ့ လိုလိုမည်မည် ထည့်လာခဲ့သော ထမင်းချိုင့်ကို အခုထိ မတို့မထိရသေး။ စားချင်စိတ်ကလည်း မရှိ။ ဘယ်ဆီဘယ်ဝယ်မှန်းမသိသော အရပ်ဒေသတစ်ခုကို မေးပါများ စကားရအတိုင်းသာ လာခဲ့ရသည်။ ယခုထိ လိုရင်းကို မရောက်နိုင်သေး။ လမ်းတွေ့သမျှ လူတွေကို ကျားသေရွာအကြောင်း မေးကြည့်တော့ တချို့က ဝေဝေဝါးဝါး၊ တချို့ကလည်း မသိသလို သိသလိုဖြေကြသည်။ တိတိကျကျ ပြောနိုင်သူက နည်းပါးသည်။ မှန်းခြေ ရမ်းခြေဖြင့် လာခဲ့ရသော ခရီးက ဘယ်ရောက်လို့ ဘယ်ပေါက်ခဲ့မှန်း မသိတော့။ ထန်းလျက်တစ်လုံးကို အသာဝါးခြေပြီးရေနှင့် မျှောချတော့ အမောတွေ သက်သာသွားသယောင်။ ဇော-သားဇောကြောင့်သာ လာခဲ့ရပေမဲ့ ၅၀ ဆိုသော အသက်အရွယ်တွင် ခန္ဓာသည် မောပန်းခြင်းကို အလွယ်တကူ သိစေခဲ့ပြီ။ ဝမ်းရေစပ်သည့်သား၊ ဒုက္ခပေးလှသည့်သား၊ စိတ်နာရသည်။ အဖေ အဖေမှန်းမသိ၊ အမေ အမေမှန်းမသိ၊ ထင်ရာစိုင်းသွားသော သား။ တွေ့ရင်တော့ အကြောင်း သိရသေးတာပေါ့ဟု တေးထားမိသည်။ နင့်ကိုလွမ်းလို့ လာတွေ့လာမဟုတ်ဘူး။ ငါ့အမေက နင့်ထက် ပိုပြီး စိတ်ပြတ်တယ်ဆိုတာကို ပြောမလို့ လိုက်လာတာဟု တွေးရင်း သက်ပြင်းကို



www.burmeseclassic.com

www.burmeseclassic.com

ခပ်လေးလေးချသည်။

❑

၂။

တစ်မိုးပေါက် တစ်ယောက်ထွန်း၊ သားဦးမို့ အချစ်ပိုရသည့် ဒီသားလေးက ငယ်စဉ်ကတည်းက ဆိုးလှသည်။ ဆော့လှသည်။ သူ့မို့ ထိန်းမနိုင်၊ သိမ်းမနိုင်လောက်အောင် အစအနောက်သန်လှသည်။ အရေးထဲ ဦးလေး လူပျိုပေါက်တွေ မြှောက်စားမှုကြောင့် ပိုဆိုးသည်။ သူမွေးသမျှ ပယောဂကြောင့် လာရောက်တိုင်ကြားသမျှ အတိုင်အတောတွေကလည်း နေ့စဉ်နှင့်အမျှ ဖြေရှင်းနေရတတ်သည်။ သူကလည်း စနေသမီး နေတက်ရေတက်မှာ မွေးသူမို့ သူ့ဒေါသကလည်း ထစ်ခနဲဆို ငယ်ထိပ်တက်ဆောင့်တတ်လေသည်။ ငယ်စဉ်ကတည်းက တုတ်ကိုင် ဆုံးမတတ်သော သူ့အကျင့်ကြောင့် သား ကျောပြင်၊ သား တင်ပါးတို့မှာ အရှိုးရာတွေ ထပ်နေသော်လည်း သင်း(ဒင်း)ကတော့ မအေကို ကြောက်ရကောင်းမှန်း သိပ်မသိ။ နောက်ထပ် သားသမီးတွေ မွေးလာသည်အထိ ဒင်းက ဆိုးကောင်းတုန်း၊ အစအနောက် ကောင်းနေတုန်း၊ ရိုက်နေရတုန်း။ တစ်ခါတစ်ရံလည်း အသာအယာရိုက်မိပေမဲ့ စိတ်တိုလာလျှင် ဒေါသအလျောက် နာနာကျင်ကျင် ရိုက်မိတတ်သည်။

တစ်ခါသားက သူ ထမင်းချက်သည့် နေရာသို့ သားငယ် လာဆော့သည်။ အမေကို စ,ချင်နေသော သားငယ်သည် ဘေးမသိ၊

> ပြန်တွေးမိတိုင်း ရင်နာရသည့် ဖြေမပြေနိုင် ဖြစ်ရသည့် အိပ်မက်ဆိုး တစ်ခုပမာ နှစ်ရှည်လများ သူ့ကို ခြောက်လှန့်နေခဲ့သော အဖြစ်အပျက် သွေးတွေက တစက်စက် ယိုစီးလျက် အုံ့ခြဲ ထိတ်လန့်နေသော သားငယ်သည် ခြေထောက်မှာ စိုက်ဝင်နေသော တံစဉ့်ကို အလန့်တကြား ကြည့်နေလျက်

ရန်မသိ ချက်လက်စ ဟင်းခွက်ထဲသို့ ဆားတွေအများကြီးထည့်ပြီး ပြေးသဖြင့် စိတ်တိုတိုနှင့် မီးဖိုက မီးစတို့နှင့် ကောက်ပေါက်လိုက်မိသည်။ သားခြေသလုံးမှာ မီးလောင်ဒဏ်ရာက ယခုအချိန်ထိ အမာရွတ်ထင်ခဲ့သည်။ ဒေါသကြောင့် တုံ့ပြန်မိသော်လည်း ဒေါသပြေတော့ မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။ ရင်ထုမနာ ဖြစ်ရပြန်သည်။ ဆယ်ကျော်သက်အရွယ် သားငယ်ကို ငိုငိုရယ်ရယ်နှင့် တောင်းပန်ဖြစ်သည်။ 'ငါ့အကြောင်းကို သိလျက်နဲ့ နင်ဘာကြောင့် ဆိုးနေရတာတုံး' လို့ ဆိုတော့ သားငယ်က သူ့မေးစေ့ကို အသာကိုင်ပြီး 'အမေ့ကို ချစ်လို့ စ,မိတာပါဗျာ၊ ကျုပ်က မဆိုးပါဘူး' တဲ့။ မီးလောင်ဒဏ်ရာနှင့် သားငယ်က နောက်နေ့တွေမှာ အဆော့မပျက်၊ အစားမပျက်ပေမဲ့ အမေဖြစ်သူ သူကတော့ တစ်ပတ်လောက် ထမင်းမစားနိုင်လောက်အောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။

မှတ်မှတ်ရရ။ တကယ့်ကို အမှတ်ရမိလောက်အောင်၊ စိတ်နာကြည်းရလောက်အောင် အဖြစ်အပျက်တစ်ခုက သားလူပျိုပေါက်အရွယ်မှာ ပေါ်လာခဲ့သည်။ ထိုနေ့က သူသည် စပါးရိတ်ရာမှ ပြန်လာခါစအချိန် ဖြစ်သည်။ စပါးလုံး ရွေးနေသည့် ညီမငယ်ကို စ,နောက်ချင်နေသော သားငယ်သည် ညီမငယ်အလစ်မှာ ဆန်ဇန်းထဲသို့ ရွေးပြီးသား စပါးလုံးတွေ ပြန်ထည့်ပစ်လိုက်သည်။ စပါးရိတ်ရာမှ မောမောပန်းပန်းနှင့် ပြန်လာသော သူ့ကို သမီးငယ်က ငိုကာရယ်ကာဖြင့် တိုင်တန်းလာသောအခါတွင် ထစ်ခနဲဆို စိတ်တိုတတ်သော သူ့ဒေါသကို မထိန်းနိုင်ခဲ့။ ရယ်နေသော သားငယ်သည် မအေ့ဒေါသကို မြင်တော့ ပြေးမယောင်ပြင်သည်။ ဒါကိုတွေ့တော့ သူ့ခါးထက်မှာ ထိုးထားသော တံစဉ်ဖြင့် သားငယ်ကို လှမ်းပစ်လိုက်သည်။

အို- ပြန်မတွေးချင်။ ပြန်တွေးမိတိုင်း ရင်နာရသည်။ ဖြေမပြေနိုင် ဖြစ်ရသည်။ အိပ်မက်ဆိုးတစ်ခုပမာ နှစ်ရှည်လများ သူ့ကို ခြောက်လှန့်နေခဲ့သော အဖြစ်အပျက်။ သွေးတွေက တစက်စက် ယိုစီးလျက် အုံ့ခြဲထိတ်လန့်နေသော သားငယ်သည် ခြေထောက်မှာ စိုက်ဝင်နေ သော တံစဉ့်ကို အလန့်တကြား ကြည့်နေလျက်။ ကြောက်လန့်မှုကြောင့် သားငယ်သည် အသံမထွက်နိုင်။ ဆူးဆူးဝါးဝါး အော်လိုက်သော သမီးငယ့်အသံကြောင့် လူတွေ အပြေးအလွှား ရောက်လာကြ ချိန်မှာတော့ သားငယ်သည် ကြောက်လန့်မှုနှင့် သတိလစ်ခဲ့လေပြီ။ သူက ရော။ ဂြိုဟ်ကောင်လေး မှတ်ပလားဟဲ့ ဟင်။ နောက်လုပ်ချင်ဦးဟဲ့၊ စ,ချင်ဦးဟဲ့ဖြင့် ဒေါသတွေ မပြေနိုင်ခဲ့သေး။

အမေတစ်ယောက်ပေမဲ့ မထိန်းနိုင်၊ မသိမ်းနိုင် ထွက်လာသော ဒေါသတွေက သူ့အာရုံတွေကို မှောက်မှားစေခဲ့သည်။ သူ့ အသိတွေကို လွတ်စေခဲ့သည်။ သားငယ် ဆေးရုံတက်နေစဉ် ကာလတစ်လျှောက်လုံး သူ မလိုက်ဖြစ်။ သူ့ကို မြင်ရင်တော့ သားလေးက ကြောက်ရှာတော့မယ်ဟု တွေးမိသည်။ တွေဝေမိသည်။ သားငယ် ဆေးရုံက ဆင်းလာတော့ သူ တွေးသည့် အတွေးက မှန်ကန်နေကြောင်းကို တွေ့လိုက်ရသည်။ အခါတိုင်း သူ စိတ်ပြေတာကို မြင်လျှင် သူ့ပခုံးကို ဆွဲပြီး 'သားကချစ်လို့ စ,တာကို အမေကလည်း' ဟု လာချော့နေကျ သားငယ်သည် ယခုအခါမှာတော့ သူ့ကို မြင်လျှင် ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားတတ်လေသည်။ အနားသွားမိလျှင် အလိုလို ဝိုင်းကျယ် ပြူးစက်လာတတ်သော သားငယ့်မျက်ဝန်းတွေက နေတတ်စရာမရှိအောင်

www.burmeseclassic.com

သူ့ကို ကြောက်လန့်နေကြောင်း သက်သေပြုပေးလေသည်။

ထို အချိန်မှ စ၍ သားငယ်နှင့် သူ့ကြားတွင် ဖြေဖျောက်မရနိုင်လောက်သည့် အရိပ်ဆိုးတစ်ခု ကပ်ငြိတွယ်ခဲ့လေသည်။ သားငယ်သည် သူ့အနားမကပ်တော့။ ပင်စည်က ကြွေကျသွားသော သစ်ရွက်တစ်ခုပမာ လေနှင်ရာသို့သာ ယိမ်းတော့သည်။ အခါတိုင်းကြားနေကျ ဆည်းလည်းသံချိုချိုလည်း ပျောက်ခဲ့လေသည်။ လမ်းလျှောက်လျှင် ထော့နင်းထော့နင်းနှင့် လျှောက်နေရသော သားငယ်ကို တွေ့တော့ ဝမ်းနည်းမှုနှင့် အတူ မချိတင်ကဲဖြစ်မှုက နေဆယ်စင်း ရင်မှာ လင်းသလို ပူလောင်ရသည်။ 'ညည်းအေကိုယ့်သားသမီးအရင်းကိုများ လုပ်ရက်တယ်ဟဲ့၊ အံ့ပါရဲ့တော်' ဆိုသော စကားသံတွေကြား မျိုသိပ်ထားခဲ့ရသော နောင်တတရားတို့က ရင်နှင့်မဆံ့ချင်။ သားငယ် အိပ်ရာဝင်ချိန်တိုင်း ... အိပ်ရာဘေးမှာ သူမသိအောင် ခိုးကြည့်ရင်း ကျဆင်းခဲ့ရသော မျက်ရည်တို့သည် ပင်လယ်ရေပမာ ကုန်ခန်းနိုင်အံ့မထင်တော့လောက်အောင်။

❑

၃။

'သားက နွေကျောင်းပိတ်ရက်မှာ ကိုရင်ဝတ်ချင်လို့တဲ့။ အဲဒါ အမေ့ကို မပြောရဲလို့တဲ့'

တစ်ရက်မှာ ယောကျ်ားဖြစ်သူက ဆိုလာသော စကားကို ကြားတော့ ရင်နင့်ရသည်။ သားငယ်သည် သူ့ကို ဘာမှ မပူဆာတော့။ တစ်ခုခု လိုအပ်လာလျှင် ဖအေကိုသာ ပြောလေ့ရှိတော့သည်။ သားသည် အမေ့ကို ရှောင်ဖယ်ရုံမျှမက စကားတောင် မဟ၊ တော့ပြီကော။ ခံစားလာရသော စိတ်သောကနှင့် အတူ ဝဲတက်လာသည့် မျက်ရည်စတို့ကို အသာထိန်းရင်း ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ဝတ်လို့၊ ဝတ်ပါလို့။ တစ်သက်လုံး ပြန်မထွက်ခဲ့နဲ့လို့။ ကျုပ်လည်း ဝဋ်ကျွတ်တာပဲလို့ ပြောလိုက်'

တကယ်လည်း သားငယ်က ကိုရင် ဝတ်သွားခဲ့လေသည်။ အမေ လူမိုက်မကြီး သူ့ကိုတော့ မဝတ်ခင်မှာ ကန်တော့သွားသေးသည်။ စိတ်နာနာနှင့် ဘာဆုမှ မပေးမိ။ ထိုအစား 'ပြန်မလာနဲ့၊ ပြန်မလာလေ အေးလေ' ဟုသာ ဆုပေးလိုက်မိသည်။ အမိုက်မကြီး၏ မဆုံးနိုင်သော အမိုက်တရားတွေကို သားငယ်သည် ရှောင်ခွာခဲ့လေပြီ။ အမေကို ပြန်မကြည့်တော့။ ဆွမ်းခံလာလျှင်တောင် အမေကိုမကြည့်။ လှူသမျှ ဆွမ်းကိုသာ အာရုံပြုလေသည်။ မေးနိုင်ပါမှ စကားပြန်ရသည်။ ကျောင်းသို့ ဥပုသ်စောင့်လာတာ မြင်လျှင်တောင် အဝေးကနေ ရှောင်သွားတတ်သော သားကို မြင်လျှင် စနေသမီး အမေက သွေးတက်ရလေသည်။ နောင် မှမေးဖြစ်တော့။ သားငယ် စိတ်အနှောင့်အယှက်ကင်းအောင် ကိုယ်က ဦးအောင် ရှောင်ဖြစ်သည်။ ဘုရားရိပ်၊ တရားရိပ်မှာ သားငယ် စိတ်ထဲက နာကျင်မှုတွေ ပျောက်လာကောင်းပါရဲ့။ သူ့အပေါ် ခွင့်လွှတ်နိုင်လာ ကောင်းပါရဲ့ဟု စိတ်အတွေးနှင့် မရောက်သေးသော အနာဂတ်ကို ဆေးရောင်လှလှ ခြယ်ကြည့်မိသည်။ အကောင်းဘက်က မျှော်မိသည်။

သို့သော် မိမိအိမ်ကို ဆွမ်းခံကြွမလာတာ တစ်ပတ် ဆယ်ရက်မျှ ကြာသော အချိန်မှာတော့ သူ သားငယ်ကို တွေ့ချင်လာမိသည်။ နေမျာ မကောင်းလို့လေလား အတွေးဖြင့် ဘုန်းကြီးကျောင်းသွားကြည့်ဖို့ သားငယ်အဖေကို အဖော်ခေါ်တော့မှ အကြောင်းရင်းကို သိရသည်။ သိတော့ ဒေါသက ထွက်ရပြန်သည်။ သားငယ်သည် လူမထွက်ချင်တော့တဲ့။ စာသင်ကိုယ်တော်ဖြစ်ရန်အတွက် မြို့က စာသင်တိုက်တစ်ခုကို သွားပြီတဲ့။ အမေတားမှာစိုး၍ မပြောပါနဲ့လို့ ဖအေကို မှာလိုက်သတဲ့။ ယမ်းပုံမီးကျလောင်မြိုက်ရသော ဒေါသတွေအောက်မှာ နာကျင်မှုတို့ကို အတိုင်းအဆမရှိ။ ငါ့လက်က လွှတ်အောင် ပြေးတာပေါ့လေ။ အေး ပြေးပြေး။ မိခင်မေဆိုတဲ့ ငါကလည်း ဘူးဆို ဖရုံမသီးဘူး။ နင့်ကိုလွမ်းရင် နောက်တစ်ယောက် ထပ်မွေးပစ်လိုက်မယ်။ လွမ်းစရာရှိရင် နာတာနဲ့ပဲဖြေမယ်။ စိတ်တိုင်းကျသာ နေပော့လို့ ပေါက်ကွဲမိတော့သည်။ လွမ်းတာကို နာတာနှင့် ဖြေဆိုပေမဲ့ ရင်မှလွယ်သော သားဆိုတော့ တကယ်တမ်း မလွမ်းဘဲလည်း မနေနိုင်။ လွမ်းမိတော့လည်း နာခဲ့ရသည်ချည်း။

❑

၄။

'အစ်မ၊ အစ်မ'

မောပန်းမှုတွေကြားမှာ မှေးခနဲဖြစ်သွားမိသည်။ ညီမဖြစ်သူက နှိုးမှ အတိတ်တွေထဲ အိပ်စက်နေသော အတွေးတွေက ပစ္စုပ္ပန်ဆီ ပြန်လည်လာသည်။

'အစ်မ ဒီကလေးမလေး နှစ်ယောက်က ကျားသေရွာကတဲ့ အစ်မရဲ့။ အကျိုးအကြောင်း မေးကြည့်ရအောင်လို့ အစ်မကို နှိုးလိုက်တာ'

မျက်လုံးအဖွင့်မှာ အသက်နှစ်ဆယ်ကျော်ခန့် မိန်းကလေးငယ်နှစ်ယောက်။ စောစောတုန်းကတော့ ဇရပ်ပေါ်မှာ ဒီကလေးမလေးတွေ မရှိသေး။ သူ မှေးခနဲ အိပ်ပျော်သွားသော အချိန်တွင် ရောက်လာတာဖြစ်မည်။ ကျားသေရွာဆိုသော အသံကြားတော့ မေးစင်းနေသော မျက်လုံးတို့က ပြူးကျယ်လာခဲ့လေသည်။

'ကျားသေရွာကျောင်းက ကျောင်းထိုင်ဘုန်းကြီး မမြဲဘူး။ ကျောင်းထိုင်ပြီး တစ်နှစ်ကျော်ရင် ပျံလွန်တော်မူကြတာ ၃ ပါးဆက်တိုက်ရှိလာတော့ နောက်ထပ် ဘယ်ဘုန်းကြီးကမှ ကျောင်းမထိုင်ရဲကြဘူး။ အရပ်စကားကတော့ အဒေါ်ရယ် အရင်ဘုန်းကြီးက ကျောင်းမှာ သရဲကြီးဖြစ်နေတာတဲ့။ သူက သူ့ကျောင်းလာထိုင်တာကို မကြိုက်လို့ လုပ်တာလို့ ပြောကြတာပေါ့။ တကယ်တော့ သူ့ရောဂါနဲ့သူ ပျံလွန်တော်မူကြတာပါ။ အဲဒါနဲ့ပဲ ဘုန်းကြီးဆက် ပြတ်နေတာကို သုံး၊ လေးနှစ်ရှိပြီ။ အဲဒါနဲ့ မြို့က စာသင်တိုက်ကိုတက်ပြီး ကျောင်းထိုင်ဘုန်းကြီးအေးဖို့

www.burmeseclassic.com

တိုက်အုပ်ဘုန်းကြီးကို လျှောက်တော့ တိုက်အုပ်ဘုန်းကြီးက သူ့ဘေးက ဦးပဥ္စင်းတစ်ပါးကို မေးသတဲ့။ ဘယ့်နှယ်တုံး မောင်ဇနက္က၊ မောင်ပဥ္စင်း လိုက်သွားမလား။ မပျော်တော့ ပြန်လာပေါ့ကွာဆိုတော့ အဲဒီဦးပဥ္စင်းက သင်္ကန်းကောက်ရုံပြီး တစ်ခါတည်း လိုက်လာတာတဲ့ အဒေါ်ရဲ့’

ပြုံးပျော်နေဟန် သူငယ်မ စကားကြားတော့ အမောပြေခါစ ရင်တောင် ထိတ်ခနဲ တုန်မိသွားရဲ့။ဘုရား၊ ဘုရား။ ငါလိုက်လာမိတာ တော်ပါသေးရဲ့လား။ ဒီသားတော့ ဘေးမမြင်၊ ဘီမမြင်နဲ့။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ဘယ်လိုမှ ခေါ်မရရင် သင်္ကန်းမ,လို့ ဆွဲချုတ်ပြီး အတင်း ခေါ်ရမှာပဲ။ အဲဒီကျောင်းမှာတော့ ဘယ်လိုမှ ကျောင်းထိုင်ခိုင်းလို့ မဖြစ်ဘူး။ အတွေးနှင့်အတူ ပူလာသော ရင်အစုံက တုန်ချင်သလိုလို။

‘အခု ကျုပ်တို့တစ်ရွာလုံး ပျော်နေကြတာ အဒေါ်ရဲ့။ အခါတိုင်း သာရေးနာရေးရှိတိုင်း သူများရွာက ဘုန်းကြီးကို ပြေးပင့်ကြရတာ။ အခုကိုယ့်ကျောင်းနဲ့ ကိုယ့်ဘုန်းကြီးနဲ့ဆိုတော့ မျက်နှာမငယ်ရတော့ဘူးပေါ့တော်။ ကျောင်းထိုင်ဆရာတော် အသစ်က စာသင်သားဆိုပေသိ တရားဟောတော့ အတော်ကောင်းဆိုပဲ။ ဘုန်းကြီးငတ်နေတာကြာပြီဆိုတော့ ကျောင်းတင်ပွဲကို အကြီးအကျယ် ကျင်းပကြတာ။ မန္တလေးဇာတ်နှစ်ဇာတ်ငှားပြီး ဇာတ်ပြိုင်ကကြမှာ။ ကျောင်းတင်ပွဲက ဒီနေ့အဝင်လေ’

ဝမ်းသာအားရ ပြောနေသည့် သူငယ်မနှင့် ဆန့်ကျင်ဘက် သူ့စိတ်ထဲမှာ စိုးရိမ်ပူပန်ကြီးစိတ်က အလုံးဆို့နေသလို တက်လာသည်။ ပြေနေသည့် ခေါင်းပေါင်းတောင် ပြန်ပတ်ဖို့ သတိမရ။ ဇရပ်ပေါ်ကနေ အောက်ကို ဘယ်လို ရောက်လာမှန်းလည်း မသိတော့။ လုံချည်ကို တိုတိုပြင်ဝတ်လိုက်ပြီး စီးထားသော ညှပ်ဖိနပ်ကိုချွတ်ပြီး ခါးကြားထိုးလိုက်မိသည်။ အလန့်တကြား သူ့ပုံစံကိုမြင်တော့ ကလေးမလေးနှစ်ယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားဟန်။

‘လာဟေ့ မိခင်ပြေ။ ငါတို့ နောက်ကျလို့ မဖြစ်ဘူး။ သွားကြစို့ဟဲ့ မြန်မြန်။ နောက်ကျလို့ကတော့ ကိုယ်ကျိုးနည်းတော့မယ်။ ဒီနေ့ကို ရအောင်ပြန်ခေါ်ရမယ်’

❑

၅။

ရွာထိပ်နားအရောက် လော်စပီကာဖွင့်သံ ကြားလိုက်တော့ သူ့ရင်ထဲမှာ ဝမ်းနည်းစိတ်က လှိုက်ခနဲ တက်လာခဲ့လေသည်။ လုပ်ရက်တယ် မောင်ပဥ္စင်း။ အကျိုးလည်းမပြော၊ အကြောင်းရယ်မကြား။ ဆွေပြတ်မျိုးပြတ်၊ သံယောဇဉ်ပြတ်။ ဖုတ်ဖက်ခါပြီး လိုက်သွားသတဲ့။ မမြင်ရတာကြာတော့ မနေနိုင်လို့ သင်္ကန်းလှူရင်းဆိုပြီး စာသင်တိုက်ကို လိုက်သွားမိလို့သာပေါ့။ တိုက်အုပ်ဘုန်းကြီးမိန့်လို့ အကျိုးအကြောင်းသိရတော့ အိမ်တောင် မပြန်ဖြစ်ဘဲ ညီမနှစ်ယောက် ပြူးပြူးပျာပျာနှင့် အပြေးလိုက်လာကြတာ။ တိုက်အုပ်ဆရာတော်က အစောင့်ထည့်ပေးလိုက်မယ်၊ နေကြဦးလို့ တားတာတောင် လှည့်မကြည့်ခဲ့ဘူး။ လှည့်သာ မကြည့်ခဲ့ကြပေမဲ့ ကျားသေဆိုသည့် ရွာက ဘယ်အရပ်ဘယ်ဒေသမှာရှိမှန်း သူတို့ကိုယ်တိုင်လည်း မသိ။ တိုက်အုပ် ဘုန်းကြီးကိုယ်တိုင်လည်း နေရာကို အတိအကျ မညွှန်နိုင်။ ပါးစပ်ပါ ရွာရောက်တာပဲဆိုသည့် အတွေးနှင့် အသံကြားတဲ့အရပ် ကျားသေရွာရှိတဲ့ အရပ်ဆိုပြီး မှန်းလိုက်လာကြတာ။ အခုတော့ ရောက်လုနီးပါပေါ့။

ရွာထိပ်ကိုရောက်တော့ လူအုပ်ကြီးတစ်အုပ်။ နပ်ချေးတွဲလောင်း၊ သူငယ်နပ်စားအရွယ်ကနေ မီးစာကုန်ဆီခန်းနေတဲ့ အရွယ်အထိ နည်းတာမဟုတ်။ သူတို့လာတာကို မြင်တော့ အားလုံးက လှုပ်လှုပ်ရွရွ။

‘ဘုန်းကြီးမယ်တော်နဲ့ ရဟန်းအမ လိုက်လာတာဆိုလို့ လာကြို[ကြ]တာ’ဟု ဆီးပြောတော့ သူ အံ့အားသင့်ရသည်။ စောစောက သူငယ်မလေး နှစ်ယောက်ထဲမှ တစ်ယောက်ကို ပရိသတ်ထဲမှာ မြင်လိုက်မှ သဘောပေါက်မိသည်။ ထိုကလေးမသည် ရှေ့မှ အလျင်သွားနှင့်ပြီး ရွာကို အကြောင်းကြားထားဟန်။ ပရိသတ်ကြားမှာ သားငယ် မောင်ပဥ္စင်းကို မမြင်။ ပွဲအတွက် ရွာလူကြီးတွေနှင့် စကားပြောနေကြသည်တဲ့။ ဩော် ခရီးအဝေးကနေ လာတာတောင် မအေကို မကြိုနိုင်ရှာလောက်အောင် ဒင်းတော့ နေနှင့်ဦးပေါ့။ စိတ်ကို အောင့်အည်းထားရပေမဲ့ ဒေါသတွေက ရှေ့တန်းသို့ ရောက်စပြုနေပြီ။

ကျောင်းဝန်းထဲမှာတော့ မဏ္ဍပ်ကြီးက ဟည်းထ,နေသည်။ မဏ္ဍပ်အလယ်မှာတော့ သက်ကြီးတစ်ဖွဲ့နှင့် သားမောင် ပဥ္စင်း။ အမေနှင့် အဒေါ်လာတာကို မြင်တော့ ဝမ်းသာအံ့သြနေသည့်ပုံ။ သားငယ်ကို မြင်တော့ လှိုက်တက်လာသော ဝမ်းနည်းစိတ်က ချွန်းအုပ်မရ၊ ခေါင်းပေါ် ရွက်လာသော သင်္ကန်းထုပ်ကို ဖုတ်ခနဲလွှတ်ချသည်။ လူအုပ်ကြားထဲ အတင်းဝင်ပြေးပြီး မောင်ပဥ္စင်းဆီ အပြေးသွားတော့ လူတွေက အလန့်တကြား လမ်းဖယ်ပေးသည်။ မောင်ပဥ္စင်းဆီသို့ အရောက်မှာတော့ သင်္ကန်းကို ဆွဲသည်။ စကားက ချက်ချင်းမထွက်။ မျိုသိပ်ခဲ့ရသမျှ နောင်တတရားတို့က မျက်ရည်အဖြစ် အလျင် စီးသည်။ ဒေါသ၊ မောဟတွေကြားမှာ လှောင်ပိတ်ခဲ့သော သံယောဇဉ်တို့က စကားလုံးအဖြစ် ဒလဟော စီးသည်။

‘မောင်ပဥ္စင်းကတော့ ပျော်နေသပေါ့၊ ဟုတ်စ။ ကျုပ်အမေအိုကြီးကို အမုန်းတွေ၊ အာဃာတတွေထားပြီး ကျုပ်အဝေးမှာ ထင်သလိုလုပ်နေရတာကို ပျော်နေတာပေါ့ဘုရား။ ကျုပ်မတော့ ငါ့သားလေး စိတ်ဆိုးပြေရင် ပြန်လာမှာပဲဟဲ့ဆိုပြီး တစ်ရက်အိမ်ပြန်လာနိုး၊ တစ်ရက်အိမ်ပြန်လာနိုးနဲ့ လည်ပင်းတစ်တောင်ရှည်အောင် မျှော်လိုက်ရတဲ့ အမျှော်။ မောင်ပဥ္စင်းကတော့ ကျုပ်ကို ဖုတ်လေ[ ]ငါးပိ ရှိတယ်လို့မထင်[ ]သစ်

www.burmeseclassic.com

စိမ်းချိုး ချိုးရက်တယ်ပေါ့ ဘုရား။ အမေအရင်းပါ မောင်ပန္နင်းရယ်။ အမေအရင်းပါဘုရာ့။ ကျုပ်ရင်မှာ ကိုးလလွယ်၊ ဆယ်လလွယ် မွေးခဲ့ရတဲ့ သားအရင်းပါ။ ကျုပ် စိတ်ဆိုးလို့ လုပ်တုန်း ခဏပေါ့။ မောင်ပန္နင်းအနာ သေရာပါသလို ကျုပ်စိတ် အနာကလည်း သေရာပါတာပဲ ဘုရား။ ကျုပ်မှာတော့ နောင်တတွေနဲ့ ကျလိုက်ရတဲ့ မျက်ရည်ဆိုတာ လူအမြင်မှ မခံဝံ့။ သားကို ရန်သူလို သဘောထားတဲ့ မိန်းမလို့ စွပ်စွဲလာသမျှ ကျုပ် ဘာပြန် ပြောဝံ့လို့တုံး။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘယ်သူမှလည်း နှုတ်မလှန်ရဲဘူး။ ဝဋ်တစ်ခုလို အောင့်အည်းနေခဲ့ရတာပါ ဘုရာ့'

လူတွေက ရုတ်ရုတ်သဲသဲ။ ဆွဲသည့်သူက ဆွဲသည်။ တိမ်းသည့်လူက တိမ်းသည်။ ထိန်းသည့်လူက ထိန်းသည်။ ထိုင်ပါဦး၊ ထ,ပါဦး ပြောသည့် စကားတို့က သူ့နားသို့ မဝင်လေပြီ။ စကားတို့ကို ရေပက်မဝင်အောင် လျှောက်နေသည့်ကြားက မောင်ပန္နင်းသက်န်းစကိုလည်း မလွှတ်စတမ်း ဆွဲထားသည်။

'မယ်တော်ကြီး မငိုပါနဲ့လေ။ အခုမှ ခရီးရောက်မဆိုက်ကို ပင်ပန်းနေတာ။ နားပါဦး။ ပြီးမှ အေးအေးဆေးဆေး ပြောပါ'

'မအေးဆေးနိုင်ဘူး။ ဒီကျောင်းကို မောင်ပန္နင်း လက်မခံရဘူး။ အခု ပြန်လိုက်ခဲ့။ တပည့်တော်မကို သနားရင် ပြန်လိုက်ခဲ့ပါဘုရား။ မောင်ပန္နင်း ပြန်မလိုက်ရင် တပည့်တော်မကတော့ ဒီနေရာက ဘယ်မှ မရွှေ့ဘူး'

ပြန်လိုက်ခဲ့ဆိုသော သူ့စကားကိုကြားတော့ ပရိသတ်က လှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။ သူကတော့ ပရိသတ်ကို အာရုံမစိုက်နိုင်။ မျက်စိမှိတ်လိုက်လျှင် ပျောက်ကွယ်သွားလိမ့်နိုးအထင်နဲ့ မောင်ပန္နင်း မျက်နှာတော်ကို မမှိတ်မသုန်ကြည့်လျက်။ မောင်ပန္နင်းမျက်နှာက ဝေခွဲရခက်နေသည့်အလား။

တိတ်ဆိတ်နေသည့် တဒင်္ဂခဏမှာ ကြားလိုက်ရတာက ငိုသံ။ ငိုသံသည် တစ်သံတည်းမဟုတ်။ အများကြီး။ ငယ်သူဆီမှလည်း လာသည်။ ကြီးသူဆီမှလည်း လာသည်။ နပ်ချေးတွဲလောင်း ကလေးငယ်မှသည် ရင်ခွင်ပိုက် နို့စို့နေသူထံမှ လာသည်။ ဆံဖြူသွားကျိုး သက်ကြီးအို တွေဆီမှလည်း လာသည်။ အို- ကျားသေ တစ်ရွာလုံးက လူတွေ အကုန်ငိုနေသလား အောက်မေ့ရလောက်အောင် အင်တိုက်အားတိုက် ငိုနေသည်။ သူတို့ငိုသံတွေကြားမှာ သူ့ဒေါသ၊ မောဟတွေ ခဏတာမျှ တိတ်ဆိတ်ကုန်၏။

❑

တစ်ရွာလုံးက လူတွေ၏ အသက်နဲ့ရင်းပြီး မောင်ပန္နင်းကို ကာကွယ်ပေးပါ့မယ် ဟု အကြိမ်ကြိမ် ကတိပေးကြသော်လည်း သူ စိတ်မလျှော့မိ။ အနီးအနား ကျေးရွာတွေက ကျောင်းထိုင်ဘုန်းကြီးတွေပါ ရောက်လာပြီး ဝိုင်းဝန်းဖျောင်းဖျကြသည်။ သူ နောက်မဆုတ်မိ။ မောင်ပန္နင်းလက်ကို တွင်တွင်ဆွဲထားသည်။ နောက်ဆုံး သူ့ဘက်ကိုယ့်ဘက် ငြင်းကြခုံကြရင်းဖြင့် ဆွဲလားရွဲလားတွေ ဖြစ်ကုန်ကြတော့ မောင်ပန္နင်းက အားလုံးကို ငြိမ်ခိုင်းပြီး သူ့ကို စကားတစ်ခွန်းဆိုသည်။

'မယ်တော်ကြီးကို မုန်းလို့ အဝေးပြေးတာ ဟုတ်ပါ့မလားလေ။ ဒါပေမဲ့ ကျုပ်ကြောင့် မယ်တော်ကြီး စိတ်တွေတိုရတာ၊ ဒေါသထွက်ရတာ၊ ပင်ပန်းရတာတွေမြင်တော့ ကျုပ်ကိုယ်ကျုပ် သားမိုက်လို့ တွေးမိပြီး မယ်တော်ကြီးနဲ့ ဝေးရာ နေခဲ့တာပါ။ ကိုယ့်ကို မွေးထားတဲ့ အမေပဲလေ။ ဘယ်သူက မချစ်ဘဲနေမှာတုံး။ ချစ်တာပေါ့ မယ်တော်ကြီးရယ်။ ကျုပ်ကောင်းမှုကုသိုလ်လုပ်တိုင်း မယ်တော်ကြီး နာမည်ခေါ်ပြီး အမြဲတမ်း အမျှပေးဝေနေကျပါ။ အပြစ်ရယ်လို့လည်း မထင်မိဖူးပါဘူး။ မယ်တော်ကြီးအတွက်ဆို ခြေထောက်တစ်ဖက်တင်မကဘူး၊ နှစ်ဖက်လုံးဖြတ်ပေးဆိုရင်တောင် ကျုပ်က ကြည်ကြည်ဖြူဖြူ ပေးနိုင်ပါတယ်။ အခု မယ်တော်ကြီး ငိုနေတာမြင်တော့ ကျုပ်လည်း စိတ်မကောင်းဘူး။ ဒါပေမဲ့ ဒီရွာကလူတွေကိုလည်း အားနာတယ်'

မောင်ပန္နင်းမျက်နှာက ပြုံတော့မည့် မိုးလို ညှိုလာပြီ။ မောင်ပန္နင်းဆီမှ မထင်မှတ်သော စကားကိုကြားတော့ သူလည်း ငိုရာမှ ရပ်မိချေပြီ။ အဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြင့် မော့ကြည့်မိသည်။ အခုတော့ မောင်ပန္နင်းစကားတွေ ကြွယ်နေလှပါပြီရော။ အံ့ဩမှုတွေကြားမှာ ထွက်ထားသမျှ ဒေါသတွေ၊ တင်းထားသမျှ မောဟတွေက ကြက်ပျောက်ငှက်ပျောက်။ အမောတွေ ပျောက်ပြီး ရှင်လာရသည့် အပြုံးတွေက ကြည်ကြည်လင်လင်။ မောင်ပန္နင်းက သူ့ကို မမုန်းဘူးဆိုပါလား။

'ဝမ်းသာလိုက်တာ မောင်ပန္နင်းရယ်။ တပည့်တော်မကို မမုန်းဘူးဆိုတာနဲ့ကို တပည့်တော်မ သေပျော်ပါပြီ၊ ကျေနပ်ပါပြီဘုရား။ မောင်ပန္နင်း ပျော်သလောက်သာ သီတင်းသုံးပါတော့။ တပည့်တော်မလည်း အိမ်ကို မပြန်တော့ဘူး။ ကျောင်းမှာပဲ တစ်လကိုးသီတင်းနေပြီး မောင်ပန္နင်းကို စောင့်ရှောက်ပေးတော့မယ်။ အခု ကျောင်းတင်ပွဲအတွက် ငှားထားတဲ့ မန္တလေးဇာတ်တစ်ဇာတ်ဖိုးစာ တပည့်တော်မ တာဝန်ယူပါရစေ'

ရွာသူရွာသားတွေ ဘက်လှည့်ပြီး အဲဒီလို ပြောမိလိုက်တော့ ဟေးခနဲဆို ထွက်လာတဲ့ အသံက အကျယ်ကြီး။ တစ်ကမ္ဘာလုံးကလူတွေ အကုန်အော်သလား အောက်မေ့ရတယ်။ ရုတ်တရက်ဆိုတော့ လန့်သွားချက်။ နောက်တော့လည်း ကြည်နူးမိပြန်ပါရောလေ။ ဒီသားနဲ့ ဒီအမေ ဘယ်ကွဲနိုင်မှာမို့လဲ။ ကိုယ်တတ်နိုင်သမျှ လုပ်ပေးရမှာပေါ့။


နောက်ပိုင်းမှာ ရွာကလူတွေက သူ့ကို ဝိုင်းပြောကြတယ်။ ဒီဒကာမကြီး ဆိုးချက်တဲ့။ ■

စေဦးကျော

www.burmeseclassic.com

# ခိုလှုံရာရင်ခွင်

ဟမိနိုင်း၊ ဆေး-မန်း၊



မိစုက
ကျွန်မရင်ခွင်ထဲသို့
တိုးဝင်ကာ တအိအိ
ရှိုက်ငိုနေသည်။
မှတ်မှတ်ရရ သည်နေ့က
ကျွန်မတို့အိမ်ကို
မိစုရောက်လာတာ
တစ်လပြည့်တဲ့နေ့ဖြစ်သည်။
'မငိုပါနဲ့ကွယ်' ဟု ကျွန်မ
မတားမိပါ။ 'မိစုရေ
ငိုချလိုက်။ ထိန်း
ချုပ်ခဲ့ရတဲ့ မျက်ရည်တွေ
ကုန် ခန်းသွားတဲ့ အထိသာ
ငိုချလိုက်ပါ'။ မိစု၏
ကျောပြင်ကို
ပွတ်သပ်အားပေးရင်း
ကျွန်မ၏ ပါးပြင်မှာလည်း
မျက်ရည်စတွေ
စီးကျနေသည်။
❑
ထိုနေ့ နေ့လယ်က
ကျွန်မ၏ သားနှစ်ယောက်
အိပ်ပျော်နေချိန်ဖြစ်ပြီး
ကျွန်မက မဂ္ဂဇင်း
စာအုပ်တစ်အုပ်ကို
ဖတ်နေချိန်ဖြစ်သည်။ ပို၍
တိတိကျကျ ပြောရလျှင်
ထို မဂ္ဂဇင်းစာအုပ်ထဲ
ပါသည့် '**အမေ့လေ့**'
ဟူသော ကဗျာလေးကို
ဖတ်ပြီး အမေ့ကို
သတိရကာ
မျက်ရည်ကျနေချိန်ဖြစ်၏။
မြူခိုးတွေဝေနေသည့်
ဆောင်းမနက်ခင်းမှာပဲ
'မူးလိုက်တာသမီးရယ်' ဟု
ပြောကာလဲကျရင်း
အမေက ကျွန်မတို့ကို
အပြီးခွဲခွာ
သွားခဲ့လေသည်။
အမေဆုံးတော့
သားကြီးကစတုတ္ထတန်း၊
သားငယ်ကပထမတန်းကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တက်နေရချိန်ဖြစ်သည်။ အမေ မရှိတော့မှ အမေ့ကို တမ်းတရင်း အမေ့၏ မေတ္တာစေတနာတွေကို ပိုမိုနားလည်လာမိသည်။

'အမေ့ကိုလွမ်းလို့ ငိုနေပြန်ပြီလား။ တရားနဲ့သာ ဖြေပါမိန်းမရာ။ အမေ မဆုံးခင် ငါတို့ တတ်နိုင်သလောက် ကျေးဇူးဆပ်နိုင်ခဲ့တာပဲ'

မောင်က ကျွန်မ၏ ဘေးတွင် ဝင်ထိုင်ကာ ကျွန်မ ပခုံးကို ခပ်ဖွဖွဖက်ရင်း အားပေးစကားတွေ တတွတ်တွတ် ပြောနေသည်။ ထိုအချိန်မှာပင် မောင့်ဆီကို ဖုန်းဝင်လာသည်။

'ဟယ်လို'

'……'

'ဟုတ်ကဲ့။ ခဏစောင့်ပါနော်။ ကျွန်တော် ခြံတံခါးလာဖွင့်ပေးပါ့မယ်'

ကျွန်မက မောင့်မျက်နှာကို စူးစမ်းသလိုကြည့်မိတော့ မောင်က…

'မနက်က မြင့်မောင်ကို ဖုန်းဆက်ပြီး အိမ်အကူရှာပေးဖို့ အကူအညီတောင်းလိုက်တာ။ အခု အိမ်အကူပွဲစားနဲ့ အိမ်အကူနဲ့ မောင်တို့ ခြံရှေ့ကို ရောက်နေပြီတဲ့။ မြန်ချက်ပဲ။ မောင် တံခါးသွားဖွင့်ပေးလိုက်ဦးမယ်'

မောင့်ကို ခေါင်းညိတ်ပြရင်း အမေ့အကြောင်းကို တွေးနေမိပြန်သည်။ အမေရှိစဉ်အခါက အိမ်၏ မီးဖိုချောင်ကိစ္စအပြင် သူ့မြေးနှစ်ယောက်၏ ကျောင်းကြို၊ ကျောင်းပို့၊ ထမင်းစားဆင်းချိန် ထမင်းကျွေးသည့် အလုပ်တာဝန်တွေကိုပါ အမေက စွမ်းအားရှင်အလား ထောင့်စေ့အောင်

မိစုသည်
တချို့အရာတွေကို
တမင်
လုပ်နေသလား
ထင်ရအောင်
နမော်နမဲ့
နိုင်လွန်းလှသည်
ပန်းကန်တွေ
ခဏခဏ
ကျကွဲသည်
အဝတ်တွေကို
အဝတ်လျှော်
စက်ထဲ
ဆပ်ပြာ
မထည့်ဘဲ
ရေနှင့်ချည်း
လျှော်သည်

လုပ်သည်။ ကျွန်မ၏ အလုပ်တာဝန်မှာ အဝတ်လျှော်၊ မီးပူတိုက်ရုံသက်သက်သာရှိသည်။ ဒါကလည်း အဝတ်လျှော်စက်ရှိသည်မို့ သိပ်ပင်ပန်းလှတာမဟုတ်။ အမေဆုံးသည့်အခါ ကျွန်မနှင့် မောင် ရုံးကနေ ခွင့်နှစ်ပတ် ယူခဲ့ရသည်။ ကျွန်မတို့လင်မယား ရုံးပြန်တက်ရချိန်တွင် ကလေးငယ်တွေကို ကျောင်းကြို၊ ကျောင်းပို့လုပ်ဖို့နှင့် အိမ်မှုကိစ္စ တချို့ကို ကူညီလုပ်ကိုင်ဖို့ အိမ်အကူတစ်ဦးကို အပူတပြင်း ရှာရတော့သည်။

မောင်နှင့်အတူ စလင်းဘက်အိတ် အဝါရောင်ကို လွယ်ထားသော အသားမည်းမည်း ခပ်ဝဝ အမျိုးသမီးတစ်ဦးနှင့် ပိန်ဖျော့ကွေးလှီနေသော အသက်ဆယ့်လေးနှစ် အရွယ် ဆံပင်နီကြောင်ကြောင် ကလေးမလေးတစ်ယောက် ပါလာကြသည်။ အမျိုးသမီး၏ မျက်နှာမှာ ခပ်ကောက်ကောက်ဖြစ်ပြီး မိတ်ကပ်တွေ ပြာနှမ်းနေအောင် လိမ်းထားကာ နှုတ်ခမ်းနီ အရောင်ရင့်ရင့် ဆိုးထားသည်။ သူ၏ သေးသွယ်မှုန်မှိုင်းနေသော မျက်လုံးတွေက ဂနာမငြိမ်ဘဲ အိမ်ထဲကို ကျီးကန်းတောင်းမှောက် ကြည့်နေသည်။

'ထိုင်ပါဦးဗျ။ ဒါ ကျွန်တော့် အမျိုးသမီးပါ'

မောင်က ကျွန်မ၏ ဘေးတွင် ဝင်ထိုင်ရင်း ထိုအမျိုးသမီးကို ထိုင်ခုံနေရာ ညွှန်ပြသည်။ ထိုအမျိုးသမီးက ကျွန်မတို့နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံပေါ် ဝင်ထိုင်ရင်း ကျွန်မကို ပြုံးပြသည်။ ထိုအမျိုးသမီးက မြွေရေခွံအိတ်လေး ကိုင်ပြီး မတ်တတ်ရပ်နေရှာသော ကလေးမဘက် လှည့်ကာ…

'ဟဲ့ လာထိုင်လေ၊ ဘာကြောင်နေတာလဲ။ ဒီလို အလုပ်ကို မလုပ်ဖူးတာကျနေတာပဲ'

ကလေးမလေးက မောင်နှင့် ကျွန်မကို မဝံ့မရဲ ကြည့်ကာ ထိုအမျိုးသမီး ဘေး၌ ဝင်ထိုင်သည်။ ခဏတာ တိတ်ဆိတ်သွားသည့် အခြေအနေကို မောင်က ချောင်းတစ်ချက်ဟန့်ရင်း…

'မနက်ကမှ မြင့်မောင်ကို အကူအညီတောင်းလိုက်တာ။ ဒီလောက် မြန်မြန်ရမယ်လို့ မထင်မိဘူး'

'အဟင်းဟင်း။ ဒါက အစ်မတို့အလုပ်ပဲလေ။ ကိုမြင့်မောင်ရဲ့ အိမ်ကိုလည်း အစ်မပဲ အိမ်ဖော်တွေ ပို့ပေးထားရတာ။ အမြဲ အဆင်သင့် ဖြစ်အောင် လူတွေ ကြိုရှာထားပြီးသား။ ဒီကလေးမလေး နာမည်က မိစုတဲ့'

ထိုအမျိုးသမီးက မိစုဆိုသည့် ကလေးမ၏ လက်ကို ဆုပ်ကိုင် လိုက်ရင်း…

'မိစုအတွက်တော့ အစ်မ အာမခံပါတယ်။ ကိုးနှစ်ကတည်းက အိမ်ဖော်လုပ်စားလာတာမို့ အိမ်လုပ်ငန်းအတွေ့အကြုံကလည်း ပြန်ကြည့်စရာ မလိုပါဘူး'

ကိုးနှစ်ကတည်းက ဆိုပါလား။ အခု သားကြီးအရွယ်ပေါ့။ ကျွန်မ၏ သားကြီးကတော့ ကျွန်မ၏ ရင်ခွင်ထဲ တိုးဝှေ့ပြီး ချွဲနွဲ့လို့ကောင်းတုန်းပဲ ရှိသေးသည်။ ဘဝကံတွေ ဆိုးလိုက်တာ။ ကျွန်မ၏ သားကြီးနှင့်သားငယ် အိပ်ပျော်နေသော အခန်းဘက်ကို လှမ်းကြည့်ရင်း သက်ပြင်းသဲ့သဲ့ ချမိသည်။

'လုပ်အားခကတော့ တစ်လငါးသောင်း၊ ထုံးစံအတိုင်းပဲ သုံးလစာ ကြိုပေးရမယ်။ သုံးလစာအပြင် အစ်မကို ပွဲခတစ်လစာ အိမ်ရှင်ဘက်က ပေးရမယ်။ ကိုမြင့်မောင် ပြောထားပြီးသား ဖြစ်မှာပါ'

'ဟုတ်ကဲ့ရှင့်'

အငယ်ကောင်က အိပ်ပျော်နေရာမှ လန့်ပြီး နိုးလာပုံရသည်။ အငယ်ကောင်၏ အော်ငိုသံ ကြားရ၍ မောင်က ထ,ကာ အိပ်ခန်းထဲ ဝင်သွားသည်။

'ဒါနဲ့ အစ်မ။ မိစုက ကျောင်းနေဖူးလား'



www.burmeseclassic.com

www.burmeseclassic.com

မောင့် အနောက် ကို လိုက်ကြည့်နေသော ထိုအမျိုးသမီးက ကျွန်မ၏ မျက်နှာကို မကြည့်ဘဲ…

'နေဖူးတယ်၊ နေဖူးတယ်။ သုံးတန်းထိ နေဖူးတယ်။ သုံးတန်းအောင်ပြီး သူ့အမေဆုံးတော့ သူ ဒီအလုပ် စ,လုပ်ရတာ။ သူ့အဖေက အရက်သမားလေ။ သူ့အောက်မှာ ညီမနှစ်ယောက် ရှိသေးတယ်။ ကျွန်မနဲ့ သူ့အဖေက ဆွေမျိုးမကင်းတာမို့ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် လူကြီးလူကောင်း အိမ်တွေမှာပဲ သူ့ကိုအပ်ပေးခဲ့တာ။ အခု အရင်အိမ်က လူမလိုတော့လို့ ဒီအိမ်ကို လာပို့တာ'

'သြော်…'

ထို အမျိုးသမီးက စကားပြောရင်း ဖင်တကြွကြွ ဖြစ်နေသည်။ သွားစရာနေရာ ကျန်နေသေးသည်ထင်၏။

'မောင်ရေ၊ သေတ္တာထဲက ပိုက်ဆံနှစ်သိန်း ယူခဲ့ပါဦး'

မောင်က ငွေတွေရေတွက်ပြီး ထိုအမျိုးသမီးကို ပေးတော့ ငွေတွေကို အမြန်ရေတွက်ရင်းက…

'ဟဲ့ မိစု ညည်းလစာတွေကို ညည်းအဖေကို ပေးလိုက်မယ်နော်။ ညည်းက ဒီအိမ်မှာ နေရမှာဆိုတော့ တစ်ပြားမှကုန်မှာ မဟုတ်ဘူး။ တစ်ခုခုဆို ငါ့ဆီကိုဖုန်းဆက်။ ရှေ့'

မိစုက အင်းမလုပ် အဲမလုပ် မထုံတက်သေး ပုံစံနှင့်။

အိမ်အကူပွဲစား အစ်မက သူ့စလင်းဘက်အိတ်ထဲက တရုတ်ခလုတ်ဖုန်းလေးတစ်လုံးကို ထုတ်ကာ မိစုအား ပေးသည်။ ထိုအမျိုးသမီး ပြန်သွားသည်နှင့် ကြောင်တောင်တောင် ယောင်နန ကျန်နေခဲ့ရှာသော မိစုဆိုသည့် ကလေးမကို အားမငယ်စေရန် စကားစမြည်ပြောရပြန်သည်။

'ညီမလေး၊ အစ်မနာမည်က မာလာတဲ့။ အစ်မရဲ့ အမျိုးသားနာမည်က ကိုမင်း။ အစ်ကိုရင်း၊ အစ်မရင်းလိုပဲ သဘောထား။ ကိုယ့်အိမ်လို့ သဘောထား။ လုပ်စရာရှိတာလုပ်၊ စားစရာရှိတာ စားပေါ့အေ'

'ဟုတ်ကဲ့'

'ဒီအိမ်မှာ ညီမလေး လုပ်ရမယ့်အလုပ်က အစ်မထမင်းဟင်းချက်တဲ့အခါ ဝိုင်းကူရမယ်။ အဝတ်လျှော်တာကတော့ စက်နဲ့ပဲ လျှော်ရမယ်။ မောင်လေးနှစ်ယောက်ကို ကျောင်းကြို ကျောင်းပို့လုပ်ရမယ်။ မီးပူတိုက်ရမယ်။ အဲ့ဒီလောက်ပါပဲ။ လုပ်နိုင်ပါ့မလား'

'ဟုတ်ကဲ့'

'ငါ့သားနှစ်ယောက်ကတော့ အလိုလိုက်ထားတော့ နည်းနည်း ဆိုးကြတယ်။ နိုင်အောင်ထိန်းနော်။ ကိုယ့်မောင်လေးတွေလို သဘောထား'

မောင်က သားငယ်ကို ပွေ့ချီချော့မြှူနေရင်း ဝင်ပြောတော့ မိစုက မထုံတက်သေးမျက်နှာသေးဖြင့် မချိတရိုလေးပြုံးသည်။ သည်လိုနှင့် ကျွန်မတို့၏မိသားစုကမ္ဘာလေးထဲကို မိစုက ဝင်ရောက်လာခဲ့သည်။

❑

ကျွန်မတို့အိမ်သို့ မိစုရောက်လာပြီး တတိယနေ့။

'ခွမ်း'

'အမယ်လေး'

ရုံးသွားဖို့ ပြင်ဆင်ပြီး သားနှစ်ယောက်ကို သနပ်ခါးလိမ်းပေးနေစဉ် မီးဖိုချောင်ဘက်ဆီမှ ပန်းကန်ကျကွဲသံကြားရ၍ အမြန်ပြေးရသည်။ မီးဖိုချောင်၏ သမံတလင်းပေါ်၌ ပန်းကန်ပြားငါးချပ်က အထပ်လိုက် ကျကွဲနေသည်။ မိစုကတော့ သူ၏ ပင်ကို မထုံတက်သေး မျက်နှာပေးနှင့် အသက်မဲ့သော အေးစက်စက်စကားကို ဆိုသည်။

'ရေဆေးမလို့ အထပ်လိုက်မ,ရင်း ကျကွဲသွားတာ အစ်မ'

မင်္ဂလာဦး ပစ္စည်းတွေမို့ ကျွန်မ နှမြောမိသော်လည်း မိစုအရွယ်လောက်တုန်းက ကျွန်မကြောင့် ပန်းကန်ပြားတွေ အထပ်လိုက် ကွဲခဲ့စဉ် အမေပြောဖူးသော စကားတွေကို နားထဲမှာ ပြန်လည်ကြားယောင်လာမိသည်။ ထိုအချိန်က အမေက ကျွန်မကို ဆူတော့မည်ထင်ပြီး ကြောက်ဒူး တုန်နေခဲ့သည်။

'ဘယ်အလုပ်မဆို စ,လုပ်တဲ့အခါ အဆင်မပြေမှုနဲ့ အမှားတွေ ကြုံတတ်တယ် သမီး။ မမှားဖူးတဲ့လူဟာ အလုပ် မလုပ်ဖူးတဲ့လူပဲ။ အမှားကို မကြောက်နဲ့။ နောက်ပန်းကန်ဆေးရင် ဒီလို မဖြစ်အောင် သင်ခန်းစာယူ၊ အဲဒါအမြတ်ပဲ'

အမေက ကျွန်မကို ဆုံးမစကားပြောခဲ့စဉ်ကလေသံမျိုး၊ အပြုံးမျိုး ပုံတူယူပြီး…

'ဘယ်အလုပ်မဆို စ,လုပ်တဲ့အခါ အဆင်မပြေမှုနဲ့ အမှားတွေ ကြုံတတ်တယ် ညီမရဲ့။ မမှားဖူးတဲ့လူဟာ အလုပ် မလုပ်ဖူးတဲ့လူတဲ့။ အမှားကို မကြောက်နဲ့။ နောက် ပန်းကန်ဆေးရင် ဒီလို မဖြစ်အောင် သင်ခန်းစာယူ၊ နောက်ထပ်တော့ ထပ်မကွဲစေနဲ့တော့နော်'

ပန်းကန်ကွဲတွေကို အမှိုက်တောင်းထဲ ကောက်ထည့်နေသော မိစုက ကျွန်မ၏ မျက်ဝန်းတွေကို လှမ်းကြည့်သည်။ မိစု၏ မှိန်ဖျော့ဖျော့မျက်ဝန်းတွင် ကျွန်မ အဓိပ္ပာယ် မဖော်ပြနိုင်သော ခံစားမှု တချို့ ဖြတ်ပြေးသွားသည်။

'အရင် အိမ်တွေဆိုရင် ဒီလိုကျကွဲတာနဲ့ မိစုရဲ့ ဗိုက်ကို ဆွဲလိမ်ရင်လိမ်၊ မလိမ်ရင် ခေါင်းကို ခေါက်ပြီးသားပဲ…ဟီး…'

'ဟင် အရင်အိမ်တွေမှာ ဒီလို ဖြစ်ဖူးလျက်သားနဲ့ ပန်းကန်တွေ ထပ်ကွဲတာဆိုရင်တော့ မိစုရဲ့အလွန် ဖြစ်သွားပြီနော်။ သေချာဂရုစိုက်မှပေါ့'

'ဟုတ်ကဲ့ အစ်မ။ နောက် မဖြစ်စေရပါဘူး'

'အေးအေး လာ။ ပန်းကန်အသစ်တွေ သွားထုတ်ရအောင်'

'ဟုတ်ကဲ့အစ်မ'

❑

အိမ်ကို မိစုရောက်လာပြီး ငါးရက်မြောက်သောနေ့။ ထိုနေ့ညက ကျွန်မတို့မိသားစုနှင့်အတူ မိစုပါ ညစာစားပြီးချိန်တွင် မြန်မာဇာတ်ကားတစ်ကားကို ကြည့်နေကြချိန်ဖြစ်၏။

www.burmeseclassic.com

'မိန်းမ ငါ့နှာခေါင်းထဲ သျှော်နံ့ရတယ်နော်။ ဘာအိုးတည်ထားသေးလဲ'

ကျွန်မ နှာခေါင်းကို ပွစိပွစိလုပ်ပြီး အနံ့ခံကြည့်မိသည်။

'ဟုတ်တယ်မေမေ။ သားလည်း သျှော်နံ့ရတယ်'

သားကြီးကပါ သျှော်နံ့ရကြောင်း ထောက်ခံသည်။ ကျွန်မ၏ နှာခေါင်းထဲသို့ သျှော်နံ့က တိုးဝင်လာသည်။ တရားခံကို လိုက်ရှာလိုက်တော့ မီးပူတိုက်နေသည့် မိစုကို အိပ်ငိုက်လျက်သား တွေ့ရသည်။ ကျွန်မတို့မိသားစုက ဆိုဖာပေါ်ထိုင်ပြီး ကြည့်နေကြပေမဲ့ မိစုကတော့ ကြမ်းပြင်မှာ ထိုင်ကာ အဝတ်အစားတွေ မီးပူတိုက်ရင်း ဇာတ်ကားကြည့်နေခဲ့သည်။

တိုက်လက်စ မောင့်၏ ရှုးတက်ပုဆိုးမှာ မီးပူကျွမ်းနေပေပြီ။ မောင်က အပြေးအလွှားသွားကာ မီးပလတ်ကို ဖြုတ်လိုက်ရင်း…

'မိစု မိစု ထ ထ၊ မိစု'

'ရှင်'

သူ့အရှေ့က မီးကျွမ်းနေသော ပုဆိုးကိုမြင်တော့ မိစု၏ ခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားသည်။

'ရှင် လုပ်မနေနဲ့။ အလုပ်ကို သေချာလည်း မလုပ်ဘူး။ ဒီပုံစံနဲ့ဆို အလုပ်ထုတ်ပစ်လိုက်မယ်၊ နောင်ဒီလို မဖြစ်စေနဲ့'

မောင်ကတော့ ခပ်အေးအေးသမားမို့ အနည်းငယ်ဆူပြီး တီဗွီဆက်ကြည့်နေခဲ့သော်လည်း ကျွန်မ၏ စိတ်ထဲတွင် မိစုကို စပြီး သံသယဝင်လာခဲ့သည်။ မီးပူမတိုက်ခင် မီးအတိုးအလျှော့ ခလုတ်နံ့ပါတ်ကို နှစ်အထိသာ ကျွန်မက သေချာထားပေးခဲ့သော်လည်း မောင့်ပုဆိုး မီးကျွမ်းနေစဉ် ကြည့်မိတော့ ခလုတ်ကို ဂိတ်ဆုံးထိ တင်ထားသည်။

**မိစုက ကလေးကို ခွံ့တာကနည်းနည်း သူစားနေတာက များများဖြစ်သည် သားငယ်ကို ထမင်းသာခွံ့ပြီး ကြက်သားကြော်ကို သူ တစ်ယောက်တည်း စားနေသည် ကျွန်မတို့လင်မယား အိမ်မှာ ရှိတာသိလျက်နှင့် သည်လိုလုပ်နေလျှင် ကျွန်မတို့ ကွယ်ရာမှာဆိုရင် ဆိုဖွယ်ရာမရှိပေ**

'မိစု၊ ခလုတ်ကို ဘာလို့ အဆုံးထိ တင်ထားရတာလဲ။ နံပါတ်နှစ်နဲ့ပဲ တိုက်ရမယ်လို့ အစ်မ သေချာမှာထားတယ်လေ'

မိစုကတော့ ထုံးစံအတိုင်း၊ မထုံတက်သေး မျက်နှာပေးနှင့်…

'ဟို…ဟိုဟာ…အိပ်ငိုက်ရင်း တင်မိသွားတာထင်တယ်အစ်မ၊ နောက် မဖြစ်စေရပါဘူး အစ်မ'လို့ ပြောပြန်သည်။

❑

မိစုသည် တချို့အရာတွေကို တမင်လုပ်နေသလားထင်ရအောင် နမော်နမဲ့နိုင်လွန်းလှသည်။ ပန်းကန်တွေ ခဏခဏ ကျကွဲသည်။ အဝတ်တွေကို အဝတ်လျှော်စက်ထဲ ဆပ်ပြာမထည့်ဘဲ ရေနှင့်ချည်း လျှော်သည်။ ကျွန်မ မအားသည့်နေ့တွင် မိစုကို မီးဖိုချောင်ဝင်ခိုင်းလျှင် ထမင်းတွေကို ပျော့လိုက်မာလိုက် ချက်သည်။ ဟင်းတွေကို ပေါ့လိုက်၊ ချိုလိုက်၊ ငန်လိုက်၊ စပ်လိုက်နှင့် တစ်နေ့တစ်မျိုး မရိုးနိုင်အောင် လက်စွမ်းပြသည်။ မိစုက ကျွန်မကို တစ်နေ့တစ်မျိုး မရိုးရအောင် စိတ်အနှောင့်အယှက်ပေးသည်။ မိစု၏အကြောင်းကို မောင်နှင့်တိုင်ပင်ဖြစ်တော့

'တစ်လလောက်တော့ သင်ပေးရင်း စောင့်ကြည့်ပါဦးကွာ။ ကလေးအရွယ်သာသာမို့ မောင်တို့ စိတ်ရှည်ပေးကြတာပေါ့။ အဆင်မပြေတော့လည်း ဘယ်တတ်နိုင်မလဲ။ အိမ်အကူအသစ် ထပ်ရှာကြတာပေါ့'ဟု ပြောရှာသည်။ မိစုကို အစစအရာရာ အားလုံး လက်ထပ်ပြီး သင်ကြားပေးရသည်။ ထိုအခါ မိစုသည် အိမ်မှုကိစ္စအားလုံးကို နိုင်နင်းနေပြန်သည်ကို သတိထားမိသောကြောင့် ကျွန်မ အံ့အားသင့်ရပြန်သည်။

❑

ကျွန်မတို့အိမ်ကို မိစု ရောက်လာပြီး ဆယ့်ငါးရက်မြောက်သောနေ့။

ထိုနေ့က ရုံးပိတ်ရက်ဖြစ်သော်လည်း မောင်နှင့် ကျွန်မတို့ မဂ်လာဆောင်တစ်ခုသို့ သွားရသည်။ မင်္ဂလာဆောင်မှအပြန် နီးစပ်ရာ စူပါမားကတ်တစ်ခုသို့ဝင်ကာ အိမ်အတွက် လိုအပ်နေသည့် ပစ္စည်းများကို ဝင်ဝယ်ကြသည်။ မိစုအတွက်ပါ တစ်ကိုယ်ရေသုံးပစ္စည်းများ ဝယ်ဖြစ်ခဲ့သည်။ မိစုလည်း အပျိုဖော်ဝင်စမို့ လှချင်ပချင်နေမှာပဲဟူသော အတွေးနှင့် ဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အိမ်ပြန်ရောက်တော့ ဗီရိုထဲမှ အဝတ်အစားဟောင်းများကို လိုက်ရှာရသည်။ အဝတ်အစားအဟောင်းဆိုပေမဲ့ ကျွန်မ အပျိုတုန်းက ဝတ်ခဲ့သည့် အဝတ်အစားများဖြစ်ပြီး တချို့မှာ အသစ်အတိုင်းပင် ရှိသေးသည်။

မိစုကို အဝတ်အစားနှင့် တစ်ကိုယ်ရေသုံး ပစ္စည်းတွေ ပေးဖို့ လိုက်ရှာရသည်။ ထမင်းစားခန်းထဲတွင် မိစုက သားငယ်ကို ထမင်းခွံ့နေသည်။ မိစုက ကလေးကို ခွံ့တာကနည်းနည်း သူစားနေတာက များများဖြစ်သည်။ သားငယ်ကို ထမင်းသာ ခွံ့ပြီး ကြက်သားကြော်ကို သူတစ်ယောက်တည်း စားနေသည်။ ကျွန်မတို့လင်မယား အိမ်မှာရှိတာ သိလျက်နှင့် သည်လိုလုပ်နေလျှင် ကျွန်မတို့ ကွယ်ရာမှာ ဆိုရင် ဆိုဖွယ်ရာမရှိပေ။ ကျွန်မ၏စိတ်ထဲ ဒေါသက ထောင်းခနဲ ဖြစ်သွားကာ…

'မိစု'

ကျွန်မ ရောက်နေတာကို သိပုံပေါ်သော်လည်း မိစုက တုန်လှုပ်သွားခြင်းမရှိပါ။ ထုံးစံအတိုင်း မထုံတက်သေး မျက်နှာပေးနှင့် ပြန်ကြည့်သည်။

'ညည်းကို ငါတို့က အငတ်ထားနေလို့လား။



www.burmeseclassic.com

www.burmeseclassic.com

ညည်း ငါတို့အိမ်ကို ရောက်လာကတည်းက ငါတို့မိသားစုဝင်လို့ ဆက်ဆံခဲ့တာပဲအေ။ ငါ့မှာ ညည်းကို ညီမချင်း ကိုယ်ချင်းစာပြီး သံယောဇဉ်ထားလိုက်ရတာ၊ ညည်းကတော့ ငါတို့အပေါ်ကို စေတနာမထားဘူး။ အီး…ဟီး…ဟီး…'

မိစုကို အော်ရင်း ကျွန်မ၏ ပါးပြင်မှာ မျက်ရည်တွေ စီးကျလာသည်။

'ညည်းကတော့ ပြဿနာတွေ တစ်ခုပြီးတစ်ခု တမင်လုပ်နေသလိုပဲ။ ညည်း တမင်တကာ လုပ်နေတာ ငါသိတယ်အေ့။ ဘယ်အချိန်မှာများ အချိုးတွေပြောင်းမလဲ စောင့်ကြည့်နေတာ။ ဒီပုံစံနဲ့ဆိုရင် ညည်း ငါတို့အိမ်မှာ မနေနဲ့တော့'

မိစုက ထမင်းပန်းကန်ကို စားပွဲခုံ ပေါ်တင်ရင်း…

'သားငယ်ကို ထမင်းခွံ့ရင်း ဗိုက်ဆာလာလို့ စားမိတာပါအစ်မ။ နောက် မဖြစ်စေရပါဘူး အစ်မ'

'ညည်းအေ ပြောလိုက်ရင် ဒီလိုချည်းပဲ'

'ဒီတစ်ခါ တကယ်ပါ အစ်မရယ်၊ နောက် ဒီလိုမျိုး လုံးဝ မဖြစ်စေရပါဘူး အစ်မ'

'မမကို ချစ်လို့ သားသားက စားခိုင်းတာပါမေမေရဲ့'

မိစု၏ ရင်ခွင်ထဲမှ သားငယ်က လှမ်းအော်သည်။ သားငယ်၏ စကားသံကို ကြားရတော့ ထွက်လာသည့် ဒေါသကို အတတ်နိုင်ဆုံး ထိန်းပြီး ငိုမဲ့မဲ့ဖြစ်လာသော မိစုကို နစ်နစ်နာနာစကားတွေ ဆက်မပြောဖြစ်ခဲ့တော့ပါ။ စိတ်ထဲမှာတော့ တစ်လပြည့်သည်အထိ စောင့်ကြည့်ပြီး ပုံစံမပြောင်းပါက အိမ်အကူအသစ်ထပ်ရှာဖို့သာ ဆုံးဖြတ်ထားလိုက်သည်။ ထွက်ပေါ်ထားသည့် စေတနာကို အပျက်မခံတော့ဘဲ မိစုအတွက် ဝယ်လာသည့် ပစ္စည်းများနှင့် အဝတ်အစားများကို မိစုဆီ လှမ်းပေးမိသည်။

'ရော့ ညည်းအတွက် ဝယ်လာတာ တစ်ကိုယ်ရေသုံး ပစ္စည်းတွေ။ ဟိုဂွမ်းထုပ်က ညည်း မမွှတာလာရင် သုံးဖို့။ ပါတိတ်ဝမ်းဆက်တွေကလည်း ငါအပျိုတုန်းက နှစ်ခါသုံးခါလောက်ပဲ ဝတ်ဖူးတာ'

မိစုက ဂွမ်းထုပ်ကို မသုံးဖူးကြောင်း ပြောသောကြောင့် သုံးပုံသုံးနည်း သေချာပြပေးရင်း ထွက်နေတဲ့ ဒေါသတွေပင် ပျောက်ကွယ်သွားပြီး သနားလာမိပြန်သည်။ မိခင်၏ ရင်ခွင်နှင့် ငယ်စဉ်ကတည်းက ဝေးကွာခဲ့သော မိစုကို သင်ကြားပေးရမည့် အရာတွေက အများကြီး ရှိသေးပါလားဟု တွေးမိပြန်သည်။

'ကျေးဇူးပါ အစ်မရယ်။ မိစုလေ ပါတိတ်ဝမ်းဆက် အရမ်းဝတ်ချင်ခဲ့တာ။ အရင်အိမ်တုန်းက မမလေးရဲ့ ပါတိတ်ဝမ်းဆက် ခိုးဝတ်ကြည့်တာ မိလို့ အရိုက်ခံရသေးတယ်'

ပါတိတ်ဝမ်းဆက်တွေကို အငမ်းမရကြည့်ပြီး ပျော်ရွှင်နေသော မိစု၏ မျက်နှာက ကျွန်မကိုလည်း ဝမ်းသာစေပါသည်။

❑

အိမ်သို့ မိစုရောက်လာပြီး ဆယ့်ငါးရက်နောက်ပိုင်းတွင်တော့ ကျွန်မတို့၏ မိသားစုနှင့် မိစုက သဟဇာတ ဖြစ်လာခဲ့ပြီထင်ပါသည်။ မိစု မဟုတ်တော့ဘဲ လူသစ်တစ်ယောက် ထပ်ရောက်လာသည်ဟု ထင်ရအောင်ပင် အစစအရာရာ ပြောင်းလဲသွားသည်။ သူ ပြုလုပ်ခဲ့ဖူးသော အမှားတွေကို ထပ်မတွေ့ရတော့ပါ။ မိစု၏ ရုတ်တရက်ပြောင်းလဲမှုများကို ကျွန်မနှင့် မောင်တို့ အထူးတလည် အံ့သြခဲ့ရသည်။ သူ၏ မှုပိုင် မထုံတက်သေး မျက်နှာက တဖြည်းဖြည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။ အချက်အပြုတ်၊ အလျှော်အဖွပ်၊ ကလေးကျောင်းကြို ကျောင်းပို့၊ မီးပူတိုက်၊ ဈေးသွားရသည့် ကိစ္စအားလုံးကို ကျွန်မ ကူစရာမလိုအောင်ပင် မိစုက နိုင်နင်းသည်။ ထို့အပြင် မိစုက သားနှစ်ယောက်စလုံး၏ ကစားဖော်ကစားဖက်ပါ ဖြစ်သေးသည်။ သားနှစ်ယောက်စလုံးကလည်း မိစုကို 'မမ၊ မမ' နှင့် ခင်တွယ်လာကြသည်။ ကျွန်မတို့၏ မိသားစုလေးမှာ ပျော်ရွှင်စရာအတိ ဖြစ်နေပေသည်။

မိစုသည် တချို့သော ညတွေတွင် သူ့ဖုန်းလာလျှင် ကျွန်မတို့နားမှ အမြန်ထကာ ခြံထောင့်တွင် တီးတိုးတီးတိုး သွားပြောတတ်သည်။ မိစုကို ဈေးသို့ တစ်ယောက်တည်း လွှတ်တာများ ကျွန်မအမှား ဖြစ်သွားပြီလား။ မိစုက အပျိုသင်ခါစအရွယ်မို့ ချစ်သူရည်းစားတွေများ ရနေတာလား။ ခြံထောင့်မှ မိစုဖုန်းပြောပြီး အိမ်ထဲသို့ ပြန်အဝင်လာ…

'မိစု အစ်မကို မှန်မှန်ပြောစမ်း။ ညည်း ရည်းစားရနေတာလား။ ညည်းက ကလေးပဲ ရှိသေးတာနော်။ အဲကိစ္စတွေကို စိတ်မဝင်စားနဲ့ဦး'

မိစုက လက်တကာကာနှင့် ပျာပျာသလဲ ငြင်းရှာသည်။

'မဟုတ်ပါဘူး အစ်မရဲ့။ အိမ်က ညီမလေး နှစ်ယောက်ကို လွမ်းလို့ ဖုန်းဆက်တာပါ။ မိစုဖုန်းက စပီကာပိတ်ထားလည်း ဖုန်းသံက အကျယ်ကြီးထွက်တော့ အစ်မတို့ကို အားနာလို့ပါ'

ဟုတ်ပါရဲ့။ မိစုမှာ အရက်သမား အဖေအပြင် ညီမနှစ်ယောက် ရှိသေးတာကို ကျွန်မ မေ့လျော့နေသည်။

'လွမ်းရင် ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ အိမ်ခဏပြန်လေ'

'မပြန်တော့ပါဘူး အစ်မရယ်'

'ဟင်… ဘာဖြစ်လို့လဲ'

မိစု၏ မျက်ဝန်းတွေက မျက်ရည်တွေ ဝိုင်းလာသည်။ မိစုက ကျွန်မ၏ အကြည့်ကို ရှောင်ဖယ်ကာ ခေါင်းငုံ့ရင်း…

'အိမ်ပြန်လည်း အမူးသမားအဖေကို မြင်ရရင် မိစု စိတ်ညစ်လို့'

'အို မိစုရယ်၊ မမ စိတ်မကောင်းပါဘူး'

'ရပါတယ် အစ်မရဲ့၊ မိစုမှာ မမတို့ မိသားစု ရှိနေတာပဲ။ ဒီအိမ်မှာ နေရတာ မိစု ပျော်ပါတယ်။ အစ်မနဲ့ အစ်ကိုကို မိစု ချစ်တယ်၊ ဒီအိမ်က မောင်လေးနှစ်ယောက်ကိုလည်း မိစု ချစ်တယ်'

မိစု၏ မျက်ဝန်းများက အဖြူထည်ဖြစ်သောကြောင့် မိစု၏ ပြောစကားများကို



www.burmeseclassic.com

www.burmeseclassic.com

အကြွင်းမဲ့ ယုံကြည်မိခဲ့ပါသည်။

❑

မိစု ကျွန်မတို့အိမ်သို့ ရောက်လာပြီး တစ်လပြည့်သောနေ့။

သည်နေ့က ရုံးပိတ်ရက် ဖြစ်သောကြောင့် ကျွန်မတို့ မိသားစုအားလုံး အိမ်၌ စုံစုံလင်လင် ရှိနေကြသည်။ အိမ်သန့်ရှင်းရေးကို မိစုနှင့်အတူ လုပ်ဖြစ်ကြသည်။ သည်နေ့ မိစု၏ အမူအရာတွေက အတော်လေးပင် ပျက်ယွင်းပြီး ဂနာမငြိမ်ဖြစ်နေတာကို ကျွန်မ သတိထားမိသည်။ ကြက်မွေးနှင့် တီဗွီမှန်သားပြင်ကို ဖုန်သုတ်နေပေမဲ့ မိစု မျက်နှာက သူ၏ဖုန်းတင်ထားရာ စားပွဲပေါ်သာရောက်နေသည်။

'မိစု၊ ညည်းကြည့်ရတာ တစ်ခုခုပဲ။ ဘာဖြစ်နေတာလဲ၊ ဘာပြဿနာ ရှိလို့လဲ'

'ဘာမှ မဖြစ်ပါဘူး အစ်မ'

ထိုအချိန်တွင် မိစု၏ ဖုန်းလေးက အသံထ,မြည်သည်။ မိစုက ဖုန်းကို ယူရင်း··

'အစ်မ၊ ဟင်းနွေးထားတာ မိစု သွားကြည့်လိုက်ဦးမယ်နော်'ဟုပြောကာ အပြေးအလွှား သွားသည်။ ကျွန်မ၏ စိတ်ထဲ မိစုကို မသင်္ကာ၍ အနောက်ကနေ တိတ်တိတ်လေး လိုက်သွားဖြစ်သည်။ မီးဖိုချောင်၏ ထောင့်ထဲ၌ မိစုက မီးဖိုချောင်တံခါးကို ကျောပေးထိုင်ကာ ဖုန်းပြောနေသည်။

'ဒီအိမ်ကနေ ဒီလအလုပ်ထွက်လို့ မရဘူးအဖေ'

မိစုက ခပ်တိုးတိုး ပြောနေပေမဲ့ သူမ၏ ခလုတ်ဖုန်းထဲက ယောကျ်ားသံကြီးက ဟိန်းထွက်လာသည်။

'ဟမ် ခွေးမ။ ငါပြောသလိုတွေ မလုပ်ဘူးလား'

'လုပ်ပါတယ် အဖေ။ ဒါပေမဲ့ အစ်ကိုနဲ့ အစ်မက အရမ်းသဘောကောင်းတယ်'

'တောက်···။ မိစု မှတ်ထားစမ်း။ နင်က ငါကမွေးလို့ လူဖြစ်လာတာ။ ငါပြောသလို ပြဿနာတွေ တစ်မျိုးပြီးတစ်မျိုးလုပ်ပါဆိုတာ နင်မလုပ်လို့နေမှာပေါ့'

'လုပ်တယ်အဖေ။ ဒါပေမဲ့ အစ်ကိုနဲ့အစ်မက သမီးကို သူတို့သမီးလိုပဲ ဆက်ဆံကြတာ။ အရင်အိမ်ကလူတွေလို မိစုကို မရိုက်ကြဘူး။ မိစုကို အဝတ်အစားတွေလည်း ဝယ်ပေးတယ်။ မိစု ဒီအိမ်မှာနေရတာ အရမ်းပျော်တယ်။ သမီး သူတို့ကို ချစ်တယ်။ ဒီအိမ်မှာပဲ ဆက်နေချင်တယ်'

'ခွေးမ။ နင်က ရာရာစစ အတွန့်တက်နေပါလား။ နင့်အောက်က ညီမနှစ်ယောက်တောင် အလုပ်က ထုတ်ခံရလို့ နောက်တစ်အိမ် ရောက်နေပြီ။ ခွေးမ··။ နင်ပဲ ကျန်တယ်။ ဒီည ငါ နင့်ကို လာဆွဲထုတ်ရမှာလား။ အိမ်ရှင်တွေက နင့်ကို အလုပ်ဖြုတ်အောင် နင့်ဘာသာလုပ်မှာလား စဉ်းစား။ နင် အိမ်ပြန်လာမှ ဓားနဲ့ပိုင်းပြီး ခွေးစာကျွေးပစ်မယ်။ ငါ···'

မိစု၏အနားကို ကျွန်မ ဘယ်လိုရောက်သွားသလဲ မသိခဲ့ပါ။ ဆံနည်းပေါင်းစုံနှင့် သမီးဖြစ်သူကို ဆဲနေသော စကားသံများကြောင့် မိစု၏ လက်ထဲမှ ဖုန်းကိုယူပြီး ပါဝါပိတ်ပစ်လိုက်သည်။

'ဟင် အစ်မ···အဟင့်အဟင့်'

မိစုက ကျွန်မ၏ ရင်ခွင်ထဲ တိုးဝင်ကာ တအိအိ ရှိုက်ငိုနေသည်။

'မိစု အစ်မကို ပြောပြစမ်း။ အဲ့ဒါ ပထွေးလား'

မိစုက ခေါင်းခါယမ်းသည်။ နှာခေါင်း တရှုပ်ရှုပ်လုပ်ရင်း ကျွန်မ မကြားချင်သော အဖြေကို ပေး၏။

'အဖေရင်းပါ အစ်မ'

'ဟာ···'

မိစု၏ ရင်ထဲ၌ သိမ်းဆည်းထားရသည့် စကားလုံးများက ဆည်ရေကျိုးသည့်အလား တားမရဆီးမရ ထွက်ပေါ်လာတော့သည်။

'ဒီအိမ်ကို လိုက်ပို့ပေးတဲ့ ဒေါ်မိုးနိုင်က အဖေ့ရဲ့ နောက်မိန်းမ၊ မိစုတို့ ညီမတစ်တွေရဲ့ မိထွေး။ မိထွေးက မြှောက်ပေးတာနဲ့ မိစုတို့ ညီမသုံးယောက်ကို ကျောင်းထွက်ခိုင်းပြီး အိမ်ဖော်လုပ်ခိုင်းတယ်။ အိမ်ရှင်ဆီက လစာသုံးလစာနဲ့ ပွဲစားခ တစ်လစာ ယူပြီး သူတို့ကအိမ်မှာ ပျော်နေကြတာ။ မိစုတို့ ညီမတွေကို အိမ်ရှင်မကြိုက်အောင် အလုပ်တွေ တလွဲလုပ်ခိုင်းတယ်။ ‘တစ်လမပြည့်ခင် အိမ်ရှင့်ဘက်ကနေ အလုပ်ထုတ်အောင် လုပ်ခိုင်းတာ။ အိမ်ရှင်က အလုပ်ထုတ်တာနဲ့ နောက်တစ်အိမ်ပြောင်းပို့တာ၊ အီး···ဟီး···ဟီး···'

'အို ဘုရား ဘုရား၊ အဖေရင်းမှ ဟုတ်ပါလေစ'

မိစုကို ခပ်တင်းတင်း ဖက်ရင်း'လူမဆန်တဲ့ လူရိုင်းလင်မယားတွေ'ဟု ပျစ်ပျစ်နှစ်နှစ် တွေးမိသည်။

'မိစုရယ်၊ ညီမလေးရယ်။ ကံဆိုးရှာတဲ့ ငါ့ညီမလေးရယ်'

မိစုက ကျွန်မ၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ တအိအိ ရှိုက်ကာ ငိုနေသည်။ မှတ်မှတ်ရရ သည်နေ့က မိစု ကျွန်မတို့အိမ်ကိုရောက်တာ တစ်လပြည့်သည့်နေ့ ဖြစ်သည်။ 'မငိုပါနဲ့ကွယ်'ဟူ၍ ကျွန်မ မတားမိပါ။ 'မိစုရေ ငိုချလိုက်။ ထိန်းချုပ်ခဲ့ရတဲ့ မျက်ရည်တွေ ကုန်ခန်းသွားတဲ့ အထိသာ ငိုချလိုက်ပါ'။ မိစု၏ ကျောပြင်ကို ပွတ်သပ်အားပေးရင်း ကျွန်မ၏ ပါးပြင်မှာလည်း မျက်ရည်စတွေ စီးကျနေသည်။ သည်အချိန်မှာ မိစုက မဖြစ်မနေ အလုပ်ထွက်မည်ဆိုရင်လည်း ကျွန်မဘက်က ခွင့်ပြုမိမည်သာ။ မိစု၏ အဖေက ပြန်ခေါ်ချင်ပေမဲ့ ကျွန်မတို့အိမ်၌ မိစုက ဆက်နေဦးမည်ဆိုလျှင်လည်း နောက်ထပ် နှစ်လထိ ကျွန်မဘက်က ဆက်ခေါ်ထားခွင့်ရှိသည်။ ထိုနှစ်လကို ကျော်လွန်ခဲ့လျှင်တော့···။

ကျွန်မဆက်ပြီး မတွေးတတ်တော့ဘဲ မိစုကိုသာ ခပ်တင်းတင်း ထပ်ဖက်ထားလိုက်သည်။ မိစုက ကျွန်မ၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ တအိအိ ရှိုက်ကာ ငိုနေဆဲ။ ကျွန်မ၏ ရင်ခွင်သည် သည်ခဏမှာတော့ သူ့အဖေ၏ ရင်ခွင်ထက် နွေးထွေးလုံခြုံနေမည်ဟု ယုံကြည်မိပါသည်။

❑

**ဟာမ်စိုင်း၊ခေး-မန်း၊**



www.burmeseclassic.com

www.burmeseclassic.com

# ကားဝါသရုပ်ဆောင်သင်တန်းရဲ့ ုးဆက်သစ်လေး

# 'ရွှေမှုန်ရတီ'

**8 Days Interview မှ**



**ရွှေမှုန်ရဲ့အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။**

အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာဌွန်းလွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရိုးလျှောက်တာလည်း ရှိသေးတယ်။

**ဇာတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။

ယခုနွေဦးအထူးပညာဒါန
သရုပ်ဆောင်(အခြေခံ)
သင်တန်းသို့
တက်ရောက်လိုသူများ
ဆက်သွယ်တက်ရောက်
နိုင်ပါပြီ။

ရွှေပုပ္ပါးဦးအုံးခိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း
အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၃၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လျောသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)
Browser ... facebook.com

www.burmeseclassic.com

www.burmeseclassic.com

# စိုးညွန့်ဝေ
## (လှိုင်မောက်)

# ဒေါက်တာချတ်မြ၏ ကျောင်းဆင်းများ

(ရှိခါနီး)
'သူမပြောင်လျှင် ခေါင်ကျွန့်လို့၊
ကြောင်စိုတဲ့လူပါ။
ရှောင်မရှိ့ အကျောက်ဆောင်ခလျှင်၊
နောက်မောက်ပါ သံချောင်း။
ပျော့မယ်ပ ညီလျှယ်လျှင်၊
ရွှေဆီမယ်ရှက်တဲ့ ဂဆောင်း။
အိုးတောင်ကာ ပုံပိန်ပိန်၊
ရွှံ့လိမ်လိမ် ခလောင်း။
သူရှိလျှင် ကြီးချောင်းပ၊
ညာထံတခေါင်းခေါ်မှု၊
တဆောပင်ထိပ်ဖျားကား၊
ကြက်ဟင်းခါးသီးနိုင်တဲ့သူ။
သူမညီကာ မှောင်ကွမယ်၊
သူမြူလျှင် မြူကျင်းပ၊
ကြွင်ရှုး ကြွင်မယ်ဆို၊
ကိုးဆာမထောက်ပို။
ဆိုးကြွေ့ တတယ်ဆိုလျှင်၊
တာပြန်လိုက် လုပ်နိုင်ငှားမယ'
ဗလဉ်ပုည
(ပုဇွန်ဖြူ့ခေါ်တာထပ်)

၁။
'ဟော...ငါ့ကိစ္စတို့ရှင်
သူများနဲ့တူတာ
မဟုတ်ဘူးလို့
ပြောထားလျှက်သားနဲ့။
အေး တွေ့ကြပြီပေါ့ကွာ'
'မြန်း...မြန်း...မြန်း'
'အမယ်လေး
ကြောက်ပါပြီ အမေ့ရဲ့၊
အီး ဟီးဟီး။ နောက်ကို
ချောင်းထဲ ရေ
ဆင်းမချိုးတော့ပါဘူးရှု'
ကျွန်တော်ကလည်း
ကျွန်တော်။
မိကျောင်းနေသလို့မျှား
ဝင်စားသလားမသိ။
မိုးရာသီ
ရေစီးသန်လှသည့်
ဘီလူးချောင်းကို
မြင်ရလျှင် မဆီးဘဲ



၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မနေနိုင်။ ခုလည်း ညနေကျောင်းဆင်း အိမ်ကို အပြန် စိမ်းလဲ့သော ရေအလျဉ်နှင့် လှ ချင် တိုင်း လှ နေသည့် ဘီလူးချောင်းထဲ အဖော် တစ်သိုက်နှင့် ရေဆင်းကူးကြသည်ကို အဖေသိသွားပြီး ဝါးခြမ်းပြားစာ မိသွားရခြင်းဖြစ်သည်။

ခြေသလုံးကော့အောင် ငါးချက်လောက် အဆော်ခံရပြီး နောက်မှာတော့…

'သွား…စာကျက်တော့။ ဒီညတော့ စာမရ မချင်း အိပ်မယ်မကြံနဲ့။ နောက်တစ်ခါ ချောင်းထဲထပ်ဆင်းရင် ဒီ့ထက်မက နာမယ်။ ငါ့ဒေါသက သူများနဲ့ တူတာ မဟုတ်ဘူး…ဟင်း' ဟု မာန်လွှတ်သည်။

ကျွန် တော် က တော့ အဖေ့ရှေ့မှ မြန်မြန်သွားရရင် ပြီးရော။ မျက်ရည်စက်လက်နဲ့ပင် စာကြည့်စားပွဲ ပြောင်းထိုင်သည်။ မကြာမီ အမေ လိုက်လာပြီး ခြေသလုံးမှ အရှိုးရာများကို ပရုတ်ဆီ လာလူးပေးသည်။ ထိုအခါကျမှ ပို၍ ဝမ်းနည်းလာကာ ရှိုက်သံ ထွက်လာရသည်။

'ဟွန်း…ခုမှ ငိုမနေနဲ့၊ ကိုယ့်အဖေဒေါသအကြောင်း သိသားနဲ့၊ သူများနဲ့ မတူဘူးဆိုတာ'

အမေက ဆေးလိမ်းပေးရင်း မျက်စောင်းထိုးလေသည်။

နောက်တစ်နေ့ ကျောင်းရောက်တော့ မနေ့က ရေဆင်းကူးခဲ့ကြသော သူငယ်ချင်းတွေ အားလုံး၏ ခြေသလုံးတွေ၊ တင်ပါးတွေမှာလည်း အရှိုးရာကိုယ်စီနှင့် ဖြစ်နေကြသည်။

ဟော့…
ငါ့စိတ်တိုရင်
သူများနဲ့တူတာ
မဟုတ်ဘူးလို့
ပြောထားလျက်သားနဲ့
အေး
တွေ့ကြပြီပေါ့ကွာ

သူများနဲ့မတူဘူးဆိုသော အဖေ့ဒေါသက အခြားသူတွေ၏ အဖေတွေ ဒေါသနှင့် အတူတူပါပဲလားလို့ တွေးလိုက်မိသေးသည်။

ပြန်တော့ မပြောရဲပါ။ တော်ကြာ 'ငါ့ဒေါသက သူများနဲ့တူတာ မဟုတ်ဘူး' ဆိုပြီး ဝါးခြမ်းပြားစာ ထပ်ကျွေးနေမှဖြင့်…။

❑

၂။

'တို့အချစ်က သူများနဲ့ မတူရိုး အမှန်ပါ အေး ရေ…'

ရေးရင်းက တစ်ချက် ငိုင်သွားရသည်။ ဟုတ်သည်။ အေးကို ကျွန်တော် သိပ်ချစ်သည်။ သူတကာနှင့် မတူသော ချစ်ခြင်းဖြင့် နှစ်နှစ်ကာကာ ချစ်မိသည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်သည်။ မိမိ၏ အချစ်ကို ပုံဖော်ဖို့ သူများတကာနှင့် ဘာတွေများ ကွဲပြားခြားနားနေသလဲ ပြန်စဉ်းစားရသည်။

(၁) အချက်- အေးကို တွေ့လျှင် ကျွန်တော့် ရင်ခုန်သံ ပုံမှန်မဟုတ်တော့။ ရင်ဘတ်ထဲ ကျောင်းက ဘင်ခရာတီးဝိုင်းကြီး လှည့်နေသလို ခံစားရသည်။

(၂) အချက်- အေးကို ချစ်မိပြီဟု ကိုယ့်ကိုယ်ကိုယ် သိလိုက်သည့်နေ့မှစ၍ အိပ်ပျက်ညတွေ များလာသည်။ ကျောင်းစာထဲ သိပ်အာရုံ ဝင်မစားချင်တော့။ ဝင်သက်ထွက်သက် ရှူလိုက်သံသည်ပင် 'အေး'ဟု မြည်နေသည်ဟု ထင်ရသည်။

(၃) အချက်- အေးကို တကယ်တမ်း အပြင်မှာ ရင်ဆိုင် တွေ့မိလျှင်ပင် မရိုးသားစိတ်ကြောင့် မျက်နှာချင်း မဆိုင်ရဲ ဖြစ်ရပြန်သည်။ အေးနှင့် မျက်ဝန်းချင်း တဒင်္ဂဆုံမိလျှင်ပင် နှလုံးသားတစ်ခုလုံး နွေးခနဲ ဖြစ်သွားသော်လည်း ခြေဖျား လက်ဖျားတွေက အေးစက်သွားတတ်သည်။

(၄) အချက်- အေး တခြားယောကျ်ားလေးတစ်ယောက်နှင့် စကားစ မြည် ပြောနေသည်ကို မြင်ရလျှင် နှလုံးသားကို ဓားနှင့် လာလာခြစ်သလို ခံစားနာကျင်ရသည်။ စကားပြောရင်းက အေး ရယ်မောလိုက်လျှင် ကျွန်တော် တိတ်တိတ်ကလေး မျက်ရည်စို့ရသည်။

(၅) အချက်- ရင်ခုန်၊ ကြည်နူး၊ ဆွတ်ပျံ့၊ လွမ်းတ၊ စိုးရိမ်၊ ကြောင့်ကြ၊ ကြေကွဲ၊ နာကျင် စသည့် ခံစားဖြစ်တည်မှု ဟူသမျှတို့သည် အေးကြောင့်ဟု အဖြေထွက်နေသည်။ ထိုမျှလောက် နှလုံးသားတစ်ခုလုံးကို စိုးမိုးနိုင်သော မိန်းကလေးမျိုး မရှိနိုင်တော့ဟု ယုံကြည်သည်။

(၆) အချက်…

(၇) အချက်…

(၈) အချက်…

(၉) အချက်…

'ဟာ…မင်းအချစ်က သူများနဲ့မတူဘူးဆိုလို့ ဖတ်လိုက်ရတာ။ ငါ မြမြဝင်းကို ချစ်တဲ့ အချစ်နဲ့ ဘာမှ မထူးခြားပါဘူး။ ငါလည်း မြမြဝင်းနဲ့ ပတ်သက်လာရင် မင်းရေးထားတဲ့အတိုင်း ဖြစ်တာပါပဲ'

'ဟုတ်ပကွာ၊ ငါ သရဖီမျိုးကို ချစ်တုန်းကလည်း မင်းရဲ့ အေးကိုချစ်တဲ့ အချစ်မျိုးနဲ့ တစ်ထပ်တည်း ခံစားခဲ့ရတာပါ'

သူငယ်ချင်းတွေကို ပထမဆုံးရေးဖူးသော ရည်းစားစာလေး ပေးဖတ်လိုက်ကာမှ တော်တော်လေး ခေါင်းရှုပ်သွားရသည်။ သည်စာကို ဖတ်လိုက်ရလျှင် အေး လက်ခံနိုင်ကောင်းလိမ့်ဟူသော မျှော်လင့်ချက်ကလေးကလည်း ကြက်ပျောက် ငှက်ပျောက်။

သည်လိုနှင့်ပဲ ဆယ်တန်း ပညာသင်နှစ်တစ်လျှောက်လုံး သည်ချစ်ခွင့်ပန်လွှာလေး အေးကို မပေးဖြစ်တော့ဘဲ ဟိုချောင်ထိုး၊ သည်ချောင်ထိုးနှင့် နောက်ဆုံး ပျောက်ချင်းမလှ ပျောက်သွားခဲ့ရလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

၃။

'ကျုပ်က လူတစ်မျိုး ဗျ'

စကားတစ်ခွန်းပြောမည်ကြံတိုင်း ပြောနေကျစကားကို အပ်ကြောင်းထပ်နေသည့် ရှေ့မှ ကျူရှင်ဆရာကို ကျွန်တော် သေသေချာချာ ကြည့်နေမိသည်။

'တစ်နေ့က ပိုင်းတစ်ခု သွားသင်တယ်ဗျာ။ ခင်ဗျား သိပါတယ်။ ဟိုဘက်ကမ်းမှာ ဖွင့်ထားတဲ့ ဟိုတယ်ပိုင်ရှင်ရဲ့ သမီးလေ။ မနှစ်က ရန်ကုန်မှာ သွားဖြေတာ ကျလို့ ဒီနှစ် အိမ်မှာ တစ်ယောက်တည်း ပိုင်းတာ။ အဲ့ဒါဗျာ… ကျောင်းသူက ရေချိုးနေလို့ ကျုပ်ကို အပြင်မှာ ခဏစောင့်ပါဦးဆိုတာနဲ့ ချက်ချင်း ပြန်ထွက်လာလိုက်တယ်။ ဘယ့်နှယ်ဗျာ၊ ဆရာကို သူတို့ အိမ်က လစာပေးနိုင်းတဲ့ အလုပ်သမား အောက်မေ့နေတယ်တူပါရဲ့။ ကျုပ်ကလည်း သိက္ခာနဲ့ ပတ်သက်ရင် အစွန်းထင်းခံတဲ့ကောင်မှ မဟုတ်တာ။ အဲ့ဒီပိုင်း သွားကို မသွားတော့ဘူး'

ဘဝတူ ကျူရှင်ဆရာချင်းမို့ ကျွန်တော့်တွင်လည်း ထိုနည်းတူ ခပ်ဆင်ဆင် အဖြစ်အပျက်တွေ အများကြီးရှိကြောင်း ပြောပြချင်သော်လည်း မပြောပြဖြစ်တော့ပါ။

'ထည့်ပါဦး၊ ခင်ဗျားတလည်း ဒီနေ့ နည်းလိုက်တာ။ ဟော့… ဘီယာ နောက်တစ်ဂျားနဲ့ အာလူးချောင်းကြော်လေး လုပ်ပါဦး'

သူက ပြောပြောဆိုဆို ခွက်ထဲက လက်ကျန်ဘီယာကို ထပ်မော့သည်။

ကျုပ်က
လူတစ်မျိုးဗျ
စကားတစ်ခွန်း
ပြောမည်ကြံတိုင်း
ပြောနေကျ
စကားကို
အပ်ကြောင်း
ထပ်နေသည့်
ရှေ့မှ
ကျူရှင်ဆရာကို
ကျွန်တော်
သေသေချာချာ
ကြည့်နေမိသည်

'ဒီနှစ် တစ်ပိုင်းကို ငါးပြားစီ ယူကြတာ ခင်ဗျားလည်း အသိပဲ။ ဟိုတစ်နေ့က အဆောင်တစ်ခုက ဆရာလေးပြားလောက်ပဲ လုပ်ပါဆိုပြီး ဈေးလာဆစ်နေလို့ ဒီမှာ ကျုပ်ဈေးရောင်းနေတာ မဟုတ်ဘူး။ မပေးနိုင်ရင် မသင်ရုံပဲရှိတယ်လို့ အပြတ်ပြောလွှတ်လိုက်ရတယ်။ ခင်ဗျား စဉ်းစားကြည့်လေ။ သူတို့က ကလေးတွေဆီက အပြည့်အဝရပြီးသား မဟုတ်လား။ ကျုပ်တို့ဆီမှာလည်း ထပ်ပြီး အမြတ်ထုတ်ချင်သေးတယ်။ တကယ့် စီးပွားရေးသမားတွေဗျ။ ကျုပ်က လူတစ်မျိုးပဲ။ စေတနာရှိရင် အလကား သွားသင်ပေးလိုက်မယ်။ ဒီလို ခေါင်းတုံးပေါ် ထိပ်ကွက်လာလုပ်လို့ကတော့ တစ်ပြားတစ်ချပ်မှ လျှော့မပေးနိုင်ဘူး'

စားပွဲပေါ်မှာ ဘီယာခွက်တွေ စုပုံလာသည်။ အမြည်းပန်းကန်တွေကလည်း တစ်ပန်းကန်ပြီး တစ်ပန်းကန်။ ကျွန်တော်လည်း ရီဝေဝေဖြစ်လာသည်။ ကိုယ့်လူကတော့ 'ကျုပ်က လူတစ်မျိုးဗျ'လုပ်ကောင်းနေဆဲ။

ရီရီဝေဝေဖြင့်ပင် သူ့ကို သေသေချာချာ ပြန်ကြည့်မိသည်။ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်၊ နာခေါင်းနှစ်ပေါက်နှင့် အသက်ရှူ၊ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ပါသည်။ ဒါပေမဲ့ သူက အာလေး လျှာလေးကြီးနှင့် ထပ်ကာ ထပ်ကာ ပြောနေဆဲ။

'ဒီမယ်၊ ခင်ဗျားသိလား။ ကျုပ်က လူတစ်မျိုးဗျ အော့…အော့'

❑

၄။

ရုံးရှေ့က သက်သာလက်ဖက်ရည်ဆိုင်ကို ကျွန်တော် ရောက်သွားတော့ ကိုစောဝင်းကို အရန်သင့်တွေ့ရသည်။ အကျိုးအကြောင်းပြောပြတော့ သူက မလွယ်ဘူးဆိုသော ပုံစံမျိုးဖြင့် ခေါင်းခါသည်။

'ခု ပြောင်းလာတဲ့ အရာရှိက အရင်လူတွေနဲ့ မတူဘူးဗျ။ သူ့စရိုက်က တစ်မျိုးရယ်။ ခင်ဗျား လွယ်လွယ်ရလိမ့်မယ် မထင်ဘူး'

ကိုစောဝင်း အပြောကြောင့် မျှော်လင့်ချက်ကလေးက မေးမှိန်သွားသည်။ သို့သော် အားလျှော့လိုက်လို့တော့ မဖြစ်။ အခု ကိုးရဲ့ဖို့ကြံစည်ထားသော လုပ်ငန်းတစ်ခုက ထိုအရာရှိ၏ လက်မှတ်မပါဘဲ အကောင်အထည်ဖော်၍ မရနိုင်။ ထိုလုပ်ငန်းအခြေတည်နိုင်ဖို့ ဓနိးသည်ဘက်က မိဘမောင်ဖွားများ၏ ငွေကြေး စိုက်ထုတ်မှုပါပါနေသည်။ နဂိုကတည်းက သာမာန်ကျူရှင်ဆရာ ကျွန်တော့်ကို သူတို့အသိုက်အဝန်းက အထင်ကြီးကြသည် မဟုတ်။ အခု ဓနိးသည် စည်းရုံးရေးကောင်းလို့သာ လိုအပ်သောငွေကို မထုတ်ချင်ထုတ်ချင် ထုတ်လာကြခြင်းဖြစ်သည်။ မအောင်မြင်ပါက လင်မယားနှစ်ယောက်လုံး အပြောအဆိုခံ သိက္ခာကျ အရှက်ကွဲကိန်း ကြုံရမှာမလွဲ။

'နည်းနည်းတော့ လမ်းကြောင်းချောအောင် လုပ်ပေးပါ ကိုစောဝင်းရယ်၊ ပြောင်းလာတဲ့ အရာရှိမှန်သမျှ ခင်ဗျားပြီးရင် ပြီးကြတာများပါတယ်။ ကျွန်တော် တကယ် အကူအညီလိုလို့ပါ။ ကျေးဇူး မမေ့ပါဘူးဗျာ'

'ကျွန်တော် ပြောပြီးပြီလေ၊ ဒီအရာရှိက အရင်လူတွေနဲ့ မတူပါဘူးဆိုတာ။ အေးလေ…ကျွန်တော် ကြည့်ပြီးတော့ လှုပ်ရှားကြည့်ပါဦးမယ်။ နည်းနည်းတော့ ကြာလိမ့်မယ်ထင်တယ်'

'အားကိုးတယ် နော် ကိုစောဝင်း'

ကိုစောဝင်းက ပြုံးယောင်ယောင်ပြုကာ ရှေ့မှ စီးကရက်ဘူးကို လှမ်းဆွဲသည်။ နှစ်လိပ်လား ကျန်တော့သည်မို့ အသစ်တစ်ဘူး ထပ်မှာပေးလိုက်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

နောက် မစ်ရှယ်၊ ပေါက်စီတစ်လုံး၊ စမူဆာတစ်ပွဲ၊ ကွမ်းယာ တစ်ထောင်ဖိုးတစ်ထုပ် အားလုံး ကျွန်တော် ရှင်းပေးလိုက်သည်။

ကိုစောဝင်း၏ စကားအရ အရာရှိကြီးက အရက်မသောက်၊ ဝေါက်မရိုက်၊ အပျော်အပါး မလိုက်စား။ ထို့ကြောင့် သူနှင့် တွေ့ခွင့်ရဖို့က နယ်ပယ်သိပ်မကျယ်။ ခါတိုင်း အရာရှိတွေဆိုလျှင် ညည့်ခံပွဲတွေမှာ၊ ကယ်ရီမချောချောလေးတွေ ပြည့်နေသည့် ဝေါက်ကွင်းမှာ၊ ကေတီဗွီခန်းထဲမှာ ခဏချင်း ရင်းနှီးသွားဖို့လွယ်သည်။ အခုတော့ ဒီအရာရှိက ရုံးဆင်းလျှင် အိမ်တန်းပြန်၊ ရုံးတက်မှ အိမ်က ထွက်လာဆိုတော့ အပြင်မှာ တွေ့ဆုံခွင့်ရဖို့က မလွယ်။ ပြီးတော့ သူ့အိမ်ကိုလည်း တော်ရုံတန်ရုံလူ အဝင်အထွက်မခံဆိုပဲ။

ဒီလိုနှင့် တစ်လ နှစ်လလောက် ကြာသွားသည်။ ဇနီးကလည်း အဆင်မပြေသေးဘူးလား တမေးတည်းမေးနေသည်။ ကျွန်တော်ကလည်း ထပ်ဆင့်ပြီး ကိုစောဝင်းကို နားပူရသည်။ နောက်တစ်ခု ကံကောင်းချင်လာတော့ ကျွန်တော့် စာသင်ဝိုင်းတစ်ခုမှ တပည့်မလေး၏ အဖေက ထိုအရာရှိကြီးနှင့် မိတ်ဆွေအရင်းအချာ ဖြစ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ကိုစောဝင်း၏ ဖေးမမှု၊ တပည့်မလေး၏ အဖေ စောင်မမှုကြောင့်ပင် လူတကာ အဝင်အထွက် ခက်ခဲလှပါသည်ဆိုသော အရာရှိကြီး၏ အိမ်သို့ တစ်ညနေခင်းမှာ ကျွန်တော် ဝင်ရောက်ခွင့်

> **ကျွန်တော် ပြောပြီးပြီလေ၊ ဒီအရာရှိက အရင်လူတွေနဲ့ မတူပါဘူးဆိုတာ အေးလေ… ကျွန်တော် ကြည့်ပြီးတော့ လှုပ်ရှားကြည့်ပါဦးမယ် နည်းနည်းတော့ ကြာလိမ့်မယ် ထင်တယ်**

ရခဲ့ပါတော့သည်။

အဲယားကွန်းတွေ အပြည့်လွှတ်ထားသည့် ဧည့်ခန်းသို့ ရောက်အသွားမှာတော့ စိမ့်ခနဲ ဖြစ်သွားရသည်။ အရာရှိကြီးက ဧည့်ခန်းထဲမှာ ရှိနေသည်။ မျက်နှာက မရယ်မပြုံး တည်ငြိမ်နေသော်လည်း မျက်လုံးများက စူးရဲနေသည်။ တော်ရုံ လက်နှိပ်အောက်ငယ်သား ဖြုံသွားလောက်သည့် ဥပမိရုပ်မျိုး။ ဒါကြောင့်လည်း ပြောင်းလာသမျှ အရာရှိတွေကို သူ့အိတ်ကပ်ထဲ ထည့်ကစားနိုင်သည့် ရုံးအုပ်စာရေးကြီး ကိုစောဝင်းတောင် ရှိန်နေရခြင်းဖြစ်မည်ဟု သဘောပေါက်လိုက်ရသည်။

'ခင်ဗျား ကိစ္စကိုတော့ ကိုစောဝင်းပြောပြလို့ ကျွန်တော် သိထားပြီးပါပြီ။ ဒါမျိုးက တန်းပြီး ထောက်ခံပေးလိုက်လို့ရတဲ့ ကိစ္စမျိုးတော့ မဟုတ်ဘူးဗျ'

သူ့ရှေ့မှာ ဝင်ထိုင်ထိုင်ချင်းမှာပဲ အရာရှိကြီးက စကားစ,ဆိုသည်။

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဒါပေမဲ့လည်း ဒါက ကျွန်တော်တို့ မိသားစုရဲ့ သေရေးရှင်ရေးလောက် အရေးကြီးနေတဲ့ လုပ်ငန်းဖြစ်နေတာရယ်၊ ဒီနှစ်ပိုင်းထဲမှာ လုပ်ငန်းမစ,နိုင်ရင် မဖြစ်တော့တဲ့ အခြေအနေဖြစ်နေတာရယ်ကြောင့် အခုလို အပူကပ်ရတာပါ။ ကျွန်တော်တို့ လုပ်ငန်းကတော့ တကယ့်ကို စည်းမျဉ်းတွေ၊ ဥပဒေသောင်တွေနဲ့ ဘာတစ်ခုမှ ငြိစွန်းခြင်း မရှိပါဘူး။ ဦးအနေနဲ့ အချိန်မရွေး စစ်ဆေးကြည့်လို့ရပါတယ်'

ကျွန်တော့်စကား မဆုံးမီမှာဘဲ တယ်လီဖုန်းမြည်လာ၍ သူ ထ,သွားသည်။ ကျွန်တော်က ဧည့်ခန်းကို အကဲခတ် ကြည့်သည်။ သာမန်သစ်သားဆက်တီထိုင်ခုံနှင့် တီဗွီတစ်လုံးကလွဲလျှင် ခမ်းနားထည်ဝါသော ပြင်ဆင်မှုမျိုးကို မတွေ့ရ၍ အရင်လူတွေနှင့်မတူတာ ဟုတ်နေပါပြီဟူသော အသိက ပိုပြီး ခိုင်မာသွားရသည်။

'ဒီလိုလုပ်ဗျာ၊ ကျွန်တော် လက်မှတ်ထိုးပေးလိုက်မယ်ဆိုပါတော့။ ခင်ဗျားတို့ဘက်ကလည်း စည်းကမ်းနဲ့ ပြည့်စုံနေလေတော့ ကန့်ကွက်ဖို့ မရှိဘူးဆိုပါတော့…'

သူက ဆက်တီပေါ် ပြန်ထိုင်ရင်း စကားစကို ခဏရပ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကို အကြည့်စူးစူးနှင့် ကြည့်ပြန်သည်။ အေးစိမ့်နေသော အခန်းထဲ ကျွန်တော် ချွေးစို့ချင်လာသည်။

'ကဲ…ရှင်းရှင်းပဲ ပြောမယ်ဗျာ။ ဒီ့အတွက် ကျွန်တော် အကျိုးမဲ့ မဖြစ်ချင်တာတော့ အမှန်ပဲ'

ထင်မထားသော စကားကြောင့် ကျွန်တော် ဝမ်းသာသွားသည်။ မတတ်ရပ်ပြီး လက်ဆွဲနှုတ်ဆက်မိသည်အထိ။

'ဟာ… စိတ်ချပါခင်ဗျာ။ အကျိုးမဲ့ လုံးဝ မဖြစ်စေရပါဘူး၊ အကျိုးရှိစေရပါမယ်။ တကယ်ပါ'

ဤသို့ဖြင့် ကိန်းဂဏန်း ၆ လုံးစာမျှသော ငွေကြေးကို ထိုအရာရှိကြီး၏ အကျိုးရှိရာရှိကြောင်းအတွက် အသုံးချလိုက်သောအခါတွင်မှ ကျွန်တော်လိုချင်သော လက်မှတ်တစ်စောင်ကို ရရှိခဲ့လေသည်။

အခြားအရာရှိများနှင့် မတူဟု ဆိုကြသော အရာရှိကြီးထံမှ ရလာသော လက်မှတ်လေးက ကျွန်တော်တို့ချဲ့မည့် လုပ်ငန်းအတွက် အခြားလက်မှတ်များနှင့် မတူဘဲ တန်ဖိုးကြီး အသုံးတည့်သွားတာလည်းအမှန်ဖြစ်ပါသည်။ ❑

၅။

အိမ်ထောင်သက် လေးနှစ်ပြည့်တော့မည်။ ခင်ဒီလောက် ဒေါသကြီးနေတာ မတွေ့ခဲ့ဖူး။ တော်တော်လေးကို ပေါက်ကွဲပြီး ဝုန်းဒိုင်းကြဲနေသည်။

'ကျွန်မကို ပြောတော့ တစ်မိုးအောက်မှာ ခင်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကိုသာ အချစ်ဆုံးပါဆို။ ခုတော့ ငယ်ချစ်နှာမည်က အေး ဆိုပါလား'

'ရော်…ဒုက္ခပါပဲ ခင်ရာ။ ဒါငယ်တုန်းက စိတ်ရူးပေါက်ပြီး ရေးခဲ့တဲ့စာပါ။ မေ့နေတာတောင် ကြာပေါ့။ အခု ဘယ် ကြားထဲက ပြန်တွေ့လာရတာလဲ'

'ဘယ်ကြားထဲတွေ့ရမှာလဲ၊ ရှင့် ဒိုင်ယာရီစာအုပ်ဟောင်းထဲကပေါ့။ တကတဲ ရေးထားလိုက်တာများ ညွန့်လို့။ အေးကို ဘယ်သူနဲ့မှ မတူတဲ့ အချစ်မျိုးနဲ့ ချစ်သလေးဘာလေးနဲ့။ ရှင်သာ တကယ်ရီးသားမယ်ဆိုရင် အစကတည်းက ကျွန်မကို ဒီအကြောင်းတွေ ပြောခဲ့ပါလား။ ကျွန်မမှာတော့ ရှင့်ကိုလူရိုးအောက်မေ့လို့ ပြန်လက်ခံခဲ့တာ။ ကျွန်မသာ ဒီစာကို မတွေ့ရင် ရှင်ဘယ်လောက်ထိ ဆက်ညာနေဦးမလဲ မပြောတတ်ဘူး။ ဒီမှာ ကျွန်မက တခြားမိန်းမတွေနဲ့တူတာ မဟုတ်ဘူး။ ဒီကိစ္စမျိုးလည်း လုံးဝ ခွင့်မလွှတ်တတ်ဘူး။ မရိုးသားတဲ့ ရှင်နဲ့လည်း မနေနိုင်ဘူး။ ဒါပဲ၊ ရှင့်ဘာသာ အေးကို လိုက်ရှာပြီး ပေါင်းကြပေတော့'

ကျွန်တော် ဘယ်လိုတားတား တားမရလိုက်ပါ။ ငယ်ကရေးခဲ့သည့် ကျွန်တော့် ရည်းစားစာကို သူမို့ ကြံကြံဖန်ဖန် ရှာတွေ့ပြီး ဒေါကြီးမောကြီးဖြင့် အိမ်က ဆင်းသွားလေသည်။ သူ့မိဘများ အိမ်ကို နေမှာပါပဲ။ ကျွန်တော်ကလည်း ကျွန်တော်ပင်။ တက္ကသိုလ်မှာတုန်းက ခင်သည်သာ ကျွန်တော့်အတွက် အချစ်ဦး၊ အချစ်ဆုံး ဘာညာ လုပ်ခဲ့လေသည်ကိုး။

တစ်ရက် နှစ်ရက် လောက်တော့ သူ့စိတ်အပြေကိုစောင့်ပြီး ပြန်ခေါ် ပြန်ချော့ရပေဦးမည်။ အခြားမိန်းမတွေနဲ့မတူဟု ကြွေးကြော်ထွက်သွားသော ခင် အိမ်ပြန်မလာမှာကိုတော့ နည်းနည်းစိုးရိမ်မိတာ အမှန်ပါ။

ခင် မရှိတော့ ညစာကို ကိုယ်တိုင်ရူးခပ်ပြင်ဆင်ရသည်။ ရေခဲသေတ္တာထဲမှာ ကြက်ဥနှင့် ဝက်အူချောင်းတွေ အဆင်သင့် ရှိနေသဖြင့် အဆင်ပြေသွားသည်။ ယမကာခွက်ထဲကို ရေခဲနည်းနည်းထည့်ပြီး တီဗွီရှေ့မှာ ထိုင်လိုက်သည်။ အမြည်းတွေ များနေသဖြင့် ထမင်းမစားဖြစ်တော့။ တီဗွီမှာတော့ အဆိုပြိုင်ပွဲအစီအစဉ်တစ်ခုကို လွှင့်နေသည်။ ကြည့်ရင်း…ကြည့်ရင်း…သောက်ရင်း…စားရင်းနှင့်ပင် ကျွန်တော် ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိလိုက်ပါ။

'ဟော့… ငါ့ဒေါသက သူများနဲ့တူတာ မဟုတ်ဘူး။ ပြေးရင် ပိန်မှာမှာနော်'

အလို…အဖေ ဘယ်က ဘယ်လို ရောက်လာသည် မသိပါ။ အဖေ ခါတိုင်းလိုပင် ဒေါသကြီးနေသည်။ ခြံဝင်းထဲ ကြောက်အားလန့်အား ပတ်ပြေးနေသော ကလေးတစ်ယောက်နောက်ကို လိုက်နေသည်။ ခဏကြာတော့ ကလေး၏ ဇက်ပိုးကို လှမ်းကိုင်မိသွားသည်။ ကလေးက ငိုမဲ့ငိုမဲ့ဖြင့် အဖေ့လက်ထဲသို့ ပါလာသည်။ ဟိုက်… ထိုကလေးက ကျွန်တော်ကိုယ်တိုင်ပါပဲလား။ ပြီးတော့ အဖေသည် 'ငါ့ဒေါသက သူများနဲ့တူတာ မဟုတ်ဘူး'ဟူသော စကားကို ထပ်တလဲလဲ ရေရွတ်ကာ ကျွန်တော့် ချိုင်းကြားကို ကလိထိုးလေတော့သည်။ ကျွန်တော်က တခစ်ခစ် ရယ်မောနေရသည့်ကြားကပင် ငါ့အဖေဒေါသက သူများနဲ့ တကယ် မတူတော့ဘူးဟု သူငယ်ချင်းများကို ကြွားရဦးမည်ဟု တွေးဖြစ်အောင် တွေးလိုက်မိသေးသည်။

ထိုအချိန်တွင် လူတစ်ယောက် ရောက်လာပြန်သည်။ အံ့သြဖို့ကောင်းသည်က ထိုသူ၏ မျက်နှာတွင် ပါးစပ်နှစ်ပေါက် ပါနေခြင်းဖြစ်သည်။ ကျွန်တော်က ထူးဆန်းသော ထိုပုဂ္ဂိုလ်ကို သေသေချာချာ ကြည့်နေရင်းက တော်တော်လေးကြာမှ မှတ်မိသွားသည်။ မိတ်ဆွေ ကျူရှင်ဆရာ ဖြစ်နေခြင်းဖြစ်သည်။ သူ၏ ပါးစပ်နှစ်ပေါက်လုံးက တစ်ပြိုင်တည်းမှာ 'ကျုပ်က လူတစ်မျိုးဗျ၊ သေချာကြည့်ထား။ ကျုပ်က လူတစ်မျိုးဗျ'ဟူသော စကားကို တရစပ် ရေရွတ်ရင်း အခမဲ့ပညာဒါနသင်တန်းထဲ စာသင်ပေးရန် ဝင်သွားလေသည်။

အရာရှိကြီး၏ ရုံးခန်းထဲ ကျွန်တော် ရောက်နေပြန်သည်။ အရာရှိကြီးက ကျွန်တော်လိုချင်သော လက်မှတ်ကို ထိုးပေးလိုက်သည့်အပြင် သိန်းဂဏန်းမျှရှိလောက်သည့် ငွေစက္ကူအထပ်လိုက်ကို မေတ္တာလက်ဆောင် ပြန်ပေးနေသဖြင့် ကျွန်တော် မငြင်းသာဘဲ ဝမ်းသာအားရ ယူပြန်လာရလေသည်။ အပြန်မှာ သီချင်းတွေဘာတွေတောင် ဆိုလို့။

'မောင်၊ ဒီမှာ သူများနဲ့ မတူဘဲ မောင်ချစ်ခဲ့ပါတယ်ဆိုတဲ့ အေးကို ခင်ခေါ်လာပေးတယ်နော်၊ ကြည့်ပါဦး'

ဘုရား…ဘုရား… ဘာတွေဖြစ်ကုန်ပြီလဲမသိ။ ကျွန်တော့်ချစ်ဇနီးခင်သည် ကျွန်တော်ငယ်စဉ်က ရူးသွပ်ခဲ့ဖူးသော အေးကို လက်ဆွဲကာ အိမ်ပေါ်တက်လာသည်။ အေးက ဘာမှန်း နားလည်ဟန် မတူသော မျက်နှာဖြင့် ခင်နှင့် ကျွန်တော့်ကို ကြောင်စီစီ ငေးကြည့်နေသည်။ ခင်ကတော့ ကြည်ကြည်နူးနူး ရယ်လိုက် မောလိုက်လုပ်နေသည်။ ကျွန်တော့် အလိုဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရသည့်အတွက် သိပ်ပြီး ဝမ်းမြောက်ကျေနပ် ပျော်ရွှင်နေသည့်ပုံစံ။

'ဘာလဲ၊ မောင်က အံ့သြနေတာလား။ ခင်ဟာ တခြားမိန်းမတွေနဲ့ မတူဘူးဆိုတာ မောင်ယုံပြီမဟုတ်လား'

ပြောပြီး ခင် တဟားဟား ရယ်မောနေစဉ်မှာပဲ ကျွန်တော် အိပ်မက်က လန့်နိုးလာသည်။ တစ်ကိုယ်လုံး ချွေးတွေ ရွဲနစ်လို့။ တီဗွီထဲက ဆူဆူညံညံ သီချင်းသံကို ကြားနေရဆဲ။

(နိဂုံး)

*'လူသည် မိမိသာ လူတွင် ကျယ်ဖြစ်ကြောင်း ပြသလိုကြသည်'*

*(အဘိဓမ္မာဆရာကြီး ဒေါက်တာဂျွတ်)*

■

**စိုးညွန့်ဝေ၊လှိုင်တော်၊**



www.burmeseclassic.com

www.burmeseclassic.com

၁။

'သားနဲ့သမီး ဒီကနေ့ သောကြာလေ၊ ကျောင်းစာကြည့်တိုက်က စာအုပ်ငှားခဲ့ကြလား'

'ငှားခဲ့တယ် မေမေ၊ မနက်ဖြန်မှ ဖတ်မယ်နော်။ အခုဖုန်းကြည့်ဦးမယ်'

'အေးအေး ကြည့်၊ မျက်မှန်တပ်ပြီး ကြည့်ရမယ်။ နောက်တစ်နာရီထက် ပိုမကြည့်ရဘူး'

ကျွန်တော်တို့ လင်မယား လန်ဒန်မှာရှိခိုက် သမီးနှင့်မြေးလေးများ ပြောနေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ လန်ဒန်ကို သုံးခေါက်ရောက်ခဲ့သည်။ ပထမတစ်ခေါက်က ၂၀၁၀ ပြည့်နှစ်မှာဖြစ်ပြီး အိမ်ထောင်ကျသွားသော သမီးလတ်မီးဖွားရန်ဖြစ်သည်။ Royal Free Hospital မှာ ခွဲမွေးရပြီး အမြွှာလေးနှစ်ယောက်(ကျား-၁၊ မ-၁)ဖွားမြင်သည်။ မအေက နို့မထွက်၍ ကျွန်တော်တို့ ကိုယ်တိုင် နို့ဘူးတိုက် မွေးမြူခဲ့ရသည်။ ဒုတိယတစ်ခေါက်က ၂၀၁၃ ခုနှစ်မှာဖြစ်ပြီး သမီးအကြီးနှင့် သားအငယ်တို့၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ရန်ဖြစ်သည်။ အမြွှာကလေးနှစ်ယောက်မှာ သုံးနှစ်အရွယ် ရောက်ပြီဖြစ်၍ မတောက်တခေါက် စကားပြောတတ်နေပြီ။ သို့သော် အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ရေရေရာရာ မပြောတတ်သေး။ တတိယတစ်ခေါက်က ၂၀၁၆ မှာဖြစ်ပြီး အမြွှာနှစ်ယောက်၏ အမေဘွဲ့ရသောကြောင့် ဘွဲ့နှင်းသဘင်တက်ရန်ဖြစ်သည်။ ဒီတစ်ခေါက် မြေး ၂ ယောက်မှာ အသက် ၆ နှစ်ရှိပြီး မူလတန်းကျောင်းတက်နေပြီ။ အင်္ဂလိပ်စကားကော မြန်မာစကားပါ ပြောတတ်နေပြီ။ သို့သော် အင်္ဂလိပ်များများ၊ မြန်မာနည်းနည်းဖြစ်သည်။ ကျောင်းမှာ ဆရာက အင်္ဂလိပ်လိုသင်၍ အဖော်များနှင့်လည်း အင်္ဂလိပ်လိုပြောရသည်။ သူတို့၏ မိခင်ဘာသာစကားမှာ အင်္ဂလိပ်ဖြစ်၍ အင်္ဂလိပ်လို ပြောရတာကို သူတို့ ပိုအားရသည်။ ကျွန်တော်တို့ လင်မယားက မြန်မာစကားပြောတတ်ရန် သင်ပေးရသည်။

သည်တစ်ခေါက် ထူးခြားသည်မှာ စာဖတ်တတ်လာခြင်းနှင့် ဖုန်းကြည့်တတ်လာခြင်းဖြစ်သည်။ သူတို့ မူလတန်းကျောင်းတိုင်းမှာ ကလေးတွေ စာဖတ်ဝါသနာပါဖို့ စာကြည့်တိုက်ထားပေးသည်။ စာကြည့်တိုက်မှူးက ကိုယ့်အရွယ်အလိုက် စာအုပ်များ ငှားပေးသည်။ သောကြာနေ့တိုင်း အနည်းဆုံး တစ်အုပ်မငှားမနေ ငှားရသည်။ စနေနှင့် တနင်္ဂနွေနေ့များမှာဖတ်ပြီး တနင်္လာနေ့ကျ စာအုပ် ပြန်အပ်ရသည်။ နောက် ကိုယ်ဖတ်သည့် စာအုပ်အကြောင်း အတန်းပိုင်ဆရာကို ပြန်ပြောရသည်။ ဆရာတွေက သူတို့ကလေးတွေ စာဖတ်ဝါသနာပါပြီး ပြောတတ်၊ ဆိုတတ်ဖြစ်ဖို့ လေ့ကျင့်ပေးသည်။

သို့သော် တစ်ဖက်ကလည်း ဖုန်းကြည့်တတ်လာသည်။ WiFi ကောင်းသောကြောင့် You Tube မှ ကာတွန်းကားများ၊ Game(ကစားပွဲ)များကို Download ဆွဲ၍ ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြီးကောင်က Game ကစား၍ အငယ်မက ကာတွန်းဇာတ်လမ်းများ ကြည့်သည်။ စာအုပ်က အသေဖြစ်၍ အင်တာနက်က အရှင်ဖြစ်သည်။ စာအုပ်ထဲမှာ စာလုံးများနှင့် အရုပ်များပါသည်။ ဘာလှုပ်ရှားမှုမှမရှိ၊ ဘာစကားမှလည်းမပြော။ အင်တာနက်ထဲက အရုပ်များက အမူအရာ အလွန်ကောင်းသည်။ စကားလည်း ပြောတတ်သည်။ Cinnderella (စင်ဒရဲလား)လို၊ Snow-white (စနိုးဝှိုက်)လို ကာတွန်းကားများက အလွန်ကြည့်ကောင်းသည်။ တစ်ဖန် Game ကစားရာတွင် ခလုတ်များ နှိပ်၍ ဖန်သား ပြင်ထဲက ဇာတ်ကောင်ကို ကိုယ်က ခိုင်းနိုင်သည်။ ဓားနှင့်ခုတ်၊ သေနတ်နှင့်ပစ်၊ ပြေးလွှားတိုက်ခိုက်နိုင်သည်။ သို့ဖြင့် ကလေးများမှာ စာအုပ်ထက် အဆများစွာ ဆွဲဆောင်မှု ပိုသော ဖုန်း သို့မဟုတ် တက်ဘလက် (မြေးများ အခေါ် တက်ဘက်)ကို အစွဲကြီး စွဲတော့သည်။ ကျောင်းစာကြည့်တိုက်က ငှားလာသော စာအုပ်ကို နာရီဝက်ခန့် အားယူ၍ ဖတ်သော်လည်း ဖုန်းကိုမူ မိဘနှင့် အတိုက်အခံလုပ်၍ ကြည့်သည်။ ကြာတော့ နှစ်ယောက်စလုံး ငယ်ငယ်ရွယ်ရွယ်နှင့် မျက်မှန်တပ်ရသော ဘဝ ရောက်ခဲ့ကြသည်။

အရင်နှစ်ခေါက်က ဘတ်စ်ကားများ၊ မြေအောက်ရထားများပေါ်မှ စာဖတ်သူ တော်တော်များများ တွေ့ရသည်။ ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက် Salman Rushdie ၏ **Satanic**



www.burmeseclassic.com

www.burmeseclassic.com

Verses စာအုပ်ထူကြီး ကိုင်ဖတ်နေတာ တွေ့ရတော့ အလွန်အားရမိသည်။ ၂၀၁၆ အခုတစ်ခေါက်မှာ ခရီးသွား ဆယ်ယောက်မှာ စာဖတ်သူတစ်ယောက်လောက်သာ တွေ့သည့်အခါတွေ၊ မတွေ့ရသည့်အခါက ခပ်များများဖြစ်သည်။ လက်ထဲမှာ ဖုန်းတွေနှင့် ဇိမ်ခံနေကြသည်။ တချို့က သီချင်းနားထောင်၊ တချို့က You Tube ကြည့်၍ အများစုက Facebook ခေါ် မျက်နှာစာအုပ်ကို ပွတ်နေကြသည်။ Facebook ၏ အရှင်သခင် Mark Zukerberg က စာအုပ်ကို အလဲထိုးလိုက်ပြီဟု ယုံကြည်နေမိသည်။ ❑

၂။

ကျွန်တော်က ကမ္ဘာကျော် ဂန္ထဝင် စာရေးဆရာကြီး မက်ခတွိန်း(Mark Twain)၏ ဝတ္ထုတိုပေါင်းချုပ်(**Complete Short Stories**) ကို ဖတ်နေရာမှ မျက်စိညောင်းလာသောကြောင့် စာအုပ်ကို ဘေးချထားလိုက်သည်။ တစ်ဆက်တည်းမှာပင် စာတစ်အုပ်ဖြစ်ပေါ်လာဖို့ လူတွေ မည်သို့ ကြိုးစားခဲ့ရကြောင်း (စာအုပ်၏ သမိုင်း)က စိတ်ထဲမှာ တရေးရေးပေါ်လာသည်။

စာရေးဖို့အတွက် လူတို့ ပထမဦးဆုံး တီထွင်ရသည့်အရာမှာ A, B, C, D, က၊ ခ စသော အက္ခရာ စကားလုံးများဖြစ်သည်။ ရှေးလူတို့က ထိုစာလုံးများကို ကျောက်၊ ရွှံ့၊ သစ်ခေါက်၊ ဝါး၊ သတ္တုပြားများပေါ်တွင် စာရေးခဲ့ကြသည်။ မြန်မာတို့ကမူ ပေရွက်ပေါ်မှာ ထင်အောင် ကညစ်ဖြင့် အားစိုက်ခြစ်ပြီး စာရေးခဲ့ကြရာ ထိုစာပေအမျိုးအစားကို ပေစာဟု ခေါ်သည်။ စလေ ရုပ်စုံကျောင်းတွင် စလေဆရာ ဦးပုည၏ ပေစာအများစုကို ပြသထားသဖြင့် သီပေါမင်း ပါတော်မူသော ၁၈ ရာစုအထိ ပေစာများ သုံးစွဲတုန်းဖြစ်ကြောင်း သိနိုင်သည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ ပေစာများ ရေးခဲ့ကြသော ရဟန်းစာဆို၊ လူစာဆိုတို့ကို ကျွန်တော် ဦးညွှတ်နေမိသည်။ အကြောင်းမှာ အလွန်ပင်ပန်း အားကုန်သော ပေစာကို သူတို့ အမြတ်တနိုး ရေးခဲ့ကြ၍ဖြစ်သည်။ ပေစာရေးမှ စာရေးဆရာ ဖြစ်မည်ဆိုလျှင် သေချာတာက ကျွန်တော် လုံးဝ စာရေးဆရာ ဖြစ်မလာနိုင်ပါ။

၂ ရာစုတွင် လူတို့က ရေးရန်နှင့် သယ်ဆောင်ရန် လွယ်ကူသော Tablet ခေါ်သည့် ကျောက်သင်ပုန်းကို တီထွင်နိုင်ခဲ့သည်။ ကျောက်တံဖြင့် ရေးရသည်။ ကုန်သည်များ ကုန်ပစ္စည်းစာရင်း လုပ်ရန်နှင့် အစိုးရမင်းများ အခွန်တော်စာရင်းလုပ်ရန် အသုံးပြုခဲ့သည်။ ထို့နောက် Wax Tablets ခေါ်သည့် ပျားဖယောင်း ကျောက်သင်ပုန်း ပေါ်လာသည်။ သစ်သားပြားပေါ်တွင် ကညစ်နှင့် စာရေး၍ ပျားဖယောင်းလောင်းရသည်။ စာလုံးများ ဖျက်ချင်လျှင် ပျားဖယောင်းကို အပူပေးလိုက်ရုံသာ။

ထို့နောက် အီဂျစ်တို့က နိုင်းမြစ်ဝှမ်းမှာရှိသော ကျူပင်များကို ရိတ်ပြီး ကျူရိုးများကို ရက်လုပ်ကာ ကျူရိုးစာရွက်များ ပြုလုပ်သည်။ ကျူရိုးမှ ပြုလုပ်သောကြောင့် ထိုစာရွက်ကို Papynus ဟု ခေါ်သည်။ စာရွက်များကို Pamphlet ပုံစံ လိပ်ခေါက်၍ ရသဖြင့် ထိုစာရွက်လိပ်ကို Scroll ဟုခေါ်သည်။ စာရွက် (Paper)ဟူသော စကားမှာ ကျူရိုးစာရွက်(Papynus)က ဆင်းသက်သည်။ ၂ ရာစုနှင့် ၄ ရာစုကြားတွင် Scroll ခေါ်သည့် စာရွက်လိပ်များအစား စာရွက်တိုတိုဖြတ်၍ အနောင့်မှ ချုပ်ထားသော Codex ခေါ်သည့် စာအုပ်များ ပေါ်လာသည်။ Codex ကို ယခုခေတ်စာအုပ်များ၏ အစဟု ပြောနိုင်သည်။ သို့သော် ယနေ့ခေတ်သုံး စာရွက်များ မပေါ်သေးဘဲ ကျူရိုးစာရွက်၊ သိုး၊ နွား၊ မြည်း စသော တိရစ္ဆာန်တို့၏ သားရေများမှရသော စာရွက်များကို သုံးနေရဆဲဖြစ်သည်။

သစ်သား သို့မဟုတ် ဝါးဖြင့်ပြုလုပ်သော စာအုပ်များမှာ လေးလံသည့်အပြင် နေရာလည်းယူသည်။ ထို့ကြောင့် အေဒီ ၁၀၅ ခုနှစ်တွင် တရုတ်နိုင်ငံမှ ကိုင်လွန်(Cai Lun)ဆိုသူက ပို၍ ပေါ့ပါးသော စက္ကူ(Paper) ကို တီထွင်ခဲ့သည်။ ပိုက်ကွန်၊ သစ်ခေါက်နှင့် အဝတ်စများကို အသုံးပြုခဲ့သည်။ ထို့ကြောင့် စက္ကူအစ တရုတ်ကဟု ပြောနိုင်သည်။ မြန်မာ ဝန်ကြီးတစ်ယောက်က တရုတ်ကို ကျေးဇူးရှင်ဟု လူသိရှင်ကြား ထုတ်ဖော်ခဲ့သည်။ ကျွန်တော့်အတွက်မူ ပထမဆုံး စက္ကူကို တီထွင်ခဲ့သည့် တရုတ်မိန်းမစိုး (Eunuch) ကိုင်လွန်သည်သာ ကျေးဇူးရှင်ဖြစ်သည်။ သူ စက္ကူကို တီထွင်ခဲ့၍ ယနေ့ ကျွန်တော်တို့ စာဖတ်နေရသည် မဟုတ်ပါလော။ ၁၁ ရာစုတွင် ရေအားလျှပ်စစ်သုံး စက္ကူစက်ရုံများ ပေါ်ပေါက်လာသည်။ စက္ကူကို အမြောက်အမြား ထုတ်လုပ်လာသည်။ ❑

၃။

စာအုပ်ထုတ်ဝေရာတွင် စက္ကူအပြင် အခြားအရေးပါသည့် အရာတစ်ခုမှာ ပုံနှိပ်စက် (Printing Press)ဖြစ်သည်။ ပုံနှိပ်စက်ကို ၁၄၄၀ ပြည့်နှစ်တွင် ဂျာမန်လူမျိုး Johannes Gutenberg က စတင် တီထွင်ခဲ့သည်။ သူ၏ တီထွင်မှုမှာ လူသားတို့အတွက် အလွန်အရေးပါသည်။ သုတရသ စာအုပ် အမြောက်အမြား ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ကမ္ဘာပေါ်မှာ စာဖတ်သည့်ဓလေ့ ထွန်းကားလာသည်။ ဂူတင်ဘာ့ဂ်၏ ပုံနှိပ်စက်မှ ပထမဆုံး ရိုက်နှိပ်သော စာအုပ်မှာ Bible ခေါ်သည့် သမ္မာကျမ်းစာဖြစ်သည်။ သို့သော် သမ္မာကျမ်းစာ အရင်ရိုက်နှိပ်သော အရာတစ်ခုရှိ သည်။ အခြားမဟုတ်၊ ဖဲချပ်များဖြစ်သည်။ ဂူတင်ဘာ့ဂ်မှာ အလွန်ကျေးဇူးတင်စရာ ကောင်းသောသူ ဖြစ်သည်။

အခုဆို စာအုပ်၏ သက်တမ်းက နှစ် ၅၀၀ ကျော် ၆၀၀ နီးပါးရှိခဲ့ပြီ။ နောက်ဆုံးပေါ် စာအုပ်မှာ e-reader ခေါ်သည့် Electronic Reader ဖြစ်သည်။ စာရွက်နှင့် ပုံနှိပ်စက်မလို။ လျှပ်စစ်ကြောင်းဖြင့် ဖန်တီးထားသော တစ်ထွာလောက်ရှိသည့် Tablet (ကျောက်သင်



www.burmeseclassic.com

www.burmeseclassic.com

ပုန်း)လေးဖြစ်သည်။ ဖတ်ချင်သည့် သုတရသ စာကဗျာမျိုးစုံကို အင်တာနက်မှ Download ဆွဲ၍ ဖတ်ရှုနိုင်သည်။ Tablet တစ်ခုမှာ စာအုပ်ပေါင်းများစွာ ဆံ့သည်။ ဖတ်ပြီးသား စာအုပ်များကို ဖျက်ပြီး အသစ်သွင်းနိုင်သည်။ စာအုပ်လိုမထူ၊ ပါးပါးလေးမို့ သယ်ပိုးရ လွယ်ကူသည်။ စာအုပ်လောက် ဝန်မကျယ်။ ကျောက်သင်ပုန်း မျက်နှာပြင်ကို လက်ကလေးနှင့် ထိလိုက်ရုံနှင့် နောက်တစ်မျက်နှာ ပြောင်းသွားသည်။ အဓိပ္ပာယ်မသိသော စာလုံးကို လက်ဖြင့်ထောက်ပြီး အဘိဓာန်မှာ ရှာဖွေနိုင်သည်။ Download လုပ်၍ ပေးရသော အဖိုးအခမှာ စာအုပ်ဝယ်တာထက် အများကြီးဈေးချိုသည်။ လန်ဒန် မြေအောက်ရထားပေါ်မှာ e-reader ဖြင့် စာဖတ်နေသူ အချို့ကို တွေ့လာရသည်။ ပေါ့ပါးသော e-reader က စာအုပ်နေရာမှာ အစားဝင်မည့် အလားအလာရှိနေသည်။

မဂ္ဂဇင်းအချို့ ရပ်သွားခြင်း၊ စာအုပ်များ ရောင်းအားကျခြင်းတို့က မြန်မာပြည်သူလူထု အများစု စာမဖတ်တော့ခြင်းကို သက်သေထူနေသည်။ ၂၁ နှစ်ဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့သည့် ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း) နိုင်ငံရေး အမြော်အမြင်ရှိခြင်းမှာ အလွန်စာဖတ်၍ဖြစ်သည်။ တချို့ လွှတ်တော်အမတ်များသည် စာမဖတ်၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ သိန်းဖေမြင့်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ရွှေ ဥဒေါင်း၊ မြသန်းတင့် စသော စာရေးဆရာများကို သူတို့မသိ။ စာမဖတ်သော လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ထဲ ဝင်ထိုင်နေခြင်းမှာ တိုင်းပြည်အတွက် ရင်လေးဖို့ကောင်းသောအရာ ဖြစ်သည်။

အခုတော့ အင်တာနက်(Internet) က စာအုပ်ကို ဖျားနာစေခဲ့ပြီ။ စာဖတ်ခြင်း အလေ့မှာ နှစ်ပေါင်း ၅၀၀ ကျော် ခိုင်မြဲခဲ့သော်လည်း အင်တာနက်ကြောင့် ပြိုလဲစ ပြုခဲ့ပြီ။ မြန်မာတွေ စာမဖတ်သလို စာဖတ်ခြင်းဝါသနာ ခိုင်မြဲအောင် မျိုးစေ့ချပေးသော အင်္ဂလန်၊ အမေရိကန်တို့လို နိုင်ငံမျိုးမှာပင် စာမဖတ်ကြတော့။ လူတွေက စာအုပ်ထက် Facebook ကို ပိုသဘောတွေ့နေပြီ။ စာအုပ်တွေ ကျဆုံးတော့မည်လော။

ကျွန်တော် လန်ဒန်က ပြန်ခါနီး ရက်ပိုင်းလောက်မှာ အင်္ဂလိပ်အစိုးရက ဘူတာရုံတွေမှာ စာကြည့်တိုက်ကလေးတွေ လုပ်လာသည်။ ရထားစီးရင်း စာအုပ်ငှားဖတ်နိုင်သည်။ ပြီးတော့ ပြန်ထားပေါ့။ စာအုပ်ပြန်ရဖို့က မသေချာ။ သို့သော် ကိစ္စမရှိ။ လူတွေ စာပြန်ဖတ်ဖို့ ဒါလောက်တော့ အဆုံးရှုံး ခံနိုင်ရမည်။ ❑

၄။

စာဖတ်ခြင်းသည် လူ့ဘဝတစ်ခုတည်းကသာ ရသော ဒုလ္လဘတစ်ခုဖြစ်သည်။ အခြား ဘယ်သတ္တဝါမှ စာဖတ်ခွင့်မရ၊ စာထဲမှာ တရားရှိရာ စာဖတ်ခြင်းသည် ချမ်းသာသုခ(နိဗ္ဗာန်)နှင့်နီးပြီး စာမဖတ်ခြင်းက အိပ် စား ကာမ (တိရစ္ဆာန်)နှင့် နီးသည်။ လူဖြစ်ပါလျက် စာမဖတ်ခြင်း (ဝါ) စာဖတ်ခွင့်မသာခြင်းမှာ ဆုံးရှုံးမှုကြီးဖြစ်ပြီး လူဖြစ်ရကျိုးမနပ်မှု တစ်ခုလည်း ဖြစ်သည်။

အလိမ္မာ စာမှာရှိဟူသော စကားရှိသည်။ စာဖတ်သူက လူလိမ္မာဖြစ်ဖို့များပြီး စာမဖတ်သူက လူမိုက်ဖြစ်ဖို့များသည်။ ထိုအချက်ကို သိသော ဖွံ့ဖြိုးပြီးနိုင်ငံများက သူတို့ပြည်သူပြည်သားတွေ လူလိမ္မာဖြစ်ဖို့ ကျောင်းများ၊ ရပ်ကွက်များ၊ မြို့များတွင် စာကြည့်တိုက်များ ထားပေးပြီး စာဖတ်ဝါသနာရင့်သန်အောင် လုပ်ပေးသည်။ တစ်ဖန် သူတို့၏ ပညာရေးစနစ်က အခမဲ့နီးပါး ပညာရေးဖြစ်ရာ ဘွဲ့မရ၊ စာမတတ်သူ မရှိသလောက် နည်းပါးသည်။ ခေတ်၏ အလိုအရ စာဖတ်ခြင်း လျော့ကျသွားသော်လည်း သူတို့ စာမဖတ်ခြင်းသည် စာတတ်ပြီး စာမဖတ်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ကျောင်းများ၊ ရပ်ကွက်များ၊ မြို့များတွင် စာကြည့်တိုက်များ အလွန်ရှားပါးသည်။ စာဖတ်သော ဓလေ့ ဘယ်မှာ ထွန်းကားပါမည်နည်း။ ထို့အပြင် ဆင်းရဲသားကလေးအများစုမှာ ပဉ္စမတန်း၊ ဆဋ္ဌမတန်းဆိုလျှင် ကျောင်းထွက်ပြီး စားပွဲထိုး လုပ်ကြရသည်။ ဘွဲ့ရလျှင်လည်း စာကျက်ပြီး ရသော ဘွဲ့ဖြစ်၍ နိုင်ငံတကာ အသိအမှတ်မပြု၊ အလုပ်က ရှားလိုက်သေးသည်။ ကျွန်တော်တို့ စာမဖတ်ခြင်းမှာ သူများနှင့်မတူ။ မတတ်ဘဲ စာမဖတ်ခြင်းဖြစ်သည်။ မတတ်လည်း မတတ်၊ မဖတ်လည်း မဖတ်မှတော့ လူလိမ္မာထက် လူမိုက်က ပိုများလာသည်။ အင်္ဂလန်ထက် အဆများစွာကြီးပြီး သယံဇာတပစ္စည်း အလျှံအပယ်ထွက်သော နိုင်ငံက ကြွေးတင် ကျွန်ဖြစ်ဆင်းရဲတွင်း နစ်နေခြင်းမှာ နှစ်ငါးဆယ်ကျော် သေနတ်မိုး၍ အုပ်ချုပ်ခဲ့သော သူများကြောင့် ဖြစ်သည်။

တိုင်းပြည်၏ အနာဂတ်သည် ကလေးများ၏ လက်ထဲတွင်ရှိသည်။ ကျွန်တော်တို့ ကလေးများ လူလိမ္မာဖြစ်မှ အနာဂတ်လှပမည်။ ထိုကလေးများ လူလိမ္မာဖြစ်ဖို့ ကျွန်တော်တို့ ပြည်သူအားလုံးမှာ တာဝန်ရှိသည်။ စာဖတ်ခြင်းသည် လိမ္မာခြင်း သို့မဟုတ် တရား၏ အခြေခံအုတ်မြစ်ဖြစ်ရာ အနည်းဆုံးတော့ စာသင်ကျောင်းတိုင်းမှာ စာကြည့်တိုက်များ ထားသင့်သည်။ မိဘဆရာတိုင်းက ကလေးတွေကို စာဖတ်ချင်အောင် သိမ်းသွင်းရမည်။ ကျောင်းစာတစ်ခုတည်းမှာ ကလေးကို ချုပ်နှောင်ထားခြင်းသည် ကလေး၏ စဉ်းစားတွေးခေါ်မှု (ဝါ) ဦးနှောက်ကို အကျဉ်းချခြင်းဖြစ်သည်။ စာအုပ်များသည်သာ ဦးနှောက်၏ အကျဉ်းတံခါးကို ဖွင့်ပေးနိုင်သော သော့တံများဖြစ်သည်။ ထိုသော့တံများ သံချေးမကိုက်ဖို့ ကျွန်တော်တို့ ကြိုးစားကြရမည်။ စာအုပ်ကျဆုံးခြင်းသည် အမှန်တရား ဆိတ်သုဉ်းခြင်း မဟုတ်ပါလော။ နိုင်ငံတစ်နိုင်ငံ၏ တကယ့်အင်အားမှာ သေနတ်များမဟုတ်ဘဲ စာအုပ်များသာ ဖြစ်လေသည်။

နေဝင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်စတစ်စ မြင့်တက်လာနေသော နေမင်းကြီးက သူ၏ အရှိန်အဝါကို အစွမ်းကုန် ထုတ်လွှတ်ပြနေသည့်နှယ် တရှိန်းရှိန်း ပူလောင် လွန်းလှသည်။ ကတ္တရာ လမ်းမကြီးကလည်း အပူရှိန်ကြောင့် ပို၍နက်မှောင်နေ သယောင်ယောင်။ ပြာလွင်လွင် မိုးကောင်းကင်ကို နောက်ခံထား၍ အညာနွေ၏ မွန်းတည့် လုလု နေက ပူပြင်း လှပေသည်။ လမ်းမပေါ်ရှိ လူများက ထိုအပူကို သတိမထားနိုင်ဘဲ သွားလာ၍ ကောင်းနေ ကြတုန်းပင်။ လူသားတို့၏ ပရိယေသန အပူကို နေမင်းကြီးလည်းအရှုံးပေးသွားသည်လား မသိ။ တိမ်မည်းအုပ်တစ်စု၏ နောက်ကွယ်သို့ ခေတ္တပုန်းခိုသွားသည်။ ၄င်းအရိပ်ကြောင့် ပတ်ဝန်းကျင်တစ်ခွင်က အနည်းငယ် အုံ့ဆိုင်းဆိုင်း ဖြစ်သွား၏။ ထိုအချိန် ဆိုက်ကားဆရာ ကိုသိန်းတစ်ယောက် သူ၏ဆိုက်ကား ကို ခပ်ဖြည်းဖြည်းနင်းလာရင်း ညောင်ပင်အိုကြီး၏ အရိပ် အောက်၌ ပြုလုပ်ထားသော ဆိုက်ကားဂိတ်တွင် ထိုးရပ်လိုက် သည်။

ကိုသိန်း၏ဆိုက်ကား ဂိတ်အတွင်း မရောက်မီကပင် စောင့်ကြိုနေကြသော ကိုသိန်း၏ ဘော်ဒါများကလည်း အသံ မျိုးစုံပြုရင်း သူတို့၏ မိတ်ဆွေကြီးနောက် တကောက်ကောက် လိုက်နေကြသည်။ အမြီးတနန့်နန့်၊ အော်သံ တအီအီဖြင့် ခွေး လေး၊ ငါးကောင်တို့၏ အသံဆူဆူကြောင့် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်လည်း ယခုမှ နိုးထစပြုလာတော့သည်။ ညောင် ပင်အောက် ကျားဝိုင်းမှ မျက်လုံးများကလည်း ကိုသိန်းနှင့် အပေါင်းအပါများဆီ စုပြုရောက်လာကြ၏။

'မောင်သိန်းရာ မင်းတို့ သားအဖတွေ ခပ်ဝေးဝေးနေကြ စမ်းပါကွ၊ ငါတို့ အာရုံ နောက်တယ်။ တကတဲကွာ အဖေ ပြန်အလာ မျှော်နေတဲ့ သားသမီးတွေကျနေတာပဲ၊ ဆူညံပွက် လောရိုက်လို့'

'ကိုကြီးသောင်းရာ ဒီကောင်တွေအကြောင်း သိသားနဲ့။ ကျွန်တော်ပြန်လာရင် ပေါင်မုန့်ဘေးသားတွေ စားရတော့မယ် ဆိုတာ သိနေကြတာကိုးဗျ။ ခင်ဗျားတို့က သူတို့ကို ရှိတယ်လို့မှ သဘောမထားကြဘဲ၊ သူတို့ကလည်း ဘယ်အရေးလုပ်မှာတုံး။ ခင်ဗျားကြီး ဘယ်နှပွဲ ရှုံးပြီးပြီတုံး ကိုကြီးသောင်းရဲ့။ ဒီမယ် ဘေးတော့ ပတ်ရမ်းမနေနဲ့၊ လက်ဖက်ရည်တိုက်ဆို တိုက်မယ် ဗျာ။ ဒီနေ့မနက် ဆိုက်ကားတိုက် ကောင်းတယ်ဗျ။ လူကတော့ အီစလံ ဝေသွားတာပဲဗျို့'

ကိုသိန်းလည်း စကားပြောရင်း လက်ထဲတွင်ကိုင်လာသော





www.burmeseclassic.com

www.burmeseclassic.com

စပါးတွဲလေးများကို နီးစပ်ရာ သောင်ကိုင်းများ၌ ချည်နေလေသည်။ ခွေးလေးကောင်ကလည်း သူ့ကို မျက်တောင်မခတ် မော့ကြည့်နေရင်း အမြီးများက တနှန့်နှန့်။ ထိုအထဲမှ ခွေးဖြူမ တစ်ကောင်က ကိုသိန်း၏ နောက်ကျောကို ပတတ်ရပ်တက်လိုက်သည်။

'ဟာ ဖြူမကတော့ ကဲပြီ၊ ငါက ကလေးပေါက်စလေးတွေကြောင့် မျက်နှာသာပေးတာကို နင်က အခွင့်ရေးယူတာပေါ့လေ။ ကျွေးမှာပါဟ ဣန္ဒြေကိုမရဘူး။ လာခဲ့ဟိုကောင်တွေပါ။ နက်ကွက် တစ်ကောင်က ဘယ်များ အလည်လွန်နေတာပါလိမ့်။ ဒီကောင်တွေကလည်း ကိုကြီးသောင်းတို့၊ ကိုဘစိန်တို့ကျနေတာပဲ။ ကလေးအဖေတွေ လုပ်နေပြီး ကလေးတွေကျ ပစ်ထားကြတာ။ တကယ့် စားပြီးနားမလည်တွေပဲ'

ကိုသိန်း၏ စကားအဆုံးမှာ ကိုဘစိန်က ပျစ်ပျစ်နှစ်နှစ် လှမ်းဆဲလိုက်သည်။ ကိုကြီးသောင်းက-

'မအေပေးကောင်၊ သူက မိန်းမကြောက်တိုင်း ငါတို့ကို မနာလိုဖြစ်နေတဲ့ကောင်။ အေး မင်း ငါတို့လို ဆိုက်ကားတိုက်ကြေး အိမ်ကို တစ်ပြားမှ မပေးဘဲနေရဲလား။ ညနေ တို့နဲ့အတူ အဖြူဟဲရဲလား။ နောက်ဆုံး ကျားတောင် ကွမ်းယာကြေးမထိုးရဲတဲ့ကောင်က ငတို့ကိုများ ပြောရတယ်ရှိသေးဗျာ။ ရာဇဝင်ရိုင်းထှာ'

ကိုကြီးသောင်း စကားအဆုံး ကိုသိန်းက အားရပါးရ ရယ်လိုက်ပြီး-

'အတိုကြီးတို့ကလည်း ချိတ်ချိုးပါနဲ့ဂျာ၊ တားက ချစ်လို့ စတာလေးညား...'

'ဒါပဲ ပြောချင်ရာ ပြောပြီးရင် ဒီအတိုင်းပဲ၊ အေပေးကောင်'

'ကျွန်တော်က နောင်တော်ကြီးတွေကို နောက်တာပါဗျ။ အစ်ကိုတို့ သိတဲ့အတိုင်းပဲ။ အိမ်သူက ရှူးနာရှိုက်ကုန်း ရောဂါ

ဆိုက်ကားအောက်မှ
ဖြူမကို ကြည့်လိုက်သည်
မျက်လုံးရွဲကြီးနှင့် အားကိုးတကြီး
မော့ကြည့်နေသော ဖြူမသည်
ချက်ချင်း ခေါင်းပြန်ငုံ့သွားပြီး
သူ့လက်နှစ်ဖက်ကြားက
အရာတစ်ခုကို ငုံ့နမ်းနေ၏
အခုမှ သူလည်း
ထိုအရာကို မြင်သွားသည်





www.burmeseclassic.com

www.burmeseclassic.com

သည်ဗျာ။ အကြီးကောင်က ဒီနှစ် ကျောင်းစ,ထားရတော့ ရှိစုမဲ့စုပြောင်။ ဒီကြားထဲ အငယ်ကောင်က ကြားဖြတ် နေမကောင်းလို့ ဆေးပြေးထိုး ရသေးဗျ။ အိမ်ငှားကလည်း နှစ်စေ့တော့မှာဆိုတော့ အဲသည်အတွက် လုံးပန်းရပြန်ရောဗျာ။ အစ်ကိုတို့သိတဲ့အတိုင်း ဆိုက်ကားတိုက်ရတာကလည်း တစ်နေ့ငွေ၊ တစ်နေ့ကြေး၊ ရွှေကို မပါဘူး။ အဲ့သဟာတွေကြောင့်ပါ နောင်တော်ကြီးတို့ရယ်။ မိန်းမကို ကြောက်တာတော့ ဟုတ်ပါဘူးဗျာ၊ မီးယပ်ပိန် မီးယပ်ခြောက် ဘာကြောက်ရမတုံးဗျ။ ဒါပေမဲ့ ငယ်လင်ငယ်မယား၊ သည်ကြားထဲ ကျန်းမာရေးက ချူချာဆိုတော့ အသနားပိုပိုနဲ့ ချစ်တာပါဗျ'

'ကဲ... တော်ပါတော့ ကိုသိန်းခိုရယ်၊ ညည်းနေလိုက်တာဗျာ။ ဟိုမှာ မြင်လား၊ ခိုအုပ်တောင် စိတ်ညစ်ပြီး ထပျံပြေးသွားပြီ'

'ဟား... ဟား ကိုကြီးသောင်းက လုပ်ပြီ။ ကျွန်တော်က ဖြစ်စဉ်လေးပြောပြတာပါဗျ။ ကဲပါ ခင်ဗျားတို့နဲ့ ကွမ်းကြေး ကျားမထိုးလည်း ကျွန်တော် ဝယ်ကျွေးပါ့မယ်ဗျာ၊ ဟေ့ မောင်ဦးရေ... ကိုကြီးသောင်းတို့ဖို့ ကွမ်းတစ်ထုပ်ကွာ။ အဲ့ဒါ ငါ ပေးမယ်ဟေ့'

ကိုသိန်းက ပြောအပြီး လမ်းတစ်ဖက်မှ မောင်ဦး ကွမ်းယာဆိုင်ကို လှမ်းအော်မှာလိုက်သည်။ ၎င်းနောက် ပေါင်မုန့်ဘေးသားများကို ခွေးလေးကောင်အား ပစ်ချကျွေးနေလေ၏။ ခွေးသားအုပ်အမေ ဖြူမကတော့ သူ့ခြေရင်းကပ်ပြီး အခြားကောင်များထက် ပို၍စားနေရသည်။ ပြီးနောက် ကိုသိန်းက သူ့ဆိုက်ကားပေါ် တက်ထိုင်လိုက်ရင်း ဆိုက်ကားရှေ့ ဝါးဆစ် ပိတ်ခွက်ထဲမှ ဆေးပေါ့လိပ်တိုနှင့် မီးခြစ်ယူလိုက်ပြီး ဖိမ်နှင့် နှပ်နေတော့၏။

ညောင်ပင်အရိပ်က အေးမြမြ။ တောင်ဘက် မလှမ်းမကမ်း နာမည်ကြီး ထမင်းဆိုင်ကြီးဆီမှ ဟင်းနံ့သင်း ပျံ့ပျံ့ကလည်း တောင်လေနှင့်အတူ လွင့်မျောပါလာနေသည်။ အတန်ကြာ ထိုင်နေပြီးနောက် ကိုသိန်းလည်း လက်မှ နာရီကို တစ်ချက်ကြည့်ရင်း ဆိုက်ကားပေါ်မှ ဆင်းလိုက်သည်။ ဆိုက်ကားကို ဂိတ်ရှေ့တွန်းထုတ်ရင်း ကျားဝိုင်းမှ လူများကို လှမ်းနှုတ်ဆက်လိုက်၏။

'ကဲ နောင်တော်ကြီးတို့ရေ၊ ဒီနေ့ စောစောဗိုက်ဆာတယ်ဗျာ။ ဟိုဘက် ထမင်းဆိုင်က ဟင်းနံ့တွေ ပါဆယ်သယ်ပြီး မိန်းမလက်ရာ ဘဲဥကောင်လုံးကြော်နဲ့ဖို့ ထမင်းစားလစ်ပြီဗျို့'

❑

ကိုသိန်းတို့ ထမင်းဝိုင်းက ရိုးရိုးရှင်းရှင်းပင်။ မြေစိုက်တဲလေး၏ နံဘေးမြေကြီးပေါ်တွင် စားပွဲဝိုင်းအပုကိုချထားပြီး လင်မယားနှစ်ယောက် ငုတ်တုတ်ထိုင် စားနေကြသည်။ ဟင်းကတော့ အထွေအထူးမဟုတ်။ ဘဲဥတစ်လုံးကို ကြက်သွန်နီနှစ်ဥဖြင့် ခေါက်ကြော်ထားသော ဘဲဥကောင်လုံးကြော်နှင့် ရေတ်သီးစပ်စပ် ငံပြာရည်ဖျော်တစ်ခွက်။ အိမ်ဘေး ခွေးတောက်ရုံမှ ခွေးတောက်ညွှန့် လေးငါးဆယ်ညွှန့်ကို ရေနွေးဖြော။ ပြီးပြီ။ သည်လောက်ဆို ကိုသိန်းတို့ လင်မယားအတွက် စပါယ်ရှယ် နေ့လယ်စာ ပြည့်စုံပြီ။ ကိုသိန်းက ထမင်းလုတ်ကို ပါးစပ်အတွင်း ပလုတ်ပလောင်း ထည့်သွင်းရင်း-

'မယ်တင့်ရေ... အငယ်ကောင်ရော အိပ်ပျော်နေလား။ ဒီကောင် ထမင်းရော စားနိုင်ရဲ့လားဟ။ နေမကောင်းပြီးခါစဆိုတော့ ခံတွင်းပျက်နေရှာမှာ၊ နောက်တော့ သေချာဂရုစိုက်ပါဟ။ ဒီကောင် သဲပုံပေါ် အကြာကြီးဆော့တော့ အအေးပတ်တာပေါ့ဟ။ အေးပါ နင်ကလည်း ကျန်းမာရေးသိပ်မကောင်းသေးတာဆိုတော့ အရမ်းကြီးလည်း ဘယ်ကြည့်နေနိုင်မှာလဲ။ စားစား၊ နေကောင်းတုန်း အစားများများ ဝင်အောင်စားဟ။ နင်တို့သားအမိတစ်တွေလည်း ငါ့ အားမရပါဘူး။ အေးပေါ့လေ... ငါလည်း ကြိုးစားတော့ ကြိုးစားအလုပ်လုပ်နေပါတယ်။ စိတ်ဇောတော့ မကျပါနဲ့ကွာ။ ရော့ အဲဒီ ဘဲဥကြော် နင်ကုန်အောင် စားစမ်း မယ်တင့်၊ ဒါမှ အာဟာရဖြစ်မှာဟ'

ကိုသိန်းက ဘဲဥကြော်ကို သူ့မိန်းမ ထမင်းပန်းကန်ထဲ ထည့်ပေးလိုက်ပြီး ခွေးတောက်ညွှန့် နှစ်ညွှန့်၊ သုံးညွှန့်ကို ထမင်းတွင် မြုပ်၊ ငံပြာရည်ဆမ်းလိုက်ပြီး ထမင်းဆက်စားနေလိုက်၏။

'တော်လည်းစားပါ ကိုသိန်းရယ်၊ ကျုပ်က ဝ,နေပြီတော့။ စောစောက သားငယ်ကို ဆန်ပြုတ်တိုက်ထားတယ်။ သားက ဆန်ပြုတ်မသောက်ချင်ဘူးတဲ့။ ထမင်းစားမယ် ဂျီကျနေတာလေ၊ မနက်ဖြန်မှ ကျွေးမယ် ချော့ထားရတယ်။ အဲ့သာ... မနက်ဖြန်မှ အဝတီးမယ်ဗျာ၊ အမေ ဟင်းကောင်းကောင်း ချက်ကျွေးရမယ်ဆိုလို့ ခေါင်းညိတ်ထားရတယ်'

စကားအဆုံး ကိုသိန်းအား မော့ကြည့်လိုက်သော မယ်တင့်မျက်နှာ၏ အဓိပ္ပာယ်ကို သူ ကောင်းကောင်းကြီး နားလည်နေမိသည်။ ထမင်းကို လက်စသတ်စားပြီး ဘေးမှ လက်ဆေးအင်တုံတွင် လက်နှိုက်ဆေးလိုက်သည်။ ပြီးနောက် ပုဆိုးဖြန့်ဝတ်လိုက်ရင်း လက်သုတ်ပြီးသား ဖြစ်သွား၏။ မယ်တင့်ကို နှုတ်ဆက်ပြီး ဆိုက်ကားဆွဲထွက်ခဲ့တော့သည်။

❑

ကိုသိန်းတစ်ယောက် ဆိုက်ကားဂိတ်တွင် ငူငူကြီး ထိုင်နေသည်။ သည်နေ့မနက် စောစော ဘူတာကြီးတစ်ခေါက် ပြီးကတည်းက ဂိတ်မှာ ငုတ်တုတ်။ ကိုးနာရီထိ ပါစင်ဂျာမလာ။ စိတ်ရှုပ်ရှုပ်နှင့် ဆေးလိပ်ပဲ လိုမ့်ဖွာနေသဖြင့် ခေါင်းကသိပ်မကြည်ချင်။ နောက်ဆုံး ဆိုက်ကားနောက်မှီကို ခေါင်းအုံးပြီး မျက်စိမှိတ် မှိန်းနေမိ၏။

သည်နှေ့မှ ဂိတ်ကလည်း လူရှင်းနေသည်။ တစ်ယောက်မျှ မရှိ။ ဆိုက်ကားပါးသည့် အတူတူ ကိုကြီးသောင်းတို့အဖွဲ့ ငါးမျှားထွက်သွားကြပုံရသည်။ လမ်းမထက်ဆီသို့ မျှော်လင့်ခြင်း အပြည့်နှင့် ငေးနေမိပြန်၏။

မနက်က ခပ်စောစော အိပ်ရာမှ ထခဲ့ရ၍ အနည်းငယ် သမ်းဝေပြီး အိပ်ချင်လာသလိုလို။ မျက်စိကိုမှိတ်ထားပြီး မှေးခနဲ တစ်ချက်အိပ်ပျော်လုပျော်ခင်တွင် ဆူဆူညံညံအသံနှင့် သူ့ဆိုက်ကားအောက်သို့ တစ်စုံတစ်ခုက တိုးဝင်လိုက်သဖြင့် သူနိုးသွားပြီး ခေါင်းထောင်ကြည့်မိသည်။ ကိုသိန်း၏ ဆိုက်ကားအောက်တွင် ခွေးသားအုပ်အမေ ဖြူမက မာန်ဖီပြီး ဟီနေ၏။ သူ့ကို နက်ကွက်နှင့် နှာကျားက ထိုးဟောင်နေသည်။ ဖြူမကလည်း သူ့အားကိုးနှင့် တဝုန်းဝုန်း ပြန်ဟောင်နေသေး။ ကိုသိန်းလည်း ထောင်းခနဲ စိတ်ထွက်သွားပြီး နက်ကွက်နှင့် နှာကျားကို ဟန့်ထုတ်လိုက်သည်။ ဒါကိုပင် သင်းတို့နှစ်ကောင်က အတော်နှင့်မသွားသေးဘဲ တဟဲဟဲ အော်နေကြပြန်၏။ သူက ဆင်းပြီး ရိုက်မည်ရွယ်လိုက်တော့မှ ခပ်ဝေးဝေးသွားနေကြပြီး တအီအီလုပ်နေကြသေးသည်။


ကိုသိန်းက ငုံ့ထိုင်လိုက်ပြီး ဆိုက်ကားအောက်မှ ဖြူမကို ကြည့်လိုက်သည်။ မျက်လုံးရွှဲကြီးနှင့် အားကိုးတကြီးမော့ကြည့်နေသော ဖြူမသည် ချက်ချင်း ခေါင်းပြန်ငုံ့သွားပြီး သူ့လက်နှစ်ဖက်ကြားက အရာတစ်ခုကို ငုံ့နမ်းနေ၏။ အခုမှ သူလည်း ထိုအရာကို မြင်သွားသည်။ အဆီအပေါ်မှ အခေါက်က ဖုန်မှုန့်များနှင့် ရောထွေးနေပြီး ညစ်ထေးနေ၏။ အဆီဖြူဖြူကြီးကတော့ ဖြူဝင်းနေဆဲ။ နီနီရဲရဲ အသားမြောင်းကလည်း အောက်သို့ တွဲရရွဲကျနေသည်။ ဖြူမကိုက်ချီလာသည့် အသားတွဲကြီးတစ်ခု။ ငါးဆယ်သားလောက်နီးနီး ရှိပေလိမ့်မည်။


❑

အချိန်စောသေးသဖြင့် ထမင်းဆိုင်ကြီးကလည်း ချက်ပြုတ်နေဆဲဖြစ်သောကြောင့် ဟင်းနံ့များငှဲ့ဝဲမလာသေး။ မောင်ဦး၏ ကွမ်းယာဆိုင်လေးကမူ လမ်း၏တစ်ဖက်ခြမ်းတွင် ကွမ်းယာဝယ်သူတစ်ဦးစ၊ နှစ်ဦးစနှင့် အသက်ဝင်နေသည်။ ဆိုက်ကားဂိတ်၏ ကျားဝိုင်းကလည်း ကိုကြီးသောင်းတို့ ပြန်အလာကို မျှော်နေပုံရသည်။ ယခုအချိန်တွင် ဆိုက်ကားဂိတ်၌ လူတစ်ယောက်မျှ မမြင်တော့။ လူသူရှင်းနေသော ဆိုက်ကားဂိတ် သျောင်ပင်ကြီးအောက်၌ ခွေးဖြူမတစ်ကောင်နှင့် ခွေးအနက်ကျားတစ်ကောင် ပျော်ရွှင်စွာ ဆော့ကစားနေသည်။ နှာခေါင်းအကျားတစ်ကောင်က နံဘေးတွင် ထိုင်ငေးနေသည်ကို အသေချာ သတိထားကြည့်မိလျှင် တွေ့နိုင်လောက်၏။ နေမင်းကြီးကလည်း သူ၏အစွမ်းကိုပြရန် တာစူနေလေသည်လားမသိ။ စူးရှရှ အလင်းရောင်များကို တရစပ် ထုတ်လွှတ်နေ၏။ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေပူပူများအောက်၌ ဆိုက်ကားဂိတ်လေးသည် လူသူမဲ့စွာ တိတ်ဆိတ်နေပြန်တော့သည်။ ။ ■

ခန့်ညီဗေ


# ရန်ကုန် ဆရာမြင့် (ခ) ဆရာဩဘာ





## နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com




ဘကြ ရွှေအမြုတေ ချစ်စုံမငွ

www.burmeseclassic.com

(က)

တစ်ရွာလုံးက ဒီသတင်းကို ကြားနေရတော့ တိုးတိုးတိုးတိုး သဖန်းပိုး ဖြစ်ကုန်ရော။ စံရွှေအောင်တို့စုံတွဲ သာတိုးအောင်တို့တဲကို ရောက်နေကြတယ်တဲ့။ သူတို့စုံတွဲဟာ ရွာပြန်လာ နေထိုင်ကြတော့ မလိုလို။ ဘယ်လိုနေထိုင်ကြမယ်တော့ အသေအချာမသိ။ အတူတူ တစ်အိမ်တည်း နေမှာလား။ ဒါမှမဟုတ် သူ့အိမ်သူနေ၊ ကိုယ့်အိမ်ကိုယ်နေ, နေကြမှာလား မသဲကွဲ။ ဒါကို ရွာသားတွေက စိတ်ဝင်စားနေကြတယ်။ အခုရောက်နေတာ ရွာနဲ့ ခပ်လှမ်းလှမ်း သာတိုးအောင် တို့တဲမှာ သူတို့ လာတည်းကြတယ်လို့ ကြားသိရတယ်။



တကယ်တော့ စံရွှေအောင်နဲ့ သာတိုးအောင်နဲ့က အပေါင်း အသင်းတွေ။ တကယ်ပြောကြကြေးဆိုရင် သူတို့ နှစ်ယောက်ဟာ ရွာကို ဆန့်ကျင်တဲ့ အုပ်စုအက်မှာ။ သူတို့ကို အတိုက်အခံသမားလို့ ဆိုလို့ရတယ်။ အယူအဆမျှနေကြတဲ့ သူတွေချင်းမို့ ဖက်လဲတကင်း ပေါင်းသင်းကြတယ်။ ခုလည်း မိတ်ဆွေကောင်းပီသစွာ ပေါင်းသင်းဆဲ။ ဒါကြောင့် စံရွှေအောင်ဟာ

www.burmeseclassic.com

သာတိုးအောင်ဆီလာ တည်းခိုတာ အဆန်းတော့မဟုတ်။

သူတို့စုံတွဲ ပြန်လာတာ ရွာကလူတွေ သူတို့ကို သဘောထား ဘယ်လိုရှိကြနေလဲ စုံစမ်းတဲ့အနေနဲ့ လာတာ။ ဒီနောက် သူတို့နှစ်ယောက် ဘယ်လမ်းကို ရှေ့ဆက်လျှောက်ကြမလဲ။

❑

(၁)

နွေရာသီမို့ တချို့အရွက်တွေကြွေ ရိုးတံပြိုင်းပြိုင်း။ တချို့ဆို ရွက်နုတွေဝေ စိမ်းမှိုင်းမှိုင်းနဲ့။ ဒီချိန်မှာ ညောင်ချဉ်ဖူးတို့ အစို့ထွက်ချိန်။ စင်ပြွမ်းသီးတွေ သဘော်သီးစေ့အရွယ်။ ကဒတ်ညွှန့်တွေ၊ ကောက်ကောက်ညွှန့်တွေ ထွက်ချိန်။ တောဟင်းတောင်ဟင်း၊ အသီးအရွက်တွေ ပေါချိန်။ ဒီမှာ တောတောင်တွေဆီ ဟင်းသွားရှာ၊ ထင်းသွားခုတ်တာ သိပ်မဆန်းဘူး။

ဆန်းတာက စံရွှေအောင်နဲ့ နုနုစံ ဟင်းသွားရှာတာ။ သူတို့နှစ်ယောက် သွားတုန်းက တစ်ယောက်တစ်လမ်း။ တစ်ယောက်က ငွေတောင်ပေါက်ဘက်၊ တစ်ယောက် ငပြေအင်းဘက်။ အရှေ့နဲ့ အနောက်။ ဒါပေမဲ့ တရဂူချိုင်မှာ သူတို့နှစ်ယောက် ဆုံစည်းကြတယ်။ အဲဒီမှာ ဟင်းရှာကြ၊ ထင်းခုတ်ကြနဲ့။

တကယ်မှာတော့ စံရွှေအောင်ဟာ ပိုတုန်းဆို ထင်းတို့ဘာတို့ ခွေဖူးသူမဟုတ်။ ထင်းခုတ်၊ အခြမ်းခွဲသူတွေဆီက ဝယ်ဝယ်သုံးတတ်တာ။ အခုတော့ ကိုယ်တိုင်ကိုယ်ကျ ထင်းခွေ၊ ဟင်းရူးကို မငြိုမငြင်။ ဝေးဝေးလံလံကို သွားတတ်

**တကယ်တော့ သူတို့ နှစ်ယောက်ဟာ ဆယ်ကျော်သက် မဟုတ်ကြ ရာစုတစ်စုရဲ့ တစ်ဝက်ကျော် အရွယ် နှစ်ယောက်လုံးမှာ မြေးတွေ ဘာတွေနဲ့ စံရွှေအောင်ဟာ ငါးဆယ်ကျော်ပြီ နုနုစံကတော့ ငါးဆယ်ဘက်ကို ကူးတော့မယ့် ဆဲဆဲ**

ကြတာကို မပျင်းမရှိနဲ့။

တကယ်တော့ သူတို့ နှစ်ယောက်ဟာ ဆယ်ကျော်သက်မဟုတ်ကြ။ ရာစုတစ်စုရဲ့ တစ်ဝက်ကျော်အရွယ်။ နှစ်ယောက်လုံးမှာ မြေးတွေ ဘာတွေနဲ့။ စံရွှေအောင်ဟာ ငါးဆယ်ကျော်ပြီ။ နုနုစံကတော့ ငါးဆယ်ဘက်ကို ကူးတော့မယ့်ဆဲဆဲ။ နုနုစံသမီးကြီးမှာ ကလေးနှယောက် ရှိတယ်။ ပထမတန်းတက်နေပြီ။ စံရွှေအောင်မှာလည်း သားကြီးမှာ ကလေးတစ်ယောက်နဲ့။ မြေးတွေနဲ့ အဘိုးအဘွားပေါ့။ ဒီအရွယ်ရောက်တော့ သူတို့မှာ အားသစ်အင်သစ်နဲ့ အချစ်သစ် တစ်ဖန်မွေးဖွားခဲ့တယ်။

ဒီလို ဖြစ်ရခြင်းကို ခြေရာခံကြည့်ရင် မျက်မှောက်ခေတ်မှာ တစ်နိုင်ငံလုံး အလုပ်ရှားပါးလာနေလေတော့ အလုပ်ပေါ်တဲ့ အိမ်နီးချင်းနိုင်ငံတွေဆီထွက်ပြီး အလုပ်အကိုင်သွားရှာကြတယ်။ ဒါဟာ ကျားမမရွေး မလွဲမရှောင်သာ လုပ်ကိုင်နေကြရတဲ့ ခေတ်အခါသမယ။

စံရွှေအောင်ဟာ မူလက သူ့မှာရှိတဲ့ လယ်သုံးဧကလောက်ကို လုပ်ကိုင်စားသောက်နေသူ ဖြစ်တယ်။ နောက် လယ်နားချိန်မှာ ဝါးဖောင်လေးဘာလေးဖွဲ့ အောက်ပိုင်းကိုဆင်းရောင်းတဲ့အလုပ် လုပ်ကိုင်စားတတ်သူ။ သူ့သား အကြီးကောင်ကတော့ ထိုင်းမှာ။ ငါးဖမ်းလှေလိုက်တယ်။ ရေရှူ။ နောက်ထပ် လှေတစ်စီးကိုလည်း မိုးထားတယ်(မိုးထားတယ်ဆိုတာ သူဌေးဆီက ကန်ထရိုက်ယူထားတဲ့သဘော)။ ဒါနဲ့ သူ့သား လုပ်အားခလေးနဲ့ အသက်ရှူလို့ အသင့်အတင့်ရသလို သမီးလုပ်သူလည်း စက်လေးဘာလေး ချုပ်တယ်ဆိုတော့ ဒါလေးကလည်း ဆန်ဖိုး၊ ဆီဖိုးရတယ်။ ဒါနဲ့ စံရွှေအောင်ဟာ အားတက်သရော လုပ်စရာမလိုတော့။

အရင်ကဆိုတော့ သူဟာ ဖွဲကောင်းကောင်းနဲ့ လုပ်ကိုင် အသက်မွေးခဲ့သူတစ်ယောက်။ လယ်နားချိန်ဆို သူ့မှာရှိတဲ့ တစ်ပိုင်တစ်နိုင် အရင်းအနှီးနဲ့ ဝါးလေးသစ်လေး အရောင်းအဝယ်လုပ်တယ်။ ချောင်းဖျားကိုတက်။ အဲဒီက ဝါးခုတ်သူတွေဆီက ကောက်ဝယ်။ ရလာရင် ဝါးအရောင်းအဝယ်ရှိတဲ့ ကုန်းချောင်း၊ ချော်မီကိုဆင်းရောင်းတတ်တယ်။ တစ်ခါတစ်ခါ အနိမ့်ခံရတော့ ဟိုးအောက် မြစ်ဝထိ ဆင်းရောင်းတယ်။ ဒါလေးက ရတာနဲ့ဆိုတော့ မရှိမရှားထဲကလို့ ဆိုနိုင်သူ။

ဒီလိုလုပ်ကိုင်စားသောက်နေရင်းကနေ ဒေသခံတွေနဲ့ ဧည့်သည်တွေ ပဋိပက္ခဖြစ်ကြတယ်။ ဒါနဲ့ ဝါးဆိုင်တွေ အကုန် ဖရိုဖရဲဖြစ်ကုန်ရော။ ပြည်နယ်မြို့တော် ဝါးဈေးကွက်တစ်ခုလုံးကို ချုပ်ကိုင်ထားတဲ့ ဧည့်သည်တွေ မရှိတော့။ တစ်ပါတည်းမှာ ဝါးဆိုင်တွေလည်း မရှိတော့။ ဒါနဲ့ မြို့ဈေးကွက်မရှိတာနဲ့ ကုန်သည်ကြီးတွေဟာ ဈေးကွက်အသေးဘက်(ဒေသခံတွေက ကျွန်းပတ်လို့ခေါ်တယ်)ကို ဦးလှည့်လာတော့ နည်းနည်းပါးပါး လုပ်စားတဲ့သူတွေ လက်လန်ကုန်တော့နဲ့ စံရွှေအောင်ဟာ ၁၀၉/၁၁၀ အဖွဲ့ဝင်ဖြစ်သွားပါရော။ သူတကယ် အဖွဲ့ဝင်ထားတာကတော့ နောက်ပိုင်း နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းလိုက်တဲ့ လူမှုရေးအဖွဲ့က အဖွဲ့ဝင်။ ဒါကြောင့် လူရည်သန့်တစ်ယောက်လို့ ဆိုနိုင်တယ်။

ဒီမှာ နုနုစံနဲ့ စံရွှေအောင် ဘဝက သိပ်ခြားခြားနားနား ရှိတာတော့မဟုတ်။ နုနုစံယောကျ်ား လှကျော်ဖံမှာ သူပိုင်ဆိုင်တဲ့ လယ်နှစ်ဧကလောက်ကို လုပ်ကိုင်တတ်သူ။ တစ်ဖက်မှာ လယ်နဲ့တစ်စပ်တည်း တောင်ခြေရင်းမှာ ရှောက်၊ သံပရာ၊ သရက်၊ ဓိန္နိ၊ တညင်း စတဲ့ ခြံတစ်ခြံ ရှိတယ်။ ဒီခြံကထွက်တဲ့ အသီးမပို့လေးနဲ့ အသက်ရှင်သန်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတာ။ နောက်ပိုင်း သီးထွက်တွေက ကျဆင်းလာတော့ လွှတစ်လက် ဝယ်တယ်။ အဖော်တစ်ယောက်နဲ့ လွှဆွဲတယ်။ ဒါလည်း တစ်နှစ်ထက်တစ်နှစ် လွှတိုက်စရာ သစ်ပင်တွေ ရှားရမလွယ်တော့။ အရင်ကဆို တောင်ချိုင်မြောင်ကြားတွေမှာ လွှမဆွဲနိုင်တဲ့ သစ်ပင်တွေရှိခဲ့တယ်။ အခု ဒီတောင် ဒီတောတွေမှာ ကတ်ကတ်သတ်သတ် ပေါက်ရောက်နေတဲ့ သစ်ပင်တွေတောင် မရှိသလောက် ဖြစ်နေပြီ။ တာဝန်ရှိသူတွေက လွှပိုင်းတွေကိုတော့ အကန့်အသတ်နဲ့ ခွင့်ပြုထားတယ်။ ချိန်းစက်တွေကျတော့ ဘာအကန့်အသတ်မှမရှိ လွှတ်ထားတယ်။ ချိန်းစက်တွေဟာ အခက်အခဲမရှိ နေရာအနှံ့ ရောက်နိုင်တယ်။ ဒါကပဲ အရင်းအနှီးမတတ်နိုင်တဲ့ လှကျော်ဖံကို ထိုင်းဆီ တိုက်ရိုက်မဟုတ်တောင်မှ သွယ်ဝိုက် တွန်းပို့လိုက်သလို။ သစ်ဝါးရှားလာတော့ လွှတိုက်စရာလည်း သစ်မရှိတော့။ သူ့ရဲ့ လက်စွဲတော်လွှကို အငြိမ်းစားပေးလိုက်ရတယ်။

အလုပ်အကိုင်မရှိတော့ ထိုင်းကိုသွားဖို့ ဆုံးဖြတ်လိုက်တယ်။ တကယ်တော့ အဲဒီနေရာကို ငယ်ငယ်ရွယ်ရွယ်တွေသာ ကောင်းတယ်ဆိုတာ သူသိတယ်။ ဒါပေမဲ့ အဝေးခံမဖြစ်တော့ ဆုံးဖြတ်လိုက်ကြတယ်။ ဟိုမှာ သူ့မိန်းမ နနစံတို့အမျိုးတွေက တစ်မျိုးတစ်ဆွေလုံး ရှိနေတယ်လေ။ သူ့သမီးနဲ့သမက်၊ နောက်သူ့သား၊ နောက် သူ့မိန်းမ အစ်မ (သူ့မရီး) နနအေး၊ သူ့မိန်းမ

**ဒီချိန်မှာ စံရွှေအောင်နဲ့ နနစံတို့ ဝက်သက်ပေါက်နေကြပြီ တိုးတိုးတိတ်တိတ် ကူသပေမဲ့ မသက်သာတဲ့အပြင် ရောဂါအရှိန်က မြင့်မြင့်လာတယ်**

အစ်ကို(သူ့ယောက်ဖ)နဲ့ သားသမီးတွေ ရှိနေတာဆိုတော့ သူဟာ စွန့်စားရဲတာပါပဲ။ သူဟာ အဲသလိုနဲ့ ထိုင်းကိုရောက်သွားတယ်ဆိုပါတော့။ သူတို့အမျိုးတွေက အကုန် ရေလုပ်ငန်းထဲမှာ။ အမျိုးသမီးတွေက စည်သွတ်စက်ရုံမှာ။ သူ လှေစီးရမယ်။ ဒါနဲ့ သူ့ကိုကလေးတွေနဲ့ ပြိုင်လုပ်နိုင်မှာ မဟုတ်ဆိုပြီး နနအေး သမက်က သူမိုးထားတဲ့လှေမှာ အိုးသူကြီး ရာထူး ခန့်အပ်လိုက်တယ်။

လှကျော်ဖံဟာ ဒီကရတာကို ကိုယ်တစ်ပြားတစ်ချပ်မှ မသုံးဘဲ အိမ်ကိုပို့တယ်။ ဒါနဲ့ နနစံဟာ သိပ်ပင်ပင်ပန်းပန်း လုပ်စရာမလိုတော့ဘဲ အေးအေးလူလူ စားသောက်လို့ရတယ်။ အိမ်မှာက ပဥ္စမတန်း ကျောင်းသူတစ်ယောက်၊ သားက အငယ်ဆုံးတစ်ယောက်။ ထိုင်းမှာရှိနေတဲ့ သမီးရဲ့သား (မြေး)လေးတစ်ယောက်နဲ့ နေထိုင်နေတယ်။ ရွာမှာက ဟိုအရင်ကလို ဗီဒီယိုရုံ သွားကြည့်သူနည်းသွားပြီ။ နည်းနည်း တတ်နိုင်သူဆိုရင် အိမ်မှာပဲ ခေါက်ချိုး တီဗွီ/ဗီဒီယိုလေးတွေကိုယ်စီ ငြိမ့်နေကြတော့တယ်။ မီးကလည်း ဆိုလာပြားကိုယ်စီနဲ့။ ခေတ်က တစ်စတစ်စ ပြောင်းလဲလာတယ်။ ဒီပြောင်းလဲမှုရဲ့ ရေစီးမှာ နနစံတို့မပါ ဘယ်နေပါ့မလဲလေ။ တီဗွီအငယ်စားလေးတစ်လုံး ဝယ်တယ်။ အဲဒါလေးနဲ့ ကျေးလက်ဘဝရဲ့ရသကို ချိုမြိန်စွာ ဖြတ်သန်းတယ်။

ဒီမှာ ပြဿနာက ဇာတ်လမ်းတွဲတွေကို စွဲလမ်းလာတာ။ ဟိုတုန်း သူများဆီမှာ မျက်နှာငယ်ခံကြည့်ခဲ့ရတယ်။ ခုတော့ ကိုယ့်ဟာလေးနဲ့ကိုယ်။ ကိုရီးယားဇာတ်လမ်းတွဲကနေ ထိုင်းဇာတ်လမ်းတွဲတွေကို ပိုပြီး စွဲလာတယ်။ ကိုရီးယားကားက မြန်မာစာတန်းထိုး။ စာလိုက်ဖတ်ရတာနဲ့ အရသာပျက်တယ်။ ထိုင်းကားတွေက ဗမာစကားပြောနဲ့။ ဗမာကားကြည့်ရတာနဲ့ အတူတူ။ ပြီးရင် ဒီကယဉ်ကျေးမှုနဲ့ တူတယ်။ တချို့ဇာတ်ဆောင်တွေ ဘောင်းဘီအတိုလေး ဝတ်တာလောက်တော့ရှိတယ်။ ဒီမှာလည်း သူတို့လို ဝတ်တတ်နေကြပြီလေ။ သူတို့ဆီက ကျေးလက်က လူတွေဆိုရင် ဒီကအတိုင်းပဲ၊ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ရင် လက်အုပ်လေးချီလို့။ အငယ်က လက်အုပ်ချီသလို အကြီးလည်း လက်အုပ်ချီ တုံ့ပြန်တယ်။ ဒါတွေဟာ နနစံကို စွဲမက်စေတယ်ဆိုရင် မမှားလောက်ဘူး။

ဒါပေမဲ့ သူ့သားသမီးနဲ့ မြေးတွေက သူ့ဆီက ရီမုတ်ကို လုယူ အာဏာသိမ်းလိုက်တယ်။ သူတို့ကြိုက်တဲ့ ကာတွန်းကားတွေ ကြည့်ကြတယ်။ သူ့မှာတော့ ကြည့်ပိုင်ခွင့် လက်လွှတ်ဆုံးရှုံးသွားရပေါ့။ ဒီအတွက် နနစံဟာ အိမ်နီးချင်း စံရွှေအောင်အိမ်ဘက်ကို ကူးတယ်။ သူ့အိမ်မှာက ပီအက်စ်အိုင်။ စံရွှေအောင်တို့မှာက စကိုင်းနက်။ ပိုပြီး ကြည့်စရာ ရှုစရာများတယ်။ ဒါနဲ့ နနစံဟာ စံရွှေအောင်နဲ့အတူ တစ်ကားပြီး တစ်ကား ကြည့်ရှုကြတာ သန်းခေါင်သန်းလွဲ။ စံရွှေအောင်တို့ မိသားစုက တစ်ရေးနိုးတာတောင် တီဗွီဖန်သားပြင်က မခွာသေး။

ဒီလို ကြည့်ရှုနေရင်းကနေ စံရွှေအောင်သား အငယ်ကောင်ကို ရန်ကုန်ပို့မယ်လုပ်တယ်။ စံရွှေအောင်မိန်းမ မလှစိုးတို့ ဦးလေးဆီကိုပေါ့။ ဒီမှာက မူလွန်အဆင့်ပဲရှိတာ။ သတ္တမတန်းပြီး အဋ္ဌမတန်း တက်လို့မရဘူး။ မြို့ကို ပြောင်းရမယ်။ တကယ်တော့ ဘုန်းကြီးကျောင်းတွေမှာ မူလတန်းကနေ အထက်တန်းထိ သင်လို့ရအောင် လုပ်ထားတယ်။ စည်းကမ်းရှိတယ်၊ ကြပ်ကြပ်မတ်မတ်ရှိတယ်။ ငွေကြေးမကုန်ကျဘူး။ အောင်ချက်လည်း ကောင်းတယ်။ ခက်တာက စံရွှေအောင်ဟာ ဘုန်းကြီးကျောင်းကို ခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com

သူ အုပ်စုထဲမှာပါတယ်။ ဒါကြောင့် အောက် ကျို့မခံ ဆိုတဲ့မာနနဲ့ ရန်ကုန်ပို့မယ် အစီအစဉ်လုပ်တယ်။ မလှစိုးကတော့ သားက ငယ်လည်း ငယ်သေးလို့ အဝေးကိုမပို့ချင်။ ဘုန်းကြီးကျောင်းကို အတိုက်အခံလုပ်တာလည်း သူ့ယောက်ျားတို့ တစ်သိုက်သာ။ ဆယ်,ကိုးယောက်။ မလှစိုးက ဆရာတော်ဆီ ပြောပြရင် လက်မခံစရာမရှိ။ တစ်ယောက်က မောက်မာနေပေမဲ့ တစ်ယောက်က ခွင့်လွှတ်ပြီးသား။ မလှစိုးဟာ သူ့ယောက်ျား အစီအမံကို မလွန်ဆန်နိုင်တော့။ ဒါနဲ့ သားကို ရန်ကုန်ပို့လိုက်တယ်။ သမီး နှင်းပန်းဝေပါ ခေါ်ယူသွားတယ်။ သူ့သား နေသားကျတော့မှ ပြန်လာမယ်ဆိုတဲ့ သဘောပေါ့။

❑

(ဂ)

သူ့မိန်းမ မလှစိုးနဲ့ သူ့သမီး နှင်းပန်းဝေတို့ ကျောင်းပိတ်တော့ ရန်ကုန်က ပြန်လာကြတယ်။ ဒီချိန်မှာ စံရွှေအောင်နဲ့ နုနုစံတို့ ဝက်သက်ပေါက်နေကြပြီ။ တိုးတိုးတိတ်တိတ် ကူသပေမဲ့ မသက်သာတဲ့အပြင် ရောဂါအရှိန်က မြင့်မြင့်လာတယ်။ မလှစိုးဟာ အသံထွက်မှာကိုကြောက်တာကတစ်ကြောင်း၊ စံရွှေအောင်ရဲ့ မဟာပုရိသစိတ်ဓာတ်ကို လန့်တာကတစ်ကြောင်းကြောင့် မျိုသိပ်ရင်းကြည့်နေရတယ်။ နုနုစံနဲ့ စံရွှေအောင်တို့ကတော့ ဘာဆိုဘာမှမဖြစ်သလို ထင်းခုတ်၊ ဟင်းခူး သွားမြဲသွားလာလျက်။

ဒီသတင်းဟာ အရပ်

> သူတို့နှစ်ယောက်
> ဟာ
> ကဲ့ရဲ့ခုနစ်ရက်
> ချီးမွမ်းခုနစ်ရက်
> ဆိုတဲ့
> အားဆေးစားပြီး
> မြေလျှိုး
> သွားကြတယ်
> ဘယ်ရပ်ဌာနီ
> စံလေပြီလည်း
> မသိကြတော့
> အဲသလို
> စုပ်စမြုပ်စ
> မြုပ်သွားတာ
> တစ်နှစ်တောင်
> မကြာလိုက်
> သူတို့သတင်းက
> တစ်ဖန် သဲ့သဲ့
> ကြားလာရတယ်

လေးမျက်နှာဆီ ပျံ့နှံ့သွားတယ်။ ဒါနဲ့ လှကျော်စံနားထိ ပေါက်သွားတယ်။ ဒါနဲ့ လှကျော်စံ အိမ်ပြန်လာတော့မယ်လို့ သတင်းကြားရတယ်။ ဒီစဉ်မှာ စံရွှေအောင်တစ်ယောက် ဆေးကုမယ်ဆိုပြီး သူ့ညီရှိရာ နေပြည်တော်ဆီ ထွက်သွားတယ်လို့ သတင်းထွက်လာတယ်။ အဲသလို နေရင်းကနေ နှစ်ရက်လောက်အလိုမှာ နုနုစံတစ်ယောက်လည်း အိမ်မှာ ကလေးတွေချည်း ပစ်ထားခဲ့ပြီး ရွာကနေ ပျောက်သွားတယ်။ နုနုစံ ဘယ်လဲ။ စံရွှေအောင်ဘယ်လဲ။ တစ်ယောက်တစ်မျိုး ပြောနေကြတယ်။ စံရွှေအောင် နေပြည်တော်သွားတယ်ဆိုတာ မဖြစ်နိုင်။ ဆေးကုစရာ ရောဂါလည်း ထွေထွေထူးထူး ဘာရောဂါမှလည်းမရှိ။ သူတကယ်ပဲ ဆေးသွားကုတယ်ထား၊ နုနုစံက ဘာကြောင့် ရွာကနေ ရုတ်တရက် ပျောက်သွားရတာလဲ။ ရွာသားတွေဟာ ဆက်စပ်ကြည့်ကြတော့ သူတို့နှစ်ယောက် အမိုက်ဇာတ်ကို ခင်းလိုက်ကြပြီလို့။ ဘယ်သောင်ဘယ်ကမ်း သွားဆိုက်ကြမလဲမသိ။ တိကျခိုင်မာမှု မရှိပေမဲ့ ရွာသားတွေက ဒီသတင်းကို အတည်ပြုလိုက်ကြတယ်။ လှကျော်စံသမီးလေး မြင့်မြင့်မိုးတစ်ယောက် သူ့အိမ်က ပျောက်သွားတယ်။ အရှက်သည်းလို့လို့ ထင်မြင်ချက်ပေးကြတယ်။ ထိုအတိုင်းပါပဲ စံရွှေအောင်သမီး နှင်းပန်းဝေတစ်ယောက်လည်း ယုန်ထင်ကြောင်ထင် သတင်းကို အတည်ပြုလိုက်ချိန်မှာ သတိမေ့ပြီး ဆေးရုံထိ ပို့လိုက်ရတယ်။ စံရွှေအောင်ဟာ နုနုစံကို ဘာကြောင့် တပ်မက်ရတာလဲ။ နုနုစံကရော ဘာဖြစ်လို့ စံရွှေအောင်ကို မက်မောရတာလဲ။ ပြီးရင် မြေးတွေတောင် ရှိနေတဲ့အရွယ်။ တစ်ခုတော့ရှိတယ်။ စံရွှေအောင်က လူရည်သန့်တယ်၊ မြို့ပေါက်ပြပေါက်လူ။ လှကျော်စံကတကယ့် တောသားပီပီ ဝတ်တာစားတာကအစ ရိုးတယ်။ ဒါနဲ့ နုနုစံဟာ စံရွှေအောင်ကို ခရေပင်အောက်ကနေ ပိတောက်ချစ်သူအဖြစ် ခံယူလိုက်ပုံရတယ်။ အသားညိုပေမဲ့ ဖွံ့ဖွံ့ထွားထွား။ ငါးဆယ်ဘက်ကို ကူးတော့မယ့် အရွယ်ပေမဲ့ နွားပိန်ကို အသားတိုးကြည့် သလိုကြည့်ရင် စံရွှေအောင်တစ်ယောက် အတွက် နုနုစံဟာ မျက်စိကျချင်စရာ ဖြစ်လာဟန်ရှိတယ်။ မလှစိုးကတော့ ပန်းကန်ပြားတစ်ချပ်လို ပိန်ပိန်ကပ်ကပ်။ သူ့ကို ကြည့်လိုက်တိုင်း မျက်နှာလေး တရှုံ့ရှုံ့မဲ့မဲ့နဲ့။ ဒါဟာလည်း စည်းကိုဖောက်လိုက်တဲ့ အကြောင်းတရားထဲက အကြောင်းတရားတစ်ခုလား မပြောတတ်။

❑

(ဃ)

သူတို့နှစ်ယောက်ဟာ ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်ဆိုတဲ့ အားဆေးစားပြီး မြေလျှိုးသွားကြတယ်။ ဘယ်ရပ်ဌာနီစံလေပြီလည်း မသိကြတော့။ အဲသလို စုပ်စမြုပ်စ မြုပ်သွားတာ တစ်နှစ်တောင် မကြာလိုက်၊ သူတို့သတင်းက တစ်ဖန် သဲ့သဲ့ ကြားလာရတယ်။ 'စံရွှေအောင်တို့ဟာ သာတိုးအောင်တို့ဘဲမှာ ရောက်နေကြသတဲ့'။ ဒီသတင်းဟာ ပွင့်ပွင့်လင်းလင်း သိကြရတာတော့ မဟုတ်ကြ၊ တိုးတိုးသတင်းမျှသာပဲ။ ဒါပေမဲ့ ဒီသတင်းဟာ မှန်နေတယ်။ ဒီမှာ သာတိုးအောင်ဟာ အောင်သွယ်တော် ဖိုးရွှေလမင်းဘွဲ့ကို လက်ခံလိုက်တယ်။

ဒါနဲ့ သာတိုးအောင်ဟာ လှကျော်စံဆီသွားတယ်။ လှကျော်စံအိမ်ကို အရင်တစ်ခါမှ ဝင်ထွက်ဖူးသူ မဟုတ်။ ခု ပထမအချီ။ လှကျော်စံဟာ ဆေးလိပ်လေးဖွာပြီး ဝါးကုလားထိုင်မှာ ထမင်းလုံးစီနေတယ်။

'ကိုကျော်စံ စားပြီးပြီလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com

'ပြီးပါပြီဗျား'

'သြော်…ဟင် ဟင်၊ ဒီလို ကိုကျော်ဖံရဲ့။ စကားလေးဘာလေး ပြောချင်လို့လာတာပါ'

'ဘာလဲ သစ်တိုက်မလို့လား။ လွတောင်မှ ဘယ်ချောင်ရောက်နေမှန်း မသိတော့ဘူး ကိုသာတိုးအောင်ရဲ့'

'မဟုတ်ပါဘူး၊ ဟိုဒင်းပါ ကိုကျော်ဖံ'

'ပြောပါ၊ ရပါတယ်'

'စိတ်တော့ မဆိုးပါနဲ့နော်။ ဒီလိုပါ၊ တကယ်လို့ စိတ်ဆိုးချင်လည်း ကျွန်တော့်စကားဆုံးမှ စိတ်ဆိုးပါလို့ လက်ဦး တောင်းပန်ပါရစေဗျာ။ ပြောချင်တာက'

'ပြောလေ၊ ရပါတယ်'

'သူများ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်တာလည်း မဟုတ်ဘူးနော်။ ဒီမှာ ကိုကျော်ဖံ၊ တကယ်လို့ဗျာ ခင်ဗျားမိန်းမ အိမ်ကို ပြန်လာချင်ပါတယ်ဆိုရင် ခင်ဗျား ဘယ်လိုသဘောထားမှာလဲ'

ဒီအမေးကြောင့် လှကျော်ဖံ မိုးကြိုးအပစ်ခံရသူလို တုတ်တုတ်မျှမလှုပ်တော့။ သာတိုးအောင်လည်း ဆက်ပြောမယ့်စကား ရှာမရဖြစ်နေတယ်။ လှကျော်ဖံ သက်ပြင်း ရှည်ကြီးချလိုက်တယ်။ ပြီး အသံ တိုးတိုးဖွဖွလေးနဲ့-

'သူကကော လာတော့မတဲ့လား'

'ဒီလိုလေဗျာ၊ လူဆိုတာ အထူးသဖြင့် ပုထုဇဉ်ဆိုတာ စိတ်အလိုလိုက်ပြီး မှားတတ်တဲ့ဓမ္မတာပဲလေ။ တကယ်လို့ဗျာ ကိုကျော်ဖံမိန်းမ လာခဲ့သည့်ရှိသော်ပေါ့ဗျာ'

'အင်း…ဒီကလေးတွေရဲ့ မျက်နှာထောက်ပြီးတော့ လက်ခံရတော့မှာပေါ့ဗျာ'

ဒီလောက်စကားရလာတာတော့ အဲ့ည လူခြေတိတ်ချိန်မှာ သာတိုးအောင်ဟာ အောင်မြင်စွာနဲ့ နုနုစံကို လှကျော်ဖံဆီ သွားအပ်လိုက်တယ်။

နောက်တစ်နေ့မှာ မလှစိုးဆီ သွားပြီး စကားတီးခေါက်ကြည့်တယ်။

'ဗျို့ မလှစိုး နေကောင်းတယ်နော။ ဒီမရောက်ဖြစ်တာ အတော်တောင်ကြာပေါ့လေ'

မလှစိုးက သာတိုးအောင်အပေါ် အလျင်ကလောက် ဖော်ရွေမှုမရှိတာကို သတိပြုမိတယ်။ စံရွှေအောင်ရှိစဉ် ဒီအိမ်တွေ ဆွေမျိုးရင်းချာလို ဆက်ဆံခဲ့ဖူးတဲ့အိမ်။ ခုတော့ စကားပလ္လင် ဘယ်လိုခံရမလဲတောင် မပြောတတ်တော့။

'ဒီလိုဗျ မလှစိုး။ ကိုလှကျော်ဖံဟာ နုနုစံကို အိမ်ပေါ်ခေါ်တင်လိုက်တယ်ဆိုလားပဲ၊ ကြားမိလား မပြောတတ်ဘူး'

'ဘာလဲ၊ ရှင်က ကိုသာတိုးအပေါင်းအသင်း တိရစ္ဆာန်ကို အိမ်ပေါ်ခေါ်တင်စေချင်တယ်ပေါ့လေ'

သာတိုးအောင်ဟာ မလှစိုးရဲ့ အပြောကို အတော်လန့်ဖျပ်သွားတယ်။ တော်တော် အကင်းပါးသူပါလားလို့။

'ဒီမှာ ကိုသာတိုး၊ ဒီလောက် သစ္စာမဲ့၊ အရှက်မဲ့တဲ့ 'ဒ၊ သ၊ န၊ သော'ကောင်မျိုးကို ဒီတစ်သက်မပြောနဲ့ နောက်ဆယ်သက်တောင် လက်မခံဘူး၊ မှတ်ထား'

ဒီစဉ်မှာ နှင်းပန်းဝေ ရွာထဲက ပြန်လာတယ်။

'ဘာလဲ အမေ'လို့ မေးလိုက်တော့ မလှစိုးက မဲ့ကာရွဲ့ကာနဲ့…

'ဟော…ညည်းအဖေ တိရစ္ဆာန်ကို အိမ်ပေါ်တင်ဖို့ လာပြောနေတယ်'

'ဟယ်…ဟုတ်လား၊ ဒီမှာဦးလေးသာတိုး ကျွန်မတို့ မိသားစု ထပ်ပြီး အရှက်မရပါစေနဲ့တော့၊ အဲဒီလူကြီး'

သာတိုးအောင်ဟာ နှင်းပန်းဝေစကားကို ကြားလိုက်တော့ လက်လန်သွားတယ်။ အဖေအရင်းခေါက်ခေါက်ကိုတောင်'အဲဒီလူကြီး'တဲ့လေ။

'တကယ်လို့ အမေကသာ ဒီလူကြီးကို အိမ်ပေါ်တင်တယ်ဆိုရင် ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေပစ်မယ်'

ဟယ်မလွယ်ပါလားလို့။ သူ့အဖေ နုနုစံကို ခိုးယူတုန်းကလည်း အရှက်သည်းလို့ ဆေးရုံတင်ခဲ့တာကို ထောက်တော့ ဒီကောင်မလေးဟာ ပြောသလို တကယ်လုပ်မှာလို့ နားလည်လိုက်တယ်။ ဒါနဲ့ သာတိုးအောင် တစ်ယောက် သူ့သံခင်းတမန်ခင်း မအောင်မြင်လို့ သူ့တဲကို ခေါင်းငိုက်စိုက်ပြန်လာတယ်။ သူဟာ စံရွှေအောင်ကို ဘယ်လို ပြောရမယ်တောင် မသိတော့။ စံရွှေအောင်လည်း ဘယ်ထိ ရေရှန်မျှောမယ် မသိတော့…မသိတော့…တော့…တော့…။

■

အယ်ကော်

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# [illegible]

မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ဟားတိုက် ရယ်မောနေတဲ့ သူငယ်ချင်းမမျက်နှာကို ကြည့်ပြီး ဒီတစ်ခါတော့ ကျွန်မ စိတ်ထဲ မသနားတော့။ ဒေါ်တွေပဲ တလိပ်လိပ် လိုမ့်၍တက်လာတယ်။ ဘာတဲ့ 'ပျော်လိုက်တာဟယ်၊ ငါ့ဘဝမှာ ဒီနေ့လောက် ပျော်မိတာ တစ်နေ့မှ မတွေ့ခဲ့သေးဘူး' လို့လည်း ပြောပြန်သေးတယ်။

❑

'ရှက်လိုက်တာဟယ်၊ အညို ရှက်လိုက်တာ'

ညိုသော အသားအရေမှာ ရှက်ခြင်းကြောင့် နီ၍ မှောင်နေသော မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်အုပ် ညှပ်မိုးပြီး ပြောလာတုန်းက ကျွန်မတို့ အသက်က တစ်ဆယ့်လေးနှစ်။ အဲဒီနေ့က ကျောင်းကို ကျွန်မအစောကြီး ရောက်နေခဲ့တယ်။ ရေးစာအုပ်ကလွဲလို့ ပုံနှိပ်ဖတ်စာအုပ်တွေ အကုန်လုံး ထားပစ်ခဲ့ပေမဲ့ ကျွန်မ လွယ်အိတ်ကြီးက သိသိသာသာ ဖောင်းကားနေတယ်။ ကျွန်မ သူငယ်ချင်းမ အညိုကို အရမ်း တွေ့ချင်နေပြီ။ အခါတိုင်းလည်း အညို့ကို သနားစိတ်နဲ့ ဘာပစ္စည်းပဲ ဝယ်ဝယ် နှစ်ခုဝယ်ဖြစ်ခဲ့ပြီး





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပေးလိုက်တိုင်း 'ကျေးဇူးပါပဲဟယ်၊ နင့်ကျေးဇူးကို မမေ့ပါဘူးဟယ်' နဲ့ စကားပြောတဲ့အခါ တဟယ်ဟယ်နဲ့ ပြောပုံလေးကို ကျွန်မ အရမ်းသဘောကျခဲ့တယ်။

အဲဒီနေ့ကတော့ သူက၊ သူငယ်ချင်းမ အညိုက သူ အရမ်းလိုအပ်နေတဲ့ (ကျွန်မ အထင်ပေါ့) ဆောင်းဝတ်အင်္ကျီထူကို ကျွန်မက ပေးလိုက်ခဲ့ပေမဲ့ သူ့အာရုံက ပစ္စည်းပေါ်မှာ ရှိမနေ။ ရှက်လိုက်တာ၊ ရှက်လိုက်တာနဲ့ တဟယ်တည်း ဟယ်နေခဲ့တယ်။

သူပြောလာပုံကလည်း ကပေါက်တိကပေါက်ချာမို့ ရုတ်တရက် ချက်ချင်းတော့ ကျွန်မ နားမလည်လိုက်ဘူး။ သူ့ရင်တွေကလည်း မတရားကို ခုန်နေခဲ့တာတဲ့။ မေးသေးတယ်လေ၊ ကျွန်မကို 'ဒါအချစ်လား၊ အဲ့ဒါဟာ အချစ်လား' တဲ့။

သူ ပြောတာကို နားထောင်ပြီး 'ဟုတ်တယ်၊ အဲ့ဒါ အချစ်ပဲလေ' လို့ ပြောရအောင် အချစ်ဆိုတာကိုလည်း ကျွန်မ မသိသေး။ ကျွန်မဘဝမှာ ကျွန်မလိုချင်တာကို ပေးရင် ချစ်တယ်၊ ပေးမလာရင် မချစ်ဘူး၊ ဒါပဲ။ အချစ်ဆိုတာ ကျွန်မအတွက်တော့ အရယူခြင်းပဲ။ သူပြောလာတဲ့ အချစ်ကိုတော့ ကျွန်မ မသိသေးတာအမှန်။

'ကိုလေးက တစ်ခါမှ ငါတို့တဲဘက်ကို လာဖူးတာမဟုတ်ဘူး။ ကိုကြီးတို့၊ မမကြီးတို့ကတော့ ခဏခဏလာဖူးတာပေါ့။ ပြီးတော့ ကိုလေးက တစ်ခါမှလည်း မခိုင်းဖူးဘူးလေ။ ခု ရုတ်တရက်ကြီး ငါတို့တဲထဲ ဝင်လာတာ။ ငါက ရင်ရှားကြီးနဲ့ သနပ်ခါးသွေးနေတာပေါ့။ သီချင်းကလည်း ဆိုနေတာအေရယ်။ ကော်နီရဲ့ *ကိုကိုချစ်* သီချင်းဟဲ့။ ရှက်လိုက်တာဟယ်။ ဘာသံမှလည်း မပေးဘူး၊ ငါ့ကိုငေးနေတာ'

အညိုနဲ့ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ဘဝက ဆင်းသက်လာပုံချင်း တူခဲ့သော်လည်း ဖွံ့တည်ပုံကမတူကြ။ သို့သော် လူတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံ ခံစားမှုအသစ်အဆန်းမှန်သမျှ အညိုက ကျွန်မထက်စောပြီး တွေ့ကြုံရလေ့ရှိတယ်။ မနှစ်ကတည်းက အညိုက အပျိုကောင်းကောင်းဖြစ်ခဲ့ပြီး ရာသီသွေးလာခဲ့သော်လည်း ကျွန်မမှာတော့ ခုထိ အရိပ်အယောင်ပင်မပြသေး။ ဟော…ခု သူက ဒါအချစ်လား၊ အဲဒါအချစ်လားတဲ့ ပြောလာပြန်ပြီ၊ မေးလာပြန်ပြီ။

ကျောင်းတက်ခေါင်းလောင်းထိုးခါနီးမှ ဝရုန်းသုန်းကား အပြေးရောက်လာတဲ့ အညိုကိုကြည့်ပြီး ကျွန်မစိတ်ထဲ ထိတ်နေမိခဲ့တယ်။ အညို အိမ်ကြီးရှင်တွေက ဘာတွေခိုင်းနေလို့လဲ၊ အညိုတစ်ယောက် အဆူခံထိခဲ့ပြီလားပေါ့။ အတန်းထဲရောက်တော့ ထိုင်ခုံမှာ ထိုင်မိပြီဆိုရင်ပဲ အညိုက တဖွဖွပြောလာတယ်။ ရှက်လိုက်တာတဲ့။ ကဲ…။

❑

တကယ်တော့ ကျွန်မ သူငယ်ချင်းမ ညိုက အောက်ပြည် အောက်ရွာက ပြောင်းလာတဲ့ အောက်သူမလေး။ မန္တလေးမြို့ အနောက်ဘက်ကမ်း ရွာသူတစ်ယောက်။ ကျွန်မတို့ အထက်အညာကို ကြံရာသီမှာ အလုပ်လာလုပ်ရင်း ရောက်လာတာ။ အဲဒီအချိန်တုန်းက ကြံကြိတ်ချိန်တို့၊ မြေပဲဆွတ်ချိန်တို့ဆို အောက်ပိုင်း ရွှေဘို၊ မုံရွာ၊ မန္တလေး၊ မြင်းခြံ (အချို့)က အထိ အလုပ်လာလုပ်လေ့ရှိကြတယ်။

အညိုတို့ မိသားစုကလည်း ဒီအထဲက တစ်မိသားစု။ ကြံရာသီမှာ ကြံခုတ်လာရင်းနဲ့ ကျွန်မတို့ရွာမှာ အခြေချဖြစ်သွားတာ။ ပုံမှန်ဆို ကြံကြိတ်ချိန်မှာ ကြံခုတ်ပြီး ရာသီချိန်ကုန်ရင် အောက်ပြည်၊ အောက်ရွာကို ပြန်သွားကြပေမဲ့ အညိုတို့ မိသားစုက မပြန်ဖြစ်လိုက်ကြဘူး။ သူတို့ ကြံခုတ်ရတဲ့ ကြံတောင်သူကြီးအိမ်မှာ သူရင်းငှားအဖြစ် အလုပ်ဆက်လုပ်ပြီး အထက်အညာမှာ နေဖြစ်သွားတာ။ အညိုတို့ နေဖြစ်သွားတဲ့အိမ်က ကိုလေးတို့အိမ်။

ကြံရာသီမှာတော့ အခင်းထဲမှာ အခြားကြံခုတ်သူ မိသားစုများနဲ့အတူတူ အလုပ်လုပ်ကြတာပါပဲ။ ကြံရာသီကုန်တော့မှ ရွာကအိမ်ကို သူရင်းငှားမိသားစုအဖြစ် ရောက်လာတာ။ ကိုလေးတို့ ခြံကြီးရဲ့ အနောက်ဘက်ထောင့်လေးမှာ တဲလေးထိုးပြီး နေခွင့်ရနေကြတယ်။ သပ်သပ်ရပ်ရပ်လေးပါပဲ။သက်ငယ်မိုး ဖျဉ်ထောင်ဖျဉ်ခင်း တစ်ထပ်ကလေး။ ဒါ ပေသိ ကိုလေးတို့ သုံးခန်း၊ ငါးခန်း နှစ်ထပ် အုတ်ခံအိမ်ကြီးနဲ့တော့ တခြားစီပဲပေါ့။

အညိုနဲ့ကျွန်မက သတ္တမတန်းနှစ်ကျမှ တစ်ခန်းတည်း စာသင်ခွင့်ရပြီး တွေ့ခဲ့ကြတာ။ ကျွန်မက ကျွန်မတို့ရွာ မူလတန်းကျောင်းမှ ပြောင်းလာခဲ့သလို အညိုကလည်း သူတို့ရွာ မူလတန်းကျောင်းက ပြောင်းလာတာ။ ဒီအထက်တန်းကျောင်းကြီးက ကျွန်မတို့ ရွာလေးနှစ်ရွာကြားမှာ ရှိတဲ့ ရွာကြီးမှာ ရှိတာလေ။ ဟိုတုန်းကတော့ တစ်ရွာနဲ့တစ်ရွာ နည်းနည်းလှမ်းခဲ့ပေမဲ့ ခုတော့လည်း တစ်ဆက်တည်း ရွာတန်းရှည်ကြီး ဖြစ်သွားပါပြီ။

ကျွန်မ မှတ်မိနေတာက အညိုတစ်ယောက် အမြဲတမ်း ကျောင်းနောက်ကျတတ်တယ်။ ကျောင်းစ, တက်တက်ချင်း နှစ်လလောက်ကတော့ အညိုနဲ့ကျွန်မ သူငယ်ချင်းမဖြစ်ကြသေးဘူး။ ကျွန်မက ကျောင်းကို နာရီဝက်လောက်စောပြီး ရောက်အောင် သွားလေ့ရှိတယ်။ ပဉ္စမတန်းရောက်မှ ကျောင်းကြီးကို ပြောင်းခဲ့ရတော့ ကျွန်မမှာ ကြိုးစားသင်ယူရမှာတွေက အများကြီး။ ပဉ္စမတန်းနဲ့ ဆဋ္ဌမတန်းမှာတုန်းကတော့ ကျွန်မက (A) တန်းမှာ၊ အညိုက (B) တန်းဆိုတော့ သူငယ်ချင်းမဖြစ်ခဲ့ကြဘူး။ သတ္တမတန်းရောက်မှ အညိုက (A) တန်းကို ရောက်လာတာ။

အညိုက ကျောင်းတက်ခေါင်းလောင်းထိုးချိန်မှာမှ အပြေးအလွှား ရောက်လာလေ့ရှိပြီး နာခေါင်းကလည်း တရှုပ်ရှုပ်နဲ့ အမြဲတမ်း နှာစေး

www.burmeseclassic.com

နေလေ့ရှိတယ်။ အဲဒီနှာခေါင်းတာကိုပဲ ကျွန်မက ငိုငိုပြီး ရောက်လာတာမှတ်လို့ သနားပြီး သွားမေးရာက သူငယ်ချင်းဖြစ်ခဲ့ကြတာ။

'ငိုတာ မဟုတ်ပါဘူး ဟယ်၊ ငါက ဒီလိုပါပဲ'

နောက်မှ သိရတာက ခုလို ကျောင်းတက်ခွင့်ရအောင် အခြားအရာများစွာနဲ့ လဲလှယ်ခဲ့ရတာတဲ့။ တစ်နှစ်မှာ ကျောင်းဝတ်စုံ သုံးစုံကလွဲပြီး အခြားအဝတ်အစား မပူဆာရခြင်း၊ ကျောင်းကို ထမင်းချိုင့်မှလွဲပြီး မုန့်ဖိုးငွေ တစ်ပြားမှမရခြင်း၊ နောက် မနက်အစောကြီး ထမင်းထ,ချက်ရ ရုံတင်မက သုံးလေးမိုင်လောက်ဝေးတဲ့ အခင်းထဲကို ထမင်းသွားပို့ပေးရသေးသတဲ့။ ဒီကြားထဲ ကိုလေးရဲ့ အစ်ကိုကြီးနဲ့ အစ်မကြီးတို့ ဗာဟီရ နိုင်းလာရင်လည်း လုပ်ပေးရသေးသတဲ့။

အဲဒီလို စ,သိခဲ့ပြီး နောက်ပိုင်း ဘာပစ္စည်းပဲဝယ်ဝယ် တစ်ခုအပိုဝယ်ပြီး အညိုကို ပေးဖြစ်ခဲ့တယ်။ နောက်ထပ် အညို့ကို သနားစေခဲ့ရတာက အညို့အဖေက အဖေအရင်းမဟုတ်တဲ့ ပထွေးတစ်ယောက်ဖြစ်နေခြင်း။တကယ်တော့ အညို့အဖေသည် ပထွေးဆိုပေမဲ့ အညို ပြောပြချက်အရတော့ အဖေအရင်းတစ်ယောက်လိုပါပဲ။ သို့ပေမဲ့ အညို့အမေနဲ့ ရခဲ့တဲ့ကလေးက သုံးယောက်တောင်ရှိသေးတယ်ဆိုတော့ အညိုက ဘာမဆို သူ့အောက်က ကလေးတွေအတွက် အမြဲတမ်း အလျှော့ပေးခဲ့ရတာမျိုး။

ကျွန်မ အစ်မလိုပဲပေါ့။ ကျွန်မ အစ်မကလည်း အညို့လိုပဲ ကျွန်မအမေရဲ့ အရင်အိမ်ထောင်နဲ့ ရခဲ့တဲ့သူဆိုတော့ ကျွန်မအဖေက ဘယ်လိုပင် အလိုလိုက်ခဲ့လိုက်ခဲ့ ကျွန်မအတွက် အလျှော့ပေးခဲ့သည်ချည်း။ ဒါကြောင့် ကျွန်မနဲ့ အညို ရင်ဘတ်ချင်း ပိုနီးခဲ့ရတယ်။ အစ်မက ကျွန်မအပေါ် အလျှော့ပေးအလိုလိုက်လေ အညိုကို ပိုသတိရလေ၊ သနားလေ။ အညို့အဖြစ်တွေကို အညို့ထံမှ ကြားသိရလေ ကျွန်မ အစ်မကို ပိုပြီး နားလည်လာလေနဲ့ သူတို့နှစ်ယောက်လုံးကို ကျွန်မ တိုးလို့ချစ်ခဲ့ရလေတယ်။

အဲဒီလို ကျွန်မ ရင်းနှီးချစ်ခင်ခဲ့ရတဲ့ မိန်းကလေးနှစ်ယောက်ကိုမှ ယောကျ်ားနှစ်ယောက်က အတ္တကြီးစွာ လာရောက် ပတ်သက်ကြတဲ့အခါ။

❑

ညက တဖြည်းဖြည်းနဲ့ တိတ်ဆိတ် လာခဲ့သလို အိမ်ရှေ့ အဝေးပြေးကားလမ်းမက အသံများကိုလည်း တစ်ခါတစ်ရံသာ ကြားရတော့တယ်။ ကျွန်မ နှလုံးခုန်သံများကတော့ မတိတ်နိုင်သေး။ ဗာစ်ခုခုဆို အဆုံးအစွန်ထိ ခံစားတတ်သူမို့ အိပ်ရေးပျက်တတ်ခြင်းသည်က ကျွန်မအတွက် မထူးဆန်း။ ညနေက အဖြစ်အပျက်က အခါတိုင်း ကျွန်မ ဘဝအမောတွေကို အမြဲတမ်း လျှော့ချပေးတတ်တဲ့ ကျွန်မရဲ့ နားခိုရာ ဗိမာန်လေးဖြစ်တဲ့ ကျွန်မ အခန်းလေးထဲ ရောက်လာရင် မိန်းမူးရီဝေသွားစေခဲ့သော်လည်း ခုများတော့ မျက်လုံးတွေက ကြောင်လျက်သား။

လောလောဆယ် သည်အခန်းထဲမှာ ကျွန်မတစ်ယောက်တည်း မဟုတ်တော့။ ကျွန်မ မဟုတ်တဲ့ အခြားတစ်ယောက်ရဲ့ အသက်ရှူသံတစ်ခုကို ကြားနေရတယ်။ တစ်ချက် တစ်ချက် အသက်ရှူသံမှာ ရှိုက်သံလေးများက ရောစွက်နေသေးတယ်။ ကျွန်မရဲ့ အညို၊ ကျွန်မသူငယ်ချင်းမလေး အညိုက ကျွန်မရဲ့ အညိုရင့်ရောင် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ ကွေးကွေးလေး အိပ်နေရှာတယ်။ မျက်လုံးလေးကို မှိတ်လို့ထားပေမဲ့ သူ အိပ်ပျော်နေပြီလား၊ မပျော်သေးဘူးလား ကျွန်မ မသေချာ။ ငယ်စဉ်က အမြဲလိုလို နီရောင်ပြေး စုတ်ဖွာဖွာဆံပင်လေးတွေက ခုတော့လည်း မည်းနက် ထူပိန်းပြီး မျက်နှာတစ်ခြမ်းအား အုပ်မိုးထားတယ်။ နှုတ်ခမ်းလေးက ပြုံးယောင်သန်းနေပေမဲ့ တစ်ချက်တစ်ချက် ရှိုက်ရှိုက်နေပုံက ကျွန်မရင်ကို နာကျင်စေတယ်။ ကျွန်မ အမြင်အာရုံထဲ အသားဖြူစပ်စပ်နဲ့ ပြည်တည်တည် အပြုံးမျက်နှာတစ်ခုက ရုတ်ခြည်း ပေါ်လာတယ်။

ညနေမစောင်းတစောင်းလောက်မှာ ကျွန်မနဲ့အညိုတို့ ကျွန်မဆိုင်ခန်းထဲမှာ ထိုင်ပြီး စကားပြောနေစဉ် အညို့ဖုန်းလေးက ရုတ်တရက်အသံမြည်လာတယ်။ လက်ဖက်သုပ်ကလေးစားလိုက်၊ ဟိုအကြောင်း ဒီအကြောင်းပြောပြီး ရယ်လိုက်မောလိုက်လုပ်နေကြတာမို့ စားလက်စ လက်ဖက်သုပ်ကို ဝါးနေရင်း ကျွန်မ ခပ်တည်တည်ခနဲ့ မေးငေါ့ပြီး အညို့ကို ဖုန်းကိုင်ခိုင်းလိုက်တယ်။

အညိုကလည်း ပါးစပ်ထဲ ဝါးရင်းနဲ့ပဲ ရယ်မြူးရိပ် မျက်လုံးတွေနဲ့ ဖုန်းကိုင်လိုက်တာပါပဲ။ 'ဟယ်လို...ပြောပါရှင်'ဆိုတဲ့ သူ ထူးနေကျ အသံလေးနဲ့ပဲပေါ့။ မကြာပါဘူး၊ အညို့မျက်လုံးက ရယ်မြူးအရိပ်တွေ ဖျတ်ခနဲ ပျောက်သွားတယ်။ ဘာစကားမှ ထွက်မလာတော့တဲ့ နှုတ်ခမ်းညိုညိုလေးက တဆတ်ဆတ် တုန်လာတော့တာပဲ။

ဝါးနေဆဲ လက်ဖက်သုပ်ကို ကျွန်မ ဖျတ်ခနဲရပ်လိုက်မိတယ်။ အညို့လွှပ်ရှားမှု မှန်သမျှကို အလွတ်ရနေတဲ့ ကျွန်မရင်ကိုလည်း တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဆုပ်ညှစ်လိုက်သလို ခံစားလိုက်ရတယ်။ ဟိုတစ်ဖက်မှ ဘယ်သူက ဘာတွေ ပြောနေသလဲတော့မသိ။ အညို့ရဲ့ ဟုတ်ကဲ့ဆိုတဲ့ အသံခပ်တိုးတိုးလေးကိုပဲ ဆက်တိုက်ကြားနေရပြီး နောက်ဆုံး'စဉ်းစားပေးပါ့မယ်ရှင်'လို့ပြောပြီး ဖုန်းကိုချလိုက်တော့ အညို့မျက်ဝန်းထဲ မျက်ရည်စလေးတွေ စို့လျက်သား။

'ကိုလေး...ကိုလေးက ရုတ်တရက် ငွေငါးသိန်းလောက် အရေးတကြီးလိုနေလို့တဲ့။ တစ်လနှစ်လလောက်ဆို သေချာပေါက် ပြန်ဆပ်ပါ့မယ်တဲ့'

ဝုန်းခနဲ မိုးကြိုးပစ်သံတစ်ချက်ကို လေမတိုက်၊ မိုးမရွာဘဲ ကြားလိုက်ရသလိုပဲ။ ကိုလေးတဲ့။ အရှက်နည်း

www.burmeseclassic.com

လိုက်တာ။ ကြည့်စမ်း၊ မျက်နှာပြောင်တိုက်လိုက်တာ။ ဒီအချိန်မှာ ကျွန်မလက်ထဲ စတီးဖွန်းကလေးသာ ကိုင်ထားလို့ပေါ့။ တခြားပစ္စည်း တစ်ခုခုသာဆို မှန့်မှန့်ညက်ညက်ကြေနေလောက်ပြီ။

စို့မျက်ဝန်းမှာ စိုးရွံ့မှုတွေနဲ့ ကျွန်မကို တောင်းပန်တိုးလျှိုးစွာ အညို ငေးပြီးကြည့်လာတယ်။ ကောင်မ။ အမှတ်သညာနည်းလိုက်တာ။ တကယ်ဆို အချိန်က ဘယ်လောက်တောင်မှ မကြာခဲ့သေး။ နှစ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်။ သင်း(ဒင်း) ရင်ထဲဘာမှ မခံစားရတော့ဘူးလား။ ဒီအတိုင်းသာဆို သူက ခွင့်လွှတ်နိုင်ပြီး ပိုက်ဆံကိုပါ ချေးပေးချင်သေးတာပေါ့။ အချစ်တွေ၊ ဘဝတွေ၊ မျှော်လင့်ချက်တွေ အကုန်လုံး သိမ်းကျုံးရိုက်ချိုးသွားခဲ့တာကိုတောင် သင်ပုန်းချေလိုက်နိုင်ပြီပေါ့။ ဒီလိုကြားထဲမှာ ကျွန်မက မိန်းမရိုင်းကြီး ထပ်ဖြစ်ရဦးမလား၊ ထပ်ဖြစ်သင့်ပါရဲ့လား။

ဟိုစဉ်အခါက သူ့အတွက်၊ ကျွန်မသူငယ်ချင်းအညိုအတွက် တစ်ကြိမ်၊ ပြီးတော့ ကျွန်မအစ်မ။ ခုထက်ထိ တစ်ကိုယ်တည်းဘဝနဲ့ ဘဝကို ခပ်အေးအေးလေးပဲ ဖြတ်သန်းနေဆဲဆိုပေမဲ့ လပြည့်ညတွေရောက်တိုင်း သည်းထန်စွာ ငိုကြွေးတတ်တဲ့ ကျွန်မ အစ်မအတွက် ဘယ်လိုမှ အခဲမကျေနိုင်ပါ။ ကိုလေးနဲ့ ကိုလေးရဲ့ အစ်ကို အစ်ကိုကြီး။ သူတို့ညီအစ်ကို နှစ်ယောက်ကြောင့် ကျွန်မ ချစ်ရတဲ့သူနှစ်ယောက် ခံစားနေရတာကိုမြင်တိုင်း ဘာမှ မဆိုင်တဲ့ တခြားတစ်ပါးသော ယောကျ်ားများကိုပါ ဘယ်လိုမှ ခံစားလို့ကို မရတော့ဘဲ အလိုလိုနေရင်း မုန်းနေမိတဲ့ ကျွန်မ။ အခု အသက်လေးဆယ်ကျော်လာတဲ့အထိ ဘဝကို တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ ဖြတ်နေဆဲ ကျွန်မ။

ကျွန်မရဲ့ နားထဲမှာတစ်ဆင့်စကားဆိုပေမဲ့ ခုထက်ထိ ကြားယောင်နေဆဲဖြစ်ပြီး ရင်ထဲမှာလည်း တနုံ့နုံ့ ခံစားနေရဆဲဖြစ်တဲ့ သူတို့ညီအစ်ကိုရဲ့အမေ စကားတစ်ခွန်း။

'သဘောမတူနိုင်ဘူး၊ ဦးမြလှိုင်ရဲ့ သမီးနဲ့ဆိုရင်တော့ တူတယ်'

ဘာလဲ၊ ဘာကြောင့်လဲ။ မမကလည်း အဖေ ဦးမြလှိုင်ရဲ့ သမီးပါပဲလေ။ အဲဒီတုန်းက ကျွန်မ ဘယ်လိုမှ မတွေးတတ်ခဲ့သေးပါ။

တစ်ခါတစ်ရံတော့လည်း ဘာမဟုတ်တဲ့အရာတွေကို ရေးကြီးခွင့်ကျယ်လုပ်တတ်ကြတဲ့ မရောင်ရာဆီလူးသူများကို ကျွန်မ ရယ်ချင်မိပါတယ်။ တကယ်ဆို ကျွန်မတို့ အဖေက ပထွေးဆိုပေသိ ကျွန်မ အစ်မအပေါ် အဖေရင်းထက်တောင် အလိုက်သိခဲ့တယ်။ ပထွေးဟု ဆိုလိုက်ရင် နှာခေါင်းရှုံ့တတ်ကြတဲ့ လူအများရဲ့ အမြင်တွေ မှားယွင်းသွားအောင်ကို အစ်မအပေါ် အလိုလိုက်ခဲ့တာ။ အစ်မ ဘာပဲလုပ်ချင်ချင် တစ်ကြိမ်မှ မငြင်းခဲ့ဖူးဘူး။ သမီးရင်းဖြစ်တဲ့ ကျွန်မထက်ကို အချစ်တွေ ပိုပေးခဲ့တယ်။

မမက ကျောင်းမနေချင်တော့ဘူး၊ စက်ချုပ်သင်ချင်တယ်ပြောလို့ ကျောင်းထွက်၊ မြို့မှာ စက်ချုပ်သင်စေခဲ့ပြီး ရွာမှာ စက်ချုပ်ဆိုင်နဲ့ အထည်ဆိုင်လေးဖွင့်ပေးခဲ့တဲ့ ကျွန်မရဲ့အဖေ။ ရုပ်ရည်ကလည်း ကျွန်မနဲ့ ဘာမှမဆိုင်။ အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်နဲ့ လှပအေးဆေးတဲ့ ကျွန်မအစ်မကို သဘောမတူရတဲ့အကြောင်းက အဖေ့သမီးအရင်း မဟုတ်လို့တဲ့လေ။

အဖေ့သမီးအရင်း မဟုတ်ခဲ့လို့ သဘောမတူဘူးဆိုတဲ့ ကိုကြီးအမေရဲ့ စကားသံကို ကြားပြီးတဲ့နောက်ပိုင်း တစ်ရက်မှာတော့ ခိုးရာလိုက်ဖို့ အစ်မက စီစဉ်လိုက်တယ်။ သူတို့ချိန်းခဲ့တဲ့ ရွာထိပ်က လက်ပံပင်ကြီးရဲ့အောက်မှာ ကျွန်မကိုယ်တိုင် အထုပ်တွေဆွဲပြီး လိုက်ပို့ခဲ့တယ်။ အဲဒီညက လမင်းကြီးက အရမ်းကိုသာပြီး ကျွန်မ အစ်မရဲ့ မျက်လုံးတွေကလည်း မျှော်လင့်ချက် ရောင်ခြည်တွေနဲ့ တဖျပ်ဖျပ် တောက်ပနေခဲ့တာပေါ့။ ဒီလိုနဲ့ စောင့်ရင်း စောင့်ရင်း အချိန်တွေသာ တရွေ့ရွေ့ ကုန်ဆုံးသွားပေမဲ့ ကိုကြီးက ပေါ်မလာခဲ့ဘူး။ သည်းသည်းထန်ထန် ငိုကြွေးနေတဲ့ ကျွန်မအစ်မကို နှစ်သိမ့်ပြီး ဆွဲခေါ်လာခဲ့ရတဲ့ ကျွန်မရင်ထဲမှာ တစစ်စစ်နဲ့ အမုန်းမီးတွေ တောက်လောင်ခဲ့ရတယ်။ သိပ်တောင် မကြာလိုက်ပါဘူး၊ ကိုကြီးက သူတို့ရွာက ရွာလူကြီးသမီးနဲ့ လက်ထပ်လိုက်တယ်လေ။

မယားပါသမီးဆိုပေမဲ့ သမီးအရင်းနဲ့မခြား ချစ်ခဲ့ရတဲ့ ကျွန်မရဲ့အဖေလည်း ပေါက်ကွဲတော့တာပေါ့။ သူတို့သားထက် သာတဲ့သူနဲ့ ပေးစားပြမယ် ဘာညာကြုံးဝါးပြီး တစ်နှစ်အတွင်းမှာ မန္တလေးမြို့ကို အပြောင်းအရွှေ့စီစဉ်ခဲ့ပြီး ရောက်လာခဲ့တာပါ။ အဲဒီအချိန်ကစပြီး အညိုနဲ့ကျွန်မ ဝေးခဲ့ရတယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ကိုလေးနဲ့အညို ရည်းစားဖြစ်သွားကြပြီလား ဆိုတာတော့ ရုတ်တရက် ကျွန်မတွေးလို့မရ။

လုံးဝ မတွေ့ဖြစ်တော့တဲ့ ဆယ်နှစ်နီးပါးမှာ အညိုက ငယ်ငယ်တုန်းကလောက် အသားမညိုတော့။ ဆံပင်တွေကလည်း အနက်ဆေးဆိုးထားသည့်နှယ် မည်းနက်ပြီး တောက်ပြောင်နေပြီ။ အညို့ဘဝလမ်းသာခဲ့ရလား၊ ခလုတ်ကန်သင်းတွေ ဘယ်လောက်တောင်များ ဖြတ်ခဲ့ရသလဲ။

'တကယ်တော့ အချစ်ဆိုတာ ငါ့အတွက်တော့ ပင်ပန်းခြင်းပါပဲဟယ်'ဆိုပြီး ကျွန်မတို့ ကွဲကွာခဲ့ရတဲ့ ဆယ်စုနှစ်တစ်ခုအကြောင်း အညို ပြန်ပြောင်းပြောပြခဲ့စဉ်က ကျွန်မမှာ ဇာတ်နာသော ကိုရီးယားဒရာမာဇာတ်ကားတစ်ကား ကြည့်နေရသည့်နှယ် ရင်တမမ နဲ့ နားထောင်ခဲ့ရတယ်။

မိန်းမတစ်ယောက်အတွက် အချစ်ဆိုတာကို ချစ်တဲ့သူနဲ့ အတူနေစဉ်မှာသာ အဓိပ္ပာယ်ဖွင့်ဆိုခွင့်၊ ချစ်ခွင့်ရှိနေနိုင်သော်လည်း ယောကျ်ားတွေအတွက်တော့ အချစ်သည် အရွက်ကျရာမှာ အပင်အသစ်တစ်ပင်အဖြစ် ဖူးနိုင်ပွင့်နိုင်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

'နင်တို့ ပြောင်းသွားတဲ့နှစ်က ကိုလေးက ရွှေဘိုကောလိပ်မှာ ကျောင်းစ,တက်တယ်။ ငါကတော့ ငါ့မောင်တွေ၊ ညီမတွေအတွက် ကျောင်းထွက်လိုက်ရတယ်။ ပထမနှစ်ဖြေပြီး ပြန်လာတော့ ကိုလေးက ငါ့ကို ချစ်တယ် ပြောလာတယ်။ ဟယ်…အရမ်းကို ပြောင်းလဲသွားတာနော်။ တစ်နှစ်တစ်ခါကျောင်းက ပြန်လာတိုင်း…'

အဲဒီစကား ပြောနေစဉ်မှာ အညို့မျက်နှာ ရဲရဲတွတ်ဖြစ်နေခဲ့တာ ဘာကြောင့်မှန်း ကျွန်မ မသိခဲ့ပါ။ တက္ကသိုလ်ဆိုတာသည် အကောင်းတွေချည်းသာ သင်ရတက်ရမည်မဟုတ်မှန်း ကျွန်မသိခဲ့ပြီးပြီ။ သို့ပေမဲ့ ကျွန်မအတွက်တော့ ခဲမှန်ဖူးတဲ့ စာသူငယ်ကို ကိုယ့်နံဘေးမှာ နီးနီးကပ်ကပ် မြင်ခဲ့ဖူးလေတော့ ခဲတစ်လုံးပစ်လွှင့်လာခဲ့တိုင်း လက်နှင့်သာမဟုတ် ခြေနဲ့တောင် ကန်ထုတ်ခဲ့လေတော့။

'ဒီလောက် နှစ်တွေအများကြီး ချစ်ခဲ့ကြတာ နင်ကိုလေးကို လက်ထပ်ဖို့ တစ်ခါမှ မပြောခဲ့ဘူးလား'မေးတော့…

'ဟယ်…ပြောတာပေါ့၊ ပြောခဲ့တာပေါ့။ ဒါပေမဲ့ ကိုလေးက စာကလည်းတော်တော့ ဘွဲ့တွေ တစ်ဘွဲ့ပြီးတစ်ဘွဲ့ ယူနေခဲ့တာ။ ကျောင်းပိတ်ရက် ခဏလေးလောက်ပဲ ရွာကို ပြန်လာတာလေ။ အဲဒီတော့မှပဲ ဟို…တွေ့ရတာလေဟယ်'

ကျွန်မ မယုံပါ။ အညို ကျွန်မကို တစ်စုံတစ်ခုသို့မဟုတ် အတော်များများတော့ သိုဝှက်ထားခဲ့ပါမယ်။ အခြားတစ်ပါးသူများဆီကလည်း ကျွန်မချစ်ခင်ခဲ့ရတဲ့ အညို့အကြောင်းကို လူကြုံတိုင်းမေးခဲ့တယ်လို့ အညို့ကို ကျွန်မ မပြောခဲ့။ အညို့ရဲ့ နာကျင်ခံခက်လှတဲ့ အကြောင်းတွေကို အညို့နှုတ်က ကိုယ်တိုင်ပြောလာသည်ကိုလည်း ကျွန်မ နားမထောင်ချင်။

မျက်ကန်းများ တဇ္ဇေမကြောက်ကြသလို အချစ်ကို အချစ်အတိုင်းသာ ချစ်မိသူများကလည်း အချစ်ကြောင့် ခံစားရတဲ့၊ ခံစားရမယ့် ဒုက္ခများကို ခါးတယ်လို့ မထင်ကြလေသလား၊ ကျွန်မ မသိ။ ကျွန်မသိတာက အချစ်သည် သူနှင့် ထိတွေ့သူများအား ပူခြင်း အသိကို ပထမဆုံး ပေးလေ့ရှိတယ်ဆိုတာ…။

အညို၊ မန္တလေးက ကျွန်မအိမ်ကို ပထမဆုံး ရောက်လာတုန်းက ဝမ်းသာရမယ့်အစား ကျွန်မ တုန်လှုပ်နေခဲ့တာကို ကျွန်မ မညာချင်။ အညိုမရောက်လာမီ ကိုလေးက အရင်ရောက်လာခဲ့တယ်လေ။ မန္တလေးမှာ ဂုဏ်ထူးတန်း တက်နေတာ နှစ်နှစ်ပင်ရှိခဲ့ပြီဆိုသော်လည်း တစ်ကြိမ်တစ်ခါမှ ကျွန်မအိမ်သို့ မလာခဲ့ဖူးပါ။ အခု အညိုက သူလာမယ်လို့ ဖုန်းဆက်ခဲ့တဲ့ အချိန်မှ ကိုလေးက ရောက်လာခဲ့တာ။

ပထမဆုံး အညိုတစ်ယောက် ကုန်ကူးနေတယ်ကြားခါစက ကျွန်မ စိုးရိမ်ခဲ့တယ်။ ပူပန်ခဲ့ရတယ်။

'ငါ ကိုလေးတို့အိမ်အရိပ်ကနေ လွတ်ချင်တယ်ဟယ်။ အဖေနဲ့အမေကလည်း ဘယ်လိုမှ ပြောမရဘူး။ ဒီလိုသာ ဆက်နေမယ်ဆိုရင် ငါနဲ့ကိုလေးကို ဘယ်လိုမှ သဘောတူကြမှာ မဟုတ်ဘူးလေ'

ကျွန်မနဲ့ ပြန်တွေ့ပြီးနောက်ပိုင်းမှာလည်း အညို အလုပ်တွေ အရမ်းကို လုပ်နေခဲ့တာ ကျွန်မ မျက်မြင်။ တခြားမြို့ရွာများမှ အရောင်းအဝယ်လုပ်ငန်းတွေကို ကျွန်မ နားမလည်၊ မကူညီနိုင်ခဲ့ပေမဲ့ မန္တလေး ဈေးချိုမှ ဈေးဆိုင်တွေနဲ့တော့ ကျွန်မ မိတ်ဆက်ပေးခဲ့တယ်။ အဟောင်းပေး အသစ်ယူ အာမခံပေးခဲ့တယ်။

'အညို့မိသားစုကို အဲဒီအိမ်ရဲ့ အရိပ်က လွတ်စေချင်တယ်'ဆိုတဲ့ အညို့ ရည်မှန်းချက် အမောတွေ ပြေစေချင်ခဲ့တယ်။

သို့ပေမဲ့…။

ညနေက ကိုလေးဆီက ဖုန်းဝင်မလာခင်အချိန်ထိတော့ အညိုနဲ့ကျွန်မ ပျော်ရွှင်မှုဖြင့် တဟေးဟေး၊ တဝါးဝါးအသံတွေ ညံနေခဲ့တယ်။ ကျွန်မရဲ့ အညိုလေး ပေါ့ပါးလွတ်လပ်စွာ ပျော်နေတာ မြင်မိတော့ ကျွန်မရင်တွေ တသိမ့်သိမ့်ခုန်တယ်။ ကိုလေးတို့အိမ် အခြေအနေ ကြားရတော့ စိတ်မကောင်း ဖြစ်မိရသလို အညိုရဲ့ စိတ်ကူးဆန္ဒကို ကြားမိရပြန်တော့ ရင်ထဲ ထိတ်မိပြန်တယ်။

'ခု ကိုလေး တစ်ခြမ်းပဲ့အိမ်ကြီးကို ရောင်းမယ့်အသံကြားတယ်လေ။ ငါ မရရအောင် ဝယ်မလို့'

'ဘယ်လိုရယ် အညို၊ ကိုလေးတို့အိမ် အခု သူတို့ရွာက ရေတိုက်စားလို့ ရွာတစ်ဝက်တောင် ပြုတ်နေပြီဆို'

ကိုလေးတို့အိမ်က မြစ်ဘက်ကို မျက်နှာမူထားတဲ့ အနောက်ဘက် မျက်နှာလှည့်။ နဂိုကတော့ မြစ်ကိုကျောခိုင်းထားတဲ့ မျက်နှာချင်းဆိုင်မှာ အိမ်တန်းရှိသေးတယ်။ ခုတော့ မြစ်ဆုံထိပ်ဝမှာရှိတဲ့ ကိုလေးတို့ရွာက တဖြည်းဖြည်း ရေကြောင်းပြောင်းကာ အတိုက်စားခံရ၍ ရွာလယ်တန်းတစ်ဝက်ထိတောင် ဖျက်ချထားရတယ် ကြားတာ။

'ခုတော့ ရပ်သွားပါပြီ။ ရေကြောင်းက ပြန်ပြောင်းသွားပြီလေ။ ဘဘကြီးတို့ လင်မယားနဲ့ မမကြီးတို့ မိသားစုကလည်း ကွက်သစ်က ကိုကြီးတို့ အိမ်မှာပဲ စုပေါင်းနေကြတော့မလို့တဲ့။ ကိုလေးက၊ ကိုလေးကလည်း…'

တက္ကသိုလ် ကျူတာတစ်ယောက်ဖြစ်နေတဲ့ ကိုလေးက လောလောဆယ် နေရာအတည်တကျ မရှိသေး။ ပထမ မန္တလေး၊ နောက် လားရှိုး။ ခုတော့ ရွှေဘိုကောလိပ်မှာ ယာယီဆိုလား။ ဒါပေမဲ့ တစ်ယောက်တည်းတော့မဟုတ်။ သူ့အမျိုးသမီး ကျူတာဆရာမရော ပါ,ပါတယ်။

ဒီလိုနဲ့ လွန်ခဲ့တဲ့ သုံးနှစ်ခန့်ကတော့ အညိုတစ်ယောက်(ကျွန်မအိမ်မှာပင်) ဗုန်းဗုန်းလဲကျခဲ့တယ်။ အမြင့်ဆုံး တောင်ထိပ်ရောက်ခါနီးမှ အောက်သို့ ပြုတ်ကျသွားတဲ့ တောင်တက်သမားတစ်ယောက်လို။ မြေပြင်ထက်မှ ဝေ့ကာ



www.burmeseclassic.com

www.burmeseclassic.com

ဝဲကာဖြင့် အားယူပုံသန်းခဲ့ပြီး ဝေဟင်ထက်ကို ရောက်ခါမှ ကြိုးကလေးပြတ်တောက်သွားတဲ့ စွန်ကလေးတစ်စင်းလို ဖုတ်ခနဲ ပြုတ်ကျခဲ့တယ်။

အညို့ ရည်မှန်းချက်တို့ ပြည့်ပြီဆိုခါမှ သူ(ကိုလေး)က မြန်းစားကြီး မိန်းမယူလိုက်တယ်လေ။ (အများပြောကြသလို) သူနဲ့တန်းတူရည်တူ ဂုဏ်သရေရှိ သူလိုတက္ကသိုလ်က ကျူတာဆရာမတစ်ယောက်နဲ့ပေါ့။

ကာယကံရှင် မဟုတ်တဲ့ ကျွန်မက အသည်းတွေ ဆတ်ဆတ်ခါ နာခဲ့မိတယ်။ အသည်းနှလုံးမရှိတဲ့ ဦးနှောက်ကိုပဲ အမြဲသုံးပြီး မရောင်ရာဆီအမြဲလူးတတ်တဲ့ ကိုလေးတို့ တစ်မိသားစုလုံးကို မမြင်ချင်၊ မကြားချင်လောက်အောင်ကို မုန်းခဲ့မိတယ်။ ခုတော့ ကြည့်စမ်းပါဦး၊ အရှက်နည်းလိုက်တာ၊ မျက်နှာပြောင်တိုက်လွန်းလိုက်တာ။ အရေးတကြီး ငွေလိုပြန်လို့တဲ့လေ။

မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ဟားတိုက် ရယ်မောနေခဲ့တဲ့ ညနေက သူငယ်ချင်းမမျက်နှာကို ပြန်၍ မြင်ယောင်လာတယ်။

'ငါ သူတို့အိမ်ကို မရရအောင် ဝယ်ချင်တယ်ဟယ်။ ပြီးတော့ ပြီးတော့ ခု သူလိုတယ်ဆိုတဲ့ ငွေကိုလည်း ငါ ငါ ချေးပေးချင်တယ် ထူးရယ်။ နင် ငါ့ကို ကူညီဦးမှာ မလားဟင်'

ဒီတစ်ခါတော့ ကျွန်မ အညို့ကို မသနားတော့။ ဒေါသတွေပဲ တလိပ်လိပ်နဲ့ တက်လာခဲ့တယ်။ ကြည့်စမ်း၊ ချစ်နိုင်လွန်းလိုက်တာပါလား။ ဒီလောက် နှစ်ပေါင်းများစွာ အချစ်ကို ခုတုံးလုပ်ပြီး အသုံးချသွားတဲ့ ဒီလိုယောကျ်ားတစ်ယောက်ကို ဆက်ပြီး ပေးဆပ်ချင်နေသေးတာ ဘယ်လိုဆွဲငင်အားမျိုးကြောင့်ပါလိမ့်။ ငါပျော့လိုက်တာဟယ်လို့လည်း ပြောပြန်သေးတယ်။ ပြုံးနေတဲ့ မျက်လုံးမှာက မျက်ရည်စတွေနဲ့။

ခပ်ဝေးဝေးမှ ခွေးဟောင်သံသဲ့သဲ့က ကျွန်မအကြားအာရုံထဲ ခပ်ကျယ်ကျယ်ကလေး ဝင်လာတယ်။ ဟိုဘက်စောင်း၊ ဒီဘက်စောင်း၊ ဒီဘက်လှည့် ဘယ်နှကြိမ်လောက်ရှိပြီမှန်း ကျွန်မမသိတော့။ အညို့ဆီက တစ်ချက်တစ်ချက် ရှိုက်သံတို့လည်း မကြားတော့ပြီ။ ကျွန်မ ဖျတ်ခနဲ ငုတ်တုတ်ထ,ထိုင်လိုက်မိတယ်။

မုန်းလိုက်တာ၊ အဲဒီအချစ်ဆိုတာကို။ ကျွန်မချစ်တဲ့ မိန်းမနှစ်ယောက်စလုံး အဲဒီအချစ်ဆိုတာကြောင့် တစ်ဘဝလုံး သောကရောက်နေရတော့မယ်။ ဒါပေမဲ့ အမုန်းဆိုတာတော့ သူတို့မှာ မရှိကြဘူး။ ခွင့်လွှတ်နိုင်ကြတယ်။ သူတို့ကိုချစ်တဲ့ ကျွန်မကတော့ သူတို့သောကတွေကိုကြည့်ပြီး အမုန်းမီးတွေ တငွေ့ငွေ့ တောက်လောင်နေပြီ။ ဒါဆို ဘယ်လို အချစ်ကများ အေးမြမှုကို ရနိုင်မှာပါလိမ့်။

ညကလည်း တိတ်ဆိတ်သည်ထက် ပို၍ တိတ်ဆိတ်လာပြီ။ ကျွန်မ အတွေးများက ခုထိ ရပ်လို့မရသေးဘူး။

သေချာတာက အချစ်ကို အချစ်တိုင်းသာ ချစ်နိုင်ဖို့ ကျွန်မဘဝအတွက် အချိန်မရှိတော့ဘူး ထင်ပါရဲ့။ ခုလောလောဆယ်မှာတော့…။ ။

■

လွှန်းမောင်မောင်

'လိမ္မာကျိုးနွံ ယဉ်ကျေးသော သားသမီးမျိုး ဖြစ်လာဖို့'

▸▸ မိဘစကားနားမဝင်ပဲ ကန့်လန့်တိုက်၍ တစွတ်ထိုးလုပ်နေသောသားသမီး မိဘစကားနားထောင်လာဖို့။

▸▸ မိဘလက်မခံ၊ သဘောမတူ သူကိုမှ စွဲလန်းပြီး ပတ်သက်နေခြင်း အမြန်ပြတ်စဲကင်းရှင်းသွားဖို့။

▸▸ စာကိုစိတ်မဝင်စားပဲ အပေါင်းအသင်း အပျော်အပါး မက်နေသောကလေး စာကို ကြိုးစားစိတ်ဝင်စားဖို့။

▸▸ လောင်းကစား၊ အသောက်အစားများ လုံးဝမလုပ်ပဲ ငြိမ်ငြိမ် အိမ်မြဲ လိမ္မာယဉ်ကျေးစေဖို့။

▸▸ စာမေးပွဲ ဖြေဆိုမည့် သားသမီး အခက်အခဲ မရှိ ထူးချွန်စွာ ဖြေဆို အောင်မြင်ဖို့။

သရာမထက်ငွေးဝန္နီ LL.B, LL.M, DBL, DML
(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင် ယတြာ အစီအရင်)

တိုက် - (၄၀) G-2 ဦးဝိစာရလမ်းမပေါ်၊ မဟာမြိုင်အိမ်ရာ၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံ။
PH - 09 5164326, 0973106180, 0943094806



www.burmeseclassic.com

www.burmeseclassic.com

## မောင်ရှင်စာ | ဇော်ကြူး


# ဗိုလ်အောင်ဒင် ရှုံးသွားခြင်း

ဗိုလ်အောင်ဒင်က ပြောပါသည်။
'ကျွန်တော့်ရဲ့ ညစာစားပွဲကို
ကြွရောက်လာတဲ့ လူကြီးလူကောင်းတို့
ခင်ဗျား။ ဟောဒီ လောကကြီးဟာ
စိတ်ညစ်စရာ၊ စိတ်မချမ်းသာစရာ
လောကကြီးရယ်လို့
ကျွန်တော် ဘယ်သောအခါကမှ မအောက်
မေ့ခဲ့ပါဘူး။ အဲဒါကြောင့်…'

❑

ကျွန်တော်သည် တရားမျှတမှုနှင့်
ပေါ်လျှဉ်းသည့် အလုပ်ဌာနတစ်ခုတွင်
နှစ်ပေါင်းသုံးဆယ်ကျော်ခန့်
ကျင်လည် အသက်မွေးခဲ့ပါသည်။
အလုပ်ဌာနမှ အနားယူသောအခါ
ကျွန်တော့်တွင် မေးခွန်းတစ်ခု
ယုပ်ထုပ်ပိုက်ပိုက် ရလာခဲ့ပါသည်။
'တရားမျှတမှုဆိုတာ ဘာလဲ'
ဟူသည့် မေးခွန်းဖြစ်ပါသည်။
ဝမ်းနည်းစရာ ကောင်းပါသည်။
အံ့သြမည်ဆိုလျှင်လည်း အံ့သြစရာ
ဖြစ်ပါသည်။ 'တရားမျှတမှုကပဲ
အစဉ်အောင်ပွဲခံတယ်'ဆိုသော
စကားကို ကျွန်တော်တို့
နားယဉ်ကြား ဖူးပါသားခဲ့ပါသည်။
ယုံလည်းယုံခဲ့ပါသည်။
ယခုအခါ ဘဝယေိစဉ်ကကဲ့သို့နှယ်
ယုံကြည်ပါသေး၏လော-ဆိုသည်
ကို သံသယဖြစ်မိပါသည်။
ကမ္ဘာလောကသည် ယူသွားလျှင်
ယူသွားသမျှ ပြန်ပေးရမည်၊
ပေးထားက ပေးထားသမျှ
ပြန်ရနိုင်သည်။
ကောင်းသောအမှုသည်
ကောင်းသောအကျိုးကို ဖြစ်ထွန်းစေ၍

'တရားမျှတမှုကပဲ အစဉ်အောင်ပွဲခံတယ်'
ဆိုသော စကားကို ကျွန်တော်တို့ နားယဉ်ကြား
မှဖူးပါသားခဲ့ပါသည်။ ယုံလည်းယုံခဲ့ပါသည်။
ယခုအခါ ဘဝ ယေိစဉ်ကကဲ့သို့နှယ်
ယုံကြည်ပါသေး၏လော-ဆိုသည်ကို
သံသယ ဖြစ်မိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၂၉၊ ဧပြီ ၂၀၁၇
ရုပ်စုံမဂ္ဂဇင်း

# အက်ဆေးအကြောင်း အက်ဆေး

www.burmeseclassic.com

www.burmeseclassic.com

မကောင်းသောအမှုသည် မကောင်းသော အကျိုးကို ပြန်သိမ်းပိုက်ရမည်။ ဤမျှ ရိုးရှင်းလွယ်ကူသော နိယာမတရားသည် အဘယ်အကြောင်းကြောင့် ကွယ်လွင့်ပျောက်ဆုံးခဲ့ပါသနည်း။ စိုးစဉ်းမျှ အဆင့်အခြေမရှိသော လူ့ရှင်တော်တစ်စု၏ မရယ်ရသော အပေါ်စား ပြက်လုံးများအောက်တွင် သဘာဝ၏ နိယာမတို့သည် အဘယ်အကြောင်းကြောင့် ထောင်းထောင်းကြေခဲ့ပါသနည်း။

မြန်မာနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့တွင် ကျောင်းဆင်းချိန် အိမ်ပြန်လာသော မိန်းကလေးတစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သည့် တရားခံတစ်ဦးကို သေဒဏ်စီရင်ခဲ့ဖူးပါသည်။ 'အပြစ်ကင်းစွာ ပညာသင်ကြားရာမှ အိမ်သို့ပြန်လာခဲ့သော ပဉ္စမတန်းကျောင်းသူလေးတစ်ဦးအား ရက်ရက်စက်စက် ပြုကျင့်သတ်ဖြတ်ခဲ့သူကို ဥပဒေအရ အပြင်းထန်ဆုံးသော ပြစ်ဒဏ်ကို ချမှတ်စေကာမူ ထိခိုက်နာကျင်ခဲ့သူတို့၏ နစ်နာဆုံးရှုံးမှုကို လုံလောက်အောင် မည်သို့မျှ ကုစားပေးနိုင်မည် မဟုတ်ချေ'ဟု ကျွန်တော်၏ စီရင်ချက်တွင် အမှတ်ထင်ထင် ထည့်သွင်း ရေးသားခဲ့ဖူးပါသည်။

ကျွန်တော်သည် ထိုစဉ်ကတည်းက 'အမှန်တရားနှင့် တရားမျှတမှု' ဆိုသည်ကို မေးခွန်းထုတ်မိခဲ့ခြင်း ဖြစ်ပါသည်။

❑

*ကျွန်တော်နှင့် ပတ်သက်သော အရိပ်ဟောင်းများထဲတွင် အမှတ်ထင်ထင် စွဲရစ်သည့်ကိစ္စများ ရှိခဲ့သည်။ ဟောင်းလွန်းပြီဖြစ်သော်လည်း အသစ်ဖြစ်လာသည့် စာမျက်နှာတချို့တွင်-*

*ကျွန်တော်တို့၏ လူ့ဘောင်အဖွဲ့အစည်း၌ ဆန့်ကျင်ဘက် အတွေးအမြင်များ တည်ရှိနေဆဲဖြစ်သည်။ ကောင်းမှု၊ မကောင်းမှု၊ သစ္စာရှိမှု၊ သစ္စာဖောက်ယွင်းမှု၊ အဖြူ၊ အမည်း စသည့် အထွေထွေဖြစ်ရပ်များထဲတွင် ကျွန်တော်တို့ သူငယ်ချင်းများ လုပ်သင့်သည်ဟု ယူဆသော*

> ကွယ်လွန်ခဲ့ရှာပြီဖြစ်သော
> ဆရာ မောင်စိမ်းနီက
> သူ့ကို
> အက်ဆေးဆရာဟု
> ပြောလျှင်
> ကြိုက်နိုင်မည်
> မထင်ပါ
> တကယ်လည်း
> သူက
> အက်ဆေးဆရာ
> သို့မဟုတ်
> စကားပြေဆရာ
> အဖြစ်ကို
> မခံယူခဲ့ပါ
> ကဗျာဆရာဘဝကို
> တွယ်ဖက်စုံမက်၍
> ကဗျာပရဟိတများနှင့်
> ပျော်ဝင်စေးကပ်စွာ
> သူ၏
> ဘဝခရီးကို
> ပျော်ပျော်ကြီးနှင်ခဲ့သူ
> ဖြစ်ပါသည်

*ပရဟိတလုပ်ငန်းကို အမှတ်မထင်ဖြစ်စေ၊ အမှတ်ထင်ထင်ဖြစ်စေ ဆောင်ရွက်ခဲ့ကြသည်။*

*ကျွန်တော့်တွင် ကိုချန်ဟုခေါ်သော ရဲဘော်တစ်ယောက် ရှိပါသည်။ သူ၏ အမည်အပြည့်အစုံမှာ ကိုချန်ထွန်း။*

ယခုအခါ ကွယ်လွန်ခဲ့ရှာပြီဖြစ်သော ဆရာ မောင်စိမ်းနီက သူ့ကို အက်ဆေးဆရာဟုပြောလျှင် ကြိုက်နိုင်မည် မထင်ပါ။ တကယ်လည်း သူက အက်ဆေးဆရာ၊ သို့မဟုတ် စကားပြေဆရာ အဖြစ်ကို မခံယူခဲ့ပါ။ ကဗျာဆရာဘဝကို တွယ်ဖက်စုံမက်၍ ကဗျာပရဟိတများနှင့် ပျော်ဝင်စေးကပ်စွာ သူ၏ ဘဝခရီးကို ပျော်ပျော်ကြီးနှင်ခဲ့သူ ဖြစ်ပါသည်။

သူက မိတ်ဆွေနှစ်ယောက် အကြောင်းကို ပြောပြခဲ့ပါသည်။ တစ်ယောက်မှာ ကိုချန်ဖြစ်ပြီး တစ်ယောက်မှာ ငထင်ဟူ၍ သူကခေါ်သော ကိုထင်၊ သို့မဟုတ် ဦးထင်ဖြစ်ပါသည်။

ကိုထင်က ဆရာ မောင်စိမ်းနီ၏ ငယ်ကတည်းက ပေါင်းခဲ့ဖူးသူဖြစ်သည်။ ခရမ်းဇာတိဖြစ်သော ကိုချန်သည် ဆရာ၏ ငယ်ပေါင်းမဟုတ်စေကာမူ သာကေတတွင် တစ်ရပ်ကွက်တည်းနေထိုင်ရင်း သူတို့ရင်သွေးများ ပညာသင်ကြားရာ မူလတန်းကျောင်း၏ မိဘဆရာအသင်း ကိစ္စများ အတူဆောင်ရွက်ရာမှ မိသားစုသဖွယ် ခင်မင်ရင်းနှီးခဲ့သူဖြစ်သည်။

ကိုချန်သည် 'မနနုလ'ဟု အတိုကောက်ခေါ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းကု ဆေးရုံတွင် အလုပ်လုပ်သည်။ သူ့ရုံးခန်းမှာ မျက်စိဝေဒနာရှင် ဧည့်သည်များနှင့် မပြတ်စည်ကားနေတတ်သည်။ နယ်မှလာသော မျက်စိဝေဒနာရှင်များကို လိုအပ်သမျှ စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးတတ်သော၊ လိုအပ်လျှင် မျက်မှန်ဝယ်ပေး၍ ကူညီတတ်သော ပရဟိတစိတ် ဖွံ့ဖြိုးရင့်သန်သူဖြစ်သည်။

*စိတ်ဓာတ်ခွန်အားကို မြှင့်တင်ရင်း အမှန်တရားကိစ္စများတွင် လှပစွာ စီးမျောနေတတ်သည်။ ကိုချန်နှင့် ကျွန်တော်သည် ဘဝ၏ အလှည့်အပြောင်းများကြားတွင် ဖြတ်သန်းခဲ့ကြ၊ ပရဟိတကိစ္စများ ဆောင်ရွက်ကြနှင့် အချိန်၏ တိုက်စားခြင်းကို အမှတ်မထင် ခံခဲ့ကြရသည်။*

ဒါကတော့ စကားပြေကို ကဗျာဆန်ဆန် ရိုင်တာဝဲကာမျှ ပြောပြချင်တတ်သော ဆရာ မောင်စိမ်းနီ၏ ရေးဟန်ဖြစ်သည်။ ထိုစဉ် ၂၀ဝ၄ ခုနှစ်ခန့် မဟေသီမဂ္ဂဇင်းတွင် လစဉ် ပုံနှိပ်ဖော်ပြခဲ့သော၊ ခံစားမှုစာစုဟူ၍ သူက ဆိုတတ်သော၊ စကားပြေ အဖွဲ့အနွဲ့များကို ကျွန်တော်တို့ စောင့်ဖတ်ခဲ့ကြသည်မှာ ခုအခါ လွမ်းစရာပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

*ကိုယ့်လမ်းကိုယ်လျှောက်ဖို့အတွက် ကိုယ့်လမ်းကိုယ် ဖောက်ခဲ့ရပါသည်။ ကိုယ့်လမ်းကိုယ်ဖောက်ခဲ့သော ကျွန်တော်သည် အလုပ်တာဝန်များ မြင့်မားလာသလို ကိုချန်လည်း ထိုက်သင့်သည့် အဆင့်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့ချင်း ခဏခဏ မဆုံဖြစ်သော်လည်း အကြောင်းအားလျော်စွာ တွေ့ဖြစ်ခဲ့ကြသည်။*

ထိုစဉ်က ဆရာ မောင်စိမ်းနီသည် သံဂဟေစက်များ၊ သံချောင်းသံလုံးဖြတ်စက်များ၊ တွင်ခုံဖောက်ခုံများ၊ ပန်းပဲလုပ်ငန်းလုပ်သော လုပ်သားများနှင့် 'မိသားစု တစ်ဘဝသဖွယ်' စုဖွဲ့၍ နေခဲ့ရချိန်ဖြစ်သည်။

'ဆရာ ကျွန်တော့်မျက်လုံးတွေ မရတော့ဘူး'

'ကျွန်တော့်မျက်လုံးလည်း ကြည့်မကောင်းတော့ဘူး ဆရာ'

'ကျွန်တော်လည်း ဒီအတိုင်းပဲ မသဲကွဲတော့ဘူး' စသည်…စသည်။

ဆွဲ၊ ဖြတ်၊ ထု၊ ထောင်း၊ အဟောင်းပြုပြင်ရသော သံဂဟေဆက်လုပ်သားများတွင် မျက်စိဒဏ်ရာဒဏ်ချက် အသေးအဖွဲ ရှိလိမ့်မည်ကို သူနားလည်သည်။ သူတို့ကို တစ်ခုခု ဆောင်ရွက်ပေးနိုင်လိမ့်မည်-ဟူသော မျှော်လင့်ချက်ဖြင့် အားကိုးတကြီးလာ၍ အကူအညီတောင်းသည်ကို သူက တာဝန်ယူလိုက်သည်။ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံကြီးဝင်းအတွင်းရှိ ကိုချန်၏ အိမ်ရှိရာသို့ သူနှင့် အလုပ်သမားများ ရောက်သွားသည်။ရွာက လာသည့် မျက်စိဝေဒနာရှင် ဧည့်သည်များနှင့် ဝေစည်နေသော်လည်း ကိုချန်က အပြုံးမပျက်ပါ။ မငြိုငြင်ပါ။ ကိုချန်က သူတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုပါသည်။

*'ဟာ သူငယ်ချင်း လာဟေ့၊ သူတို့ မျက်စိပြဖို့မဟုတ်လား'*

*'မပူပါနဲ့ မောင်ရင်ရယ်။မောင်ရင့်အလုပ်သမားတွေ မျက်မှန်လိုအပ်ရင် ကိုယ်လှူပါ့မယ်။ အလင်းဒါနပေါ့ဗျာ'*

**စင်စစ် လောကသည် ဝတ်ကောင်းစားလှနှင့် လူရှုင်တော်များ မြူးထူးပျော်ပါးလျက်ရှိသော လောကဖြစ်သည် မသမာသူချင်း ရှိုင်းပင်းနေသော လောကဖြစ်သည် နိယာမများ ကွယ်လွင့်ပျောက်ဆုံး၍ မျက်ရည်တို့ တမြုန်းမြုန်း ကြွေကျနေသော လောကဖြစ်သည်**

အစဉ်သဖြင့် ဖြူစင်နွေးဝေနေစမြဲဖြစ်သော ကိုချန်၏ စရိုက်သွင်ပြင်ကို ဖော်ပြရာတွင် တောက်ပလင်းလက်လှပါသည်။

ဆရာက ငထင်ဟုခေါ်ဆိုသော ကိုထင်၏ စရိုက်လက္ခဏာမှာကား ကိုချန်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

တစ်နေ့တွင် အလုပ်သမားသုံးဦး၏ မျက်စိအလင်းကိစ္စများကို စဉ်းစားရင်း လမ်းလျှောက်နေသော ဆရာ မောင်စိမ်းနီ အနီးသို့ အကောင်းစား ကားတစ်စီး ထိုးရပ်လာသည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ ဝဝဖိုင့်ဖိုင့်မဟုတ်။ ခန္ဓာကိုယ် ကျစ်လျစ်၍ သေသပ်ကျနသော စတိုင်နှင့်၊ ဂိုက်နှင့် လူတစ်ယောက်။ သူလည်း မျက်မှန်တပ်ထားသည်။

သို့သော် မျက်မှန်က နေကာမျက်မှန် ဖြစ်သည်။

'မင်း မမှတ်မိဘူးလား၊ ငါ ငထင်ပါကွ' ဆိုပြီး ပြုံး၍ ကမ်းပေးသော သူငယ်ချင်း၏ လက်ကို သူ တော်တော်နှင့် ဖမ်းမဆုပ်ဖြစ်ခဲ့။ ဪ-ငထင်ပဲ။ ကျွန်တော်နှင့် ငယ်ပေါင်းမဟုတ်ပါ။ ငယ်ငယ်ကတည်းက အတူနေခဲ့ဖူးတဲ့ ငထင်ပဲ-ဟု သူက ရေးထားသည်။ ငယ်ငယ်ကတည်းက အတူနေခဲ့ဖူးသူကို ငယ်ပေါင်းမဟုတ်ဟူ၍ ကွဲကွဲပြားပြား ခွဲခြားရေးလိုက်ပုံကို စာဖတ်သူလည်း သတိပြုမိလိမ့်မည် ထင်ပါသည်။ မနှစ်မြို့သည်ကို ပေါ်လွင်သည့် အရေးအသားဖြစ်သည်။ မရှိုင်းချင်၍ ထိုသူ့ကမ်းလက်ကို ဖမ်းဆုပ်လိုက်သည့်တိုင် 'သူ့လက်က ကြမ်းလိုက်တာ'ဟု ဆိုသေးသည်။ ဒါက မောင်စိမ်းနီ၏ စရိုက်လက္ခဏာဖြစ်သည်။

*'မင်း တစ်ခုခုစားပါလား၊ စကားပြောရင်းပေါ့။ ငါ့ကားပေါ်တက်ကွာ' ငထင်က ဆက်တိုက်ပြောသည်။ မတွေ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော် ငြင်းပယ်လိုက်ပါသည်။ ငယ်စဉ်ကတည်းက ကျွန်တော်နှင့် သဘောထားချင်း မတူညီခဲ့သော ငထင်ကို ခပ်စိမ်းစိမ်းနေခဲ့သည်။*

ငထင်၏ ရုပ်ပုံလွှာကိုဖွဲ့ရာ၌ ဆရာ မောင်စိမ်းနီ ရက်စက်သည်လားဟုပင် အောက်မေ့ရပါသည်။ သို့သော် သူ ခံစားမြင်တွေ့ရသလို ရေးလိုက်ဟန် တူပါသည်။

*ကျွန်တော်နှင့် ငယ်ကတည်းက အတူနေခဲ့ဖူးသူ ငထင်။ သူ၏ ရက်စက်မှုတရားမှာ ကြီးသည်အထိ ပါလာခဲ့ပြီး အနိုင်ကျင့်တတ်သည်။ ရက်စက်တတ်သည်။ အများကိစ္စ မျက်ကွယ်ပြုနိုင်သည်။ တစ်ကိုယ်ကောင်းသမား၊ အတ္တကြီးသူ။ ထို့ကြောင့်ပင် လူရွယ်ဘဝရောက်သည့်အခါ နွားသတ်၊ ကျွဲသတ်၊ ဆိတ်သတ်သည့် လုပ်ငန်းကို လုပ်ပေသည်။ အစပထမတွင် အရင်းအနှီးမရှိ*



www.burmeseclassic.com

www.burmeseclassic.com

*သော ထေင်သည် သူကိုယ်တိုင် ဓား တစ်ချောင်းဖြင့် ကျွဲ၊ နွား၊ ဆိတ်၊ သိုး များကို ခေါင်းဖြတ်ပြီး အခကြေးငွေယူ ကာ ခုတ်ဖြတ်ခဲ့သည်။ သတ္တဝါများ၏ မျက်လုံးကိုဖောက်ကာ ချက်ပြီး အရက် နှင့် ပွဲတော်တည်သည်။ ရိုင်းစိုင်းကြမ်း တမ်းသည့် ထေင်။*

*ခုအသက်အရွယ်ရသည့်တိုင် သန် စွမ်းလို့၊ ကြီးပွားလို့။ မျက်ဝန်းတွေ တောက်ပလို့။*

*ထေင်၏သတင်းမှာ ကြီးမား ကျယ်ဝန်းလှသည်။ ငွေဖြင့်တည် ဆောက်ထားသည့် ဩဇာသက်ရောက်မှု များ၊ ရွှေဖြင့် တည်ဆောက်ထားသည့် သံမဏိတံတိုင်းများ၊ ထီမထင် ဝင့်ကြွား နေသည့် ထေင်။ ကျွန်တော် စိတ်ပျက်မိ ပါသည်။ မကြာခဏပင် လောကကြီး နှင့် စီးချင်းထိုးရန် စိတ်ကူးမိသည်။*

ဤကား ဆရာ မောင်စိမ်းနီ ပြန် ပြောပြသော ထေင်၏ ရုပ်ပုံလွှာ အပြည့် အစုံ ဖြစ်ပါသည်။

သို့သော် ကမ္ဘာ့လောကသည် အံ့အားသင့်စရာ ဖြစ်ပါသည်။

*'ကိုချန် မျက်စိကောင်းကောင်း မမြင်ရဘူး။ ခွဲရမယ်တဲ့'ဆိုသော သတင်းစကား ရောက်လာသည်။*

ကံကြမ္မာ အလှည့်အပြောင်းများ တွင် သူ့အပူ၊ ကိုယ့်အပူ၊ သူ့ကိစ္စ၊ ကိုယ့် ကိစ္စများနှင့်အတူ ကိုချန်နှင့် ဝေးကွာခဲ့ ကြသည်။ ဇရာသည် သူတို့နှစ်ဦး အကြားသို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ကိုချန်၏ မျက်စိခွဲရမည့် သတင်းအတွက် သူ စိတ်မပူခဲ့ဟု ဆို သည်။ အသက်အရွယ်အရ မျက်စိ ရောဂါ ရသည်ဆိုလျှင် ဘာပူစရာရှိမည် လဲ။ ဘာမှမဖြစ်နိုင်ဟု သူ ယုံသည်။ မျက်စိဆေးရုံ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ တို့တွင် တာဝန်ထမ်းခဲ့သူ၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှာ ပါဝင်ခဲ့သူ။အများ အကျိုး ဆောင်ခဲ့သူ။

ကုသိုလ်တွေ တနင့်တပိုးနှင့် သူ၏ ရဲဘော် ကိုချန်အတွက် စိုးစဉ်းမျှ သူမပူ။ သို့သော်···

သည်လိုနှင့် နေထွက်လိုက် ၊နေဝင် လိုက်၊ နွေမိုးဆောင်း ပြောင်းလိုက်နှင့် ကာလတစ်ဆစ်ချိုးသော တစ်နေ့တွင် ကျွန်တော့် သူငယ်ချင်း ရဲဘော် ကိုချန် ဖုန်းဆက်ပါသည်။ ကျွန်တော့်ရင်ထဲတွင် မုန်တိုင်းများက ဆင့်ကဲဆင့်ကဲ ဝင် ရောက်လာသည်။

*'နောက်ထပ် ထပ်ခွဲရဦးမယ် သူငယ်ချင်း။ ဒီတစ်ခါ အလင်းတရား ကို ငါပြန်ရလိမ့်မယ်လို့ ယုံကြည်တယ် ကွာ'*

နောက်ထပ်ခွဲရဦးမည်-ဆိုခြင်းမှာ ဦးစွာခွဲစိတ်မှု မအောင်မြင်ခဲ့ခြင်း ဖြစ်နိုင် သည်။ အလင်းတရားကို ငါပြန်ရလိမ့် မယ် ယုံတယ်-ဟု ဆိုခြင်းမှာ မျက်စိနှစ် ကွင်း စိုးစဉ်းမျှ အလင်းမရတော့ခြင်း ဖြစ်နိုင်သည်။ စိတ်စေတနာ ဖြူစင်စွာ ဖြင့် မျက်စိဝေဒနာရှင်များစွာကို အား တက်သရော ကူညီစောင့်ရှောက်ခဲ့သော ဦးချန်အတွက် ကျွန်တော်တို့လည်း နင့်နင့်နဲနဲ ခံစားရပါသည်။

သူတစ်ပါး၏ မျက်လုံးကို ဖောက် ၍ အရက်နှင့် ပွဲတော်တည်ခဲ့သော ကိုထေင်၊ သို့မဟုတ် ဦးထေင်၏ မျက်လုံး များ ကြည်လင်တောက်ပနေခြင်းနှင့် ဦးချန်၏ မျက်လုံးများ ဝိုးတဝါးမျှ မမြင်တော့ရှာခြင်းမှာ အမှားအယွင်း တစ်ခု မဖြစ်ခဲ့-ဟုဆိုလျှင် လောက၏ မတရား မမျှတသော လှောင်ပြောင်ချက် သာ ဖြစ်တန်ရာပါသည်။

*အရှင်ဘုရား။*
*သစ္စာရှိသူရော၊ သစ္စာမဲ့သူတွေပါ၊*
*စီရင်ချက်က အတူတူပဲလား၊*
*စမ်းသပ်ပွဲက ရက်ရှည်လွန်း*
*တယ်။*

ဆရာ ပိုင်စိုးဝေ၏ ကဗျာတစ်စဖြင့် ဆရာမောင်စိမ်းနီက သူ့စာကို အဆုံး သတ်ပါသည်။

❑

ပိုင်စိုးဝေ၏ ကဗျာတစ်စနှင့် ဆရာ ၏ တက်ခေါက်သံကို ကြားလိုက်မိပါ သည်။

ကျွန်တော်သည် မနေ့တစ်နေ့က ဆူးလေအပိုင်းရှိ တေးသံသွင်းဆိုင်မှ သီချင်း စီဒီတစ်ချပ်ကို တခုတ်တရရှာဖွေ၍ ဝယ် ခဲ့ပါသည်။ ဒါရိုက်တာ မောင်ဝဏ္ဏက ရုပ်ရှင်ရိုက်ခဲ့သည့် '**ကဏ္ဍီပါဖိနပ်စီး ရွှေထီးဆောင်း**'သည် ဆရာမောင်သာရ ၏ နာမည်ကျော် ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ထိုဝတ္ထုကို ဆရာ မောင်ကျော်ဇောက သီချင်းဖွဲ့ပါသည်။ ဒေါ်ခင်ညွန့်ရည်က သီဆိုပါသည်။ ကျွန်တော်က စဉ်ဆက် မပြတ် ဖွင့်သဖြင့် အိမ်ခန်းလေးထဲမှာ ခင်ညွန့်ရည်၏ ညာသံလွင်လွင်က အခါမလပ် ဝေ့ဝဲလွင့်ပျံ့လျက်ရှိပါသည်။

*'ဟယ်၊ လောဘဒေါသ၊ မောဟမီး တွေနဲ့ လောကကြီးကလည်း အခက် သား၊ လူတွေကလည်း အခက်သား၊ အမှန်က မှားတဲ့ခေတ်၊ အခါးက ချိုတဲ့ ခေတ်၊ ဘူးတောင်းနစ်လို့ စောင်ချမ်းပေါ် တဲ့ခေတ်၊ အဲဒီတော့ ဘာဖြစ်၊ အကောင်း ကလည်း အရှုံးဖြစ်'*

စင်စစ်၊ လောကသည် ဝတ် ကောင်းစားလှနှင့် လူရှင်တော်များ မြူးထူးပျော်ပါးလျက်ရှိသော လောက ဖြစ်သည်။ မသမာသူချင်း ရိုင်းပင်းနေ သော လောကဖြစ်သည်။ နိယာမများ ကွယ်လွင့်ပျောက်ဆုံး၍ မျက်ရည်တို့ တဖြိုန်းဖြိုန်း ကြွေကျနေသော လောက ဖြစ်သည်။

တစ်နေ့သောအခါ ဗိုလ်အောင်ဒင် သည် ဓားပြမှုဖြင့် တိမ်းရှောင်နေရသော ပဲခူးရိုးမ တစ်နေရာမှ ပြန်ရောက်လာခဲ့ သည်။ ပစ္စက္ခ၏ အစစ်အမှန်လောကကို တွေ့မြင်သွားခဲ့သည်။ လောကသည် သူ ထင်မြင်ယူဆခဲ့ဖူးသလို ချမ်းမြေ့ကြည် နူးစရာမဟုတ်၊ စိတ်ညစ်စရာ၊ စိတ် မချမ်းသာစရာ လောကဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်သွားခဲ့သည်။ ထိုအခါ ဗိုလ်အောင်ဒင်သည် သွက် သွက်ခါအောင် ရူးသွပ်သွားခဲ့လေသည်။

■

**မောင်ရင့်မာ၊ကျောင်းကုန်း၊ ရည်ညွှန်း။** ။ အလင်းတန်းလေးတွေ (မောင်စိမ်းနီ) ၂၀၀၄ခုနှစ်၊ ဩဂုတ်လ၊ မဟေသီမဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com

# စာပေဂီတ
# မွှေးမြယှက်သန်း
# ပန်းနုရောင်အို

ဒဂုန်တာရာ
၁၀-၅-၂၀၁၀(အင်္ဂါနေ့)

လာခဲ့သည့် ဆရာ ဒဂုန်တာရာ၏
၉၃ ကြိမ်မြောက် မွေးနေ့မှ
ငြိမ်းချမ်းရေးပန်ကြားလွှာပါ

ရသစာတမ်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ချစ်သူသာရှိ’ ဆိုသည့် အေးမြခြင်း သရုပ်သကန်သာ ဖြစ်ပေသည်။

*‘ကျွန်တော်က ဝတ္ထုသက်သက်၊ ကဗျာသက်သက် ရေးရုံမက ဝေဖန်စာများလည်း ရေးဖြစ်သောကြောင့် ကျွန်တော့်ကို ဝေဖန်သူများလည်း ရှိလာသည်။ သူတို့သည်လည်း ဝေဖန်ရေးဆရာများ ဖြစ်ကြဟန်ရှိသည်။ ကျွန်တော်က နည်းနည်းပါးပါးတော့ တုံ့ပြန်သည်။ သို့သော် ကျွန်တော်က တုံ့ပြန်ရန်ဆန္ဒရှိသူ မဟုတ်။ မတတ်နိုင်။ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်သောအခါ ကျွန်တော်၏ နိုင်ငံရေးရာ၊ အနုပညာရေးရာ၊ စာပေရေးရာများကို ဆန့်ကျင်သူများ ပေါ်ပေါက်လာသည်။ ယင်းသည် သဘာဝကျသည်ဟု ဆိုနိုင်သည်။ ဆန့်ကျင်သည့်အတွက်လည်း ကျွန်တော် ကျေးဇူးတင်သည်။ ကျွန်တော် တွေးစရာများရသည်။ ကျွန်တော်၏ ဒဿန ဘဏ်တိုက်ကို ဖြည့်စွက်တိုးပွားသူများဟု ကျေးဇူးတင်မိခြင်းဖြစ်သည်’ဟု* ခံယူကာ မိမိအား ဆန့်ကျင်သူများကိုပင် အပြစ်မြင်ခြင်းမရှိဘဲ ဝေဖန်ရေးကြောင့် မိမိအတွက် အထောက်အပံ့ဖြစ်ရသည်ဟု ယူဆနိုင်သူမှာ ဒဂုန်တာရာပင်ဖြစ်သည်။

❑

၂။

*-ပယင်းပြောက်အိုး*
*စိုက်ထိုးထားလိုက်*
*လရောင်ရိုက်လိုက်၊*
*နေရောင်တိုက်လိုက်*
*ငိုက်လျော့ညွှတ်စင်း*
*ချယ်ရီသင်းခြောက်*
*..... ..... .....*
*..... ..... .....*
*-ဩော်…သူနှင့်ဝေးခဲ့*
*ပြေးလွှားနှစ်များ ကုန်လွန်သွားမှ*
*မနေ့ကလျှင်၊ ငါ့ထံဝင်၍*
*တွေ့ကြသောခါ*
*ရပ်လာစားပွဲဘေး*
*နီစွေးချယ်ရီ၊ ယှဉ်မီရပ်ရင်း*
*သင်းမြရနံ့ လှိုင်ပျံ့မွှေးထုံ*

*လောကသည်*
*စိမ်းစိုသစ်လွင်သော*
*အနုအလှတို့ဖြင့်*
*ပန်ဆင်ကာ*
*တစ်ပွင့်နှင့်တစ်ပွင့်*
*တစ်ရွက်နှင့်တစ်ရွက်*
*သာနာညီမျှစွာ*
*ပဒေသာပန်းကို*
*သီကုံးလျက် ကြော့မဆုံး*
*သာယာ၍နေပေသည်*
*နွေဦးလောက၏*
*သာယာခင်းကို မြင်၍*
*ဘဝင်ကြည်နူး*
*ညွတ်ညွတ်လှသော*
*ရွှေညိုသည်*
*ညိုသွဲ့..ညိုသွဲ့ဟု*
*နီဒါန်းလေးကို*
*တစ်ဖန်*
*ဆိုလိုက်ပြန်လေသည်*

*ရင်ခုန်တစ်ခါ ဖိုရပြန်…*
*-ရယ်သံဟင့်သံ*
*ကြည်ဟန်ပြုံးဟန်၊ ခုဟန်ညှုဟန်*
*ကျန်သေးသည်ကို၊ အိုနုပျိုရင်*
*သူနှင့်ချယ်ရီ၊ ရီဝေယစ်သန်း*
*ပန်းနုရောင်အို…*

**‘ပန်းနုရောင်အို’** အမည်ရှိ ပန်းသွေးဖျော့ရောင် ကဗျာတစ်စကို ရှမဝစာမျက်နှာပေါ်၌ ရင်ခုန်လှိုက်နွေးခဲ့ရသည်။ သူ့ကို ဆွတ်ခူးလိုက်ရစဉ် ကျွန်တော်တို့၏ ကဗျာဖွဲ့ဟန်များ၊ *‘ဖွဲ့စနွဲ့စ၊ နှင်းဆွတ်မြခိုက်၊ ဖူဖူခြေချ၊ ဆောင်းချမ်းမြထဲ၊ ပန်းလွှာဖြူလွှာ၊ ချယ်ရီစနှင့်’* ဆိုသည့် အချိသံစကားလုံး လှိုင်လှိုင်ထည့်ကာ ကဗျာတွေ သီကုံးဖြစ်ခဲ့သည်ထိ ကျွန်တော်တို့ နှလုံးသားများပေါ် ဖြတ်ကျော် နင်းလျှောက်သွားခဲ့ဖူးပေသည်။

ဆရာနှင့် ကျွန်တော်၏ အနေအထားက ဝေးဝေးမှသာ မှန်းဆ၍ လွမ်းပြခဲ့ရသည်။ သူ၏ အနုပညာထုံလွှမ်းများအပေါ် မျှော်ငေးရှိုက်မက်ခဲ့ရခြင်း အဖြစ်မျိုးနှင့်သာ နှစ်လိုအားကျနေခဲ့ရသည်သာ။ ဆရာ့ ဝတ္ထုတစ်ပုဒ်ထဲက အိမ်ထောင်ဦးစီးတစ်ဦးနှင့် အနုပညာသည် ချစ်ဇနီးတစ်ယောက်တို့၏ ဇာတ်လမ်းတစ်ပုဒ်ကိုလည်း မှတ်မှတ်ထင်ထင် ရှိခဲ့ဖူးပေသည်။ သည်ဇာတ်လမ်းထဲက ယောကျ်ားသား၏ နေရာမှ ဝင်ရောက်ခံစား ရေးဖွဲ့ခဲ့သည့် စာရေးဆရာ၏ အနေအထားမှာ ပီပြင်ထောင့်စေ့လှသည်ဟု ခံစားခဲ့ရဖူးပါသည်။ ဆရာ၏ အနေအထားမှာ လူလွတ်တစ်ယောက် ဖြစ်နေသည်မို့လည်း ပို၍ နှစ်သက်ရခြင်းဖြစ်သည်။

တစ်ခုသော ရက်စွဲများ၌ ဆရာနှင့် ကျွန်တော် နီးစပ်နိုင်သော အနေအထားနှင့် တိုးတိုက်ခဲ့ရပေသည်။ ကျွန်တော့် ဘဝ ကမ်းနားသစ်ပင်ဖြစ်ခိုက် မောမြေမြင့်၌ အခြေစိုက်ခဲ့ရပေသည်။ ဆိုတော့ ဖြန့်ကြက်ရာ လက်တံထဲ၌ ဆရာခိုနားလျက်ရှိသည့် သာမိုင်းခန်းသည်လည်း ကျွန်တော်၏ အဝန်းအဝိုင်းထဲ ကျရောက်နေခဲ့သောကြောင့်ပါပေ။ သို့သော်လည်း ဆရာနှင့်ကျွန်တော်မှာ မဆုံစည်းခဲ့လေသော အဖြစ်မျိုးနှင့်သာ လွဲပြီးရင်းလွဲခဲ့ရပေသည်။ သည်လိုနှင့် ကျွန်တော်သည်လည်း မောအလှချယ်ရီ လုံမပျိုနှင့် လက်ပြ နှုတ်ဆက်ခဲ့ရသည့်တိုင် ဆရာနှင့် ကျွန်တော်၏ ဆုံမှတ်တစ်ခုသည်လည်း လွမ်းပြရုံမှတစ်ပါး…။

❑

၃။

ဆရာ၏ ပုံရိပ်များစွာက ကျွန်တော်တို့အတွက် လွမ်းဆွတ်ဖွယ်ရာတွေများလွန်းပေသည်။ ငယ်နုသစ်စ ပုံပြင်များ၌လည်း ငေးလျှဖွယ်ချည်းပင်။ တစ်ဆယ်မှ စွန်းထွက်စကာလမှာပင် ဂန္ထဝင် အဆီအနှစ်များဖြင့် စာပေရိပ်မြုံထဲ စူးဝင်ဖြတ်သန်းခဲ့ပုံများ။ ဘန်ကောက်လုံချည် အမှတ်တံဆိပ်နှင့် တက္ကသိုလ်နယ်မြေရင်အုံညာပေါ် ကခုန်ပျံသန်းခဲ့ပုံများ။ စန္ဒရားတစ်လုံးကို တက္ကသိုလ်ကျောင်းတိုက်ဆီ သယ်ဆောင်လာခဲ့လေ သီချင်း၊ ဂီတနှင့် သက်ဝင်စေးစေးပ်ခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com

များဖြင့် နှောင်းခေတ်မျိုးဆက်တို့အတွက် မမေ့ပျောက်နိုင်ဖွယ် ဇာတ်ဝင်ခန်းများပင်။

ပုဂ္ဂိုလ်ရေး ခံယူချက်အရ ထင်ပေါ်လိုသူမဟုတ်။ တစ်ကိုယ်တည်းသမားစာပေဂီတမှု၌ တိမ်းညွတ်နှဲ့ပျောင်းလိုသူတစ်ဦး။ ကဗျာဖွဲ့လိုက်၊ စန္ဒရားတီးလိုက်ဖြင့် နေလိုသည့်နည်းတူ အသင်းအပင်း၊ အဖွဲ့အစည်းများနှင့်လည်း မယှဉ်ပါးလိုခဲ့။ တစ်ကြိမ်တွင် ကိုဗဟိန်းက ၁၉၃၉-၄၀ တက္ကသိုလ်သမဂ္ဂအမှုဆောင် ရွေးပွဲ၌ ဒဂုန်တာရာ၏ အမည်စာရင်း သွင်းခဲ့ပေသည်။ ထိုနေ့က ဆရာဒဂုန်တာရာ အပြင်ထွက်ခိုက်နှင့် ကြုံနေခဲ့ပြီး သူကိုယ်တိုင်က သိမနေခဲ့ပေ။ သို့သော်လည်း ထိုနှစ်က သူ သမဂ္ဂအမှုဆောင်အဖြစ် အရွေးခံခဲ့ရသည်။ သည်နောက်မှာတော့ သူ မပတ်သက်လိုသောအဖွဲ့အစည်းများ၏ ဝဲသြဃထဲ ကျင်လည်ခဲ့ရကာ သမဂ္ဂအမှုဆောင်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ရက်(မြန်မာနိုင်ငံ)ဒုဥက္ကဋ္ဌ စသဖြင့် ကျင်လည်ခဲ့ရပေတော့သည်။ သူ့နှလုံးသည်းပွတ်အတွင်း ထာဝရ မြှုပ်နှံထားခဲ့သည်မှာက စာပေအနုပညာ ပန်းဝတ်လွှာနှင့် ငြိမ်းချမ်းရေးထုံ ရနံ့သာပင်။ ဘယ့်အတွက် ထိုသို့ ကောက်ချက်ပြုရပါသလဲဟု မေးလာခဲ့သော် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်က ခန့်အပ်သည့် မြင်းခြံမြို့ပိုင် ရာထူးကိုလည်းကောင်း၊ နိုင်ငံခြားရေးအရာရှိနှင့် ဗမာပြည်သူ့တပ်မတော်၊ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ရာထူးကိုလည်းကောင်း လက်ခံခဲ့ခြင်း မရှိသောကြောင့်ပါပင်။ သည်မျှဆိုလျှင် ဆရာ၏ နှလုံးသား အရောင်အသွေးကို အကဲဖြတ်နိုင်လောက်ပါပြီ။

❑

၄။

ဆရာနှင့် စေးကပ်လျက်ရှိသည့် အရာများ၌ အနုပညာနှင့် ဆက်စပ်ပတ်သက်မှုများက အများဆုံး နေရာဦးထားခဲ့ပေသည်။ ကျေးလက်၌ ပျော်ဝင်ခဲ့စဉ်ကာလများဆီက စန္ဒရားနှင့် ယှက်နွယ်ကာ ဂီတပညာရှင်တစ်ဦး၏ စိတ်ကူး

*သူ့မျက်လုံးသည်*
*ရီဝေနေသည်*
*တစ်ခုခုကို တမ်းတ*
*မျှော်နေကြောင်းမှာ*
*ထင်ရှားသည်*
*တစ်ချက်တစ်ချက်တွင်*
*သူ့နှုတ်ခမ်းထောင့်သည်*
*ဆတ်ခနဲ တွန့်သည်*
*တာရာသည်*
*လှုင့်ပါးနေသော*
*ဂီတဝိညာဉ်တစ်ခုကို*
*ဖမ်းဆွဲနေသလား*
*သို့တည်းမဟုတ်*
*တာရာသည်*
*မိုးကုပ်စက်ဝိုင်း၌*
*ခြေထောက်၍နေသော*
*ဂီတသက်ဝံကို*
*သူ့ဆီသို့ ညှို့ငင်ကာ*
*ခေါ်၍နေသလား*

စိတ်သန်းများဖြင့် ထုံမွှေ့နေခဲ့ပေသည်။ နောက်တက္ကသိုလ်နယ်မြေထဲ ခြေချကျင်လည်ခဲ့ရပြီး သမဂ္ဂအမှုဆောင်အဖြစ် ရွေးချယ်ခံရကာ ၁၉ နှစ်သားအရွယ်ဖြင့် အယ်ဒီတာဘဝထဲ လက်ပစ်ကူးခဲ့ရပေသည်။ ၁၉၃၉-၄၀ **အိုးဝေမဂ္ဂဇင်း**၌ ရေးသားခဲ့သည့် မဂ္ဂဇင်းခေါင်းကြီးရေးသားဟန်ကြောင့် မြန်မာစာပေ ရေစီးကြောင်း၌ အောက်မေ့ဖွယ် ထင်ရှားခဲ့ပေသည်။ ဒဂုန်တာရာ၏ ရေးဟန်အတိုင်း ရေးဟန်များမှ ခုန်ထွက်ခဲ့ကာ စကားလုံးအသစ်၊ အတွေးအခေါ် ရှုမြင်ပုံသစ်လွင်မှုတို့ဖြင့် ရင်ခုန်လှိုက်မွေးခဲ့ကြရသည်။

**ခေါင်းကြီး**

**အိုးဝေမဂ္ဂဇင်း** အမှတ် ၈- အတွဲ ၁၊ ၁၃၀၁ တပေါင်းလ၊ ၁၉၄၀။

*ဥဩ…ဥဩဟု ရွှေဥဩသည် မြောက်ဘက် စိမ်းညို့သော မြိုင်ဦးမှ ငြိမ့်ရွှန်းစွာ တေးသီလိုက်သည်။*

*သူ့သာယာသော စေတသိက်၏ သစ္စာတရားပေါ်မှ စိမ့်ယို၍ ထွက်လာသော ဥဩတေးသံသည် လေအဟုန်ဝယ် နှစ်မွှန်းပျံ့ဝဲလျက်၊ ပတ်ဝန်းကျင်ကို တလွင်လွင်မွှမ်းအောင် ထုံလိုက်လေသည်။*

..... ..... ..... .....

..... ..... ..... .....

*ထိုအခါ အပေါင်းကြွေလျှင် ရွက်သစ်လဲရမြဲ လောက 'ရာဇဝင်ကြောင်းသဘောတရား' ကို မလွန်ဆန်နိုင်သော သစ်ပင်ပန်းမန်တို့သည် ရွက်ဟောင်းကိုစွန့်ပယ်၍ ရွက်သစ်ကို လဲလှယ်ကြကုန်၏။*

*လောကသည် စိမ်းစိုသစ်လွင်သော အနုအလှတို့ဖြင့် ပန်ဆင်ကာ တစ်ပွင့်နှင့်တစ်ပွင့်၊ တစ်ရွက်နှင့်တစ်ရွက် သာနာညီမျှစွာ ပဒေသာပန်းကို သီကုံးလျက် ကြော့မဆုံး သာယာ၍နေပေသည်။*

*နွေဦးလောက၏ သာယာခင်းကို မြင်၍ ဘဝင်ကြည်နူး ညွတ်ညွတ်လှသော ရွှေဥဩသည် ဥဩ…ဥဩဟု နိဒါန်းတေးကို တစ်ဖန် ဆိုလိုက်ပြန်လေသည်။*

'အဲဒီနွေဦးဟာ **တာရာမဂ္ဂဇင်း** ခေါင်းကြီးပိုင်းတွေရဲ့ ရှေ့တော်ပြေးပဲ' ဟူ၍ မန်းရတနာပုံမြေမှ တက္ကသိုလ်ကျောင်းတော်သား ကဗျာဆရာတစ်ဦး၏ ကောက်ချက်ပြုပုံကိုလည်း ကျွန်တော်တို့ ကြားသိခဲ့ရဖူးပေသည်။ ဒဂုန်တာရာ၏ နှလုံးသားမြေမဟီထက်က 'နွေဦး' ပါပေ။

❑

၅။

ဒဂုန်တာရာနှင့် စန္ဒရား…စန္ဒရားနှင့် ဒဂုန်တာရာတို့ နှစ်ပါးကြည်ပုံကိုတော့ ဆရာ တင့်တယ်၏ ရှုမြင်ရေးသားချက်များ၌ မြစ်ဖျားခံ ကြည့်ရှုနိုင်ပေသည်။

**ဒဂုန်တာရာ၏ ရင်ခုန်သံ…**

*တစ်နေ့တွင် မိုးဒေဝါ မလှရွှေတို့အိမ်သို့ တာရာနှင့် လိုက်သွားမိခဲ့၏။ တာရာသည် စန္ဒရား၌ ထိုင်လေသည်၊ တာရာသည် စန္ဒရားခလုတ်များနှင့်*



www.burmeseclassic.com

www.burmeseclassic.com

လူရိုးတစ်ယောက် သုံးနှုန်းသော စကားကို ပြောရန် ကြိုးစားသည့်ပမာ စမ်းတော့မလို၊ မစမ်းဘဲနေတော့မလို လုပ်စပြုလာသည်။

ခဏကြာသောအခါ တာရာနှင့်စန္ဒရားသည် အဘယ်ပုံ ချစ်ကြိုးသွယ်သွားမိကြသည်မသိ။ တာရာသည် ဘယ်သီချင်းထဲကမှန်းမသိသော အကွက်တစ်ကွက်ကို စိတ်လိုလက်ရ တီးလိုက်၏။ တီးကွက်မှာ မှိုင်တစ်ခုထဲမှ လေလားမသိ။ နွမ်းလျအားနွဲ့သော တီးကွက်ဖြစ်သည်။ တာရာ၏ လက်သံကပင်လျှင် သူရေးတတ်သည့် စကားလုံးများအတိုင်း ရေးရလျှင်'ယန်းလျလျ' ထွက်ပေါ်လာသည်။ တာရာသည် စန္ဒရားထိပ်ကိုကျော်ကာ နံရံလွင်တီးခေါင်ကိုငေးနေသည်။ ဘေးတိုက်ကြည့်နေသော စာရေးသူသည် သူ့မျက်မှန်နောက်မှ မျက်လုံးကို အတိုင်းသား မြင်နေရသည်။ သူ့မျက်လုံးသည် ရီဝေနေသည်။ တစ်ခုခုကို တမ်းတမျှော်နေကြောင်းမှာ ထင်ရှားသည်။ တစ်ချက်တစ်ချက်တွင် သူ့နှုတ်ခမ်းထောင့်သည် ဆတ်ခနဲ တွန့်သည်။ တာရာသည် လွင့်ပါးနေသော ဂီတဝိညာဉ်တစ်ခုကို ဖမ်းဆွဲနေသလား။ သို့တည်းမဟုတ် တာရာသည် မိုးကုပ်စက်ဝိုင်း၌ ခြေထောက်၍နေသော ဂီတသက်တံကို သူ့ဆီသို့ ညှို့ငင်ကာ ခေါ်၍နေသလား။ …။ သူ၏ အာရုံတွင် အတိတ်က ကြေမွသွားခဲ့သော ကြွေရုပ်ကလေးတစ်ခု၏ အစအနများကို ပြန်ကောက်ယူကာ ရုပ်လုံးပြန်ပေါ်အောင် ဆက်စပ်ရန် တန့်နန့်… ဟူ၍ပင် ဒဂုန်တာရာနှင့် ဂီတသံစဉ်များ ယှက်နွယ်ပေါင်းစည်းသွားခဲ့ကာ ဂီတရေလျဉ်တစ်ကြော မျောနစ်နေခဲ့ပုံများကို ဖော်ကျူးခဲ့ပုံများအား အကဲခတ်ကြည့်ရခြင်းဖြင့် ဆရာ ဒဂုန်တာရာနှင့် ဂီတသံစဉ်များ အကြား အခြား မထင်နိုင်လောက်အောင်ပင် ပေါင်းစည်းယှက်နွယ်ခဲ့ပုံများကို ခံစားရနိုင်လောက်ပေသည်။

❑

၆။

ရေအလျဉ်တို့မည်သည် ထာဝရစီးဆင်း၍ နေသည်သာ…

တံတားအောက်မှ ရေအလျဉ်များက တစ်နေ့တုန်းက ရေများ မဟုတ်ကြတော့ပေ။

ကျွန်တော်တို့ငေးလျှ အားကျခဲ့ရသည့်ငြိမ်းချမ်းရေး နှလုံးသားပိုင်ရှင် ဆရာ ဒဂုန်တာရာသည်ပင် ကျွန်တော်တို့အားလုံးကို လက်ပြနှုတ်ဆက်သွားခဲ့ပြီဖြစ်ပေသည်။

သို့သော်လည်း…ဆရာ ထွန်းညှိခဲ့ဖူးသည့် ငြိမ်းချမ်းရေးဝိညာဉ်ကတော့ ထာဝရ ဆက်လက်ကာ လင်းလက်နေဦးမည်မှာ အသေအချာပင်။ 'မုန်းသူမရှိ…ချစ်သူသာရှိ' ဆိုသည့် ဆရာ့ လက်သုံးစကားတစ်ခွန်းသည်လည်း ကမ္ဘာတည်သရွေ့ မရွေ့မလျား ကျောက်စိုင်ကျောက်သားပမာ တည်တံ့နေဦးမည်သာပင်။

ကမ္ဘာမြေ…ငြိမ်းချမ်းပါစေ။

ဩကာသ လောကဆီမှာတော့…

'ရွှေဥဩက မြောက်ဘက် စိမ်းညိုသော မြိုင်ဦးမှ ငြိမ့်ရှန်းစွာ တေးသီလိုက်ပေပြီ'

နွေဦးမို့ပေ…။ ■

**ရွှေဒါး မောင်လေးရည်**






www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

ှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၉၈၂၂၀


www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၂၉၊ ဧပြီ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည် ၈/ဆုံး

www.burmeseclassic.com

www.burmeseclassic.com



# အဆိပ်ပန်းကို နမ်းမိသည်

## ဝိုင်း [သထုံ]

မွန်းတည့်ချိန်၊
အိမ်ခေါင်မိုး
သွပ်ပြားပေါ်က
ထပ်ဆင့်အပူသည် သူ့ရိုနှံတို့
မိသားစုကို ငရဲခန်းတမျှ
ပူအိုက်နေသည်။
ဆိုက်ကားနင်းပြီး
ပြန်လာသော အဖေက
ပူရသည့်အထဲ
ဇွတ်ကယ်ဇွတ်ကယ်
သောက်နေသဖြင့်
အမေ့အတွက် စိုးရိမ်မိသည်။
'မာရေ၊ ရေခဲရေ
တစ်ပုလင်းလောက်
ဝယ်ပေးပါလား။
ဝယ်မရရင်
အန်တီကြည်တို့အိမ်က
တောင်းပေးပါကွာ၊
ကိုယ် ရင်တွေပူလွန်းလို့'
ပန်ကာ အစုတ်လေး
ဖွင့်ထားပေမဲ့ ပြင်ပအပူချိန်နှင့်
အဖေ့ရင်တွင်းက
အပူချိန်ကို အေးမြခြင်း
မပေးနိုင်ဘဲ ပူသထက်
ပူနေသည်။ အိမ်ကလည်း
အနောက်ဘက်ကို
မျက်နှာမူထားသဖြင့်
ကျနေသည့် နေ့လယ်
တစ်နာရီက အစပြု၍
အိမ်ထဲသို့ တိုးဝင်
နေပြီဖြစ်သည်။
'ကိုတင်ထွန်း၊ ရေခဲရေ
ရပြီ၊ သောက်တော့။
သူများအိမ်မှာ ခဏခဏ
တောင်းရတာ
မျက်နှာပူပြီတော့၊ ခုနေ



www.burmeseclassic.com

www.burmeseclassic.com

ရေခဲသေတ္တာနဲ့ လေအေးပေးစက်လေး တစ်လုံးလောက် ဝယ်နိုင်ရင် ဘယ်လောက်ကောင်းမလဲ မသိဘူးနော်။ သားကြီး မင်းကလည်း ဆယ်တန်း ဆက်ဖြေရင်ဖြေ၊ မဖြေရင် အလုပ်လုပ်ပါလား ကွယ်။ အခုတော့ တစ်ရှာကိုး တစ်ရှာတစ်ဆယ်၊ လယ်ယာပြန်စားရေးလုပ်နေတယ်။ အသက်ပဲ နှစ်ဆယ်ရှိပြီ။ ဖအေဆိုက်ကားနင်း၊ မအေ အကြော်ရောင်းတာ ထမင်းစားရရုံပဲ ရှိတာ။ သားအောက်မှာ ကျောင်းနေတဲ့ ညီနှစ်ယောက်၊ ညီမတစ်ယောက် ရှိနေသေးတာလည်း သတိရဦး'

အမေ၏ မရိုးနိုင်သည့် သံစဉ်များ နားဝမှာ လျှံထွက်လာတော့ စိတ်ညစ်ညစ်နှင့် စက်ဘီးစီးပြီး ထွက်လာခဲ့သည်။

'ဟေ့ကောင် သူရိန်'

ကောင်းသန့် လက်ဖက်ရည်ဆိုင်ထဲက ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ သူငယ်ချင်း သန်းထွန်းအောင် ဖြစ်နေသည်။ သူရိန် လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး သန်းထွန်းအောင် ဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'သူရိန်၊ ဒါ ငါ့အစ်ကို ဝမ်းကွဲ ကိုကျော်မင်းတဲ့။ မော်ထဲသွားမလို့ ငါ့ကို လာခေါ်တာ'

'မော်…ဟုတ်လား'

'အေးလေကွာ၊ ဖားကန့်ကျောက်စိမ်းမော်ကို ပြောတာ။ ငါတော့ အလုပ်မရှိတော့ လိုက်လုပ်တော့မယ်။ မင်းလိုက်မလား'

ဘာလဲ
ရှောင်နေတာလား
မိုးရဲ့
ဗိုက်ပြဿနာလည်း
ရှင်းပေးဦး
မိုး ကိုယ်ဝန်
ခုဆို နှစ်လရှိပြီ
ရှေ့လဆို
အလုပ်လုပ်လို့
ရမှာ
မဟုတ်ဘူး

သူရိန် စဉ်းစားနေပြီ။ ကိုယ့်ပြည်တွင်းမှာဖြစ်၍ မလိုက်ရဲစရာ အကြောင်းမရှိ။ အမေတို့ကို ပြောမည်။ မရလည်း အမေတို့ မသိအောင် လိုက်မည်။ ခက်တာက သူ့ချစ်သူ ယဉ်နွယ်ဦးနှင့်လည်း မခွဲနိုင်။ ဘာလုပ်ရမှန်း မသိအောင် အတွေး ချာချာလည်နေတော့သည်။

'မင်းတို့ ဘယ်တော့သွားမှာလဲ'

'ဒီအပတ်ထဲသွားမယ်၊ လိုက်ရင် အဆင်သင့်ပြင်ထားပေါ့။ အဲ…ငွေတော့ နည်းနည်း ယူလာခဲ့လေ'

'ငွေ'ဆိုသည့် စကားကြားရတာနှင့် သူရိန် စိတ်ညစ်သွားတော့သည်။ တစ်အိမ်လုံးစုတောင် ငါးထောင်ပင် ပြည့်ပါ့မလား မသိ။ ငွေမရှိလျှင် မသွားရမှာလည်း စိုးသည်။ အပင်ပေါ်ကအသီး တံချူနှင့် ခူးမရလျှင် လှေကားထောင်ပြီး တက်ရမှာပဲ။ သူရိန် စဉ်းစားရင်း ချစ်သူယဉ်နွယ်ဦးကို ပြောပြဖို့ 'နွယ်' အလုပ်လုပ်နေသည့် စတိုးဆိုင်ဘက် လှည့်လာလိုက်သည်။

ဆိုင်ရှေ့ အရိပ်အယောင်ပြလိုက်သည်နှင့် နွယ် ထွက်လာခဲ့ပြီး ဘေးက အအေးဆိုင်တွင် ထိုင်လိုက်သည်။ နွယ်လည်း သူရိန်လိုပါပဲ။ ဆယ်တန်း နှစ်ကြိမ် ကျရှုံးပြီး အလုပ်ဝင်လုပ်နေသူလေးပါ။

'နွယ်…ကိုယ် ပြောစရာ ရှိလို့'

'ဘာများလဲ ကို'

'ဒီလိုပါနွယ်၊ ကိုယ်နဲ့ နွယ် နီးရဖို့ အလုပ်သွားလုပ်မယ်။ အဲဒီအတွက် ငွေတစ်သိန်းလောက် ရှိမှဖြစ်မယ်။ ကိုယ် အလုပ်အဆင်ပြေတာနဲ့ လက်ထပ်မယ်'

နွယ်၏ မျက်နှာလေး ညှိုးရော်သွားသည့်အတွက် သူရိန် စိတ်မကောင်းဖြစ်မိပါ၏။

'ဘယ်ကို သွားပြီး ဘယ်မှာ ဘာလုပ်မှာလဲ ကို'

သူရိန် စဉ်းစားဟန်ပြုပြီးမှ…

'သန်းထွန်းအောင်တို့ ညီအစ်ကိုနဲ့ ဖားကန့်လိုက်သွားမလို့၊ အမေ့မှာလည်း ပိုက်ဆံမရှိတော့ ကိုယ့်သွားစရိတ် အခက်အခဲဖြစ်နေတယ်'

ယဉ်နွယ်ဦးက မျက်ရည်ဝိုင်းနေသည်။ သူရိန့် စကားကြားတော့…

'ဟင်း…ကို့,ကို အဝေးကြီး မသွားစေချင်ဘူး ကိုရယ်။ ဒါပေမဲ့ မသွားမဖြစ်သွားရမယ်ဆိုရင်တော့ နွယ်စုထားတဲ့ငွေ ပေးလိုက်မယ်လေ'

သူရိန် ယောက်ျားပီပီ ရှက်စိတ်တော့ ဖြစ်ပါသည်။ မိန်းမတစ်ယောက်ဆီက လက်ဖြန့်တောင်းရသည်ကို မလုံမလဲ ဖြစ်နေသည်။ သို့သော်လည်း ချေးငွေဟု သဘောထားလိုက်ပါသည်။

'ကို ဖုန်းယူသွားနော်၊ အိမ်ကဖုန်း ယူသွားလို့ မဖြစ်ရင် နွယ့်မှာ ဖုန်းတစ်လုံး အပိုရှိတယ်၊ ကို့,ကိုပေးလိုက်မယ်။ ဖုန်းကဒ်တော့ မပြောင်းနဲ့နော်'

ချစ်သူ၏ ဖေးမမှုကြောင့် အားတက်ပြီး သူရိန် ပျော်ရွှင်စွာ အိမ်ပြန်လာခဲ့သည်။ စိတ်များလည်း ပေါ့ပါးနေတော့သည်။

□

အချိန်ပြည့် မူးနေသည့် အဖေ့ကို ပြော၍ရမှာမဟုတ်လေတော့ အမေ့အကြော်တဲဆီသာ တန်းလာလိုက်သည်။

'လယ်ယာ ပြန်စားရေး လာပါပြီတော်'

'အမေကလည်း တွေ့တာနဲ့ ဆူတော့တာပဲ။ အခု သားအလုပ်သွားလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ'

'ဘာ'

'ဟာ… အမေ့ကိုကြည့်ရတာ မယုံသလိုပဲ။ သား သူငယ်ချင်း သန်းထွန်းအောင်

www.burmeseclassic.com

နဲ့ မြစ်ကြီးနားမှာ အလုပ်သွားလုပ်မလို့ အမေရဲ့။ အဖေ့ကိုတော့ ပြောမနေပါနဲ့တော့၊ တော်တော်ကြာ ဆူနေဦးမယ်'

'တကယ် ပြောတာလား သား၊ ဝေးလိုက်တာ။ အမေ စိတ်မချပါဘူး သားရယ်'

'စိတ်ချပါ အမေရယ်၊ သန်းထွန်းအောင်တို့ ညီအစ်ကိုတွေ ပါတာပဲ။ အသုံးစရိတ်နုတ်ပြီး ပိုတာအကုန် အမေ့ကို လွှဲမယ်နော်'

ဘယ်လောက်ပဲ အသုံးမကျပါစေ မိခင်တစ်ဦး၏ မေတ္တာဖြင့် အမေက မလွှတ်ချင်ဘဲ လွှတ်လိုက်သည်။ သို့နှင့် သူရိန်တစ်ယောက် သန်းထွန်းအောင်တို့ ညီအစ်ကိုများနှင့်အတူ မြစ်ကြီးနားမှတစ်ဆင့် ဖားကန့်မြို့သို့ ရောက်လာခဲ့ပြီ။ သူရိန့်စိတ်ထဲမှာတော့ ကျောက်အောင်လျှင် သူဌေးလောင်းဆိုသည့် အသိက စိတ်ထဲမှာ စွဲမှတ်နေသည်။

ဖားကန့်မြို့လေးသည် တောင်ကုန်း၊ တောင်တန်းများနှင့် ဖွဲ့စည်းထားပြီး မြေပြန့်တွင် လူနေအိမ်ခြေများရှိသည်။ သာယာလှပသော မြို့ငယ်လေးတစ်မြို့ဖြစ်သလို ဘုရားပေးသော သယံဇာတများဖြင့် လူပေါင်းများစွာကို ထမင်းကျွေးနေသည်။

သူရိန်တို့ လူသစ်များကို သန်းထွန်းအောင့် အစ်ကိုက ရေမဆေးကျောက်သမားများအတွက် အလုပ်ပေးထားသည့် လော်ပန် ဦးဖက်တီးထံ အပ်နှံပေးသည်။ အဝလွန်သဖြင့် လော်ပန်ကို ဦးဖက်တီးဟုသာ ခေါ်ကြသည်။

'အေး…မင်းတို့ စားဝတ်နေရေးကို တာဝန်ယူမယ်။ ရှာလို့ရသမျှ ကျောက်တွေ ငါ့ကိုပြန်အပ်၊ တစ်ဝက်စီ ရမယ်'

ရောက်ရောက်ချင်း နေစရာ၊ စားစရာ ရသွားတော့ သူရိန် ဝမ်းသာသွားသည်။ လော်ပန် ဖက်တီး အလုပ်တွင် ရေမဆေးကျောက် အလုပ်သမား သုံးဆယ်ခန့် ရှိသည်။ လိုင်စင်နှင့် တရားဝင် တူးသူရှိသလို အဖွဲ့အစည်း အမျိုးမျိုးက တူးသူလည်း ရှိသည်။ စက်ကြီးများနှင့် တူးကာ အရည်အသွေးကောင်းကျောက် ရှာပြီးမှ မလိုအပ်သော စွန့်ပစ်မြေစာပုံမှာ ကျောက်ရှာသူများကို ရေမဆေးကျောက်သမားဟု ခေါ်မှန်း တစ်ပတ်အတွင်း သူရိန် သိသွားသည်။

လော်ပန်က ဖားကန့်ဈေးနားတွင် နေထိုင်ပေမဲ့ သူရိန်တို့ အလုပ်သမားများက ကျောက်တူး၍ ချိုင့်ဝှမ်းဖြစ်နေသည့် မြေပြန့်တွင် ရွက်ဖျင်တဲများနှင့် နေထိုင်ကြသည်။ သို့မှသာ မြေစာပုံနားသို့ အစောဆုံးရောက်မှာ ဖြစ်သည်။ မြေစာကို မည်သည့်အချိန် လာပုံမည်ဟု မသိရသဖြင့် မြေစာကားလာလျှင် မာရသွန်ပြေးသလို လူနှစ်ရာ၊ သုံးရာ ပြေးရှာကြသည်။ ကျောက်ကောင်းတစ်ပွင့်ရဖို့ မသေချာသော်လည်း အသက်နှင့် ရင်းရသည်မှာတော့ သေချာသလောက်ပင်။ မနက်သွား၊ ညပြန်မလုပ်ဘဲ မြေစာပုံများ ကြားမှာပဲ တဲထိုးနေသူများ အများအပြားရှိသည်။

မြေစာပုံသည့်အချိန် ခန့်မှန်း၍ မရသဖြင့် သူရိန်တို့ ထိုနေရာမှာပင် လော်ပန်က တဲထိုး၊ ရိက္ခာပေးထားပြီး အလှည့်ကျ ချက်ပြုတ် စားသောက်ရသည်။

ညဘက် အလုပ်သိမ်း ရေမိုးချိုးပြီးသည်နှင့် သူရိန်တို့အုပ်စု မြို့ထဲထွက်ကြသည်။ ရောက်ခါစက တော်တော် ပင်ပန်းပေမဲ့ အခုတော့ ကျင့်သားရသွားပြီ။

❑

'သူရိန် ကာရာအိုကေဆိုင် သွားမယ်၊ မင်း ဒီနေ့ ဒကာခံရမယ်'

သန်းထွန်းအောင်က အရေးဆိုသဖြင့် ကာရာအိုကေဆိုင် ရောက်လာကြသည်။ ဆိုင်တွင်းရောက်စဉ် နှစ်ဆက်ရှင် ယူပြီး ဟင်းပွဲများများ မှာစားသဖြင့် သူရိန် ယနေ့ရသမျှ ကုန်သွားတော့သည်။ သူရိန်တို့အဖွဲ့တွင် ညဘက်ရှာသူတစ်ဖွဲ့က နေ့ခင်းတစ်နေ့လုံး အိပ်ရသည်။ သူရိန်တို့က နေ့ခင်းဘက် ရှာသဖြင့် ညဘက် အားသည်။ ရသမျှ ကျောက်အရည်အသွေးကို မူတည်ပြီး ဈေးဖြတ်ကာ လော်ပန်တစ်ဝက်၊ အလုပ်သမားများက တစ်ဝက်ရသည်။

ရေမဆေးကျောက် ရှာရသည်ကလည်း နေ့စဉ်ရသည် မဟုတ်။ ခဲရာခဲဆစ် ရှာဖွေရသည်။ စည်းကမ်းမဲ့စွာ စွန့်ပစ်ထားသော မြေစာပုံကြီးက တောင်အသေးစား တစ်လုံးခန့်ရှိသလို သည်လိုနေရာများကလည်း အများအပြားရှိသည်။

တစ်လပြည့်ချိန် သူရိန့်လက်ထဲတွင် ငွေသုံးသိန်း စုမိနေပြီဖြစ်၍ 'နွယ်'ကို တစ်သိန်း၊ အမေ့ထံ တစ်သိန်း လွှဲပေးပြီး သာကြောင်း မာကြောင်း အမေ့ထံ ဖုန်းဆက်သလို နွယ်ကိုလည်း ဖုန်းဆက်လိုက်သည်။ ယခင် လူဟောင်းများက သူရိန်နှင့် သန်းထွန်းအောင်တို့ နှစ်ယောက် ရောက်လာမှ အဖွဲ့သားများ လာဘ်ကောင်းသည်ဟု ပြောကြသည်။

သူရိန်တို့ နေ့ဘက်ကျောက်ရှာသမားများက စောစောထပြီးရှာကြရသည်။ မြေစာအသစ်လာပုံလျှင် မာရသွန်အပြေးသမားလို ပြေးရသည်။ အဖွဲ့ပေါင်းများစွာက ရှာသူပေါင်း နှစ်ရာကျော်ထဲမှာ အလုအယက် ရှာဖွေရသဖြင့် အန္တရာယ်ကိုပင် မမှုနိုင်တော့။ သူရိန်၊ သန်းထွန်းအောင်၊ ကျော်မြင့်နိုင်တို့ သုံးဦးက ရွယ်တူတန်းတူဖြစ်၍ ညနေ လော်ပန်နှင့် ငွေရှင်းပြီး စားသောက်ဆိုင် သွားပြီးလျှင် ပင်ပန်းသမျှ အနှိပ်ခန်းဝင်၊ တစ်ခါတစ်ရံ KTV ဆိုင် သွားကြသည်။ မှော်ထဲမှာ အစုံရသည်။ မရတာ မရှိ။ ဆေးပြားမှအစ လိုချင်တာ အကုန်ရသည်။ ငွေရှိဖို့ အဓိကပါ။ မြို့ထဲတွင် သာသာယာယာ ဖြစ်သလောက် ရေမဆေးကျောက်သမားများ နေရာထိုင်ရာ နေရာက စည်စည်ကားကားမရှိ။ ကြည့်လိုက်တိုင်း မြေစာပုံများနှင့် မုန့်စိမ်းပေါင်းကို အတုံးလိုက် လှီးထားသလို တောင်ကုန်းများသည် နာတတ်လျှင် တစ်နေကုန် အော်ဟစ်နေမှာ

www.burmeseclassic.com

ဖြစ်သည်။ ပကတိတောင်ဆို သည်မှာ ရှားပါးပစ္စည်း။

သူရိန်က ဒိုင်ယာရီ ရေးသည့်အကျင့် ရှိသည်မို့ အမေနှင့် ညီမလေးများကို လွမ်းကြောင်း ရေးထားသလို၊ နှယ့်ကို လွမ်းကြောင်းလည်း နေ့စွဲအလိုက် ရေးထားသည်။ ရသမျှ ဝင်ငွေကိုလည်း အသုံးစရိတ် ကုန်ကျငွေ၊ အမေ့အတွက်၊ နှယ်နှင့် မင်္ဂလာဆောင်တွင် သုံးစွဲဖို့ ရေးမှတ်ပြီး သေချာသိမ်းထားသည်။ ခြောက်လအတွင်း လက်ထဲမှာ ရှစ်သိန်း စုမိနေပြီ။အကယ်၍သာ သူရိန် အသုံးအစွဲ လျှော့ပြီး စုလျှင် ဆယ်သိန်း ကျော်လောက်ပြီ။

ခက်သည်က KTV ဆိုင် မသွားရလျှင် မနေနိုင်အောင် 'မိုးစက်ရေ' ဆိုသည့် ကောင်မလေးက သူ့ကို ဖမ်းစားထားသည်။ သန်းထွန်းအောင်လည်း မြခွာညို ဆိုသော ကောင်မလေးကို ကြွေနေသဖြင့် ဆိုင်သို့ တစ်ပတ်သုံးကြိမ်လောက် ရောက်စမြဲ။

'မိုးနဲ့ လွတ်လွတ်လပ်လပ် တွေ့ချင်တယ်ကွာ'

'မိုးလည်း တွေ့ချင်တာပေါ့၊ မောင့်ကို မိုးချစ်တယ် သိလား'

ခပ်ပေါ့ပေါ့ အပျော်သဘောထားပေမဲ့ သူ မိုးစက်ရေ၏ တဏှာကွန်ထဲက ရုန်းမထွက်နိုင်အောင် ဖြစ်ခဲ့ရပြီ။ ရသမျှ မိုးအတွက်ဖြစ်နေတော့သည်။ ယခင် စုထားသော ငွေသည် ထပ်မတက်လာနိုင်ဘဲ ရပ်တန့်နေသည်။

သည်ကြားထဲ အမေ ဖုန်းဆက်လျှင် ညာရသလို၊ နှယ်ဆက်လျှင်လည်း လိမ်

> တို့က
> စားသောက်ဆိုင်မှာ
> အစားအသောက်
> စားတယ်
> ငွေရှင်းတယ်
> ပန်းကန်သိမ်းရမှာ
> ပန်းကန်ဆေးရမှာ
> မင်းတို့
> အလုပ်လေ
> ဘယ်သူနဲ့
> ရမှန်းမသိဘဲ
> ငါ့သူငယ်ချင်းကို
> နဖားကြိုးထိုးလို့
> မရဘူး

ညာရတာ အမော။ နှယ်က စည်းကမ်းကြီးသူမို့ နှစ်ယောက်ချင်း ချိန်းမတွေ့ဖူးဘဲ မိုးနှင့်တော့ လင်မယားအရာ မြောက်နေပြီ။ မိုးက အတတ်ကောင်းတွေ သင်ပေးသဖြင့် သူ ဆေးသုံးစွဲတတ်လာသည်။ ဖားကန့်တွင် ဆေးသုံးသူ၊ ဆေးထိုးသူတွေက အများအပြားပါ။ ပင်ပန်းနွမ်းနယ်မှုကြောင့် ဆေးသုံးကြသည်။ ဆေးပြားနှင့် မလုံလောက်လျှင် ဆေးထိုးအပ် ကိုင်ကြသည်။

သူရိန်နှင့် သန်းထွန်းအောင်က ထိုအဆင့် မရောက်သေး။ သူရိန်တို့ အတွဲဆုံးသုံးယောက်အနက် ကျော်မြင့်နိုင်က အပ်ကိုင်နေပြီ။ ရသမျှ ဖြုန်းပစ်၍ စုမိသည်မရှိ။ အသက်အကြီးဆုံး ဦးလေးအောင်က ဆုံးမသည်။ သို့သော် ဦးလေးအောင် ကိုယ်တိုင်ကလည်း အရက်စွဲ၊ ဆေးစွဲနေသူမို့ ထိန်းမရပေ။ ကျော်မြင့်နိုင်ကို ညဆိုင်းပို့လိုက်မှ အဖြစ်ဆိုးနှင့် တိုးရတော့သည်။

ရှုးကြောင်မှုးကြောင်နှင့် မြေစာပုံပေါ်ကကျပြီး သေသွားသည့်အချိန် သူရိန် တုန်လှုပ်သွားရပါပြီ။ ရောက်စကတည်းက တတွဲတွဲ နေသူမို့ မျက်ရည်မဆည်နိုင်အောင် ငိုမိသည်။ အန္တရာယ်များကြားမှာ လုပ်ရသည်ကို ကြောက်လို့လာသည်။

ကျော်မြင့်နိုင်ကို ဖြစ်သလို သင်္ဂြိုဟ်လိုက်ပြီး ကျန်ပစ္စည်းများကို လုံးခင်းမှာ ကျောက်တူးနေသော သူ့ဦးလေးက ယူသွားတော့သည်။ ငွေက တစ်ပြားမှ မပါပါ။

❑

'မောင်…မိုးတို့ လက်ထပ်မှ ဖြစ်မယ်၊ မိုးမှာ အခု ကိုယ်ဝန်ရှိနေပြီလား မသိဘူး'

'ကြားရသည့် စကားက မိုင်းခွဲသံထက် ပြင်းထန်သည်။

'ဘယ်လို မိုး၊ ဟုတ်ရဲ့လားကွာ'

'ဘာလဲ မောင်က တာဝန် မယူချင်လို့လား။ ဒါဆိုလည်း ရတယ်၊ အဖေမပေါ်ဘဲ မွေးပြမယ်'

မိုးစက်ရေက သူရိန့်ကို အကျပ်ကိုင်နေသဖြင့် ဘာလုပ်ရမှန်းမသိတော့။ ချစ်သူနှယ်ကို သစ္စာဖောက်မိပြီ။ အပျော်ကနေ အပျက်ဖြစ်သွားလေ ပြီ။

'ငါတော့ မယုံဘူး၊ မင်းကို အကျပ်ကိုင်တာ။ သူ ဘာဆိုတာ သိနေတာပဲ။ ဘယ်သူနဲ့ရမှန်းမသိ၊ စင်းကို နဖားကြိုးထိုးတာ'

သူရိန့် တစ်ညလုံး အိပ်မပျော်နိုင်ဘူး။ သန်းထွန်းအောင်တော့ သိသွားပြီ။ အဖွဲ့ခေါင်းဆောင်နှင့် လော်ပန်ကို ဖွင့်ပြောရကောင်းမလား စဉ်းစားမိသည်။ ဤဒေသသည် ရတနာမြေဖြစ်သော်လည်း စိတ်ဓာတ်ပျက်စီးသူများကြောင့် ဖားကန့် အကျည်းတန်ပြီလား။

'သန်းထွန်းအောင် ငါတို့လာတာ မှားပြီကွာ၊ အခု ဆိုရင် ငါ မကောင်းမှုတွေ လုပ်တတ်နေပြီ။ မိုးစက်ရေကလည်း ယူခိုင်းနေတယ်။ အမေသိရင် ဘာပြောမလဲ၊ နှယ့်ကိုလည်း သစ္စာမဖောက်ချင်ဘူး'

'မင်းကောင်မ မရိုးဘူးလို့ထင်တယ်။ မင်း ခဏ အဆက်သွယ်ဖြတ်ထား၊ ညဆိုင်းဆင်းမလား'

သူရိန့် ခေါင်းခါသည်။ ညဘက်တော့ မလုပ်ချင်ပါ။

'အေးကွာ၊ တို့မသွားဘဲ ခဏစောင့်ကြည့်ဦးမယ်'

'ကောင်းတယ်၊ တကယ်တမ်းကျတော့ အချစ်မရှိတဲ့ ရပ်ဝန်းဒေသပါကွာ။ မင်းကို ငါခေါ်လာလို့ ဒီလိုဖြစ်ရတာ။ ငါတော့ ဒီကောင်မလေးနဲ့ အလုပ်သဘောပဲ ဆက်ဆံတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မင်းက နှစ်ပြီး ချစ်တာကိုး'

သူရိန် ခေါင်းကုတ်လိုက်သည်။ ပြီးတော့ စိမ်းစိုနေသည့် ခပ်ဝေးဝေးက တောင်တန်းများဆီ ငေးရင်း…

'ငါ သူ့ကို လုံးဝ မချစ်ဘူး။ သူ့ဘဝကို ပြောပြလို့ သနားတာရယ်၊ အတွေ့ကြောင့် စွဲလမ်းသွားတာပဲ ရှိတယ်'

'ဟ၊ ဒါမျိုးတွေက သူများသနားအောင် ပုံပြင်တွေ ပြောတတ်တယ်လေ။ အင်း…ညှံ့ပါ့ကွာ၊ ခုတော့ ထမင်းစားခါနီး သူများလက်ဆေးထားတဲ့ ခွက်ထဲ နှိုက်ဆေးမိပြီပေါ့။ တောက်…နာသကွာ'

KTV မသွားတာကြာလို့ မိုးစက်ရေက ဖုန်းဆက်ခေါ်ပေမဲ့ ညဆိုင်းဆင်းရတယ်ဆိုပြီး ညာလိုက်ရသည်။ မိုးစက်ရေတို့ဆိုင်က ၂၄ နာရီဖွင့်ပြီး ဖောက်သည်က လူရွေးခေါ်တတ်၍ သူမလည်း အပြင် သိပ်မထွက်ရသဖြင့် ခေတ္တအဆက်အသွယ်ပြတ်သွားသည်။

တစ်ရက်မှာတော့ မိုးစက်ရေ မှော်ထဲလိုက်လာချိန် သူရိန်နှင့် ပက်ပင်းတိုးတော့သည်။

'မောင်…ညဘက်ဆင်းရတယ်ဆို'

သူရိန် ခေါင်းနားပန်းကြီးသွားသည်။

'ဟုတ်တယ်လေ မိုး၊ ဒီနေ့မှ နေ့ဘက် ပြန်ဆင်းတာ'

'ဘာလဲ ရှောင်နေတာလား၊ မိုးရဲ့ ဗိုက်ပြဿနာလည်း ရှင်းပေးဦး။ မိုး ကိုယ်ဝန် ခုဆို နှစ်လရှိပြီ။ ရှေ့လဆို အလုပ်လုပ်လို့ ရမှာမဟုတ်ဘူး'

ရဲတင်းပြတ်သားသည့် မိန်းမလည်၏ စကားအောက်မှာပိနေသည့် သူရိန်မှာ ခေါင်းမထောင်နိုင်တော့ပါ။ သန်းထွန်းအောင်ကို လှမ်းကြည့်လိုက်တော့ သန်းထွန်းအောင် အနားရောက်လာသည်။

'ဒီမှာ မိုးစက်ရေ(ခေါ်) နုနုရီ(ခေါ်) တိုက်တိုက်ဖြူ၊ ငါ့သူငယ်ချင်းအစား ငါဝင်ပြောမယ်။ တို့က စားသောက်ဆိုင်မှာ အစားအသောက်စားတယ်၊ ငွေရှင်းတယ်။ ပန်းကန်သိမ်းရမှာ၊ ပန်းကန်ဆေးရမှာ မင်းတို့အလုပ်လေ။ ဘယ်သူ့နဲ့ ရမှန်းမသိဘဲ ငါ့သူငယ်ချင်းကို နဖားကြိုးထိုးလို့ မရဘူးနော်'

သန်းထွန်းအောင့် စကားကြောင့် မိုးစက်ရေ မျက်နှာပျက်သွားသော်လည်း ချက်ချင်း မျက်နှာ တင်းမာသွားသည်။

'ကိုသန်းထွန်းအောင် ဒါ မိုးကို သက်သက် အထင်သေးတာပဲ။ ကိုသူရိန်နဲ့ ကြိုက်ပြီးကတည်းက ဘယ်သူနဲ့မှ ဂိတ်ဆုံးရောက်အောင် မပတ်သက်ဘူး။ မကောင်းတာ လုပ်စားရပေမဲ့ မိုးမှာ အချစ်တော့ ရှိတယ်။ မိုးကိုသူရိန်ကို မေတ္တာမှန်နဲ့ ချစ်ခဲ့တာ။ ဒီလိုဖြစ်ပြီးမှ တာဝန်မယူနိုင်ရင် ဒီမှာရှိတဲ့ အဖွဲ့အစည်းတွေကိုတိုင်မယ်'

ထိမထင် မျက်နှာပေးနှင့် ပြောဆိုနေ၍ သန်းထွန်းအောင် ငြိမ်ကျသွားသလို သူရိန်ကလည်း အတောင်တပ်ပြီး ဟိုးအဝေးဆုံးကို ထွက်ပြေးချင် စိတ်ပေါက်ခဲ့ပြီ။

❑

လော်ပန် ဖက်တီး၏ စီစဉ်ပေးမှုကြောင့် သူရိန်တို့ နေထိုင်သည့် တဲဘေးမှာ အခန်းဖွဲ့ပြီး သူရိန်တို့ကို နေစေသည်။ မချစ်သော်လည်း အောင့်ခါနမ်းရပေတော့မည်။ နွယ့်ကိုရော အမေကိုပါ ဖွင့်မပြောရဲပေ။

'မိုးစက်ရေ မင်းကို တစ်ခု ပြောထားမယ်၊ ကိုယ့်မှာ ချစ်သူရှိတာ မင်း သိတယ်နော်။ ပြီးတော့ ငါ့မိဘတွေကိုလည်း ထုတ်မပြောရဲဘူး။ ဒါကြောင့် ငါ့ဖုန်းကို မင်း မကိုင်နဲ့၊ ဘယ်သူ့ဆီကလာလာ မင်း ကိုင်စရာ မလိုဘူး'

မိုးစက်ရေက ရုပ်ရှင်မင်းသမီး အိုက်တင်ဖြင့် ဟက်ဟက်ပက်ပက် ရယ်သည်။

'ဘာများလဲလို့ မောင်ရယ်၊ အခေါ်အဝေါ်တွေတောင် ပြောင်းလို့ပါလား။ စိတ်ချ သူ့စည်းကိုယ့်စည်း ထားရမှာပေါ့။ ကလေးမွေးပြီးရင် မောင်နဲ့ထားခဲ့ပြီး မိုး အလုပ်လုပ်မှာလေ။ ခုလို လက်ထပ်ယူလိုက်တာကိုပဲ ဝမ်းသာလှပါပြီ။ မိုး အလုပ်လုပ်မှ မိဘတွေကို ပြန်ထောက်ပံ့နိုင်မှာ။ ဓာတ်ပြန်ရင်တောင် ကလေးတွဲလောင်းနဲ့ မဖြစ်ဘူးလေ၊ ဟင်း ဟင်း'

မိုးစက်ရေ စကားကြောင့် သူရိန် ဗိုက်၌ ပေါက်ကွဲကာ လက်သီးနှင့် ထိုးမည်ကြံပြီး အသိဝင်လာကာ နောက်ဆုတ်လိုက်ရသည်။

'မင်းကွာ…တောက်'

သူရိန် ဒေါသကို မနည်း ချုပ်တည်းလိုက်ရသည်။ ထိုညက တစ်ညလုံး အိပ်မပျော်နိုင်။ မအိပ်လို့လည်း မဖြစ်။ မနက်ဖြန် ကျောက်ရှာထွက်ရဦးမည်။ ရေမဆေးသမားများအဖို့ ကျောက်ရှာရသည်မှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို ဖြစ်နေသည်။ ထမင်းကို လော်ပန် ကျွေးထားသည်ဆိုသော်လည်း နှစ်ယောက် အသုံးစရိတ်က မသေးလှ။ ငွေစုဖို့ ဝေးလာခဲ့ပြီ။ ကိုယ်ဝန်ရှိနေသည်ဆိုသော်လည်း အသောက်အစား မလျှော့သော မိုးစက်ရေအတွက် သူ စိတ်ပျက်မိသည်။ ယခင်က မိုးစက်ရေ ဆေးပြားသုံးသော်လည်း ယခုမူ သူရိန်တို့အဖွဲ့ခေါင်းဆောင် ပြောထားသဖြင့် မသုံးရဲပေ။

ဤဖားကန့်မြေကို ခြေချစဉ်က လော်ပန်လောင်းဟု ကြွေးကြော်ခဲ့ဖူးပါသည်။ ယခုမူ လော်ပန်ဖြစ်ဖို့ဆိုသည်မှာ စိတ်ကူးထဲတွင်သာ ရှိတော့သည်။ စုထားသည့် ငွေကြေးကို သေတ္တာတစ်လုံးထဲ ထည့်ကာ သန်းထွန်းအောင့်ပစ္စည်းအဖြစ် သိမ်းခိုင်းထားရသည်။ အနှောင်အဖွဲ့များနှင့်ဖြစ်၍ သူရိန် အပြည့်အဝ မပျော်နိုင်တော့ဘဲ ဆေးပြား၊ ဘီယာ၊ အရက်ဖြင့်သာ အချိန်ကို ကုစားနေခဲ့ရသည်။ သည်ကြားထဲ နယ်မြေ အခြေအနေက အေးချမ်းလိုက်၊ လှုပ်ရှားလာလိုက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၍ သူရိန်တို့ ကျီးလန့်စာစားရသလို ဖြစ်နေတော့သည်။

ကျောက်ကောင်းတစ်လုံး ရဖို့ကလည်း မသေချာပါ။ လော်ပန်ကို ပြန်သွင်းရသည်က ရေမဆေးအရိုင်းတုံးများသာဖြစ်၍ သူရိန်တို့ ရှာဖွေသည့် ကျောက်သည် အရည်အသွေး ကောင်းမကောင်း ခွဲကြည့်မှသိမည်။

စွန့်စားပြီး တစ်ကိုယ်တော်ရှာသည့် ရေမဆေးသမားတစ်ဦး ကျောက်တစ်လုံး အောင်မြင်ပြီး သူဌေးဖြစ်သွားသည်ဟု ကြားဖူးသည်။ သူရိန်လည်း ထိုဘဝမျိုး ရောက်ချင်ပါသည်။ သို့သော် လမင်းကြီးကို လိုချင်၍ တမ်းတနေသူနှင့် မခြားပါ။

တစ်နေ့ အဖွဲ့ခေါင်းဆောင် ဦးလေးအောင်ကို တိုင်ပင်ကြည့်သည်။

'ဦးလေးအောင် ကျွန်တော်တို့ ရှာသမျှ အရိုင်းတုံးတွေကိုပဲ လော်ပန်ကိုသွင်းနေတော့ အရနည်းတယ်၊ ရလာတဲ့ ကျောက်ကို ဆေးကြော ဖြတ်တောက်ပြီး ရောင်းရင် ကျွန်တော်တို့ ဝေစုများလာနိုင်တယ်။ နည်းတဲ့အခါလည်း နည်းမှာပေါ့။ စမ်းလုပ်ကြည့်မလား'

သူရိန်က အဆိုပြုတော့ အားလုံးက လက်ခံကြသည်။ နောက်ရက် လော်ပန်ကို ပြောပြလိုက်ရာ လော်ပန်ကလည်း သဘောတူပေးသည်။

'ဦးလေးအောင် ကျွန်တော်တို့က ဦးလေးအောင်ကို အားကိုးပြီး နေရတာပါ။ ခုကိစ္စ ပြောတာလည်း ဆရာလုပ်ပြီးပြောတာ

ကိုသူရိန်နဲ့
ကြိုက်ပြီး
ကတည်းက
ဘယ်သူနဲ့မှ
ဂိတ်ဆုံး
ရောက်အောင်
မပတ်သက်ဘူး
မကောင်းတာ
လုပ်စားရပေမဲ့
မိုးမှာ
အချစ်တော့
ရှိတယ်
မိုး
ကိုသူရိန်ကို
မေတ္တာမှန်နဲ့
ချစ်ခဲ့တာ

မဟုတ်ပါဘူးခင်ဗျား၊ ကျွန်တော့်မှာ ငွေအရနည်းပြီး မိုးစက်ရေ မီးဖွားစရိတ်ရှိသလို အမေတို့ကိုလည်း ပေးချင်တယ်။ အဖေတောင် မကျန်းမာလို့ ဆေးရုံတစ်ပတ်လောက် တက်ရတယ်တဲ့။ ဒါကြောင့် ပြောကြည့်တာပါခင်ဗျား'

ဦးလေးအောင် ရယ်ပြီး သူရိန်ခေါင်းကို ပွတ်သပ်ရင်း…

'သူရိန်ရယ်၊ မင်းတို့ လူငယ်တွေက အသက်လေးဆယ်ကျော် ဦးအောင်တို့ထက် ဉာဏ်ပြေးပါတယ်ကွာ။ မင်းပြောသလို လုပ်ကြတာပေါ့။ ပိုရတော့ အမြတ်ပေါ့ကွာ။ ဪ ဒါထက် မင်းမိန်းမကလည်း ကိုယ်ဝန်ကြီးနဲ့ မြို့ထဲ ဆိုင်ကယ်စီးပြီး သွားတာ၊ လာတာ တားပါဦး၊ အန္တရာယ်ဖြစ်နေမယ်'

'ဟုတ်ကဲ့ ဦးလေးအောင်၊ ပြောပေမဲ့ မရဘူးလေ။ လွှတ်ထားလိုက်ပါ ဦးလေးအောင်ရယ်။ ကျွန်တော့်ဘဝဟာ လော်ပန်မဖြစ်ဘဲ ဆွမ်းခံရင် ငှက်ချေးသင့်တဲ့ ဘဝပါဗျာ'

သူရိန်က ပြောရင်း မျက်စိထဲတွင် ဝေ့ဝဲလာသည့် မျက်ရည်များကို အချိန်မီ ထိန်းလိုက်ရသည်။ အဘိုး ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ကြားယောင်မိသည်။

'မြေးရေ၊ အလှူသွားရင် ဟိုလူဆေး၊ ဒီလူဆေးတဲ့ လက်ဆေးခွက်ထဲ လက်မဆေးနဲ့နော်။ ရေပေါ်မှာ ဝေ့နေတဲ့အဆီတွေ သား လက်ကို ကပ်ကုန်မယ်'

အဘိုးသည် အမြော်အမြင်ကြီးစွာ ဆုံးမခဲ့သည်။ ဤစကားများသည် သူရိန်အတွက် မှန်လေပြီ။ မိုးစက်ရေသည် လက်ဆေးခွက် ဖြစ်နေသည်လား။ သို့သော် မဆင်မခြင် အမှားတစ်ခုကြောင့် သူ့ဘဝဟာ လက်ဆေးခွက်ထဲသို့ လက်တင်မက တစ်ကိုယ်လုံး နစ်မြုပ်သွားလေပြီကော။

❑

သူရိန် အကြံပေးလိုက်သည့်အတိုင်း ဦးလေးအောင်၏ ခေါင်းဆောင်မှုဖြင့် ကြိုးစားရသည့် ရလဒ်သည် ယခင်ကထက် ပို၍ အကျိုးရှိကြသည်။ သို့သော် ကျောက်ကောင်းရလျှင် သိုသိုသိပ်သိပ်တော့ နေရပါ၏။ ကျောက်အောင်သည်ဟု ကြားလျှင် ခြိမ်းခြောက်ပြီး လာပြန်သိမ်းတတ်သည်။

လော်ပန်ကလည်း ဈေးပိုဖြတ်ပေးသဖြင့် သူရိန်တို့ ငွေစလေး ရှင်လာသည်။ ရသမျှကိုစုရင်း ညဘက် မြို့ထဲသွား၊ မာဆတ်တွင် အနှိပ်ခံ၊ KTV ဆိုင်သွားပြန်တော့ ငွေက စုမိသင့်သလောက် မစုမိသလို၊ မြို့ထဲက အပြန်တဲရောက်လျှင်လည်း မိုးစက်ရေနှင့် မကြာခဏ စကားများရသည်။

'ရှင် ဘယ်ကောင်မကို သွားပုံ့ပိုးနေတာလဲ၊ မွေးဖွားဖို့လည်း ရှိသေးတယ်'

တွေ့သည်နှင့် ရန်ထောင်စကား ပြောတော့သည်။

'ဟား…ဟား…ဟား…ဘယ်ကောင်မလဲ ဟုတ်လား၊ မင်းလို ကောင်မပေါ့၊ မင်း ကိုယ်ချင်းစာလေ'

နာကြည်းချက် ရှိသည်နှင့် သူရိန် ပြောပစ်သည်။

'ကိုယ်ချင်းမစာနိုင်ဘူး၊ မိုးကတော့ ရှင့်ကိုချစ်လို့'

'တော်စမ်း၊ မင်းအရင်က ငါ့ကို ဒီလိုမပြောခဲ့ဘူး။ ဆေးတိုးထားတယ်ဆို'

'ဟုတ်တယ်။ ဒါပေမဲ့ ရှင့်ကိုချစ်လို့၊ တစ်အိုးတစ်အိမ်ထူထောင်ချင်လို့ တားဆေးမထိုးဘဲ ရှင့်ကို ညာပြောခဲ့တာ သိပြီလား။ ဘာလဲ၊ ရန်ကုန်ကချစ်သူကို တမ်းတနေပြီလား'

'တော်ကွာ ငါ့ချစ်သူက



www.burmeseclassic.com

www.burmeseclassic.com

အဖြူထည်သက်သက်။ ခုချိန်ထိ ငါ့အကြောင်း မသိသေးဘဲ ငါ့ကို မျှော်နေတုန်း’

ကိုယ်ဝန်ဆောင်သည် တစ်ယောက်ကို မပြောသင့်ပေမဲ့ ဒေါသထွက်လွန်း၍ ပြောမိခဲ့ပြီ။

သူရိန့် ဘဝဟာ ပဒိုင်းသီးကို ဝိုက်မိနေပြီကော။

❑

‘မောင်··· မောင် ထပါဦး၊ မိုး ဗိုက်နာနေပြီ’

မူးလည်းမူး၊ မောလည်းမောနေသဖြင့် တစ်ကြိုးတည်း အိပ်ပျော်သွားရာမှ မိုးစက်ရေ နှိုးမှ ကမန်းကတန်း ထ,လိုက်သည်။

‘အာ···မောင် ဦးလေးအောင့် မိန်းမ,ကို ခေါ်ပေးပါ။ မိုး မွေးတော့မယ် ထင်တယ်’

သူရိန် အလျင်အမြန်ထ,ကာ ဦးလေးအောင်ကို နှိုးလိုက်သည်။

‘ဟဲ့ သူရိန်၊ နာရေးကူညီမှုအသင်းကို သွားပြီး ကားအကူအညီ တောင်း၊ မြန်မြန်လုပ်’

သူရိန် ပျာပျာသလဲနှင့် သန်းထွန်းအောင်ကို နှိုးပြီး ကားသွားခေါ်လာခဲ့ ကာ မိုးစက်ရေကို ဖားကန့်ဆေးရုံ ပို့လိုက်သည်။

ဆေးရုံရောက်စဉ် ဆရာဝန်က စမ်းသပ်ပြီး မနက်ဖြန် မွေးမည်ဟု ပြောသည်။ သို့နှင့် ဦးလေးအောင့် အမျိုးသမီး အန့်တီမြ၊ သန်းထွန်းအောင်၊ သူရိန်တို့ စောင့်ကြသည်။ ဦးလေးအောင်က နာရေးကူညီမှု အသင်းကားနှင့် ပြန်လိုက်သွားသည်။ မနက် ငါးနာရီတွင် အနာစိပ်လာသဖြင့် ဆရာဝန်က မွေးခန်းထဲ ခေါ်သွားတော့သည်။ သူရိန်တို့က အပြင်ဘက်မှာ စောင့်နေရသည်။

‘အူဝဲ··· အူဝဲ··· အူဝဲ’

အသံစူးဖြင့် ကလေးအော်သံကြားမှ ငိုက်မျဉ်းရာက သူရိန် ခေါင်းထောင်လာတော့သည်။ စိတ်ထဲတွင် အမျိုးအမည် မသိသော ခံစားမှုမျိုး ခံစားရပါ၏။

‘မိန်းကလေး မွေးပါတယ်ရှင့်’

သူနာပြုဆရာမက ထွက်ပြောသဖြင့် သူရိန် ပိုပြီး စိတ်လှုပ်ရှားသွားသည်။ အပြစ်မဲ့သော သမီးလေးသည် သူရိန်၏ သွေးသားလား၊ အခြားတစ်ဦး၏ သွေးသားလား သူရိန် မခန့်မှန်းနိုင်ပေမဲ့ လက်ရှိ အနေအထားအရ သူရိန် ကလေးအဖေ ဖြစ်ပြီပေါ့။

သည်လိုနှင့် ဆေးရုံမှာ လုပ်စရာရှိသည်များကို လုပ်ပေးခဲ့ပြီး ငွေအချို့ပေးခဲ့ကာ အန့်တီမြနှင့် လွှဲထားပြီး သူရိန်တို့ အလုပ်ဝင်ရသည်။ အဖွဲ့နှင့်အတူ ဝေပုံကျရသည် ဖြစ်၍ ပျက်ကွက်ရန်မဖြစ်။

‘သူရိန်၊ မင်း သမီးလေးက အသားအရေ ဖြူဖွေးနေတာပဲ။ ချစ်စရာကောင်းတယ်ကွ’

ဆိုင်ကယ်နှင့် ပြန်လာရင်း သန်းထွန်းအောင်က ပြောသည်။

‘အေးကွာ၊ အသားအရေက ငါနဲ့လည်း မတူဘူး၊ မသိတော့ပါဘူးကွာ။ ငါ့ကုသိုလ်ပေါ့၊ နွယ်ကိုပဲ အားနာနေမိတယ်။ နွယ်သိရင် ရင်ကျိုးမှာ။ ငါ သစ္စာဖောက် တစ်ယောက် ဖြစ်နေပြီကွာ’

‘စိတ်မကောင်း မဖြစ်ပါနဲ့ သူရိန်ရယ်၊ ကံတရားပေါ့ကွာ။ မင်းကို ငါ ခေါ်လာမိလို့ ငါ့မှာလည်း အပြစ်ရှိပါတယ်။ မင်းမိန်းမကို က စရိုက်ကျပါတယ်ကွာ၊ ငါ တော့ ကြည့်မရဘူး’

သန်းထွန်းအောင့် စကားကြောင့် စိတ်ဆိုးရမည့်အစား သူရိန် ပို၍ ခံစားသွားရတော့သည်။ မော်ထဲရောက်သည်မှာ ၂ နှစ်ကျော်သော်လည်း မိဘထံ ငွေအလုံအလောက် မပို့နိုင်ဘဲ မူးယစ်သောက်စား ဖြုန်းတီးနေပြီး ကလေးတစ်ယောက်သာ အဖတ်တင်သည်။ လော်ပန် ဘဝ ဝေးနေဆဲ။ မိုးစက်ရေ မသိအောင် စုထားသည်များ အနည်းအကျဉ်း ရှိသော်လည်း အိမ်ပြန်မျက်နှာပန်း မလှဖြစ်မှာစိုး၍ ကျစ်ထားရသည်။

သုံးရက်အကြာ ဆေးရုံမှ ဆင်းလာသော မိုးစက်ရေတို့ သားအမိကို အန့်တီမြက စောင့်ရှောက်ပေးသည်။ ကလေးက ဝဝဖြိုးဖြိုး၊ ဖြူဖြူဖွေးဖွေးမို့ အားလုံး ပိုင်းချစ်သဖြင့် ‘ပိုင်းအုံချစ်’ ဟု တွင်သွားတော့သည်။ ခက်သည်က မိုးစက်ရေက နို့မထွက်ဘူးဟု အကြောင်းပြကာ မွေးစကတည်းက မိခင်နို့တစ်လှည့်၊ နို့ဘူးတစ်လှည့် တိုက်နေသည်။ အစစ အရာရာ ဈေးကြီးသော ဖားကန့်တွင် ကလေးစရိတ်က တော်တော်ထိလာသည်။

ခုတလော နယ်မြေမအေးချမ်းသလို ဖြစ်နေသည်။ သေနတ်သံလည်း ကြားသဖြင့် သူရိန်တို့ ကျိုးလန့်စားစား နေရခိုက် မနီးမဝေးမှာရှိသည့် ရေမဆေးသမားတစ်ဦး ဆေးထိုးအပ်တန်းလန်းနှင့် တောစပ်တွင် သေသည့်သတင်း ကြားရသဖြင့် သူရိန် ဆင်ခြင်မှုဟု တွေးမိသည်။ ဆွေးမြည့်ခြောက်သွေ့နေသည့် သစ်ကိုင်းကို နင်းမိနေပြီဖြစ်၍ ကျိုးမကျအောင် လက်တစ်ဖက်နှင့် တွယ်ထားရမှာ မဟုတ်ပါလား။

❑

‘သူရိန် နှင့်သမီး အရမ်းငိုနေလို့ အန့်တီမြ သွားကြည့်တော့ ပုခက်ထဲမှာ ကလေးတစ်ယောက်တည်း။ မင်းမိန်းမလည်း မပြောမဆို မြို့ထဲ သွားပြန်ပြီထင်တယ်’

အလုပ်လုပ်ရသည်မှာ နဖူးကချွေး ခြေမရောက်နေပေမဲ့ နောက်ကြောင်းက မအေးပြန်ပါ။ စိတ်တိုရသည်မှာ လွန်ပါရော။

‘အန့်တီမြ နို့ဘူးဖျော်တိုက်ထားပါဦး၊ ကျွန်တော်တို့ သိမ်းခါနီးပြီ’

အန့်တီမြသည် တိုင်းရင်းသူတစ်ဦးဖြစ်ပြီး သဘောကောင်းသည်။ နာမည်အရင်းရှိသော်လည်း ခေါ်ရခက်၍ ဦးအောင်က ‘မြ’ ဟုခေါ်ရာမှ အားလုံး မြန်မာအမည်ကိုပင် ခေါ်ကြတော့သည်။

ညနေ အလုပ်သိမ်း၊ ရေချိုး၊ ထမင်းစားပြီးသည်အထိ မိုးစက်ရေ ပြန်မလာသေး။ သူရိန် တစ်ယောက်တည်း ကလေးတစ်ဖက်ဖြင့် ဆေး



www.burmeseclassic.com

www.burmeseclassic.com

ချာ စိုင်းနေသည်။ သည်ကြားထဲ အအေးဒဏ်ကြောင့် ကလေးက မကြာခဏ ဆီးသွားနေသဖြင့် အနီးလဲဖို့ ဆွဲခြင်းဖွင့်လိုက်တော့ စာတစ်စောင် ထွက်လာသည်။ စာရွက်ဖြန့်ကြည့်ရာ ရှည်ရှည်ဝေးဝေး ရေးမထားဘဲ စာနှစ်လုံးသာ ရေးသွားသည်။

'ဘိုင့် ဘိုင်…'တဲ့။

'တောက်'

သူရိန် အကျယ်လောင်ဆုံး တောက်ခေါက်လိုက်သည်။

'သူရိန် မိုးမိုးကို ဖုန်းဆက်လေ'

အန်တီမြက ဆိုလာသည်။ သန်းထွန်းအောင်ကလည်း သူရိန်တို့တဲကို ကူးလာသည်။

'မိန်းမယုတ် သွားပြီ၊ တော်ပြီ ဖုန်းလည်း မဆက်တော့ဘူး။ ခုလောက်ဆို စက်ပိတ်ရင်ပိတ်၊ မပိတ်ရင် ဖုန်းကဒ် ပြောင်းလောက်ပြီ'

'ဟ၊ ဒီလိုလုပ်လို့ ရမလား၊ မြို့ထဲသွားရှာမယ်'

သန်းထွန်းအောင်ကလည်းဒေါသထွက်နေသည်။

'ပုန်းနေသူ ရှာလို့ ရမလားကွာ'

'ရှာမယ်ကွာ၊ သူ့အပေါင်းအသင်းတွေဆီသွားမယ်။ အန်တီမြ ကလေးခဏကြည့်ထား'

စိတ်မြန်သူ သန်းထွန်းအောင်က ဆိုင်ကယ်ပေါ်ရောက်ပြီး စက်နှိုးနေပြီမို့ သူရိန် လိုက်သွားရတော့သည်။

လိမ်ညာခြင်း မှသားစကားတွေကြားမှာ မည်သူကမှ သိသည်၊ တွေ့သည် မပြောတာကြောင့် လက်လျှော့ပြီး ပြန်လာခဲ့ရတော့သည်။

'ဘာကြားခဲ့လဲ သူရိန်'

ဦးလေးအောင်က မအိပ်နိုင်ဘဲ ထွက်ကြိုနေသည်။

'ခြေရာပျောက်သွားပြီလေ၊ အစကတည်းက လင်ကောင်ဖော်ချင်တာပဲ၊ မစင်ထဲကလောက်ဟာ နွားနို့မသောက်ပါဘူး ဦးလေးအောင်ရယ်၊ ခုတော့ ကျွန်တော့်ကို ကလေးတစ်ယောက် လက်ဆောင်ပေးသွားပြီ'

'သိပ်လည်း ခံစားမနေပါနဲ့ကွာ၊ ငါတို့မှာလည်း သားသမီးရှိတာ မဟုတ်ဘူး၊ မင်း အန်တီမြ ကြည့်ပေးပါလိမ့်မယ်'

အန်တီမြ ကျေးဇူးကြောင့် ဝိုင်းအုံချစ်လေး ရှစ်လပြည့်လာပြီ။ ရာသီဥတုဒဏ်၊ သဘာဝပတ်ဝန်းကျင်ကပေးသည့် ဖုန်တွေကြားကြီးပြင်းလာသော်လည်း ကျန်းမာရေးကောင်း၍ တော်သေးသည်။ အန်တီမြကဆိုလျှင် အပြီးအပိုင် မွေးစားမည်ဟုဆိုကာ သူနှင့်ပင် ခေါ်သိပ်သဖြင့် အန်တီမြကို ပို၍ ခင်တွယ်နေသည့်အတွက် သူရိန် စိတ်အေးရပေမဲ့ အနှောင်အဖွဲ့ဖြစ်နေ၍ ယခင်ကထက် အရက်၊ ဆေး ပို၍ သုံးစွဲမိသည်။ သူရိန်ဘဝသည် တစ်နေ့ တစ်ပေခန့် သေတွင်းတူးနေပြီလားဟု တွေးမိသည်။

'ကား လာပြီ ဟေ့၊ မြန်မြန်လုပ်ကြ'

မြေစာ လာပုံသည့်ကားလာလျှင် မာရသွန်အပြေးသမားများလို အလုအယက်ပြေးပြီး မြေစာပုံပေါ် ပြေးတက်ကြရသည်။ အရက်ဒဏ်ကြောင့် ကျန်းမာရေးချို့ယွင်းလာသဖြင့် အပေါ်ရောက်ဖို့ အားယူတက်ရသည်။ အပေါ်မရောက်ခင် လမ်းခုလတ်မှာပင် အပေါ်က မြေစာပုံ အရှိန်ဖြင့် ပြိုဆင်းလာသဖြင့် လှည့်ပြေးချိန် မရလိုက်ဘဲ သူရိန် လောကကြီးနှင့် အဆက်ပြတ်သွားတော့သည်။

❑

ရန်ကုန်မှ တစ်ဆင့် မြစ်ကြီးနားသို့ လိုက်လာသော ဒေါ်ခင်လေးမာနှင့် သူရိန့်ချစ်သူ ယဉ်နွယ်ဦးတို့ကို သန်းထွန်းအောင်က ကြိုလာသည်။

'အမယ်လေး သားရေ၊ အဖြစ်ဆိုးလှချည့်လား။ ငါ့သား အလောင်းတောင် အမေ မတွေ့ရသေးပါလား သားရယ်'

ဒေါ်ခင်လေးမာက ငိုလျက် တက်သွားသဖြင့် ဝိုင်းပြုစုရသည်။ သူရိန့်ချစ်သူ ယဉ်နွယ်ဦးကလည်း တက်မတတ် ငိုနေသည်မှာ ကြေကွဲစရာမို့ သန်းထွန်းအောင်ပါ ရောငိုမိသည်။

'ကျွန်တော်တို့အဖွဲ့က ငါးယောက်ပါသွားတယ်၊ အလောင်း နှစ်လောင်းပဲ ရသေးတယ်။ ကျွန်တော် တောင် ကျောက်တုံးတစ်တုံး ထိပြီး လွင့်သွားလို့ မနည်းပြန်ထပြီး ဘေးဘက်ကို ခုန်ချလိုက်လို့ လွတ်တာ။ အရင်မြေစာပုံက ညက မိုးရွာလို့ အိနေရတဲ့အထဲ ထပ်ပုံတော့ပြိုကျသွားတာ။ ပျောက်နေတဲ့ လူတွေကိုတော့ ရှာတုန်းပဲ။ သူရိန်က ပြိုကျတဲ့ အလယ်ရောက်နေလို့ ပါသွားတာ'

'ကဲ…တရားနဲ့ ဖြေကြပါ။ ကိုယ်ရွေးချယ်တဲ့ လမ်းမှာ ဆူးတွေနဲ့ဆိုတော့ စူးမိကြပြီပေါ့ဗျာ'

သူရိန့်တို့နှင့်အတူပါသူ ကျော်မင်းက ပြောရင်း ငိုချလိုက်သည်။ သန်းထွန်းအောင်က အန်တီ့မြ ရင်ခွင်ထဲ ဝိုင်းအုံချစ်လေးကို ချီရင်း…

'အန်တီမာ…ဒါ သူရိန့် သမီးလေး'

'ဘာ'

'ဟင်'

ဒေါ်ခင်လေးမာနှင့် ယဉ်နွယ်ဦးတို့ အာမေဍိတ်သံ ပြိုင်ထွက်လာသည်။ ဦးလေးအောင်နှင့် သန်းထွန်းအောင်က ဖြစ်ကြောင်းကုန်စင် ရှင်းပြတော့ ဒေါ်ခင်လေးမာက ငို၍မဆုံးသလို၊ ယဉ်နွယ်ဦးကလည်း ငိုလိုက်သည်မှာ အူလှိုက်သည်းလှိုက်ပါ။

'ဒီလို မှန်းသိရင် လေယာဉ်စရိတ် အကုန်ခံပြီး မလာပါဘူး၊ အန်တီမာ သူ့အလောင်းပေါ်တဲ့အထိလည်း မစောင့်တော့ဘူး။ သန်းထွန်းအောင် နင် ငါ့ကို မြစ်ကြီးနားလိုက်ဖို့၊ အန်တီမာတော့ နေချင်နေခဲ့ပါ'

'စိတ်လျှော့ပါ ယဉ်နွယ်ဦးရယ်၊ နောက်ဆုံးအနေနဲ့ ငါ့



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းကို ကြည့်သွားပါဦး။ အခုလည်း တာဝန်ရှိသူတွေ၊ နာရေးကူညီသူတွေ ကြိုးစားရှာဖွေနေပြီပဲ'

ထိုအခိုက်…

'သူရိန့်အလောင်း ပေါ်ပြီဟေ့'

တစ်စုံတစ်ယောက် အော်သံကြားသဖြင့် ဦးလေးအောင်နှင့် သန်းထွန်းအောင် ပြေးကြသည်။ ဒေါ်ခင်လေးမာနှင့် ယဉ်နွယ်ဦးတို့လည်း လိုက်သွားကြသည်။

'သားရေ…အဖြစ်ဆိုးလှချည့်လား၊ အမေ မကြည့်ရက်တော့ဘူး။ အီး အင့် အင့်'

'ဒေါ်ခင်လေးမာ သတိထားပါ'

သတိလစ်သွားသည့် ဒေါ်ခင်လေးမာကို ပွေ့ချီပြီး တဲကို ပြန်ခေါ်လာသည်။ ယဉ်နွယ်ဦး မျက်ရည်မကျတော့၊ အံကြိတ်ထားသည်။ မျက်ဝန်းတွင် နာကြည်းသည့် အရိပ်အယောင် အထင်းသား ပေါ်နေသည်။ ၅ ရက်မြောက်မှ မြေစာပုံထဲက ပေါ်လာသော သူရိန်အလောင်းကို အဆောင်အယောင် မပါဘဲ နာရေးကူညီမှုအသင်း၏ ကျေးဇူးဖြင့် သဂြိုဟ်လိုက်သည်။ ယဉ်နွယ်ဦးက ငိုရှိုက်မရဘဲ နောက်ဆုံးအနေနှင့် တောပန်းလေးများ ခူးကာ ရင်ဘတ်ပေါ် တင်ပေးလိုက်သည်။

ထို့နောက် နာရေးကူညီမှုအသင်း၏ ကူညီမှုဖြင့် အကျဉ်းမျှ ရက်လည်ဆွမ်း ကျွေးလိုက်ရတော့သည်။

'မနက်ဖြန် ပြန်မယ် မောင်သန်းထွန်း၊ လေယာဉ် စရိတ်ကြီးလို့ ကားနဲ့ပဲ ပြန်မယ်'

'ဟုတ်ကဲ့ အန်တီမာ၊ ခဏနော်'

သန်းထွန်းအောင်က သူရိန့်သေတ္တာကို သယ်လာပြီး သော့ရိုက် ဖွင့်လိုက်သည်။

'ဒါ…ကျွန်တော့်ဆီမှာ အပ်ထားတဲ့ ပစ္စည်းတွေပါ။ ဒီစာအုပ်က ယဉ်နွယ်ဦးအတွက်၊ ဒီမှာ ကြည့်ပါဦး အန်တီမာ ပိုက်ဆံအိတ်ထဲက ငွေက အန်တီမာအတွက်တဲ့။ ဒီအိတ်ထဲက ငွေက သူနဲ့ ယဉ်နွယ်ဦး လက်ထပ်ဖို့ စုထားတာ။ ကျွန်တော် အားလုံး အပ်ပါတယ်။ ဒိုင်ယာရီကို ဖတ်ကြည့်ပြီး နင် ခွင့်လွှတ်နိုင်မှာပါ ယဉ်နွယ်ဦးရယ်'

'နွယ် တစ်ပြားမှ မယူဘူး၊ အန်တီမာပဲ ယူပါ။ နွယ် ပေးလိုက်တဲ့ဖုန်းပဲ ယူမယ်။ ဒါလည်း ပြန်လိုချင်လို့ မဟုတ်ဘူး။ တစ်ဘဝစာ အတွက် အမှတ်တရပေါ့'

မနက်ဖြန် ပြန်ဖို့ အထုပ်အပိုးပြင်ပြီးချိန် ဒေါ်ခင်လေးမာ ကလေးကို တစ်ချက်ကြည့်ပြီး လှည့်ထွက်လိုက်သည်။

'ကလေးတော့ ပြန်ခေါ်မသွားတော့ဘူးနော်၊ အသည်းမာတယ်လို့ မထင်ပါနဲ့။ သမီးနွယ်လေးကို သစ္စာဖောက်ရာ ကျမှာစိုးတယ်'

'ရပါတယ် ဒေါ်ခင်လေးမာ၊ ကျွန်တော့်မှာ သားသမီး မရှိတော့ အပြီး မွေးစားပါ့မယ်'

'ကောင်းတာပေါ့ရှင်၊ ကဲ အားလုံး သွားလိုက်ပါဦးမယ်နော်။ သားရဲ့ နောက်ဆုံးခရီးကို ကူညီလို့ ကျေးဇူးတင်ပါတယ်'

သန်းထွန်းအောင်က အသင့် ငှားထားသော ကားပေါ် ပစ္စည်းတင်သည်။ ဒေါ်ခင်လေးမာကလည်း ကားပေါ် တက်လိုက်သည်။ ယဉ်နွယ်ဦးက နောက်မှ လေးဖင့်စွာ လိုက်တက်သွားသည်။

နှုတ်ဆက်လက်ပြချိန်မှာ အန်တီမြက ကလေးကို 'တာ့ တာ' လုပ်ခိုင်းသဖြင့် ဝိုင်းအုံချစ်က တာ့တာလုပ်ပြ၊ ဦးတော်လုပ်ပြနေသဖြင့် ဒေါ်ခင်လေးမာ မျက်ရည်သုတ်နေရပြီ။

'ခဏလေး၊ ကား မထွက်ပါနဲ့ဦး'

ယဉ်နွယ်ဦးက ကားပေါ်မှ ပြေးဆင်းကာ အန်တီမြ လက်ထဲက ဝိုင်းအုံချစ်ကလေးကို ချီပိုးလိုက်ပြီး…

'အန်တီ ကလေးပစ္စည်းတွေ မြန်မြန်ထည့်ပေးပါ၊ ကလေးကို ရန်ကုန်ခေါ်သွားမယ်။ ဒါမှ သူရိန့် စိတ်အေးမှာ…ဟီး…ဟီး…ဟီး…'

ယဉ်နွယ်ဦး ကလေးချီရင်း၊ ငိုရင်းနှင့် ကားပေါ် တက်လိုက်သည်။

'ကိုရေ၊ ကို့သမီးကို သူ့အသွားနဲ့အတူ နွယ် စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ် ကိုရေ၊ နေရစ်တော့ ကိုရယ်။ နောင်ဘဝမှ ပြန်ဆုံကြမယ်နော်'

ယဉ်နွယ်ဦး ကလေးကို တင်းကျပ်စွာ ဖက်ထားရင်း သူရိန့်ကို အပြီးအပိုင် နှုတ်ဆက်လိုက်ပါတော့သည်။ ■

နီနီနိုင်၊သထုံ၊

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပုဇွန်တောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

# မြင်ကွန်းမင်းသားကြီး နှင့် ပတ်သက်၍ သုတေသနပြုသူ

## မောင်သန်းဆွေ (ထားဝယ်)



မကြာသေးမီက မန္တလေးမှ ဒေါက်တာ စိုးလင်းဆိုသူက သူ့ထံတွင် ကိန်းဘရစ်တက္ကသိုလ်၏ သမိုင်းဌာနမှ ပညာရှင် ဒေါက်တာ နာတာရှာ (Dr.Natasha L.Pairaudeau) ဆိုသူ ရောက်နေကြောင်း၊ မင်းတုန်းမင်းတရားကြီး၏ သားတော် မြင်ကွန်း မင်းသားကြီးနှင့် ပတ်သက်၍ သုတေသနပြုနေသူ ဖြစ်ကြောင်း၊ ဆရာ့ထံသို့လည်း သွားမည်ဖြစ်၍ ဆရာ့ လိပ်စာကိုပေးပါဟု ဖုန်းဆက်၍ ပြောလာ ပါသည်။ ထို့ကြောင့် စာရေးသူ၏ လိပ်စာကို ပြောပြလိုက်ရသည်။ ဒေါက်တာ စိုးလင်းဆိုသူမှာ (မင်းတုန်းမင်းတရားကြီး သမီးတော် ဟင်္ဂမော်ထိပ်ခေါင်တင်၏မြစ်တော်) ထိပ်တင်နွယ်၏ မြောက်သားတော်(ခင်ပွန်း) ဖြစ်ပါသည်၊ ဒေါက်တာ စိုးလင်းကလည်း သာမန်အမျိုးအနွယ် မဟုတ်ပါ။ သာယာဝတီမင်း၏ ဇနီးမော်မိဖုရား မောင်တော် (မော်လူးမြို့စား မင်းသား တပန်ရာဇာညီ)မှ ဆင်းသက်သူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ စိုးလင်းအပြင် မန္တလေး တက္ကသိုလ်မှ ကိန်းဘရစ် တက္ကသိုလ် ပြန် ပညာရှင်တစ်ယောက်ကလည်း ဒေါက်တာ နာတာရှာ စာရေးသူနှင့် လာတွေ့မည်ဆိုကြောင်း ပြောပါသေး သည်။ ဒေါက်တာ နာတာရှာသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ရန်ကုန် သို့ ပြန်မည်ဖြစ်၍ ထိုနေ့တွင်ပင် လာမည်ထင်ပါသည်ဟု ဆိုသည်။

ထို့မတိုင်မီကလည်း စာကြည့် တိုက်ပညာရှင် ဒေါက်တာ သော်ကောင်း က နိုင်ငံခြားသူတစ်ယောက်ကို လွှတ် လိုက်ဖူးပါသည်။ သူ့အမည်က Penny ဆိုသည်ကိုတော့ မှတ်မိသည်။ ထိုနိုင်ငံ ခြားသူ အမျိုးသမီးကလည်း စာရေးသူ ကို မြင်ကွန်းမင်းသားကြီးအကြောင်းပင် လာမေးသွားသည်။ လာမေးသွားသည် ဆိုရာ၌ သူတို့ကိုယ်တိုင်က လေ့လာပြီး ဖြစ်ပါသည်။ မရှင်းသည်များကို လာ မေးကြခြင်းသာ ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သည့် ဒေါက်တာ နာတာရှာ သည်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။ သူတို့ အဘယ့်ကြောင့် မြင်ကွန်းမင်းသား ကြီးအကြောင်းကို စိတ်ဝင်စားနေကြလေ သည်မသိပါ။ ဒေါက်တာ နာတာရှာ သည် ဗီယက်နမ်ရှိ အနည်းငယ်သော အိန္ဒိယမျိုးနွယ်များအကြောင်းကို လေ့ လာရာမှ မြန်မာများရှိသည်ကိုပါ သိရ သည်။ ထိုမြန်မာများသည် ဗီယက်နမ် သို့ ရောက်လာသော မြင်ကွန်းမင်းသား ကြီး၏ တပည့်တပန်းများမှ ဆင်းသက် သူများဆိုသည်ကို သိရပြီး မြင်ကွန်းမင်း သားကြီးကို စိတ်ဝင်စားလာ၍ သုတေ သနပြုခြင်း ဖြစ်ပါသည်ဟု စာရေးသူ အား ပြောပြပါသည်။

နိုင်ငံခြားမှ ပညာရှင်ဆိုသူတို့သည် တကယ့်ကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာ ထားသူများဖြစ်ကြသည်။ သူတို့မေး လိုက်သည့် မေးခွန်းများက တစ်ခါတစ် ရံ အံ့သြဖွယ်ကောင်းနေပါသည်။ တစ်ခါ က ရန်ကုန်မှ မန္တလေးသို့ ကားနှင့် သွား ခဲ့သည်။ ဂျပန်နိုင်ငံမှ မြန်မာ့ရိုးရာဓလေ့ ကို လာရောက်လေ့လာဆည်းပူးနေသည့်

ဂျပန်ခေတ်က
မိုလ်မိုးကြိုး
ဆိုသူဟာ မြင်ကွန်း
မင်းသားကြီးနဲ့
ဆေးဂုံးမြို့သူက
မွေးတာဆိုတာ
ဟုတ်လား
မဟုတ်ရပါဘူး
အဖြင့်ရင်
ဒီကိစ္စ
ဘာကြောင့်
ပေါ်ပေါက်လာသလဲ

ဂျပန်ပညာရှင်တစ်ယောက်နှင့် ဖြစ်၏ (ဆရာကြီး ဦးမောင်မောင်တင်၊ မဟာ ဝိဇ္ဇာက ထည့်လိုက်သူ ဖြစ်သည်။)။ သူက သူတိုင်းပြည် တက္ကသိုလ်တစ်ခုမှ ကထိကဖြစ်သည်။ မြန်မာစကားကို လည်း ကောင်းစွာပြောတတ်ပြီး မြန်မာ စာလည်း တတ်ပါသည်။ ရန်ကုန်မှ ထွက်ခဲ့၍ ပဲခူး လွန်သည့်အခါ ကား ဖြတ်သွားသည့်လမ်းဘေး ဝဲယာ မြို့ များရှိ မြို့ဦးရွာထိပ်သစ်ပင်ကြီးများတွင် နတ်ကွန်းလေးများနှင့် မြင်းရုပ်အဖြူ လေးများ တွဲချိတ်ထားသည်ကို မြင်ရ သောအခါ-

'ဒီမြင်းရုပ်လေးတွေဟာ မြင်းဖြူ ရှင်နတ်ကို ကိုယ်စားပြုပြီး ချိတ်ထား တာလား'ဟု မေးပါသည်။ စာရေးသူ က-

'ဟုတ်ပါတယ်'ဟု ဖြေလိုက်သော အခါ-

'ဘာဖြစ်လို့ မြို့ရွာအဝင်တိုင်းမှာ တွေ့ရတာပါလဲ'ဟု ပြန်မေးသည်။

'မြန်မာ့ရိုးရာဓလေ့က မြင်းဖြူရှင် နတ်ကို မြို့စောင့်၊ ရွာစောင့်နတ်အဖြစ် နဲ့ လက်ခံယုံကြည်ကြလို့ပါ'

ဟု ဖြေလိုက်ရပါသည်။ ထိုအခါ-

'မြင်းဖြူရှင်နတ်က လေးပါးရှိ တော့ ဘယ်မြင်းဖြူရှင်နတ်ကို မြို့ရွာ စောင့်နတ်အဖြစ်နဲ့ လက်ခံပါသလဲ'ဟု ပြန်မေးပါသည်။

'ဗုဒ္ဓေါ'

ဟူ၍သာ စာရေးသူက ဘုရားတ, လိုက်မိသည့် အာမေဋိတ်သံသည် နှုတ်မှ ထွက်မလာပါ။ မြန်မာ့ရိုးရာဓလေ့ကို ဤမျှနှိုက်နှိုက်ချွတ်ချွတ်လေ့လာထား၍ အံ့သြရပါသည်။ စာရေးသူက မြင်းဖြူ ရှင်လေးပါးအကြောင်းကို ရှင်းပြလိုက်ရ သည်။ ရှင်းပြနိုင်၍တော်ပါသေးသည်။ ဤအကြောင်းကို ဖော်ပြရခြင်းမှာ ယခု စာရေးသူနှင့် လာတွေ့ကြသည့် နိုင်ငံ ခြားသူ ပညာရှင်များသည်လည်း ဖော်ပြ ပါ ဂျပန်ကထိကကဲ့သို့ပင် ဖြစ်၍ ဖြစ်ပါ သည်။

စာရေးသူ ရေးခဲ့သည့် **ကုန်း ဘောင်အလွန်**(ဒုတိယအုပ်)တွင် မြင်ကွန်း မင်းသားကြီးနှင့် ပတ်သက်၍ အခန်း ၅ ခန်းရေးခဲ့သည်။ အခြားစာအုပ်များ တွင်လည်း မြင်ကွန်းမင်းသားကြီးနှင့် ပတ်သက်၍ ဆောင်းပါး ၃ ပုဒ်ခန့် ရေး ဖူးပါသည်။ စာရေးသူသည် မြင်ကွန်း မင်းသားကြီး၏ သမီးတော်တစ်ပါးဖြစ် သော မြင်ကွန်းထိပ်ခေါင်တင်မလေး (Princess Renee)ဆိုသူ၏ သားသမီးများ နှင့် ရန်ကုန်မြို့မှ မက်သဒစ်အင်္ဂလိပ် အထက်တန်းကျောင်းတွင် ကျောင်းနေ ဖက်ဖြစ်ခဲ့သည်။ ထို့ကြောင့် မြင်ကွန်း ထိပ်ခေါင်တင်မလေးနှင့်လည်း တွေ့ဖူး စကားပြောဖူးပါသည်။ ဆေးဂုံးတွင် နေ ဖူးသော(မြင်ကွန်းမင်းသားကြီး၏ သား တော်အငယ်ဆုံး ထိပ်တင်ကလေး၏ သမီးတော် မြင်ကွန်းထိပ်တင်မလတ်) ကိုလည်း မော်ဘီတွင် ဖူးဖူးသည်။ ထို့ကြောင့် မြင်ကွန်းမင်းသားကြီးနှင့် ပတ်သက်၍ ရေးနိုင်ခဲ့ခြင်း ဖြစ်၏။ သို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပင် စာရေးသူအား မြင်ကွန်းမင်းသားကြီးနှင့်ပတ်သက်၍ လာရောက်မေးမြန်းနေကြသည်ဟု ထင်ပါသည်။

၂၇.၂.၂၀၁၇ နေ့ နေ့လယ် ၂ နာရီတွင် ဒေါက်တာ နာတာရှာသည် စာရေးသူ၏ အိမ်သို့ မလာဘဲ၊ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့သမိုင်းအဖွဲ့ရုံးခန်းသို့ လာတွေ့ပါသည်။ သူ့ကို အကဲခတ်ရသည်မှာ မြင်ကွန်းမင်းသားကြီးနှင့်ပတ်သက်၍ အတော်ပင် သုတေသနပြုထားပြီး ဖြစ်သည်ကို တွေ့ရသည်။ မြင်ကွန်းမင်းသားကြီးနှင့်ပတ်သက်သည့် စာအုပ်များလည်း အတော်ပင် ဖတ်ရှုထားပုံရသည်။ သူ့အပြောအရ SU DHA SHAH ရေးသည့် **The King in Exile (The Fall of the Royal Family of Burma)** စာအုပ်ကိုလည်း ဖတ်ထားပြီးဖြစ်သည်။

ဒေါက်တာ နာတာရှာက လူတိုင်းမသိသည့် မြန်မာနိုင်ငံမှ မြင်ကွန်းမင်းသားကြီး၏ သားတော်တစ်ပါးဖြစ်သော ထိပ်တင်သန်း(ဦးဂုန်မာန်)အကြောင်းလည်း သိပြီးဖြစ်သည်။ ဆေးဂုံးမှ မြင်ကွန်းမင်းသားကြီး၏ သမီးတော်ဆိုသော ဒေါ်ဖြူအကြောင်းလည်း သိတန်သရွေ့ သိထားပြီးဖြစ်သည်။ သူမေးသည့် မေးခွန်းများအနက် စာရေးသူ အံ့သြသွားရသည့် မေးခွန်းတစ်ခုမှာ ဂျပန်ခေတ်က ဗိုလ်မိုးကြိုးဟုခေါ်သည့် ကာနယ်စုစုကီးနှင့် ပတ်သက်သည့်အကြောင်း ဖြစ်ပါသည်။

'ဂျပန်ခေတ်က ဗိုလ်မိုးကြိုးဆိုသူဟာ မြင်ကွန်းမင်းသားကြီးနဲ့ ဆေးဂုံးမြို့သူက မွေးတာဆိုတာ ဟုတ်လား'

'မဟုတ်ရပါဘူး'

'ဒါဖြင့်ရင် ဒီကိစ္စ ဘာကြောင့် ပေါ်ပေါက်လာသလဲ'

'ကျွန်တော် ရှင်းပြပြောပြပါ့မယ်'

ဟုဆိုပြီး ထိုအကြောင်းကို အသေးစိတ် ရှင်းပြပြောပြလိုက်ရပါသည်။

ဂျပန်များ မြန်မာနိုင်ငံသို့ရောက်လာခြင်းမှာ ဘုရင့်ဝါဒကို အသုံးပြုခဲ့၍ ဖြစ်ကြောင်း ထိုခေတ်က လူတိုင်းသိကြပါသည်။ အင်္ဂလိပ်ခေတ်တွင် ပိတ်ပင်ခြင်း ခံခဲ့ရသော စကြာသိုက်သီချင်းအရ ထီးရိုး(အင်္ဂလိပ်)ကို မိုးကြိုး(မြန်မာ မင်းသား)ပစ်မည်ဟူသော တဘောင်ကိန်းခန်းအတိုင်း ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဦးစီးခေါင်းဆောင်ခဲ့သူ ဂျပန်ကာနယ် စုစုကီးကို ဗိုလ်မိုးကြိုးဟု နာမည်ပေးခဲ့ခြင်းက ထင်ရှားနေပါသည်။ ဗိုလ်မိုးကြိုးကို မြင်ကွန်းမင်းသားကြီးနှင့် ဆေးဂုံးမြို့သူမှ မွေးခြင်း (ဝါ) မင်းသားနှင့် သာမန်အမျိုးသမီးမှ မွေးခြင်းကြောင့် မင်းသားအစစ်မဟုတ်ဘဲ ရွှေနှင့်ကြေးရောလျှင် မိုးကြိုးဖြစ်သည့် အဓိပ္ပာယ်နှင့် နာမည်ပေးခြင်းဟု မြန်မာတို့အား လှည့်စားခဲ့သည်။ ကာနယ်စုစုကီးကို မြန်မာအဝတ်အစား ဆင်စေခြင်းဖြင့် မင်းလောင်းသဏ္ဌာန် ဖန်တီးခဲ့သည်။ သို့သော် မြန်မာတို့ကို လှည့်စား၍မရပါ။ ထို့ကြောင့် ဂျပန်တို့သည် မြန်မာတို့ စွဲလမ်းယုံကြည်အားထားမှုဖြင့် ပြင်းပြတော့တ,နေသော မင်းလောင်းလိုက်ရှာရာ အရှေ့အာရှတိုက် လူငယ်အစည်းအရုံး၌ သီပေါမင်း၏ မြေး(စတုတ္ထသမီးတော်မှ မွေးသည့်သားတော်)တော် ဘုရားကြီးဆိုသူကို တွေ့သွားလေသည်။ တော်ဘုရားကြီးက ဘုရင် မလုပ်လိုကြောင်း ငြင်းပါသော်လည်း ထိုခေတ်က စေပိုင်၊ ခားပိုင်နေသော ဂျပန် ကင်ပေတိုင်ကို မလွန်ဆန်နိုင်ဘဲ ဘုရင်လောင်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရတော့သည်။

'တော်ဘုရားကြီးအကြောင်းကို ဒီထက်ပိုသိပါရစေ'

ဒေါက်တာ နာတာရှာက ပြောသဖြင့် တော်ဘုရားကြီးနှင့် ထိုစဉ်က ဖြစ်ပျက်နေသော အခြေအနေကို ပို၍ရှင်းရန် ဂျပန်ခေတ်မှ ဂျပန်အစိုးရက အမိပတိခန့်ခဲ့သော ဒေါက်တာ ဗမော် ရေးသားခဲ့သည့် ၁၉၃၉ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း တော်လှန်ရေးသတိရမှုများ အကြောင်း **ဘရိတ်ထရူးအင်ဗားမာ (BREAK THROUGH IN BURMA)** အမည်ရှိ အင်္ဂလိပ်လို ရေးသားထားသော စာအုပ်စာမျက်နှာ (၃၆၀/၃၆၁)မှ ရေးသားချက်များကို သူ့အား ဖတ်စေလိုက်သည်။ ထိုရေးသားချက်တွင်-

*'ဂျပန်များသည် ၎င်းတို့၏ အလိုဆန္ဒအတိုင်း မဖြစ်လာသောအခါ ကျွန်ုပ်တို့အပေါ် သံသယစိတ်ဝင်လာကြသည်။ ၎င်းတို့ မြန်မာများအပေါ် သဘောမပေါက်သည်မှာ သူတို့ပေးထားသည့် ရွှေရည်စိမ် လွတ်လပ်ရေးသည် ရန်သူဗြိတိသျှတို့၏ ခြိမ်းခြောက်ခြင်းကို ခံနေရသည်ဆိုသည့် အချက်ပင် ဖြစ်၏။ ဂျပန်အစိုးရသည် မြန်မာများကို သူတို့အမိန့်ကို နာခံရမည့် သူများသာဖြစ်သည်ဟု အထင်ရှိနေသည်။ မြန်မာများဘက်မှလည်း ဂျပန်ထံမှရရှိခဲ့သော လွတ်လပ်ရေးသည် အတုအယောင်ကြီးဖြစ်နေသည်ကို သဘောပေါက်လာသည်။ လွတ်လပ်ရေးအစစ်ရရှိရန် အင်္ဂလိပ်ကို တိုက်ထုတ်မှဖြစ်မည်ဟူသည့် အချက်ကို နားလည်၏။ ဤကဲ့သို့ အခြေအနေမျိုးတွင် ဂျပန်ခေတ် မြန်မာအစိုးရအပေါ် မကျေနပ်မှုနှင့် သံသယဖြစ်ပေါ်နေသော ဂျပန်တို့သည် ကျွန်ုပ်ကို အဓိကပစ်မှတ်အဖြစ် သတ်မှတ်လေတော့သည်။ ဂျပန်တပ်မတော်အတွင်း လျှို့ဝှက်အဖွဲ့တစ်ရပ် ဖွဲ့ထားသည်။ ခေါင်းဆောင်များမှာ ဂျင်နရယ်ကာဝါဘီ၊ ဂျင်နရယ်အီစူမီရာနှင့် အိုဇီကီတို့ ဖြစ်၏။ သူတို့က မြန်မာပြည်လက်ငင်း အခြေအနေကို ပြောင်းပစ်ရန် ကျွန်ုပ်အား ဖယ်ရှားဖို့ ဆုံးဖြတ်ကြသည်။ ပထမတွင် ကျွန်ုပ်နေရာ၌ အစားထိုးရန် အိုဇီကီသည် ဦးနုအား လျှို့ဝှက်စွာ ချဉ်းကပ်သည်။ ဦးနုက ဂျပန်တို့၏ အကြံကိုသိ၍ လက်မခံဘဲ ကျွန်ုပ်အား အသိပေးသည်။ ကျွန်ုပ်ကို လုပ်ကြံရန် ဂျပန်တို့ ကြံစည်လေတော့သည်။ လုပ်ကြံပြီး ကျွန်ုပ်၏ အစိုးရတစ်ရပ်လုံးကို*

www.burmeseclassic.com

ပြောင်းလဲပစ်ရန် ဖြစ်သည်။ ကျွန်ုပ်အား ဗမာ့တပ်မတော်ကလုပ်ကြံရမည်။ ဤသို့ဖြင့် 'အောင်ဆန်း'သည် ဂျပန်တို့၏လုပ်ဆောင်မှုတွင် အလိုတူအလိုပါဟု သဘောသက်ရောက်ပါမည်။ ကျွန်ုပ်ကို လုပ်ကြံပြီးသည်နှင့် နောက်တစ်နေ့တွင် ရွှေတိဂုံဘုရား၌ လူထုအစည်းအဝေးကြီး ခေါ်ကာ တိုင်းပြည်တွင် ဘုရင်စနစ် ပြန်လည်ထူထောင်ရန် အဆိုတင်သွင်းမည်။ မြန်မာတို့၏နောက်ဆုံးဘုရင် သီပေါမင်း၏မြေးတော် အကြီးဆုံး တော်ဘုရားကြီးကို မြန်မာပြည်၏ ဘုရင်သစ်အဖြစ် ကြေညာမည်။ အစိုးရသစ်ဖွဲ့စည်းမည်။ ဂျပန်တပ်မတော်နှင့် ဆက်ဆံရေးအသစ်ထူထောင်၍ အရှေ့တောင်အာရှတွင် 'မန်ချူကို' အသစ်တစ်ခု ဖန်တီးခြင်းဖြင့် စံနမူနာ ဖြစ်စေမည် စသည် ဟူ၏။ တော်ဘုရားကြီးသည် အသက် ငယ်ရွယ်နုနယ်၍ နိုင်ငံရေးအတွေ့အကြုံ မရှိသေးပါ။ ရည်ရွယ်ချက်၊ ရည်မှန်းချက် ကြီးကြီးမားမား မရှိသူသာ ဖြစ်သည်။ သို့ဖြင့် တော်ဘုရားကြီးသည် ဂျပန်စစ်အာဏာရှင်တို့ လိုလားသည့် ပုံစံဝင် အုပ်ချုပ်သူသာ ဖြစ်လာပေလိမ့်မည်။ တော်ဘုရားကြီးသည် ဂျပန်စစ်အာဏာရှင်တို့၏ ၎င်းအပေါ် အကွက်ချစီစဉ်နေမှုကို ရိုးသားစွာ မသိသည့်အပြင် ကိုယ်တိုင်ကလည်း ဘုရင်လုပ်ရန် ဆန္ဒမရှိပါ။ တိုက်ဆိုင်နေသည်မှာ သူ၏ဇနီးသည် ကျွန်ုပ်တူမ ဖြစ်နေသည့်အပြင် တော်ဘုရားကြီးကိုယ်တိုင်ကလည်း ကျွန်ုပ်အပေါ် တွယ်တာနေသော လူငယ်တစ်ယောက်သာ ဖြစ်ပါသည်။'

ဟူ၍ ပါ၏။ တော်ဘုရားကြီး ဇနီး ဒေါ်ခင်ကြည်၏ဖခင် စက်ရှင်မင်းကြီး ဦးသိန်းမောင်မှာ ဒေါက်တာ ဗမော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်သည်။

စာရေးသူသည် ဒေါက်တာ နာတာရှာကို အထက်ပါအတိုင်း အသေးစိတ် ရှင်းပြ ပြောပြလိုက်ရပါသည်။ ထို့အပြင် စာရေးသူ ဂျပန်နိုင်ငံ ကျိုတိုမြို့ တက္ကသိုလ်၌ သွားရောက်ဖတ်ကြားခဲ့သော **Restoration of the Monarchy during the Japanese occupation** အင်္ဂလိပ်လို ရေးထားသည့် စာတမ်းကိုလည်း ပေးလိုက်ပါသည်။ သူ့အနေနှင့် ဂျပန်များ မြန်မာနိုင်ငံသို့ အုပ်စိုးစဉ်ကာလက အခြေအနေကို ကောင်းစွာ သဘောပေါက်သွားပေလိမ့်မည်။

ဒေါက်တာ နာတာရှာသည် ၃.၃.၂၀၁၇ နေ့က ပြန်သွားပါသည်။ ဗီယက်နမ်သို့ သွားမည်ဟု ထင်ပါသည်။ ဆေးဂုံးမြို့၌ ကွန်မြူနစ်များ လက်ထက်က ဖျက်ဆီးလိုက်၍ မြင်ကွန်းမင်းသားကြီး တပည့်တပန်း အဆက်အနွယ်များ ပြန်လည် ပြုပြင်တည်ဆောက်ထားသည့် ငွေဒေါင်းရုပ်ကြီးဖြင့် အုပ်မိုးထားသော မြင်ကွန်းမင်းသားကြီး သင်္ချိုင်းတော်ကိုလည်း သွားရောက်ကြည့်ရှုရန် ညွှန်လိုက်ပါသည်။ ■

မောင်သန်းဆွေ၊ထားဝယ်၊






www.burmeseclassic.com

www.burmeseclassic.com

# ရှုမိသည်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၂၉၊ မေ ၂၀၁၇

ဒီလမှာတော့ အတန်သင့် အဆင်ပြေတဲ့ စာမူတော်တော်များများ ဖတ်ရပါတယ်။ ဒါပေမဲ့ ဒီအချိန်ထိ အကြောင်းအရာ ရွေးချယ်မှုအပိုင်းမှာ စာပေစီစစ်ရေးခေတ်က ရွေးချယ်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ သိပ်မကွာခြားလှသေးတာကို တွေ့ရပါတယ်။ ခေတ်ပြိုင်ခံစားမှု အားနည်းနေဆဲလို့ ဆိုရမယ့် အနေအထားပါ။

၁။ *အလွမ်းနှင်းစက် မိုးရေစက်နဲ့ ဆွေးရက်လေးများ ကုန်ပါစေ*

၂။ *ရွက်ပုန်းပန်းတို့ လန်းပွင့်ချိန်*
ဘိုဘိုသန့်ဇင်(မြိုင်)
အရေးအသားပြေပြစ်ပေမဲ့ ဝတ္ထုကောင်းတွေရဲ့ အဖွင့်မျိုး မတွေ့ရပါဘူး။ တင်ဆက်ပုံနဲ့ ဆွဲဆောင်မှုအားနည်းနေဆဲလည်း ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၃။ *အမေ*
ထက်ထက်
တည့်နှိုးသန့်တဲ့ စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။ ဝတ္ထုတိုဆိုတာ ဘယ်လို စာမျိုးဖြစ်ကြောင်း အရင်လေ့လာစေချင်ပါတယ်။

၄။ *အတ္တမြို့ရိုးပေါ်က ကျွန်တော်*
ကြယ်မင်းတိမ်ယံ
အတွေးကို ပုံဖော်ထားတဲ့ စာမူတစ်ပုဒ်ပါ။ အားထုတ်မှုရှိပေမဲ့ ပြောချင်တာ မရှင်းသလို ဆွဲဆောင်မှုအားနည်းသွားလို့ အဆင်မပြေဖြစ်ရပါတယ်။

၅။ *မချွေးလေးပုံပြင်*

၆။ *ဝင်လေသီ၊ ထွက်လေသီ*
ခင်ကြီးခင်ခင်(မြန်မာစာ)
စကားပြေ၊ စကားပြောတွေရောပြီး အရေးအသားအားနည်းချက်များလှတဲ့ စာမူတွေပါ။ ဇာတ်ကြောင်းပြောဖို့ကြိုးစားထားပြီး ဇာတ်အခင်းအကျင်း၊ အဖွဲ့အနွဲ့အားနည်းလှပါတယ်။

၇။ *ရက်ချိန်း*
စာကလေး(မော်ကျွန်း)
အရေးအသား သင့်ပါတယ်။ အခုနောက်ပိုင်း ရေးနေကျ ဇာတ်အကွက်အကွင်းကို သုံးပြီး ရေးဖွဲ့ထားတာဖြစ်ကာ ဆွဲဆောင်မှုအားနည်းသွားပါတယ်။

၈။ *ကျွန်တော့်အသာဏ်ဟိုအမြိုး*
မောင်နှင်းလူ
စာမျက်နှာနှစ်ဖက်စလုံး ရေးသားထားတာ တွေ့ရပါတယ်။ နောင်ကို ရှောင်စေချင်ပါတယ်။ ရိုးစင်းတဲ့အကြောင်းအရာကို ရိုးစင်းတဲ့တင်ပြပုံနဲ့ ရေးသားထားတာပဲ ဖြစ်ပါတယ်။

၉။ *မြင်းမိုရ်တောင်ရိပ် နဲ့*
ဆွန်း(စက်မှုတက္ကသိုလ်)
မိခင်နေရာက ခံစားချက်ကို ရေးဖွဲ့ထားတာဖြစ်ပြီး တင်ပြပုံ ဆွဲဆောင်မှုအားနည်းနေပါတယ်။

၁၀။ *ဘယ်သူသိတာမှတ်လို့*

၁၁။ *အရှည်ရှည် အပက်ရောစုံလို့*
ဇင်မာနွယ်(မန္တလေး)
စာမူနှစ်ပုဒ်စလုံးမှာ အဖြစ်အပျက်ကို တိုတိုတုတ်တုတ် ရေးဖွဲ့ထားပြီး အကြောင်းအရာအရ ရိုးစင်းနေပါတယ်။

၁၂။ *ပန်းပွင့်ဖတ်စာ*
လုလင်လကျာ
အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာအရ သာမန်အတွေ့အကြုံတစ်ခုကို ပုံဖော်ထားတာ ဖြစ်နေပါတယ်။

၁၃။ *ဆရာရယ်… လူရှင်းတွေပဲ*
ကိုလေးကဲ(ကျွဲ)
ပြောချင်တာရှိပေမဲ့ အရေးအသားအားနည်းချက်ကြောင့် မပီပြင်ခဲ့ပါဘူး။ ဆွဲဆောင်မှုအားနည်းသွားပါတယ်။

၁၄။ *အရေးကြီးသည်*
ကျောက်စက်ရဲမှန်
အရေးအသားသင့်ပါတယ်။ ကလေးတစ်ယောက်ရဲ့နေရာက ခံစားရေးဖွဲ့ထားတာဖြစ်ပေမဲ့ အတွေးနဲ့အရေးက ကလေးစိတ်သဘာဝနဲ့ မကိုက်ညီဘဲ စာရေးသူရဲ့လေက ဇာတ်ကောင် ကလေးဆီကို စီမ့်ဝင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၅။ *ငြိုးမောင်းဖွဲ့ မိုး*

မိုးမြင့်သူစ(အမှိုက်လေး)

ခပ်ရိုးရိုး အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၆။ *အ,ကာလအလွမ်း*

ညီစောရန်နောင်

ပညာပေးနိဂုံးချုပ်နဲ့ ရေးဖွဲ့ထားတဲ့ဇာတ်မူ့တစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၇။ *မျှဝေခြင်း အနုပညာ*

နိုင်လေး(ရွှေတောင်)

ဇာတ်မူက တိုတိုကျစ်ကျစ်နဲ့ ပြောချင်တာကို ပြောနိုင်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာနဲ့ အဖွဲ့အနွဲ့ အတန်ငယ်ရိုးစင်းနေပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်တဲ့ဇာတ်မူတွေကတော့-

ခင်ပန်းနုဝင်း(မိုးမိတ်) ရဲ့ *မွေးမေကျေးဇူးဆပ်ဖူးချင်တယ်၊* ထွန်းဝင်းလတ် ရဲ့ *မိုက်ခဲကြီးများ၊* မိုးသက်ဆွေ ရဲ့ *အမှောင်နံရံ၊* မောင်ညွန့်မာ ရဲ့ *ပိုးဝါးမငိ ဘယ်သို့ရှိအံ့၊* နေသန့် ရဲ့ *ဆီလောင်း ဦးခေါင်းမင်း၊* နွေမိုးဝေ ရဲ့ *ဇလာစာရွက်အမှန်းလေး၊* လင်းသန့်ဇင်(ပဲခူး) ရဲ့ *ဝင့်ရဲ့ ပုံတင်သံ၊* ကိတ်မုန့် ရဲ့ *ယုန်ခြောက်* နဲ့ *ဆုံဆည်းရန်လေး ဖြည့်ပေးပါ* တို့ ဖြစ်ပါတယ်။

❑

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပြပေးထားတဲ့အထဲက ဆရာမ ခင်ပန်းနုဝင်း(မိုးမိတ်)ရဲ့ 'မွေးမေကျေးဇူးဆပ်ဖူးချင်တယ်' ဝတ္ထုက ထူးခြားမှုမရှိပါ။ သားအကြီးဆုံးဖြစ်ပြီး မိသားစုအပေါ် သိတတ်ခြင်းမရှိ၊ အရက်မူးတဲ့အခါကျမှ မွေးမေကျေးဇူး ဆပ်ဖူးချင်တယ် ဆိုပြီး သီချင်းဆိုတဲ့လူတစ်ယောက်အကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာ ထွန်းဝင်းလတ်ရဲ့ 'မိုက်ခဲကြီးများ' ဝတ္ထုက မိုက်ခရိုဖုန်းကို မလွှတ်တမ်း သုံးကြတဲ့ တောက လူတွေအကြောင်း ရေးထားတဲ့ဝတ္ထု ဖြစ်ပါတယ်။ ရိုးစင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာ နေသန့်ရဲ့ 'ဆီလောင်း ဦးခေါင်းမင်း' ဝတ္ထုက သင်္ဘောပေါ်မှ ဆီလောင်းအရာရှိတစ်ယောက်အကြောင်း ရေးဖွဲ့ထားပါတယ်။ ကျွန်တော် ဆရာကို အကြိမ်ကြိမ် သတိပေးထားပါတယ်။ နေသန့် ဆိုတဲ့ ရွှေအသစ်က ၂၀၁၆ ခုနှစ်မှာ ရွှေအမြုတေစာပေဆုရ ကလောင်တစ်ချောင်း ဖြစ်ခဲ့ပါပြီ။ ဒါကြောင့် ဆင်တူယိုးမှားဖြစ်တဲ့ နေသန့်ကို သုံးပါမှလို့ မေတ္တာရပ်ခံခဲ့ပါတယ်။ နောက်ထပ် ပို့ရင် နေသန့်ဆိုတာ သုံးစေချင်ပါ။*

*ဆရာ နွေမိုးဝေရဲ့ 'ဇလာစာရွက်အမှန်းလေး' ဝတ္ထုက လျှို့ဝှက်မှုများစွာနဲ့ ရေးဖွဲ့ထားပါတယ်။ ဒီလိုဝတ္ထုပုံစံက လျှို့ဝှက်ရတာမှန်ပေမဲ့ တချို့တစ်ဝက်တော့ စာဖတ်သူအတွက် ရိပ်ဖမ်းသိဖမ်း သတိထားမိရင် အတွေးပွားနိုင်မှ တချို့ အချက်အလက်တွေကို ဖော်ပြပေးရပါတယ်။ နောက်ဆုံးကျမှ တစ်ကြောင်းတည်းနဲ့ ဖော်ပြလို့ မရပါဘူး။ ဆရာရေးတဲ့ ဝတ္ထုအပိုက်မျိုးကလည်း ရွှေအမြုတေမှာ နှစ်ကြိမ်လောက် ဖော်ပြပြီးဖြစ်ပါတယ်။ ဆက်ပြီးကြိုးစားစေချင်ပါတယ်။*

*ရွှေအမြုတေရဲ့ ရွှေအသစ်ကဏ္ဍမှာ တစ်ကြိမ် ဖော်ပြခံရဖူးတဲ့ ဆရာ လင်းသန့်ဇင်(ပဲခူး)ရဲ့ 'ဝင့်ရဲ့ ပုံတင်သံ' ကို ဖတ်ရပါတယ်။ ရေကြီးတဲ့ ဒေသအကြောင်း ရေးဖွဲ့ထားတာဖြစ်ပြီး အားရစရာမရှိပါ။ ဒါကြောင့် ချန်ထားခဲ့ပါတယ်။*

*ဆရာ ကိတ်မုန့်က 'ယုန်ခြောက်' ဝတ္ထုကို နှစ်ကြိမ်ပို့ထားပါတယ်။ မေဖော်ဝါရီလထုတ်မှာ ဖော်ပြပေးပြီး ဖြစ်ပါတယ်။ ဆရာက ရွှေအသစ်ကဏ္ဍမှာ နှစ်ကြိမ် ဖော်ပြခံရပြီးဖြစ်လို့ အခုပို့ထားတဲ့ 'ဆုံဆည်းရန်လေးဖြည့်ပေးပါ' ကို ရွှေဝတ္ထုကဏ္ဍအတွက် ရွှေ့ပြောင်းပေးထားပါတယ်။*

*ဒါကြောင့်မို့ ဒီလမှာ ဆရာ မိုးသက်ဆွေရဲ့ 'အမှောင်နံရံ' နဲ့ ဆရာ မောင်ညွန့်မာရဲ့ 'ပိုးဝါးမငိ ဘယ်သို့ရှိအံ့' တို့ကို ရွှေအသစ်များအဖြစ် ဖော်ပြပေးထားပါတယ်။*

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဦးဘန်းက အားကို ခက်နိုးလိုက်သည်။ သူတို့ချီတက်ကြသည်။

ရန်ကုန်သေးသည်။ အရေးတော်ပုံကြီး မဖြစ်ခင် အတန်ငယ် ကြာခဲ့ပြီ။ ထိုစဉ်က သာယာဝပြော သော ဆိုရှယ်လစ် လူ့ဘောင်သစ်ကြီးဆီသို့ မရောက်ရောက်အောင် မြန်မာ့နည်း မြန်မာ့ဟန် ဖြင့် ချီတက်နေရာမှ နိုင်ငံရေးအခေါက် အဆုံ က အက်ကြောင်းတွေ ထ,လာ၊ စီးပွားရေး အခေါက် အဆုံက ဖုန်းဖုန်းကျပြီလဲ၊ လူမှုရေး အဝန်းအဝိုင်းမှာလည်း ဖောက်ထိုးမိုးမျှော် ဖရို ဖရဲဖြစ်။ ထိုသို့သော အခြေအနေများနှင့် ရင်ဆိုင်တွေ့နေရ သောအချိန်။ သာယာဝပြော သော လူ့ဘောင်သစ်ဆီသို့ မရောက်နိုင်တော့ သော်လည်း မရောက်ရောက်၊ ရောက်ရောက် ချီတက်ကြဟု အသံတိမ်တိမ်ဖြင့် ကြွေးကြော် ရင်း ခြေတစ်ပေါင်ကျိုး သွားနေစဉ်ကာလ။ ထိုကာလအတွင်း စိုးကျော်တို့လည်း ချီတက်ရာ မှာ ကန့်လန့်ကန့်လန့် ပါခဲ့ရပုံကို ကြာပင်ကြာခဲ့ သော်ငြား ခုထိ သတိရနေမိသေးသည်။

❑

ဖြစ်စဉ်တွေက တစ်ခုပြီးတစ်ခု သမားရိုး ကျသာ ဖြစ်ပျက်နေသည်။ ငြိမ်သက်နေသည့် ကန်ရေပြင်လို လှိုင်းဂယက်မရှိ ပကတိ ဖျင်းရိ ငြီးငွေ့ဖွယ်ကောင်းသည့် ဤစိုက်ခင်းစခန်း လေးသို့ တောခေါင်း မှုကြီး သယ်လာသော သတင်းစကားက ကန်ရေပြင်ထဲ ခဲချလိုက် သလို ဂယက်ထပြီး လှုပ်လှုပ်ရှားရှားဖြစ်သွား စေခဲ့သည်။

"ဆရာရေ ဗီအိုင်ပီဆိုတဲ့ လူကြီး လာမလို့ တဲ့။ ရှာက မျိုးဥယျာဉ်ထဲမှာ စစ်တပ်တွေ ရောက်နေတယ်"

## ဝိုးဝါးမပီ ဘယ်သို့ဉီးအံ့

www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှာ စိုးကျော်တို့ ချီတက်ရခြင်း၏ ဇာတ်လမ်းအစပင် ဖြစ်တော့သည်။

ရာသီဥတုက နွေရာသီပါ။ အပူငွေ့တို့က ကြီးစိုးလွှမ်းမိုးထားသည်။ ရံဖန်ရံခါ နွေမှာမြူးတတ်သည့် လေပွေလေရူးက ဟိုမှသည်မှ ဝေ့ဝဲလာတတ်သလို မျက်ထောင့်နီနှင့် လေနီကြမ်းကလည်း တစ်ချက်တစ်ချက်တွင် ရာဟုထောင့်မှထ,ပြီး သရမ်းတတ်သေး၏။ နေ့ခင်းနေ့လယ် အချိန်များမှာဆိုလျှင် အဝေးဆီမှ တရိပ်ရိပ်ထ,နေသည့် တံလျှပ်တွေက ပူပြင်းခြောက်သွေ့သည့် ရာသီအောက်တွင် ရွှေသမင်တွေကို အတွေးများအောင် မြူဆွယ်လှည့်စား၍ ကောင်းနေဆဲ။

ပျင်းရိငြီးငွေ့ဖွယ် နွေနေ၏ အပူရှိန်အောက်မှာ ကတ္တရာလမ်းမည်းပြောင်ပြောင်သည် မြွေတစ်ကောင်နှယ် တွန့်လိမ်လဲလျောင်းလျက်ရှိနေသည်။ အကွက်ထဲမှ စခန်းတဲသို့ ပြန်ရောက်လာသော စိုးကျော်သည် စီးထားသည့် တောစီးဖိနပ်ကို ချွတ်နေရင်းက ထိုလမ်းပြောင်ပြောင်ကို ငေးကြည့်နေမိသည်။ ရံဖန်ရံခါ ခရီးသည်တင် လိုင်းကားတစ်စီးတလေ စခန်းရှေ့မှာ ရပ်လာတတ်သည်။ ထိုအခါများတွင် ထန်းလက်မိုး၊ ထန်းလက်ကာထားသည့် မသပ်မရပ်၊ ခနော်ခနဲ့ တဲငယ်တဲစုများကြား သစ်ဝါးတို့ဖြင့် အကျအန ဆောက်ထားသော ဤသွပ်မိုး ထရံကာ ခြေတံရှည် စခန်းတဲကို တွေ့မြင်လိုက်သောအခါ 'ဒီရွာမှာတော့ ဒီအိမ်က ဘော့စ်နေမှာပဲ'ဟု ထင်ကြေးပေးတတ်ကြသည်။ ဤနေရာသည် ရွာမဟုတ်၊ သစ်တောစခန်းတစ်ခုသာဖြစ်ပြီး တဲငယ်တဲစုလေးများသည် ရပ်နီးရပ်ဝေး ကျေးရွာများမှ အလုပ်လာလုပ်နေကြသော သစ်တောလုပ်သားများ ဖြစ်သည်ဟု သူတို့ မသိကြပါ။ သစ်တောစခန်းဆိုသော်လည်း အနီးဝန်းကျင်မှာ သစ်ပင်ဝါးပင်ကြီးကြီးမားမား ဘာမျှမရှိ။ ပကတိ လွင်တီးခေါင်တွင် ပုတတ်စာ၊ မျောက်မြီးမြက်နှင့် ခွေးတရော်ချုံများသာ မင်းမူလျက်ရှိကြသည်။ ခပ်လှမ်းလှမ်းထိ သွားကြည့်နိုင်ပါမှ အဖန်ဖန် ခုတ်ထားခံရ၍ တွန့်လိမ်ကောက်ကွေးနေပြီး ခြေသလုံး၊ ပေါင်လုံးလောက်ထက် ပိုမကြီးသော နီပါးဆေး၊ ထောက်ကြံ့၊ ရှား၊ တည်၊ သန်နှင့် ဒဟတ်ပင်များ အလွန်ကျဲပါးစွာ ပေါက်ရောက်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ကားစက်သံတွေ
ကလည်း တဝေါဝါ
ဆူညံနေ၏
စခန်းတဲရှေ့မှ
ကားတွေ
တစ်စီးပြီးတစ်စီး
ဆူညံစွာ
ဖြတ်သန်းနေသည်
ကားဘယ်နှစီး
ပါသည်မသိ
ဖြတ်သန်း၍
မကုန်နိုင်
တမှေ့တမော
မောင်းနေရာမှ
ရဲကားတစ်စီး
နောက်က
ပိတ်လိုက်တော့မှ
ကားတန်းကြီး
အဆုံးသတ်
သွားပါတော့သည်

စိုးကျော်သည် တောစီးဖိနပ်ကို တံခါးဝမှာ ကပ်ထားလိုက်ပြီး ထန်းလက်နှင့် လုပ်ထားသော ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ မကြာမီ သင်္ကြန်ကျတော့မည်။ စိုက်ခင်း ဧက ၁၀၀ အတွက် သုံးသောင်းခန့် အရေအတွက်ရှိသော ကျင်းတူးလုပ်ငန်းက ဧပြီလမကုန်မီ ပြီးသင့်ပြီ။ တောရှင်းငုတ်ထုတ် လုပ်ငန်းက ဆောင်းဦးကတည်းက စ,ခဲ့သော်လည်း ခုထိအပြီးမသတ်နိုင်ဘဲ ၅ ဧကခန့် ကျန်နေသေးသည်။ လုပ်သားတစ်ဦးတည်းလုပ်လျှင် တစ်ဧကကို ရက်ပေါင်း ၂၀ ကြာတတ်သောကြောင့် တစ်ရက်နှင့်ပြီးပြတ်ရန် လူ ၁၀၀ လိုပေလိမ့်မည်။ လူ ၁၀ ဦးလုပ်လျှင်တော့ ၁၀ ရက်သာ ကြာပါလိမ့်မည်။ တောရှင်းပြီး နေရာများတွင် ၁၂ ပေအကွာ ပန္နက်များရိုက်ပေးရကာ ထိုပန္နက်နေရာများအတိုင်း သစ်ပင်စိုက်မည့် စိုက်ကျင်းများ တူးကြရသည်။ ကျင်းတူးလုပ်ငန်းကတော့ အရှိန်လည်း ရနေပြီမို့ အခြေအနေကောင်းနေသည်။ လမကုန်မီ ယခု တောရှင်းနေဆဲ ၅ ဧကကိုပါ ဆွဲခေါ်ပြီး ကျင်းဝင်တူးနိုင်လိမ့်မည်ဟု ကိုစိုးကျော် တွက်ပါသည်။

အတူနေ တောခေါင်းတွေလည်း တူးပြီးသမျှ ကျင်းတွေကို စစ်ဆေးလက်ခံနေရသည့်အတွက် အကွက်ထဲမှ ပြန်မရောက်လာကြသေး။ စခန်းတဲပေါ်မှာ သူတစ်ယောက်တည်းသာ ဖြစ်နေသည်။ မှုံကြီး၏ ထွန်စက်ကလည်း မရောက်သေး၍ ထန်းရည်က သောက်စရာမရှိ။ မနက် ၁၀ နာရီကျော်ခန့်ရှိပြီမို့ ထမင်းဆာသလိုလို ဖြစ်လာသည်။ စားစရာ ဘာရှိသနည်း။ မနက်က ဝင်းမြင့်တစ်ယောက် ကုလားပဲတွေ ပြုတ်နေသည်ကို တွေ့မိသည်။ စားပွဲပေါ်မှာ လက်ဖက်ခွက်တော့ ရှိနေသည်။ ပုလင်းထဲမှာလည်း မြေပဲဆန်ကြော် ရှိနေသည်။ သည်မှာကတော့ သားငါးစိုစိုစိမ်းစိမ်းက ရှားပါးလှသည်။ ယုန်လို ဖွတ်လို တောတွင်းအကောင် ဗလောင်လေး ရမှသာ စိုစိုပြည်ပြည် စားရတတ်သည်။ စိုးကျော် သည်ကိုရောက်ခါစက ဖွတ်ကြီးတစ်ကောင် တွေ့ခဲ့ရပုံကို ပြန်သတိရမိသည်။

ထိုစဉ်က သူ တွေးလည်း တွေးနေ၏။ ငေးလည်း ငေးနေ၏။ လက်ထဲမှာလည်း လှံတိုက ပါသေး။ လှည်းလမ်းကြောင်းအတိုင်း တစ်ယောက်တည်း လမ်းလျှောက်လာသခိုက် ရှေ့တစ်လံကွာလောက်မှာ စင်းစင်းကြီး ကန့်လန့်ခံနေသည့် သတ္တဝါကို တွေ့လိုက်ရသော အခါ ကိုယ်တိုင်က ဘာမှန်းညာမှန်း ဝေခွဲ၍မှ မပြီးခင်မှာပင် ခြေလှမ်းများက တုံ့ခနဲ

www.burmeseclassic.com

ရပ်သွားတော့သည်။ အရှည်တစ်တောင့်ထွာ၊ ဗျက်တစ်ပေနီးနီးရှိသော ဖွတ်ကြီးပါတကား။ ဦးနှောက်ကပဲ အရင်အမိန့်ပေးလိုက်သလား၊ အာရုံကြောတွေကပဲ တုံ့ပြန်မှု မြန်ဆန်လေသည်လားမသိ။ ကိုယ်တိုင် ဘာလုပ်လို့ လုပ်နေမှန်းမသိဘဲ သတိရသည့်အချိန် ကြည့်လိုက်တော့မှ နောက်ပြန်လှည့် ထွက်ပြေးနေသော မိမိကိုယ်ကို ပြန်လည်တွေ့ရှိသွားတော့သည်။

'ဟော့ကောင် စိုးကျော်၊ ဒါ ဖွတ်ကြီးလေကွာ၊ မေ့ပြီး မလှုပ်မယှက်ဖြစ်နေတာ။ ဖွတ်မေ့ ပုတတ်မေ့ဆိုတာ မကြားဖူးဘူးလား။ ဘာအန္တရာယ်မှမရှိဘူး။ ခဲနဲ့ ကောက်ထုလိုက်။ စခန်းမှာ ညနေဟင်းစား ရတာပေါ့'

ကိုယ့်ကိုယ်ကို သတိပေးပြီး ခဲနှင့်ပေါက်ရန် ဖွတ်ကြီးထံ ပြန်လာတော့ ဘာသားချောက မရှိတော့ပြီ။ တပည့်တောခေါင်းတွေက ဆရာ့ကို ညံ့လှချည့်ဟု ဝိုင်းပြီး မေတ္တာပို့ကြသည်။

'ကွာ၊ မင်းတို့ကလည်း ဖွတ်သားက ဒါလောက် စားမကောင်းပါဘူးကွ။ ဖွတ်တက်ရင် မွဲတတ်ဆို၊ ခု ဖွတ်မရတော့ တို့က ချမ်းသာဦးမှာပါ'ဟု ရယ်ရွှန်းဖတ်ရွှန်းနှင့် ချော့လိုက်ရသေးသည်။

လက်ဖက်တစ်ဖွန်း ခပ်စားလိုက်သည်။ ထို့နောက် ပုလင်းထဲမှ မြေပဲဆန်ကို ယူစားရန် လက်နှိုက်လိုက်စဉ်မှာပဲ ထွန်စက်သံကို ကြားလိုက်ရသည်။ မှူကြီး လာပြီ။ တောခေါင်း မှူကြီးက ဤစခန်းမှ ၅ မိုင်ခန့်ဝေးသည့် သပြေချောင် ပျိုးဥယျာဉ်မှာနေပြီး ဤစခန်းသို့ တစ်နေ့ ၃ ခေါက် ထွန်စက်ဖြင့် ရေပို့ပေးနေသူဖြစ်သည်။ ထွန်စက်ဖြင့် ဆွဲလာသည့် ရေဘောက်ဆာလေးက ဂါလံ ၈၀၀ ခန့် ဆံ့သည်။ ပျိုးဥယျာဉ်က သပြေချောင် ရွာကြီး၏ဘေးမှာ တည်ရှိပြီး စိုးကျော်တို့ ပြင်ဆင်နေသည့် စိုက်ခင်းဧက ၁၀၀ အတွက် အပင်ရေ ငါးသောင်းကို ပျိုးထောင်ထားရှိသည့် နေရာလည်း ဖြစ်ပါသည်။ စိုက်ခင်းမှာ ပင်ရေသုံးသောင်းသာ စိုက်မည်ဖြစ်သော်လည်း နောင်တွင် သေပင် ဖာထေးရန်နှင့် ဌာနဆိုင်ရာများသို့ ဖြန့်ဝေရန် အပိုဆောင်း၍ ပျိုးထောင်ထားရခြင်းဖြစ်ပါသည်။ မှူကြီးသည် သပြေချောင်ရွာမှအထွက် လမ်းခုလတ်ရှိ ထန်းတောထဲတွင် ရေ တစ်ပီပါခန့် ချပေးပြီး ထန်းရည် မြူအိုး ၂ လုံး သယ်လာနေကျဖြစ်ပါသည်။ ထို့ကြောင့် စိုးကျော်တို့သည် မှူကြီးကို ရေအတွက်လည်း မျှော်သည်၊ ထန်းရည်အတွက်လည်း မျှော်သည်။

အုတ်ကန်ဘေးတွင် ထွန်စက် ရပ်ထားလိုက်ပြီးနောက် မှူကြီးသည် မြူအိုး ၂ လုံးကိုဆွဲ၍ ဖုံပေါ်တက်လာသည်။ သူနှင့်အတူ သတင်းစကားတစ်ခုလည်း တစ်ပါတည်း ပါလာခဲ့သည်။

'ဆရာရေ ဗီအိုင်ပီဆိုတဲ့ လူကြီး လာမလို့တဲ့၊ ရွာက ပျိုးဥယျာဉ်ထဲမှာ စစ်တပ်တွေ ရောက်နေတယ်'

❑

စင်စစ်တွင် ဤစိုက်ခင်းစခန်းလေးတွင် နေထိုင်ရသည်မှာ အလွန် ငြီးငွေ့ဖွယ်ကောင်းလှပါသည်။ တဲစခန်းရှေ့မှ ဖြတ်သွားကြသည့် မြို့ချင်းဆက် လိုင်းကားများကို ငေးမောကြည့်ရှုခြင်း၊ ဘိုဘိုဟန်၊ လွှမ်းမိုးနှင့် ခေတ္တရာ တမာချိုတို့၏ ကက်ဆက်ခွေ ၃ ခွေကို မီးခိုးထွက်အောင် ဖွင့်၍ နားထောင်ခြင်း၊ အချို့သော ညနေတွင် ၃ မိုင်ခန့်ဝေးသော ကျီးပင်ကန်မှ ထန်းရည်ကို သောက်ရေအိုးတစ်လုံးစာ ဝယ်သောက်ကြပြီး ကိုယ့်သီချင်းနှင့်ကိုယ် ကခုန်ကြခြင်း၊ တစ်လတစ်ခါလောက် မြို့တက်ပြီး ရုပ်ရှင်ကြည့်၊ ခေါက်ဆွဲကြော်ဝယ်စားခြင်းတို့သည် စိုးကျော်တို့အတွက် မရိုးနိုင်သော ဖျော်ဖြေရေး အစီအစဉ်များဖြစ်လေသည်။

'ရဲ တောင်ပြန်တယ်၊ စနေ…၊ နွား မြောက်ပြန်တယ်။ ကနေ့ အဖိတ်နေ့' စခန်းကုန်းရှိ ကလေးတွေက အစ ထိုအမှတ်အသားကို သိသည်။

စခန်း၏ မြောက်အရပ်မှာ ရဲသင်တန်းကျောင်းရှိ၍ ကျောင်းပိတ်ရက်မှာ ရဲသင်တန်းသားတွေ တောင်ဘက်ပြန်ကြသည်။ စခန်းတောင်အရပ်မှာ အဖိတ်နေ့တိုင်း နွားဈေးရှိ၍ အရောင်းအဝယ်လုပ်သော နွားများ စခန်းရှေ့မှ ဖြတ်သွားနေကျဖြစ်သည်။ *ပွန်ပွန်မြည်တဲ့ကားများ ပြေးသွားခြင်းမရပ်တို့၊ မအေးရယ် ချစ်လှို့ပါကွယ်တို့*သည်လည်း ကလေးတွေ အကုန်ရနေသော သီချင်းများဖြစ်နေသည်။ မိုးတွင်း ရုံဖန်ရံခါတွင် သပြေချောင် ရွာဘေးရှိ သဲချောင်းကြီး ရေကျနေ၍ ကားတွေ မကူးနိုင်ဘဲ တန်းစီပြီး ရပ်စောင့်နေရတတ်၏။ ထိုအခါမျိုးတွင် ခရီးသည်များဖြင့် စည်ကားနေသော ထိုနေရာသို့ ၅ မိုင်မက ၁၀ မိုင်ပဲဝေးဝေး စိုးကျော်တို့ အပြေးကလေးသွားပြီး မျက်စိစားပွဲထိုင်ရသည်မှာလည်း ပျော်စရာတစ်မျိုးပင်။

ဆောင်းရာသီအစဆိုလျှင် စိုးကျော်တို့အဖွဲ့ စိုက်ခင်းအတွက် မြေတိုင်းကြပြီ။ မြေတိုင်းရင်း မြေပေါ်မှာ ဝါးငုတ်များရိုက်၍ တစ်ဧကအကွက်များ ဖော်သွားသည်။ တောရှင်းငုတ်ထုတ်မည့် လုပ်သားများကို တစ်ကွက်ချင်း နေရာချပေးသွားသည်။ လုပ်သားများသည် ငုတ်ထုတ်ခြင်းအတွက် လုပ်အားခ ရရုံသာမက ထွက်လာသော ထင်းကိုလည်း ကိုယ်ပိုင်အဖြစ် တရားဝင် ရောင်းချနိုင်သောကြောင့် အလွန် တွက်ခြေကိုက်သည်ဟု ဆိုရမည်။ ထိုအချိန်မျိုးတွင် တဲတိုင်းလိုလို၏ ရှေ့မှာ ထင်းပုံလေးများ ရှိနေတတ်ပါသည်။ ခုရာသီမှာတော့ လက်ကျန်ထင်းပုံလေးများ ဟိုတစ်ပုံ၊ ဒီတစ်ပုံနှင့် အနည်းအကျဉ်းသာ ရှိတော့သည်။

'တောရှင်းငုတ်ထုတ်လုပ်ငန်း လုပ်တဲ့အတွက် အားသာကောင်းမွန်တဲ့အချက်တွေ ရှိတယ်ကွ။ မြေအောက်မှာ လိမ်ကပ်နေတဲ့ သစ်မြစ်အဓိအပေါင်းတွေကို ရှင်းထုတ်လိုက်တာမို့ အသစ်စိုက်တဲ့ စိုက်ပင်ရဲ့ အမြစ်တွေဟာ ယှဉ်ပြိုင်စရာမလိုဘဲ အစာရေစာကို လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com

စုပ်ယူသွားနိုင်တယ်။ ဒုတိယအချက်က အမြစ်ဟောင်းတွေကို တူးဆွပြီး ဖယ်ထုတ်တဲ့အလုပ်မှာ မြေကို သံတူးရွင်းနဲ့ တူးရဆွရတာဆိုတော့ မြေဆွပြီးသားဖြစ်ပြီး မိုးရွာတဲ့အခါ ရေစိမ့်ဝင်မှုအား ပိုကောင်းတယ်လေ။ အဲ နောက်ဆုံးအချက်ကတော့ ထင်းရှားပါးတဲ့အရပ်မှာ ထင်းတွေထွက်လာတဲ့အတွက် လုပ်သားတွေလည်း တွက်ခြေကိုက်၊ သုံးစွဲသူများလည်း အကျိုးရှိနိုင်တာပေါ့'

ကိုစိုးကျော်က အကွက်ထဲတွင် လိုက်လံစစ်ဆေးရင်း သူ့တပည့်တောခေါင်းတွေကို သို့ကလို လက်ချာရိုက်နေတတ်ပါသေးသည်။

နွေဦးပေါက်လျှင်တော့ ပန္နက်ရိုက်ပြီး ကျင်းတူးလုပ်ငန်း စ,ကြပြီ။ နွေအကုန်မှာ ကျင်းတူးလုပ်ငန်းလက်စသတ်ပြီး လာမည့် မိုးဦးကာလမှာ သစ်ပင်စိုက်ပျိုးရန် အားလုံး အဆင်သင့်ဖြစ်နေရမည်ဖြစ်သည်။ ဦးဆုံးမိုး မြေစိုအောင်ရွာသည်နှင့် သစ်ပင်အားလုံးကို တစ်ရက်၊ နှစ်ရက်နှင့် အပြတ်စိုက်လိုက်ရမည်ဖြစ်သည်။ ဤသည်မှာ တစ်နှစ်ပြီးတစ်နှစ် အပြောင်းအလဲမရှိ လည်ပတ်နေသော စိုက်ခင်းလုပ်ငန်းပြက္ခဒိန်ဖြစ်ရာ ဤနေရာတွင် ၃ နှစ်ထိ ရှိနေပြီဖြစ်သော စိုးကျော်တို့ ပျင်းရိငြီးငွေ့နေသည်ကို အပြစ်မဆိုသင့်ပါ။

ဤသို့သော အခြေအနေတွင် မှူးကြီး၏ ဗီအိုင်ပီသတင်းသည် အနည်းဆုံး သူတို့၏ငြီးငွေ့မှုကို လျော့ပါးစေသည်။ အပြောင်းအလဲတစ်ရပ်အနေဖြင့် စိတ်ဝင်စားစရာလည်း ဖြစ်နေပါသည်။ သို့သော် ထိုဗီအိုင်ပီသည် မည်သူဖြစ်သည်၊ ဘယ်ကိုလာသည်၊ ဘာလုပ်မည်ကို ကွဲကွဲပြားပြား ဘာမှ မသိရသေးပါ။ ဖြတ်သွားရုံသက်သက် ဆိုပါမူ သူတို့အဖြစ်က လှံ့ဖျား ပုစဉ်းနား၊ ကြားထဲက ကျီးကန်းက ချေးပါဆိုတာမျိုး ဖြစ်နေပါလိမ့်မည်။

**ရေဇက်ထမင်းဇက်**
**ဒုက္ခခံနေကြရသော**
**အလုပ်သမား**
**မိသားစုတွေ**
**လမ်းပေါ်**
**ပြန်ထွက်လာကြပြီ**
**စိုးကျော်တို့လည်း**
**တံခါးတွေ**
**ဖွင့်ပြီး**
**လမ်းပေါ်**
**ဆင်းခဲ့ကြသည်**
**လေကို**
**အားပါးတရ**
**ရှူသွင်းကာ**
**စိတ်ကျဉ်းကျပ်ပြီး**
**မလွတ်မလပ်**
**ဖြစ်ခဲ့ရသမျှကို**
**ဖြေဖျောက်ကြသည်**

'ကြည့်ရတာတော့ နံပါတ်ဝမ်းကြီး ဖြစ်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ လမ်းတစ်လျှောက်က သချိုင်းတွေကို လမ်းပေါ်ကနေ မမြင်ရအောင် ထရံတွေနဲ့ လိုက်ကာနေတယ်ကြားလို့။ ရွာကသပြေချောင် သင်္ချိုင်းကိုတောင် မနက်က ထရံကာနေတာ တွေ့တယ်'

မှူးကြီး၏ နောက်ဆက်တွဲ စကားက အဖြေကို ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်သလိုပါပဲ။

❑

မနက်ခင်း အိပ်ရာအထမှာ စိုးကျော်တို့ လုပ်ရိုးလုပ်စဉ်အတိုင်း ချက်ကြပြုတ်ကြ၊ ကြော်ကြလှော်ကြ၊ စားသောက်ပြီးလျှင် အကွက်ထဲဆင်းရာ၌ တစ်ပါတည်း ယူသွားရမည့် စာရင်းစာအုပ်၊ ခဲတံ၊ ကျင်းတိုင်းရန် ၄ ပေရှည်တိုင်းတုတ်၊ ရေဘူးနှင့် ဦးထုပ်တွေကို ပြင်ကြဆင်ကြ။

ခက်သည်မှာ မှူးကြီး၏ ထွန်စက်သံက ခုထိ မကြားရသေး။ တခြားဖြတ်သွားဖြတ်လာ ကားများကိုလည်း မတွေ့မမြင်ရ။ မနေ့ညနေကတည်းက ရေလာမပို့၍ အုတ်ကန်ထဲမှာ ရေက လက်ညှိုးတစ်ထောက်စာပဲ ရှိသည်။ အလုပ်သမားတွေ မနက်အစောစာအတွက် ထမင်းချက်စရာမှ ရေရှိပါလေစ။ ဝင်းမြင့်ကတော့ သူ့ဟာသူ ဗီအိုင်ပီမကလို့ ဘာပဲလာလာ၊ ကိုယ့်အလုပ်ကိုသာ စူးစိုက်လုပ်ရမည်ဟု ဆိုသည်။ ခုမနက်စာအတွက် သူ ထမင်းကြော်ပြီးနေပြီ။

စိုးကျော်ကတော့ ထွန်စက်သံကိုသာ မပြတ် နားစွင့်နေလေသည်။ မှန်ပါသည်။ ရေက အရေးကြီးသလို ထန်းရည်ကလည်း အရေးပါသည်မဟုတ်လား။ မျှော်တုန်းမျှော်ဆဲမှာ ထွန်စက်သံ မကြားရဘဲ ထရပ်ကားကြီးတစ်စီး၏ စက်သံကို ဝူးခနဲ ကြားလိုက်ရသည်။ စခန်းရှေ့သို့ ထိုးရပ်လာသော ထိုကားသည် စစ်ကားတစ်စင်း ဖြစ်နေလေသည်။ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ကားခေါင်းထဲမှ ဗိုလ်တစ်ယောက် ဆင်းလာသည်။ ကားနောက်ဘက်မှာ ပါလာသည့် စစ်သားတွေလည်း ကားပေါ်မှ ခုန်ဆင်းလာကြသည်။ သိပ်များများစားစားတော့ မဟုတ်၊ ၅ ယောက်တည်းသာဖြစ်သည်။ လာရာလမ်းတစ်လျှောက်မှာ တစ်သုတ်ပြီးတစ်သုတ် နေရာယူခဲ့ကြပုံရသည်။ ဒီမှာ ဆင်းကြသည်က နောက်ဆုံးအသုတ်ဖြစ်မည်။

စစ်ဗိုလ်က လမ်းပေါ်ထွက်လာသော ဖိုးချက်မိန်းမ မစောကို ရပ်ပြီး မေးမြန်းနေသည်။ မစောက စိုးကျော်တို့ရှိရာ စခန်းတဲကို လက်ညှိုးထိုးပြနေသည်ကို မြင်ရ၏။ ထို့နောက် စစ်သား ၂ယောက်ကို ကားသမားနှင့်အတူ ကားဆီ ပြန်လွှတ်လိုက်ပြီး သူက စစ်သား ၃ ယောက်နှင့်အတူ တဲပေါ်သို့ တက်လာပါသည်။

'ဒီမှာနေတာ ဘယ်နှယောက်လဲ။ ခင်ဗျားကတာဝန်ခံ ကိုစိုးကျော်ဆိုတာလား'

သူ့ကို တည့်တည့်ကြည့်၍ မေးနေခြင်းဖြစ်သည်။

'ဟုတ်ပါတယ်။ ဒီမှာနေတာ စုစုပေါင်း ၅ ယောက်ပါ'

www.burmeseclassic.com

'ရှေ့က ပြတင်းပေါက် တွေပိတ်ထား၊ အောက်ကို တစ်ယောက်မှ မဆင်းကြပါနဲ့။ (စစ်သား ၃ ယောက်ကို လက်ညှိုးထိုး၍) မင်းတို့က ဒီမှာ နေရာယူထား၊ (စိုးကျော် ဘက် လှည့်၍) ခင်ဗျားက ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ၊ တဲတွေဘက် သွားကြည့်ချင်လို့'

စစ်သား ၃ ယောက်က တဲပေါ် ကျန်နေခဲ့ပြီး စိုးကျော်နှင့် ထိုစစ်ဗိုလ်က လုပ်သားတဲများဘက်သို့ ဆင်းလာသည်။ အလုပ်သမားတွေကတော့ တဲထဲမှာ မရှိတော့ပြီ။ မနက် အစောကတည်းက အကွက်ထဲရောက်ပြီး ကျင်းတူးနေကြပြီကော။ ကျောက်ခွဲအောင် ပူသည့် ဒီလိုနွေရာသီမှာ စောနိုင်သမျှ စောစော အကွက်ထဲ ဆင်းနိုင်မှ တန်ကာကျသည်မဟုတ်လား။ စစ်ဗိုလ်က ကျန်ရစ်ခဲ့သည့် မိန်းမနှင့် ကလေးတွေကို တဲထဲမှာသာ နေရန် အမိန့်တွေ ပေးနေပြန်သည်။

'တဲထဲမှာပဲနေ၊ လမ်းပေါ် မဆင်းပါနဲ့၊ တံတံခါးတွေ ပိတ်ထား'

စိုးကျော် ရယ်ချင်သွားသည်။ တဲတွေမှာ တံခါးမှ မရှိဘဲလေ။

'ဒါနဲ့ ဗီအိုင်ပီက အခု လာနေပြီလား ဟင်'

'ကျွန်တော်တို့လည်း မသိဘူး'

စစ်ဗိုလ်က သူ့ကို စပ်စုရကောင်းလားဟု မနှစ်မြို့သလို မျက်နှာပေးနှင့် ကြည့်ရင်း ဖြေသည်။

'ဆရာ မှိုကြီး ထွန်စက်က လာဦးမှာလား။ ကျွန်မတို့ ရေမရှိလို့ ထမင်းကို မချက်ရသေးဘူးရယ်'

မစောက မေးသည်။ စိုးကျော်လည်း မသိပါ။

'ဘာထွန်စက်မှ မလာဘူး၊ ဘယ်ကားမှလည်း မထွက်ဘူး။ လမ်းကြောင်းဖြတ် မပြီးမချင်း တဲထဲမှာပဲ ငြိမ်ငြိမ်ထိုင်နေကြ။ လမ်းဟိုဘက်ဒီဘက်တောင် မကူးရဘူး၊ ဒါပဲ'

ထို့နောက် စစ်သား ၂ ယောက် ရပ်နေသော ကားဆီသွားကာ 'ကားကို တဲတွေနောက်က ချုံကြားထဲ ထိုးထား၊ လမ်းပေါ်ကကြည့်ရင် မမြင်ရစေနဲ့'ဟု အမိန့်ပေးလိုက်ပြန်သည်။

ကားက စက်သံ တဝူးဝူးအော်လျက် တဲစု၏ အနောက်ဘက်သို့ ရွေ့သွားသည်။ ထို့နောက် ချုံကွယ် နောက်မှ ကုန်းဆင်းမှာ ကားကို ထိုးရပ်လိုက်သည်။

'ဟေ့ မရသေးဘူး။ နောက်မြီးပိုင်း ပေါ်နေသေးတယ်။ ရှေ့နည်းနည်း တိုးလိုက်ဦး'

ကားက ရှေ့အနည်းငယ် တိုးသွားသည်။

'မရဘူး၊ တိုးလိုက်ဦး။ မြင်နေသေးတယ်'

ကားက ရှေ့အနည်းငယ် တိုးသွားရာမှ ချောက်ထဲသို့ ဝုန်းခနဲ ထိုးကျသွားသည်။ ဘေးက ဝိုင်းရယ်ကြရာ ကားမောင်းသူက ကြည့်ပေးနေသော စစ်သားနှစ်ယောက်ကို ငါနှင့် ကိုင်တုတ်လေသည်။

'ကဲ ကားက အဝီစိရောက်သွားပြီဆိုတော့ လမ်းပေါ်က မမြင်ရတော့ပါဘူး'

'ပြီးမှပဲ လူအားနဲ့ ဆွဲတင်ရတော့မှာပဲ။ ကဲ မင်းတို့ ဒီဘက်ခြမ်းက တဲပေါ်မှာ ကိုယ်ယောင်ဖျောက်နေကြ။ ကျွန်တော်တို့က ခင်ဗျားစခန်းတဲပေါ် ရှောကြစို့'

တဲပေါ်မှာ ဆက်သွယ်ရေးစက်နှင့် စကားပြောနေကြသည်။ ဗေဒါကမာတွေရော၊ ရထားတွေ ဘူးသီးတွေရော၊ အသံကြားလားဆိုတာတွေရော။ လမ်းပေါ်မှာတော့ ဘာမှမရှိ၊ လူသူလေးပါး ကင်းရှင်းနေသည်။ ကားတစ်စီးတလေမှ ဖြတ်သွားသည်ကို မတွေ့ရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။ ခါတိုင်း လမ်းပေါ်မှာ တွေ့ရတတ်သည့် ခွေးများပင် တစ်ကောင်မှ မမြင်ရ။ ဘယ်ချောင် သွားကပ်နေကြမသိ။ တဲငယ်များမှ မိန်းမတွေ၊ ကလေးတွေလည်း တဲထဲမှာ ကုပ်နေကြပုံပေါ်သည်။ အရိပ်အယောင်မျှ မမြင်ရ။

စိုးကျော်တို့လည်း အကွက်ထဲ မဆင်းတော့ပြီ။ ထမင်းကြော်စားပြီး စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်သည်။ အမိန့်အရ အပေါက်မှန်သမျှ အကုန် ပိတ်ထားရ၍ အပြင်သို့ ကြည့်လိုလျှင် ထရံပေါက်မှ ချောင်းကြည့်ရ၏။ ဗီအိုင်ပီကား မလာသေး။ အစက ဒီစခန်းကို ဆင်းကြည့်ဦးမည်ဟု ထင်မှတ်မှားလိုက်သေးသည်။ သို့သော် အဆင်က ဖြတ်သွားရုံ သာဖြစ်ကြောင်း ရှင်းနေပြီဖြစ်သည်။ သူ မဖြတ်မချင်း ဘယ်ကား၊ ဘယ်ထွန်စက်မှ လာတော့မည် မဟုတ်မှန်းလည်း သိနေရပြီဖြစ်သည်။ ကဲ မြန်မြန်သာ ဖြတ်ပါတော့။

မွန်းတည့်ချိန် ကျော်ခဲ့ပြီ။ အရိပ်အယောင်မျှ မတွေ့ရသေး။ ကျင်းတူးလုပ်သားတချို့ ပြန်လာကြရာ ဘုမသိဘမသိ အဆူအငေါက်ခံပြီးမှ တဲထဲဝင်ခွင့်ရသည်။ အပြင်ပြန်မထွက်ရ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မည်မျှကြာအောင် စောင့်ရမည်နည်း။ စိုးကျော်တို့ စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။

ထိုစဉ် ကားထိုးထားသည့် တဲအနီးမှ ခရာသံ စူးစူးလေး ထွက်ပေါ်လာသည်။ စခန်းတဲပေါ်မှ စစ်ဗိုလ်၊ စစ်သားတွေ လှုပ်လှုပ်ရှရှဖြစ်သွားသည်။ ကိုစိုးကျော်တို့လည်း ထရံအနား ပြေးသွားပြီး ထရံပေါက်ကိုယ်စီမှ ချောင်းကြည့်လိုက်ကြသည်။

အစတော့ ဘာမျှ မမြင်ရပါ။ ဝေါဝေါမြည်နေသော ကားသံကိုတော့ သဲ့သဲ့ကြားနေရသည်ထင်သည်။ နောက်တော့ အသံက ပိုကျယ်လာသည်။ ခပ်လှမ်းလှမ်းမှာ မီးထိုး မောင်းလာသော ကားတစ်စီး၏ ဦးပိုင်းကို စ,တွေ့လာသည်။ ခေါင်းပေါ်မှာ မီးနီမီးပြာတွေ ပြေးနေသည်။ ရဲကား ဖြစ်ပါသည်။ ထိုကား တဖြည်းဖြည်း နီးလာသောအခါ နောက်မှာ ကားတန်းအရှည်ကြီး ကပ်ပါလာသည်ကို တွေ့လိုက်ရသည်။ အားလုံး ရှေ့မီးတွေ ထွန်းထားကြသည်။ ကားသံနှင့် ကတ္တရာလမ်း ထိပွတ်သောအသံသည် ဖျင်း ဖျင်း ဖျင်း ဖျင်း မြည်နေ၏။ ကားစက်သံ ရှေ့က



www.burmeseclassic.com

www.burmeseclassic.com

လည်း တဝေါဝါ ဆူညံနေ၏။ စခန်းတဲရှေ့မှ ကားတွေ တစ်စီးပြီးတစ်စီး ဆူညံစွာ ဖြတ်သန်းနေသည်။ ကား ဘယ်နှစင်း ပါသည်မသိ။ ဖြတ်သန်း၍ မကုန်နိုင်။ တမေ့တမော မောင်းနေရာမှ ရဲကားတစ်စီး နောက်က ပိတ်လိုက်တော့မှ ကားတန်းကြီး အဆုံးသတ်သွားပါတော့သည်။ စီအိုင်ဗီ ဘယ်ကားပေါ် ပါသွားသည်ကိုပင် မသိလိုက်ပါ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် စောစောကကဲ့သို့ပင် ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

ရေငတ်ထမင်းငတ် ဒုက္ခခံနေကြရသော အလုပ်သမား မိသားစုတွေ လမ်းပေါ် ပြန်ထွက်လာကြပြီ။ စိုးကျော်တို့လည်း တံခါးတွေဖွင့်ပြီး လမ်းပေါ် ဆင်းခဲ့ကြသည်။ လေကို အားပါးတရ ရှူသွင်းကာ စိတ်ကျဉ်းကျပ်ပြီး မလွတ်မလပ်ဖြစ်ခဲ့ရသမျှကို ဖြေဖျောက်ကြသည်။ ခေါင်းပေါ်မှာ အလိုအလျောက် ရောက်လာသည့် ဝန်ထုပ်ဝန်ပိုးကိုလည်း လွတ်လွတ်ကင်းကင်း ပစ်ချထားလိုက်ပြီ။

❑

နောက်တစ်နေ့ မနက် ၇ နာရီခန့်တွင် စခန်းသို့ အစောဆုံး ရောက်ရှိလာသည့်ကားမှာ သစ်တောတံဆိပ်ပါသော ဟီးနိုးရိမ်းဂျားကား ဖြစ်ပါသည်။ မြို့နယ်ရုံးမှ စာရေးကြီးက ကားပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းလာသည်။ ဒီကာလက မြို့နယ်မှူးမရှိ၊ ခွင့်သွားနေသည့်အချိန်ဖြစ်၍ မြို့ပေါ်ရုံးမှာ သူ အကြီးဆုံးပေပဲ။ ရိန်းဂျားကားကြီးဖြင့် လာ

> **ညြ . . ခင်ဗျား ဘာမှ မသိဘူး ညက ခင်ဗျားခေါင်းကို ဆင်နင်းတယ်လို့ အိပ်မက် မမက်ဘူးလား ဟင် ကျုပ်တို့တော့ ပြားကပ်ကုန်ပြီ ရေနစ်တဲ့ ကြွက်စုတ်တွေလို ဖြစ်ကုန်ပြီ ဒီနှစ်ထဲမှာ ဖွတ်တက်သလို ပြဿနာတွေချည်း အလုံးလိုက် အရင်းလိုက်ကို ဝင်ဆောင့်နေတော့တာပဲ**

သော်လည်း ကားပေါ်မှာ မောင်းသူ မြဟန်အပြင် ဘယ်သူမှ မပါ။

'ကိုစိုးကျော်ရေ သောက်ကျိုးတော့ နည်းပဟာ'

ထိုအသံက သူ့ကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားစေသည်။ မနေ့တုန်းက ခေါင်းပေါ်မှာရှိသော ဝန်ထုပ်ဝန်ပိုးကို ပစ်ချ၊ ငှက်ခါးတောင် ထန်းရည်အဝ သောက်ပြီး မိမ်ကျစွာ ကောင်းကောင်းအိပ်ခဲ့ပြီး ခုမနက်မှ မင်္ဂလာရှိရှိ နိုးထ,လာသခိုက် ထိုငှက်ဆိုးထိုးသံကို ကြားလိုက်ရခြင်းဖြစ်သည်။ စခန်းတဲပေါ်မှ သူ ကမန်းကတန်း ဆင်းလာစဉ် နောက်ထပ် ဂျစ်ကားတစ်စီး မောင်းဝင်လာသည်ကို တွေ့ရပြန်သည်။

ကားပေါ်မှ ဆင်းလာသူတွေက မြို့နယ်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လယ်ယာ၊ သားငါးနှင့် သစ်တောတာဝန်ခံ။

'ဒါပဲ၊ ဒါပဲ။ ကျုပ်တို့ကို ဒုက္ခပေးတဲ့နေရာ ဒီနေရာပဲ။ ဘယ်မလဲ ဒီကတာဝန်ခံ'

ဥက္ကဋ္ဌထံမှ သံသေးသံကြောင်ဖြင့် ထွက်လာသော စကားသံ။ ကျန်နှစ်ယောက်မှာ ဆီးရွက်ခန့် မျက်နှာနှင့် စကားပြန်ရန်ပင် အားမရှိတော့သည့်ပုံ။

'ဘာတွေဖြစ်လာတာလဲဗျာ၊ ကျွန်တော်က ဒီကတာဝန်ခံပါ'

'ညြ . . . ခင်ဗျား ဘာမှ မသိဘူး။ ညက ခင်ဗျား ခေါင်းကို ဆင်နင်းတယ်လို့ အိပ်မက် မမက်ဘူးလား။ ဟင်၊ ကျုပ်တို့တော့ ပြားကပ်ကုန်ပြီ။ ရေနစ်တဲ့ကြွက်စုတ်တွေလို ဖြစ်ကုန်ပြီ။ ဒီနှစ်ထဲမှာ ဖွတ်တက်သလို ပြဿနာတွေချည်း အလုံးလိုက် အရင်းလိုက်ကို ဝင်ဆောင့်နေတော့တာပဲ'

မြို့နယ်အတွင်းမှာ မော်မကြည့် ဝံ့ လောက်အောင် တန်ခိုးထွားလှသည့် ကောင်စီဥက္ကဋ္ဌရင့်မကြီးတစ်ယောက်လုံးက တီရှပ်ရွှာန်နာမည်တွေ ရေရွတ်ရင်း ပဋ္ဌာဖြေလူးဖြစ်နေသည်ကို တွေ့ရသောအခါ ကိုစိုးကျော်တစ်ယောက် ဘုမသိဘမသိနှင့် အတော်ပင် စိုးရိမ်လာမိသည်။

'ဘာလဲ၊ ဘာတွေဖြစ်နေတာလဲ'

စိုးကျော်က စာရေးကြီးကို လှမ်းကြည့်သည်။

'ဒီလို ကိုစိုးကျော်ရေ၊ မနေ့ နေ့လယ် အရေးကြီး ပုဂ္ဂိုလ်ဖြတ်သွားတုန်းက ဒီနေရာလည်းရောက်ရော ရောင်းဖို့ ပုံထားတဲ့ ထင်းတွေကို တွေ့တာကိုး။ အဲဒီမှာ မိုင်တိုင်အမှတ် ဘယ်လောက်မှာ ထင်းတွေခုတ်ပြီး ရောင်းနေတယ်။ သစ်တောတွေ ပြုန်းတီးလို့ အထူးထိန်းသိမ်းရမည့် နေရာမှာ ဒီလိုလုပ်နေတာ မသင့်တော်။ အရေးယူဖယ်ရှားပါလို့ တိုင်းကောင်စီကို စက်နဲ့ အကြောင်းကြားသတဲ့။ အဲဒီကိစ္စကြောင့်ပဲ မနေ့ညက တိုင်းကောင်စီရုံးက မြို့နယ်ကောင်စီကို ဖုန်းဆက်၊ သစ်တောတိုင်းရုံးကလည်း ကျွန်တော့်ဆီဖုန်းဆက်ပေါ့လေ။ ရှုပ်ကုန်တော့တာ။ မနက်ကျရင် ကိုစိုးကျော်တို့ စခန်းက တာဝန်ရှိသူတွေ အကုန်၊ ပတ်သက်သူမှန်သမျှ မကျန်ရအောင် တိုင်းရုံးကို ခေါ်လာခဲ့ရမယ်တဲ့'

'ဗျာ'

စိုးကျော် တော်တော် အံ့ဩသွားသည်။

'ဗျာ၊ ဒါ တရားဝင် လုပ်ကိုင်နေတဲ့ လုပ်ငန်းတစ်ခုပဲ။ ဥပဒေဖောက်ဖျက်တာမှ မဟုတ်ဘဲ'

စာရေးကြီးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေသည်။ ကိုစိုးကျော်လည်း ရုတ်တရက်ဆိုတော့ ပြေထွက်စရာ စကားက ပျောက်နေသည်။ ပါးစပ်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ တောခေါင်းများနှင့် စခန်းမှာ ကျန်နေသော မိန်းမတွေ၊ ကလေးတွေ သူ့အနားဝိုင်းလာကြသည်။ နောက်ရောက်သည့် ကောင်စီအဖွဲ့ကလည်း ပြင်းထန်သော စကားလုံးများဖြင့် အရုပ်လေးမျက်နှာသို့ ပစ်ပေါက်လျက်ရှိနေဆဲ။

စိုးကျော်က အခြေအနေအားလုံးကို လျင်မြန်စွာ နားလည်သဘောပေါက်သွားပြီဖြစ်သည်။

တစ်ပြိုင်နက်တည်းမှာပင် ငယ်ထိပ်တက်နေသော စိုးရိမ်စိတ် လျော့ခနဲ ကျသွားပုံက အံ့သြစရာ။ သူ မစိုးရိမ်တော့။ စိုးရိမ်စိတ် မရှိတော့သည့်အပြင် ဟားတိုက် ရယ်ချင်စိတ်ပင် ဖြစ်ပေါ်လာခဲ့သည်။

'သြ ဒါကြောင့် တိုင်းရုံးက ခေါ်တယ်ပေါ့။ အရေးယူမယ်ပေါ့၊ ဖယ်ရှားမယ်ပေါ့'

ကိုစိုးကျော်က ငေါ်တော့တော့လေသံ။

ကောင်စီအတွင်းရေးမှူးက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း စကားတွေဝင်ပြောသည်။ ဥက္ကဋ္ဌလုပ်သူကလည်း တောင်ကြည့်မြောက်ကြည့်နှင့် အော်လိုက် ဟစ်လိုက်။

'ခု လူကြီးတွေ ခေါင်းချင်းရိုက်နေကြပြီ။ မိုးမီးလောင်နေပြီ။ ဘာပဲဖြစ်ဖြစ် အရေးယူပါလို့ ပြောသွားတာမို့ တစ်ခုခုတော့ အရေးယူရမှာပေါ့။ ခင်ဗျားတို့ကလည်း လွန်တာပဲလေ။ ဘယ့်နှယ်ဗျာ၊ လမ်းဘေးကြီးမှာ ထင်းတွေကို ပေါ်တင်ကြီးပုံရောင်းနေရတယ်လို့။ တကယ်ဆို ဒီထင်းတွေကို ဖုံးတန်ဖုံး၊ ဖုက်တန်ဖုက် လုပ်ထားရမှာပေါ့'

စကားသံတွေက လှိုင်နေ၏။ သို့သော် စိုးကျော်နားထဲသို့ တစ်လုံးမှမဝင်တော့။

'ကဲ စာရေးကြီး ကျုပ်တို့ သွားနှင့် လိုက်မယ်။ ခင်ဗျားတို့ နောက်က လိုက်ခဲ့ကြပေတော့'

ကောင်စီဥက္ကဋ္ဌက ပြောပြောဆိုဆိုနှင့် သုတ်သီးသုတ်ပျာ ထွက်သွားသည်။

စိုးကျော်က သူတို့အဖွဲ့ ထွက်သွားသည်ကို ကြည့်ရင်း ဝင်းမြင့်တို့ လူသိုက်ဘက် လှည့်၍အော်သည်။

'ကဲ ဟ ကောင်တွေ၊ ကားပေါ်တက်ကြ။ တို့လည်း သွားကြမယ်။ အပြန်ရိက္ခာလေးဘာလေး ဝယ်ရအောင်လည်း ခြင်းတောင်းယူခဲ့ဦး။ အချိန်ရရင်လည်း ခေါက်ဆွဲကြော်ဝယ်စားပြီး ရုပ်ရှင်ဝင်ကြည့်ကြတာပေါ့။ ရှေ့က သွားတာ ကြွက်စုတ်အဖွဲ့ဆိုတော့ တို့ကတော့ ကျားအဖွဲ့ပေါ့ကွာ'

'အံမယ်၊ တရားစခေါ်သလိုခေါ်လို့ သွားရတာများ ကျားတဲ့။ ဘာကျားလဲ။ ကျားဖြစ်ချင်းဖြစ်ရင် ကိုးတောင်ကျားတော့ မဟုတ်ဘူး ဖွတ်ကျားပဲဖြစ်မယ်'

ဝင်းမြင့်၏ အငေါ်တူးသံကြောင့် အားလုံး ဝါးခနဲ ရယ်လိုက်ကြသည်။

မြပာန်က ကားကို စက်နှိုးလိုက်သည်။ သူတို့ ချီတက်ကြမည်။

■

**မောင်ညွန့်မှာ**

## ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ် ၈ ရက်နေ့အထိ

(၁)ကိုဆန်းကြီး *ကျည်ကာ* ၊မန္တလေး၊(၂) ကိုဆန်းကြီး *ထူးတဲ့ ဦးကျော်* ၊မန္တလေး၊ (၃) အမေ့သား *မေတ္တာပေး၍ အမုန်းရစေ* ၊မကွေး၊ (၄) စာကလေး(မော်ကျွန်း) *ဝက်ရေးတဲ့ ဖူးစာ* ၊ဧရာဝတီတိုင်း၊ (၅) စာကလေး(မော်ကျွန်း)* *လပြည့်သရဲ့အကျဉ်းသား* ၊ဧရာဝတီတိုင်း၊ (၆) မိုးသက်ဇော် *ပါးစပ်ရာဇဝင်* ၊ဧရာဝတီတိုင်း၊ (၇) ဒေးဗစ်မောင်မောင် *အပ်ကျဖက်ကလေးများ* ၊မကွေး၊ (၈) သျှားလူ *စိတ်ဖြင့်ချေသော* ၊ပြည်၊ (၉) ပြုံးနွဲ့နွဲ့ဝါ *ပိတောက်မဖြူ စိန်ပန်းမွေးသော်လည်း* ၊သထုံ၊ (၁၀) ပြုံးနွဲ့နွဲ့ဝါ *အချစ်နှင့်သစ္စာ* ၊သထုံ၊ (၁၁) သီတာကြည် *သံယောဇဉ်ပန်းတစ်ပွင့်* ၊မော်ကျွန်း၊(၁၂) ရှားမင်းဦး(မင်းကင်း) *မြင်းမိုရ်ကြိုက်တဲ့ ဝဏ္ဏ* ၊မုံရွာ၊(၁၃) ကိုစက်ဖေ *သုံးလက်မကွန်* ၊ရန်ကုန်၊ (၁၄) နတ်စောင်း(ကျိုက်ထို) *ဥတုမှားတဲ့ နှင်းသစ်ပင်* ၊ရန်ကုန်၊ (၁၅) မိုင်နွယ်နွယ်အောင် *မီဂျမ်းပုံ* ၊တောင်ငူ၊ (၁၆) ညီစောရန်နောင် *မျောက်ဖမ်းတဲ့သူ* ၊ရန်ကုန်၊ (၁၇) နေမင်းနွယ် *ဘုန်းမောင့် အပြန်လမ်း* ၊စစ်ကိုင်း၊ (၁၈) ကျောက်စက်ရဲမွန် *ဖွင့်ဆိုချက်မှားခဲ့သည့် နှလုံးသားအဘိဓာန်* ၊မွန်၊ (၁၉) မိုးကျော်စိုး(မကွေး) *ဧရာဝတီစောင့်ဖမ်းသူ* ၊မကွေး၊ (၂၀) မျိုးသည်မင်း *မန္တလေးမျက်မှန်* ၊မန္တလေး၊ (၂၁) မျိုးသည်မင်း *ရုပ်သေးည* ၊မန္တလေး၊ (၂၂) သက်မှူးခင် *နှလုံးသားနုနု သွေးခြေဥမှာစိုးပါတယ်* ၊ရန်ကုန်၊ (၂၃) သင်းအောင်သန်း *ငှက်သင့်ခြင်း* ၊နေပြည်တော်၊ (၂၄) ကွန်တာ *ပိုင်ရှင်မသိ ဖိနပ်တစ်ရံ* ၊နေပြည်တော်၊ (၂၅) မိုးအိမ်လူ *မီးခိုးရောင်အချိန်များ* ၊မကွေး၊ (၂၆) မြကေခိုင် *သမုဒ္ဒရာထဲမှာ ရှာတဲ့မိုး* ၊E-mail၊ (၂၇) လူဦးမင်း(ညောင်လေးပင်) *စာအုပ်မျက်နှာပေါ်က မျက်ရည်ပွင့်ဆွာများ* ၊ပဲခူး၊ (၂၈) ချမ်းမြစမ်း(မန်းတက္ကသိုလ်) *စပယ်ငွေပွင့် သီဆင့်ပန်တော်မူ* ၊မန္တလေး၊ (၂၉) ခိုင်လေး(ရွှေတောင်) *ဇရပ်* ၊-၊ (၃၀) ဖေမောင်ဒွေး *ဝင်းမြင့် ဝင်းတင့်* ၊မန္တလေး၊ (၃၁) မေဂျူးငယ် *ချစ်သောမောင်ငယ်* ၊ရန်ကုန်၊ (၃၂) မဏီရိုးမ *မတောင်းကောင်းတဲ့ဆု* ၊ပဲခူး၊

*အောင်မြင်ကြောင်းချီး ပြုရသည်။*



www.burmeseclassic.com

www.burmeseclassic.com



၁။

အခန်းတံခါးလော့ခ်ကို
အသာလေးလှည့်ဖွင့်ပြီး
တစ်ဆက်တည်းမှာပဲ တံခါးကို
အသံမထွက်အောင်
အသာလေး ကျိတ်ပိတ်သံကြားလိုက်
ရတယ်။ ပြီးရင် မီးခလုတ်ပိတ်သံ
ချောက်ခနဲ ကြားလိုက်ရပြီး
အခန်းတစ်ခန်းလုံး အမှောင်
ကျသွားတော့တယ်။ အဲဒီနောက်မှာ
ညင်သာတိုးဖွတဲ့ ခြေသံက ခုတင်နားကို
တရွေ့ရွေ့တိုးကပ်လာတယ်။
ခဏအကြာမှာတော့ ခုတင်က ငြိမ့်ခနဲ
အိကျသွားပြီး ဘေးနားမှာကပ်ပြီး
လှဲချလိုက်တာကို သိလိုက်ရတယ်။
မောင် ရောက်လာပြီ။
ကျွန်မက နံရံဘက်ကို
ကျောပေးအိပ်နေရင်း မှောင်ကျသွားတဲ့
နံရံကို ငေးကြည့်နေလိုက်တယ်။
အမှောင်ထဲကို ကြည့်တာ
ကြာလာတော့ မျက်စိက
ကျင့်သားရလာပြီး အခန်းထဲမှာ
လရောင်ဖြာကျနေတာကို တဖြည်းဖြည်းမြင်
လာရတယ်။ ကျွန်မ ခန္ဓာကိုယ်ကို
မောင့်ဘက် အသာလေး လှည့်စောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၂၉၊ ဧပြီ ၂၀၁၇

## မိုးသက်ဆွေ

နံရံပေါ်က နာရီကိုလှမ်းကြည့်မိတော့ ဆယ့်နှစ်နာရီခွဲခါနီးနေပြီ။ ဘေးနားက မောင့်ကိုကြည့်လိုက်တော့ အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ အပူအပင်ကင်းစွာ အိပ်မောကျသွားခဲ့ပါပြီ။ ဒါပေမဲ့ မောင့်ကိုကြည့်ရင်း ကျွန်မရင်ထဲမှာတော့ ပူလောင်မွန်းကျပ် နေခဲ့ရပါတယ်။

ခက်ထန်တင်းမာတဲ့ မျက်နှာ၊ ဒေါသတွေနဲ့ စူးရဲတောက်လောင်နေတဲ့ မျက်ဝန်းအစုံနဲ့ မောင်က ကျွန်မကို တင်းတင်းမာမာကြီး စူးစိုက်ကြည့်ပစ်ခဲ့တာ။ ပြီးတော့ ကျွန်မရင်ဝကို လှံအစင်းစင်းနဲ့ ထိုးစိုက်နေသလို နာကျင် အောင့်မျက်စေမယ့် စကားလုံးတွေနဲ့ ပစ်ပေါက်ထိုးနှက်နေခဲ့တာ။

မနက်က ကျွန်မ ရုံးသွားခါနီး အချိန်လေးမှာ မောင်နဲ့ကျွန်မ အကြီးအကျယ် စကားများခဲ့ကြတယ်။ အကြီးအကျယ် ဆိုတာက

www.burmeseclassic.com

**ကျွန်မ ခန္ဓာကိုယ်ကို မောင့်ဘက် အသာလေး လှည့်စောင်းပြီး နံရံပေါ်က နာရီကို လှမ်းကြည့်မိတော့ ဆယ့်နှစ်နာရီ ခွဲခါနီးနေပြီ ဘေးနားက မောင့်ကို ကြည့်လိုက်တော့ အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ အပူအပင်ကင်းစွာ အိပ်မောကျ သွားခဲ့ပါပြီ**

မောင့်ဘက်က ပြင်းထန်လှတဲ့ ပေါက်ကွဲမှုတွေကို ဆိုလိုတာပါ။ ကျွန်မဘက်ကတော့ ကျွန်မ သိချင်တာတစ်ခုကို အေးအေးဆေးဆေးမေးခဲ့ရုံလေးတစ်ခုပါပဲ။ ဒါကလည်း မောင့်ရဲ့တရားဝင်ဇနီးမယားတစ်ယောက်အနေနဲ့ မေးသင့်မေးထိုက်တယ်ထင်လို့ မေးခဲ့တာပါ။ တစ်ခါတလေကျတော့လည်း မောင့်ကို ကျွန်မ စကားတစ်ခွန်းလောက် မေးလိုက်ချင်ပါတယ်။ 'ရှင် သိပ်ကိုတရားလွန်နေပြီလို့ ရှင့်ကိုယ်ရှင် မထင်မိဘူးလား' လို့လေ။ တရားဝင်ဇနီးမယားတစ်ယောက်ရှိထားတဲ့ မောင်က သူစိမ်းမိန်းကလေးတစ်ယောက်ကို ခေတ်မီလှပတဲ့ လက်ကိုင်အိတ်တွေ၊ လုံချည်၊ အင်္ကျီတွေ အကြိမ်ကြိမ်ဝယ်ပေးနေတာကို သိရတဲ့ ကျွန်မအနေနဲ့ မောင့်အပေါ်မှာ ဘယ်လိုမျိုး သဘောထားပေးရမှာတဲ့လဲ။ မောင်ဟာ အရမ်းပေးကမ်းရက်ရောတဲ့သူကြီးပါလို့ အကောင်းမြင်ပေးရမှာတဲ့လား။ လုံးဝမြင်ပေးလို့ မရနိုင်ပါဘူး။

မောင် စာတိုက်ကနေ ပို့ခဲ့တဲ့ ပါဆယ်ဖြတ်ပိုင်းကို ကြည့်ပြီး ကျွန်မလက်တွေ တုန်ယင်နေခဲ့တယ်။ ရင်ထဲမှာ မီးစနဲ့ အထိုးခံရသလိုကို ပူစပ်ပူလောင်နိုင်လွန်းလှပါတယ်။ ကျွန်မက ရှင် ဟိုတစ်ယောက်ကို အထည်တွေပို့ခဲ့ပြန်ပြီပေါ့လေလို့ မေးလိုက်တဲ့ ခဏ မောင့်မျက်နှာ ဖြစ်ပျက်သွားပုံများ ကျွန်မ စိတ်တကယ် ပျက်မိပါတယ်။ 'မိတ်ဆွေစိတ်နဲ့ ပို့တာပါကွာ' တဲ့။ 'ရှင်အပိုတွေပြောမနေနဲ့' လို့ ပြောမိတာကစပြီး မောင် ကျွန်မအပေါ် ဒေါသယမ်းအိုးပေါက်ကွဲခဲ့တော့တာပါပဲ။ မောင်က သူခိုးက လူပြန်ဟစ်ဆိုတဲ့ စကားလို ပြောင်းပြန်ကြီး ပေါက်ကွဲပြနေခဲ့တော့လည်း ကျွန်မကပဲ အခါများစွာကလို အလျှော့ပေး၊ အရှုံးပေးခဲ့ရတာပါပဲ။ မဟုတ်ရင် မောင့်ရဲ့ တစ်ဖက်သတ်ဆန်တဲ့ စွပ်စွဲချက်တွေနဲ့ ကျွန်မကပဲ ပြန်တောင်းပန်ရမယ့် ကိန်းဆိုက်လာတော့မှာလေ။ ဒါကို ကျွန်မက ကြိုသိနေခဲ့တော့လည်း မောင့်ရဲ့ အဓိပ္ပာယ်မရှိတဲ့ ဆင်ခြေဆင်လက်တွေ၊ အလိမ်အညာစကားတွေကို ယုံချင်ယောင်ဆောင်ပြီး ခေါင်းညိတ် မျက်နှာလွှဲခဲ့ရတော့တာပဲပေါ့။ မောင်ကတော့ ထင်နေမှာပဲ ငါ့မိန်းမဟာ ခပ်တုံးတုံး ခပ်အအ မိန်းမတစ်ယောက်ပါလားလို့လေ။ အမှန်ကတော့ မောင်ထင်သလို ကျွန်မက ခပ်တုံးတုံး ခပ်အအ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ ကျွန်မက မောင် ပြန်ပြီး ကျွန်မအပေါ် နားလည်လာမယ့် အချိန်၊ ကျွန်မတို့နှစ်ယောက် အရင်လိုပြန်ပြီး ချစ်ခင်ယုယ ကြင်နာလာမယ့်အချိန်ကို မျှော်လင့်နေခဲ့တာပါ။ အမှန်တကယ်ပဲ ကျွန်မက အဲဒီအချိန်တွေကို မျှော်လင့်နေခဲ့တာ။ ဒါပေမဲ့ အဲဒီအချိန်ကာလတွေ ကျွန်မတို့နှစ်ယောက်ဆီ ပြန်ရောက်လာနိုင်ပါဦးမလား ဆိုတာကိုတော့ ကျွန်မအနေနဲ့ သိပ်ပြီး ယုံကြည်စိတ်ချခြင်း ရှိမနေခဲ့ပါဘူး။

❑

အမှန်တကယ်တော့ မောင်ဟာ သိပ်ကို အေးချမ်းတည်ငြိမ်ပြီး ရိုးသားတဲ့သူတစ်ယောက်ပါ။ စကားပြောရင်လည်း လေးနက်တည်ကြည်ပြီး ရိုးရိုးရှင်းရှင်းပဲ ပြောတတ်ပါတယ်။ မောင့်ဆီမှာ ရှိတဲ့ အရည်အချင်းတွေထဲက ကျွန်မ အကြိုက်ဆုံးကတော့ ကျွန်မကလွဲပြီး တခြားမိန်းကလေးတွေကို စိတ်မဝင်စားတတ်တာပဲ။ ပြီးရင် မောင်က မိန်းကလေးကိစ္စနဲ့ ပတ်သက်လာရင် သူငယ်ချင်းတွေကိုတောင် အထင်သေးရှုတ်ချတတ်တဲ့သူမျိုးပါ။ မောင့်သူငယ်ချင်းတစ်ယောက် မိန်းကလေးကိစ္စနဲ့ လင်မယားကွဲမလိုဖြစ်တုန်းက အဲဒီသူငယ်ချင်းကို မောင်က ကျွန်မရှေ့မှာပဲ ခပ်မာမာ ခပ်တင်းတင်း စကားလုံးတွေနဲ့ ပြောဆိုရှုတ်ချခဲ့တာလေ။ နောက်ပိုင်း အဲဒီသူငယ်ချင်း အိမ်လာလည်ရင်တောင် အတွေ့မခံဘဲ ရှောင်နေထတ်တော့တာ။ အဲဒီလို ယောကျ်ားမျိုးကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အတွက် ကျွန်မ သိပ်ပြီး ကျေနပ်ပျော်ရွှင်ခဲ့ရတယ်။ မိန်းကလေးကိစ္စနဲ့ ပတ်သက်ပြီး လှည့်ကြည့်စရာမလိုလောက်အောင် ကျွန်မ ယုံကြည်စိတ်ချခဲ့ရတယ်။

ကျွန်မမိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ကျွန်မရုံးကလူတွေကတော့ အိမ်ထောင်သက်ဆယ်နှစ်နီးပါးရှိလာတဲ့အထိ ကလေးမရတဲ့ ကျွန်မတို့ လင်မယားနှစ်ယောက်ကိုကြည့်ပြီး 'မပျင်းကြဘူးလား၊ အရမ်းနေတတ်ကြတာပဲနော်၊ ကလေးမရှိဘာမရှိနဲ့ အိမ်ထောင်ရေးကခြောက်ကပ်ကပ်မနိုင်ဘူးလား' ဆိုပြီး ခဏခဏ မေးတတ်ကြပါတယ်။ အဲဒီအခါမျိုးမှာတော့ ကျွန်မက 'မပျင်းပါဘူး။ ဒီလိုနေလာတာပဲကြာလှပြီဟာ၊ ပျင်းချိန်တောင်မရှိပါဘူး' ဆိုပြီး ခပ်ကြွားကြွားလေး ပြန်ပြောတတ်ပါတယ်။ မောင်က စာအုပ်အငှားဆိုင်လေးဖွင့်ထားပြီး သူ့ဝါသနာပါတဲ့ စာရေးတဲ့အလုပ်ကို လုပ်တယ်။ ကျွန်မကလည်း ရုံးအလုပ်တစ်ဖက်၊ အိမ်အလုပ်တစ်ဖက်နဲ့ဆိုတော့ တကယ်ကို ပျင်းစရာတောင်း မနေခဲ့ကြပါဘူး။

www.burmeseclassic.com

တချို့ကျတော့လည်း ကျွန်မက တဖြည်းဖြည်း အသက်ကြီးလာပြီး ရင့်ရော်လာတဲ့အချိန် မောင်က အရွယ်ကောင်းလေးကျန်နေတဲ့ အချိန်ကျရင် မောင် ဖောက်ပြန်သွားမှာကို ထောက်ပြကြတယ်။ မောင့်ထက် ကျွန်မက ဆယ်နှစ်နီးပါးကြီးတယ်လေ။ ဒါပေမဲ့ အဲဒါကိုလည်း ကျွန်မက လုံးဝ အယုံအကြည်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်ဟာ ဂုဏ်သိက္ခာကို မြတ်နိုးပြီး ကိုယ်ကျင့်တရားကို ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့သူမို့ပါ။ 'မောင်တို့ အဖေအမေ၊ မောင်တို့ ဆွေမျိုးသားချင်းတွေထဲမှာ အိမ်ထောင်ရေးဖောက်ပြန်သူ လုံးဝမရှိဘူး' ဆိုပြီးတော့တောင် ဂုဏ်ယူနေတတ်တဲ့သူမျိုးလေ။ အဲဒီတော့လည်း ကျွန်မအနေနဲ့ မောင့်ကို စိတ်ချပြီးရင်း စိတ်ချနေခဲ့ရတော့တာပဲပေါ့။

❑

အဲဒီတုန်းက အေးချမ်းသာယာလှပါတယ် ဆိုတဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးအခြေအနေဟာ မုန်တိုင်းမလာခင် တိတ်ဆိတ်ငြိမ်သက်နေခဲ့မှုမျိုးနဲ့များ ခပ်ဆင်ဆင်တူနေခဲ့ဦးမလား မသိပါဘူး။ ကံကြမ္မာမုန်တိုင်းဟာ ကျွန်မတို့နှစ်ယောက်ရဲ့ ဘဝထဲကို တွန်းထိုးမွှေယမ်း တိုက်ခိုက်ပစ်ဖို့ တိတ်တဆိတ် အားယူနေခဲ့ပုံမျိုးလေ။

ရယ်စရာတော့ အကောင်းသားပါပဲ။ ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး မိန်းကလေးတွေကို စိတ်မဝင်စားတတ်တဲ့ မောင်က လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်ထဲက 'ချိုဝေလွင်' ဆိုတဲ့ မိန်းကလေးနဲ့ကျမှ သံယောဇဉ်တွေ ဘာတွေဖြစ်မိပါတယ်လို့ ရုတ်တရက်ကြီး ကျွန်မကို ဝန်ခံခဲ့တဲ့အဖြစ်လေ။ မောင့်ကို ယုံကြည်လွန်းလို့ မောင်နဲ့ပတ်သက်သမျှ သိပ်စူးစမ်းခြင်းမရှိဘဲ အလေးမထားခဲ့တဲ့အဖြစ်ဟာ အခုအချိန်မှာတော့ နောင်တရစရာတွေ ဖြစ်လာခဲ့ရပါပြီ။

နောက်ပိုင်းမှာ ညနက်သန်းခေါင် မောင် စာကြည့်ခန်းထဲက မထွက်ဘဲနေတတ်တာ။ ကျွန်မ ရုံးပိတ်ရက်တွေမှာ မောင့်စာအုပ်အငှားဆိုင်လေးကို လာတော့လည်း မောင် ဖုန်းတစ်လုံးနဲ့ အလုပ်တွေရှုပ်နေတတ်တာ။ ဒါတွေဟာ မောင်နဲ့ ချိုဝေလွင်ဆိုတဲ့ ရန်ကုန်က ကောင်မလေးတို့ သံယောဇဉ်ဖြစ်နေကြတာပါလားဆိုတာကိုတော့ ရိုးသားစွာ ကျွန်မ မသိခဲ့ရိုးအမှန်ပါ။ ကျွန်မ သိတဲ့အချိန်လည်း ရောက်ရော အရာရာဟာ နောက်ကျနေခဲ့ပြီလေ။

တစ်ရက်မှာ နေ့လယ်ခင်းကြီး ရုတ်တရက် ကျွန်မရုံးကို မောင် ဖုန်းဆက်လာခဲ့တယ်။ မောင် မနက်ဖြန် ရန်ကုန်သွားမလို့ လက်မှတ်တောင် ဝယ်ထားပြီးပြီတဲ့။ မောင်ပြောတဲ့ပုံစံက ကျွန်မဆီက ခွင့်တောင်းတာမျိုးမဟုတ်ဘဲ လှမ်းအသိပေးတဲ့ ပုံစံမျိုးပါ။ ဘာအရေးကြီးကိစ္စရှိလို့လဲဆိုတော့ မောင့်သူငယ်ချင်းအဖော်ကောင်းတုန်း လိုက်သွားပြီး ဆိုင်အတွက် လိုအပ်တဲ့စာအုပ်တွေဝယ်မလို့ပါတဲ့။ ကျွန်မကလည်း ရိုးရိုးတန်းတန်းထင်ပြီး 'အင်းလေ၊ သွားမယ်ဆိုလည်း သွားပေါ့။ လက်မှတ်တောင်ဝယ်ထားပြီးပြီပဲဥစ္စာ' ဆိုပြီး ခွင့်ပြုခဲ့တာပါပဲ။ ဒါပေမဲ့ ကျွန်မ ဘယ်လိုမှ မမျှော်လင့်ထားတဲ့ အံ့သြစရာအဖြစ်အပျက်တွေဟာ အဲဒီည ထမင်းစားပွဲမှာ မောင်နဲ့ကျွန်မ ထမင်းထိုင်စားနေကြရင်း ဖြစ်ပျက်ခဲ့တာပါပဲ။

'မောင် ရန်ကုန်ကို တန်းသွားမှာ မဟုတ်ဘူး ချို။ မန္တလေးမှာ တစ်ရက်၊ နှစ်ရက်လောက် နေဦးမှာ'

'အို . . .' ကြားလိုက်ရတဲ့စကားက ဘာမှန်းညာမှန်း သေချာမသိလိုက်ရဘဲ ရုတ်တရက်ကြီး ကျွန်မဘေးနားမှာ ဗုံးတစ်လုံးထ,ပေါက်ကွဲသွားခဲ့သလိုမျိုးပါပဲ။ လက်ထဲက ထမင်းလုတ်ကိုတောင် ပါးစပ်ထဲ မထည့်နိုင်တော့ဘဲ လေထဲမှာတင် တန့်ရပ်သွားခဲ့ရတဲ့အဖြစ်။

ကျွန်မကို မောင် ဘယ်လိုများခေါ်လိုက်တာပါလိမ့်။ ကျွန်မက မောင် 'စိုးစိုး' ကို ဘယ်လိုခေါ်လိုက်တာလဲလို့ မေးလိုက်တော့မှ မောင်ဟာ ကိုယ့်အမှားကိုယ် သတိထားမိသွားပြီး ခေါင်းငိုက်စိုက်ကျသွားခဲ့ရတော့တာ။ မောင်က ကျွန်မကို 'ချို' လို့ ခေါ်လိုက်တာလေ။ ကျွန်မနာမည် စိုးစိုးဆိုတာကို မောင် ရုတ်တရက်ကြီး မေ့လျော့သွားခဲ့တာတော့ မဖြစ်နိုင်ဘူး မဟုတ်လား။ မောင်ဟာ ကျွန်မရှေ့မှာ ဘယ်လိုမှ ဆက်ပြီး ထိုင်မနေနိုင်တော့လောက်အောင် ရှက်ရွံ့သွားခဲ့တာပါ။ ကျွန်မရဲ့ မျက်နှာကို မကြည့်ရဲတော့တဲ့ မောင်ဟာ ထမင်းစားစားပွဲကနေ ထ,ပြီး စာကြည့်ခန်းထဲ ဝင်သွားခဲ့တယ်။ ကျွန်မသာ စားပွဲပေါ်က ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေကို ကြည့်ပြီး အသိစိတ်ကင်းမဲ့သွားတဲ့သူတစ်ယောက်လို ထိုင်ကျန်နေရစ်ခဲ့တော့တယ်။

ရှုပ်ထွေးမွှန်းကျပ်တဲ့စိတ်၊ ဆို့နင့်ကြေကွဲတဲ့စိတ်၊ အံ့သြစိုးရိမ်တဲ့စိတ်၊ ယူကျုံးမရထိခိုက်နာကျင်ရတဲ့စိတ်တွေကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရတဲ့ ကျွန်မအဖြစ်က အသိစိတ်ကို ဖမ်းဆုပ်နိုင်ဖို့တောင် ရုတ်တရက် ခက်ခဲနေခဲ့ပါတယ်။ ခဏအကြာမှာတော့ မောင် စာကြည့်ခန်းထဲက ထွက်လာခဲ့တယ်။

'မောင် ရန်ကုန် မသွားတော့ဘူးနော်' တဲ့။ မောင်က ရုတ်တရက်ကြီး တောက်တာငင်ကာ ပြောလာပါတယ်။ ကျွန်မကတော့ အခုအချိန်ထိ အဖြစ်အပျက်တွေကို ဘာတစ်ခုမှ သေချာရေရာ နားလည်ခြင်းရှိမနေခဲ့သေးဘူး။ မောင့်မျက်နှာဟာ အပြစ်တစ်စုံတစ်ခုကို ကျူးလွန်ထားတဲ့သူတစ်ယောက်ရဲ့ မျက်နှာလို ရှက်ရွံ့သိမ်ငယ်မှုတွေနဲ့ ညှိုးရော်နွမ်းဖတ်လို့။

'စိုးစိုး မေးမယ်၊ မောင် အမှန်အတိုင်း ဖြေပေးပါ'

မောင်က အပြစ်ရှိသူတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့ ကျွန်မကိုကြည့်ပြီး ခေါင်းညိတ်ပြပါတယ်။

'ချိုဆိုတာ ဘယ်သူလဲ၊ ဘယ်က ကောင်မလေးလဲ။

www.burmeseclassic.com

> တစ်ခါတလေ ကျတော့လည်း မောင့်ကို ကျွန်မ စကား တစ်ခွန်းလောက် မေးလိုက်ချင်ပါတယ် 'ရှင် သိပ်ကို တရားလွန်နေပြီလို့ ရှင့်ကိုယ်ရှင် မထင်မိဘူးလား'လို့ လေ

မောင်နဲ့ ဘယ်လိုပတ်သက်မှု ရှိလဲ'

မောင်က အမှန်အတိုင်း ဝန်ခံခဲ့ပါတယ်။ ချိုဆိုတာ သူနဲ့ ဖေ့စ်ဘွတ်ခ်မှာတွေ့ပြီး သံယောဇဉ်ဖြစ်နေတဲ့ ရန်ကုန်က ကောင်မလေးပါတဲ့။ မောင် ရှေ့ဆက်ပြီးပြောနေတဲ့ စကားလုံးတွေကို နားထောင်ပြီးချိန်မှာတော့ ကျွန်မရှေ့မှာ ထိုင်နေတဲ့ မောင်ဟာ ကျွန်မနဲ့ ဆယ်နှစ်နီးပါးပေါင်းသင်းလာခဲ့တဲ့၊ ကျွန်မ သိပ်ချစ်ရတဲ့ မောင် မဟုတ်တော့ဘဲ ကျွန်မ လုံးဝမသိရှိခဲ့ဖူးတဲ့ သူစိမ်း တစ်ယောက်လို မြင်တွေ့ခံစားနေခဲ့ရတော့တာပါပဲ။

မောင့်စကားတွေ နားထောင်ပြီး ကျွန်မရင်ထဲက ရှိရှိသမျှ အရာအားလုံးကို ရုတ်တရက်ကြီး ဆွဲယူလွှင့်ပစ်ခံလိုက်ရသလိုမျိုး ဆို့နင့်နာကျင်လွတ်ဟာပြီး အူလှိုက်သည်းလှိုက် ကျွန်မ ငိုကြွေးခဲ့မိတယ်။ ကျွန်မ ပခုံးနှစ်ဖက်ကို လှုပ်ယမ်းပြီး ကျွန်မနာမည်ကို တတွတ်တွတ်ခေါ်နေတဲ့ မောင့်ကိုတောင် မေ့လျော့သွားခဲ့မိတယ်။ မောင်က ကျွန်မကိုကြည့်ပြီး အလွန်အမင်း စိတ်မကောင်းဖြစ်နေခဲ့ပါတယ်။ ပြီးတော့ မောင် ရန်ကုန် မသွားတော့ဘူးနော်လို့လည်း ပြောရှာပါတယ်။ ဒါပေမဲ့ အဲဒီလိုမျိုးကျတော့လည်း ကျွန်မ မကြိုက်ပြန်ပါဘူး။ သွားဖို့ရာ အားလုံးစီစဉ်ထားခဲ့ပြီးမှ ကျွန်မကြောင့် မသွားဖြစ်တာမျိုးကိုတော့လည်း မဖြစ်စေချင်ဘူး။

'စိုးစိုး တစ်ခုပဲမေးမယ် မောင်။ ဒီခရီးဟာ ချိုဝေလွှင် ဆိုတဲ့ ကောင်မလေးဆီ သက် သက်သွားဖို့ ရည်ရွယ်ထားတဲ့ခရီးတော့ မဟုတ်ဘူး မဟုတ်လား'

'မဟုတ်ပါဘူးကွာ' လို့ မောင်က ပြန်ဖြေခဲ့တယ်။

အဲဒီတုန်းက မောင့်ကို ရန်ကုန်သွားဖို့ ခွင့်ပြုလိုက်မိတဲ့ ကျွန်မစိတ်ကို အခုအချိန်ထိ လုံးဝ နားမလည်ပါဘူး။ ဘယ်လိုစိတ်မျိုးနဲ့များ ကျွန်မ ခွင့်ပြုခဲ့မိတာပါလိမ့်။ မောင် ရန်ကုန်သွားနေတဲ့ အချိန်အတောအတွင်းဟာ ကျွန်မအတွက်တော့ တကယ့်ကို ငရဲကျနေတဲ့ အချိန်တွေပါပဲ။ ကျွန်မစိတ်ထဲမှာ မတွေးချင်ပေမဲ့လည်း ဒီအချိန်ဆို မောင် တစ်ယောက် ချိုဝေလွှင် ဆိုတဲ့ ကောင်မလေးနဲ့ တွေ့နေတော့မှာပဲ ဆိုတဲ့ အတွေးကို မတွေးဘဲ မနေနိုင်ပြန်ပါဘူး။ ညဘက်တွေဆို ကျွန်မတစ်ယောက်တည်း မျက်လုံးတွေ ရဲပေါက်နေတဲ့အထိ ငိုကြွေးနေခဲ့မိတယ်။ အလွန်တရာ ဆိုးဝါးတဲ့အဖြစ်အပျက်တစ်ခုဟာ မကြာခင်မှာ ကျွန်မဆီ သေချာပေါက်ဆိုက်ရောက်လာတော့မယ်လို့ ယုံကြည်ခံစားနေခဲ့ရသလိုမျိုး သွေးပျက်ချောက်ချားနေခဲ့တယ်။

နေ့ရက်တချို့ကို နာကျင်စွာ ဖြတ်သန်းလာပြီးတဲ့နောက်မှာတော့ ကျွန်မစိတ်တွေဟာ ရုတ်တရက် ထုံဆေးပေးခံလိုက်ရတဲ့ လူနာတစ်ယောက်လိုမျိုး နာကျင်မှုကို မေ့လျော့သွားခဲ့ပြီး အနည်းငယ် တည်ငြိမ်စပြုလာခဲ့ပါတယ်။ အဲဒီအခါကျမှပဲ ကျွန်မ ဘာဆက်လုပ်သင့်လဲ ဆိုတဲ့ အတွေးမျိုး ခေါင်းထဲပေါ်လာခဲ့တော့တယ်။ အခုလိုအခြေအနေမျိုးမှာ ကျွန်မ ဘာလုပ်သင့်ပါသလဲ။ မောင်ပြန်လာရင် ကျွန်မက ကြည်ကြည်ဖြူဖြူနဲ့ သဘောထားကြီးကြီးထားပြီး မောင့်ကို လွတ်လပ်ခွင့်ပေးပါတယ် ဆိုပြီး လဗ်မယားကွာရှင်းလိုက်ရမှာလား။ အဲဒီလိုမျိုး တွေးမိတော့လည်း ကျွန်မစိတ်က လက်မခံချင်ဘူးဖြစ်နေပြန်တယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ သာယာအေးချမ်းခဲ့တဲ့ အိမ်ထောင်ရေးကို ဒီအဖြစ်အပျက်လေးတစ်ခုကြောင့် အပြီးအပိုင် လမ်းခွဲပြတ်စဲလိုက်သင့်သတဲ့လား။ ဒါမှမဟုတ်ရင် ချိုဝေလွှင် ဆိုတဲ့ ကောင်မလေးနဲ့ ကျွန်မ သွားတွေ့ပြီး နောက်ဆုတ်ပေးဖို့ မေတ္တာရပ်ခံရမှာလား။ အဲဒီလိုအတွေးမျိုး တွေးမိတော့ ခပ်ညံ့ညံ့ဗီဒီယိုဇာတ်ကားတွေထဲက ဇာတ်ဝင်ခန်းတချို့ကို ဖျတ်ခနဲသတိရသွားမိတယ်။ အိမ်ထောင်သည်အမျိုးသမီးက သူ့ယောကျ်ားနဲ့ပတ်သက်နေတဲ့ မိန်းကလေးကို ပိုက်ဆံတွေ ဘာတွေပေးပြီး နောက်ဆုတ်ခိုင်းတာမျိုးတွေလေ။ ကောင်မလေးကလည်း 'အို... ကျွန်မဘက်ကတော့ လုံးဝ နောက်မဆုတ်ပေးနိုင်ပါဘူး' ဆိုပြီး ခပ်ရင့်ရင့်ပြန်ပြောနေတဲ့ ပုံမျိုးလေ။ တကယ်ကို စိတ်ပျက်စရာကောင်းလွန်းလှပါတယ်။ အဲဒီလို ဇာတ်ကားမျိုးတွေဆို ကျွန်မက အစကတည်းက လုံးဝကို မနှစ်မြို့နိုင်ဘဲ ရွံရှာခဲ့မိတာပါ။ အဲဒီလို အဆင့်အတန်းမရှိတဲ့ အလုပ်မျိုးကိုလည်း ကျွန်မက သေတဲ့အထိ လုပ်မှာ မဟုတ်ပါဘူး။ ဒါဆို ကျွန်မ ဘာလုပ်သင့်သလဲ။ ဒီအတိုင်းလေးပဲ ကျွန်မဘက်က ဘာမှ မပြောင်းလဲဘဲ မောင့်အခြေအနေကို စောင့်ကြည့်နေရမှာလား။ ကျွန်မကသာ ရှေ့ဆက်ရမယ့် အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင် တွေးနေပေမဲ့ မောင် ပြန်ကောပြန်လာပါတော့မလား ဆိုတဲ့ အတွေးကို တွေးမိချိန်မှာတော့ ရုတ်တရက်ကြီး ကျွန်မ ငိုပစ်လိုက်မိပါတော့တယ်။

မောင် ရန်ကုန်သွားနေတဲ့အတောအတွင်း ကျွန်မ စိတ်တွေ ရှုပ်ထွေးမွန်းကျပ်ခဲ့ရတယ်။ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခန်းထဲမှာ တစ်ယောက်တည်းထိုင်နေရင်း စိတ်လွတ်လက်လွတ် ဖူးဖူးဝါးဝါး အသံကုန်ခြစ်ပြီးတော့ကို အော်ဟစ်ပစ်ချင်တဲ့ စိတ်တွေပေါက်နေခဲ့မိတယ်။

❑

အဖြစ်အပျက်တစ်ခုဟာ သွေးပူနေတုန်းခဏအတွင်းမှာတော့ အခုပဲ ကမ္ဘာပျက်တော့မလို၊ အခုပဲ သေရတော့မလို ခံစားနေရပေမဲ့ သွေးအေးသွားတဲ့ အချိန်မျိုးမှာကျတော့လည်း အခြေအနေက ငါထင်သလောက်မဆိုးပါလားဆိုတာကို မောင်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာတဲ့နေ့မှာ ကျွန်မနားလည်သိရှိခဲ့ရတယ်။

ကံတရားကပဲ ဖေးမ,ခဲ့တာလား၊ ဒါမှမဟုတ် နဂိုကတည်းက ကျွန်မကပဲ သိပ်ဆိုးဆိုးဝါးဝါးတွေ တွေးနေခဲ့မိတာပဲလားတော့မသိပါဘူး။ မောင့်ပုံစံက အရင်လိုပါပဲ။ ဘာမှသိပ်ပြောင်းလဲမှုမရှိပါဘူး။ အရင်ကထက်စာရင်တော့ ကျွန်မအပေါ်မှာ နည်းနည်းစိမ်းသက်သက်ကလေးဖြစ်နေသလိုတော့ ခံစားရတယ်။ ဒါကလည်း ကိစ္စမရှိပါဘူး။ မောင် သူ့လုပ်ရပ်အတွက် ရှက်ရွံ့သိမ်ငယ်နေလို့ ဖြစ်မှာပါလေလို့ ကျွန်မဖြေတွေးခဲ့မိတယ်။ ဒါပေမဲ့ တချို့ကိစ္စတွေဟာ ကျွန်မထင်သလောက် မရိုးရှင်းဘူးဆိုတာ မကြာခင် သိခဲ့ရတယ်။

မောင့်စာရေးစားပွဲပေါ်က စာပို့လက်မှတ်ဖြတ်ပိုင်းလေးတစ်ခုကို အမှတ်မထင်တွေ့မိရာက စ,တာပါ။ ချိုဝေလွင်လို့ လိပ်စာတပ်ထားပြီး ပို့တဲ့ ပစ္စည်းနေရာမှာ အထည်လို့ ရေးထားတာပါ။ ကျွန်မလေ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားခဲ့ရတယ်။ မောင်တို့နှစ်ယောက်ဇာတ်လမ်းက မပြီးကြသေးဘူးလား။ ဖြတ်ပိုင်းလေးကိုကိုင်ရင်း ဒေါသကြောင့် ကျွန်မတစ်ကိုယ်လုံး တုန်ယင်နေခဲ့တယ်။

ညနေ မောင် ဆိုင်သိမ်းပြီးပြန်လာတော့ ကျွန်မလည်း ဘာစကားမှ ပလ္လင်ခံမနေတော့ဘဲ တဲ့တိုးပဲ မေးလိုက်တော့တယ်။

'ရှင်နဲ့ ဟိုကောင်မလေးနဲ့က ဘာတွေလဲ၊ မပြတ်ကြသေးဘူးလား။ ရန်ကုန်မှာ ရှင်တို့နှစ်ယောက် ဘယ်အခြေအနေထိရောက်ခဲ့ကြသလဲ။ အဲဒါ ကျွန်မ သိချင်တယ်'

ကျွန်မရဲ့ ဒေါသထွက်နေတဲ့ပုံစံနဲ့ စကားတွေကို နားထောင်ပြီးချိန်မှာတော့ မောင့်မျက်နှာဟာ စိတ်ညစ်ရှုပ်ထွေးနေတဲ့ပုံစံနဲ့ ပြတင်းပေါက်အပြင်ဘက်ငေးကြည့်နေခဲ့တယ်။ ခဏကြာမှ 'မိတ်ဆွေအဆင့်ပါ စိုးစိုးရာ' ဆိုပြီး အသံကိုအတည်ငြိမ်ဆုံးထားပြီး ပြောလာတယ်။ 'ဒါဆို ဒါက ဘာလဲ' ကျွန်မလက်ထဲက စာတိုက်ဖြတ်ပိုင်းလေးကို မြင်သွားတော့. မောင့်မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။ အချိန်တော်တော်ကြာတဲ့အထိ ပြန်မဖြေဘဲ ကြမ်းပြင်ကို စိုက်ကြည့်နေတယ်။

'ပြောလေ' လို့ ကျွန်မ အော်လိုက်တော့မှ စိတ်ရှုပ်ဒေါသထွက်နေတဲ့အသံနဲ့ 'အဲဒါက မိတ်ဆွေသံယောဇဉ်နဲ့ ပို့တာလေ၊ ဘာလဲ မပို့ရဘူးလား' တဲ့။

မောင့်အဖြေစကားကို ကြားပြီးချိန်မှာတော့ ကျွန်မ မောင့်ကို ကြောင်ပြီးတော့ ကြည့်နေမိတယ်။ ရုတ်တရက် ဘာဆက်ပြောလို့ ပြောရမှန်းလည်း မသိတော့ဘူး။ ကျွန်မ အဲဒီလို မှင်တက်မိနေတုန်း မောင့်ပါးစပ်က စကားတွေ တရစပ်ထွက်ကျလာတော့တာပါ။

'ဒီမှာ စိုးစိုး မောင်တို့မှာ ကလေးလည်းရှိတာ မဟုတ်ဘူး။ ပြီးတော့ အိမ်ထောင်ရေးသုခဆိုတာလည်း ဘာမှမရှိဘူး။ မောင်ပြောချင်တာက စိုးစိုးဘေးမှာ မောင်ရှိနေမယ်။ ဒါပေမဲ့ မောင့်ကို လွတ်လပ်ခွင့်လေးတော့ပေး... ဟုတ်ပြီလား' တဲ့။ မောင်ဟာ သူပြောချင်ရာပြောပြီး အခန်းထဲဝင်သွားတော့တယ်။ ကျွန်မသာ မောင့်စကားတွေကို နားထောင်ပြီး ကြက်သေသေရင်း အပြင်မှာကျန်နေခဲ့တော့တယ်။ မောင် ဘာလို့ အဲဒီလိုပြောင်းလဲသွားခဲ့ရတာလဲ။ အရင်က မောင်က ဒီလိုမျိုးမှမဟုတ်တာ။ ကျွန်မလေ ဘာတစ်ခုမှကို နားမလည်တော့ပါဘူး။

နောက်ပိုင်းမှာတော့ ရုံးက ကောင်မလေးတစ်ယောက်ကို ကျွန်မအတွက် ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခု ဖွင့်ခိုင်းလိုက်တယ်။ ပြီးတော့ ချိုဝေလွင်ဆိုတဲ့ ကောင်မလေးကို ရှာ၊ အတ်(add)ပြီး ကျွန်မ သူ့ Wall ထဲ ဝင်ကြည့်တယ်။ အဲဒီမှာ ကောင်မလေးတင်ထားတဲ့ပုံတွေကို အများကြီး တွေ့ရတော့တာပါပဲ။ ကောင်မလေးဟာ ဈေးဝယ်စင်တာကြီးတစ်ခုထဲက အလှအပပစ္စည်းတွေ ရောင်းတဲ့ဆိုင်မှာ အရောင်းဝန်ထမ်းလုပ်နေတာပါ။ လှပကြော့ရှင်းတဲ့ ကိုယ်ဟန်မှာ ခေတ်မီလှပတဲ့ အဝတ်အစားတွေ ဆင်မြန်းထားတဲ့ ကောင်မလေးပုံစံက အတော်လေး ချစ်စရာကောင်းပါတယ်။ မောင်နဲ့ဆိုရင် အသက်သိပ်မကွာလောက်ဘူး။ ငယ်လည်း တစ်နှစ်၊ နှစ်နှစ်ပေါ့။ ဒါကြောင့် မောင် အပြောင်းလဲကြီး ပြောင်းလဲသွားတာကိုး။

ဖေ့စ်ဘွတ်ခ် အကြောင်း ရုံးက ကောင်မလေးတွေကို စပ်စုကြည့်တော့ အကျိုးရှိတာတွေကော၊ အကျိုးမရှိတာတွေကော ကြားရတော့တာပါပဲ။ ဖေ့စ်ဘွတ်ခ်ထဲမှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှာနိုင်တယ်။ စာပေဗဟုသုတတွေ လေ့လာလိုက်စားနိုင်တယ်။ တစ်ကမ္ဘာလုံးမှာ ဖြစ်ပျက်နေတဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ သိနိုင်တယ်။ ဒါပေမဲ့ လူတော်တော်များများက ဖေ့စ်ဘွတ်ခ်ကို တလွဲသုံးနေကြတာများပါတယ်တဲ့။ ဖေ့စ်ဘွတ်ခ်မှာတွေ့ပြီး သားပစ်မယားပစ်နဲ့ လိုက်ပြေးကြတဲ့သူတွေ တစ်ပုံကြီးတဲ့။ အဲဒီစကားတွေကြားရချိန်မှာတော့ ကျွန်မစိတ်ထဲ ဘုရားတ,မိတော့တာပါပဲ။ နောက်မှ အဲဒီလို လူတွေနဲ့စပ်ရင် မောင်ကတောင် ဖော်

စာမျက်နှာ(၂၃၁)သို့...

www.burmeseclassic.com



ဆဝ္ဝနီး

(စက်မှုတက္ကသိုလ်)

ဩောင်းမှုလက်ကျွန်

အမှတ် ၃၂၈ မေ ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com

အိပ်နေရာမှ နိုးလျှင် နိုးချင်း
သူ ငေါက်ခနဲ ထ,ထိုင်လိုက်သည်။
အကျင့်ပါနေသော မျက်လုံးအစုံက
နံရံထက်က နာရီထံ ရောက်သွားသည်။
ခြောက်နာရီ ငါးမိနစ်။ အခန်းထဲမှာ
လျှပ်စစ်မီးရောင်က လင်းကျင်းနေသည်မို့
နံနက်လား၊ ညနေလား သူ မကွဲပြား။
အလုံးစုံသော အာရုံကို စုစည်းမိသောအခါ
နံနက်ခင်းဆိုတာကို သူ သတိရသွားသည်။
ဟုတ်သည်။ ညက ခင့်ကို
ချော့ကာမော့ကာဖြင့် အပေါ့သွားစေပြီးမှ
သူ အိပ်ရာဝင်ခဲ့သည်။ သူ့မျက်နှာထက်မှာ
အပြုံးရိပ်တစ်ချက် သန်းသွားသည်။
ညတုန်းက ခင့်ကိုယ်အောက်သို့ 'ရှူးခွက်' ကို

သူ ထိုးပေးမည်ပြုသောအခါ
ခင်က ငူးငူးဝါးဝါးနှင့်
အကျောက်အကန် ငြင်းဆန်သည်။
ဖွေးဖွေးဖြူဥနေသော မျက်နှာကလည်း
ပန်းရောင်သန်းနေသည်။ ခင် ရှက်နေသည်။
အသက်ခုနစ်ဆယ် ပြည့်တော့မည်
ဖြစ်သော်လည်း၊ ကိုယ်တစ်ခြမ်း
လေဖြတ်ကာ အိပ်ရာထက်မှာ မလှုပ်ရှား
နိုင်တော့သည့် ဂိလာနအဘွားအိုတစ်ယောက်
ဖြစ်နေသော်လည်း၊ နှစ်ပေါင်း
လေးဆယ်ကျော် ကြည်ဖြူပေါင်းသင်း
ခဲ့သည့် ခင်ပွန်းရင်းချာ ဖြစ်ပါသော်လည်း
မိန်းမသားပီပီ ခင်က သူ့ကို ရှက်နေ
သေးသည်။ မနည်း ချော့မော့





www.burmeseclassic.com

www.burmeseclassic.com

ဖျောင်းဖျ ပြောဆိုမှ ရှူးခွက်ကို ကိုယ်အောက်မှာ အထားခံသည်။ ပြီးတော့ တံခါးပေါက်ကို မျက်လုံးစွေစောင်းကြည့်သည်။ ခင်က သူ့ကို အခန်းအပြင်သို့ ထွက်ခိုင်းခြင်း။ သူ မမြင်ကွယ်ရာသို့ ရောက်ခါမှ ခင်က အပေါ့သွားသည်။

အိပ်ရာထက်မှာ ထိုင်နေရင်းက တစ်ဖက်ခန်းဆီသို့ သူနားစွင့်သည်။ ဘာသံမှ မကြားရ။ ခင် အိပ်ပျော်နေပုံရသည်။

ခဏ ထိုင်နေလိုက်ဦးမည်ဟု သူ စိတ်ကူးမိသော်လည်း အိပ်ရာမှထကာ ခင့်အခန်းဆီသို့ သူ ကူးသွားမိသည်။ ဆိုးရွားပြင်းထန်သော အနံ့အသက်မျိုးစုံက သူ့ကို ဆီးကြိုသည်။ သူက ဘာမှ မဖြစ်သလိုနှင့် အခန်းအတွင်းသို့ ဝင်သွားသည်။ ခင်က အကာအရံများ တန်းကာထားသော ခုတင်ထက်မှာ ကလေးငယ်တစ်ယောက်လို နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေသည်။

သူက ခင့်ကို ခဏမျှ ငေးကြည့်သည်။ နောက်မှ ခင့် တင်ပါးနားက အိပ်ရာခင်းကို လက်နှင့် စမ်းကြည့်သည်။ သွေ့သွေ့ခြောက်ခြောက်။ သူ စိတ်သက်သာရာရပြီး သက်ပြင်းချလိုက်သည်။ ညက ခင် အိပ်နေရင်း အလေးအပေါ့ မသွားခဲ့။

ထို့နောက် နိစ္စဓူဝ အလုပ်များကို လျှင်လျှင်မြန်မြန်နှင့် ဖယ်စက်သလို သူ လုပ်သည်။ အိမ်သာတက်သည်။ မျက်နှာသစ်သည်။ သွားတိုက်သည်။ ရေနွေးကြို့သည်။ ကော်ဖီနှပ်သည်။ ကြက်ဥပြုတ်သည်။ ပေါင်မုန့်မီးကင်သည်။

ဧည့်ခန်းမှ တယ်လီဖုန်းမြည်သည်။ သာသာသိသည့်ဖုန်း။ သားကို သူက မှာထားသည်။ နံနက် အိပ်ရာထချိန်မှာ ဖုန်းမဆက်ရန်။ ဖုန်းသံကြောင့် ခင် လန့်နိုးနိုင်သည်။ ပြီးတော့…သည်လိုအချိန်မှာ ဖုန်းပြန်ဖြေရန် သူ့မှာ အချိန်မရှိသေးပါ။

မီးခလုတ်များကို ပိတ်လိုက်ပြီးနောက် ခင့်ထံ သုတ်သီးသုတ်ပျာ လျှောက်သွားသည်။ ခင်က နိုးနှင့်နေပြီ။ ဖုန်းသံကြောင့်ပင် ဖြစ်မည်။ သူ စိတ်တိုနေသော်လည်း ခင့်ကိုတော့ အရွှင်လန်းဆုံး ပြုံးရယ် နှုတ်ဆက်ကာ ချိုချိုသာသာလေး မေးလိုက်သည်။

'နိုးပြီလားခင်၊ အိပ်ရေး ဝ,ရဲ့လား'

ခင်က ပြုံးပြီး ခေါင်းညိတ်ပြရန် ကြိုးစားသည်။ ရွဲ့တဲ့တဲ့ဖြစ်နေသော နှုတ်ခမ်းအစုံကို ကြည့်၍ ခင် ပြုံးနေသည်ဟု သူတစ်ယောက်တည်းသာ ဘာသာပြန်နိုင်သည်။ ခပ်ယမ်းယမ်း ဦးခေါင်းကိုလည်း ခေါင်းညိတ်နေသည်ဆိုတာ သူ စာဖတ်နိုင်ပါသည်။

ညကတည်းက ဆေးကြော သန့်စင်ထားသည့် ရှူးခွက်ကို သူ ကောက်ကိုင်လိုက်စဉ်မှာ ဖုန်းခေါ်သံ ထပ်မံမြည်လာသည်။ သူက ဖုန်းသံကို မသိကျိုးကျွန်ပြုကာ ခင် အပေါ့အပါးသွားနိုင်အောင် ပြင်ဆင်ပေးသည်။ သည်တစ်ခါလည်း ခင်က ငြင်းဆန်သည်။ မျက်လုံးအစုံက ဧည့်ခန်းဆီ ငေးကြည့်နေသည်။ ဖုန်းကိုင်လိုက်ပါဆိုသည့် သဘော။

တကယ်တော့ ခင်က အိပ်ရာထဲမှာ နှစ်ရှည်လများ လဲနေခဲ့သည့်တိုင်အောင် အပြင်လောကကို စိတ်ဝင်တစား ရှိသေးသည်။ စပ်စပ်စုစု လုပ်ချင်သေးသည်။ ခုလည်း ဖုန်းသံကို ခင် စိတ်ဝင်စားနေပြီ။ အကျိုးအကြောင်း သိချင်နေပြီ။ ခင်သာ နေကောင်းခဲ့မည်ဆိုပါက တယ်လီဖုန်းထံ အပြေးအလွှားသွားကာ ဆိုးခနဲ ဆတ်ခနဲ ကောက်ကိုင်ပြီး ပြောဆိုပေမည်။

အိမ်ဖုန်းကို သားပဲ ဆက်တတ်တာ ခင်သိသည်။ နေကောင်းစဉ် ခင်သည် အိမ်ဖုန်းဖြင့်ပင် သားနှင့် အဆက်အသွယ်လုပ်လေ့ ရှိသည်။ ခုတော့ သားကို ရုပ်ရောအသံပါ မြင်ရ၊ ကြားရသည့် ကွန်ပျူတာ မှန်သားပြင်ကို သူ ထောင်ပြရသည်။

သူက ခင့်မျက်လုံးများကို စိုက်ကြည့်နေမိသည်။ အခုအချိန်တွင် သူလုပ်ဆောင်ရန် တစ်ခုတည်းသော အလုပ်မှာ ခင့်ဆန္ဒမှန်သမျှကို အစွမ်းကုန် လိုက်လျော ဖြည့်ဆည်းပေးရန်သာ ဖြစ်ပါသည်။

သူက သက်ပြင်းချလိုက်ပြီးနောက် ဧည့်ခန်းသို့ ထွက်လာသည်။ ထို့နောက် တယ်လီဖုန်းကို ကောက်ကိုင်သည်။

'ဟဲလို'

'ဟိုင်း။ ပိုးပိုးကျိုးလား'

မိုင်ထောင်ချီခရီးကို ဖြတ်သန်းလာပုံရသည့် မပီကလာ ပီကလာ ဗမာစကားသံ ထွက်ပေါ်လာသည်။ အမေရိကန်မှာ မွေးဖွားကြီးပြင်း နေထိုင်နေသည့် သူ့မြေးအငယ်မ၏ အသံမှန်း သူ ကျက်မိသည်။

'အို…ဂျူးဂျူး၊ မင်း မအိပ်သေးဘူးလား။ ဘယ်အချိန်ရှိပြီလဲ'

'အိပ်မရ။ ပိုးပိုးကို တမ်းတ'

သူ စိတ်တိုသွားသည်။ နောက်မှ စိတ်ကို ထိန်းချုပ်ပြီး အသံကို ချိုချိုသာသာ ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစား ပြောလိုက်သည်။ ကလေးကောင်းကောင်း သဘောပေါက် နားလည်အောင် အင်္ဂလိပ်လိုပဲ ပြောသည်။

'ဂျူးဂျူး အခု ဘိုးဘိုး အလုပ်သိပ်ရှုပ်နေတယ်။ မင်းနဲ့ စကားပြောဖို့ အချိန်မရသေးဘူး။ ခုမှ နိုးလာတဲ့ မင်းရဲ့ဘွားဘွားအတွက် လုပ်ပေးစရာအလုပ်တွေ အများကြီး ရှိနေတယ်။ နောက်မှ ပြန်ဆက်ပါ။ နားလည်တယ် မဟုတ်လား'

ပြောပြီး သူ ဖုန်းချလိုက်သည်။

ခင့်အနီးသို့ ပြန်မရောက်မီမှာပင် အနံ့ရူးရူးကို သူ ရသည်။ သွားပြီ။ ခင် အိပ်ရာထဲမှာ ဆီးသွားချလိုက်ပြီ။

'မင်းကွာ…'

'ခဏလေးတောင် အောင့်မထားနိုင်ဘူးလား'ဟု မြည်တွန်တောက်တီးမိမလိုဖြစ်ပြီးမှ အချိန်မီ သတိရကာ သူ ထိန်းချုပ်လိုက်နိုင်သည်။ သို့သော် ခက်ထန်သွားသော သူ့မျက်နှာကို ခင်က မြင်ပြီးဖြစ်သည်။ မာကျေနေသည့်



www.burmeseclassic.com

www.burmeseclassic.com

သူ့အသံကို ကြားပြီးဖြစ်သည်။ ဒေါသူပုန်ထနေသော သူ့စိတ်ကို သိပြီးဖြစ်သည်။ ပြီးတော့…မပြောဖြစ်လိုက်သော သူ့စကားလုံးများကိုပင် ခင်က နှလုံးသားဖြင့် ကြားပြီးနေပြီ။

ခင့် မျက်ဝန်းအစုံ မှာ မျက်ရည်များ ရစ်သန်းလာသည်။ ခင် စိတ်ထိခိုက်သွားပြီ။

သူက ခင့်အနီးသို့ ညင်ညင်သာသာ တိုးကပ်သွားပြီး ခင့်နဖူးကို ကြင်ကြင်နာနာ နမ်းရှိုက်လိုက်ပါသည်။

❑

သူ ဆက်တိုက် အလုပ်များနေသည်။ ခင့် အညစ်အကြေးများကို သုတ်သင်သည်။ ခင့် ကိုယ်ခန္ဓာကို သန့်စင်သည်။ အဝတ်အစားလဲပေးသည်။ ဗိုးချဲထက်သို့ ရွှေ့ပြောင်းသည်။ အိပ်ရာကိုတော့ ဒေါ်နှင်းလာမှ လဲလှယ်ခင်းကျင်းပါလိမ့်မည်။

ဒေါ်နှင်းတစ်ယောက်ရှိတာ သူ များစွာ အထောက်အကူရပါသည်။ အိမ်အကူမမြဲသော သူတို့အိမ်အတွက် ဒေါ်နှင်းက နေ့ပိုင်းလာ၍ လျှော်ဖွပ်ချက်ပြုတ်သန့်ရှင်းလုပ်ကိုင်ပေးသည်။ ဟင်းစားကိုလည်း ဒေါ်နှင်းကပင် ဝင်ဝယ်လာခဲ့သည်။ ဒေါ်နှင်းသာ မရှိခဲ့ပါက ခင်နှင့်သူ နှစ်ယောက်တည်း ဘယ်လိုမှ ရပ်တည်နိုင်မည် မဟုတ်။

သူက ခင့်ကို တင်ထားသည့် ဗိုးချဲကို ထမင်းစားစားပွဲဆီ တွန်းယူလာခဲ့သည်။

'ခဏလေးစောင့်နော် ခင်။ ဒီနေ့ ကိုယ် အိပ်ရာထနည်းနည်း နောက်ကျသွားတယ်'

သူက မုန့်ခြောက်ပြားငယ်လေးများကို ဇောက်ပန်းကန်အတွင်းသို့ သွန်ထည့်ရင်း ခင့်ကို တောင်းပန်သည်။ နွားနို့ဘူးကို လှမ်းအယူမှာ ခင့်မျက်နှာ မကြည်မသာဖြစ်နေတာ သူ သတိပြုမိသည်။ မုန့်ခြောက်ပြားငယ်လေးများထက်သို့ နွားနို့လောင်းမထည့်သေးဘဲ မေးလိုက်သည်။

'သီချင်း နားထောင်မလား ခင်'

ခင့်မျက်လုံးများ အရောင်အနည်းငယ် လင်းလက်လာသည်။

'သက်ဝေ ဖွင့်ရမလား'

ခင့်ဦးခေါင်း မသိမသာ လှုပ်သွားသည်။ ခေါင်းယမ်းခါသည်ဆိုတာ သူကတော့ သိပါသည်။

'ချစ်သမျှကို နားထောင်မလား'

ခင့်ထံမှ အတည်ပြုချက်ရ၍ ပန်းကန်ထဲသို့ နွားနို့ အနေတော် သူ လောင်းထည့်သည်။ ထို့နောက် သီချင်းစက်ဆီ လျှောက်သွားကာ မန်မိုရီစတစ်ခ်ကို အပေါက်ထဲထိုးထည့်လိုက်သည်။

*'ချစ်သမျှကို ××× မြင်းမိုရ် ရွှေတောင်လုံးသာပလေ ××× လေးဆူဒီပါ ××× သီတာရေမြေဆုံးစေတော့လေး ××× အို- ဘယ့်မမုန်းပါတော့နိုင် ××× ကပ်လုံး ဆုံးတိုင်တိုင် ×××'*

သူက ခင့်လည်ပင်းမှာ အဝတ်ဖြူတစ်စ ပတ်ပေးလိုက်သည်။ ခုံတစ်လုံး ဆွဲယူကာ ခင့်နံဘေးမှာ ကပ်ထိုင်သည်။ နွားနို့နူးနေပြီဖြစ်သော မုန့်ဖတ်လေးများကို ဇွန်းဖြင့် ဆယ်ခပ်သည်။ ပြီးမှ ခင့်ကို တယုတယ ခွံ့ကျွေးသည်။

*'သံသာလေကမ်းတိုင် ××× တူပြိုင်လေ ကူးမယ် ××× ဆုထူးငယ် ပန်ရှုယ်သွန်း ×××'*

ခင်က ဖိတ်တစ်ဝက် ဝင်တစ်ဝက်ဖြင့် စားနေသည်။ သူက ခင့်ကို မုန့်ခွံ့ကျွေးလိုက်၊ ဖိတ်ကျပေကျံသွားသော ခင့်နှုတ်ဖျားတစ်ဝိုက်ကို တစ်သျှူးစလေးနှင့် ကြင်ကြင်နာနာ သုတ်ပေးလိုက်။

*'ချစ်လို့ ငယ်မကျန် ××× ဝသုန္ဓြာမြေ ××× သီ-ကြား-စေ-သက်သေသွန်း ×××'*

စိတ်လက်ပေါ့ပါးလာသော သူက သီချင်းကို လိုက်၍ဆိုသည်။ ခင့်နှုတ်ဖျားမှ ဝူးဝါးသံ ထွက်ပေါ်လာသည်။ သည်အသံကတော့ ခင့်ရယ်သံ။ သူတစ်ယောက်တည်းသာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် ခင့်ရယ်သံ။

ထိုစဉ် တယ်လီဖုန်းသံ မြည်လာပြန်သည်။

သူ မကြားယောင်ပြုသည်။ ဖုန်းက ထပ်မံမြည်ဟည်းသည်။

ခင့်ကို မုန့်တစ်ဇွန်း ထပ်ခွံ့သည်။ ခင်က ပါးစပ်မဖွင့်ဘဲ သူ့ကို စိုက်ကြည့်နေသည်။ သူ သိသည်။ သူ ဖုန်းမကိုင်လျှင် ခင် ပါးစပ်ဖွင့်တော့မည် မဟုတ်။

သူက တယ်လီဖုန်းရှိရာ ဧည့်ခန်းဆီသို့ ဒေါသမျက်လုံးနှင့် ကြည့်လိုက်သည်။

သွားပြီ။ ရတောင့်ရခဲ ရှားရှားပါးပါး ကြည်နူးပျော်ရွှင်မှုလေး ပျောက်ရှသွားပြီ။

❑

'ဖေဖေ သိပ်ရက်စက်တယ်'

ဖုန်းကိုင်လျှင်ကိုင်ချင်း ကြားလိုက်ရသည့် အသံ။ မိုင်ထောင်ချီ ဝေးကွာသော အရပ်မှ ပစ်လွှတ်လိုက်သည့် သားဖြစ်သူ၏ ဒေါသတစ်ဝက်၊ ကြေကွဲခြင်းတစ်ဝက် ထွေးရောနေသည့် မချိတင်ကဲ အသံ။

'မင်း ဘာတွေပြောနေတာလဲ ဖော်ဖော်'

သူက အေးစက်စက် မေးလိုက်သည်။

'ဖေဖေ ဂျူဂျူးကို ဘယ်လိုပြောလိုက်တာလဲ။ ကလေးက အဘိုးကို လွမ်းလို့ ညကြီးမင်းကြီး ဖုန်း လှမ်းဆက်တာကို 'မအားသေးဘူး၊ နောက်မှပြန်ဆက်' လို့ ပြောလိုက်တယ်ဆို။ ခု ဂျူဂျူး စိတ်ထိခိုက်ပြီး ငိုနေတယ်။ ချော့လို့ကို မရဘူး'

လေသံနှင့် ပြောပုံဆိုပေါက်က မကျေမချမ်းနှင့်မို့ အပြစ်တင်လိုဟန်က အထင်းသား ပေါ်လွင်နေသည်။

သူက တယ်လီဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။

သူ့သမီးငယ် စိတ်ထိခိုက်သွားသဖြင့် သားက ဖခင်ကို လှမ်းရန်စောင်နေသည်။

ဒေါသတို့က အလိပ်လိုက် အလိပ်လိုက် တက်လာသည်။ အသက်ပြင်းပြင်းရှူပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။

တော်တော်လေး ကြာမှ စိတ်ကို ပြန်ထိန်းနိုင်သည်။ တုံ့ပြန်ရန် စကားလုံးတို့ကို စိစစ်ရွေးချယ်ပြီးနောက် သား

www.burmeseclassic.com

ရဲ့ နှလုံးသားထဲသို့ ချိန်ရွယ်ကာ ပစ်လွှတ်လိုက်သည်။

'လေနှစ်ခါဖြတ်ပြီး အိပ်ရာထဲမှာ လဲနေတဲ့ အသက် ခုနစ်ဆယ်အရွယ် မင်းအမေရဲ့ ကျန်းမာရေးကို မင်း မမေးတော့ဘူးလား'

သည်တစ်ခါ နှုတ်ဆိတ်သွားသူက ဇော်ဇော်။

သူ့အမှားကိုသူ ဆင်ခြင်မိပုံရသည်။ အတန်ကြာ ငြိမ်သက်နေပြီးမှ ခပ်တိုးတိုး မေးသည်။

'မေမေ နေကောင်းလား။ ဟို…ကျွန်တော်ဆိုလိုတာက အခြေအနေကောင်းလား'

သူ မဲ့ပြုံးပြုံးလိုက်သည်။

'အခြေအနေဆိုတာ ဘာကိုဆိုလိုတာလဲ ဇော်ဇော်'

ခင် အခြေအနေကောင်းသလား၊ ဆိုးသလား သူ မသိပါ။ အခု ကောင်းနေပေမဲ့ ချက်ချင်း ဆိုးချင်ဆိုးသွားတတ်သလို ဆိုးရွားနေရာမှလည်း ရုတ်ခြည်း ပြန်ကောင်းချင် ကောင်းသွားတတ်ပါသည်။

သူ့အမေးကို ဇော်ဇော်က မဖြေပါ။

'မေမေ့ကို ဆေးရုံတင် ကုသသင့်တယ်'

ဇော်ဇော်က ဓာတ်ပြားဟောင်းကို ဖွင့်ပြန်သည်။

'မင်းမေမေက အဲဒီလို ဆန္ဒ မရှိဘူး'

သူကလည်း ဓာတ်ပြားဟောင်းကိုပဲ ပြန်ဖွင့်ပြလိုက်သည်။

ဆေးရုံပေါင်းစုံမှာ နှစ်ပေါင်းများစွာ တက်လိုက်ဆင်းလိုက်ဖြင့် ဆေးကုသခံယူခဲ့သော ခင်က နောက်ဘယ်တော့မှ ဆေးရုံတက်တော့မည် မဟုတ်ပါ။ သူမဘဝရဲ့ နောက်ဆုံးနေ့ရက်များကို သူမ မြတ်နိုးသော နေရာလေးမှာ သူမ ချစ်သောသူများနှင့် အတူတကွ နေထိုင်ရင်းဖြင့်သာ ကုန်ဆုံးစေချင်သည်။

ခင့်ဆန္ဒကို သူ တစ်ဝက်တစ်ပျက်မျှသာ ဖြည့်ဆည်းပေးနိုင်ပါသည်။ ခင် မြတ်နိုးသည့်အိမ်ကလေးမှာ ခင့်ကို မခွဲမခွာ နေထိုင်စေသည်။ ခင်ချစ်သော'သူ'က ခင်နှင့်အတူ အချိန်ပြည့် အနီးကပ် နေထိုင်ပေးသည်။ သို့သော် ခင် ပိုမိုလိုလားတောင့်တသည့် သားနှင့်မြေးများကိုတော့ ခင့်အနီးအနားမှာ နေထိုင်စေအောင် သူစွမ်းဆောင် မပေးနိုင်ခဲ့ပါ။ နောင်လည်း ဘယ်တော့မှ စွမ်းဆောင်ပေးနိုင်လိမ့်မည် မဟုတ်ပါ။

သားအဖနှစ်ယောက်သည် တယ်လီဖုန်းခွက် ကိုယ်စီကိုင်လျက် မိုင်ထောင်ချီ ဝေးကွာ ခြားနားနေသည်။

စင်စစ် ဇော်ဇော်သည်မှု အခြေမြင့်အောင် သူတို့ဇနီးမောင်နှံက ဘဝနှင့်ရင်းကာ ထမ်းပိုးမြှင့်တင်ပေးခဲ့ကြသည်။ သားသွမီးတို့ အခြေမြင့်မားလွန်းလေလေ မိဘတို့နှင့် ပိုမိုဝေးကွာသွားတတ်လေလေဆိုတာ သူတို့ မသိခဲ့တာတော့ မဟုတ်ပါ။

'ကျွန်တော့်ကို နားလည်ပေးပါ ဖေဖေ'

နောက်ဆုံးမှာ ဇော်ဇော်က တောင်းပန်သည်။ သူ ရင်နင့်သွားသည်။ မျက်ရည်များလည်း ဝိုင်းလာသည်။

'နားလည်ပါတယ် သားရယ်။ တောင်းပန်စရာ မလိုပါဘူးကွယ်။ သားလည်း သားမိသားစုအတွက် အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ ဖေဖေလည်း ဖေဖေ့မိသားစုအတွက် အကောင်းဆုံးဖြစ်အောင် လုပ်နေတယ်'

သူက နွေးထွေးကြင်နာစွာ ပြောသည်။

သူတို့သည် သွေးအနီးဆုံးဖြစ်သည့် သားအဖအရင်းအချာများ။ သို့သော် ယခုအခါမှာတော့ မတူခြားနားသည့် မိသားစုအသီးသီး၏ မိသားစုဝင်များ။ ကိုယ့်ဘဝကိုယ် တည်ဆောက်ကာ ကိုယ့်လမ်းကိုယ်လျှောက်နေရသူများ။

'နားလည်ပေးတာ ကျေးဇူးပါ ဖေဖေ။ ငွေလိုရင်တော့…'

သည်စကားကိုမူ သူ နှုတ်တုံ့ပြန်မနေတော့ဘဲ တယ်လီဖုန်းကို အသာအယာ ပြန်ချထားလိုက်ပါသည်။

❑

သူ ထမင်းစားခန်းသို့ ပြန်ရောက်သောအခါ ဒေါ်နှင်းလည်း ရောက်လို့နေပြီ။ ရောက်ရုံမျှမက သူ လုပ်လက်စ အလုပ်များဖြစ်သည့် ရေနွေးကြိုခြင်း၊ ကော်ဖီနှပ်ခြင်း၊ ကြက်ဥပြုတ်ခြင်းနှင့် ပေါင်မုန့်မီးကင်ခြင်းများကို ဒေါ်နှင်းက လုပ်ပေးထားပြီးနေပြီ။ ထို့အပြင် သူ့အတွက် နံနက်စာကိုပင် ပြင်ဆင်ပေးထားပါသေးသည်။

သူ နံနက်စာစားတော့ ခင်က သူ့ကို နှုတ်ခမ်းလေးတွန့်ကွေးလျက် ငေးကြည့်နေသည်။ မျက်ဝန်းအစုံမှ မေတ္တာရိပ်များ ဖိတ်လျှံကျနေသည်။ အနည်းငယ် လှုပ်ရှား၍ ရသေးသော ဘယ်လက်ဖြင့် တစ်သျှူးဘူးကို သူ့ထံသို့ တွန်းရွှေ့ပေးသည်။ သူက ခင့်ကို မြတ်နိုးတွယ်တာစွာ ငုံ့စောင်းကြည့်သည်။ ကောင်းကောင်း မလှုပ်ရှားနိုင်သော်လည်း ခင်က သူ့ကို ကယုကယင် ပြုစုနေသည်ဟု သူ ခံစားရသည်။ ရင်ထဲမှာ ချမ်းမြေ့ကြည်နူးလိုက်သည့်ဖြစ်ခြင်း။

သူက ခင့်ကို ရွှန်းရွှန်းစားစား ပြုံးပြလိုက်သည်။

အခါလွန်မှပွင့်သည့် 'နှောင်းပွင့်လက်ကျန်'တို့သည် အလျှင်အစောပွင့်ခဲ့သော မူလပွင့်ဦးများထက် ပိုမို၍ ရနံ့ပျံ့သင်း မွှေးကြိုင်ကာ အရောင်အသွေးကလည်း သာလွန်စိုပြည် တောက်ဝင်းလှပနေတတ်ပါသည်။

ခင့်ကို ဗိုးချဲပေါ်မှာ တင်ဆောင်လျက် နေရောင်အောက်က ပန်းဥယျာဉ်အတွင်းသို့ သူတွန်းဝင်သွားစဉ် သစ္စာတိုင်-ပတ်ပျိုးကို ခပ်ကျယ်ကျယ်လေးပဲ ရွတ်ဆိုလိုက်ပါသည်။

*'ချစ်ချင်းငယ်ပြိုင်×××*
*မြစ်မင်းဝိုင် အဏ္ဏဝါက×××*
*ပြန်မသာ ကဲ×××ယွင်းစေ*
*ဝသုန်×××ငွေဝန်းသော်တာ*
*ယုန်သို့×××ကမ္ဘာကုန်ကျယ်*
*သရွေ့ငယ်ကို×××ဘယ်မေ့*
*လိမ့်လဲ×××'*

ခင့် မျက်နှာကတော့ ရှက်စနိုးဖြင့် ပန်းနုရောင် ပြေပြေလေး ပြေးလို့နေပါသည်။

■

ဆွန်း၊စက်မှုတက္ကသိုလ်၊



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၃၅)မှ...*

သေးတယ်လို့ ပြောရမလိုဖြစ်နေတယ်။

နောက်ပိုင်းမှာတော့ မောင်နဲ့ ကျွန်မရဲ့ အိမ်ထောင်ရေးအခြေအနေဟာ တစ်အိမ်ထဲမှာ အတူနေပြီး ဝေးကွာသလိုဖြစ်နေခဲ့တော့တယ်။ မောင်က ချိုဝေလွင် ဆိုတဲ့ ကောင်မလေးကို လက်ဆောင်တွေ ပို့မြဲပို့တယ်။ ကျွန်မကလည်း မောင်ပို့မှန်းသိတိုင်း နာကြည်းခံပြင်းမှုတွေနဲ့ ပြောဆိုမေးမြန်းစစ်ဆေးမိတယ်။ မောင်ကလည်း ကျွန်မကို အစပိုင်းမှာ အေးဆေးပြန်ဖြေပေမဲ့ နောက်ဆုံးမှာတော့ ဒေါသတကြီး တုံ့ပြန်ပေါက်ကွဲခဲ့တာချည်းပါပဲ။

ညဆို မောင် စာကြည့်ခန်းထဲဝင်ပြီး ဖေ့စ်ဘွတ်ခ်သုံးနေပြီဆို ကျွန်မကလည်း အိမ်ရှေ့ခန်းထဲမှာ တီဗွီကြည့်ချင်ယောင်ဆောင်ပြီး ဖေ့စ်ဘွတ်ခ်ဖွင့်ကာ ချိုဝေလွင်အကောင့် မီးစိမ်းနေတာကို ထိုင်ကြည့်နေတော့တာပါပဲ။ ဒီအချိန်ဆို ချိုဝေလွင်နဲ့ မောင် ချက်(Chat)နေကြမှာ မဟုတ်လား။ ကျွန်မ မောင့်အကောင့်ကို အတ်ချင်ပေမဲ့ မောင် လက်မခံရင် ဆိုတဲ့ အတွေးကြောင့် မအတ်ဖြစ်ခဲ့ဘူး။ ညညဆို မောင်က ဆယ့်နှစ်နာရီ၊ တစ်နာရီမှ အိပ်ခန်းထဲဝင်လာတယ်။ မောင် ဝင်လာပြီဆို ကျွန်မက နံရံဘက်လှည့်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ အခန်းမီးပိတ်ပြီး ကျွန်မဘေး ဝင်လှဲလို့ သိပ်မကြာခင်မှာပဲ မောင့်ဆီက အသက်ရှူသံမှန်မှန်လေး ကြားရတော့တာပါပဲ။ အဲဒီအချိန်ကျမှ ကျွန်မက ခန္ဓာကိုယ်ကို အသာလေးလှည့်ရင်း အခန်းပြတင်းပေါက်က ဝင်လာတဲ့ အလင်းရောင်လေးနဲ့ မောင့်မျက်နှာကို ငေးကြည့်ရပါတယ်။ နံရံပေါ်က နာရီကိုကြည့်မိချိန်မှာတော့ နာရီလက်တံက အမြဲလို ဆယ့်နှစ်နာရီကျော်နေ တတ်တာပါပဲ။ ❑

၂။

နံရံပေါ်က နာရီကို ကျွန်မ လှမ်းကြည့်မိတော့ မနက် သုံးနာရီထိုးခါနီးနေခဲ့ပါပြီ။ ကျွန်မက မောင့်မျက်နှာလေးကို ငေးကြည့်နေမိပြန်တယ်။ မောင်ကတော့ ဘာအပူအပင်မှမရှိတဲ့ မျက်နှာမျိုးနဲ့ နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့ပါပြီ။

မောင်နဲ့ ကျွန်မ အခြေအနေက အခုအချိန်မှာ အပြင်ပန်းအနေနဲ့ကြည့်ရင်တော့ အလွန်ကို နီးကပ်နေခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာတော့ မောင်နဲ့ ကျွန်မတို့ နှစ်ယောက်ကြားထဲမှာ မမြင်နိုင်တဲ့ အမှောင်နံရံထုထုကြီး တစ်ချပ်က ဘယ်လိုမှ ဖြိုဖျက်ပစ်ဖို့ မလွယ်ကူနိုင်တော့လောက်အောင် ပိတ်ဆို့တည်ရှိနေတယ်လို့ ခံစားရပါတယ်။

ကျွန်မတို့နှစ်ယောက်ကြားထဲမှာ ဖြစ်ပေါ်တည်ရှိနေတဲ့ အမှောင်နံရံမျိုးတွေဟာ ယောဒီ ကမ္ဘာမြေကြီးပေါ်က လင်မယားတွေကြားထဲမှာ ဘယ်လောက်တောင်ဖြစ်ပေါ်တည်ရှိနေခဲ့ကြပါလိမ့်မလဲ ဆိုတဲ့ အတွေးကို တွေးမိချိန်မှာတော့ ကျွန်မပါးပြင်ပေါ် မျက်ရည်စတွေ လိမ့်ဆင်းကျလာပါတော့တယ်။ ■

**မိုးသက်ဆွေ**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ဝ၁-၉၀၁၈၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။


စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

***အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၃၂၉ ဧပြီ ၂၀၁၇ ဘာသာပြန် အခန်းဆက်ဝတ္ထုရှည်

# မြေ(ဆေး-၂)
# ပင်လယ်နှင့်အဆိပ်

(ယခင်လမှအဆက်---)

## အပိုင်း(၂) စီရင်ချက်ချရင်

### အခန်း(၁) သူနာပြု

မုတ္တုအိုကာသူနာပြုသင်တန်းကျောင်း၌ ကျွန်မ သင်တန်းကာလပြီးဆုံးချိန် ကျွန်မ ၂၅ နှစ်အရွယ်ရောက်သည်ထိ ကာလသည် အိမ်မှာဖြစ်နေသည့် ပြဿနာတွေကို ကာကွယ်ပေးလိုက်သလို ဖြစ်နေလေသည်။ နောက် ဆေးကျောင်း၏ ဆေးရုံတွင် ကျွန်မ စပြီး အလုပ်ဝင်ရသည်။ အုအတာက်ခွဲစိတ်မှုအတွက် ဆေးရုံထဲတွင် အုအဲဒါ ဆိုသော လူတစ်ယောက်ကို ထိုနှစ်မှာ ကျွန်မ သိခဲ့ရသည်။ အုအဲဒါ၊ ပြီးတော့ ဒီအကြောင်းနှင့်ပတ်သက်ပြီး မြောရီ သူနှင့် အိမ်ထောင်သည်ဘဝက ဘာတစ်ခုမှ ပတ်သက်မြင်း မရှိဟု တွေးဟာတစ်ခုကလွဲပြီး အုအဲဒါ အကြောင်းကို ကျွန်မ အရင်ကတည်းက မေ့ထားချင်သည်။ ဒီနေရာမှာ ကျွန်မက ဒီအကြောင်းတွေကို အသေးစိတ်ရေးမည် မဟုတ်ပါ။ ထိုလူကို ကျွန်မ တွေးလိုက်မိသောအခါ သူ့ဒူးထိရောက်နေသော အောက်ခံဘောင်းဘီတစ်ထုံ၊ တွန့်ကြေနေသော အကျီဝတ်လျက် အိပ်ရာထဲ

**SHUSAKU ENDO** ဂျပန်ဘာသာဖြင့် ရေးသားသည့် ဝတ္ထုကို **THE SEA AND POISON** အမည်ပေး၍ **MICHAEL GALLAGHER** က အင်္ဂလိပ်ဘာသာပြန်ဆိုပြီး မြေ(ဆေး-၂)က မြန်မာဘာသာ ပြန်ဆိုပါသည်



www.burmeseclassic.com

www.burmeseclassic.com

လဲနေသောသူ၊ သူ့ ဒုတိယထပ် အခန်း ပြတင်းပေါက်တွင် နေခြည်လင်းတန်းနှင့်အတူ ဆောင်းဦးပေါက် အလွန်ပူအိုက်သော နေ့တစ်နေ့ကို ကျွန်မ သတိရလိုက်မိသည်။ သူက ပုပု၊ ဗိုက်ရွှဲရွှဲနှင့် အပူကြောင့် ချွေးတွေလည်း အများကြီး ထပ်ကာထပ်ကာ အမြဲတမ်းထွက်နေသည်။ ထိုအချိန်၌ ကျွန်မမှာ ဆက်စပ်မှုတိတိကျကျ မရှိပါ။ ဒါမှမဟုတ် မျက်ပေါက်ကျဉ်းကျဉ်း အိပ်ချင်မူးတူး မျက်မှေးဖြင့် ဒီလူ့အပေါ်ကို စပ်စုလိုစိတ်လည်း မရှိခဲ့ပါချေ။

တစ်နေ့မှာတော့ အအဲဒါက ရုတ်တရက် ကျွန်မဗိုက်ကို သူ့မျက်နှာဖြင့် ပွတ်နေပြီး ကျွန်မလက်ကိုလည်း မလွှတ်တမ်း ဆက်ပြီးကိုင်ထားသည်။ အခုထိတောင် ကျွန်မက ဘာလို့ သူ့ကို ဒီလိုလုပ်ဖို့ ခွင့်ပြုနေမိတာလဲဆိုတာ မသိသေးချေ။ ရုတ်တရက် တဒင်္ဂဖြစ်ပေါ်သော စိတ်အာရုံက ကျွန်မစိတ်ထဲ ဖြတ်သွားလို့ဟု ကျွန်မ တွေးလိုက်မိသည်။ ၂၅ နှစ်ဆိုသော အရွယ်သည် အိမ်ထောင်ပြုဖို့ နည်းနည်းအလှမ်းဝေးသွားမှာကို စိုးရိမ်ပူပန်မိလိုက်လို့လည်း ဖြစ်နိုင်သည်။ ပြီးတော့ သူ့အလုပ်က မန်ချူးရီးယားမီးရထားကုမ္ပဏီ စာရေးဖြစ်သောကြောင့် သိပ်မဆိုးသော အဆင့်မို့ကြောင့်လည်း ကျွန်မ တွေးလိုက်မိတာ ဖြစ်နိုင်ပါသည်။ နောက်ပြီး ဒါက နည်းနည်း ရှက်ကိုးရှက်ကန်း ဖြစ်စရာဖြစ်သော်လည်း ထိုအချိန်က ကျွန်မ တကယ်ပဲ ကလေးသိပ်လိုချင်နေခဲ့မိလေသည်။ တစ်ယောက်ယောက်၏ ကလေးမဟုတ်တာ သေချာသည်။ သို့သော် အအဲဒါလို လူမျိုးနှင့် ကလေးရမည်ဆိုလျှင် အဆင်ပြေနိုင်မည်။ ဆေးရုံအပြင်ဘက်၌ ပုစဉ်းရင်ကွဲတွေ၏ အသံတွေက အလွန်ဆိုးဆိုးဝါးဝါး ဆူညံနေသည်။ သူ့လက်က ချွေးတွေ ပေါက်ပေါက်ကျနေသည်။

အအဲဒါ၏ မိသားစုက အိုဆာကာတွင် နေထိုင်ကြသည်။ ထို့ကြောင့် ကျွန်မအစ်ကို နေထိုင်သော ရကုအင်းဒေသထဲရှိ ဖုကုအိုကတွင် လက်ထပ်ပွဲကျင်းပခဲ့သည်။ အအဲဒါကို ကျွန်မ ကောင်းကောင်းအမှတ်ရနေမိတာက ငှားထားသောဝတ်စုံသည် သိပ်တိုနေပြီး အခမ်းအနားတစ်လျှောက်လုံး သူ့လည်ပင်း ပုတိုတို မှ ချွေးများစီးကျနေတာ သုတ်နေရခြင်းကိုဖြစ်သည်။ မကြာမီ မင်္ဂလာအခမ်းအနား ပြီးသွားသောအခါ ဒိုင်းရန်းသို့ သင်္ဘောစီး သွားရန်အတွက် ရှီမိုနိုဆဲကိဆိပ်ကမ်းသို့ ထွက်ခဲ့ကြသည်။ ဖုကုအိုကရှိ ရုံးခွဲမှ ဒိုင်းရန်းရှိ မန်ချူးရီးယားမီးရထားရုံးချုပ်ဆီသို့ အအဲဒါအား ပြန်တာဝန်ချခံခဲ့ရသည်။ သင်္ဘောအမည်က မိဒိုရီမာရု ဟု ခေါ်သည်။ တတိယတန်းတွင် မန်ချူးရီးယားအတွက် ခေါင်းစဉ်တပ်ထားသော လယ်သမားတစ်အုပ် ရှိနေလေသည်။ သူတို့တွေ ချက်ပြုတ်နေကြသောနေရာမှ လာသော တာကုအန်းနှင့် ငါးဆီနံ့တွေက ဆိုးဆိုးရွားရွားကို နံစော်နေသည်။

ကျွန်မအဖို့ ရှီမိုနိုဆဲကိဆိပ်ကမ်းလို တစ်ခုနှင့် နိုင်ငံခြားတစ်နေရာသို့ ထွက်ခွာသွားတာမျိုး တစ်ခါမှ မလုပ်ခဲ့ဖူးချေ။ ပင်လယ်ကြီးတစ်ခုလုံးကို ဖြတ်သွားတာမျိုးနှင့် ဒီကန်တိုကိုလိုနီနေရာဆီ သွားတာမျိုး မလုပ်ခဲ့ဖူးသောကြောင့် နည်းနည်း စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။ ကြမ်းပြင်ပေါ် ဖြန့်ခင်းထားသော ဖျာပေါ်တွင် ကျွန်မထိုင်လျက် တွေးပြီးရင်းတွေးနေမိလေသည်။ လယ်သမားမိသားစု၏ မျက်နှာတွေကို ကျွန်မ ကြည့်လိုက်သောအခါ သူတို့သည် သေတ္တာအဟောင်းကြီး၏ ထိပ်နှင့် ကြိမ်ခြင်းများထဲတွင် လှဲနေကြသည်။

ကျွန်မလည်း မိခင်တိုင်းပြည်မှ ထွက်ခွာလာပြီး အလွန်ဝေးကွာသော နေရာတစ်ခုဆီသို့ သွားရောက်အလုပ်လုပ်ရမည် ဖြစ်ကြောင်း ခံစားလိုက်မိလေသည်။ ညအချိန်၌ သူတို့အားလုံးသည် စစ်သီချင်းများကို သိပ်အကျယ်ကြီး သီဆိုနေကြတာ တွေ့နေရသည်။ ပြီးတော့ ကျွန်မ တကယ်ပဲ ပင်လယ်တောက်နေသော်လည်း အအဲဒါက ဒါနဲ့တောင် ချစ်ကြည်နူးချင်နေသေးသည်။

'မလုပ်ပါနဲ့ ကျွန်မ သွားမယ်'

အခုတော့ ဒါကို ကျွန်မ တွေးတတ်လာပြီဖြစ်သည်
ကလေးသေဆုံးသွားတာကို သူ့ရင်ထဲ
နှလုံးထဲကကို ပျော်နေတာဖြစ်နိုင်ပါသည်
ဘာလို့ဆို အခု အဲဒါကြောင့် ကျွန်မ့ကို သူက
လွယ်လွယ်လေး ကန်ထုတ် ပစ်လို့
ရနိုင်သောကြောင့် ဖြစ်သည်

လူတွေအားလုံး ဝိုင်းလာသောကြောင့် ကျွန်မ အတော် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သူ့ဝတုတ်ကိုယ်ကြီးကို အဝေးတွန်းပစ်လိုက်သည်။

'ဘာလို့ ရှင်က ဒီတတိယတန်းကနေ ပြန်လာရတာလဲ။ ကုမ္ပဏီက အပြန်စရိတ်ပါ ပေးလိုက်တာ မဟုတ်လား။ သူတို့ မပေးဘူးလား'

'ငါတို့ ဒိုင်းရန်းရောက်တဲ့အခါ ဝယ်စရာတွေ အများကြီး ရှိသေးတယ်။ အဲဒါတွေမဝယ်ခင် ဘာလို့ ပိုက်ဆံတွေ အလကား အကုန်ခံမလဲ'

နောက် သူ့ဝက်မျက်လုံးမှေးမှေးတွေက ဘယ်လိုနူးညံ့တဲ့နည်းနဲ့ လုပ်ရပါ့မလဲလို့ အတွေးနဲ့ ကျွန်မအပေါ် ကြည့်နေပါတော့သည်။

'မင်း အန်ချင်သလိုခံစားနေရတာလား၊ အဲဒါမဖြစ်နိုင်ပါဘူး၊ နည်းနည်းစောနေသေးတယ်လို့ ငါတော့ ထင်တယ်' သူပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့လုံး အရှေ့တရုတ်ပင်လယ်၏ မျက်နှာပြင်က အမည်းရောင်ထ,နေသည်။ ပြီးတော့ ပြတင်းပေါက်အဝိုင်းဘေးမှာ လဲကျလိုက်၊ ရှေ့တိုးနောက်ငင်စောင်းလိုက် ဖြစ်နေသည်။ ပင်လယ်ပြင်ကို ကျွန်မ ကြည့်နေမိသောအခါ ကျွန်မစိတ်ထဲ၌ ဘာခံစားမှုမှမရှိဘဲ ဖြစ်နေသည်။

'ကောင်းတယ် ငါ့အတွက် ဒါဟာ အိမ်ထောင်သည်ဘဝပဲ'ဟု အတွေးဝင်လာသည်။

လေးရက်မြောက် မနက်ခင်းတွင် ကျွန်မတို့ ဒိုင်းရန်းဆိပ်ကမ်းကို ရောက်လာသည်။ ကျောက်မီးသွေးမှုန့်တွေနှင့် ရောပြီး မိုးရေတွေက ကုန်လှောင်ရုံအမိုးတွေပေါ်မှ တစက်စက်ကျနေသည်။ သူတို့ခါးတွင် သေနတ်တွေဖြင့် စစ်သားတွေက ပတ်ပတ်လည်ကနေ အမိန့်တွေပေးနေသောကြောင့် တရုတ်ကူလီတချို့ ကုန်းပေါင်ပေါ် တက်လာကြသည်။ သူတို့ကျောပေါ်တွင် ကြီးမားသောအိတ်တွေကို သယ်လာကြရာ သူတို့၏အရိုးပေါ်အရေတင် ခြေထောက်တွေပေါ်တွင် ဟိုဘက်ဒီဘက်ယိမ်းထိုးနေလေသည်။

'အဲဒီ အယုတ်တမာကောင်တွေ သူတို့နှစ်ယောက်ကို စန္ဒရားတစ်လုံး သယ်နိုင်းရမှာ'

အုအဲဒါက သူ့မျက်နှာကို ပြတင်းပေါက်နား ရပ်လိုက်ပြီး ကျွန်မ နားသန်သီးကို လက်ညှိုးထိုးပြောနေသည်။

နားရွက်ရှည်ရှည် လားများဆွဲသော လှည်းအတော်များများသည် လေညင်းခံတံတားပေါ်တွင် တန်းစီရပ်နေကြပြီး ခရီးသည်ကို စောင့်နေကြသည်။

'အဲဒီကောင်တွေက လား မဟုတ်ဘူး မင်းသိလား။ သူတို့က မန်ချူးရီးယား မြင်းတွေ'

ဖုကုအိုကကို မလာခင် လေးနှစ်က အုအဲဒါသည် ဒိုင်းရန်းရှိ ဌာနချုပ်ရုံးတွင် အလုပ်လုပ်ခဲ့ဖူးသည်။ အခု လေညင်းခံတံတားပေါ်မှ ကုမ္ပဏီအိမ်ရာနေရာအထိ လမ်းတစ်လျှောက် ကျွန်မတို့မြင်သမျှအားလုံးကို သူက ကျွန်မအား ပြောပြနိုင်သောကြောင့် ဂုဏ်ယူနေသည်။

'ဒါ ဆန်းကင်းလမ်း၊ ဟိုဟာ အိုရမာလမ်း။ လမ်းမကြီးအားလုံးကို ရုရှားစစ်ပွဲအပြီးမှာ ဗိုလ်ချုပ်တွေနဲ့ ရေတပ်ဗိုလ်ချုပ်ကြီးတွေက နာမည်ပေးထားတာ'

'ကျွန်မတို့တွေ တရုတ်တွေနဲ့ တစ်ခုခုလုပ်ဖို့ ရှိလာမလား'

အုအဲဒါ၏ ချွေးစိုနေသောလက်ကို ကိုင်ထားရင်း မေးလိုက်သည်။ ဒီမြို့မှာ သူကလွဲလို့ မှီခိုအားထားစရာ တစ်ယောက်မှမရှိဟု ကျွန်မကိုယ်ကျွန်မ ပြောနေမိသည်။

ဒိုင်းရန်းရှိ အမိကဘုရားကျောင်း၏ ညာဘက်တွင် ကျွန်မတို့ နေဖို့ နေရာရှိသည်။ ဒီမှာ ဆောင်းတွင်းတွင် အလွန်အေးသောကြောင့် အိမ်တွေကို သစ်သားဖြင့် မဆောက်ကြချေ။ ကျွန်မတို့ အိမ်လေးကို အုတ်မည်းများဖြင့် ဆောက်လုပ်ထားသည်။ ပတ်ပတ်လည်အားလုံးက အိမ်တွေအများကြီးလည်း ဒီလိုပဲ ဆောက်ထားကြလေသည်။

ဘယ်အိမ်မှာမှ နှစ်ခန်းထက်မပိုချေ။ သို့သော် သူတို့က နံရံထဲကို ထူးထူးခြားခြား အပူပေးစနစ်ကို ထည့်ဆောက်လုပ်ထားတာ ပီချီကာဟု ခေါ်သည်။

အစပိုင်းတုန်းက ဒီကိုလိုနီမြို့လေးသည် တကယ့်ကို ထူးဆန်းသည်ဟု တွေးမိခဲ့သည်။ လမ်းတစ်လျှောက်လုံး စီတန်းပြီး အကေရှား(ထနောင်းမျိုး)ပင်တွေကို စိုက်ထားသည်။ ရုရှားစတိုင် အဆောက်အဦတွေက ရိုးရိုး ဂျပန်မြို့၏ ပါးလျပေါ့ပါးသော အိမ်တွေနှင့် ကြည့်ရတာ လုံးလုံးခြားနားနေလေသည်။ လူတိုင်းဖြစ်သည့် စစ်သား ဒါမှမဟုတ် ရိုးရိုးအရပ်သားတွေလည်း ကြာလာသည်နှင့်အမျှ သူတို့တွေက ဂျပန်တွေဖြစ်လာကြသည်။ လမ်းလျှောက်သည့်အခါ မြန်ပြီး အင်အားတွေ ပေါက်ထွက်မတတ်ဖြစ်နေကြသည်။

'မန်ချူးရီးယားတွေက ဘယ်မှာနေကြတာလဲ'

ကျွန်မ အုအဲဒါကို မေးလိုက်သည်။

'မြို့အစွန်အဖျားပေါ်မှာ'

သူ ရယ်ပြီး ဖြေလိုက်သည်။

'အဲဒီနေရာက သိပ်ညစ်ပတ်တယ်။ ကြက်သွန်ဖြူနံ့တွေနံ့နေတာပဲ။ မင်း အဲဒီနေရာကို သွားချင်မှာ မဟုတ်ဘူး'

ဒီအချိန် အိမ်မှာဆို ရာရှင်စနစ်ဟာ စပြီး တင်းတင်းကျပ်ကျပ်လုပ်နေကြပြီ။ ထို့ကြောင့် ဒီနေရာမှာ အရာရာတိုင်းက ဘယ်လောက်တောင် ဈေးပေါလိုက်သလဲဆိုတာ တွေ့ရလို့ ကျွန်မ အံ့သြနေသည်။

'အစ်မကြီး ငါးယူဦးမလား'

မနက်တိုင်းတွင် တရုတ်တွေက ငါးနှင့် ဟင်းသီးဟင်းရွက်များကို ကျွန်မအား အော်ရောင်းကြသည်။ သူတို့တတ်နိုင်သမျှ ဈေးပြိုင်စနစ်ဖြင့် လျှော့ရောင်းကြသည်။ ၁၀ စန်ဆိုလျှင် ပင်လယ်ကဏန်းကြီး တစ်ကောင်၊ နှစ်ကောင် ဝယ်နိုင်သည်။

'တောက်… ဒီအယုတ်တမာကောင်တွေ အချိန်တိုင်း မင်းကို ယူနေတာပဲ။ မင်း မသွားနဲ့တော့'

အုအဲဒါက မနက်တိုင်း ငွေစာရင်းစာအုပ်ကိုကြည့်ပြီး ထုံးစံအတိုင်း ကျွန်မအား လက်ချာပေးလေသည်။

ဒီနေရာရောက်ပြီး နှစ်လမပြည့်မီတွင် အုအဲဒါ ပြောတာ ဘယ်လောက်တောင်မှန်လိုက်သလဲဆိုတာ ကျွန်မ သိလာရသည်။ သူပြောတာက ပထမအချက်အနေနှင့် ဂျပန်တစ်ယောက်အတွက် ဒီနေရာမှာ သင်ကြားရမှာက မန်ချူးရီးယားတွေကို ကောင်းသောနည်းဖြင့် ပြုမူဖို့ဖြစ်သည်။ ဥပမာအားဖြင့် ကျွန်မတို့နှင့် ကပ်လျက်အိမ်တွင် စိုးဂါမိသားစု နေထိုင်ကြသည်။ သူတို့တွင် အခိုင်းစေတွေလို ၁၅ နှစ်နှင့် ၁၆ နှစ်အရွယ် မန်ချူးရီးယား ကောင်လေးနှစ်ယောက်ရှိသည်။ မစ္စစိုးဂါနှင့် သူ့ယောကျ်ားက ကောင်လေးတွေကို အော်ငေါက်ရိုက်နှက်နေတာ ပန်းဥယျာဉ်ကိုဖြတ်ပြီး ကျွန်မ ကြားနေရသည်။ ပထမတော့ ဒီဝုန်းဒိုင်းကြဲသံတွေ အားလုံးကို ကျွန်မ ကြောက်နေမိ

www.burmeseclassic.com

သော်လည်း တဖြည်းဖြည်း ကျွန်မ ကျင့်သားရလာသည်။ ဒီမန် ချူးရီးယားတွေက ဒီလိုပဲဟု အုအဲဒါက ကျွန်မကို ပြောပြသည်။ အဲဒါတွေဖြစ်ပြီး အမျိုးသမီးအိမ်ဖော်အစား တစ်ပတ်လျှင် သုံးရက်လာဖို့ ကောင်မလေးတစ်ယောက်ကို ကျွန်မ စ,ရလာခဲ့သည်။ ကျွန်မလည်း မကြာခင်မှာပဲ ကောင်မလေးကို ဘာအကြောင်းပြချက်တစ်ခုမှမရှိဘဲ ရိုက်တတ်သည့် အကျင့်ရလာပါတော့သည်။

ဈေးပေါပေါနှင့် ဒီလောက်လှပသည့် မြို့လေးသည် ကျွန်မအိမ်ထက် ပိုကောင်းနေသည်ကို ကျွန်မက မှုမှုတတ ဖြင့် ရောင့်ရဲကျေနပ်နေလေသည်။ ဒါဆိုလိုရင်းက ကျွန်မသည် အုအဲဒါနှင့် ကျေနပ်ရောင့်ရဲနေရမည်ဟု ဒီအချိန်မှာ ကျွန်မ တွေးမိခြင်းဖြစ်သည်။ ဒီဇင်ဘာတွင် ပထမဆုံး ဆောင်းဝင်လာသည်။ ပီချီကာကြောင့် ဂျပန်အိမ်တစ်အိမ်ထက် ပိုပြီး အခန်းအတွင်းပိုင်းက ပိုပြီးအနွေးဓာတ်ကို ထိန်းထားနိုင်သော်လည်း စိုထိုင်းထိုင်းတစ်ခုကတော့ နည်းနည်းရှိနေသည်။ လိမ္မော်သီးတစ်လုံးဖြစ်ဖြစ်၊ ဖိနပ်တစ်ရန်ဖြစ်ဖြစ် ခပ်မြန်မြန်ပဲ ကျောက်ခဲလို မာသွားတတ်လေ၏။ အုအဲဒါ အိမ်ပြန်အလာကို စောင့်နေသည့်အခါ သူက မကြာခဏပင် နောက်ကျတတ်သည်။ ကုမ္ပဏီ အလုပ်တွေများနေလို့ဟု သူပြောတတ်သည်။ ကျွန်မက ဆောင်းညနေခင်းတွေကို ကလေးအတွက် အဝတ်အစားလေးတွေချုပ်ရင်း အချိန်ကုန်ရလေသည်။ ကျွန်မ ကိုယ်ဝန်ရှိလာသောအခါ ကျွန်မခါးတွေကို ကောင်မလေးက နှိပ်ပေးရသည်။ အပြင်တွင် နှင်းတွေကျနေပြီး အဝေးကိုမောင်းသွားသော လှည်းဘီးသံနှင့် လှည်းသမားက သူ့ကျာပွတ်ကိုသုံးပြီး မြင်းတွေကို ရိုက်သံတွေ မင်း ကြားနိုင်လေသည်။

ဘယ်လောက်တောင် ကျွန်မ အ,သလဲဆိုရင် နှိနိဝါခရိုင်ရှိ အီရိုဟာ ဟုခေါ်သော စားသောက်ဆိုင်တစ်ခုထဲ၌ အလုပ်လုပ်နေသော မိန်းမတစ်ယောက်ရှိသော နေရာတွင် သူ ညနေပိုင်း မကြာခဏ အချိန်ဖြုန်းနေတာကို ကျွန်မက မသိဖြစ်နေသည်။ ပထမဆုံး ကျွန်မကို အသိပေးသူကတော့ ကပ်လျက်အိမ်က မစ္စဇိုးဂါပဲ ဖြစ်သည်။

ကျွန်မ ပထမဆုံးလုပ်လိုက်မိတာကတော့ 'အဲဒါ မမှန်နိုင်ဘူး'။

ကျွန်မ အုအဲဒါကိုမေးသောအခါ သူက ချက်ချင်း သူ့ဝက်မျက်လုံးတွေလို မှေးကာ ရယ်လိုက်သည်။ အဲဒါ အမှန်ပဲဆိုတာကို ကျွန်မက ယုံချင်လို့ သူ့လို လိုက်ရယ်လိုက်မိလေသည်။ သို့သော် ညအမှောင်ထဲတွင် သူ့လက်က ကျွန်မပေါ် ရောက်နေတာ ကျွန်မသိလိုက်သောအခါ ကျွန်မခန္ဓာကိုယ်က ရက်စက်တဲ့အရာတွေကို နားမထောင်ချင်ဘူးဟု ကျွန်မနှလုံးက ကျွန်မကို ပြောနေလေသည်။ နောက်ဆို ကျွန်မယောကျ်ားကို ကျွန်မ သံသယမဖြစ်တော့ချေ။

ဧပြီလ၌ အိမ်မှာဆို နွေဦးပေါက်ဖြစ်နေသော်လည်း ဒိုင်းရန်း ဒီမှာတော့ နှင်းတွေပုံနေပြီး ရေနံဆီမီးဖိုမှ မီးခိုးတွေကြောင့် မည်းနက်နေလေသည်။ အေးချက်ကတော့ စူးရှရှဖြစ်နေပြီး ကျွန်မကလေးမွေးဖို့အတွက် မန်ချူးရီးယားမီးရထားကုမ္ပဏီက စီမံကွပ်ကဲပေးသော ဆေးရုံတွင် စောင့်နေရသည်။ မန်ချူးရီးယားမီးရထားဝန်ထမ်း အလုပ်သမားမိသားစုတွေအတွက် ဆေးရုံက လုံးဝ အခမဲ့ဖြစ်သည်။ အုအဲဒါက စိတ်အေးအေးထားပြီးဝင်သွားဖို့ ကျွန်မကို အားပေးသည်။ ဒါဟာ ကျွန်မက လိုချင်နေသော အမြွတ်တစ်ခုဖြစ်ပြီး ကောင်းတဲ့ကံဖြစ်ဖို့ သူပြောတာလို့ ကျွန်မ သဘောပေါက်လိုက်သည်။ သူသည် ကလေးကို သိပ်ကြီးလိုချင်ပြီး သူ့မိန်းမအား ဆေးရုံပို့ကာ မိန်းမတစ်ယောက်ကို အိမ်ခေါ်လာ၍ သူနှင့် အတူနေနေသည်ဟူသော အိပ်မက်မျိုးကို တစ်ခါမှ မမက်ခဲ့ဖူးပါချေ။ □

ဒီနေ့ ကလေးမွေးသည့်အကြောင်း ရေးနေရင်းနှင့်တောင် နာကျင်နေမိလေသည်။ ဒါတွေကို ကျွန်မ ပြန်အန်ထုတ်နေမိပြန်တော့သည်။ ဒီအကြောင်း အဖြစ်အပျက်တွေကို မင်း ဖတ်နေသောအခါ မင်း မြင်လာနိုင်ပါလိမ့်မည်။ ဘာလို့ဆို ကျွန်မ ဘယ်တော့မှ ကလေးမရနိုင်တော့ဘူးဆိုတာက ဖြစ်ပေါ်လာခြင်းကြောင့်ပဲဖြစ်သည်။ ကျွန်မ ဘဝနှင့် ကျွန်မနှလုံးထဲတွင် တစ်ခုခု ပျောက်ဆုံးသွားသလိုမျိုး ဖြစ်သည်။ အကြောင်းပြချက်တချို့ ဒါမှမဟုတ် အခြားတစ်ခုခုကြောင့် ကလေးက ကျွန်မဗိုက်ထဲတွင် သေဆုံးသွားခဲ့သည်။ ကျွန်မက ကလေးအတွက် အမည်ကို မာဆုအိုဟု ရွေးထားခဲ့ပြီး ပျော်နေခဲ့သည်။ သို့သော် ကျွန်မကလေး၏ မျက်နှာ ဒါမှမဟုတ် ကိုယ်လေးကိုတောင်မှ ကျွန်မ မမြင်လိုက်ရခြင်းသာ ဖြစ်လာခဲ့သည်။ ဒီလိုကလေးအသေ မွေးတာမျိုးကို နာ့စ်တစ်ယောက်ဖြစ်တဲ့ ကျွန်မက သိပ်ကိုသိသော်လည်း ကလေးကို တွေ့ပါရစေလို့ ငိုယိုတောင်းပန်ပြီး ဒေါက်တာ့ကို ပြောသော်လည်း မရခဲ့ပါ။ ပြီးတော့ နောက်ဆုံးတွင် ကျွန်မ အသက်ကို ကယ်ဆယ်ဖို့အတွက် လိုအပ်သောကြောင့် ကျွန်မ သားအိမ် အားလုံးကို ထုတ်ပစ်ခဲ့ရသည်။

မှောင်နေသော ဘယ်အချိန်မှာပဲဖြစ်ဖြစ် သူ့ကြီးမားပူလောင်သော ကိုယ်ကြီး ကျွန်မအနီးနား ပေါ်လိမ့်လာလျှင် အဝေးကို တွန်းပစ်လိုက်သည်။ အဲလို အခု ဘာမှမဖြစ်တော့တာက ကျွန်မဟာ သူ့ကို နောက်တစ်ခါထပ်ပြီး တကယ် မချစ်တော့လို့ပဲ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အာရုံနိုးကြားမှုတောင် သူ့ကို ကျွန်မ အလိုမရှိတော့သောကြောင့် ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

'စိတ်ပျက်နေစရာ မလိုပါဘူး'

သူ့မျက်ပေါက်ကျဉ်းကျဉ်း ဝက်မျက်လုံးတွေဖြင့် ကျွန်မအားကြည့်ပြီး အုအဲဒါ ပြောသည်။ အခုတော့ ဒါကို ကျွန်မတွေးတတ်လာပြီဖြစ်သည်။ ကလေးသေဆုံးသွားတာကို သူ့ရင်ထဲ၊ နှလုံးထဲကကို ပျော်နေတာဖြစ်နိုင်ပါသည်။ ဘာလို့ဆိုအခု အဲဒါကြောင့် ကျွန်မကို သူက လွယ်လွယ်လေး ကန်ထုတ်ပစ်လို့ရနိုင်သောကြောင့် ဖြစ်သည်။

'ဒေါက်တာ့ကို ကျွန်တော် မေးမယ်။ သူပြောတဲ့ အားလုံးက အိုကေမှာပါလို့ပြောတာ ဘာကိုပြောတာလဲ။ ခွဲစိတ်တာကိုပြောတာလား။ ကုန်ကျစရိတ် လုံးလုံးတစ်ပြားမှ မရှိခဲ့ဘူး။ အဲဒါ ကုမ္ပဏီက အားလုံးနီးပါးကို ကုသပေးတာ။ ဘာမှကြီးကြီးမားမား ဆုံးရှုံးတာမရှိပါဘူး'

ဒီလို သူပြောတာကို ကျွန်မ ကြားလိုက်ရသောအခါချက်ချင်း တွေးလိုက်မိသည်။

'နောက်ထပ် မိန်းမတစ်ယောက် သူ ရနေပြီ၊ သူ မရဘူးလား'

မစ္စစိုးဂါ ပြောခဲ့တာ မှန်သည်။ သို့သော် ခက်တာကသူ့ကြောင့် အရူးအမူးဖြစ်တာ ဒါမှမဟုတ် မနာလိုဖြစ်တာမျိုးကျွန်မမှာ မဖြစ်တာပဲ ဖြစ်သည်။ သူတို့က ကျွန်မ၏ မိန်းမဘဝကို ယူသွားကြသောအခါ ကျွန်မခြေတွေ ရိုက်ချိုးခံလိုက်ရသလို နည်းနည်းခံစားလိုက်ရပြီး ဘာမှမရှိသော ခံစားမှုကသာ ကျွန်မကို ဝါးမျိုသွားခဲ့သည်။ ကျွန်မသာ ကျောက်တုံးတစ်တုံးအဖြစ် ပြောင်းလဲသွားခဲ့လျှင် အဖြစ်ကလည်း ထိုကဲ့သို့အတူတူပဲ ဖြစ်ပါလိမ့်မည်။ အချို့ မိန်းမတွေအတွက်သာ ခွဲစိတ်မှုတစ်ခုက အကူအညီပေးတာ ဖြစ်သည်။

သို့သော် ကျွန်မရဲ့ မိန်းမဘဝကတော့ ကျွန်မထံမှ ဆွဲယူသွားခဲ့ပြီးဖြစ်သည်။ ထိုအဖြစ်က ကျွန်မသည် ဘဝတစ်လျှောက်လုံး မသန်မစွမ်း မိန်းမဖြစ်တာလွဲပြီး ဘာမှမဖြစ်နိုင်တော့ချေ။ ဆေးရုံမှ ဆင်းလာပြီး တစ်လကြာသောအခါ ကျွန်မလမ်းထဲ ထွက်လာခဲ့သည်။ ဒိုင်းရန်းတွင်လည်း နွေဦးပေါက်ရောက်လာပြီဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် သတိထားလိုက်မိသည်။ လမ်းထောင့်ရှိ မိုးမခပင်များက ပန်းများ ဖူးပွင့်နေကြသည်။ ပန်းပွင့်တွေက ဝါဂွမ်းဘောလုံးလေးတွေလို တူနေပြီး ပန်းပွင့်လေးတွေအားလုံးကို လေတိုက်ခတ်ပေးနေလေသည်။

ပွင့်ဖတ်ဖြူဖြူလေးများသည် အုအဲဒါ၏ ချွေးစိုနေသောလည်ပင်းပေါ်တွင် လာကပ်နေကြသည်။ ကျွန်မကို အိမ်ပြန်ခေါ်ဖို့ သူ လာသည်။

ပွင့်ဖတ်ပွင့်ချပ်လေးတွေက ပင်စည်ပေါ်မှာ ပြုတ်ကျလွင့်မျောနေကြသည်။ ထိုပွင့်ချပ်ပွင့်ဖတ်လေးတွေကို တရုတ်မလေးတွေက ယူသွားကြသည်။ သုံးမရတော့သော ကလေးခါးတောင်းကျိုက်ပိတ်စနှင့် အဝတ်လေးတွေရှိနေတာကို သတိရလိုက်မိပြီး ကျွန်မ နှုတ်ခမ်းကို ကိုက်လိုက်မိကာ သိမ့်သိမ့်တုန်သွားရလေသည်။

❑

၂ နှစ်ကြာပြီးသောအခါ အုအဲဒါနှင့် ကျွန်မ ပြတ်စဲလိုက်ကြသည်။ ကျွန်မဟာ ခါတိုင်းလိုပဲ အော်ဟစ်ပြီးငိုနေခဲ့သည်။ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေက သိပ်ကိုကြာသွားခဲ့ပြီ။ ကျွန်မက ငြီးငွေ့စရာ အလုပ်တွေထဲ ရောက်နေတယ်ဆိုလျှင် ချက်ချင်း ထွက်လိုက်ဖို့ သူ ပြောလေသည်။

ခက်တာက သူနှင့်အတူနေခဲ့သော လွန်ခဲ့သည့် ၂ နှစ်အတွင်းက အဖြစ်အပျက်တွေကို ထူးထူးခြားခြား တစ်ခုမှ သတိရနိုင်ခြင်းမရှိတာဘဲ ဖြစ်သည်။ ကျွန်မ ဓွတ်ဖျစ်ညှစ်တွေးကြည့်သောအခါ သတိရလိုက်မိတာကတော့ သူဟာ ပိုပိုဝဝ၊ လာပြီး ဆေးညှိုညှိုအရည်တွေ သောက်နေတာကိုပဲ ဖြစ်သည်။ ဘာလို့ဆို သူက သူ့သွေးတိုးအတွက် စိုးရိမ်ပူပန်နေရသောကြောင့် ဖြစ်သည်။ ကျွန်မနှင့် အတူအိပ် ဆက်ဆံနေရခြင်းသည် သူ့နှလုံးရောဂါကို ဆိုးစေသောကြောင့် သူ အိမ်အပြန်မကြာခဏ နောက်ကျနေလေ့ရှိနေရကြောင်းနှင့် အိပ်ပျော်ဖို့၊ ဟောက်ဖို့ပင် အချိန်မရှိကြောင်း သူ ကျွန်မကို ပြောပြသည်။ တကယ်တော့ ကျွန်မသိသော အဖြစ်မှန်ကတော့ အိရိုဟာရှိ မိန်းမက သူ့ကို အားလုံးပြုစုပေးနေသောကြောင့် ဖြစ်သည်။ မှောင်နေသော ဘယ်အချိန်မှာပဲဖြစ်ဖြစ် သူ့ကြီးမားပူလောင်သော ကိုယ်ကြီး ကျွန်မအနီးနား ပေါ်လိမ့်လာလျှင် အဝေးကိုတွန်းပစ်လိုက်သည်။ အဲလို အခု ဘာမှမဖြစ်တော့တာကကျွန်မဟာ သူ့ကို နောက်တစ်ခါထပ်ပြီး တကယ်မချစ်တော့လို့ပဲ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အာရုံနိုးကြားမှုတောင် သူ့ကိုကျွန်မ အလိုမရှိတော့သောကြောင့် ဖြစ်သည်။ ကလေးမရနိုင်တော့ခြင်းသည် ကိုယ်လက်နှီးနှောချင်စိတ် ကျွန်မမှာ ကုန်ဆုံးသွားစေသည်ထင်၏။ သူနှင့် ကျွန်မ ဆက်ပြီး ၂ နှစ်တောင်မှအတူနေခဲ့မိခြင်းသည် ကျွန်မ၏ အားနည်းချက်ကြောင့် ဖြစ်သည်။ ဘာလို့ဆို ဘယ်သူကမှ မပြောနိုင်သောကြောင့်လည်းဖြစ်လေသည်။ မိန်းမများစွာတွေသည် သူတို့ယောကျ်ားတွေက ကန်ထုတ်လိုက်ကြ၍ မိဘအိမ်သို့ ပြန်ကြရသောကြောင့်ကျွန်မ ချက်ချင်းပဲ သနားစရာမိန်းမတစ်ယောက် ဖြစ်မလာချင်သောကြောင့် ဖြစ်သည်။

သူ့ကို ကျွန်မထားခဲ့သောအခါ သုံးနှစ်မတိုင်ခင်ကလိုတူနေသော မိဒိုရိမာရ သင်္ဘောကုန်းပတ်ပေါ်မှ ဒိုင်းရင်းကိုကျွန်မက နှုတ်ဆက်ခဲ့ပါတယ် ဟု ပြောခဲ့လိုက်သည်။ ကျွန်မလာခဲ့သည့်နေ့ကလိုပဲ ကုန်လှောင်ရုံအမိုးပေါ်မှ ကျပ်ခိုးမည်းရောနေသော မိုးရေများ တစက်စက်ကျနေသည်။ စစ်ပုလိပ်တွေက ကုန်းပေါင်ပေါ်မှာ အိတ်အလေးကြီးတွေကို သယ်နေကြသော ကူလီတွေကို မောင်းနေလေသည်။ ဒီလိုမျိုးတွေကိုဒါမှမဟုတ် ဒီမြို့လေးကို နောက်တစ်ခါ ထပ်ပြီး ကျွန်မမမြင်ရတော့ဘူးဟု တွေးနေမိသည်။ ကျွန်မစိတ်ထဲမှ ကြီးမားလေးလံသော ဝန်ထုပ်ကြီးတစ်ခု ပြုတ်ကျသွားသလိုကောင်း



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၃၁၀၀၀/-)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်/Dr.မိမိခိုင်(အမှတ်၉၀၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁-၅၅၄၃၉၇/၁၀-၅၁၁၃၅၃၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊ ၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊ ၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂိုးဖြူရိပ်သာ၊ ဂိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂၂၄၁၊၀၉-၇၉၅၄၄၀၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊တင်္ကျောဇရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၃၉၂၀၊၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ၊ ပဓာန နာယကချုပ် ဟံသာဂီရိဆရာတော်ဘုရားကြီး မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဟံသာဂီရိစာသင်တိုက်၊ ပဓာနဦးစီးနာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသမဟာထေရ် (၁၁-၁၁-၁၂ တွင် ငွေကျပ် သိန်းတစ်ရာ စိုက်ထူလှူဒါန်းပြီး ၁-၃-၁၇ တွင် သက်တော် ၈၅ နှစ်ပြည့် မွေးနေ့အလှူ ငွေကျပ် ဆယ်သိန်း ထပ်မံစိုက်ထူ လှူဒါန်းတော်မူပါသည်။) — ၁၁၀,၀၀,၀၀၀/- (သိန်းတစ်ရာ့တစ်ဆယ်)

၂။ ဦးအောင်သန်းမြင့် + ဒေါ်စပါယ် သားသမီးမြေးများ(အောင်စပါယ်)မိသားစု မြောက်ဒဂုံ၊ ရန်ကုန်။ — ၇,၀၀,၀၀၀/- (ခုနစ်သိန်း)

www.burmeseclassic.com

၃။ ဒေါ်လှမိသားစု
(ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ကျရောက်သည့် အသက် ၉၀ ပြည့် မွေးနေ့အလှူ
၁၅.၂.၁၇ တွင် စိုက်ထူလှူဒါန်းသည်။)
တိုက် ၂၊ အခန်း ၀၀၂၊ ကမ္ဘာအေးအိမ်ရာ၊ ၁၀,၀၀,၀၀၀/-
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဆယ်သိန်း)

၄။ ဦးသူရစည်သူ + ဒေါ်ခင်ခင်ဆင့် မိသားစု
(Laparoscopic Surgery လုပ်ငန်းအတွက် ထာဝရငွေပင် စိုက်ထူခြင်း) ၅,၀၀,၀၀၀/-
Perth, Australia (ငါးသိန်း)

၅။ (မဟာသရေစည်သူ ဗိုလ်ချုပ်ကြီး စိုးဝင်း)+ ဒေါ်သန်းသန်းနွဲ့
သားသမီးမြေးများ မိသားစု(စိုး+နွဲ့ ထာဝရငွေပင်)
ကမ္ဘာအေးဗီလာ၊ မရမ်းကုန်း၊ ရန်ကုန်။ ၁၅,၀၀,၀၀၀/-
(ယခင် ၁၀ သိန်း၊ ၂၇.၂.၁၇ တွင် ၅ သိန်း ထပ်မံစိုက်ထူလှူဒါန်းသည်။) (တစ်ဆယ့်ငါးသိန်း)

၆။ ဒေါက်တာ ဦးသိန်းထွန်း + ဒေါက်တာ ဒေါ်သန်းစိုး
(သား) ကျော်စိုးထွန်း၊ ဇော်စိုးထွန်း၊
(သမီး) နိုင်မာလာသိန်း မိသားစု။
အမှတ် ၆၆၂(B),၉ လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်၊ ရန်ကုန်။ ၁၅,၀၀,၀၀၀/-
(ယခင် ၁၀ သိန်း၊ ၂.၃.၁၇ တွင် ၅ သိန်း ထပ်မံစိုက်ထူလှူဒါန်းသည်။) (တစ်ဆယ့်ငါးသိန်း)

၇။ ဦးတင်ထွေး + ဒေါ်နွဲ့နွဲ့ဝင်း (သား) မောင်ထူးအောင်ဝင်း
(သမီး) မောင်ဖြိုးသူရ + မခင်စုစုဝင်း မိသားစု။
အမှတ် ၁၄/၁၂(1/A)ဦးရွှေဝွန်းလမ်း၊ အထက်ပုဇွန်တောင်၊ ရန်ကုန်။
(ယခင် သိန်း ၃၀၊ သား ထူးအောင်ဝင်းမွေးနေ့အလှူ ၃၅,၀၀,၀၀၀/-
၅ သိန်း ထပ်မံစိုက်ထူလှူဒါန်း) (သုံးဆယ့်ငါးသိန်း)

၈။ ဦးဝင်းမြင့်(စာရင်းကိုင်ချုပ်-ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) +
ဒေါ်ခင်ခင်ထွန်း(စာရင်းကိုင်ချုပ်-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)မိသားစု။
(ယခင် ၇ သိန်း၊ ၁၉.၂.၁၇ တွင် ကျရောက်သည့် မင်္ဂလာနှစ် ၅၀ ပြည့် ၁၀,၀၀,၀၀၀/-
ရွှေရတုအထိမ်းအမှတ် ၃ သိန်း ထပ်မံ စိုက်ထူလှူဒါန်း) (ဆယ်သိန်း)

၉။ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးဝင်းမြင့် + ဒေါ်ခင်မျိုးချစ်
(သား) ကိုဇော်ဝင်းထွဋ်၊ ကိုဖြိုးဝင်းထွဋ်၊ ကိုတိုးဝင်းထွဋ် မိသားစု။
Royal Ruby ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး။
(ယခင် သိန်း ၂၀၊ ၂၀၁၇ ဖေဖော်ဝါရီ ၂၅,၀၀,၀၀၀/-
၅ သိန်း ထပ်မံ စိုက်ထူလှူဒါန်း) (နှစ်ဆယ့်ငါးသိန်း)

၁၀။ Dr.သိန်းထွဋ်+ ဒေါ်တင်မေလွင် မိသားစု။
အမှတ် ၁၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်း၊ ရန်ကုန်။
(ယခင် ၅ သိန်း၊ ၂၀၁၇ ဖေဖော်ဝါရီ ၁၀,၀၀,၀၀၀/-
၅ သိန်း ထပ်မံစိုက်ထူလှူဒါန်း) (ဆယ်သိန်း)

၁၁။ ဦးရွှေလင်းအား ရည်စူး၍ ဒေါ်စန်းရီ၊
(သမီး) မအေးအေးသန်း မိသားစု။ ၅,၀၀,၀၀၀/-
မိုးကုတ်မြို့။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ခံစားလိုက်မိလေသည်။

❑

ဖုကုအိုကကို ကျွန်မပြန်ရောက်သောအခါ တောင်ပစိဖိတ်သမုဒ္ဒရာတွင် စစ်ပွဲဖြစ်ပွားနေပြီဖြစ်သည်။ မြို့လေးမှာ စစ်သားတွေနှင့် အလုပ်သမားတွေ ပြည့်နှက်နေသည်။ သို့သော် ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဘဝက နည်းနည်းလေး ကြမ်းတမ်းလာလျှင် ဒိုင်းရန်းမှာ ကျွန်မ ဘယ်လို ဖြတ်သန်းလာခဲ့သလဲ ဆိုတာကို ချက်ချင်းတွေးလိုက်မိသောအခါ နိဗ္ဗာန်ဘုံနှင့် ငရဲလို အလွန်ကွာခြားလှကြောင်း သိလိုက်ရလေသည်။ ဆေးရုံတွင် ရှုးရှုးမိုက်မိုက်ဖြင့် နာ့စ်အလုပ်ကို လုပ်နေသည့်အတွက်၊ အရင်ကတည်းက ဘဝတစ်ခုမှ ကျွန်မက တင်မကျွေးနိုင်သည့်အတွက် ကျွန်မ ပြန်လာသည်ကို အစ်ကိုနှင့် ယောက်မတို့က ထူးထူးခြားခြား ပျော်ရွှင်ကြပုံမရချေ။ ဆေးကျောင်းနှင့် သိပ်မဝေးသောနေရာရှိ တိုက်ခန်းက အခန်းကျဉ်းကျဉ်းလေးတစ်ခုကို ကျွန်မ ငှားလိုက်သည်။ ဆေးရုံ၌ အုအဲဒါ ဆေးရုံတက်ခဲ့သည့်အချိန်တုန်းကဖြစ်သော လေးနှစ်မတိုင်ခင်က ကျွန်မ သိခဲ့သောလူတွေဖြစ်သည့် နာ့စ်တွေ၏ မျက်နှာတွေနှင့် ဆေးပညာဌာနက လူတွေ အားလုံးပြောင်းသွားကြပြီဖြစ်သည်။ အလုပ်သင်ဆရာဝန်လောင်းတွေအားလုံး အခု ဆရာဝန်တွေဖြစ်နေကြပြီး ဆေးအရာရှိများက စစ်တပ် ဒါမှမဟုတ် ရေတပ်တစ်နေရာရာသို့ ရောက်နေကြသည်။ ကျွန်မနှင့် အတန်းဖော်နာ့စ်တွေလည်း စစ်သူနာပြုအဖြစ် ပြောင်းလဲသွားကြပြီး တာဝန်ကျသော စစ်မြေပြင်ဆေးတပ်တွေဆီ ထွက်သွားကြလေပြီ။ စစ်ပွဲသည် ဆေးရုံဆီ သိပ်နီးနီးကပ်ကပ် အကျိုးသက်ရောက်နေလိမ့်မည်ဟု ဒိုင်းရန်းတွင် ကျွန်မ နေခဲ့စဉ်က အိပ်မက်ပင် ဘယ်တုန်းကမှ မမက်ခဲ့ဖူးချေ။

ပထမ ခွဲစိတ်ဆရာဝန်ခေါင်းဆောင် ဒေါက်တာ အိနိုအုအဲမှာ ဆုံးသွားပြီး အခု ဒေါက်တာ ဟာရှီမိုတိုက သူ့နေရာ အစားဝင်ထားသည်ကို ကျွန်မ တွေ့လိုက်သည်။ အခု ကျွန်မက အုအဲဒါနှင့် ကွဲလာသည့်အတွက် ကျွန်မဘဝ အသက်ရှင်ဖို့ ကျွန်မစိတ်ကို ပြန်ပြုပြင်ပြီး ကျွန်မဘဝလမ်းမှာ ဘာပဲလာလာ သည်းညည်းခံနေရသည်။ သို့သော်လည်းပဲ ဆေးရုံတွင် စ,အလုပ်ပြန်ဝင်သောအခါ သိပ်မပျော်လှတော့ချေ။ ကျွန်မ နောက်မှ သူနာပြုသင်တန်းတက်ကြသော နာ့စ်တွေကလည်း သူတို့ပိုင်နေရာကဲ့သို့ သဘောထားပြီး အခု ဟောခန်းမအလယ်ထဲ ဖြတ်လျှောက်ကာ ကျွန်မကို ခိုင်းနေကြသည်။ နောက်ပြီးတော့လည်း ကောလာဟလ ကျွန်မအကြောင်းက မန်ချူးရီးယားမှ ပြန်လာပြီး ညဂျူတီအခန်းထဲတွင် သိပ်ကို ရေပန်းစားနေကြောင်း ကျွန်မ သိရသည်။ အခန်းပိုင်ရှင်ထံမှ ခွင့်ပြုချက်ရပြီး ရောကျော်ခွေးမငယ်ငယ်လေးတစ်ကောင် ဝယ်ထားလိုက်လေသည်။ အစားအစာရဖို့ ပိုပိုခက်ခဲလာသော ဒီအချိန်၌ ဒီခွေးဝယ်တာဟာ ဘယ်လောက်တောင် လက်ဖွာရာကျတဲ့အကြောင်း ကျွန်မ သိပါသည်။ ကျွန်မ၏ အထီးကျန်ဘဝတွင် ဖြေသိမ့်စရာတစ်မျိုးအတွက် ခွေးတစ်ကောင်ကောင်ဖြစ်ဖြစ် ကျွန်မနှင့်အတူ နေထိုင်ချင်လို့ပဲဖြစ်သည်။ ခွေးလေးကို မာဆု ဟု ကျွန်မ ခေါ်ပြီး ဒိုင်းရန်းတွင် သေဆုံးခဲ့သော ကျွန်မကလေး မာဆုအိုအကြောင်း တွေးနေမိလေသည်။ မင်းသူ့ကို အော်လိုက်သောအခါ သူ တုန်ယင်နေပြီး သူ တစ်ခုခု အမှားလုပ်လိုက်မိသည်ဟု ထင်ပြီး ပုန်းဖို့ အခန်းထောင့်တစ်ခုဆီ ပြေးသွားပါလိမ့်မည်။ ကျွန်မမှာရှိသော ကျွန်မ၏ချစ်ခင်ခြင်းတွေအတွက် ခွေးမလေးသည် ထွက်ပေါက်တစ်ခုသာဖြစ်လေသည်။ သို့သော် ညအချိန်၌ အမှောင်ထဲတွင် အကြောင်းနည်းနည်း ဒါမှမဟုတ် တခြား တစ်ခုခုကြောင့် ကျွန်မ ခဏလေး နိုးလာသောအခါ အခန်းနှင့် ပင်လယ်က သိပ်မဝေးသဖြင့် အမှောင်ထဲမှ လှိုင်းတွေ တဝုန်းဝုန်းရိုက်သံကို ကြားနေရသည်။ ပြောမပြနိုင်လောက်သော အထီးကျန်မှုတစ်မျိုးက ကျွန်မကို ရုတ်ခြည်း ရိုက်ခတ်လာခဲ့လေသည်။ အဲဒါကို မသိဘဲ အိပ်ရာ ဖုံးအပြင်ဘက်သို့ ကျွန်မလက်ကို ထုတ်လိုက်မိပြီး တစ်ခုခုကို လိုက်စမ်းနေမိလေသည်။ ကျွန်မ သိလိုက်သောအချိန်၌ ကျွန်မသည် အုအဲဒါကို လိုက်ရှာနေခြင်းဖြစ်ပြီး သူ့ကို ကျွန်မ လုံးဝ မေ့ထားသင့်သည်ဖြစ်ရာ ကျွန်မ စ,ငိုလိုက်မိကာ ကျွန်မကိုယ်ကျွန်မ စိတ်မကောင်းဖြစ်နေမိလေသည်။ အဲဒီအချိန်တုန်းက ကျွန်မ ဘာကို တကယ်ပဲ တွေးနေမိသလဲဆိုရင် ဘယ်လောက်တောင် တစ်ယောက်ယောက်က ကျွန်မနှင့် အတူလာနေစေချင်သည်ထိ ဖြစ်နေမိလေ၏။

ကျွန်မကိုယ်ကျွန်မ ကာကွယ်နေမှုတွေ ဖြစ်နိုင်သည့်အတွက် အခု ဒီအဖြစ်အပျက်တွေထဲတွင် ကျွန်မ ဘာတစ်ခုမှ ရေးချင်စိတ်မရှိချေ။ သို့သော် တကယ်တော့မူ ဒီအချိန်အတောအတွင်း အားလုံး၌ ခွဲစိတ်ခေါင်းဆောင် ဒေါက်တာ ဟာရှီမိုတိုသည် ကျွန်မလုပ်နေသောအလုပ်တွင် ခေါင်းဆောင်ဖြစ်နေသော လူတစ်ယောက်ဖြစ်နေသဖြင့် ကျွန်မအတွက် ဘာမှရည်ရွယ်ခြင်းမရှိဘဲ ခြွင်းချက်လောက်မျှသာ သဘောထားရလေသည်။ ကျွန်မက နာ့စ်တစ်ယောက်သာဖြစ်ပြီး ပရော်ဖက်ဆာတွေနှင့် လက်ထောက်ပရော်ဖက်ဆာတွေက ကျွန်မအား ဆရာကြီး အဆင့်မျိုးမထားကြသော်လည်း အမှန်တကယ်ပဲ သူတို့သည် မတူညီသော အဆင့်အတန်းတွင် နေထိုင်ကြသူများမှ တစ်ရက်တွင် မွေးဖွားလာကြသူများသာ ဖြစ်သည်။ ကျွန်မတို့ နာ့စ်တွေ၏ အဆင့်အတန်းသည် ကြမ်းတိုက်နေရသော မိန်းမတွေထက် နည်းနည်းသာ အပေါ်မှာရှိလေ၏။ ပြီးတော့လည်း ဖြစ်ချင်တော့ တစ်ခုက ဒေါက်တာ ဟာရှီမိုတို၏ မိန်းမ ဟာလ်းဒါနှင့် ကျွန်မ ပတ်သက်ဆက်နွှယ်နေရခြင်း ဖြစ်သည်။

ဒေါက်တာ ဟာရှီမိုတို ဂျာမနီတွင် ပညာသင်နေစဉ်ကာလက မစ္စဟာလ်းဒါက နာ့စ်တစ်ယောက်ဖြစ်သည်။ ကျွန်မ ကျောင်းသူနာ့စ်ဖြစ်စဉ်တုန်းက သူတို့၏ အချစ်ဇာတ်လမ်းကို ကျွန်မ ကြားဖူးခဲ့တာကို သွား အမှတ်ရသည်။

ဆေးရုံမှာ ကျွန်မ ပြန်စ,လုပ်ပြီး ၂ ပတ်အကြာတွင်



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကျွန်မ ပထမဆုံးအကြိမ် မြင်ဖူးခဲ့ခြင်းဖြစ်သည်။ နေ့လယ်ခင်း နောက်ပိုင်းကျကျအချိန်တွင် ဖြစ်သည်။ ပထမ ခွဲစိတ်ခန်းဝင်ပေါက်ရှေ့တွင် တုတ်တုတ်ခိုင်ခိုင် ဥရောပအမျိုးသမီးတစ်ယောက် ရုတ်တရက်ပေါ်လာသည်။ ခြင်းကြီးကြီး တစ်ခု ချည်နှောင်ထားသော စက်ဘီးတစ်စီးကို ဟာလ်းဒါက တွန်းလာသည်။ ကျွန်မက အံ့သြနေစဉ် နာ့စ်အားလုံးက ဖျတ်ခနဲ သတိထားမိလိုက်ကြပြီး ပြေးလာကြသည်။ ပြီးတော့ ဒီဘောင်းဘီရှည်ဝတ်ထားပြီး ဆံပင်တိုတို နိုင်ငံခြားအမျိုးသမီးသည် ဆေးရုံထဲသို့ တည့်တည့်လျှောက်ဝင်လာသည်။

'အဲဒါ ဘယ်သူလဲ'

ကျွန်မဘေးတွင်ရပ်သော ခပ်ငယ်ငယ်နာ့စ်မလေး ကွန်နီကို ကျွန်မ မေးလိုက်သည်။

'နင် မသိဘူးလား' ကျွန်မ မသိတာကို သူက ပခုံးတွန့်ပြလိုက်သည်။ 'အဲဒါ မစ္စဟာလ်းဒါ။ ခွဲစိတ်ဆရာဝန်ခေါင်းဆောင်ရဲ့ မိန်းမ'

မစ္စဟာလ်းဒါက ခြင်းကြီးထဲမှ မှန်ကြည်စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုယူပြီး ဒေါက်တာ အဆာအိထံ လက်ကမ်းပေးလိုက်သည်။ အဆာအိက အထုပ်ကိုယူလိုက်ပြီး အစွမ်းကုန် ပြုံးပြလိုက်သည်။ သူ့အထဲက ဘလောက်စ်အင်္ကျီနှင့် သူ့အရပ်က အဆာအိ ယောကျ်ားတစ်ယောက်ဖြစ်နေတာတောင် သူက ထိန်းသိမ်းထားနိုင်သလို ထင်ရသည်။ ကျွန်မဘက်ကို သူလှည့်လာသောအခါ သူ ပါးအို့နီအတော်များများ ခြယ်ထားသည်ကို ကျွန်မ တွေ့လိုက်ရသည်။ ကျွန်မတို့ဘက် လက်ဝှေ့ယမ်းပြပြီး ကြီးမား ယောကျ်ားဆန်သော ခြေလှမ်းများဖြင့် စင်္ကြံထဲ ဆင်းချသွားသည်။ သူ ဒေါက်တာ အဆာအိကို ပေးခဲ့သော မှန်ကြည်စက္ကူဖြင့် ထုပ်ထားသော အထုပ်ထဲတွင် အိမ်လုပ် ဘီစကွတ်များ တစ်ပုံကြီးပါသည်။ ထိုအချိန်က ဘီစကွတ်တွေကို မင်းမရနိုင်ဘဲ ဒီတစ်နေရာမှာတော့ အဲလိုပဲ ဖြစ်နေသည်။ ထို့ကြောင့် သူတို့အတွက် အလုအယက် အရှုးအမူး ဖြစ်နေကြသည်။ ကျွန်မ တစ်ခုယူဖို့ လုပ်လိုက်ဘဲသည်။

ဘီစကွတ်ကို ကျွန်မ စားကြည့်လိုက်ကာ စကားတစ်လုံးမှမပြောဘဲ နေလိုက်သည်။ တခြားနာ့စ်တွေက မစ္စဟာလ်းဒါ အကြောင်း ဘာများပြောကြမလဲဆိုတာကို ကျွန်မ စောင့်ကြည့်နေလိုက်သည်။ ဂျပန်အမျိုးသမီးတစ်ယောက်သည် တစ်ခုခုကို သေချာပေါက်ကို ဒီလောက်မျှနှင့်တော့ မနေနိုင်သည့်အတွက် သူ ဘယ်လောက်တောင် ပါးအို့နီထူထူကြီး လိမ်းထားသည့်အကြောင်းကို အဝေးမှာ မရပ်မနား ပြောနေကြလေသည်။ နောက်ပြီး တစ်ယောက်က ပြောသည်။ 'သူက တကယ်ပဲ တစ်ခုခု မဖြစ်နိုင်ဘူးလား။ ဘီစကွတ်တွေ ခဏလုပ်တာနဲ့ အောက်ခံဘောင်းဘီလျှော်တာပဲ၊ အဲဒါ သူ့ရဲ့ အထူးအလုပ်ပဲ'

နောက်မှ ဆေးရုံကို ဟာလ်းဒါလာသည့်အခါတိုင်း လူနာတွေရှိသော ဝပ်ဒ်တွေထဲသို့ သွားတတ်ကြောင်းကိုလည်း သူတို့မလိုတာတာပြောနေကြရာမှ ကျွန်မ သိရသည်။ တစ်လလျှင် သုံးခါ သူ ရှန်ရှန်လာသည်။ သူ့ဘီစကွတ်တွေ သယ်လာပြီး ဝပ်ဒ်တွေထဲသို့ သူသွားသည်။ သူက သူတို့တွေ၏ ညစ်ပတ်နေသော အောက်ခံဘောင်းဘီများအားလုံးကို သယ်ယူသွားပြီး နောက်တစ်ခါ ပြန်လာသည့်အခါ လျှော်ပြီး သန့်စင်နေသည့် အောက်ခံဘောင်းဘီများ ပြန်ပေးသည်။ ဒါ သူရွေးချယ်ထားသော မိမိ၏အချိန် စွမ်းအားတို့ကို လုံးလုံး မြှုပ်နှံထားသော အလုပ် ဖြစ်သည်။

တကယ်တော့မှ ကျွန်မတို့ နာ့စ်တွေက သူ၏ သိပ်ကိုအလွန့်'ကောင်းခြင်း'ကို ကျေးဇူးမတင် သဘောမပေါက်ကြခြင်းသာ ဖြစ်သည်။ ဝပ်ဒ်ထဲက လူနာတွေလည်း ဒုက္ခတွေ အများကြီး တွေ့နေရသည်ဟု ကျွန်မ ထင်သည်။ ဝပ်ဒ်ထဲတွင် လူနာအဘိုးကြီးနှင့် အဘွားကြီးများဖြင့် ပြည့်နေပြီး သူတို့တွေမှာ လေကြောင်းတိုက်ခိုက်မှုပေါ်မှုတည်ပြီး လူတိုင်း သေဆုံးနေကြရလေသည်။ သို့သော် ဒီလို အနောက်တိုင်းအမျိုးသမီးက သူတို့ကို လာပြီး စကားတွေပြောပေးနေသည့် အတွက် သူတို့ကို ထိန်းချုပ်ပေးထားသလို ဖြစ်နေလေသည်။ ဒါ့အပြင် မစ္စဟာလ်းဒါက သူတို့၏ အဝတ်ဟောင်းထုပ်တွေနှင့် သူတို့ အောက်ခံဘောင်းဘီများထည့်ထားသော ကြိမ်ခြင်း တောင်းတွေကို ဆွဲယူသွားသဖြင့် သူတို့အားလုံး စိတ်ညစ်ကာ သူတို့ ခုတင်တွေကနေ အပြင်ကို ရှောင်ထွက်နေကြလေသည်။

'မလုပ်နဲ့၊ မလုပ်ပါနဲ့ မစ္စ၊ မစ္စ မလုပ်ပါနဲ့၊ ကျေးဇူးပြုပြီး အဆင်ပြေပါတယ်' သူတို့ တောင်းပန်ကြသည်။

ရယ်စရာကောင်းတာက လူနာတွေ ရှက်ကိုးရှက်ကန်းဖြစ်နေတာကို သူက နည်းနည်းလေးမှ စိတ်မပူတာဘဲ ဖြစ်သည်။ ကောင်လေးကြီးကြီးတစ်ယောက်လို ဆေးရုံထဲဖြတ်ပြီး ဒီကြီးမားသော ခြေလှမ်းကျဲကျဲကြီးများဖြင့် လျှောက်သွားနေကာ သူ့ဘီစကွတ်တွေကို လိုက်ဝေပေးပြီးလျှင် လူနာတွေက ကမန်းကတန်းဖြင့် သူတို့၏ ညစ်ပတ်သော ပစ္စည်းတွေကို ပေးလိုက်ကြရသည်။ ဒါကြောင့် သူက သူ့ခြင်းကြီးထဲထည့်ပြီး နောက်တစ်ယောက်ဆီသို့ ကူးသွားလေသည်။

ဒါတွေအားလုံးကို ကျွန်မက မလိုတမာသောစိတ်ဖြင့် ရေးပြနေသည်ဖြစ်ရာ သူဆက်လုပ်နေသော တကယ်ပဲ ကောင်းသည့်စိတ်ဖြင့် လုပ်နေသည့် လုပ်ဆောင်ချက်တွေကို ဆန့်ကျင်လိုစိတ် ကျွန်မမှာ ထိုအတောအတွင်းတုန်းက မရှိခဲ့တာကိုတော့ ကျွန်မ ပြောပြသင့်သည် ထင်ပါသည်။

'အဲဒါကို ဘာမှ သံသယဖြစ်နေစရာမလိုဘူး။ သူ့ကို မင်း ထိုက်ထိုက်တန်တန် ချီးကျူးသင့်တယ်။ ဒီနေ့ မစ္စဟာရှီမိုတိုက ဖုဆာအိုနိုရဲ့ ဆီးပုလင်းကို ဆေးပေးတယ်။ ပြီးတော့ သူက ဥရောပအမျိုးသမီးတစ်ယောက်'

ဒေါက်တာ အဆာအိအသံက စိတ်ခံစားမှုပြည့်လျှံပြီး ပြောနေသလို ထင်ရသည်။

ကျွန်မတို့ နာ့စ်တွေအတွက်ကတော့ မစ္စဟာလ်းဒါသည်

www.burmeseclassic.com

တကာယ့်ကို တစ်ခုခုပဲဖြစ်လေသည်။ အဲဒါနောက်မှာတော့ သူ့အပေါ် မကြိုက်နှစ်သက်သော ခံစားမှု ဘာတစ်ခုမှ ကျွန်မတို့မှာ ထူးထူးခြားခြား အကြောင်းပြချက်မရှိပါချေ။ ပထမဆုံး အကြိမ်အဖြစ် ဒီမိန်းမအပေါ် မကောင်းသော စိတ်ခံစားမှုတစ်ခု ဖြစ်လာမိတာကတော့ တစ်ခုသောအဖြစ်အပျက်ကြောင့် ဖြစ်သည်။ နွေနှောင်း နေ့လယ်ခင်း သာမန်တစ်နေ့တွင် ဖြစ်သည်။ ဥယျာဉ်ကို မျက်နှာမူထားသော လှေကားထစ်ပေါ်တွင် ကျွန်မ ထိုင်နေသည်။ ထိုင်နေရင်းက ကျွန်မလက်တွေဖြင့် ခေါင်းကို ကိုင်ထားမိသည်။ ဒိုင်းရန်းရှိ မန်ချူးရီးယား မီးရထားကုမ္ပဏီက စီမံပေးသော ဆေးရုံထဲမှာ ကျွန်မရှိနေစဉ်အချိန်က အကြောင်းကို တွေးနေမိလေသည်။ ကျွန်မကလေး သေဆုံးသွားခဲ့သော အကြောင်းဖြစ်သည်။

ထိုအချိန်၌ အဆောက်အဦ၏ အရိပ်ထဲမှ အသက် ၄ နှစ် ဒါမှမဟုတ် ၅ နှစ်အရွယ် ကောင်လေးတစ်ယောက် ပြေးထွက်လာသည်။ သူ့မျက်နှာက ဂျပန်လူမျိုးဖြစ်နေပြီး သူ့ဆံစတွေက ညိုဖျော့ဖျော့ဖြစ်နေသည်။ ဒါ ဒေါက်တာ ဟာရှီမိုတိုနှင့် မစ္စဟယ်းဒါတို့၏သား ဖြစ်ရမည်ဟု ကျွန်မ အမှန်သိလိုက်သည်။ ကျွန်မကိုယ်ထဲ တစ်ခုခုက မွေ့ပစ်လိုက်သလို ခံစားလိုက်ရသည်။ ကျွန်မ ကလေးသာ အသက်ရှင်နေခဲ့လျှင် ဘယ်လောက်တောင် ကြီးနေလိုက်မလဲ။ ဘာမှတွေးမနေဘဲ ကလေးဆီကို ကျွန်မလက်ကို ဆန့်ထုတ်ပေးလိုက်မိလေသည်။

'ကျေးဇူးပြုပြီး ကလေးကို မထိလိုက်ပါနဲ့'

ချက်ချင်းပဲ ကျွန်မနောက်က သူ့အမေ၏ ခပ်တင်းတင်း အသံကို ကျွန်မ ကြားလိုက်ရသည်။ မစ္စဟယ်းဒါသည် ခါတိုင်းလို ပါးအို့နီထူထူ မျက်နှာခပ်မာမာပုံဖြင့် ကျွန်မနောက် တည့်တည့်ပေါ်မှာ ရပ်နေသည်။ နောက် သူသည် ခွေးတစ်ကောင်ခေါ်သလို သူ့သားကို လေချွန်ပြီး ခေါ်လိုက်သည်။

သို့သော် ကလေးက ကျွန်မကိုကြည့်နေပြီး နောက် တစ်မိနစ် ဒါမှမဟုတ် နှစ်မိနစ်လောက် ဘယ်သူ့ဆီ သွားရမလဲဆိုတာ သူ မသိသည့်ပုံဖြင့် မစ္စဟယ်းဒါကို ကြည့်နေသည်။ မစ္စဟယ်းဒါနှင့် ကျွန်မတို့သည် တစ်ယောက်ကိုတစ်ယောက် စိန်းစိန်းဝါးဝါး ကြည့်လိုက်မိကြပြီး ကလေး၏ချစ်ခြင်းကို ဘယ်သူရမလဲဆိုတာကို အလောင်းအစားလုပ်လိုက်ကြသည်။ ဘာလို့ ကျွန်မက သိပ်ကိုမီးထိုးပေးလိုက်မိတာလဲ။ ကျွန်မ ကလေးမွေးသည့်ရက်ကို နာနာကျင်ကျင် သတိရနေမိတာနှင့် လက်ရှိအခြေအနေက မိန်းမတစ်ယောက်အဖြစ်ကနေ တစ်ခုခု လျော့နည်းနေခြင်းသည် ကျွန်မကို လုံးပါးပါးစေသောကြောင့် ဖြစ်သည်။ ပျော်ရွှင်သော မယားနှင့် အမေတစ်ယောက်လို ခံစားဖို့ မင်းက မျှော်လင့်နေမယ်ဆိုလျှင် ကျွန်မ ခါးခါးသီးသီး ခံစားနေရမှာပဲ ဖြစ်သည်။

'ကျွန်မကို ခွင့်ပြုပါ ကျေးဇူးပြုပြီး'

ကလေးကို ပွေ့ဖက်ပြီး ဟယ်းဒါက ဂျပန်စကားကောင်း ကောင်း ပြောလိုက်သည်။

'ကလေးတွေက တီဘီလွယ်လွယ်ကူးတတ်တယ်ဆိုတာ ရှင်သိတယ် မဟုတ်လား။ ကျွန်မ ဆေးရုံကထွက်လာတဲ့အခါ လက်ကို ပိုးသတ်ဆေးနဲ့ အမြဲဆေးတယ်'

ကျွန်မ အခန်းထဲမှာ ထိုညက ခါတိုင်းထက်ပိုပြီး အထီးကျန်တာခံစားနေရသည်။ ကျွန်မ ခွေးလေးကို အစာကျွေးသောအခါ သူ့ဗိုက်မှာ သွေးစွန်းနေတာကို သတိထားလိုက်မိသည်။ ရုတ်တရက် ကျွန်မ ရှူးသွားပြီး သူက ကြောက်နေသည့်ပုံဖြင့် ဝပ်ကာ ကျွန်မကို အသနားခံသည့်မျက်လုံးလေးတွေဖြင့် ကြည့်နေတာတောင် ကျွန်မလက်ကိုမြှောက်လိုက်ပြီး သူ့ခေါင်းပေါ် ထပ်ကာထပ်ကာ ရိုက်နေမိတော့သည်။ သူ့ကို ကျွန်မ ရိုက်နေမိသည့်အခါ အကြောင်းပြချက်တစ်ခု ဒါမှမဟုတ် တခြားအတွက် ကျွန်မ မငိုမိချေ။

ရုတ်တရက်ပဲ ဒေါက်တာ ဟာရှီမိုတိုအား စပြီး စိတ်ဝင်စားလာမိတော့သည်။ သို့သော် ဟုတ်တယ်၊ သူ့ကို ကျွန်မက စိတ်မဝင်စားခဲ့ပါချေ။ ဘာလို့ဆို သူက ကျွန်မအထက်က ပိုမြင့်သည့်အဆင့်က လူတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်သည်။

သို့သော် ဘာလို့ဆို ပိုပြီးတော့တောင်ဖြစ်မိသည်မှာ သူသည် ဟယ်းဒါ၏ယောက်ျား ဖြစ်နေသောကြောင့်တည်း။ လူနာအခန်းတွေရှေ့မှာ တန်းစီရပ်နေကြသော နာ့စ်တွေရှေ့မှ အတိုးကြီး ဖြတ်လျှောက်သွားသောအခါ ဂျူတီကုတ်အဖြူဝတ်ထားပြီး ကျွန်မ မမှားနိုင်တဲ့အချက်က သူ့ဂျူတီကုတ်တွင် ဆေးရွက်ကြီးအပိုင်းအစလေးတွေ ကပ်နေသောကြောင့် ဖြစ်လေသည်။ သူ့ဆံစတွေက ပိုပြီး မွဲပြာပြာစဖြစ်နေပြီ ဖြစ်သည်။ သူ့မျက်နှာက အိုစာပြီး နွမ်းရိနေသည်။ သူ့ပါးရေတွေက လျော့ရဲတွန့်နေသည်။ ငယ်ရွယ်နုပျိုသော အားကစားသမား တစ်ယောက်လိုပုံ ဟယ်းဒါက ဒီလိုလူကို ဘယ်လိုများ ချစ်မိရတာလဲ။ သူ့လက်ချောင်းထိပ်များဖြင့် လူနာ၏ရင်ဘတ်ကို ထိနေသည်ကို ကျွန်မမြင်ရသောအခါ ဒီလက်ချောင်းတွေနဲ့ ဟယ်းဒါကို ကြင်နာယုယပွတ်သပ်နေမှာကို စိတ်ကူးကြည့်နေမိလေသည်။

သူ့ရုပ်အင်္ကျီ ကြယ်သီးတွေ ပြုတ်ထွက်နေတာကိုမြင်ရသောအခါ တိတ်တိတ်လေး ပျော်သလို ခံစားရသည်။ ကျွန်မ တစ်ခု သတိထားမိတာက သူ့မိန်းမ ဟယ်းဒါကို မတွေ့ရခြင်းဘဲ ဖြစ်သည်။

❑

စစ်ပွဲက တဖြည်းဖြည်း ဆိုးဆိုးလာသည်။ ကျွန်မ အခန်းက ဆေးရုံလိုပဲ မြို့နှင့်အတော်ဝေးသည်။ ထို့ကြောင့် ထိခိုက်တာတွေ မရှိချေ။ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖုကုအိုကမြို့တစ်ဝက်ကျော်ကျော်က မီးလောင်ပျက်စီးနေသည်။ မြို့လယ်အနီးက ရက်ကူအင်းတွင် ကျွန်မအစ်ကို နေထိုင်ပြီး ဒီမတိုင်ခင် ၆ လက တောဘက်သို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော် သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com

သွားလည်ဖို့ ကျွန်မ ဘယ်တော့မှ မစဉ်းစားမိချေ။ ပြီးတော့ သူ့ဘက်ကလည်း လာလည်ဖို့ လုံးလုံးမရှိပါ။ အခုအဲဒါသည် ဒိုင်းရန်းမှ ဟာဘင်းသို့ ပြောင်းရွှေ့လာကြောင်း ကျွန်မ ကြားသော်လည်း သူ့ထံမှ ပို့စကတ်လေးတောင်မှ တစ်ခါမှ ကျွန်မ မရခဲ့။ ကျွန်မသည် မိန်းမတစ်ယောက်ဖြစ်ပြီး ကိုယ့်ဘာသာ ရပ်တည်နေလျက် ကမ္ဘာပေါ်မှာ ဘယ်သူ့အပေါ်မှာမှ မှီခိုနေသူတစ်ယောက် မဟုတ်ချေ။ ဘယ်တုန်းကမှ သတင်းစာဖတ်တာကို မကြိုက်ခဲ့သည့်အတွက် စစ်ပွဲဘယ်လိုပဲဖြစ်နေနေ ကျွန်မမှာ ဘာအတွေးမှတောင်မရှိပါ။

အမှန်ကိုပြောရရင် ကျွန်မတို့တိုင်းပြည်က စစ်ပွဲမှာ နိုင်သည် ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်မ စိတ်မဝင်စား။ ဒီအချိန်မှာ အမှောင်ထဲ၌ ကျွန်မ မျက်လုံးဖွင့်လိုက်သောအခါ ပင်လယ်မှ အသံတွေက ပိုကျယ်လာသလို ဘာကြောင့်မှန်းမသိ ထင်နေမိလေသည်။ အမှောင်ထဲ ကျွန်မမျက်လုံးကို အားစိုက်ကြည့်လိုက်သောအခါ ဒီညမတိုင်ခင်ကထက် ပြီးခဲ့သည့် ညက ပိုနေ ပြီး၊ ပြီးခဲ့သည့်ညထက် ဒီညက ပိုပြီး လှိုင်းသံတွေက ပိုပိုကျယ်လာသလို ကျွန်မ ထင်မိသည်။ ထိုအချိန်ကျမှသာ စစ်ပွဲအကြောင်း ကျွန်မ တွေးမိခြင်းဖြစ်သည်။ ဒီအသံတွေက ကြီးမားပြီး ထုထုထည်ထည် လေးလေးပင်ပင်ရှိနေပုံက ဒရမ်ဘော့သံလို ဖြစ်နေသည်။ ပိုကျယ်ပြီး ပိုနက်နက်ရှိုင်းရှိုင်းရှိသည်။ ဂျပန် စစ်ရှုံးတော့မည်ဟု ကျွန်မ တွေးနေမိလေ၏။ ပြီးတော့ နောက် ကျွန်မတို့တစ်တွေ အားလုံး ဘယ်ဆီကို အတင်းဆွဲခေါ်သွားခံရမလဲ။

တစ်နေရာရာကို အတင်းဆွဲခေါ်သွားခံရလည်း အကြောင်းမဟုတ်ပါဘူးလေ။ ဆေးရုံမှာ လူနာတွေက ပိုပိုပြီး သေဆုံးနေကြတာပဲ ဖြစ်သည်။ အထူးသဖြင့် အဲဒီ တီဘီဝပ်ဒ်တွေပဲ ဖြစ်သည်။ နာရီတချက်ချက် ရွေ့နေသလို ၂ ပတ်တိုင်းတွင် လူနာတစ်ယောက် သေနေသည်။ ဒီရောဂါသည်တွေကို အစာအာဟာရကောင်းကောင်း မင်းကျွေးနိုင်ရင်တော့ ရသည်။ နောက်ဆုံးမှာတော့ မှောင်ခိုဈေးမှ အစားအစာဝယ်ဖို့ ဒီလူနာတွေမှာ ပိုက်ဆံမရှိတော့ချေ။ သို့သော် ဘယ်လောက်ပဲ သေသေ ကိစ္စမရှိ။ ပြည့်လျှံနေသော လူနာတွေထဲက မကြာခင် တစ်ခုတင်က လွတ်သွားခဲ့လျှင် ပြန်ထပ်ပြီးပြည့်သွားခဲ့လေသည်။ ကျွန်မ အသစ်အနေဖြင့် အလုပ်စဝင်ကတည်းက ဒီတီဘီဝပ်ဒ်တွင် တာဝန်ချထားခံခဲ့ရသည်။ သို့သော် ဟလ်းဒါလုပ်သလို လုပ်နေကြသော လူနာတွေကို ပြုစုတာမျိုးကို ကျွန်မ မကြိုက်နှစ်သက်ခဲ့ချေ။ ကျွန်မလုပ်ရမည့်အလုပ်အတွက် ချက်ချင်းလုပ်ခဲ့ပေမဲ့ အဲဒါထက်ကျော်လွန်ပြီးတော့ မလုပ်ခဲ့ချေ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာပဲ ကျွန်မ လုပ်ခဲ့လုပ်ခဲ့ အကူအညီမဲ့နေသော ခံစားမှုက ကျွန်မနှလုံးသားကို သောင်းသောင်းသဲသဲ ခံစားနေရသလို တွေးမိလေသည်။ အဲလိုဖြစ်သော်လည်း လူတိုင်းသည် မှောင်မည်းနေသော ပင်လယ်ကြီးထဲဖြတ်ပြီး အတင်းဆွဲချခံနေရလေသည်။ ကျွန်မ၏ ဒီစိတ်ခံစားမှုကြောင့် ဖြစ်နိုင်စရာရှိပြီး ဟလ်းဒါနှင့် ကျွန်မကြားတွင် ဒုတိယအဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပြန်လေ၏။ ဒုတိယထပ် သီးသန့်ခန်းတွင်ရှိသော ငယ်ရွယ်သည့် အိမ်ထောင်ရှိ အမျိုးသမီးတစ်ယောက်ကို ခွဲဖို့ ခွဲစိတ်ခန်းကို ယူထားသည်။ ထို့ကြောင့် ကျွန်မကလွဲပြီး နာ့စ်တွေ၏ အခန်းမှာ လူမရှိ။ ဆေးရုံကို မစ္စဟလ်းဒါ ချက်ချင်းရောက်လာခဲ့သည်။ သို့သော် ဒီတစ်ကြိမ်မှာတော့ ဘယ်သူကမှ သူ့ကို တံခါးမှာ သွားမတွေ့ကြ။ ကျွန်မတစ်ယောက်တည်း တာဝန်ကျအခန်းထဲတွင် သွေးပေါင်တိုင်းချပ်ကို စစ်ဆေးနေသည်။

'နာ့စ် မင်း ဒီနေရာကို ခဏလာစမ်းပါ'

ဝပ်ဒ်ထဲက အဘိုးကြီးတစ်ယောက်က စုတ်ပြတ်နေသော ညဝတ်အင်္ကျီဖြင့် တံခါးကို သူ့ခေါင်းဖြင့် ထုနေသည်။

'မစ္စ မာအဲဘာရှီ အခြေအနေဆိုးနေတယ်'

'ဘာပြဿနာဖြစ်လို့လဲ'

'မသိဘူး၊ ဒါပေမဲ့ သူ အခြေအနေဆိုးနေတယ်'

ကျွန်မ ဝပ်ဒ်ထဲသွားလိုက်သောအခါ အခြားလူနာတွေ ၅ ယောက်၊ ၆ ယောက် ဝိုင်းနေသော မာအဲဘာရှီ ခေါ်သည့် လူနာမိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့မျက်လုံးတွေက ဆန့်ငင်ဆန့်ငင်ဖြစ်လျက် သူ့ရင်ဘတ်ကို ဆုပ်ထားပြီး နာကျင်နေသည်။ နာ့စ်တစ်ယောက်ဖြစ်နေသည့်အတွက် သူ့ကို ကြည့်လိုက်တာနှင့် သူ အလိုအလျောက် ညှုမိုသိုးရိုတ်စ် (အဆုတ်နှင့် အဆုတ်အမြှေးပါးကြား လေဝင်ခြင်း)ဖြစ်နေကြောင်း ကျွန်မ ပြောနိုင်သည်။ လေတွေက သူ့အဆုတ်အမြှေးပါးအခေါင်းထဲ ဝင်သွားသဖြင့် အန္တရာယ်ရှိနေသည်။ ကျွန်မ ပြေးပြီး စမ်းသပ်ခန်းအတွင်းသို့ ဝင်သွားလိုက်သည်။ သို့သော် ဒေါက်တာ အဆာအိ၊ တိုဒါနှင့် ဆုဂုရိုတို့ အားလုံးက ခွဲစိတ်ရာတွင် ပါဝင်နေကြသည်။ ဒေါက်တာ ရှီဘာတာတစ်ယောက်သာ အားနေသည်။ သို့သော် သူ့ကို ဘယ်နေရာမှာမှ ကျွန်မ ရှာမတွေ့ချေ။ လေဝင်တာမရပ်လျှင် အသက်ရှူကျပ်ပြီး သူသေမှာ ကျွန်မ သိနေသည်။ ထို့ကြောင့် ဖုန်းဖြင့် ခွဲစိတ်ခန်းကို ကျွန်မ ခေါ်လိုက်သည်။

'ဒေါက်တာ အဆာအိ'

ဖုန်းကောက်ကိုင်သော နာ့စ် မစ္စကွန်နိုအား ကျွန်မ ခပ်မြန်မြန်ပြောလိုက်သည်။

'လူနာတစ်ယောက် အလိုအလျောက် ညှုမိုသိုးရိုတ်စ်ရနေတယ်။ ငါ သူနဲ့ပြောချင်တယ်'

ဘာကြောင့်မှန်းမသိ၊ ကျွန်မ မသိ။ သို့သော် ဟိုမှဒီကို ကြိုးသိုင်းဖိနပ်တွေ ခပ်မြန်မြန် လုံးထွေးရှုပ်ယှက်ခတ်နေသလို အသံတွေကို ကျွန်မ ကြားနေရသည်။ အဲဒါ ထူးဆန်းသော ခံစားမှုတစ်ခုပါပဲ။ သို့သော် ထိုအဖြစ်က မုံမှုန်ခွဲစိတ်တာတစ်ခု ထက်ပိုပြီး တိတ်ဆိတ်နေသည်ဟု ကျွန်မ ထင်နေမိသည်။ သို့သော်လည်း တစ်ခုခုတော့ မှားလေပြီ။

'ဘာလဲ'

ကျွန်မနားထဲ တယ်လီဖုန်းထဲမှ ဒေါက်တာ အဆာအိ၏



www.burmeseclassic.com

www.burmeseclassic.com

ဒေါသသံကို ကျွန်မ ကြားလိုက်ရသည်။ သူကြည့်ရတာ သိပ်စိတ်လှုပ်ရှားနေပုံရသည်။

'ဝပ်ဒ်ထဲက လူနာ တိုခိမာအဲဘရှီ အလိုလျှောက် ညျှမိုသိုးရိတ်စ် ရနေတယ်'

'ငါ ဘာမှမလုပ်နိုင်ဘူး၊ ငါ အလုပ်ရှုပ်နေတယ်။ မင်း ဘာလုပ်နိုင်လဲ'

'ဒါပေမဲ့ သူက ဆိုးဆိုးဝါးဝါးခံစားနေရတယ်'

'ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ညင်ညင်သာသာနဲ့ အသက်ထွက်အောင် ကူညီပေးရမှာပဲ။ သူ့ကို ထုံဆေးတစ်လုံးထိုးပေးလိုက်'

ကျွန်မ နောက်ထပ် ဘာမှမကြားရတော့၊ ဘာလို့ဆို ဒေါက်တာ အဆာအိက ဖုန်းချပစ်လိုက်သောကြောင့် ဖြစ်သည်။ သူ့ကို ထုံဆေးတစ်လုံးထိုးပေးဖို့ ကျွန်မ တွေးလိုက်သည်။ သူ့ကို ထုံဆေးတစ်လုံးထိုးပေးရမယ်။ သူ ညင်ညင်သာသာနဲ့ သေရအောင် ကူညီပေးဖို့။ ကျွန်မကိုယ်ထဲမှာ သူပြောနေသောအသံကို ကျွန်မ ကြားနေရသည်။

ကျနေက စမ်းသပ်ခန်းပြတင်းပေါက်ကို ဖြတ်ပြီး ထိုးကျနေသည်။ စားပွဲတွေထိပ်ပေါ်တွင် မဲ့ပြာပြာဖုန်များ ပြန့်နေသည်။ ထုံဆေးအဖြစ်သုံးဖို့ ပရိုကိန်းထိုးဆေးပါသော ပုလင်းကို ကျွန်မ ကောက်ယူလိုက်သည်။ ပြီးတော့ ဆေးထိုးအပ်ကိုယူပြီး ဝပ်ဒ်ထဲကို ပြန်သွားခဲ့သည်။ ကျွန်မဝင်လိုက်သောအခါ လူနာခုတင်ပေါင်ကိုကိုင်ပြီး ဘေးမှာရှိနေသော ဟာလ်းဒါကို မြင်လိုက်ရသည်။ သူက ဘောင်းဘီရှည်ဝတ်ထားသည်။

'နာ့စ် ညျှမိုသိုးရိတ်စ်လုပ်ဖို့ ပစ္စည်းကိရိယာတွေ အမြန်'

သူက ကျွန်မအား အော်လိုက်သည်။ ဂျာမန်ဆေးရုံမှာ သူ နာ့စ်လုပ်ခဲ့ဖူးသောကြောင့် လူနာအမျိုးသမီးမှာ ညျှမိုသိုးရိတ်စ်ဖြစ်နေတာ ချက်ချင်းသိခြင်းဖြစ်သည်။ နောက်ရုတ်တရက်ပဲ ကျွန်မယူလာသော ပရိုကိန်းထိုးဆေးပုလင်းနှင့် အပ်ကို သူငေးကြည့်နေပြီး သူ့မျက်နှာအရောင်ပြောင်းသွားသည်။ ကျွန်မကို သူက ဘေးတွန်းပစ်လိုက်ပြီး ညျှမိုသိုးရိတ်စ်စက်ကိုရှာဖို့အတွက် ဝပ်ဒ်ထဲမှ သူ ခပ်သွက်သွက်ထွက်သွားသည်။

ကြမ်းပြင်ပေါ်တွင် အစိတ်စိတ်အမြွှာမြွှာကွဲနေသော ပရိုကိန်းပုလင်းကွဲအစများကို ကျွန်မ လိုက်စုနေရသည်။ လူနာတွေက ကျွန်မနောက်ကျောကနေ ဝိုင်းကြည့်နေကြမှာပဲဟု ခံစားနေရသည်။ နာ့စ်အခန်းကို ကျွန်မ ပြန်လာခဲ့လိုက်သည်။ အဝေးမှာ နေရောင်က ထိုးကျနေသည်။ ဒိုင်းရုန်းရှိ မန်ချူးရီးယား မီးရထားကုမ္ပဏီ ဆေးရုံထဲရှိ ကျွန်မအခန်းထဲတွင် နေရောင်ထိုးနေကျပုံကို လုပ်နေကျအတိုင်း စောင့်ကြည့်နေတုန်းကလို အခုလည်း ကြီးမားနီရဲတောက်ပနေသော နေခြည်အလင်းတွေကို ငေးကြည့်နေမိလေသည်။

'ဘာလို့ လူနာကို ဆေးထိုးပေးဖို့လုပ်နေတာလဲ'

ဟာလ်းဒါက တံခါးတွင်ရပ်ပြီး ပြောလိုက်သည်။ သူလက်ပိုက်ထားပုံက ယောက်ျားတစ်ယောက်လိုဖြစ်နေသည်။ ဒေါသဖြင့် ကျွန်မကို စစ်စစ်ပေါက်ပေါက် မညှာမတာမေးလိုက်သည်။

'ဘယ်လိုပဲဖြစ်ဖြစ် သူသေတော့မယ်လို့ ငါထင်တယ်။ အဲလိုပဲ မဟုတ်ဘူးလား'

'ဒါပေမဲ့…'

ကြမ်းပြင်ကို ကျွန်မ ငုံ့ကြည့်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် သူသေတော့မှာမို့ ငါလုပ်တာပဲ။ သူ့ကို ညင်ညင်သာသာနဲ့သေရအောင် မင်း လူတစ်ယောက်ကို မကူညီနိုင်ဘူးလား'

'လူတစ်ယောက်ဟာ သေတော့မှာဖြစ်နေရင်တောင်မှ သူသေဖို့ ဘယ်သူကမှ လုပ်ပေးဖို့ အခွင့်အရေးမရှိဘူး။ နင် ဘုရား သခင်ကို မကြောက်ဘူးလား။ ဘုရားသခင်က အပြစ်ပေးမှာကို မင်း မယုံဘူးလား'

စားပွဲပေါ်ကို သူ့ညာလက်ဖြင့် မစ္စဟာလ်းဒါ ထုချလိုက်သည်။ သူ့ဘလောက်စ်အင်္ကျီမှ ဆပ်ပြာနံ့ကို ကျွန်မ ရလိုက်သည်။ ရနိုင်သည့်နည်းလမ်းတွေထဲမှာ ကျွန်မတို့လို ဂျပန်တွေ ဆပ်ပြာရနိုင်သော နည်းလမ်းမရှိ။ ဝပ်ဒ်ထဲက လူနာတွေ၏ အဝတ်တွေနှင့် အောက်ခံဘောင်းဘီများကို လျှော်တာလည်း ဒီဆပ်ပြာမျိုးပင် ဖြစ်သည်။ သို့သော် ရုတ်တရက် ရယ်စရာတစ်ခုက လာရိုက်ခတ်နေတာ ဘာကြောင့်မှန်း ကျွန်မ မသိပါချေ။ ဘာလို့ဆို ဆပ်ပြာကြောင့်လည်း ဖြစ်သည့်အတွက် သူ့လက်ဖြင့် စားပွဲပေါ်ထုလိုက်တာက သိပ်ကြမ်းပြီး ကွဲအက်သွားစေသလား။ သဲဖြင့်ပွတ်ရသော ခံစားချက် မင်းမှာ ရှိပါသည်။ လူဖြူတွေ၏ အသားအရေက သိပ်ညစ်ပတ်နေတာ ကျွန်မ နားမလည်ပါချေ။ လက်နောက်ဘက်ပိုင်းတွေက ရွှေရောင်ဖျော့ဖျော့ မွေးညင်းလေးတွေဖြင့် ဖုံးထားသည်။ ပထမတော့ သိပ်ရယ်ရတာပဲဟု ကျွန်မ ထင်နေခဲ့သည်။ ကျွန်မ ဆက်နားထောင်ကြည့်သောအခါ သူပြောတာတွေက ကျွန်မကို စိတ်ကသိကအောက် ဖြစ်စေပြီး စိတ်တိုလာသည်။ ညအချိန်၌ ကျွန်မကြားရသည့် ပိုကျယ်ပြီး ပိုနက်ရှိုင်းသည့် ပင်လယ်အော်သံက ဒရမ်ခေါက်သံလို ဒုတ်ခနဲ ကျွန်မစိတ်ထဲ ဖြစ်သွားရသည်။

ဇိုည ကျွန်မ ဂျူတီကျသည်။ ညသန်းခေါင်ချိန်၌ ဆေးရုံမှ ထွက်လာပြီး ကျွန်မ အခန်းကို ပြန်ခဲ့သည်။ အပြင်တွင် လှည့်ပတ်လမ်းလျှောက်နေသော ဒေါက်တာ အဆာအိထံ ကျွန်မ ပြေးသွားလိုက်သည်။

'ဒေါက်တာ ခွဲစိတ်တာ ဘယ်သိုလဲ'

'ဘယ်သူ့ကို မင်းပြောနေတာလဲ၊ အို… မင်းဘာလိုချင်လို့လဲ'

သူက အရက်သောက်ထားတာ များနေသည့်အတွက် သူ အမြဲတမ်း သူ့ပုံက ဇီဇာကြောင်နေပြီး သူ့မျက်မှန်က သူ့နှာခေါင်းထိပ် လျှောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ငါတို့ သူ့ကို သတ်လိုက်မိတယ်'

'လူနာအမျိုးသမီး သေသွားပြီလား'

'ဟုတ်တယ်၊ ဟုတ်တယ် ငါတို့ သတ်လိုက်တယ်။ မိသားစုက ခုထိမသိကြသေးဘူး။ တွေ့လည်း မတွေ့ကြရသေးဘူး။ အဘိုးကြီးလည်း သူ အခု ဘာမှမတတ်နိုင်တော့ဘူး။ အဘိုးကြီး ရွေးကောက်ပွဲမှာ ပြုတ်မှာပဲ။ အဘိုးကြီး ကန်ဒိုကတော့ သူ့ကို ဖြောင်ရိုက်ချတော့မှာပဲ။ ပြီးတော့လေ ပိုအညတရအဆင့် ဖြစ်သွားတယ်။ မင်းသဘောပေါက်လား၊ ငါ့အနာဂတ်လည်း သွားပြီ'

ကျွန်မပခုံးပေါ် သူ လက်တင်လိုက်သည်။ သူ နည်းနည်း သိုင်းကွက်နင်းနေသလို သူ့အသက်ရှူလိုက်သည့်အခါ ဝိုင်နံ့ ကျွန်မ ရနေသည်။

'နင် ဘယ်မှာနေတာလဲ၊ နင့်အိမ် ငါသိချင်တယ်'

'ဒီနား နီးနီးလေးမှာပါ'

'ကောင်းပြီ ငါလာရမလား'

ထိုညက ဒေါက်တာ အဆာအီ ကျွန်မအခန်းတွင် နေသွားခဲ့သည်။ ကျွန်မ စိတ်မဆိုးမိပါဘူး။

'မင်းမှာ ခွေးတစ်ကောင်ရှိနေတာလား။ ဟလ်းဒါမှာလည်း ခွေးတစ်ကောင်ရှိတယ်။ သူ ဒီနေ့ ဖွတ်တိုးဝင်ပြီး သူ မလုပ်ခဲ့ဘူးလား'

'ဒါပေမဲ့ ဒေါက်တာ၊ သူ့အပေါ် ဒေါက်တာက သိပ်ကြီး အလေးထားတာနော်'

'သူ့ကိုအလေးထားတယ် ဟုတ်လား။ အာ… အဲဒါ ရယ်စရာပဲ။ အဲလို အဖြူမနဲ့ တစ်ခါလောက် အိပ်ကြည့်ချင်တယ်'

'ဒေါက်တာ ဟာရှိမိုတို့နဲ့ သူနဲ့ အိပ်ရာထဲမှာ ဘယ်လိုများ နေပါလိမ့်'

'ဘယ်သူ့ကိုလဲ ဟလ်းဒါလား။ သူက ဘာလို့ တကယ်ပဲ ပေးရတာလဲ ငါ လောင်းမလား။ သူက ကပ်ပြီး ဆိုးကျိုးခံတဲ့ အလုပ်အောက်မှာ ရှိနေတဲ့ မိန်းမတစ်ယောက်ပါ။ သူ့ကိုယ်ကြီး ကိုကြည့်လိုက်ပါလား။ ဟေး… ဒေါက်တာ ဟာရှိမိုတို့နဲ့ မင်းကံကို မင်း ဘာလို့ ကြိုးစားမကြည့်ရတာလဲ။ အသွားကြီး ဟလ်းဒါကို တကယ်ပဲ ချုပ်ထားလို့ရမယ်'

ဒေါက်တာ အဆာအီလက်က ကျွန်မကို လာထိတာကို သိလိုက်သော်လည်း စိတ်ကျေနပ်ပျော်ရွှင်ခြင်း မဖြစ်မိပါချေ။ ကျွန်မ မျက်လုံးပိတ်ထားလိုက်သည်။ ဒီနေ့ ခွဲစိတ်စားပွဲပေါ်တွင် သူ လူနာတစ်ယောက်ကို သတ်ခဲ့ကြောင်း ဟလ်းဒါကို ဒေါက်တာ ဟာရှိမိုတို ဘယ်လိုများ ပြောမှာပါလိမ့်။ ဟလ်းဒါ၏ လက်ဖြူဖြူနှင့် သူ့ဘလောက်စ်မှ လာသော ဆပ်ပြာနံ့ကို ကျွန်မ တွေးနေသည်။ အနံ့ကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက်သာ ဒေါက်တာ အဆာအီကို ကျွန်မ ပေးလိုက်မိခြင်း ဖြစ်သည်။

နောက်တစ်နေ့ ကျွန်မ ဆေးရုံထဲသွားသောအခါ ဒေါက်တာ အဆာအီသည် ညမတိုင်ခင်ကပုံနှင့် အလွန်ခြားနားစွာဖြင့် သူ့မျက်နှာပေါ်တွင် အေးစက်စက်အကြည့်ဖြင့် သူ့ တခြားပုံ ပြောင်းလျက် ကျွန်မအား ခေါ်လိုက်သည်။

'နာ့စ် အုအဲဒါ။ ဝပ်ဒ်ထဲက လူနာနဲ့ ဘာတွေဖြစ်ခဲ့လဲ'

'ဝပ်ဒ်ထဲက လူနာလား ဒေါက်တာ'

'ဝပ်ဒ်ထဲမှာ အလိုအလျောက် ညှုမိုသိုးရိတ်စ် မိန်းမလူနာ တစ်ယောက်မရှိခဲ့ဘူးလား။ မစ္စဟလ်းဒါဆီက ဖုန်းနဲ့ပြောတာ ငါသိရတယ်။ မင်း တစ်ခုခုလုပ်နေတာကို သူက တားလိုက်တယ်လို့ သူပြောတယ်'

'အားလုံးကို ကျွန်မလုပ်မလို့ပါပဲ ဒေါက်တာ။ ဒေါက်တာ က ဘာလို့…'

'ငါက ဟုတ်လား၊ ငါ ဘာမှမပြောခဲ့ဘူး'

သူ့ကို ကျွန်မကြည့်လိုက်သည်။ အနားကွပ်မပါသော မျက်မှန်မှ အလင်းရောင်လေးက တောက်နေသည်။ သူ ရုတ်တရက် ပျာယာခတ်လာပြီး အဝေးကို ကြည့်လိုက်သည်။ ဒီလူသည် ဒီညမတိုင်ခင်က ကျွန်မတစ်ကိုယ်လုံးအား အလွန် ဇောသန်သန်ဖြင့် ပွေ့ပိုက်ခဲ့သော လူတစ်ယောက် ဖြစ်သည်။

'ဆရာ့ကို သတိပေးရမလား'

'သတိပေးတာမျိုး ဘယ်သူကမှ ပြောမနေဘူး အုအဲဒါ'

သူ့အဖို့ သိပ်ကိုကောင်းသွားသည့်အတွက် ညှို့ပြုံးတစ်ခု ပေါ်လာသည်။

'ဒါပေမဲ့ ဖရာယူဟလ်းဒါ ဆေးရုံထဲလာတဲ့အခါ နည်းနည်း ကသိကအောက်ဖြစ်လာလိမ့်မယ်။ မင်းနားလည်တယ်နော်။ တစ်လခွင့်ယူလိုက်ပါ။ အင်… ငါ့အတွက် ခွင့်ယူပြီးရင် အားလုံးက ပြင်ဆင်ပြီးဖြစ်သွားလိမ့်မယ်'

ထိုညနေ ကျွန်မ အခန်းပြန်ရောက်သောအခါ မာဆုကို ဘယ်မှာမှ ရှာမတွေ့တော့ချေ။ အခန်းပိုင်ရှင်ကို မေးသောအခါ သူက ချက်ချင်း ခေါင်းယမ်းပြသည်။ သည်ကာလအတော အတွင်းတွင် လူတွေက အလွန်ငတ်မွတ်နေသောကြောင့် သူတို့ တွေက ခွေးတွေကိုတောင် သတ်စားကြလေသည်။ ကျွန်မ အပြင်ထွက်သွားသည်နှင့် တစ်ယောက်ယောက်က လာပြီးခေါ် သွားတာဖြစ်မည်။ ကျွန်မ အခန်းဘက်ရှိ လှေကားတွင် ခဏ ထိုင်ပြီး ငေးတွေနေမိလေသည်။ နောက်ဆက်ပြီး ဘာတွေပဲ ဖြစ်ဖြစ် ကျွန်မအတွက် ဘာမှမဖြစ်တော့ဘူးဟု ခံစားနေမိသည်။ ဒေါက်တာ အဆာ့အီကို ကျွန်မ ဂရုမစိုက်ပါ။ ကျွန်မ ဟလ်းဒါအကြောင်း တွေးနေသည်။ ကျွန်မအား အလုပ်ဖြုတ်ဖို့ သူတို့ကို အမိန့်ပေးခိုင်းချင်နေသည်။ သူ့ကို ကျွန်မ မုန်းသည်။ သူ့ကိုယ်သူ သိပ်ကို သူတော်စင်လို လုပ်ပြနေသည်။ လူနာတွေနှင့် နာ့စ်တွေအပေါ် ဘယ်လောက်တောင် ဒုက္ခပေးနေသလဲဆိုတာကို သူက အရေးမလုပ်ချေ။

သူ့လို သူတော်စင်နှင့် အမေတစ်ယောက်လိုမျိုး ကျွန်မမှာ အားလုံးမရှိသည့်အတွက် သူ့ကို မိန်းမတစ်ယောက်အဖြစ်ကနေ ထုတ်ပစ်ဖို့ ဒေါက်တာ အဆာအီနှင့် အိပ်ခဲ့ခြင်းတစ်ခုကတော့ ညစ်ပတ်နေသည်ဟု ကျွန်မ ယူဆသည်။ မာဆုတောင် မရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့ပြီမို့ အခု ကျွန်မ ဘာဆက်လုပ်ရပါ့မလဲလေ။

ကျွန်မအခန်းထဲတွင် တစ်လလုံး ဆေးရုံနှင့် အဝေးတွင်နေရမည်ဟု အင်မတန်ခက်ခဲသော အလုပ်တစ်ခုဖြစ်နေသည်။ ကျွန်မအလုပ်လုပ်နေစဉ် ကလေးအတွက် စောင့်နေရသော ဒိုင်းရန်းအကြောင်း အတွေးဟောင်းတွေကို အဝေးကိုမောင်းထုတ်နိုင်ခဲ့သည်။ သို့သော် ဖျာပေါ်လှဲနေရတာကလွဲလျှင် ဘာမှလုပ်စရာမရှိသဖြင့် ကျွန်မ ဘာမှမလုပ်နိုင်သော်လည်း ကျွန်မကလေးသေဆုံးသွားရသော နေ့အကြောင်းနှင့် အုအဲဒါ၏ စွန့်ပစ်ခြင်းခံရသော နေ့အကြောင်းတို့ကို ကျွန်မစိတ်ထဲတွင် ထပ်ကာထပ်ကာ ပြန်ပြောင်းတွေးနေမိလေသည်။ အဲဒါနှင့်တောင် အုအဲဒါကို ကျွန်မ ပြန်တွေ့ရလျှင် ကျွန်မ ပျော်လိမ့်မည် ထင်၏။

နောက်တော့ တစ်ညတွင် ဒေါက်တာ အဆာအိ ထပ်လာသည်။

'ငါ့မှာ မင်းနဲ့ အကျေအလည်ဆွေးနွေးစရာလေးတစ်ခုရှိနေတယ်'

'ကျွန်မ အလုပ်ထုတ်ခံရပြီးပြီလား'

'မဟုတ်ဘူး'

သူ့မျက်နှာပေါ်မှာ ခပ်တင်းတင်းအကြည့်ဖြင့် ဒေါက်တာအဆာအိက ဖျာပေါ်တွင် တင်ပျဉ်ချိတ်ထိုင်လိုက်သည်။

'ဒါက ပိုပြီးလေးနက်တယ်'

'ကျွန်မအတွက်ကတော့ အလုပ်ထုတ်ခံရတာထက် ပိုပြီးလေးနက်တာ မရှိတော့ပါဘူး'

'ဝေးနိုင်သလောက်ဝေးအောင် အဲဒါသွားနေတာ ကြည့်စမ်း။ မင်းကို ဆေးရုံမှာ ငါ ပြန်လိုချင်တယ်'

'ရှင့်ကို တစ်ခုခုကူညီဖို့ ရှင်က ကျွန်မကို အလိုရှိနေတာလားဟင်။ တစ်ခုခုကပေါ့။ တစ်ယောက်ယောက်က ကူညီနိုင်မယ်ထင်လို့ သဘောကျနေတာပေါ့။ ရှင်က လူနာတစ်ယောက်ကိုသတ်ဖို့ နာ့စ်တစ်ယောက်လိုနေတယ်ဆိုရင် အဲဒီတစ်ယောက်က ဒီက ကျွန်မလား'

ခွဲစိတ်မှုတွေကို အမေရိကန်အကျဉ်းသားတွေအပေါ် ပြုလုပ်မည့်အကြောင်းကို ထိုညတွင် ကျွန်မ ကြားလိုက်ရသည်။ ခွဲစိတ်ဆရာဝန်ခေါင်းဆောင်က သူ၊ ဒေါက်တာ ဟာရှီမိုတို၊ ဒေါက်တာ ရှီဘာတာ၊ အလုပ်သင်ဆရာဝန်နှစ်ယောက်ဖြစ်သည့် ဒေါက်တာ ဆုဂုရီနှင့် ဒေါက်တာ တိုဒါတို့ပါဝင်ပြီးသော်လည်း အခုထိ နာ့စ်မပါသေးကြောင်း သူ ပြောသည်။

'ဒါကြောင့် ရှင်က ကျွန်မကို လာစေချင်တာလား'

လုံးလုံး အကြောဆွဲတာတစ်ခုလိုမျိုး ဖြစ်သွားပြီး ကျွန်မ ရယ်လိုက်မိသည်။

'အခု အဲလိုမယူဆပါနဲ့။ ဒါ မင်းတိုင်းပြည်အတွက် သူတို့တွေအားလုံးက ဘယ်လိုနည်းနဲ့မဆို သေဖို့ စီရင်ချက်ချပြီးသားလူတွေပါ။ ဒီနည်းနဲ့ ဆေးသိပ္ပံအတွက် ကောင်းကျိုးတချို့ကို သူတို့လုပ်ပေးနိုင်တာပေါ့'

သူ့ကိုယ်သူ မယုံကြည်ဘဲ အကြောင်းပြချက်အားလုံးကို ဒေါက်တာအဆာအိက ကျွန်မအား ပေးနေသည်။ နောက်မသက်မသာသောလေသံဖြင့် -

'မင်းလုပ်နိုင်မလား'

'အဲဒါလုပ်တာဟာ ကျွန်မ တိုင်းပြည်အတွက်လို့တော့ ကျွန်မ မဆိုလိုချင်ဘူး။ ရှင့်ဆေးသိပ္ပံ သုတေသနအတွက်လို့လည်း မဆိုလိုချင်ဘူး'

ဂျပန်က စစ်ပွဲမှာ နိုင်နိုင်ရှုံးရှုံး ကျွန်မ ဂရုမစိုက်ဘူး။ ပြီးတော့ ဆေးသိပ္ပံ သုတေသနအကျိုး ဟုတ်ဟုတ်,မဟုတ်ဟုတ် ကျွန်မ ဂရုမစိုက်ဘူး။ အားလုံးက ကျွန်မအတွက်က အတူတူချည်းသာ ဖြစ်သည်။

'ဒီအလုပ်အကြောင်း ခွဲစိတ်ဆရာဝန်ခေါင်းဆောင်က မစ္စဟလ်းဒါကို ပြောမယ်ဆိုရင် ကျွန်မ အံ့သြမိမှာပဲ'

'မနောက်ပါနဲ့၊ ပြီးတော့ ဘယ်သူ့ကိုမှ ဘာတစ်ခုမှ မပြောပါနဲ့။ စကားတစ်လုံးမှ မပြောရဘူး။ နားလည်တယ်နော်'

ထိုနေ့လယ်က နာ့စ်အခန်းထဲတွင် ဟလ်းဒါက ကျွန်မအား ဘုရားသခင်ကို မကြောက်ဘူးလားဆိုသည့်အကြောင်း အော်နေတာကို ကျွန်မ တွေးလိုက်မိသည်။ ပြီးတော့ ကျွန်မကိုယ်ကျွန်မ ရယ်လိုက်မိသည်။ အဲဒါဟာ အနိုင်ရလိုက်တာမျိုးနှင့် နည်းနည်းတူသော ခံစားမှုတစ်ခုဖြစ်သည်။ ဟလ်းဒါဟာ နောက်ဆုံးမှာတော့ သူ့ယောက်ျား ဘာလုပ်နေလဲဆိုတာကို မသိသော်လည်း ကျွန်မက သိနေသည်။

'မစ္စဟလ်းဒါ၊ မဟုတ်ဘူး။ ခွဲစိတ်ခေါင်းဆောင်က သူတော်စင်ဆန်ဆန် မစ္စဟလ်းဒါကို ဘယ်လိုပြောပြနိုင်မလဲ'

ထိုညက ဒေါက်တာ အဆာအိလက်မောင်းထဲတွင် ကျွန်မ မျက်လုံးဖွင့်ထားသည်။ ဝမ်းနည်းပူဆွေးသော နက်နက်ရှိုင်းရှိုင်း ဒရမ်သံ၊ ပင်လယ်အော်သံတွေကို ထပ်ပြီး ကျွန်မ ကြားနေရလေသည်။

ပြီးတော့ မစ္စဟလ်းဒါ၏ ဆပ်ပြာလျှို့ဝှက်ချက်က ကျွန်မဆီ ထပ်ရောက်လာပြန်သည်။ သူ့ညာလက်။ ငှက်မွေးနုလိုရှိသော အမွေးတွေပေါက်နေသည့် အနောက်တိုင်းသူမိန်းမ၏ အရေပြား။ မကြာခင်မှာဘဲ ခွဲစိတ်ဓားက အဲလိုမျိုး သူ့အသားကို ခွဲထည့်လိုက်လျှင် ကျွန်မ တွေးကြည့်နေမိသည်။

'လူဖြူတွေရဲ့အသားကို ခွဲရင် ခက်ခဲလား၊ ကျွန်မက ဘယ်လိုနေပါလိမ့်လို့လေ'

'ဘာ… မရူးစမ်းပါနဲ့။ နိုင်ငံခြားသား၊ ဂျပန် အတူတူပဲ'

သူ အပေါ်က လှိမ့်လိုက်ပြီး ဒေါက်တာ အဆာအိ ရေရွတ်လိုက်သည်။

ဒိုင်းရန်းတွင် ကျွန်မ ကလေး မသေခဲ့လျှင်၊ အုအဲဒါနှင့် ကျွန်မ မကွဲခဲ့လျှင် ကျွန်မဘဝက ဒီလိုမျိုးဖြစ်နေမှာ မဟုတ်ဘူး။ ကျွန်မ ဆက်တွေးနေမိလေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

■

ငြိမ်းဆေး-၂၊